

www.burmeseclassic.com
စိတ်ကူးသစ်စာပေ
မောင်ညိုမှိုင်း(သန်လျင်)
နှစ်ဘာဝစံဦးရာကျော်နှင့်
တောကြီးမြွေဟောက်
(ဒုတိယပိုင်း)
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ◻ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ◻ ၂၀၁၅၊ စက်တင်ဘာလ
အုပ်ရေ ◻ ၅၀၀
မျက်နှာဖုံး ◻ *Myat Min Han*
ကွန်ပျူတာစာစီ ◻ *Maw Maw (New Idea)*
အတွင်းဖလင် ◻ *Eagle*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
ဖြိုးဝေလျှံပုံနှိပ်တိုက် (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၂၀၀၀ ကျပ်

ရ၉၅ ‚ ၈၃
ညီမှိုင်း၊မောင်(သန်လျင်)
နှစ်ဘဝစံဦးရာကျော်နှင့်တောကြီးမြွေဟောက်(ဒုတိယပိုင်း)/
မောင်ညီမှိုင်း(သန်လျင်)။ –ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၃၉၆–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) နှစ်ဘဝစံဦးရာကျော်နှင့်တောကြီးမြွေဟောက်(ဒုတိယပိုင်း)

# [၃၁]

◻

ကျွန်တော်တို့က ရပ်ကွက်ထဲမှာ အိုးစည်ဝိုင်း ထောင်ထားတယ်။ အဖွဲ့ရဲ့နာမည်က 'ချမ်းသာပြည့်စုံ'တဲ့။ လွတ်လပ်ရေးနေ့ အိုးစည်ပြိုင်ပွဲမှာ ကျွန်တော်တို့ အိုးစည်ဝိုင်းက ရွှေတံဆိပ်ရထားတယ်ခင်ဗျ။

ပထမ ရွှေတံဆိပ်ရ အိုးစည်ဝိုင်းမို့ မြို့နဲ့ရွာတွေက အလှူပွဲတွေမှာ ကျွန်တော်တို့ အိုးစည်ဝိုင်းက အငှားရသုံး၊ ပျော်ဖြေရင် ပရိသတ် အကြိုက်ဆုံးပေါ့ဗျာ။

အခု ကျွန်တော်တို့ တကယ့်ပွဲကြီးကို တီးရတော့မှာ။

အပြိုင်အဆိုင် တီးရမည့်အလှူပွဲဗျာ။

အလှူ့ရှင်က ဘယ်သူမှတ်လို့လဲ။ မြို့တော်ရှင်နတ်ပွဲကို စိုက်ထုတ် အကုန်ကျခံခဲ့တဲ့ သူဌေးဦးမျိုးဂုဏ်ရောင်ဗျာ။

အစ်ကိုစာရေးဆရာရေ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



နတ်ကနားပွဲတုန်းက ဟိုအဘိုးကြီး ဦးပခန်းကျော်က သူ့ကို နတ်ပေးသွားတယ်လေ။

ငါ့သားကြီး ကြီးကျယ်တဲ့ အလှူကြီး ပေးရမတဲ့။

ဟော . . . တိုက်ဆိုင်ပုံနှယ်ဗျာ . . .

သူ့ဒွေး . . . . . . သိန်းထီပေါက်သွားတယ်။

[မှတ်ချက် ။ ။ (၁၉၆၀–၇၀) ခုနှစ်ဝန်းကျင်က သိန်းထီပေါက်လျှင် အိမ်၊ မြေ၊ ကား ဝယ်၍ လုံလောက်ပါသည်။]

သူ့ဒွေးလည်း ဝမ်းသာလွန်းလို့ ပခန်းဦးမင်းကျော် ကြိုဟောတာ မှန်နေပြီ။ ငါ ရှင် (၁၀၀) အလှူပွဲ လုပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။

ဒါနဲ့အတူ အရူးလိုလူကြီး (အများအခေါ် ဦးပခန်းကျော်) ကို မြို့ထဲအနှံ့ လိုက်ရှာတယ်။ ကျေးဇူးတင်လွန်းလို့၊ ကျေးဇူးဆပ်ချင်လွန်းလို့။

သို့ပေမင့် ရှာလို့ မတွေ့ဘူး။

တပည့်တွေ လွှတ်ရှာခိုင်းတယ်။ တွေ့ရင် ကားစင်းလုံးငှားပြီး ရိုရို သေသေ ခေါ်ခဲ့ကြလို့ ပြောထားတယ်။ သို့သော် ရှာလို့ မတွေ့ဘူး။

နီးစပ်ရာ မြို့ငယ်တွေ၊ ရွာတွေ လူလွှတ်စုံစမ်းတယ်။ မတွေ့ဘူး။

ကျုပ်တို့လည်း အလှူမှာဧည့်ခံဖို့ ရှင်လောင်းလှည့်ပွဲမှာ လိုက်တီးဖို့ လာဖိတ်တယ်။ တစ်ဖွဲ့ကို ငွေငါးဆယ်ပေးတယ်။

အပြိုင်တွေ များတယ်။

သို့သော် ကျွန်တော်တို့ အိုးစည်ဗိုင်းက နာမည်ရှိပြီးသားပါ။

ခက်တာက ကျွန်တော်တို့ အိုးစည်ဗိုင်းက နဲ့သမားက ကားတိုက်ခံရလို့ ဆေးရုံတက်နေရတော့ လက်သင်နဲ့သမားနဲ့ တီးဝိုင်းတိုက်တာ အဆင်မပြေဘူး ဖြစ်နေတယ်။

အလှူပွဲဝင်ရမည့်ရက်က နက်ဖြန်ခါ မနက်ပိုင်း။

နာမည်ပျက်ရမည့်ကိန်းတော့ ဆိုက်နေပြီဗျ။

အဲဒါ တစ်နေ့လုံး အဆိုအက အတီးတွေ တိုက်နေရတယ်။

အရေးထဲ လက်သင်နဲ့သမားက သူ့အဖေသေလို့ ရွာကို အရေးပေါ် ပြန်ရ၊ တစ်ဖွဲ့လုံး စိတ်ညစ်နေကြပေါ့ဗျာ။

---





အိုးစည်ဗိုင်းမှာ နဲ၊ ပလွေ မပါရင် ဘယ်လိုလုပ် တီးလို့ ဆိုလို့ ရမှာတုံး။

အဲဒီအချိန်မှာ အိမ်ရှေ့ကနေ နဲ့သံ ကြားရပါရော။

ကားတိုက်လို့ ဆေးရုံတက်နေတဲ့ ကိုရွှေသောင်းများ ဆေးရုံက ဆင်းလာပြီး အိမ်ရှေ့က နဲ့သံပေးသလားပေါ့။

ထွက်ကြည့်ကြရော . . .

"ဟင် . . ."

ကိုရွှေသောင်း မဟုတ်ဘူးဗျာ။ ဟိုအဘိုးကြီး အဘပခန်းကျော်ကြီး . . . အစ်ကိုရေ၊ ခြံဝမှာ နဲနဲ့ သီချင်း မှုတ်နေတာဗျ။

ဖျင်ကြမ်းတိုက်ပုံ ရင်ဘတ်ဟကွဲနဲ့။

လွယ်အိတ်ကြီး စလွယ်သိုင်းလွယ်လို့။

ကချင်ပုဆိုး အောက်နားကွဲ၊ ဆံပင်ကလည်း ပခုံးကုပ်ထောက်နဲ့ဗျ။

သူမှုတ်နေတဲ့ သီချင်းက . . .

"ရွှေအိုးစည်လွယ်ရုံမျှနဲ့ × × ×

မယားက ကွာမယ်ဆို သားတွေကင် × × ×

မငိုပါနဲ့ လူကလေးရယ် × × × မငိုပါနဲ့ လူကလေးရယ် × × ×

မင်းအမေပြန်လာကာမှ × × × မနော်နွယ်ချိုချိုစို့ရအောင် × × ×

တီးလိုက်မယ် × × × လေး × × × လေး × × × လေး × × ×"

ကောင်းလိုက်တဲ့ . . . နဲ့သံဗျာ။ အလို . . . အဘိုးကြီးနံဘေးမှာ ဦးဝေသာလီကြီးပါလား။ ဦးဝေသာလီကြီးက ချိုင်းထောက်ကြီးနဲ့ စစ်ဆွယ်တာ အစုတ်ကြီး ဝတ်လို့။ ကျွန်တော်တို့ကို ကြည့်ပြီး ပြုံးပြနေတာ။

အဘိုးကြီးနဲ့ စစ်သားလူထွက် ဦးဝေသာလီတို့က နဲ့သံလည်းဆုံးရော ကျွန်တော်တို့ရှိရာကို လာနေကြတာ။

"ဟော့ကောင် . . . မောင်ရွှေသစ်"

"ဗျာ . . . ဦးလေးဝေသာလီ"

---



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မှုစရာ မလိုတော့ဘူးကွ။ တီးဝိုင်းတိုက်ဖို့ ပြင်ကြတော့ ဟေ့"

"ဦးလေး ... နဲ့ ... နဲ့သမား မရှိဘူးဗျ။ လက်သင်နဲ့သမား မောင်ရှိန်ကြီးလည်း သူ့အဖေ ရွာမှာ မနက်ကဆုံးလို့ ပြန်သွားပြီဗျ"

"နဲ့သမားရပြီကွ။ အိုးစည် ပတ်စာထည့်ကြ"

"ဦးလေး ... နဲ့သမားက ဘယ်သူတုံးဗျ"

"ဒီမှာလေကွာ ... အဘ ပခန်းကျော်လေကွာ"

"ဗျာ ..."

"အဘ ... အဘကို ပြောတာ"

"ဟုတ်တယ်"

"အို ... ဝမ်းသာလိုက်တာဗျာ"

ကျုပ်တို့အားလုံး ဝမ်းသာလွန်းလို့ အဘ အရှူး ... အဲ ... အဲ အဘပခန်းကျော်ကြီးနဲ့ ဦးလေး ဝေသာလီကို ထိုင်ကန်တော့ကြပါရော။

တိုတိုပြောရရင် ...

အဘပခန်းကျော်က နဲ့နဲ့ သီချင်းတွေ ချပေးတယ် ... အစ်ကို ရေ ... အရူးမဟုတ်ဘူး ... အစ်ကို ... ဒါ ပညာရှင်ဗျ ... ပညာရှင်"

ပကာသန လုံးဝမရှိတဲ့ ပညာရှင်။

သီချင်းကြီး၊ သီချင်းခန့်တွေကို မှတ်ပြတာ ရှယ်ပဲဗျာ။

ကျွန်တော်တို့ ဝမ်းသာလိုက်တာ။

ဇာတ်တွေ ပေါင်းချင်တော့ ...

အဘ ပခန်းကျော် ကျွန်တော်တို့ အိုးစည်ဝိုင်းမှာ နဲ့မှုတ်သင်ပေး နေတာ ကြားရော ...

သူဌေးဦးမျိုးဂုဏ်ရောင်တို့ လင်မယား ကားနဲ့ရောက်ချလာပြီး အဘကို ပုဆိုးအသစ်၊ အင်္ကျီအသစ်တွေရယ်၊ ရာတန်ဆယ်ရွက်ရယ် ကန်တော့ပါရော။

"မင်းက ဘယ်သူတုံး။ ဘာကြောင့် ငါ့ကို ပစ္စည်းတွေ၊ ငွေတွေ နဲ့ လာကန်တော့တုံးဟေ့"





"အဖေကြီး ... ကျွန်တော့်ကို မမှတ်မိဘူးလား"

"မင်းနဲ့တူတဲ့ လူတွေက မြန်မာပြည်မှာ များတယ်ကွ"

"ရွှာတော်ရှင် နတ်ကနားပွဲမှာ အဖေကြီး ပခန်းဦးမင်းကျော် ဝင် ပြီး နိမိတ် အတိတ် ကြိုပြောသွားတာလေ"

"ငါက ..."

"ဟုတ်ကဲ့ဗျာ ... အဖေကြီးက ပြောတယ်၊ ငါ့သား မင်း အလှူ အကြီးကြီး ပေးရမယ်တဲ့။ အခု ကျွန်တော် သိန်းထီ ပေါက်တယ်ခင်ဗျား ရှင်တစ်ရာအလှူကြီး မနက်ဖြန်ပေးမှာ .. အဖေကြီးရ။ ဟောဒီ မောင်ရွှေသင် တို့ ရွှေတံဆိပ်ရ အိုးစည်ဝိုင်းရော၊ အခြား ဒိုးပတ်၊ အိုးစည် (၁၅) ဝိုင်းနဲ့ ညှော်ခံဆိုင်းကြီးပါ ပါတယ်။ အဖေကြီး ပခန်းကျော်ပြောတာ ဒက်ထိမှန်လို့ ကျေးဇူးပြုချင်လို့ လိုက်ရှာလိုက်ရတာ အဖေကြီးရယ်။ ခုမှ ကိုဝေသာလီ ပြောလို့ တွေ့ရ၊ ကန်တော့ရတာ ... အဖေကြီးရဲ့၊ ဝမ်းသာလိုက်တာ ဗျာ"

အဘ ပခန်းကျော်ကြီးက ခေါင်းကုပ်ပြီး စဉ်းစားနေတယ်ဗျ။

"ငါ နတ်ပွဲမှာ ဝင်ကတယ် ... ဟုတ်ရဲ့လားကွာ"

"ဗျာ ... အဖေကြီး မမှတ်မိတော့ဘူးလား"

"ဟုတ်ရဲ့လားကွာ ... ငါ နတ်က,တယ်ရယ်လို့"

ကျွန်တော်တို့လည်း အဘပခန်းကျော်ကို ရောက်တဲ့နေ့က ဒီ ကိစ္စ ပြောတယ်ဗျ။ သူ မမှတ်မိတော့ဘူးတဲ့။

မကြာပါဘူးဗျာ ...

နတ်ကတော် အမေသောင်းနဲ့ နတ်ကတော်မိန်းမတွေ၊ စားစရာ နို့ဆီ၊ သကြား၊ အရက်၊ ဘီစကစ်ထုပ်တွေနဲ့ ရောက်လာပြီး အဘကို ကန်တော့ကြ။

အဘ အံ့သြ။

"ငါ့ကို နင်တို့ ဘာကိစ္စနဲ့ လာကန်တော့ကြတာတုံး"

"ကိုင်း ... ဒေါ်သောင်းရေ၊ အဖေကြီးက မမှတ်မိဘူးဖြစ်နေ တယ်။ ဒေါ်သောင်းပဲ ရှင်းပြပြီး သက်သေခံပေးရော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဧွး ဦးမျိုးဂုဏ်ရဲ့ စကားဆုံးတော့ နတ်ကတော်အမေသောင်းက အဘနတ်ကနားမှာ တိုက်ကြက်ကြီးပိုက်ပြီး ပခန်းကျော် ပူးပုံ၊ နဲ့ပါမှုတ်ပုံ၊ အရက်ကနေ ရေဖြစ်အောင် ပြသွားပုံတွေ ပြန်ပြောရော။

"ဟေ ... ငါက အဲဒီလို လုပ်သွားတာ ... ဟုတ်လား"

"ဟုတ်ပါ့ ... အဖေကြီးရယ်"

"ညည်းတို့၊ မင်းတို့ လူများ မှားရောလားကွယ်"

"မမှားဘူး ... အဖေကြီးရေ့ ဒီနှုတ်ခမ်းမွေးရော၊ ဒီဖျင်ကြမ်းတိုက်ပုံရော၊ ဟောဒီ လွယ်အိတ်ကြီးရော အကုန်မှတ်မိတယ်။ အဖေကြီး ပခန်းကျော် အစစ်ပဲ"

"မြတ်စွာဘုရား ... ငါ နတ်ကနားဝင်ပူးခဲ့တာ ဒီအတိုင်းဆို သေချာသလို ဖြစ်နေပါလားဟ ... ဟေ"

"အဖေကြီး ပြန်တွေ့ရတာ ဝမ်းသာလွန်းလို့ပါတော်"

"ငါ့လည်း ဒီအိုးစည်သားတွေက ပခန်းကျော်တဲ့"

"အဖေကြီးက နာမည်ရင်းမှ မပြောသကိုးတော်"

"ငါ မမှတ်မိဘူးဟ ... သမီးတို့၊ သားတို့ရ"

"ဒေါ်သောင်းရေ ... အဖေပခန်းကျော်က နက်ဖြန် ငါတို့အလှူ ရှင်လောင်းလှည့်ပွဲမှာ နှဲမှုတ်မှာတဲ့ဗျ"

"ဟုတ်လား ... သမီးတို့ ဝင်က,မယ်နော် ... အဖေကြီး"

"အမယ်လေးလေ ... နေကြပါ၊ တော်ကြပါ။ နင်တို့ ... အဲ ... အဲ ... ဘာ ... နတ်ကတော်တွေ ... ဟုတ်လား"

"ဟုတ် ..."

"ဒါ နတ်ပွဲမဟုတ်ဘူး၊ အိုးစည်ဝိုင်းဟဲ့။ အေး ... အေး ... နေကြ ... ကြားလား"

"ထမင်းနဲ့ဟင်းတော့ အဘရှိတုန်း လာပို့ပါရစေတော်"

"မဟုတ်တာဟယ်"

"ဘာဖြစ်လို့တုံး ... ဟင်းမကောင်းမှာ စိုးလို့လား"

"ကောင်းကောင်း၊ မကောင်းကောင်း များများသာပို့ဟေ့ ... ဟား ဟား ဟား ဟား ... ဒီမြို့က မပြန်ဘဲ နေ့ရောညပါ စားလို့ မဝတ္တာ





တုံးကြီး မပြန်သေးဘူး အသေထွက် ထွက်မယ်နဲ့တူတယ်ဟေ့လို့ ပြောကြ ရင် ငါ ထမင်းနင်မယ်နော်"

"အမယ်လေး ... အဲဒီလိုကျလည်း လွယ်ပါ့တော် ... အဖေကြီးရယ်"

"ဘာလုပ်မှာမို့တုံးဟ ... နတ်ကတော်ကြီး"

"အဖေကြီးကို ဒီမှာ မိန်းမပေးစားလိုက်မှာပေါ့တော်"

"အမယ်လေးလေးဗျာ ..."

"ဟောဒီကောင်မတွေထဲက ကြိုက်တဲ့မိန်းမသာ လက်ညှိုးထိုးပြ"

"ထိုးပြရင် ငါလိုလူကို ယူမှာတဲ့လားဟ ... ဟေ"

"တစ်ခါတည်း ထွက်ပြေးကြမှာ ... အဖေကြီးရ"

"ဟား ဟား ဟာ ဟား ... ဟား ဟား ဟား ဟား ... ကံကောင်းပုံနှယ် ငါနဲ့လိုကြားရော မန္တလေးရောက်အောင် ပြေးကြရောတဲ့။ ဟား ဟား ဟား ဟား ... ငါ့ငယ်ရွှေ်းစားမြင်ရရင် နင်တို့ ထိုင်ငေးရမှာ ဟေ့ ... ဟား ဟား ဟား ဟား ... အဟွတ် အဟွတ် အဟွတ် အဟွတ်"

အားရပါးရ ရယ်ရင်း ကွမ်းတံတွေးသီးနေလို့ ကျုပ်တို့ ကျောကုန်းကို ဝိုင်းဖိ ထုနှိပ်ပေးရတယ်ဗျာ။

အဲဒီနေ့ကစပြီး အဘ ပခန်းကျော်ကြီး ကျုပ်တို့ကို သီချင်းချိုးသင်ပေးတယ်။ မင်းသားက က,တဲ့ မောင်ကံဆင့်ကို မင်းသားကတွေ သင်ပေးတယ်။ စွယ်စုံပဲဗျာ။

"စာရေးဆရာ ... အဘ ဇာတ်က,ဖူးလားဟင်"

"ကျုပ်လည်း မသိဘူး။ သူက ဘာမေးမေး မသိဘူးပဲ ပြောတယ်"

"စာရေးဆရာရေ ... အဘရောက်နေတဲ့ ရက်ပိုင်းအတွင်း ဖေ မေး၊ နတ်မေး လာမေးကြလို့ ကျုပ်တို့ မောင်းထုတ်ရတယ်။

အဘ ပခန်းကျော် ကုသကူညီတာ တစ်ယောက်တော့ ကျုပ်တို့ ထူးထူးခြားခြား မြင်ရတယ် ... စာရေးဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကိစ္စတုံးဗျ ... ကိုရွှေသစ်ရ"

"သွက်သွက်ခါ ရှူးနေတဲ့ မိန်းမဗျ"

"လုပ်စမ်းပါဦး ... ဇာတ်က စိတ်ဝင်စားစရာပဲ"

"တစ်ညနေမှာ အရူးမ မစိမ်းပွင့်ကို မိသားစုတွေ ချုပ်နှောင်ပြီး အဘရှိရာ ကျုပ်တို့ဆီ ခေါ်လာတာ"

"လွှတ် ... လွှတ်ကြစမ်း"

"ငါ ဒီကောင့်မျက်နှာကို မကြည့်ချင်ဘူး ... လွှတ်"

"နင်တို့ ဒီကောင်ကြီးအကြောင်း ဘာသိလို့တုံး ... အွတ် ... အဟွတ်"

ပါးစပ်ကို ပိတ်ပြီး အဘရှိရာ ခေါ်လာတယ်။ အဘကလည်း နဲ့ အခင်အသစ် လုပ်နေရင်းက ရှုတ်ရှုတ်သဲသဲ အုပ်စုကို လှမ်းကြည့်တယ်။

"ဒီကောင့်မျက်နှာ ငါ မကြည့်ချင်ဘူးဟေ့"

အဘမျက်နှာကို ကြည့်ပြီး အော်နေတာ။ အယုတ္တ အနတ္တတွေလည်း ပြောရဲ့ဗျာ။

"ဟဲ့ ... ဘာဖြစ်နေတာတုံး"

"အဘရယ် ... ဒီသမီးလေးကို ကူညီကြည့်ပေးပါဦး ... အဘရဲ့ ... ဟီး"

"မအေနဲ့ အစ်မတွေက ငိုပြီး ပြောကြတာ။ ဆွေမျိုးယောကျ်ားသားချင်းတွေက အရူးမကို ချုပ်ပြီး ထိုင်ခိုင်းတယ်။

"ထိုင်စမ်း"

"မထိုင်ဘူး ... ငါ့ကိုလွှတ် ... ဒီကောင်ကြီးမျက်နှာကို ငါ မကြည့်ချင်ဘူး ... ထွီ"

"ဟယ် ..."

"ဟာ ... တယ်လေ ... ငါရိုက်ရရင်လား"

အစ်ကိုတွေက နှမအရူးကို ရိုက်မလို့ လုပ်တယ်။

အရူးမစိမ်းပွင့်က ထိုင်နေတဲ့ အဘကို ကြည့်ပြီး ထွီခနဲ တံတွေးထွေးလိုက်တာ။ ကျုပ်တို့တောင် ထောင်းခနဲ ဖြစ်သွားတယ်။





"သမီး ... သူ ဘယ်လိုဖြစ်လို့တုံး"

"သူ ရူးပြီး ထွက်ပြေးနေတာ တစ်လရှိပြီ ... အဘ။ ဆရာဝန်နဲ့လည်း ပြပြီးပြီ။ တိုင်းရင်းဆေးနဲ့လည်း ပြပြီးပြီ။ မရတော့ဘူး ... အဘရဲ့။ အိမ်ထဲကနေ လစ်ရင် ထွက်ပြေးတာ"

"လွှတ်ပေးလိုက်စမ်းကွယ်"

"မဖြစ်ဘူး ... အဘ၊ သူက ဆိုးတယ် ... အဘရဲ့ ... ဟီး"

"အဲဒီဆိုးတာကို သိချင်လို့ပါ ... လွှတ်ပေးလိုက်"

ဒါနဲ့ ချုပ်ကိုင်ထားတဲ့ မောင်တွေ၊ အစ်ကိုတွေက အချင်းချင်း ကြည့်ရင်းကနေ ...

"နင် ကောင်းကောင်းနေနော်"

"အင်း ..."

ချုပ်ထားတာ လွှတ်ပေးလိုက်ရော စာရေးဆရာရေ ... အဘရှေ့ ကျုပ်တို့ ကာလသားများရှေ့မှာ ထဘီချွတ်ချလိုက်ပါရော။

"အဲဒါ ငါပဲဟေ့ ... ဟား ဟား ဟား ဟား"

"ဟာ ..."

"အို ..."

"ဟ ... ဟ ... လုပ်ကြပါဦးဟ"

ထဘီကွင်းလုံးချွတ်ပြီး ခုန်တာဗျာ။ တော်သေးတာပေါ့ အတွင်းခံဘောင်းဘီတိုလေး ပါပေလို့။ ဒီမှာ အရူးမက သူ့အကျီတွေကို သူဖြန်ဆွဲဖြတာဗျာ။ အဖေနဲ့ အစ်ကိုတွေ လက်ကို ဝိုင်းချုပ်လို့သာပေါ့ဗျာ။ နို့နှိုင်ရင်ဘတ်ဟင်းလင်းပွင့်ပဲ ကြယ်သီးတွေ ပြုတ်ကုန်ပြီလေဗျာ။

"ဟဲ့ ... သမီး"

"ဘာတုံး"

အော်လိုက်တဲ့ အသံနှယ် ဟိန်းသွားတာပဲ။

လူငယ်သံ မဟုတ်ဘူးဗျာ။ အဘွားကြီးအသံ။ မာမာဟိန်းဟိန်း။

"သမီး ဘာကိုမကျေနပ်လို့တုံး။ အဘကိုပြော"

"ငါလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သမီး"

"ငါ နင့်မျက်နှာကို မကြည့်ချင်ဘူး။ ငါပြန်မယ် ... ငါပြန်မယ်"

"အဘမျက်နှာ ဘာလို့ မကြည့်ချင်တာတုံး"

"ဟဲ့ကောင် ... နင် စကားမပြောနဲ့၊ နင်နဲ့မဆိုင်ဘူး။ ငါ့သဘော အတိုင်း ငါနေမှာ လွှတ် ... လွှတ် ... လွှတ်စမ်း ... တောက်"

ရှန်းရင်းဟာစ်၊ အစ်ကိုတွေက ချုပ်ထား။

အဘပခန်းကျော်က အရှုးမ လူကြမ်းကြီးရဲ့မျက်နှာကို စိုက်ကြည့်ပြီး အာရုံခံနေသလို လုပ်နေတယ်။

"ဒီကောင်ကို ငါ မလုပ်ရရင် နင့်ကို သတ်မယ်။ ကဲ ... ကဲ .. ကဲ ..."

အော်ရင်း သူ့လက်ကိုသူကိုက်၊ သူ့ခေါင်းနဲ့ တွေ့ရာကို ဆောင့်၊ ခြေထောက်နဲ့ကန်၊ ဆဲရေး၊ တံတွေးနဲ့ထွေး။

"အမေလုပ်သူ ဒီနားကို လာစမ်းဟေ့"

"ကျွန်မပါ ... အဘရှင်"

"အိမ်ကို ပြန်ခေါ်သွား"

"ရှင် ... ဟို ... ဟို ... အဘကိုအားကိုးပြီး ... လာခဲ့ .."

"ငါပြောတာ နားထောင် ... သမီး"

"ဟုတ် ... ဟုတ်ကဲ့ပါ ... အ ... ဘ ..."

"ရော့ ... ဒီမတ်စေ့ကို ယူသွား။ အိမ်ရောက်ရင် အပေါက်ဖောက်ပြီး ဒီကြိုးအမည်းနဲ့ ဆွဲပေးထားလိုက်။ ညဥ့်သန်းခေါင်ကျော်ရင် ထူးလိမ့်မယ်။ သူ့လည်ပင်းမှာ ဒီမတ်စေ့ကြိုးကို ရအောင်ဆွဲပေး။ ဆွဲမပေး၊ ချည်မပေးနိုင်ရင် ဒုက္ခကြီးကြီး ကြုံရလိမ့်မယ်။

အိမ်ရောက်ရင် ဘုရားပန်းလဲ၊ သောက်တော်ရေလဲ၊ ဘုရားကို ဒီမိန်းကလေး အသက်အတိုင်း ရေသပ္ပာယ်၊ အိမ်တွင်းအုန်းကို အသစ်လဲ၊ အမွှေးနံ့သာဆက်၊ ဘုရားရှိခိုး ... အားလုံးကို မေတ္တာပို့။ ဘဝဝဋ်ကြွေးရှိရင် ကြေခွင့်ပြုပါလို့ ပြော။

အကယ်၍ အိမ်ရှေ့မှာ လင်းတ လာနားရင် သားသေ၊ ငါးသေ ပစ်ကျွေးလိုက်။ ညည်းသမီး ငိုလိမ့်မယ်။ ကျွေးတဲ့သားငါးကို မစားဘဲ အော်





နေရင် ... ရော့ ... ဒီထုံးမန်းနဲ့ ထိအောင်ပစ်။ လင်းတ ပြေးရင် ညည်း သမီး အငိုတိတ်လိမ့်မယ်။ အငိုတိတ်ရင် ပြီးပြီ ... ဟုတ်ပြီလား ... နားလည်ပြီလား။ ရော့ ... ဒါကို သေသေချာချာ ကိုင်သွား"

အဘ ထုံးသုံးကော်လုံးပြီး လက်ဝါးနဲ့ရိုက် မန်းလုံးပေးလိုက်တယ်။

"ဟုတ်ကဲ့ပါ ... အဘ၊ သူ ... သူ ... ထွက်ပြေးရင် ..."

"ခါတိုင်း ညည်းတို့ သူ့ကို ဘယ်လိုကိုင်တုံး"

"လိုက်ဖမ်းပြီး ကြိုးတုပ်ထားရပါတယ်ရှင်"

"ကိစ္စ မရှိဘူး။ သူ ခြံပြင်ရောက်အောင် ပြေးမရတော့ဘူးကွယ်။ ကဲ ... သွားကြ၊ ပြန်ကြ။ အဘတို့ လုပ်စရာရှိသေးလို့"

"သမီး ကန်တော့ပါတယ် အဘ"

"အိမ်း ... အိမ်း ... ကျန်းမာချမ်းသာပါစေဗျာ"

"သားတို့၊ တူမတို့ မိပွင့်ကို ခေါ်ခဲ့"

ဒီမှာ မစိမ်းပွင့်ဆိုတဲ့ အရူးမက မောင်တွေ၊ အစ်ကိုတွေ ချုပ်ထိန်းထားတဲ့ ကြားက အသံစူးစူးနဲ့ အော်ပြီး ကြိမ်းဝါးပါရောဗျာ။

"နင်က ငါ့ကို စမ်းတာပေါ့ ... ဟုတ်လားဟေ့ ... ဟင်း ဟင်း ဟင်း"

"ညီမလေး တိတ်တိတ်နေစမ်း"

"လွှတ်စမ်း ... လွှတ်ကြစမ်း ... ဒီကောင်ကြီးကို ငါ လုပ်မယ်။ ဟေ့ကောင် ... အရူး နင်ဒီည ငါ့အကြောင်း သိရမယ်ဟေ့ ... ထွီ"

"ဝုန်း ... ဝုန်း ..."

"ဟဲ့ ... သမီး ... မလုပ်ရဘူးလေ ... ဟဲ့ ... ဟဲ့"

"ထွီ ..."

"ဟာ ... ဒီကောင်မလေး၊ သားတို့ မြန်မြန်ခေါ်သွား"

"ဟဲ့ကောင်ကြီး ... နင် ဒီည ငါ့အကြောင်း သိရမယ်ဟေ့ ... ဟား ဟား ဟား ဟား ... ဟီး ဟီး ဟီး ... ဟား ဟား ဟား ဟား"

အရူးမ မစိမ်းပွင့်တို့ အိုးစည်သီချင်းတိုက်တဲ့ အိမ်ပေါ်က ဝရန်းသုန်းကား ဆင်းသွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ..."

"ပြော ... မောင်ရွှေသစ်"

"ဘာတွေဖြစ်နေတာလဲ ဟင် ... အဘ၊ ဒီမိန်းမ ရူးသွပ်သလို ဖြစ်နေတာ ကြာပြီဗျ။ လမ်းပေါ်ကို ထွက်ပြေးရင် ထဘီရော၊ အကျႌပါ ချွတ်ပြီး အော်ဟစ်နေတာဗျ"

"ထားလိုက်ပါ ... သူတို့ကိစ္စ သူတို့ဘာသာ ရှင်းသွားပါလိမ့်မယ်။ ကိုင်း အဘတို့ သီချင်းနဲ့ အကတိုက်ရအောင်ဟေ့"

အဘကြောင့် ကျုပ်တို့အိုးစည်ဝိုင်းဟာ သီချင်းအသစ်တွေလည်း ရ၊ မင်းသားက ကတဲ့ မောင်ကံဆင့်ကိုလည်း အဘက ကကွက်တွေ သင်ပေး၏။

ကျုပ်ကိုလည်း အိုးစည်တီးကွက်တွေ သင်ပြ၏။

"မှတ်ထားကွ ... အကမှာ ခေါင်း၊ ခါး၊ ခြေ၊ လက် ဤလေးချက်၊ မပျက်စေရ သုခုမတဲ့။ အသံကျတော့ အတက်အကျနဲ့သွားရတယ်။ သီချင်းကြီး သီချင်းခံတွေကို ဆိုရင် အသံရှစ်မျိုး သတ်မှတ်ထားတယ်ကွယ့်။

ရွှေ၊ နှင်း၊ တော၊ နိုင်၊ မှောင်၊ မှိုင်း၊ ခြား၊ ပိုင်း ရှစ်သံ။

ပရံတင်ညွှန်၊ ခက်မွန်၊ ခမိန်၊ ထနောက်ချိန်ငြား။

ဖြိုန်းခြား၊ ချပ်ချွန်၊ ထပ်ကွန့်ငုငစ်၊ အသံရှစ် ...

မှတ်လစ်စဉ်ကမာ ... တဲ့။

ယိုးဒယားလာ သီချင်းတွေကို ... ဗဟုသုတအဖြစ် မှတ်ထား။

ရွှေတညာသီချင်းက ပရံတင်သံ။

နှင်းယွင်းဂိမုန်က ခက်မွန်သံ။

တောတောင်စွယ်သီချင်းက ခမိန်သံ။

တောမြိုင်ခြေလမ်းသီချင်းက ထနောက်သံ။

ပန်းမြိုင်လယ်သီချင်းက ဖြိုန်းခြားသံ။

နိုင်ပန်းစုံသီချင်းက ချပ်ချွန်သံ။

မှော်ရုံဟေဝန်သီချင်းက ထပ်ကွန့်သံ။

မှိုင်းမှုန်ပြာညို သီချင်းက ငုငစ်သံတဲ့ ...





သီချင်းတစ်မျိုးနဲ့တစ်မျိုး အသံစဉ် မတူဘူး။

နောက်ထပ် အသံလေးမျိုးက ကဗျာသီချင်းစပ်ဆိုရင် ဆိုရတဲ့ အသံ။ မှတ်ထားကြဦးဟေ့။

'ဥဒတ္တ' တက်သံတဲ့။

အသံမြှင့်ပြီး သီဆိုရွတ်ဖတ်ရတဲ့ အသံကွ။

'အနုဒတ္တ' သက်သံလို့ ခေါ်တယ်။

နှိမ့်ပြီး ချပြီး ရွတ်ဖတ်ရတဲ့အသံကို ခေါ်တာ။

'သွရိတ' နိမ့်မြင့်သံတဲ့။

အသံအနိမ့်အမြင့် နှစ်မျိုးဖက်စပ် သီဆိုရတဲ့ အသံ။

'ဥပစိတ' ပကတိအသံတဲ့။

သူက မူလသီဆိုသူရဲ့ အသံအတိုင်း သီဆိုတဲ့အသံကို ခေါ်တာ။

"ငါ့သားတွေ ... ဇမ္ဗူဒိပ်ကျွန်းလုံး ကြားရတယ်လို့ ကျမ်းဂန်မှာ လာတဲ့ အသံလေးပါး ကြားဖူးလားဟေ့"

"မကြားဖူးပါဘူး အဘ"

"ပြောပြပါ ... အဖေကြီးခင်ဗျား"

"အေး ... ပြောရမှာပေါ့ကွာ။ မင်းတို့က အသံနဲ့ အတီးနဲ့ လုပ်စားရမည့်သူတွေ။ အသံတွေအကြောင်း ဗဟုသုတ သိထားရမှာပေါ့။

ပထမတစ်သံကြီးက ...

ပုဏ္ဏကဘီလူးက ကောရဗ္ဗမင်းကြီးနဲ့ ကြွေအန်ကစားရာမှာ ...

"အဟံ ... ဇေယျော' ငါ အောင်နိုင်ပြီဟေ့လို့ ဟစ်အော်တဲ့ အသံ။

ဒုတိယအသံကြီးက ...

ကဿပဘုရားရှင်ရဲ့ သာသနာတော်နောက်ပိုင်းမှာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူတို့ နည်းပါးလွန်းတာကြောင့်

မာတလိနတ်သားက ခွေးနက်ကြီး အယောင်ဆောင်ပြီး

မြို့ရွာထဲမှာ လှည့်အော်တဲ့ အသံကွ။

တတိယ အသံကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



ကေလာသတောင်ထိပ်မှာ ရပ်ပြီး 'အဟံ ... အာဠာဝကကော'

လို့ ဟစ်အော်ကြိမ်းဝါးတဲ့ အာဠာဝကဘီလူးရဲ့ အသံကွ။

စတုတ္ထအသံကြီးက ...

ပပဝတီကို အပြိုင်ပိုးတဲ့ ခုနစ်ပြည့်ထောင်မင်းတို့ရဲ့ အလယ်မှာ

ရပ်ပြီး 'အဟံ ... ကုသရာဇာ' လို့ ကုသမင်းက

ဟစ်ကြွေးတဲ့ အသံပဲကွ။ ဒီအသံကြီးလေးပါးကတော့ ဇမ္ဗူဒိပ်ကျွန်းကတောင် ကြားရ တုန်လှုပ်ရတဲ့ အသံတဲ့ဟေ့''

ဒီအသံတွေနဲ့ မတူ ကွဲပြားအသံက ငါတို့ မြတ်စွာဘုရားရှင်ရဲ့ အသံတော် (၈)ပါးပဲ။ ဒေါသ မပါဘူး။ မာန်မာန မပါဘူး။

''ပြောပြပါဦး ... အဘ''

''ဘုရားရှင်ရဲ့ အသံတော် ရှစ်ပါးက ...

ဝိဿဋ္ဌ သန့်ရှင်းစင်ကြယ်ခြင်း ...

| | | |
|---|---|---|
| မဉ္ဇု | – | သာယာခြင်း |
| ဝိညေယျ | – | သိလွယ်ခြင်း |
| သဝနိယာ | – | နားယူချင်စဖွယ်ရှိခြင်း |
| ဝိသာရိနော | – | နေရာအနှံ့ ပျံ့နှံ့ခြင်း |
| ဗိန္ဒု | – | တစည်းတစ်လုံးတည်းရှိခြင်း |
| ဂမ္ဘီရ | – | နက်နဲခြင်း |
| နိန္နာဒီ | – | ပဲ့တင်ထပ်ခြင်း |

စတဲ့ ကျက်သရေမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံတဲ့ အသံတော်ပဲ။ ကိုင်း ... အဘတို့ အိုးစည် သီချင်းတိုက်ကြစို့ကွာ''

အဘပခန်းကျော်က အဲဒီလို ပညာစုံတဲ့ အဘပါ ... စာရေးဆရာ။

အဘသာ ကျုပ်တို့ကို အကူအညီမပေးရင် ရွှေတံဆိပ်ရ ကျုပ်တို့ကို အိုးစည်ဝိုင်း ရှင်တစ်ရာအလှူပွဲမှာ နာမည်ပြန်ကျပြီး နောင်ငှားမည့်သူတောင် ရှိမှာ မဟုတ်ဘူးဗျာ။

✿ ✿ ✿

# [၃၂]

❑

''ဒါနဲ့ ဟိုအရွှေးမ မစိမ်းပွင့်အကြောင်း ပြောပါဦးဗျာ။ ဘယ်လိုဖြစ်သွားတုံး''

''အေးဗျ ... အဲဒီအကြောင်းပြောမှ ကျွန်တော်တို့အဘ ပခန်းကျော် ဘယ်လိုလူလဲဆိုတာ ပေါ်လွင်မှာဗျ''

နောက်နေ့ မိုးလင်းပြီးရော မစိမ်းပွင့်တို့ မိသားစုနဲ့ ဆွေမျိုးတွေ မြင်းလှည်းနှစ်စီးအပြည့် ပေါက်ချလာပါရောဗျာ။

''အဘရေ ... အဘ''

''အဖေကြီး ... အဖေ ပခန်းကျော်''

အိမ်ရှေ့ကနေ လူ (၁၅)ယောက်ခန့် အုပ်စုကြီးက နာမည်ကို အော်ခေါ်နေတာ။ ကျွန်တော်တို့က အဘ လွတ်လွတ်လပ်လပ် နေနိုင်ရအောင် သစ်သားအိမ်တစ်လုံးမှာ အိပ်ရာ၊ စားစရာအစုံအလင်နဲ့ ထားတာဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကြီးဝတ်ငယ်လုပ်ဖို့ ကျုပ်တို့ အိုးစည်ဝိုင်းက အလှည့်ကျ ညအိပ် စောင့်ပေးကြတယ်။

ညတုန်းက ကျုပ် စောင့်ပေးတာ။

ဒီအချိန်မှာ အဘက ဘုရားစင်ရှေ့မှာ ပုတီးစိပ်နေတယ်။

ကျွန်တော်က ရေနွေးကျိုပြီး အဘစားဖို့ ထမင်းကြော်နေတာ။

အသံတွေ ဆူညံကျယ်လွန်းလို့ ထွက်ကြည့်တော့ သူတို့အုပ်စုကြီး ဗျာ ခြံဝမှာ အော်ခေါ်နေကြတာ။

''ဘာလို့ အော်ခေါ်နေကြတာတုံးဗျာ။ အဘ ဘုရားရှိခိုး ပုတီးစိပ် နေတယ်ဗျ''

''ဟုတ်လား ... မသိလို့ပါ ... ငါ့တူရယ်၊ အဘနဲ့ တွေ့ချင်လို့ ပါ''

မစိမ်းပွင့်ရဲ့ အဖေနဲ့ အမေက တောင်းပန်ရင်း ပြောတယ်။

''တွေ့ချင်ရင် အဘ ပုတီးစိပ်ပြီးမှ တွေ့ကြပါဗျာ''

''မောင်ရွှေသစ် ... တံခါးဖွင့်ပေးလိုက်''

အိမ်ပေါ်ကနေ လှမ်းအော်တဲ့ အဘအသံကို ကြားရော သူတို့ တအားပျော်သွားကြပါရော။

''ဟိုမှာ ... အဘခေါ်နေပြီဟေ့''

''ငါ့တူ တံခါး အမြန်ဖွင့်ပါကွယ်''

တံခါးဖွင့်ပေးလိုက်ရော အထုပ်တွေ၊ ဆွဲခြင်းတွေ၊ ငှက်ပျောနိုင် တွေနဲ့ အရွယ်ကောင်း ချောချောလှလှ မိန်းမပျိုတွေရော၊ လူကြီးလူရွယ် တွေရော ခြံထဲကို ဝင်ပြီး အိမ်ပေါ်ကို တက်သွားကြပါရောဗျာ။

''ဟဲ့ ... ဘယ်သူတွေတုံး စောစောစီးစီး''

''သမီးတို့ပါ ... အဘရဲ့၊ မစိမ်းပွင့်ရဲ့ အမေပါ။ မနေ့ကလာတဲ့ သမီးတို့ပါရှင့်''

အထုပ်တွေ၊ ခြင်းတွေနဲ့ ငှက်ပျောနိုင်မှည့်မှည့်ကြီးပါ အဘရှေ့ မှာ ချလို့။

''ဒါတွေက ဘာလုပ်တာတုံး ... သမီးတို့ရဲ့''





''အဘကို လာကန်တော့တာရှင့်''

''နေပါဦး ... ညည်းတို့က ငါ့ကို ဘာကိစ္စနဲ့ ကန်တော့ရတာတုံး ဟဲ့။ ငါ့နှယ်နော် ... ဒီရောက်မှ ဟိုကလာကန်တော့၊ ဒီကလာကန်တော့ နဲ့ ငါလည်း သက်ကြီးပူဇော်ပွဲ ရောက်နေသလိုပဲဟေ့။ ကိုင်း ... ပြောပါဦး .. ဘာကြောင့် ...''

''ကောင်းသွားပြီး ... အဖေကြီးရဲ့''

''ဘာကောင်းတာတုံးဟ ... အရင်းမရှိ၊ အဖျားမရှိနဲ့''

''ကျွန်မသမီး စိတ်နောက်ရူးသွပ်နေတာ အဖေကြီးပြောတဲ့အတိုင်း လုပ်လို့ ကောင်းသွားပြီ ... အဖေကြီးရဲ့။ ဒါကြောင့် ကျေးဇူးတင် ဝမ်းသာ လွန်းလို့ လာကန်တော့ကြတာပါရှင်''

''ဟေ ... မနေ့ကလာတဲ့ ... အရူးမလေး''

''ဟုတ်ကဲ့ရှင် ... နဂိုစိတ်အတိုင်း ဖြစ်သွားပြီ ... အဖေကြီးရဲ့''

''အဲဒီမိန်းကလေးနာမည် ဘယ်သူ ...''

''မစိမ်းပွင့်ပါရှင်''

''ဘယ်မတုံး မိစိမ်းပွင့်''

''ဟဲ့ ... သမီး ... ရှေ့တိုး ... အဖေကြီးကို ကန်တော့စမ်း''

''အလို ... လူတောင် မမှတ်မိအောင် သားနားနေပါလားဗျာ။ မနေ့က လာတုန်းက ဆံပင်ဖွာလန်ကျဲ၊ အကျႌထဘီကွဲ၊ မျက်လုံးပြူး၊ အံကြိတ်၊ ခုန်ပေါက်၊ ဆဲရေးတိုင်းထွာပြီး ထဘီချွတ်ချတဲ့ ... အရူးမ မစိမ်းပွင့်။

ဘုရားရေ ...

ဒါ မစိမ်းပွင့်အစစ် ဟုတ်ရဲ့လား။

ကြည့်စမ်းဗျာ ... ရှန်သားလက်စက ရင်စေ့အကႌျနဲ့ ထဘီအဝါနု ရောင်နဲ့။ တဘက်လျှိုဆံထုံး ထုံးထားလို့။ ပါးပေါ်မှာ သနပ်ခါးပါးကွက် ကျားနဲ့၊ စွယ်တော်ပန်းအဖြူကလေး ပန်လို့ဗျာ။

ယဉ်မှယဉ်၊ ချောမှချော၊ လှမှလှ။



www.burmeseclassic.com

www.burmeseclassic.com



ကြားတယ်ဆို ကျွန်တော်တို့ အဖွဲ့သားတွေရော၊ အလှူရှင်သူဌေး ဦးဂုဏ်ရောင်ရော၊ နတ်ကတော် အမေသောင်းတို့ပါ ရောက်ချလာတာ အိမ်ပေါ်ကို လူပြည့်သွားတာပဲ။

အားလုံးလည်း အံ့သြဝမ်းသာကြပေါ့ဗျာ။

ဒီမစိမ်းပွင့်ဆိုတဲ့ အပျိုမိန်းမချောလေး စိတ်နောက်ပြီး လမ်းပေါ်မှာ အဝတ်ဗလာလျှောက်သွားနေတာကို မြင်ဖူးကြတာကိုးဗျ။ သနားကြ၊ အံ့သြကြ၊ အဘကို ပိုလေးစားအံ့သြ ဖြစ်လို့ဗျာ။

မစိမ်းပွင့်လေးကတော့ ရှက်တဲ့မျက်နှာလေးနဲ့ အဘကို ရိုရိုသေသေ ဦးချကန်တော့နေလေရဲ့။

မစိမ်းပွင့်ရဲ့ မိဘများ၊ အစ်ကိုမောင်ဘွား အစ်မများ၊ ဆွေမျိုးများကလည်း အတူ ကန်တော့ကြ။

အလှူရှင်သူဌေးရော၊ နတ်ကတော် ဒေါ်သောင်းရော အဘကို အလွန်အံ့သြတဲ့အကြည့်တွေနဲ့ ကြည့်ပြီး မလှမ်းမကမ်းမှာ ထိုင်ကြ။

"အဖေကြီးရှင့် ... သမီး အဖေကြီးကို မနေ့တုန်းက ပစ်ပစ်မှားမှား ပြောဆိုစော်ကားမိတဲ့အတွက် ရှိခိုးကန်တော့ တောင်းပန်ပါတယ်။ သမီးရဲ့အပြစ်များကို ခွင့်လွှတ်ပေးပါ ... အဖေကြီးရှင့်"

"သာဓု ... သာဓု ... သာဓု ... အမှန်က ငါ့မြေးမှာ အပြစ်မရှိပါဘူး ... မြေး"

"ရှင် ..."

"မအံ့သြပါနဲ့။ အပြစ်ရှိသူက တစ်ယောက်ပါကွယ်"

အားလုံး အဘဦးပခန်းကျော်ရဲ့ ပြောစကားကြောင့် အဘရဲ့မျက်နှာကိုပဲ ဝိုင်းအာရုံစိုက် ကြည့်နေကြလေရဲ့။

ကျွန်တော်တို့ အလှူရှင်သူဌေး ဦးဂုဏ်ရောင်ရော၊ နတ်ကတော် အမေသောင်းရော အဘကို ကြည့်ပြီး ကိုယ်စီ စဉ်းစားကြတာပေါ့ဗျာ။

သွက်သွက်ခါ အရူးတကွဲ ဖြစ်ခဲ့ရတဲ့ အရွှေးမ မစိမ်းပွင့်။

ခု ကြည့်စမ်းပါဗျာ။

မနေ့ကနဲ့ ဒီနေ့ အပုံကြီး ကွာနေပါလား။ ရှုးဦးလေ၊ ခုန်ဦးလေ၊ ထဘီချွတ်ချလေ၊ အကျီဆွဲဖြဲလေ။





လုံးဝပဲ။

ယဉ်လိုက်တာနော် ...

ရွှေနှန်းသူ ချောရှာဟန်ဆိုတဲ့ စာကဲ့သို့ လှလို့။

"မစိမ်းပွင့် ..."

"ရှင် ... အဘ"

"ဟိုနေ့က ဖြစ်ခဲ့တာတွေ မှတ်မိလားကွယ့်"

"ရေးရေးပဲ မှတ်မိပါတယ် ... အဘ"

"ဘယ်သူမပြု မိမိမှုပဲကွယ့် ... ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ရှင့်"

"သမီးက ဘုရားရှိခိုးဖို့ မေ့နေတာကိုး"

"ရှင် ..."

"အဘပြောတာ မှားလို့လား ... သမီး"

"ဟုတ် ... ဟုတ်ပါတယ် ... အဘ"

"ဘုရားဖက်မှ အသက်ရှည်တယ်၊ တရားဖက်မှ အမျက်ပြေတယ်၊ ရတနာသုံးပါး မမေ့နဲ့ကွ။ အားလုံးကို အဘ ပြောတာနော်။ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားမ,မယ်၊ ကယ်မယ်တဲ့။ နတ်တွေကို ရိုသေကြသလို၊ ရတနာသုံးပါး အနန္တော အနန္တငါးပါး မမေ့ကြနဲ့။ မင်းတို့က မြန်မာဗုဒ္ဓဘာသာဝင်တွေ။ ဒီခေတ်က ကောင်းသူကို ကယ်တင်ပြီး မကောင်းသူကို ဖယ်ရှားတဲ့ခေတ်။ ကံ,ကံရဲ့အကျိုး လူတိုင်းခံစားရတယ်။ ကောင်းတာလုပ်ရင် ကောင်းတဲ့ကံအကျိုး ခံစားရမှာပဲ။ မကောင်းတဲ့ အကုသိုလ်ကံဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ အမှုတွေ လုပ်ရင် အဲဒီအကုသိုလ်အကျိုး ခံစားရမှာပဲ။ ငါ ဆင်းရဲတယ်ဆိုပြီးတော့လည်း စိတ်မဆင်းရဲနဲ့။ ဒါ အတိတ်ဘဝကပြုခဲ့ဖူးတဲ့ ကံရဲ့အကျိုးပေးပဲ။ ချမ်းသာတာလည်း အတိတ်ဘဝကပြုခဲ့တဲ့အကျိုးကိုး။ သက်ရှိသတ္တဝါမှန်သမျှ အနိစ္စ-အမြဲမရှိ၊ ဒုက္ခ-ဆင်းရဲ၏၊ အနတ္တ- ငါ့ကိုယ်ငါ မပိုင်ဘူးတဲ့။ မမြဲတဲ့ သံသရာလောကမှာ ကုသိုလ်များများ လုပ်။ 'ရှေးကတင်ကြိုပြုခဲ့ဖူးသည့် ကောင်းမှုအသူ ရှိပါစေ'တဲ့။ ချမ်းသာတာလည်း မမြဲဘူး။ အတိတ်ဘဝက ပြုခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံအကျိုးပေး အလျင်သက်ရောက်လို့ ချမ်းသာနေတာ။ အကယ်၍ သူသည် အတိတ်ဘဝတုန်းက ဆင်းရဲနိုင်သော အကုသိုလ်အမှုပြုခဲ့ဖူးရင် ဒီအကုသိုလ်ဆင်းရဲ အကျိုးပေးက ချမ်းသာနေတဲ့ဘဝကို မကြာခင် ဖျက်ဆီးပစ်တော့မှာ။

ကံ,ကံရဲ့ အကျိုးပေးဟာ အံ့ဩစရာကောင်းတယ်။ အတိတ်ဘဝကလည်း ကောင်းမှုကုသိုလ်တွေ သေသည့်တိုင် လုပ်ခဲ့တယ်။ မျက်မှောက်ဘဝမှာလည်း ဆက်လက်ပြီး ကောင်းမှုကုသိုလ်တွေ လုပ်နေမယ်ဆိုရင် သေလွန်ပြီး နောင်ဘဝမှာလည်း ကုသိုလ်စိတ်နှလုံးသွင်း ကောင်းသမျှ အကျိုးပေးကောင်းနေမှာပဲ။

လှူတာလည်း ကုသိုလ်ပဲ။ ရတနာသုံးပါး၊ အနန္တော အနန္တငါးပါးတို့ကို ကြည်ညိုသဒ္ဓါရှိတာ၊ လေးစားတာလည်း ကုသိုလ်ကောင်းမှုပဲ။ ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိ–ဂုဏ်ရှိသောသူ ရှိသေ၊ အသက်ကြီးသူကို ရှိသေ၊ ငယ်သူကို အလေးထား၊ ရွယ်သူကို လေးစားတာလည်း ကောင်းမှုကံပဲ။ ချမ်းသာတာ မာန်မတက်နဲ့၊ လှတာ မာန်မတက်နဲ့၊ ပညာတတ်တာလည်း မာန်မတက်နဲ့။ အပြောအဆို ဆင်ခြင်ကြ။ အပြောလေးမှားလို့ ဘဝပျက်ရတာတွေ အများကြီးပဲ၊ နားလည်ကြရဲ့လား''

''ဟုတ်ကဲ့ပါရှင့်''

''ကိုင်း ... ဒီကနေ ... အိမ်ပြန်ရောက်ရင် ဘုရားစင်ရှေ့မှာ လက်ဖက်တစ်ပွဲ၊ ဖယောင်းတိုင် ငါးတိုင်၊ အမွှေးတိုင်၊ သောက်တော်ရေ ငါးခွက် ... ပြီး ... သီးသန့်သောက်တော်ရေ တစ်ခွက် အမြင့်မှာတင်ပြီး ပါးစပ်ကနေ ပြော။ အနန္တောအနန္တ ငါးပါးကိုသော်လည်းကောင်း၊ တစ်နေ့တစ်မနက် မိမိထက် အသက်ကြီးသူများအပေါ်၌လည်းကောင်း၊ နတ်ဒေဝတာတို့ အပေါ်၌လည်းကောင်း ... ကာယကံ၊ ဝစီကံ၊ မနောကံ ကံ, သုံးပါးအနက် တစ်ပါးပါးဖြင့် ပစ်မှားမိပါက ထိုအပြစ် အမှုတို့အား ကျွန်မ တောင်းပန်ပါ၏။ အများကို ဝန်ခံပါ၏။ သက်ဆိုင်ရာပုဂ္ဂိုလ်များ ကျေနပ်တော်မူပါ ... ကျေအေးတော်မူပါ ... ကျန်းမာချမ်းသာပါစေလို့ ပြောဆိုဆုတောင်းမေတ္တာပို့ ... ကြားလား''





''ဟုတ်ကဲ့ရှင့်''

''ဒါ ခင်ပွန်းကြီး (၁၀) ပါးကို တောင်းပန်တဲ့နည်းပဲ။ လူငယ်ပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် ပြောမှားဆိုမှား ရှိကြတာပဲ။ သည်းခံတဲ့သူက သည်းခံမှာပေါ့။ သည်းမခံတဲ့ပုဂ္ဂိုလ်ကျတော့ ရန်ငြိုးဖွဲ့တာပေါ့ ... ဟုတ်ပြီလား''

''ဟုတ်ကဲ့ပါရှင့်''

''အိမ်း ... ငါ့သမီးများ၊ သားများ၊ လူကြီးသူမ၊ သက်ကြီးဝါကြီး ဂုဏ်ပညာကြီးသူတို့အား ကန်တော့ရခြင်း၊ စားဖွယ်များ လှူရခြင်းအကျိုးတို့ကြောင့် မကောင်းသောဘေး၊ မကောင်းသော ရန်ခပ်သိမ်းတို့သည် ဝေးရာသို့ ရှားကြပါစေသတည်း။ သမီး ... ရှေ့တိုးခဲ့''

အဘက ဆုမွန်ကောင်းများပေးပြီး မစိမ်းပွင့်ကို လှမ်းခေါ်လိုက်တယ်။ မစိမ်းပွင့်က အဘရှေ့ကို တိုးလိုက်တယ်။ အဘ ပခန်းကျော်က မစိမ်းပွင့်ရဲ့ဦးခေါင်းပေါ် ညာလက်တင်ပြီး ကျုပ်တို့နားမလည်နိုင်တဲ့ ဂါထာလား၊ မန္တန်လားမသိဘူး ထူးဆန်းတဲ့ ဂါထာမန္တန်တွေကို ရွတ်ဆိုပြီး သပ်ချလို့ အပြင်ကို ယူလွှင့်ပစ်တာမျိုး လုပ်လိုက်တယ်ဗျာ။ မစိမ်းပွင့်က ဦးသုံးကြိမ်ချ ကန်တော့တယ်။

''ကိုင်း ... မစိမ်းပွင့် အဖေ၊ အမေ''

''ခင်ဗျာ ... အဘ''

''ရှိပါတယ် ... အဘရှင့်''

''ကိုင်း ... ညတုန်းက ငါ့သမီးတို့ ကြုံရပုံလေး အဘဗောဓိပရိသတ်များလည်း သိအောင် ပြောပြစမ်းပါဦး ... သမီးတို့ သားတို့''

ဒီမှာ မစိမ်းပွင့်ရဲ့ အမေက ညတုန်းက ကြုံတွေ့ရတဲ့ ချောက်ချားစရာဖြစ်ရပ်ကို အောက်ပါအတိုင်း ပြောပြခဲ့တယ် ... အစ်ကို စာရေးဆရာရေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၃၃]

❑

အဖေကြီးရှိတဲ့ အိုးစည်ဝိုင်းအဖွဲ့ အိမ်ကနေ ပြန့်လာတော့ ... အမှန်အတိုင်းပြောရရင် အဖေကြီးကို သိပ်မကျေနပ်ချင်ဘူး ... အဖေကြီး။

ဘာကြောင့်လဲဆိုတော့ ...

ကျွန်မတို့က အဖေကြီးကို ယုံကြည်အားကိုးလို့ လာခဲ့တာပါ။

အဖေကြီး ပခန်းဦးမင်းကျော် မဝင်ခင်ရော၊ ဝင်တဲ့ အချိန်မှာရော ပြသွားတဲ့ လုပ်ရပ်တွေ၊ ဟောပြောချက်တွေက ဘယ်လိုနတ်ဝင်သည်မှ မလုပ်နိုင်တဲ့ လုပ်ရပ်တွေပါ။

အဖေကြီးဦးမင်းကျော် ဝင်ရင်း သူဌေးဦးဂုဏ်ရောင်ကို (၇)ရက် အတွင်း ကြီးကျယ်တဲ့ အလှူကြီးပေးရမယ်လို့ ဟောတာ ဒက်ထိပါ။





နတ်ကတော် အမေသောင်းလည်း နတ်ကနားအပြီးမှာ နောက်ထပ် ပွဲခွင်တွေ ချက်ချင်းလာအပ်တာ ကြုံရသလို၊ ဆိုင်းအဖွဲ့လည်း အမေသောင်းနဲ့တွဲပြီး ပွဲခွင်တွေ ချက်ချင်းရသွားတာ ကျွန်မတို့ ကြားသိရတယ်။

အဖေကြီးသည် အမှန်တကယ် ပခန်းဦးမင်းကျော် ဝင်ပြီး ပြောတာပဲလား။ ဒါမှမဟုတ် အဖေကြီး ဒီအရပ်မှာ ပျော်ချိန်ရောက်ချိန်တန်လို့ ပျော်ရွှင်ကူညီနေတာလား မသိနိုင်ပါဘူး။

ဒါပေမင့် အဖေကြီးရဲ့ ကြန်အင်လက္ခဏာက သူများနဲ့မတူဘူး။

အလွန်ထူးခြားနေတယ်။

အဖေကြီး မငြင်းနဲ့နော်။

နတ်ပွဲမှာ ပခန်းဦးမင်းကျော်ဆိုပြီး အဖေကြီးနဲ့ပါလာတဲ့ တိုက်ကြက်၊ ကြက်သမားတွေ ဈေးကောင်းပေးတာ အဖေကြီး မရောင်းဘူး။

နောက်ဆုံး ရတဲ့ မိတ်လူ ယူဆိုပြီး တိုက်ကြက်ကို လေထဲမြှောက်တင် လွှတ်လိုက်တယ်။ ရိုးရိုးတိုက်ကြက်သာဆိုရင် မြေပြင်ပေါ်ကို ပြန်ကျ ပြန်ဆင်းရမယ်လေ။

နှ ... အဖေကြီးရဲ့ တိုက်ကြက်က ဖျိုင်းပျံ ငှက်ပျံ ပျံသွားလိုက်တာ။ ကောင်းကင်လေဟာပြင်ထဲ ရောက်သွားသည့်တိုင်ပဲလေ။

ဒါကြောင့် ကျွန်မတို့ လင်မယားရော၊ မောင်ဖွား၊ သားသမီး ဆွေမျိုးများကပါ ဘယ်အရပ်က ရောက်လာမှန်းမသိရတဲ့ ဒီအရပ်မှာ တစ်ခါဘူးမှ မမြင်ဖူးတဲ့ လူထူးဆန်းအဘကို ကျွန်မတို့ လေးစားယုံကြည်သဘောကျ၊ အားကိုးချင်စိတ်တွေ ဖြစ်ပေါ်လာခဲ့တယ်။

အကြောင်းကတော့ ...

ဟောဒီသမီးကြီး မစိမ်းပွင့်ကြောင့်ပါ။

ကျွန်မသမီးက ဒီမြို့မှာ အချောအလှ စာရင်းဝင်ဆိုရင် မှားမယ် မထင်ပါဘူး ...အဖေကြီး။ သမီးကို ကြိုက်နှစ်သက်လို့ လာပြောကြတဲ့ လူ့အလွှာအတန်းအစားတွေ မနည်းပါဘူး။

သို့သော် သမီးမစိမ်းပွင့်က ဘယ်သူ့ကိုမှ အိမ်ထောင်ဘက် အဖြစ် ချစ်သူရည်းစားလည်း မထားဘူး။ ငြင်းပယ်ခဲ့တာချည်းပဲ။

တစ်နေ့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်က အပြန်မှာ ရုတ်တရက်ပေါက်ကွဲပြီး သူနဲ့ပါတဲ့ ထီး၊ ဖိနပ်၊ ပိုက်ဆံအိတ်တွေကို မင်္ဂလာမဏ္ဍပ်ရှေ့မှာ လွှင့်ပစ် ပေါက်ကရ စကားတွေ အော်ဟစ်ပြောတော့တာပဲ။

သူငယ်ချင်းတွေလည်း အံ့ဩကုန်ကြ၊ ထိတ်လန့်ကုန်ကြ။

မင်္ဂလာဆောင်လာတဲ့ ဧည့်သည်တွေကလည်း ဝိုင်းကြည့်ကြ။

"ငါ လင်သက်စေ့ ယူပြမယ်ဟေ့"

"နင်တို့ သိထားဖို့က ယောက်ျားတွေကို တစ်ညတစ်ယောက် ပေါင်းမယ်။ ငါ့နာမည် စိမ်းပွင့်တဲ့"

"ဟား ဟား ဟား ဟား . . . ငါနဲ့အတူနေမည့် ယောက်ျားတွေ ခုချက်ချင်း စာရင်းလာပေးကြဟေ့ . . . ဟား ဟား ဟား ဟား ဟား"

"ပွင့် . . . သူငယ်ချင်း၊ ဘယ်လိုဖြစ်ရတာတုံးဟဲ့"

"ဟဲ့ . . . ဟဲ့ . . . အဲလို မပြောရဘူးလေ . . . ဟဲ့ . . . မိန်းမတွေ . . . မိပွင့် ဘယ်လိုဖြစ်ရတာတုံး . . . မိပွင့် . . . မိပွင့် . . . မပြောနဲ့ . . . မပြောနဲ့"

သူ့သူငယ်ချင်းတွေက ဝိုင်းဆွဲ ပါးစပ်ကိုပိတ်။

"ဖယ်ကြစမ်း . . . ငါ့ကို မဆွဲနဲ့။ ဟိုကောင်တွေ . . . လာလေ . . ငါ့ကိုကြိုက် အခုပဲ . . ."

"ဟဲ့ . . . မိပွင့် . . . ဘာတွေဖြစ်ပါလိမ့်တော်"

"ဘာဖြစ်မှန်းမသိဘူး . . . မစမ်းရဲ့ ဆွဲခေါ်သွား"

"ယောက်ျားတွေကို ငါက ထဘီလဲသလိုသုံး . . ."

"ဆွဲခေါ်ကြတော့ အခြေအနေ မကောင်းဘူး"

ဒီလိုနဲ့ ကျွန်မသမီးကို အိမ်အရောက် လာပို့ပေးကြပြီး မင်္ဂလာဆောင်မဏ္ဍပ်ရှေ့ဖြစ်ပုံကို ပြောပြတော့ ကျွန်မတို့ ရှက်လွန်းလို့ မျက်နှာ မပြဝံ့ဘူး။

ဘာဖြစ်တာလဲမေးလည်း မဖြေဘူး။

ထမင်းလည်း မစားဘဲ ပါးစပ်က အမြှုပ်ထွက်အောင် ပေါက်ကရ ပေါက်ပန်းစျေး လျှောက်ပြော။ ဆရာဝန်ခေါ်ပြလည်း ထိန်းလို့မရ။ တိုင်းရင်းဆေးဆရာကလည်း မီးယပ်သွေးဖောက်ပြန်တယ် . . . ပြော။





နောက်ဆုံး ထိန်းလို့မရအောင် စိတ်နောက်ပြီး လူလစ်တာနဲ့ မြို့ထဲလမ်းပေါ် ထွက်ပြေး၊ ထဘီချွတ်ချ၊ အင်္ကျီဆွဲဖြဲ အရှက်ကွဲအောင် သောင်းကျန်းပါရော . . . အဖေကြီးရယ်။

အိမ်ထဲမှာ သော့ခတ်လှောင်ထားရတယ်။

လာသမျှ ဆရာတွေကိုလည်း အကုန်ဆဲ။ မဟုတ်မဟပ်တွေ လုပ်ပြ။

ညဘက်လည်း မအိပ်ဘူး၊ ဆူညံအော်ဟစ်နေတာပဲ။

ကျွန်မတို့လည်း ရှက်လည်းရှက်၊ စိတ်လည်းမကောင်း ဖြစ်ပေါ့။

ဒီလိုဖြစ်နေတာ တစ်လလောက်ရှိနေပြီ။ သူ့ကို အလစ်မပေးရဲဘူး။ နောက်ဆုံး အဖေကြီးကို နတ်ကနားပွဲမှာ တွေ့ပြီး အဖေကြီးထံကို လာခဲ့ရတာပါ။ သို့သော် အဖေကြီးက ဘာဆေးမှမတိုက်ဘူး။ ပယောဂလား၊ စုန်းတိုက်နတ်တိုက်လား၊ ကွင်းကိုင်တာလား မပြောဘူး။ အခြားဆရာတွေလို ပူးစမ်း၊ ကပ်စမ်း၊ ပြောစမ်း အမိန့်မပေးဘူး။

လွှတ်ပေးလိုက်လို့ ပြောတယ်။

လွှတ်ပေးလိုက်ရော အဖေကြီး မြင်တဲ့အတိုင်း ထဘီကွင်းလုံးချွတ်။

ရှက်လိုက်တာ။ ကာလသားတွေရှေ့မှာရော၊ အဖေကြီးရှေ့မှာပါ ဖြစ်တော့ ကျွန်မတို့မိသားစု ရှက်လွန်းလို့ လဲတောင်သေချင်တယ်။

သမီးကလည်း အဖေကြီးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆဲဆေးတိုင်းထွာ။ ဒီကောင်ကြီးမျက်နှာ မကြည့်ချင်ဘူး ပြောတော့ ကျွန်မတို့ အဖေကြီးကိုရော၊ အိုးစည်ကာလသားတွေလည်း အားနာရ၊ မျက်နှာပူရ။ မောင်တွေ၊ အစ်ကိုတွေ မနည်းချုပ် ထဘီဝတ်ပေးရ။

အဖေကြီးက ဝေဒနာသည်ကို ငြိမ်အောင်လုပ်မပေးဘဲ . . .

မတ်စေ့တစ်စေ့နဲ့ ထုံးမန်း (၃)လုံး ပေးလိုက်ပြီး . . .

မတ်စေ့ကိုဖောက်၊ မဲကြိုးတပ်ပြီး လည်ပင်းမှာဆွဲ။

ညရောက်ရင် သိလိမ့်မယ်။

လင်းတလာလိမ့်မယ်။ လာရင် အသားငါးကျွေး။



www.burmeseclassic.com

www.burmeseclassic.com



အငိုတိတ်ရင် ပျောက်ပြီ ပြောပြီး ပြန်လေပြောတော့. ကျွန်မတို့ စိတ်ညစ်သွားတာပေါ့။ ဖြစ်နေတဲ့ဝေဒနာ အဖေကြီးရှေ့မှာတင် သက်သာစေချင်လို့ အားလုံး အားကိုးကြီးစွာ လာတာပါ။

ခုတော့ မတ်စေ့တစ်စေ့။ မတ်စေ့မျက်နှာပြင်ပေါ်မှာ စဓဗဝ ... စမ (၄)လုံးကို ထွင်းရေးထားတာ တွေ့ရတယ်။ ပြီး ... မဲကြိုးတစ်ချောင်းနဲ့ ထုံး (၃)လုံးပေးပြီး ပြန်တော့ဆိုတော့ ...

သားသမီးတွေက အဖေကြီးကို မယုံချင်တော့ဘူးပေါ့။

''အမေ ... ပြန်မယ်ဗျာ''

''အစကတည်းက ပြောသားပဲ၊ ဒီအဘိုးကြီးကလည်း အရူးသာသာပါဆို။ ပြန်မယ်ဗျာ''

ဒါနဲ့ အိမ်ပြန်ခေါ်ခဲ့ကြတယ်။ သားတွေနဲ့ တူတွေက ခေတ်လူငယ်တွေဆိုတော့ ဘာဘာညာညာကို မယုံကြည်ကြဘူး။

ဘိုးတော်လည်း လက်မခံဘူး။

ပျောက်စေဆရာလည်း မယုံတော့ဘူး။

ဘာကိုဏ်းညာကိုဏ်းက ဆရာဆိုလည်း မယုံတော့ဘူး။

လာသမျှဆရာ ပိုက်ဆံယူ ပြန်တာပဲ ရှိတာကိုး။

အဖေကြီးပြောတာကို ဟုတ်သော်ရှိပေါ့လေ။

ဆွဲအုန်းအသစ်လည်း လဲပြီးပြီ။ ဘုရားလည်း ဆွမ်းကပ်ပြီးပြီ။ အသားငါးလည်း ဝယ်ထားပြီးပြီ။

ကျွန်မလည်း အဖေကြီးကို အမြင်စောင်းချင်တယ်။

သို့သော် ကျွန်မယောက်ျားက ပြောတယ်။

''မခင်စိန် ... အဘပြောသလို လုပ်ကြည့်ပါကွာ။ ထူးခြားတော့လည်း အကျိုးရှိတာပေါ့။ မထူးခြားလည်း နောက်ဆရာ ရှာတာပေါ့''

ဒါနဲ့ အဖေကြီးပေးတဲ့မတ်စေ့ကို တွင်ခုံမှာ ဖောက်ခိုင်းပြီး ပေးလိုက်တဲ့ မဲကြိုးနဲ့ စွပ်ချည်၊ စိတ်ရောဂါသည်အရူးမ မိစိမ်းပွင့်ကို ချုပ်ပြီး လည်ပင်းမှာ မတ်စေ့မဲကြိုး စွပ်ပေးတာ။

''မဆွဲဘူး၊ မလုပ်နဲ့ ငါမဆွဲဘူး''





''ငြိမ်ငြိမ်နေပါ သမီး''

''မဆွဲပေးနဲ့၊ ဒီကောင်ကြီးကို ငါရှံ့တယ်။ သွား ... သွား''

''ငါသေရလိမ့်မယ် ... မဆွဲပါနဲ့၊ မစွပ်ပါနဲ့''

သူ့လည်ပင်းကို ဒီမတ်စေ့ မဲကြိုးဆွဲမှာကို မျက်လုံးပြူး၊ မျက်ဆန်ပြူး ရုန်းကန်အော်ဟစ် ငြင်းဆန်တာ သူ ဒီကြိုးဆွဲရင် သေရပါလိမ့်မယ်တဲ့။

''ဘယ်လိုလုပ်မတုံး ... အမေ''

''ငါလည်း မစဉ်းစားတတ်တော့ဘူး''

''မိန်းမ ...''

''ဘယ်လိုလုပ်မတုံး .. ကိုရှိန်၊ သမီး အရမ်းကြောက်နေတယ်''

''ရအောင် ဆွဲပေးလိုက်ကွာ''

''ဟင် ... မတော်လို့ ...''

''မိန်းမ ... မင်းသမီးဖြစ်နေတဲ့ ဒုက္ခက မရိုးဘူးလို့ ငါထင်တယ်လေ။ မင်းသမီးပြောတဲ့အသံကို သေသေချာချာ နားထောင်စမ်း။ တစ်ချက်တစ်ချက် ပြောတဲ့အသံက သူ့မူလအသံ မဟုတ်ဘူး။ ဆွဲပေး ... ရအောင်ဆွဲ''

''မ ... ဆွဲ ... နဲ့ ... တော့ ... နော် ... ဟင်း ဟင်း ဟင်း ဟင်း''

ဟုတ်တယ် ... အဖေကြီး၊ အော်လိုက်တဲ့အသံက အသက်ကြီးကြီးမိန်းမ အသံမျိုး။

''ဒါဆိုလည်း ရအောင်စွပ်ပေးကြဟေ့''

မစိမ်းပွင့်က ရုန်းအော်၊ သားတွေနဲ့ မအေက မတ်စေ့မဲကြိုးကို လည်ပင်းစွပ်၊ သူမက ခေါင်းကို ခါယမ်း အသံကုန်အော်။

နောက်ဆုံး လည်ပင်းမှာ မတ်စေ့မည်းကြိုး စွပ်မိတော့မှ သူငြိမ်သွားတယ်။

အံ့စရာပဲ အဖေကြီးရေ ...

ငြိမ်ပြီး အားလုံးရဲ့မျက်နှာကို လိုက်ကြည့်နေလို့ ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးလည်း တုန်နေတယ်။

"သမီး ..."

" ......."

"အမေ့ကို သိလား"

" ......."

"အဖေ့ကိုရော သိလား"

" ........"

"ထမင်းစားမလား"

ဘာမှ ပြန်မပြောဘူး။ အားလုံးကို ကြောက်ရွံ့တဲ့ မျက်လုံးနဲ့ ကြည့်ပြီး ကြောက်နေသလို ဖြစ်လို့။

ဒီလိုနဲ့ နေဝင်မှောင်သွားခဲ့တယ်။

ကျွန်မတို့အားလုံး သမီးထွက်ပြေးမှာစိုးလို့ ဆွေမျိုးတွေပါ အိမ်ခေါ်ပြီး ဒီညကို ရင်တမမနဲ့ စောင့်နေကြတယ်။ အမဲသားနှင့် ငါးတွေလည်း ပြင်ထားတယ်။

ဒီလိုနဲ့ တိုင်ကပ်နာရီက (၁၂)နာရီထိုးသံ ကြားရော ...

"အူ ... အူ ... အူ ..."

"အူ ... ဝူး ... ဝူး ... ဝူး ..."

"အိန် ... အိန် ... ဂိန် ... ဂိန် ... ဂိန်"

"အူး ... ဝူး ဝူး ဝူး"

"ဟော ... ခွေးတွေ အူကုန်ပြီ ... အဖေရေ"

"ဟုတ်တယ် ... အများကြီးပဲ"

"ဘုရား ... ဘုရား ..."

ခွေးပေါင်းများစွာရဲ့ အူသံ၊ အော်သံတွေဟာ ညဥ့်သန်းခေါင်မှာ ကျွန်မတို့အိမ်ရှေ့ ရောက်လာတယ်။ မီးနဲ့ထိုးကြည့်တော့ အိမ်ရှေ့အိမ်ဘေး ပတ်ပတ်လည်ကနေ ဆွဲဆွဲငင်ငင် ဝိုင်းအော်အူနေကြတာ။

အိမ်နီးနားချင်းတွေလည်း သံပုံးတွေတီး။

ကြမ်းပြင်ကို ရိုက်ခြောက်။





လေးခွတွေနဲ့ ဝိုင်းပစ်။ ပစ်လည်း ခဏပဲ၊ ကြောက်စရာ လန့်စရာ ကောင်းအောင် အူကြတာ။ မကောင်းဆိုးဝါး မြင်လို့ အူတဲ့ အူနည်းမျိုး။ သားတွေကတော့ တုတ်၊ ဓားတွေ ကိုင်ပြီး အခြေအနေကို ကြည့်နေတာ။

ခွေးတွေလည်း အူရော သမီးမစိမ်းပွင့်လည်း ဟစ်ပြီး ငိုပါရော။ ငိုသံက လူကြီးသံလိုလို၊ လူငယ်သံလိုလို၊ ချော့လို့လည်း မရ။

"ဂေါ ... ဂေါ ..."

"ဘာသံလဲဟေ့"

"အိမ်ရှေ့ကပဲဗျာ"

"ဂေါ ... အော ... အော ..."

"မီးနဲ့ ထိုးကြည့်စမ်း"

ဒါနဲ့ သားအကြီးက လက်နှိပ်မီးနဲ့ ထိုးကြည့်ရော ...

"ဟာ ... လင်းတကြီးဗျ"

"အမယ်လေး ... အကောင်ကြီးပါလားဟေ့"

"အဘပြောလိုက်တာတော့ မှန်နေပြီဗျို့"

"ဂေါ့ ... ဂွပ် ... အွပ်"

ခွေးတွေကလည်း ခြံတံခါးပေါ်မှာ နားပြီး အတောင်ဆန့်အော်နေတဲ့ လည်ပင်းရှည်၊ ထိပ်ပြောင်၊ နှုတ်သီးထူကောက် လင်းတကြီးကို ကြည့်ပြီး အူကြ၊ ဟောင်ကြတာ ... အဖေကြီးရဲ့။

လင်းတက အတောင်ကြီးဆန့်ပြီး အိမ်ဘက်ကို ကြည့်အော်လေ ...

အိမ်ထဲက သမီး မစိမ်းပွင့်က ရင်ထုငိုလေ။

"ကျွန်မ ... မလိုက်ဘူး ... မခေါ်နဲ့ ... မလိုက်ဘူး"

"သွား ... သွား ... လာမခေါ်နဲ့ ... ဟီး ဟီး ... ကယ်ကြပါဦးတော် ... ဟီး"

"အဖေ ... ဘယ်လိုလုပ်မတုံး"

"ကျွန်တော် ဓားနဲ့ သွားခုတ်လိုက်မယ်ဗျာ"

www.burmeseclassic.com



''မခုတ်နဲ့''

''ဒါဖြင့် ဘာလုပ်ကြမှာတုံး။ လင်းတ အိမ်နားတာ မကောင်းဘူး ဆို''

''ရှင်မ ...''

''ရှင် ... ရှင် ... ကျွန်မ ကြောက်လိုက်တာ တော်''

''မနက်ကဝယ်ထားတဲ့ အမဲသားနဲ့ ငါးတွေရော ...''

''ဟို ... မြေအိုးထဲမှာတော့ ... အမယ်လေး ...''

ဒီမှာ ကျွန်မယောက်ျားက အမဲသားပုပ်အဲ့အဲ့၊ ငါးပုပ်အဲ့အဲ့ မြေအိုးကို မ,ယူပြီး လင်းတရှေ့ ခြံစည်းရိုးရှေ့မှာ အဖုံးဖွင့်ချပေးလိုက်တယ်။

''လက်နှိပ်မီးတွေ ထိုးထားကြစမ်း''

လက်နှိပ်မီး သုံးလက် ပြိုင်တူထိုးထားတာရှင့်။

လင်းတခေါင်းပြောင် လည်ပြောင်ကြီးက အသားပုပ်နံ့ရလို့ မြေအိုးကို ငုံ့ကြည့်နေတယ်။ ခဏကြာတော့ ခြံစည်းရိုးပေါ်က ခုန်ဆင်းပြီး အသားပုပ်နံ့အိုးဘေးမှာ လာရပ်တယ်။

အိမ်ဘက်ကိုလည်း မျက်လုံးမွဲကြီးနဲ့ လှည့်ကြည့်နေတယ်။

လင်းတကြီးကြည့်ရတာ ကျွန်မတို့အိမ်သားတွေကို မကျေနပ်နေပုံမျိုး ... အဖေကြီးရဲ့။ ကြည့်ပြီး ကျက်သရေမရှိတဲ့အသံကြီးနဲ့ အော်နေတာ။

အမယ်လေး အိမ်ဘက်ကို သုံးလေးလှမ်း လှမ်းလာပြီး လည်ပင်းဆန့်ကြည့်သေးရဲ့တော်။ ဘုရား ... ဘုရား ... သားတွေ၊ တူတွေက ထွက်ခုတ်မယ် တကဲကဲ။

မနည်း တားထားရတယ်။

ခွေးတွေကလည်း ရပ်ကွက်ညံ့အောင် အူနေကြပြီ။

လင်းတကြီးက ပြန်လှည့်သွားပြီး အသားပုပ်အိုးကို ငုံ့ကြည့်တယ်။ မစားဘူးတော့ ... ဒေါသထွက်တဲ့ မျက်လုံးအစုံနဲ့ အိမ်ကိုကြည့်ပြီး ခုန်ဆွခုန်ဆွနဲ့ လှမ်းလာနေတာ။

ဒီမှာ ကျွန်မယောက်ျားက အဖေကြီးပေးထားတဲ့ ထုံမန်း (၃)လုံး အနက် တစ်လုံးနဲ့ လှမ်းပစ်တာ။





''ဂေါ် ... အော့ ...''

လင်းတကြီးရှေ့နား ကျသွားတာရှင့်။

ရှေ့မတိုးဘဲ ထုံးလုံးကို ငုံ့ကြည့်ပြီး နောက်ကို အသာဆုတ်လို့ မျက်လုံးပြူး ဒေါသကြီးစွာနဲ့ အော်လိုက်တဲ့အချိန်မှာ ကျွန်မယောက်ျားက ဒုတိယမြောက်ထုံးလုံးနဲ့ ပေါက်လိုက်ရော ...

လင်းတကြီးကို ထိသွားတာ ... အဖေကြီးရေ။

''ဂီး ... ဂေါ် ...''

''ဖလူး ... ဖလူ ... ဖလပ် ... ဖလပ်''

''ဂွီ ... ဂေါ် ... ဂေါ ...''

''ထိသွားပြီဗျို့''

''လူးလိမ့်နေပြီဗျ ... ဒီလင်းတ ဘာလဲမသိဘူးဟေ့''

လင်းတကြီး လူးလိမ့်အော်ဟစ်နေတယ်။ သူ့ရဲ့ အတောင်ပံခတ်သံဟာ ဝုန်းဝုန်းမြည်နေပြီ။ လူးလိမ့်ရင်း ခြံဝရှိရာကို ထလိုက်၊ လဲလိုက်၊ လူးလိုက် ဖြစ်နေတုန်း ...

တတိယမြောက် အဘရဲ့ ထုံးစီရင်လုံးနဲ့ ပစ်လိုက်ရော ...

''ဝုန်း ...''

''ဂွီး ... ဂေါ် ...''

''ဟာ ...''

''ဟ ... ဟ ... မီးတွေ လောင်ပဟ''

အရမ်းအံ့သြရပါတယ် ... အဖေကြီးရယ်။

နောက်ဆုံးပစ်လိုက်တဲ့ ထုံးအစီအရင်က လင်းတကြီးကို ထိသွားရော လင်းတကြီးဝန်းကျင်မှာ မီးတောက်တွေ ဟုန်းဟုန်းထပြီး လင်းတကြီး ကိုယ်လုံးကို မီးစွဲသွားတာ။

တစ်ခါမှ ဒီလို အံ့သြစရာမျိုး မဖြစ်ဖူးဘူး။

လင်းတကြီးမီးစွဲရော တဂီးဂီး တဂေါဂေါ အော်ပြီး လူးလိမ့်ပြီး ထော့ကျိုးနဲ့ ခြံပြင်ကို ထွက်အပြေး ...

ဒီမှာ ခွေးတွေက ဝိုင်းဆွဲကြတာ ... အဖေကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွေးကိုက်သံ၊ အတောင်ပံနဲ့ရိုက်သံ၊ လဲကျအော်ဟစ်သံ၊ ဝရုန်းသုန်းကား ပြေးသံတွေ ကြားရတယ်။

လူငယ်တွေက တုတ်တွေ၊ ဓားတွေ ဆွဲ မီးထိုးပြီး လိုက်ကြတာပေါ့။ မမီကြဘူး။ မမီကြဘူး။ မီးရောင်နဲ့ မြင်ရတာက လင်းတကြီးခန္ဓာကိုယ်က မီးခိုးတွေ ထွက်နေပြီ။

ခွေးတွေက တရကြမ်းလိုက်ကိုက်တော့ မီးခိုးအူအူနဲ့ ခုန်ဆွခုန်ဆွ အော်ဟစ်ပြေးရင်း အရှိန်အရမှာ လေထဲကို ထပျံသွားတာ နောက်ဆုံး မြင်လိုက်ရတယ်။

လင်းတကြီး နာကျင်လို့ အော်နေတဲ့အချိန်မှာ . . .

သမီး မစိမ်းပွင့်လည်း ဝေဒနာတစ်ခုခု ခံစားရသလို အော်ဟစ်ငိုယိုနေရဲ့ . . . အဖေကြီးရဲ့။

လင်းတကြီး မီးစွဲထွက်ပြေး ဒရောသောပါး ပျံသွားရော မစိမ်းပွင့်လည်း အငိုတိတ်၊ အရှိုက်တိတ်ပြီး အမေလုပ်သူ ကျွန်မကို အားရဝမ်းသာဖက်ပြီး အံ့သြ။

ဖအေလုပ်သူ၊ မောင်လုပ်သူတွေ၊ အမျိုးတွေကိုပါ ပြန်မှတ်မိပြီး ဝမ်းသာလွန်းလို့ မျက်ရည်ကျရင်း အပြုံးတွေ ပေါ်လာ။

''သမီး ဘာတွေဖြစ်ခဲ့လဲဟင်''

''သ . . . မီး . . . သမီး လောလောဆယ် မမှတ်မိသေးဘူး . . . အမေ''

''အေး . . . အေး . . . ဟုတ်တယ်။ ဟဲ့ . . . ကလေးတွေ . . . ခြံတံခါးတွေပိတ်''

''အမေ . . . အခု အမေတို့ ဘာတွေဖြစ်နေတာလဲ . . . ဟင်။ ဆွေမျိုးတွေလည်း အိမ်ပေါ်မှာ အများကြီးပဲ''

ဒါနဲ့ သမီးဖြစ်သူရဲ့ ရှုးသွပ်စိတ်နောက် ဖြစ်ချင်တိုင်း ဖြစ်တဲ့ဘဝကို ပြောပြရော သမီး အရမ်းအံ့သြနေတယ်။ ဒါနဲ့အတူ အဖေကြီး ဦးပခန်းကျော်ရဲ့ ထူးဆန်းအံ့ဖွယ် အစီအရင် အကူရယူပြီး ဖြစ်ရပ်ဆန်းကြယ်တွေ အိမ်ခြံထဲမှာဖြစ်ပြီး သမီး ပြန်သတိရတဲ့အကြောင်း ပြောပြရပါတယ် . . . အဖေကြီး။

စိတ်ကူးသစ်စာပေ



''သမီးတို့ အဖေကြီးအပေါ် အစကနဦးက အထင်သေးခဲ့၊ စိတ်ခုခဲ့တာတွေ မှားမှန်း ခုတော့ သိရပါပြီရှင့်။ ဒါနဲ့အတူ အဖေကြီးကိုလည်း ကန်တော့တောင်းပန်ရင်း သမီးအပါအဝင် ကျွန်မတို့ လာရောက်ကန်တော့ရတာပါပဲ . . . အဖေကြီး''

မစိမ်းပွင့်ရဲ့ အမေနှင့်အဖေတို့ဟာ ညတုန်းက ကြုံခဲ့ရတဲ့ ရင်တုန်အံ့သြဖွယ်ရာ လမ်းကို ပြောပြီး အဆုံးသတ်လိုက်တယ်ဗျ။

ကျွန်တော်တို့ ကာလသားတွေရော နောက်နေ့မှာ အလှူကြီးပေးမည့်သူဌေး ဦးဂုဏ်ရောင်ရော၊ နတ်ကတော် အမေသောင်းတို့ပါ အံ့သြသွားကြပြီး အဖေကြီး ဦးပခန်းကျော်ကို လေးစားစွာ ကြည့်နေကြတယ်။

''မတ်စေ့ မည်းကြိုးရော ဆွဲထားရဲ့လား . . . သမီးလေး''

''ဟုတ်ကဲ့ . . . ဆွဲထားပါတယ် . . . အဘ၊ ဒီမှာပါရှင့်''

''ဟုတ်ပြီ . . . နောင်အခါမှာ အကြောင်းရှိမှ အသွားအလာရှိမှဆွဲပါ၊ ရတယ်။ နေကောင်းသွားရင် ဖန်ဘူးထဲမှာ အမွှေးနံ့သာဆွတ်ပြီး သန့်ရှင်းတဲ့၊ မြင့်တဲ့နေရာမှာ ထား။ အကြောင်းရှိလို့ သုံးချင်ရင် ဘုရား၊ တရား၊ သံဃာကို ရှိခိုး။ ဗားမဲ့ဆရာတော်၊ ရက္ခန်းစင်တောင်ဆရာတော်၊ အဘ ပထမ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့ကို မေတ္တာပို့ပြီးမှ လည်ပင်းမှာဆွဲထား။ မိသားစုကလွဲပြီး ဘယ်သူ့မှ မငှားနဲ့။ ဘယ်ဆရာမှလည်း မပြနဲ့၊ မပေးနဲ့ . . . ကြားလား''

''ဟုတ်ကဲ့ပါရှင့်''

''ကိုင်း . . . သမီး နေကောင်းသွားပြီ၊ ပြန်နိုင်ပြီဟေ့''

''ဦးတော်တင်ပါတယ် . . . အဘရှင့်''

''အေး . . . အေး . . .''

''သမီးတို့၊ သားတို့ကို ပြန်ခွင့်ပြုပါ . . . အဖေကြီး''

''အေး . . . အေး . . . သာဓု . . . သာဓု . . . သာဓု . . . ကျန်းမာချမ်းသာကြပါစေ''

မစိမ်းပွင့်တို့ မိသားစုတစ်ဖွဲ့ စားဖွယ်တွေနဲ့ ကန်တော့ပြီး ပြန်တော့ အလှူရှင်သူဌေး ဦးဂုဏ်ရောင်ကလည်း အဖေကြီးကို ဆက်အုပ်ချီပြီး . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"အဖေကြီး ... နက်ဖြန်ခါ အလှူစဝင်ပါမယ်ခင်ဗျ"

"အေး ... သိတာပေါ့ကွာ"

"ရှင်လောင်းလှည့်လည်း အဖေကြီး လိုက်ပါကူညီပါဦးခင်ဗျ"

"စိတ်ချပေါ့ .... ဟောဒီက ငါ့သား မောင်ရွှေသစ်တို့ နဲ့သမား အခက်အခဲ ငါ ကူညီပါဝင်ဖို့ စိတ်ပိုင်းဖြတ်ပြီးသားကွ"

"ကျေးဇူးကြီးပါဘိ ... အဖေကြီးခင်ဗျာ ... သားကို သွားခွင့် ပြုပါဦး ... အဖေကြီး ... ဂါရဝပြုပါတယ် ခင်ဗျ"

"အေး ... အေး ... သွား ... သွား ..."

လူရှင်းသွားပြီခင်ဗျ။ အိမ်ပေါ်မှာ ကျွန်တော်တို့ အဖွဲ့သားတွေက အိုးစည်အစွပ်သစ်တွေစွပ်၊ ဝါးလက်ခုပ်နဲ့ လင်ကွင်းကို ပန်းပွားတွေ တပ်၊ သားရေညှိကြိုးတွေတင်း။

က,မည့်မင်းသားရဲ့ အဝတ်အစားနဲ့ ကျုပ်တို့ဝတ်မည့် ဆင်တူ ဝတ်စုံတွေ မီးပူတိုက်ကြပေါ့။

ကိစ္စပြီးတော့ အားလုံး ကိုယ့်အိမ်ကို ပြန်သွားကြတယ်။ ကျုပ်တို့ လည်း သဘောပေါက်နေပြီဗျ။

အဖေကြီး ပခန်းကျော်က သာမန်လူ မဟုတ်ဘူး။

စွယ်စုံပညာရှင်ဗျ။

မ,တစ်လုံးကျေဆရာတော် ခင်ကြီးဖျော်များ ဝင်စားရော့လားမသိ။ ဆေးလည်းနိုင်၊ အစီအရင်လည်းနိုင်၊ အဆိုအက အတီးအမှုတ်လည်း ကျွမ်းကျင်။

အဖေကြီး ဘယ်မှာ သင်ယူခဲ့တာလဲ မေးရင် ...

ငါ မေ့နေပြီကွာ။ သင်တော့ သင်ခဲ့တာပဲ။ ဘယ်မှာသင်ခဲ့မိလည်း မသိဘူး။ စဉ်းစားလို့ အမှတ်ရရင် ငါ ပြောပြမယ်ကွတဲ့။

ဒီလိုနဲ့ ရေချိုးပြီး ထမင်းစားဖို့ လုပ်ကြတယ်။

တပည့်တွေလာပေးတဲ့ ဟင်း၊ ထမင်းတွေ အလှူအိမ်ကလာပေး တဲ့ ဟင်းတွေနှယ် မျိုးစုံနေတာပဲဗျာ။ များလွန်းလို့ တပည့်တွေပါ ဝင်စား ကြရတယ်။ စားလို့ပြီးတော့ ...





အဖေကြီးကို စောင့်အိပ်ကူရမည့် ကျွန်တော်ပဲ ကျန်ခဲ့ပြီး အား လုံး ပြန်ကြတယ်။ မှောင်လို့ မီးထွန်းနေရပြီ။

"အဖေကြီး ..."

"ဘာတုံး ... မောင်ရွှေသစ်"

"ကျွန်တော် သိချင်လွန်းလို့ မေးရတာပါ ... အဖေကြီး၊ စိတ် မဆိုးပါနဲ့"

"ပြော ... ငါ့သားက ဘာသိချင်လို့တုံး"

"အဖေကြီး အင်း၊ လက်ဖွဲ့ အစီအရင်ပညာတွေ ရတယ်မဟုတ် လား ... အဖေကြီး"

"အိမ်း ... နည်းနည်းပါးပါး ရတယ်။ ဘာဖြစ်လို့တုံး"

"မစိမ်းပွင့်ကို ပညာသည် ပြုစားလိုက်တာမဟုတ်လား"

အဖေကြီးက ကျုပ်ကို အတန်ကြာ စိုက်ကြည့်နေလို့ ကျောကို စိမ့်သွားတာပဲ။ ငါ မှားများသွားပြီနဲ့တူရဲ့။ တော်ကြာ စိတ်ဆိုးပြီး ထွက်သွား ရင် နက်ဖြန် အလှူပွဲတော့ အကျိုးနည်းရော့"

"အဖေကြီး ... သားပြောတာကို စိတ်မဆိုးပါနဲ့နော် နော်"

"ငါ့သား ... မောင်ရွှေသစ် ... မင်းပြောတာ မှန်တယ်"

"ဗျာ ... မှန်တယ် ... ဒါ ... ဒါဆို မစိမ်းပွင့်လို အချောအလှ ကို ဘာလို့ ခုလို အရုပ်ကွဲ အကျိုးနည်း ပြုစားရတာလဲ ဟင် ... အဖေကြီး"

"အကြောင်းရှိတယ်။ ကိုင်း ... အိပ်တော့။ အဖေကြီး ပုတီးစိပ် ဦးမယ်။ ဘယ်သူလာလာ ထမကြည့်နဲ့ အိပ်နေ ... ကြားလား"

"ဗျာ ... ဘယ်သူလာမှာမို့လဲ ... အဖေကြီးရာ"

"အိပ်တော့ကွာ ... ငါပြောတာ နားလည်တယ်မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျ"

ဒါနဲ့ ကျွန်တော်လည်း အတွင်းခန်းဆီးနား ကပ်ပြီး စောင်ခြုံအိပ် သာပေါ့ဗျာ။ တစ်နေ့လုံး သီချင်းတိုက်၊ အကတိုက်၊ အတီးတိုက်အပြင် လာ သမျှ ဧည့်သည်တွေ နေရာချရ၊ ရေနွေးချရနဲ့ ပင်ပန်းနေတော့ ခေါင်းချ တာနဲ့ အိပ်ပျော်သွားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ကလည်း မင်္ဂလာရှိလိုက်တာဗျာ။

မစိမ်းပွင့်က အပြာနုရောင် ဆင်တူဝတ်လို့ သူက အိုးစည်းတီးပြီး သီချင်းဆိုနေတဲ့ ကျွန်တော့်ကို ညှော်ပရိသတ်အလယ်မှာ ဆုတော်ငွေ ဆုချနေတာဗျ။

ဒီမှာ နှုတ်ခမ်းကွဲပြီး သွားပေါ်နေတဲ့ အသားမည်းမည်း လူတစ်ဦးက မစိမ်းပွင့် ဆုချတဲ့ငွေစက္ကူကို ဆွဲလုပြီး မစိမ်းပွင့်ရဲ့လက်ကို အဓမ္မဆွဲခေါ်သွားချိန် ...

''မစိမ်းပွင့်ရဲ့ အော်သံ ...

ပရိသတ်ရဲ့ အသံ ...

ကျွန်တော် တီးလက်စအိုးစည်ကို ရပ်လို့ ပခုံးပေါ်က ဖြုတ်ချခဲ့ပြီး ထိုင်နေတဲ့ အုံ့ဩနေတဲ့ ပရိသတ်ကြားကနေ ခုန်ကျော်လို့ နှုတ်ခမ်းကွဲလူရဲ့ ပခုံးကို ဆွဲလှည့်လိုက်ချိန် ...

''အင့် ... ဟီး ...''

ဒီမှာ အိပ်မက်က လန့်နိုးတာဗျာ။

ရှိုက်ငိုသံဗျ ... အသာ ခေါင်းထောင်ကြည့်လိုက်ရော ...

''ဟင် ...''

အလို ... အဖေကြီး ပခန်းကျော်ရှေ့မှာ အဘွားအိုကြီးတစ်ယောက် ရှိုက်ငိုနေပါလား။ ဘယ်သူတုံး၊ ဘယ်ကတုံး၊ ဘာကိစ္စနဲ့ လာငိုတာတုံး။

ဘာနဲ့ကြီးလဲဟ ...

ညှော်နံ့ဗျ ... ချစ်တူးတူးအနံ့ မဟုတ်သေးပါဘူး။

ဆံပင်တွေ မီးလောင်ထားတဲ အနံ့။ ကျုပ် ထကြည့်မလို့ လုပ်ပြီးမှ အသာငြိမ်ပြီး ကြည့်နေလိုက်တယ်ဗျ။ အဖေကြီးက ပြောထားတယ်လေဗျာ။

ဘယ်သူလာလာ ထ,မကြည့်နဲ့ အိပ်နေ ပြောထားတာကိုး။

''ညည်းနာမည် ဘယ်လိုခေါ်တုံး''

''မကျောက်ပျဉ်လို့ ... ခေါ် ... ခေါ်ပါတယ်ရှင့်''





''နေတော့ရော ...''

''.............''

အသံတိုးလို့ နေရပ်ကို သဲသဲကွဲကွဲ မကြားရဘူး။

''လူတစ်ကိုယ်လုံး မီးလောင်ဖုတွေနဲ့ အချိန်မတော် ဘယ်လိုဖြစ်လာရတာတုံး''

ဟုတ်တယ်ဗျာ ... အဘွားကြီး ဒေါ်ကျောက်ပျဉ်ရဲ့ လက်မောင်း ခြေထောက်နဲ့ မျက်နှာတွေဟာ မီးလောင်ထားတဲ့ ဒဏ်ရာ၊ အရည်ဖုတွေမှ ကြောက်စရာ ဖောင်းမို့နေတာဗျ။ ဆံပင်တွေက ငုတ်တို တွန့်လိမ်ညှော်နံ့နံလို့ ။

''ကျွန်မ ... ဆ ... ဆရာကြီးကို ... လာ ... တောင်းပန်တာပါ ... အား ... ကျွတ် ... ကျွတ် ...''

''နေပါဦး ... ဒေါ်ကျောက်ပျဉ်၊ ကျုပ်ကို ညဉ့်နက်သန်းခေါင် ဘာအကြောင်းကြောင့် လာတောင်းပန်ရတာတုံး။ ခင်ဗျားလည်း ကျုပ် မသိမရင်းနှီးဘူး''

''ကျွန် ... မ ... မှားပါတယ် ... ဆ ... ဆရာကြီးရှင့်''

''မှားတယ်၊ မှားပုံကို ပြောပါဦး၊ ဘယ်လို မှားတာတုံးဗျာ''

''ကျွန်မ ... ဟိုကောင်မလေးကို ပြုစားမိပါတယ် ... ဆ ... ရာ ... ကြီး''

''ဘယ်ကောင်မလေးကို ညည်းက ပြုစားတာတုံး ဟဲ့''

''မနက်က ဒီကိုလာသွားတဲ့ ... မ ... မ ... စိမ်း ... ပွင့်ကို''

''ဟော ... ဒါဆို ညည်းက ... ဟို ... ဟို ပညာသည်ပေါ့''

''ကျွန်မ ... တောင်းပန်ပါတယ် ... ဆရာကြီး။ ကျွန်မ မှားပါတယ်။ ကျွန် ... မ ... အခု ဆရာကြီးရဲ့ ပညာစွမ်းကြောင့် ... အသင့်ပြီး ခုလို ရုပ်ပျက်လုနီးနီး ဒဏ်ခတ်ခံနေရပါပြီရှင့်''

အဘွားကြီး ဒေါ်ကျောက်ပျဉ်က ပြောပြီး ငိုတယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



လက်စသတ်တော့ မိန်းမချောလေး မစိမ်းပွင့်ကို ပညာနဲ့ ပြုစားလိုက်တာ ဒီမိန်းမကြီးကိုးဗျ။ သူ့တစ်ကိုယ်လုံး မီးလောင်ခံရပြီး အဖုအပိန့် အရေလန် ဖြစ်နေတယ်။

"ငါ စိတ်မကောင်းပါဘူး . . . မကျောက်ပျဉ်။ နင်တို့ လုပ်ချက်ကလည်း အပျိုလေးတစ်ယောက် တစ်သက်လုံး မျက်နှာမပြရဲအောင်၊ အရုက်ကွဲအောင် လုပ်လိုက်တာကိုး။ အခု ညည်းအမှားကို ညည်း သိပြီလား"

"သိ . . . သိပါပြီရှင့် . . . ကျွန် . . . မ . . . ဆရာကြီးကို ကြောက်ပါတယ် . . . ဆရာကြီးရယ်။ ကျွန်မ တစ်ကိုယ်လုံး မီးကျွမ်းသလို ခံစားရပြီး ပူလောင်နေပါပြီ။ ကျွန် . . . မ . . . မသေပါရစေနဲ့။ ကယ်ပါဦး . . . ဆရာကြီးရဲ့ . . . ဟီး . . ."

အလို . . . ဒါဆိုရင် မစိမ်းပွင့်တို့ အိမ်ခြံဝမှာ လင်းတအဖြစ်နဲ့ လာခဲ့တာ ဒီမိန်းမကြီးပဲပေါ့။ မစိမ်းပွင့်အမေ မနက်တုန်းက ပြောပုံအရဆို အဖေကြီးပေးလိုက်တဲ့ ထုံးသုံးလုံးနဲ့ ပေါက်လိုက်တဲ့ လင်းတကြီး မီးလောင်ခံရပြီး ထွက်ပြေးရရောဆိုလေ။

ဘုရားရေ . . . ဒီမိန်းမကြီး . . . ဒါဆို . . .

ထဘီခြုံရင် လင်းတဖြစ်တယ်ဆိုတဲ့ ပညာသည် စုန်းမကြီးပေါ့။

"ကျွန်မကို . . . ကယ် . . . ပါ . . . ဆရာကြီးရယ် . . . အင့် . . . ဟီး . . ."

အဖေကြီးက စုန်းမကြီးကို သနားသွားသနဲ့ တူပါရဲ့။

"ညည်း ကတိပေးရမယ်"

"ပေး . . . ပေးပါမယ်ရှင့်"

"နောင်ကို မည်သူ့ကိုမှ ဒီလို အရုက်ကွဲ၊ အကျိုးနည်းအောင် မလုပ်ပါဘူးလို့ ဘုရားရှေ့မှာ ကတိပေး"

"ပေး . . . ပေးပါ့မယ်ရှင့်"

"ဟိုတစ်နေ့က ဒီအိမ်ပေါ်မှာ ငါ့ကို ဆဲရေးပြီး တံတွေးထွေး ကြိမ်းသွားတာ ညည်းပေါ့ . . . ဟုတ်လား"





"ကျွန် . . . မ . . . တောင်းပန်ကန်တော့ပါတယ် . . . ဆရာကြီးရဲ့ . . . ဟီး . . . အင့် . . ."

"ကိုင်း . . . လက်အုပ်ချီ . . . လိုက်ဆို"

မိန်းမကြီးက မနည်းအားယူပြီး လက်အုပ်ချီတယ်။

သူ့တစ်ကိုယ်လုံး သားနေ်ရည်ရေတွေစိုရွှဲပြီး ညှီစို့စို့နံနေတယ်။

ဒေါ်ကျောက်ပျဉ်ဆိုသူက ဝေဒနာကို နာကျင်လွန်းလို့ တစ်ကိုယ်လုံး တုန်ပြီး ကတုန်ကယင် လက်အုပ်ချီထားတယ်ဗျာ။

"ကျွန်မသည် . . ."

"ကျွန်မသည် . . ."

"သူတစ်ပါးကို အရုက်ကွဲအကျိုးနည်းအောင် လုပ်ခဲ့မိပါသည်"

"သူတစ်ပါးကို အရုက်ကွဲအကျိုးနည်းအောင် လုပ်ခဲ့မိပါသည်"

"ဤ ပြစ်မှုအမှားကို ရတနာမြတ်သုံးပါးထံ ဝန်ချတောင်းပန်ပါ၏"

"ဤ ပြစ်မှုအမှားကို ရတနာမြတ်သုံးပါးထံ ဝန်ချတောင်းပန်ပါ၏"

"နောင်ကို သူတစ်ပါးအကျိုး ထိခိုက်အောင် မလုပ်တော့ပါဟု ဘုရားရှင်ထံ ကတိပြုပါ၏"

"နောင်ကို သူတစ်ပါးအကျိုး ထိခိုက်အောင် မလုပ်တော့ပါဟု ဘုရားရှင်ထံ ကတိပြုပါ၏"

"ပြုခဲ့သည်ရှိသော် . . . . ."

"ပြုခဲ့သည်ရှိသော် . . . . ."

"ကိုင်း . . . ဒေါ်ကျောက်ပျဉ် ခင်ဗျား ဘယ်လို သစ္စာပြုမတုံး"

"ပြုခဲ့သည် . . . ရှိ . . . သော်"

"ပြောပါ . . . ပြုပါ . . ."

"တူသော အကျိုးပေးပါစေသတည်း"

"သာဓု . . . သာဓု . . . သာဓု . . . အမှားကို အမှားလို့သိတာ မှားသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သို့ကလိုပြောပြီး ကွမ်းအစ်ထဲက ကွမ်းရွက်တစ်ရွက်ကို ယူပြီး လက်ညှိုးထိပ်မှာ ထုံးတို့လို့ ကွမ်းရွက်ပေါ်မှာ ထုံးတို့လက်ညှိုးနဲ့ စာရေးနေတာ ကျွန်တော် မြင်ရတယ်ဗျ။

ပြီး ပါးစပ်ကနေ မန္တန်လိုလို အကြိမ် (၉) ကြိမ်ခန့် ရွတ်ပြီး ကွမ်းရွက်ကို လက်ဝါးနဲ့ ဥုံခံရိုက်တယ်။ ပြီး ကွမ်းရွက်ကို လေးခေါက် ခေါက်ပြီးနောက် ...

''ပါးစပ်ဟ''

ဒေါ်ကျောက်ပျဉ်က ပါးစပ်ဟပေးတယ်။ အဘွားကြီး လက်အုပ်ကို ကိုင်ပြီး အဖေကြီးက အဘွားကြီးလက်အုပ်ချီအောက်ကနေ ပါးစပ်ထဲ ကွမ်းယာထည့်ပေးရင်း ...

''ဝါးစား''

''ဥုံ ... မီးသည် ရေလိုအေး၍ ရေသည် မြင့်ရာမှ နိမ့်ရာသို့စီးစေ။ အပူမှန်သမျှ ရေလွှမ်း၍ ငြိမ်းစေ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာနှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့အား မေတ္တာရပ်ခံပါ၏။ ကျွန်ုပ်သည် ရတနာမြတ်သုံးပါးအား ရိုသေပါ၏။ ကိုးကွယ်ပါ၏။ ဆရာသခင် ကျေးဇူးရှင်တို့အားလည်း ပြစ်မှားစော်ကားခြင်း မရှိပါ။ ဤမှန်သော သစ္စာစကားကြောင့် ဒီနမဒ္ဒ ဖြစ်နေသော အပူရောဂါ၊ နာကျင်ကိုက်ခဲ၊ သွေးသန်ရွဲတို့ ချက်ခြင်းစဲ၍ အနာတို့ ကျက်ပါစေသတည်း။ ဥုံ ... ဥုံ ... ဥုံ''

ဒါကြောင့် ကျွန်တော် ပြောတာပေါ့ဗျာ။

ဒီ အဘဟာ သာမန်လူ မဟုတ်ဘူး၊ ပညာရှင် ...။

ကြည့်စမ်း ... သူ သစ္စာပြုချိန် ဒေါ်ကျောက်ပျဉ်ကလည်း ကွမ်းမန်းကို ဝါးပြီး မျိုချ တုန့်ယင်နေတယ်။

သစ္စာစကားအဆုံး လက်အုပ်ချီကိုင် လက်ကို လွှတ်ပေးလိုက်ရော အဘွားကြီး နတ်ပူးသလို တုန်နေတယ်။ သူ့လက်အုပ်က သူ့နဖူးကို တဖောင်းဖောင်းရိုက်ပြီး ဦးခေါင်းကလည်း ဘယ်ညာတုန်ခါနေတယ်ဗျာ။

အတန်ကြာ တုန်ခါယမ်းပြီးနောက် ...





အဘွားကြီး ငြိမ်ကျသွားတယ်။ အလို ... အဘွားကြီးကိုယ်ပေါ် ချက်နှာပေါ်က မီးလောင်ဖု အက်ကွဲတွေဟာ တဖြည်းဖြည်း အရည်ကျတာတွေ ရပ်ပြီး အနာဖေးတွေ ခြောက်သွားပါရောဗျာ။

ဆံပင်မီးလောင်နံ့လည်း ပျောက်သွားပြီဗျ။

အဘွားကြီးက အဖေကြီးကို ဝမ်းသာလွန်းလို့ ဦးကုန်းကုန်း ချနေတာ အကြိမ်မနည်းဘူးဗျာ။

ဒီမှာ အဖေကြီးက မေးတယ်။

''နှမကြီး ... ဘာလို့ လုပ်ရတာတုံး''

''မိန်းကလေးက အလုဂ္ဂဏ်မောက်ပြီး မတူဘူး၊ မတန်ဘူး ပြောလွန်းလို့ ပညာနဲ့ လုပ်မိပါတယ် ... ဆရာကြီး''

''ကိုယ့်ကတိအတိုင်း နောင် မလုပ်ပါနဲ့''

''ဟုတ်ကဲ့ပါရှင့် ... ကျွန်မကို ပြန်ခွင့်ပြုပါ ... ဆရာကြီး''

''ရော့ ... ဒါ ... ငါ့နှမကြီး စားဖို့ ယူသွား''

အဖေကြီးက မနက်တုန်းက လာကန်တော့သွားတဲ့ ပစ္စည်းတွေထဲက နို့ဆီတစ်လုံး၊ သကြားတစ်ထုပ်နဲ့ မုန့်တစ်ဘူး အဘွားကြီးကို ပေးတယ်။

အဘွားကြီးက မယူပါရစေနဲ့။ ဆရာကြီးကျေးဇူး ကြီးလှပါပြီရှင်လို့ ပြောတယ်။ အဖေကြီးက ဖွတ် သူ့လက်ထဲ ထည့်ပေးတော့မှ မငုံ့တငုံ့ယူပြီး ဦးချလို့ အိမ်ပေါ်က ပြန်ဆင်းသွားခဲ့တယ်။

ဒါ ကျုပ်တို့နဲ့ အဖေကြီး ပဌမ်းကျော်နဲ့ ဆုံဆည်းပြီး သူ့ပညာပိုင်းတွေ ကိုယ်တိုင်မြင်ခဲ့ရတဲ့ အဖြစ်မှန်တွေပါပဲဗျာ။ အဖေကြီးကို မေးချင်သေမယ့် မမေးရဲဘူးဗျာ။

ခင်မင်ရင်းနှီးသူတွေကိုတော့ တိုးတိုးတိတ်တိတ် ပြောခဲ့တာပေါ့။

ကိုရွှေသစ်က စကားကို အဆုံးသတ်လိုက်တယ်။

''အဘနဲ့ ကျုပ်နဲ့က ဆရာတပည့်ပါဗျာ။ သူ သိသိကြီးနဲ့ ကျုပ်ကို နှင်ထုတ်တာဗျာ။ ဒါ ဘာလို့ လုပ်တာလဲ ကိုရွှေသစ် သိလား''



www.burmeseclassic.com

www.burmeseclassic.com



''အလှူပွဲမှာ အစ်ကိုကြီးကို နှင်လွှတ်တဲ့ အဓိပ္ပာယ် ကျွန်တော်တို့ မသိဘူး။ ဦးကြီးဝေသာလီနဲ့ အစ်ကိုကြီးစာရေးဆရာ ပြောပြမှသာ အဖေကြီးနဲ့ ဆရာတပည့်အရင်းမှန်း သိရတာပါ။ အစ်ကိုကြီးကို နှင်လွှတ်ရတဲ့ အကြောင်း ကျွန်တော်တို့ကိုလည်း သူ ဘာမှ မပြောပြဘူး။

''အေးဗျာ ... အခုတော့ သူက ပခန်းကျော် ဖြစ်သွားပြီပေါ့''

''အစ်ကိုကြီး ...''

''ပြောပါ ... ကိုရွှေသစ်''

''အဖေကြီးမှာ အခြားနာမည်ရှိသေးလား''

ကျွန်တော် ညာလိုက်တယ်ဗျာ။ သူ့လွယ်အိတ်ထဲကို ရှင်လောင်းလှည့်တုန်းက ကျွန်တော် စာတစ်စောင် ထည့်ပေးလိုက်တာပဲဗျာ။ အဘဖတ်မိမှာပါ။ ဖတ်မိလို့သာ ဦးဝေသာလီနဲ့ သူ စာရေးပြီး ကျွန်တော့်ကို ပေးခိုင်းတာဥစ္စာ။

လျှို့ဝှက်တဲ့အကြောင်း ရှိမယ်လို့ ယူဆရတယ်။

''ဟုတ်ပါတယ် ... ဦးပခန်းကျော်က သူ့နာမည်ပါ။ ဒါနဲ့ အခု အဖေကြီးဦးပခန်းကျော် ဟိုအိမ်မှာ ရှိသေးလား ... ကိုရွှေသစ်''

''မရှိတော့ဘူး''

''ဘယ်ကို သွားလို့တုံးဗျာ ဟင်''

''အလှူပွဲလည်း ပြီးရော၊ အလှူရှင်သူဌေးရဲ့ ဆွေမျိုးတွေ သူတို့နေရပ် အသီးသီး ပြန်ကြတယ်။ ဒီမှာ အလှူရှင်သူဌေးရဲ့ညီ ဦးတောက်ထွန်းတက်က အဖေကြီးပခန်းကျော်ကို လေးစားယုံကြည်လွန်းလို့ မန္တလေးမြို့ကို သူကိုယ်ပိုင်ကားနဲ့ ပင့်ခေါ်သွားတယ်။ အဖေကြီးပြောသွားတာကတော့ သူ မန္တလေးမှာ ပျော်ရင် ကြာမယ်၊ မပျော်ရင် ပြန်မယ်။ မန္တလေးတောင်နဲ့ ရန်ကင်းတောင်လည်း မရောက်တာကြာလို့ သွားဖူးရမယ်လို့ ပြောသွားတယ် ... အစ်ကို''

''ကျေးဇူးပဲ ... ကိုရွှေသစ်၊ အခုလို အဘရဲ့အကြောင်း အသေးစိတ် ရှင်းပြတာ ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော် ပြန်ဦးမယ်နော်''

ဒီအချိန်မှာ ဦးကြီးဝေသာလီ ဝင်လာပြီး ...





''ပြန်တော့မလား ... စာရေးဆရာ''

''ဟုတ်ကဲ့ ... ဦးကြီး''

''ငါ့လူ ဘယ်ကိုသွားမလဲ''

''သွားတာတော့ သွားရမှာပဲဗျာ ... ဘယ်အရပ်ကို အလျင်သွားမယ်ဆိုတာတော့ မရည်ရွယ်သေးဘူးဗျာ။ သွားမယ် ... ဦးကြီးတို့''

''စာရေးဆရာ ...''

''ဗျာ ... ဦးကြီးဝေသာလီ''

''မားတစ်ချောင်း ယူသွား ... ငါ့လူ''

''မယူပါဘူး ... ဦးကြီး၊ ကျေးဇူးပါပဲဗျာ''

''မင်းနဲ့ငါ ပြန်ဆုံရဦးမယ်''

''ဗျာ ... ဦးကြီးနဲ့ ပြန်ဆုံရမယ်၊ ဘယ်လိုကြောင့်ပါလိမ့်ဗျာ''

''ရေစက်တွေ မကုန်သေးဘူး။ တစက်စက် ကျနေတုန်းပဲ''

''ဟုတ်လား ... ပြန်ဆုံရင်၊ သောက်ကြသေးတာပေါ့ဗျာ ... သွားပြီဗျို့''

ကျွန်တော် သူတို့ကို နှုတ်ဆက်ပြီး သချိုင်းကုန်းထဲကနေ ထွက်လာခဲ့လိုက်တယ်။

ကျွန်တော် ဘယ်ကို သွားသင့်သလဲ။

ဟုတ်ပြီ ... အဘ ဦးတောက်ထွန်းတက်တို့နဲ့ မန္တလေးကို လိုက်သွားတယ်တဲ့။

အဘက ခေါ်တိုင်း လိုက်တဲ့လူ မဟုတ်ဘူးဗျ။

ဘာတဲ့ ... မန္တလေးတောင်နဲ့ ရန်ကင်းတောင်ကို မရောက်တာကြာပြီ၊ ဘုရားသွားဖူးဦးမတဲ့။ ဟုတ်ပြီ ... သေချာနိုင်တယ်ဗျာ။ အဘရန်ကင်းတောင်နဲ့ မန္တလေးတောင် တစ်နေရာကိုတော့ အရောက်လာမှာပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၃၄]

❑

ကျွန်တော် မန္တလေးကို ရောက်နေပြီဗျ။ ဦးဆုံး မန္တလေးတောင်ကို သွားခဲ့တယ်။ တောင်ပတ်လမ်းက ကွေ့ကွေ့ကောက်ကောက်ပဲဗျာ။ အတော်ကို တက်ရတယ်။ အချို့ တောင်ပတ်လမ်းနံဘေးမှာ သစ်ပင်ကြီးတွေပေါက်နေပြီ။ ဟိုးအောက်ကို ငုံ့ကြည့်ရင် ... အမယ်လေး ... ချောက်အနက်ကြီးဗျ။

သို့သော် မကြောက်တော့ပါဘူးဗျာ။

အသည်းတော့ ယားတာပေါ့။

ကျွန်တော် အဘနဲ့ ဖင်းကျိုက်တောင်ကို တက်ဖူးတယ်။

သထုံက မိုးထိတောင်ကို တက်ဖူးတယ်။ မိုးထိတောင်ခေါ် ကကြီးတောင်ကလည်း မြင့်တာပဲ။ သူမြင့်ပုံက မော့တက်ရတာ။ ဟိုတောင်တန်းရှည်လျားပေါ်မှာ ထုံးဖြူဖြူစေတီတွေ အများကြီးပဲ။ တိမ်ထဲမှာ တည်ထားသလိုပဲ။ လက်ညှိုးထိုးမလွဲကို စေတီတွေ ရှိနေတာဗျာ။





တက်ရတာ မြင့်လို့မြင့်မှန်း ရောက်လို့ရောက်မှန်း မသိရဘူး။

ငါးပေခန့်မျှကျယ်တဲ့ တောင်တက်လမ်း ဝဲယာမှာ သစ်ပင်ကြီးတွေ ညှပ်ရံပေါက်နေတာကို။ ဟိုးတောင်ပေါ် သစ်ပင်ရှင်းတဲ့နေရာရောက်မှ ငါ ရောက်နေတာ တောင်လည်ပင်းနားပါလား။

အပေါ်ကနေ ငုံ့ကြည့်တော့ ...

စောစောက ကျွန်တော်တို့ဝင်ဖူးခဲ့တဲ့ အလံတစ်ရာဘုရားကြီးက ဟိုးအဝေးမှာ သေးသေးပုပုလေး ဖြစ်နေပါကလား။

ဖင်းကျိုက်တောင် တက်တုန်းကတော့ တစ်မျိုးဗျ။

အမှန်က ဖင်းကျိုက်တောင်ကို ကျောက်လှေကားထစ်တွေက တက်ရင် မပင်ပန်းဘူး။ ဖင်းကျိုက်တောင်က အလွန်မြင့်တာကို။ ဟိုမှာဘက်မှာက ကုလားမတောင်။

ကုလားမတောင်က ပိုတောင်မြင့်သေး။

ကျွန်တော်ရယ်၊ အဘရယ်၊ မောင်တင်ထွန်းဆိုတဲ့ မွန်အမျိုးသားရယ်က ကတ္တရာလမ်းနံဘေး ဘုန်းကြီးကျောင်းမုခ်ဝင်တက်လမ်းကနေ တက်ကြတယ်။ အမှန်က တောလမ်းအတက်ခေါ်မှန်း နောင်မှ သိရတာ။

မြင့်လိုက်တာမှ ဝီခေါ်နေတယ်။

တောင်ထိပ်ရောက်အောင် မတက်နိုင်ဘူး။ တစ်ဝက်က ပြန်ဆင်းခဲ့ရတယ်။ ဟိုးတောင်ပေါ် တောကျောင်းကနေ အောက်ဘက်ဆီ ငုံ့ကြည့်လှမ်းကြည့်တော့ သံလွင်မြစ်ကို မြောင်းသာသာသဏ္ဌာန်ပဲ မြင်ရတယ်။

မန္တလေးစုံအောင်လည်ရင်း အဘနဲ့ တွေ့နိုင်ရေး ကြိုးစားကြည့်တယ်ဗျာ။ မဟာမြတ်မုနိဘုရားနဲ့ နန်းတွင်းလည်း ရောက်ခဲ့တယ်။

မဟာမြတ်မုနိ ရုပ်ရှင်တော်ဘုရား ခေါ်တာပေါ့ဗျာ။

မဟာသက္ကရာဇ် (၁၂၃) ခုနှစ်မှာ ဓညဝတီတိုင်းကို စိုးစံအုပ်ချုပ်တော်မူတဲ့ စန္ဒသူရိယ မင်းတရားကြီးရဲ့ လျှောက်ထားချက်အရ ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုတော်မူပြီး ဉာဏ်တော် (၇)တောင် (၂)မိုက် (၂) သစ် ရှိတော်မူသော မဟာမြတ်မုနိရုပ်ပွားတော်မြတ်နှင့် မုနိလေးဆူတို့ကို ရှင်ဘုရင်နှင့် နတ်လူအများ ကောင်းမှုအဖြစ် သွန်းလုပ်ပြီး ဘုရားရှင်ကိုယ်တော်တိုင် ရင်ငွေ့တော်လှူတော်မူတယ်လို့ ဆိုကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမရပူရ မြို့တည်ဘိုးတော် ပဒုံမင်းလက်ထက် သက္ကရာဇ် (၁၁၄၇) ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မဟာမုနိရုပ်ပွားတော်မြတ်ကြီးကို ရခိုင်ကနေ အမရပူရမြို့သို့ ပင့်ဆောင်လာပြီး ယခုလက်ရှိနေရာမှာ သီတင်းသုံး စံမြန်းတော်မူသတဲ့။

ကျွန်တော် သဘောကျတာက ဦးပိန်တံတားပဲဗျာ။

ဦးပိန်တံတားက အလျား (၃၉၆၇) ပေ ရှိဆိုပဲ။ ပုဂံမင်းလက်ထက် မြို့စာရေးဦးပိန်က အင်းဝကို ဖြတ်ပြီး ဆောက်ခဲ့သတဲ့။

ကျွန်တော်ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ် ရှိတယ်ခင်ဗျ။

စာရေးဆရာမကြီး ဒေါ်ဒဂုံခင်ခင်လေးရေးတဲ့ . . .

ရတနာပုံနိဒါန်းနှင့် နိဂုံးဆိုတဲ့ စာအုပ်ပေါ့။

ပုဂံမင်းတရားကြီးက ဘိုင်ဆပ်ဆိုတဲ့ လူမျိုးခြားကုလားကို မျက်နှာသာပေးတယ်။ ဘိုင်ဆပ်ကလည်း အိမ်တော်ပါကျွန်ကိုး။ ပုဂံမင်းတရားကြီးက ချိုး၊ ခါ၊ ကြက်၊ ငှက်တွေမွေးမြူတာ ဝါသနာကြီးတယ်။ ငယ်ကျွန် ဘိုင်ဆပ်က အလိုက်သိပြီး မင်းတရားကြီးမြတ်နိုးတဲ့ ချိုး၊ ခါ၊ ကြက်၊ ငှက်မျိုးစုံရှာဖွေစုဆောင်းပေးတယ်။ ကိုယ်တိုင်ကလည်း ဘုရင်ကြိုက်အောင် စောင့်ရှောက်ပေးတယ်။ ဒါကြောင့် ဘိုင်ဆပ်ကို တိရစ္ဆာန်ဝန်အဖြစ် ခန့်အပ်တယ်။

ဒီလို ဘုရင့်အကြိုက်ကို လုပ်ပေးတာ သဘောကျပြီး အိမ်တော်ပါ ငယ်ကျွန် ဘိုင်ဆပ်ကို မင်းတရားကြီး ရှင်ဘုရင်ဖြစ်တော့ မြို့ဝန်ရာထူးတစ်နေရာပေးသတဲ့ဗျ။

ဘိုင်ဆပ်မြို့ဝန်ဖြစ်တော့ မြို့စာရေးကမောင်ပိန်တဲ့။ မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးမောင်ပိန်တို့အဖွဲ့ဟာ ရွှေမြို့တော်မှာ အာဏာကို အလွဲသုံးစားလုပ်ပြီး လာဘ်လာဘ ရှာတယ်။ မထင်ရင် မထင်သလို ဖမ်းဆီးအရေးယူတယ်။

သူတို့နှစ်ဦးကို မြို့ကရော၊ နန်းတွင်းကပါ ရှိန်ကြတယ်တဲ့။

ဘိုင်ဆပ်က ပုဂံမင်းရဲ့ လူယုံကိုး။

ဘိုင်ဆပ်ပြီးမှ ပြီးတဲ့ အခြေအနေအထိ ရောက်ခဲ့သတဲ့။

မြို့စာရေးမောင်ပိန်ကလည်း ဘုရင်ပေးတဲ့ အလုပ်တွေအပေါ်မှာ အမြတ်ထုတ်တာ များတယ်။

မြို့စာရေးဦးပိန်က စဉ်းစားတယ်။





အမရပူရမြို့မှာရှိတဲ့ တောင်သမန်အင်းကြီးကို ဖြတ်ပြီး တံတားရှည်ကြီးတစ်ခု စီရင်တယ်။ အများအမြင်မှာတော့ မြို့စာရေးသူဌေးဦးပိန်သူ့ပိုက်ဆံနှင့် ဆောက်လုပ်လှူဒါန်းတယ်လို့ ထင်ကြတယ်ဆိုပဲ။

အမှန်က ပုဂံမင်းတရားကြီး ကောင်းမှုပါတဲ့ခင်ဗျ။

ဖြစ်ပုံက ဒီလိုပါ။

အင်းဝမြို့မှာ ဘကြီးတော်ဘုရားနန်းစံစဉ်က ဆောက်လုပ်တော်မူခဲ့တဲ့ အလွန်ကြီးကျယ်ခမ်းနားတဲ့ နန်းတော်ကြီး။

တိုင်လုံးတွေမှာ ဖန်တွေ၊ မှန်တွေစီထားလို့ မင်းကြီးကို 'ဖန်နန်းရှင်' လို့ ခေါ်ကြတယ်။

ကြားဖူးသမျှကတော့ . . .

ဘကြီးတော်ဘုရားက ကုန်းဘောင်မင်း (၁၁) ဆက်မှာ (၇)ဆက်မြောက်မင်းတဲ့။ အမည် (၆) မည်ရတယ်လို့ ဆိုကြတယ်။

ပုဂံမင်းနဲ့ မင်းတုန်းမင်းတို့ရဲ့ ဘကြီးတော်သောကြောင့် ဘကြီးတော်ဘုရားလို့ ခေါ်ကြတယ်။

စစ်ကိုင်းမင်းသား ငယ်ဘဝတုန်းက စစ်ကိုင်းကိုစားရလို့ စစ်ကိုင်းမင်းလို့လည်း ခေါ်ကြတယ်။

သာယာဝတီမင်း (ခေါ်) ကုန်းဘောင်မင်း (ခေါ်) ရွှေဘိုမင်းတရားရဲ့ နောင်တော်ဖြစ်လို့လည်း နောင်တော်မင်းကြီးလို့ ခေါ်ကြသေးတယ်တဲ့။

နန်းတော်ကြီးကို ဖန်တွေ၊ မှန်တွေနဲ့ တည်ထားလို့ ဖန်နန်းရှင်မှန်နန်းရှင်လို့လည်း ခေါ်တယ်။

နောက်တစ်ခါ ရတနာပူရ စတုတ္ထမြို့ နန်းတည်မင်းတရားကြီးလို့လည်း ခေါ်တယ်။

ပြီး . . . နန်းစံ (၁၈) နှစ်မှာ ဘုန်းတန်ခိုးကြီးပြီး ဆင်ဖြူရတနာများစွာ ဆက်သခံရလို့ ဆင်ဖြူရှင်လို့လည်း ခေါ်သတဲ့။

အဲဒီ ကြီးကျယ်ခမ်းနားလှတဲ့ နန်းတော်ဟောင်းကြီးကို မြို့စာရေးမောင်ပိန်က အမိန့်ခံ ဖျက်ယူသယ်ဆောင်ပြီး ဒီတံတားကြီးကို ဆောက်ခဲ့တာတဲ့။ ကျွန်းသားတိုင်ပေါင်း တစ်ထောင်ကျော်ရှိပြီး ကြမ်းခင်းပျဉ်ထုကလေးလက်မအထူ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တောင်သမန်အင်းကို ဖြတ်ဆောက်ထားတာ။

ဦးပိန်က တာဝန်ယူဆောက်လို့ ဦးပိန်တံတားလို့ ခေါ်ကြတာ။

မြို့စာရေးဦးပိန်က မြို့ဝန်ဘိုင်ဆပ်ကို ချဉ်းကပ်ပြီးနောက် တိုင်းသူပြည်သားတွေ ကျောက်တော်ကြီးဘုရားနဲ့ ဒီဘက်က ဘကြီးတော်ဘုရားကောင်းမှု ပုထိုးတော်ကြီးဘုရားကို တံတားနှင့် တစ်ဆက်တည်း သွားလာဖူးမြော်နိုင်စေဖို့ ဒီတောင်သမန်အင်းကြီးကို ဖြတ်၊ တံတားထိုးရ ကောင်းပါလိမ့်မည်။ ဘုရင့်ထံ လျှောက်ပါလို့ တိုက်တွန်းတယ်။

မြို့ဝန်ဘိုင်ဆပ်ကလည်း လာဘ်မြင်တယ်။

ပုဂံမင်းနှင့်ကလည်း သင့်မြတ်လွန်းတော့ ခွင့်ပြုတော်မူတယ်။

ခွင့်ပြုမိန့်လည်း ရရော မြို့စာရေးဦးပိန် မျက်စိကျနေတဲ့ အင်းဝက နန်းတော်ဟောင်းကြီးမှ ကျွန်းတိုင်ကျွန်းကောင်းတွေ ဖျက်ယူပြီး အလုပ်သမားတွေနဲ့ တံတားကြီးထိုးခဲ့တယ်။

အင်းဝနန်းတော်ဟောင်းမှ သစ်များယူ၍ တံတားထိုးပါရစေ လျှောက်လို့ ဘုရင်က 'ယူစေ' အမိန့်ပေး ခွင့်ပြုလို့ ဖျက်တာ။

ဘယ်သူမှ မကန့်ကွက်ရဲဘူး။

ဦးပိန်က တပည့်အင်အားတွေနဲ့ အင်းဝနန်းတော်ဟောင်းကြီး ပြောင်သွားအောင် ဖျက်ယူသွားတာတဲ့။

ရတနာပုံ နီဒါန်းနှင့် နိဂုံးဆိုတဲ့ စာအုပ်မှာ ဘယ်လို မှတ်တမ်းတင် ရေးထားသလဲဆိုတော့...

တံတားကြီးအတွက်သုံးသော ကျွန်းတိုင်ကြမ်းခင်းများမှတစ်ပါး ကျန်ပစ္စည်းအားလုံး သူဌေးဦးပိန်က ဘုဏ္ဍာဟိဘုန်းလေတော့၏။

ဤတွင် ဖန်နန်းရှင်အမည်ခံ ဘကြီးတော်မင်း၏ အင်းဝနန်းတော်ဟောင်းကြီးသည် စုတေစိတ်ကျပြီး တောင်သမန်အင်းကြီးမှ သစ်သားတံတား (ဝါ) ဦးပိန်တံတားကြီးအဖြစ် ယနေ့တိုင် မဓမ့်နိုင်အောင် တည်ရှိလျက်နေပါသည်ဟု ဆရာမကြီး ဒေါ်ဒဂုံခင်ခင်လေးက ရေးသားမှတ်တမ်းတင်ခဲ့တယ်။

ဘကြီးတော်မင်း နန်းဦးပြသာဒ်ဆောင်နှင့် ရာဇပလ္လင်တော်တည်ရှိရာ သီဟာသနအဆောင်ကြီး၌ စိုက်ထူအပ်သော လူနှစ်ဖက်စာရှိ ကျွန်းတိုင်ကြီးများသည် အလွန်ရှည်၍ မော့ကြည့်လိုက်လျှင် ခေါင်းပေါင်းပြုတ်ကျရစမြဲဖြစ်သည်။





ဘကြီးတော်ရဲ့နန်းတော်ကြီးမှာလည်း ပလ္လင်ရှစ်ခန်း အပါအဝင် အဆောင်ပြာသာဒ်များနှင့် လူတစ်ဖက်စာကြီးမားသော တိုင်ကြီးများသည် ဦးပိန်တံတား၌ပင် မပါလာတော့ဘဲ သာမန်အောက်ခံတိုင်များအဖြစ် ယနေ့တိုင် တွေ့ရမည်ဖြစ်ပါသည်။

နန်းတော်ကြီးတစ်ခုလုံးကို ခြုံ၍ ကြည့်ရလျှင် သိကြားရှိနို၊ ရုပ်တိုင်ပန်းပု၊ ကျွန်းသားကျည်းရှင်များ၊ ဖန်စီမှန်စီ ရွှေတစ်ဝက်၊ ဖန်စီမှန်စီရွှေချ ခံခဲ အကာကြီးများ၊ ဟသ်ာပြဒါးတစ်ဝက်၊ ရွှေတစ်ဝက် ဖန်စီမှန်စီ ရွှေချ၊ ခံတည်များဖြင့် လှပဆန်းကြယ်စွာပြင်ဆင်လုပ်ဆောက်ထားသော နန်းတိုင်များအားလုံးမှာ (မြို့စာရေး) သူဌေးဦးပိန်၏လက်ချက်နှင့် အစပျောက်ကုန်ကြသည်။

တောင်သမန်အင်းကို ဖြတ်၍ ဆောက်ထားသော တံတားကြီးတို့ အင်းဝနန်းတော်ဟောင်းကြီးမှ ပစ္စည်းများနှင့် ဆောက်လုပ်ပြီးစီးသွားလေသည်ဟူ၍သာ အမှတ်သညာ ထားတော့သည်။

ကျမ်းကိုး -

ဒဂုံခင်ခင်လေး

ရတနာပုံ နီဒါန်းနှင့် နိဂုံး။

ပုဂံမင်းတရားကြီးရဲ့ မျက်နှာသာပေးခြင်းကို အခွင့်ကောင်းယူပြီး မြို့စာရေးမောင်ပိန် (ဦးပိန်)နှင့် ပေါင်းလို့ အမျိုးမျိုး ခေါင်းပုံဖြတ်၊ လူထုကို နှိပ်စက်၊ မတရားလုပ်၊ ကိုယ်ကျိုးရှာသူ သင်းတို့နှစ်ဦးလည်း နောက်ဆုံး မကောင်းမှုကံရဲ့ အကျိုးကို ခံစားသွားရတယ်။

သူ့တို့နှစ်ဦးနဲ့ တပည့်ကျေးကျွန်တွေရဲ့ မကောင်းမှုဒုစရိုက်အလုပ်တွေ ပေါ်သွားခဲ့တယ်လေ။

ဒါကြောင့် မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်တို့ကိုရော၊ သူတို့ရဲ့ သားမယားများကိုပါ သုသာန်မှာ အဆုံးစီရင်ခဲ့လိုက်တယ်။

အသေးစိပ်သိချင်ရင်တော့ ရတနာပုံနီဒါန်းနဲ့နိဂုံးစာအုပ်မှာ ဖတ်ရှုကြည့်ရင် သိရပါလိမ့်မယ်။

ဒီလိုနဲ့ မန္တလေးတောင်၊ ရန်ကင်းတောင် စသည်တို့မှာ အဘကို တွေ့လိုတွေ့ငြား ကျွန်တော် ရှာခဲ့တယ်။

တစ်နေ့ ...

ရန်ကင်းတောင်ပေါ်ကို ရောက်ခဲ့ရင်း ဘုရင်မင်းရှုင်စောရဲ့ ကောင်းမှုတော် ငရုံမင်းစေတီကို ရောက်ခဲ့တယ်ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကင်းတောင်ကြီးအောက်မှာ ငါးရံ့ရုပ်တုကြီးတွေ ရှိတာကိုး။ အသည်းယားစရာ ကောင်းလိုက်တာဗျာ။

ကျောက်တောင်ကို ခွဲပြီး အောက်ကို ဆင်းသွားရတာ။ ရော့မ ကျောက်တုံးကြီးတွေက အချွန်အတက် အလုံးကြီးတွေနဲ့ နံရံနှစ်ဖက်မှာ ရှိနေတာ။

ကျွန်တော် ကျောက်လှေကားအတိုင်း အောက်ကို ဆင်းခဲ့လိုက်တယ်။ လူ အတော်ရှင်းတာပဲ။ အောက်ကိုရောက်တော့ ငါးရံ့ကြီးသုံးကောင်ပုံ သွန်းရုပ်တုကို မြင်ရတယ်။

ယောဂီဝတ်လူတစ်ဦးရဲ့ ပြောပြချက်အရဆိုရင် . . .

ဟိုး . . . ကျောက်ကျင်းကြီးရဲ့အောက်မှာ ဥမင်ရှိဆိုပဲ။ ဒီဥမင်က ရောဝတီမြစ်ရှိရာကို ရေစီးရေထွက်ရှိတယ်လို့ ပြောတယ်။

အထဲမှာ မှောင်နေတော့ သည်းသည်းကွဲကွဲ မမြင်ရဘူး။

အချို့ အမှောင်ထဲက ဂူလိုလို နေရာတွေမှာ တရားကျင့်ကြတာလို့ ပြောသံကြားတယ်။

ကြည့်ချင်တာတွေ ကြည့်ရှုပြီး ကျောက်လှေကားလမ်းအတိုင်း အပေါ်ကို ပြန်တက်မယ် လုပ်ချိန်မှာပဲ အပေါ်ဆုံး လှေကားထစ်ကနေ ဆင်းလာတဲ့ လူနှစ်ဦးကို မြင်လိုက်ရတယ်။

ဟင် . . . အဘပါလား။

ဟုတ်ရဲ့လား . . . ဟုတ်တယ် . . . အဘမှ အဘအစစ်ပဲဗျာ။

ဖျင်ကြမ်းတိုက်ပုံ ရင်ဘတ်ဟပြဲနဲ့ ဆံပင်ကုပ်ထောက် နှုတ်ခမ်းမွေးကားကားနဲ့။ ကချင်ပုဆိုးတိုကို ဝတ်လို့ သူ့ခြေလုံးသား တုတ်တုတ်ပေါ်က ခြေသလုံးမွေးပါ မြင်နေရတာဥစ္စာ။

ယောဂီလွယ်အိတ်ကြီး ဘယ်ပခုံးမှာ ချိတ်လို့။

သူ့နံဘေးမှာ ရုပ်ရည်သန့်သန့် လူရွယ်တစ်ယောက်လည်း ပါတယ်ဗျ။ ကျွန်တော်က ရပ်ပြီး အဘကို ကြည့်နေတော့ . . .

အဘနဲ့ အဖော်ကလည်း ဆင်းလာရင်း တစ်ချက် လှမ်းကြည့်တယ်။ အဘက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်ပြီး အောက်ကို ဆင်းသွားတယ်။ ကျွန်တော့်ကို မမှတ်မိတာလား။ လူစိမ်းပါလို့ စကားမပြောချင်တာလား မပြောတတ်ဘူး။ ဒါနဲ့ ကျွန်တော် သူတို့ဆင်းသွားတဲ့ ငါးရံ့မင်းလိုဏ်ဂူ





အောက်ကို ပြန်ဆင်းလာလို့ သူတို့နောက်ကနေ မသိမသာ လိုက်ခဲ့လိုက်တယ်။

အဘက ငါးရံ့ကောင်ရုပ်တုကို လက်နဲ့ ပွတ်ရင်းက ပါလာတဲ့ လူရွယ်ကို ရှင်းပြနေတယ်ဗျ။

ကျွန်တော်လည်း အဘ မှတ်မိလို့ မှတ်မိငြားဆိုပြီး အနီးနားက နေ ရောယောင်နားထောင် လုပ်နေလိုက်တယ်။

ဘုရားဖူး မိသားစုကလည်း အဘတိုက်ပုံကြီး ရှင်းပြနေတာကို အာရုံစိုက် နားထောင်နေကြတယ်ခင်ဗျ။

''ရန်ကင်းတောင်နဲ့ ငါးရံ့မင်းစေတီလိုဏ်ဂူဖြစ်ပေါ်ပုံက အလွန် ဆန်းကြယ်တယ် . . . မောင်ချစ်ဝင်းရဲ့''

''မှတ်ရအောင် . . . ရှင်းပြပါဦး . . . အဖေကြီး''

''ပုဂံပြည်မှာ အလောင်းစည်သူမင်းကြီး အုပ်စိုးချိန်ပေါ့။ ဘိုးတော် ကျန်စစ်သားမင်းကြီးရဲ့ မြေးတော်က အလောင်းစည်သူပဲ။ ကလေးအရွယ် မှာတင် ကျန်စစ်သားမင်းကြီးက ရင်ခွင်ပိုက်ပြီး ဘာပြောလဲဆိုတော့ ဒီ ထီးနန်းစည်းစိမ်နဲ့ တိုင်းပြည်ဟာ ငါ့မြေးအတွက် ဖြစ်သည်လို့ မိန့်တော်မူ ပြီး 'သီရိဇေယျသူ' ဆိုတဲ့ အမည်နဲ့ ဘိသိက်သွန်းပြီး မင်းမြှောက်တော်မူ သတဲ့ဗျား''

''အလောင်းစည်သူမင်းဟာ အလွန်ဘုန်းကြီးတယ် . . မောင်ချစ် ဝင်းရဲ့''

''ဟုတ်ကဲ့ခင်ဗျာ''

''အလောင်းစည်သူကို မွေးဖွားသန့်စင်တော့ တိုင်းပြည်မှာရှိတဲ့ သည်တော်ကြီးဟာ တီးသူမရှိဘဲ အလိုလို မြည်သလို၊ နန်းဦးကင်တံခါးလည်း ဖွင့်သူမရှိဘဲ အလိုလို ပွင့်သွားတယ်''

''အံ့စရာပဲနော် . . . အဖေကြီး''

''ဒီထက် အံ့စရာတွေ ရှိသေးတာပေါ့ကွာ။ အလောင်းစည်သူ မင်းကြီးဟာ အမည် (၇)မျိုးနဲ့ ထင်ရှားခဲ့တယ်ကွယ့်''

''ဟုတ်လား . . .''

''စည်တော်ကြီး သူ့အလိုလိုမြည်တာကို အကြောင်းပြုပြီး လောင်း စည်သူလို့လည်း ခေါ်တယ်ကွယ့်''



www.burmeseclassic.com

www.burmeseclassic.com



''သက္ကရာဇ်(၄၅၀)ခုနှစ်မှာ မင်းဖြစ်တော့ အဦးအစမှာ ရွှေဂူကြီးဘုရားကို တည်လို့ ရွှေဂူကြီးဒါယကာလို့လည်း ခေါ်တယ်။

''ဘိုးတော် ကျန်စစ်သားမင်းကြီး အမည်ပေးတော်မူတဲ့ 'သီရိဓေယျသူ' အမည်လည်း ခေါ်ကြတယ်''

''အလောင်းစည်သူမင်း ငယ်ရွယ်စဉ်က ငိုတော်မူရင် ချက်တော်တစ်မိုက်ခန့် ရှည်ထွက်လို့ 'ချက်တော်ရှည်' လို့လည်း ခေါ်သေးသတဲ့ဗျာ''

''သီရိတြိဘာဝနာ ဒိတျာပဝရပဏ္ဍိတ သုဓမ္မရာဇာ–မဟာဓိပတိ နရပတိစည်သူဟူသော – ဇမ္ဗူ့သပြေပင်ရင်း၌ သိကြားမင်းပေးတော်မူတဲ့ အမည်ရှိပြန်ရောကွ''

''တစ်ခါ ရှင်ဖြူဘုရား ဗုဒ္ဓရုပ်ပွားတော်က ဗလဝါမုက္ခ၌ စည်တော်ကျလာစဉ့်,အခါ၊ ဘုရားဆင်းတုတော်မှ 'အလောင်းစည်သူ ငါ့ကိုယူလော့' ဆိုတဲ့ စကားကို အကြောင်းပြုပြီး 'အလောင်းစည်သူ' လို့ ခေါ်တယ်''

''နောက်ဆုံးနာမည်က သိကြားမင်းပေးတဲ့ အမည်ရင်းမှ ' အဖျားကို ယူပြီး 'နရပတိစည်သူ' ဆိုတဲ့ အမည်ထပ်ရှိပြီး အမည်နာမ (၇)မျိုး ရှိခဲ့တယ်။

''ဘကြီးတော်ဘုရားက အမည် (၆)မျိုးရှိတယ်နော် ...အဖေကြီး''

မောင်ချစ်ဝင်းဆိုသူ လူရွယ်က ဝင်မေးလိုက်တယ်။ ကျွန်တော် မောင်ချစ်ဝင်းဆိုတဲ့ နာမည် ဘယ်မှာကြားဖူး သိဖူးပါလိမ့်ဗျာ။

''ဟုတ်တယ် ... ဘကြီးတော်ဘုရားက အမည် (၆)မျိုးရှိတယ်။ (၁) ဘကြီးတော်၊ (၂) စစ်ကိုင်းမင်း၊ (၃) နောင်တော်ကြီးမင်း၊ (၄) ဖန်နန်းရှင်၊ (၅) ရတနာပူရ စတုတ္ထမြို့နန်းယာဉ် မင်းတရားကြီး၊ (၆) ဆင်ဖြူရှင်ဆိုပြီး (၆)မည်ရှိတယ်။ ထားတော့ကွာ ...အလောင်းစည်သူမင်းကြီးဖြစ်တော့ သူ့မှာ သား(၃)ယောက်ရှိတယ်ကွ''

မင်းရှင်စောက သားကြီး။

နရသူက သားလတ်။

ထောက်လှသားက အငယ်ဆုံးကွ။





သားအကြီးမင်းရှင်စောက မောက်မာပြီး မာနကြီးတယ်။ သားလတ် နရသူက ရက်စက်တယ်။ မင်းရှင်စောက ခမည်းတော် အလောင်းစည်သူမင်းနဲ့ မိဖုရား ပဘာဝတီတို့ စက်တော်ဆောင်မှာ အတူရှိနေရင် ဖအေကို လုံးဝ မခစားဘဲ ပြန်လှည့်ထွက်သွားတဲ့ မင်းသားကွ''

'ပဘာဝတီ' ဆိုတာ ရှင်ဘုရင် ချစ်လို့ပေးထားတဲ့ မိဖုရားနာမည်။ အများအခေါ်က ပဋ္ဋိက္ခရား ကုလားမင်းဆက်တဲ့ သမီးမို့ ပဋ္ဋိက္ခရားမင်းသမီး ခေါ်တယ်။

သားတော်တွေလာတာ မြင်ရဲ့သားနဲ့ စက်တော်ဆောင်ပေါ်က မဆင်းရပဲ့မလားဆိုပြီး သားကြီး မင်းရှင်စောက မခစားဘဲ လှည့်ထွက်သွားတာ။

အလောင်းစည်သူမင်းကလည်း သူ့သား စိတ်သဘောထားကို သိတာပေါ့။ တစ်ခါမှာ အလောင်းစည်သူမင်းကြီးက အထိန်းတော်သားဖြစ်တဲ့ အနန္တသူရိယကို သနားတော်မူလို့ မင်းညီမင်းသားများသာ ဝတ်ဆင်ရတဲ့ ဒုယင်အခြေတပ်ဝတ်စုံကို ချီးမြှင့်တော်မူလို့ မင်းခမ်းမင်းနားမှာ ဝတ်ဆင်ပြီး ညီလာခံဝင်တယ်။

ဒါကို သားတော်ကြီးမင်းရှင်စော မြင်ရော ...

ဒီအဝတ်အစားဟာ မင်းသားများသာ ဝတ်ထိုက်တာ။ သင့်လို မင်းခစား ဝတ်ထိုက်တာ မဟုတ်ဘူး။ ရာရာစစ မတန်မရာဝတ်လို့ ချွတ်စေဆိုပြီး အခြားသင့်တော်တဲ့အဝတ်နဲ့ လဲဝတ်စေတယ်။

ဒီကိစ္စ ခမည်းတော် အလောင်းစည်သူမင်းကြီး ကြားရော ...

''ငါပေးသနားတော်မူ၍ ဝတ်သည်ကို ငါမသေခင်ကပင် ဤသို့ ကျင့်သည်။ နောင်အခါ မင်းဖြစ်ခဲ့သော် ငါ့သားတော်၊ သမီးတော် မှူးမတ်ပြည်သူတို့ကို နှိပ်စက်ညှဉ်းပန်းလိမ့်မည်။ ကြောင်တစ်ကောင်၊ ကြွက်တစ်မြှုလို အသေမခံနိုင်လို့ မိန့်တော်မူပြီး မင်းရှင်စောကို မင်းသားတို့အဆောင်အယောင် ရုပ်သိမ်းတော်မူပြီး အကျဉ်းချထားတယ်။

ဒီအကြောင်းကို မင်းရှင်စောရဲ့ မယ်တော် ရတနာပုံမိဖုရားကြီး ကြားပြီး အလောင်းစည်သူမင်းကြီးကို သားတော် အသက်အကျဉ်းမှ ချမ်းသာခွင့်ပေးပါဆိုပြီး အသနားခံ လျှောက်ထားတယ်။

ဒါကြောင့် သားတော်ကြီး အကျဉ်းသား မင်းရှင်စောကို ဆင်၊ မြင်း၊ နောက်တော်ပါ၊ ဗိုလ်ပါ အလုံးအရင်းပေးပြီး ...



www.burmeseclassic.com

www.burmeseclassic.com



ငါ မျက်နှာသုန်မှုန်သွားဖူးသည်။ ငါမြို့တွင် မနေနိုင်တော့ဟု မိန့်တော်မူပြီး နှင်ထုတ်တော်မူတယ်။

အမှန်က မင်းရှင်စောက အရည်အချင်းရှိတဲ့ မင်းသားကွ။

မင်းသား၊ ဘုရင့်သားဆိုတဲ့မာန်က ရှိနေလို့ အပြောမတတ်လို့ နယ်နှင်ခံရတာ။

မယ်တော်ကောင်းလို့သာပေါ့ကွာ။

နို့မို့ မင်းရှင်စော သေတာပေါ့။

သက္ကရာဇ် (၅၀၀) နှစ်မှာ မင်းရှင်စောက နောက်လိုက်ဗိုလ်ပါတွေနဲ့ မြို့ရာသစ်မြောက်ကုန်းမှာ မြို့သစ်တည်တယ်ကွ။ နေရာကျဉ်းလို့ ဆိုပြီး မြစ်နားကို ပြောင်းရွှေ့တည်ပြန်တယ်။

မြို့ရဲ့ သုံးမျက်နှာ ရေဝိုင်းသတဲ့။

အဲဒီမြို့မှာ သက်တော်ရဘုရားတစ်ဆူတည်တယ်။

မြို့ဟောင်းကို ပြင်သာလို့ တွင်စေတယ်တဲ့။

အဲဒီမြစ်နားကနေ ထပ်ပြောင်းပြန်တယ်ကွ။ မြစ်ငယ်ရဲ့တောင်ဘက်မှာ တဗျက်သာမြို့ တည်ပြန်ရောဟေ့။

ဒီလိုနဲ့ မြို့သစ်တည်၊ မကြိုက်လို့ ထပ်ပြောင်း။

သက္ကရာဇ် (၅၁၃) ခုနှစ်မှာ 'ပူတက်' မြို့ကို တည်တယ်။ (ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းကျေးရွာမှာ မင်းရှင်စော နန်းတော်ရာကုန်း ရှိသည်။)

ပူတက်မြို့တည်ပြီးမှ သာယာဝပြောလာတယ်တဲ့။

မင်းရှင်စောမင်းက ပူတက်မြို့မှာ စံနေရင်း ...

ကျွန်းလုဆည်၊ အောင်ပင်လည်ကန်တော်၊ တမုတ်ဆိုးဆည်၊ စောင်းကလောဆည် စသည်တို့ကို ဆယ်ထားပြုပြင်ပြီး လယ်ပယ်များစွာကို တိုးချဲ့စိုက်ပျိုးခဲ့တယ်။

တောင်ပေါ်ကနေကြည့်ရင် အောင်ပင်လယ်ကန်ကို တွေ့ရမယ်။ ခုတော့ လယ်ကွင်းနဲ့ ကန်ကောကြီး ဖြစ်သွားပြီကွ။

ငါတို့ မြန်မာမင်းတွေက အောင်ပင်လယ်ကန်ကို အထူးပြုပြီး ပြုပြင်ကြတယ်။ သီပေါမင်းလက်ထက်အထိပဲ။





မင်းရှင်စောက အောင်ပင်လယ်ကန်ကြီးကို ဆည်ဖို့တာ (၄)နှစ်ကြာသတဲ့ဟေ့။ အဲဒီအကြောင်း အောင်ပင်လယ်အောက်ကျောင်းဘုရားမှာ ကျောက်စာရေးခဲ့တယ်ကွ။

သီပေါမင်း ပါတော်မူတော့မှ အင်္ဂလိပ်အစိုးရက စပါးဆန်ရေကြွယ်ဝအောင် ဖြည့်ပေးတဲ့ အောင်ပင်လယ်ကို တိမ်ကောပျက်စီးအောင် ပစ်ထားလိုက်တာ။ ရေခန်းပြီး ပတ်ကြားအက်လို့ ကောသွားတာ။ ခုမြင်ရတဲ့အတိုင်း ကန်ကို ပြုစရာမရှိတော့ဘူး။

ဒါကြောင့် ရှေးစာဆိုပညာရှင်တွေက ရေးခဲ့တာပေါ့ကွာ။

"အဆောင်ပလ္လင်ကွယ်ပျောက်လို့...

အောင်ပင်လယ်မတော့ ရှေးညီမြောက်ခဲ့ပါလေပြီ" တဲ့။

မင်းရှင်စောရဲ့ ဦးဆောင်မှုကြောင့် အလွန်စည်ပင် ဝပြောလာတယ်။

တိုင်းသူပြည်သားတွေ စားဝတ်နေရေး မပူပင်ရဘူး။

ပြီး ... ပါဠိ၊ အဋ္ဌကထာကျွမ်းကျင်တဲ့ အရိယာသံဃာများပင့်ပြီး စာပေသင်ကြား ပြန့်ပွားဖို့ ပစ္စည်းလေးပါး လှူဒါန်းပြီး သာသနာထွန်းလင်းအောင် လုပ်တော်မူတယ်။

ဖြစ်ချင်တော့ ...

ပူတက်မြို့မှာ (၃)နှစ်မိုးခေါင်ပြီး စိုက်ပျိုးရေမရ အစာရေစာ ရှားပါးပြီး လူတွေ ဒုက္ခရောက်ကြပါရော။

ဒီကိစ္စ ဆရာတော်၊ သံဃာတော်တွေကို လျှောက်ထားမေးမြန်းတော့ ဆရာတော်ကြီးများက မိန့်တယ်။

ငါတို့ဘုရားရှင် နစဉ်ကာလ ငါးရံ့မင်းဖြစ်စဉ်မှာ မိုးခေါင်ရေရှားလို့ ဆွေတော်မျိုးတော်များပါ ဆင်းရဲဒုက္ခ ကြုံခဲ့ရတယ်။

ဒီမှာ မစ္ဆရာဇသုတ်ကို ရွတ်ဖတ်ပူဇော်ပြီး သစ္စာပြုခဲ့မှ မိုးရွာသွန်းတော့တယ်။ ရှေးတုန်းက မိုးခေါင်ရင် မဏ္ဍပ်ကြီးထိုးပြီး ငါးရံ့မင်းရုပ်တု ပြုလုပ်လို့ မစ္ဆရာဇသုတ်ကို ရွတ်ကြတယ်။

ရွတ်ဆိုရင် မိုးရွာတယ်လို့ မိန့်တော်မူတာကြောင့် ...

ငါးရံ့မင်းရုပ်တုကို ပြုလုပ်စီရင်ပြီး မဏ္ဍပ်အလယ်မှာ တင့်တယ်စွာထား၊ သဲဖြူခင်း၊ ရာဇမတ်ကာ၊ ငှက်ပျောပင်၊ ကြံပင်တွေ ထိုးစေပြီး ရေချမ်းအိုးတွေနဲ့ စီရင်ထားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး သံဃာတော် အရှင်သူမြတ်တွေက မန္တရာဇသုတ် ငါးရံ့မင်း ပရိတ်ကို ရွတ်ကြတာ မိုးတွေ သည်းထန်စွာ ရွာပါရောတဲ့ပေ့။

ဘုရင်မင်းရှင်စောလည်း ဝမ်းမြောက်တော် မူတာပေါ့။

လောဘကြီးပြီး သံဃာတော်တွေကို နေ့စဉ် ရွတ်ဖတ်စေတော့ မိုးတွေ အားကြီးပြီး ဆည်တွေ ကျိုးပေါက်၊ လယ်ယာ၊ ကန်၊ ချောင်းတွေ ပျက်စီးကုန်တာပဲ။ သစ်ပင်ချုံနွယ်တွေဖြစ်၊ လူတွေ ဖျားနာသေကြေ၊ အနာရောဂါတွေ အမျိုးမျိုး ဖြစ်လာကြတယ်။

ဒီလို မိုးကြီး အဆက်မပြတ်ရွာတဲ့ ထူးခြားကိစ္စကို သံဃာတော်များ ပြန်လျှောက်တော့ ဆရာတော်များက ...

ဒီ ငါးရံ့မင်းရုပ်တုကို ပူတက်မြို့နှင့် ဝေးရာအရပ်မှာ ပင့်ဆောင်ကိန်းဝပ်မှ သင့်တော်မယ်လို့ ပြောတယ်။

ဒါနဲ့ ဘုရင်မင်းရှင်စောက ငါးရံ့မင်းရုပ်တုကို 'တုတ်ခဲ' အမည်ရှိတဲ့ ဆင်တော်ပေါ်တင်ပြီး အောင်ပင်လယ်ကန်ရိုးထိပ်မှာရှိတဲ့ ဒီတောင်ပေါ်ကို ပို့ဆောင် ကိန်းအောင်းစေတော့မှ ပူတက်မြို့ဟာ (၉၆)ပါး ရောဂါဝေဒနာ ကင်းပျောက်ပြီး ပြန်လည်သာယာဝပြော စည်ပင်ခဲ့တယ်တဲ့ကွ။

ငါးရံ့မင်းရုပ်တုကို ဆင်တော်နှင့်ပင့်ဆောင်ရာ လမ်းမှာ ရေကြည် ဆက်တဲ့ရွာကို 'ရေကြည်ရွာ' လို့ အမည်ပေးခဲ့တယ်။ စစ်သည်ဗိုလ်ပါများ ရွေးတဲ့ စုတဲ့ရွာကို 'ရွေးစု' ရွာ၊ စစ်တပ် ခေတ္တရပ်နားရာ၊ ဆင်တပ် ခေတ္တ ရပ်နားရာနေရာကို 'ဆင်တော်ကုန်း' (ယခု ရှင်တော်ကုန်း)ရွာ လို့ အမည်ပေးခဲ့တယ်တဲ့။

တောင်တော်ရဲ့ တောင်ဘက် တောင်ခြေမှာ ညအိပ် ရပ်နားကြပါသော်လည်း တောနက်သည့်တိုင် ဘေးရန်ကင်းလို့ 'ရန်ကင်း'ရွာလို့ သတ်မှတ်ခဲ့တယ်။ ခုတော့ ရန်ကင်းတောင်ရွာပေါ့။

အဲဒါ ဆင်က တောင်ပေါ်ကို တက်ခဲ့တယ်။ ဒီလိုဏ်ဂူရဲ့ မြောက်ဘက်ထိပ်မှာ ငါးရံ့မင်းရုပ်တုတင်ထားတဲ့ ဆင်ဝပ်လို့ ဟောဒီလိုဏ်ဂူတော်မှာ ငါးရံ့မင်းရုပ်တုကို ကိန်းဝပ်စေပြီး ...

မင်းရှင်စောက ပူတက်မြို့ကနေ လှမ်းဖူးမြော်နိုင်ဖို့ ငါးရံ့မင်းစေတီကို တည်ထားခဲ့တယ်။





အဲဒီအချိန်ကစပြီး ငါးရံ့မင်းကိန်းဝပ်ရာ တောင်တော်ကို ငါးရံ့မင်းတောင်၊ ရန်ကင်းတောင်လို့ ခေါ်ကြတယ်ကွ။

"အဖေကြီး ..."

"ပြော ... မောင်ချစ်ဝင်း"

"ဒီ ငါးရံ့မင်းရုပ်တု (၃)ခုက ဘုရင်မင်းရှင်စော ကောင်းမှုတော် ငါးရံ့မင်းရုပ်တုတွေပေါ့ ... ဟုတ်လား"

"ပညတ်အရ မှန်တယ်။ ဒီငါးရံ့မင်းရုပ်တု (၃)ခုက သံနဲ့လုပ်ထားတာ။ လုပ်ပေးတဲ့သူက ရသေ့ကြီး ဦးခန္တီတဲ့။ ဒီလိုဏ်ဂူတော်အတွင်းမှာ အရှည် (၅)ပေ (၅)လက်မ၊ လုံးပတ် (၂)ပေရှိတဲ့ ငါးရံ့မင်းရုပ်တုတော် (၂)ဆူနဲ့ (၇)ပေ (၇)လက်မ ငါးရံ့ (၁) ဆူ၊ ပေါင်း (၃)ဆူကို အရှည်ခံအောင် မြန်မြန်ပြင် လုပ်ထားတာ။ ဟိုမှာတွေ့လား ... အောက်ကိုဆင်းတဲ့ ဥမင်"

"တွေ့တယ် ..."

"သေသေချာချာ ကြည့်"

အဘရဲ့အမိန့်ကြောင့် မောင်ချစ်ဝင်းဆိုသူက မြေအောက်ကိုဆင်းသွားတဲ့ ဥမင်ခေါင်းရှိရာအောက်ကို ငုံ့ကြည့်စဉ်မှာပဲ ...

အဘက စာရွက်ခေါက်လေးတစ်ခုကို ကျွန်တော့်အင်္ကျီအိတ်ထဲ ဆတ်ခနဲ ထိုးထည့်လိုက်ပါရောဗျာ။

ကျွန်တော် အံ့သြ၊ အံ့အားသင့်ပြီး ကြည့်နေချိန်မှာပဲ အဘက ဘာတစ်လုံးမှ ပြန်မပြောဘဲ သူ့လူရှိရာကို တိုးသွားပြီး လက်ညှိုးတထိုးထိုးနဲ့ ရှင်းပြနေတယ်။

ကျွန်တော် သဘောပေါက်ပြီဗျာ။

အဘ ကျွန်တော့်ကို စကားပြောလို့ မဖြစ်နိုင်လို့သာ ဒီလို လျှို့လျှို့ဝှက်ဝှက် ဆက်သွယ်တာ နေမှာဗျ။

ဝမ်းသာလိုက်တာ။

ဒါ ကျွန်တော့်ကို သိတယ်၊ မှတ်မိတယ်ဆိုတဲ့ အထာပဲဗျ။ ကျွန်တော် ငါးရံ့မင်းလိုဏ်ဂူထဲကနေ အပေါ်ကို ပြန်တက်ခဲ့လိုက်တယ်။ သည်နောက် အဘ လူမသိအောင် ထည့်ပေးလိုက်တဲ့ စာရွက်ကို စေတီတော်တစ်ဆူအနီးမှာ ဖွင့်ဖတ်လိုက်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



မောင်မှိုင်း…

နက်ဖြန်မွန်းတည့် ဝက်ပါလိုက်ဂူထဲကို လာခဲ့၊

ရာကျော်၊

ဟာ ... ဟုတ်လိုက်လေဗျာ။

ဒါ အဘ ကျွန်တော့်ကိုချိန်းတဲ့ စာပဲဗျာ။ ဝက်ပါလိုဏ်ဂူထဲကို လာခဲ့တဲ့။ ဝက်ပါလိုဏ်ဂူ ဘယ်နားမှာလဲ စုံစမ်းကြည့်တော့ ငါးရံ့မင်းလိုဏ်ဂူတောင် အရှေ့ဘက်တောင်ပေါ်တက် ကားလမ်းအရှေ့မှာတဲ့။

ကျွန်တော် သေချာအောင် ဝက်ပါဂူပေါက်ကို သွားကြည့်မှတ်လိုက်တယ်။ ဒီ ရန်ကင်းတောင်တော်ပေါ်မှာက သဘာဝအလျှောက် ဖြစ်ပေါ်နေတဲ့ ကျောက်လိုဏ်ဂူတွေ အများကြီး ရှိတယ်ဗျာ။

ဖိုးလဂူ၊ နဂါးဂူ၊ ငါးရံ့မင်းလိုဏ်ဂူ၊ ဝက်ပါလိုဏ်ဂူ၊ ဂူသစ်ဂူ၊ ဖားဂူ၊ ဓမ္မရက္ခိတဂူ ... စတဲ့ဂူတွေ ရှိတယ်။

ကျွန်တော် ပျော်သွားပြီဗျာ။

အဘနဲ့ကျွန်တော် နက်ဖြန် ရန်ကင်းတောင်၊ ဝက်ပါဂူမှာ တွေ့ရတော့မယ်။ အဘ ဘာကြောင့် တစ်ယောက်တည်း နာမည်အမျိုးမျိုးနဲ့ လျှောက်သွား၊ ပျောက်သွား လုပ်နေတာလဲ။

ကျွန်တော့်ကို ဘာကြောင့် ထားခဲ့၊ မေ့ခဲ့၊ အဖက်မလုပ်၊ ဥပေက္ခာပြုရတာလဲ ... မေးစရာတွေ အများကြီးဗျာ။

ကျွန်တော် တည်းခိုတဲ့ အိမ်ရောက်ပြီးနောက် မေးရမည့်မေးခွန်းတွေကို တန်းစီ ဖယားချလိုက်တယ်ဗျ။

ဟုတ်ပြီ ...

✿ ✿ ✿

# [၃၅]

❑

ငါးရံ့မင်းတောင်ခေါ် ရန်ကင်းတောင်ကို တက်ရတာ မောတော့ မောသားဗျ။ တောင်ပတ်လမ်းက ကျဉ်းတယ်။ (ယခုအခါ ကားနှင့်ပတ်ပြီး တက်လို့ရပါသည်။) တောင်ပေါ်ရောက်ဖို့ မော့တက်ရတာ။

မန္တလေးတောင်က ပိုပြီး ပတ်ရတာပေါ့ဗျာ။

နှစ်တောင်စလုံး မော့တက်ရတာပဲ။

အရင်နေ့တွေက ကျွန်တော် ဝက်ပါလိုဏ်ဂူထဲကို ရောက်သွားခဲ့သေးတယ်။

ဝက်ပါလိုဏ်ဂူက ငါးရံ့မင်းလိုဏ်ဂူအရှေ့ဘက် တောင်ပေါ်တက်တဲ့ကားလမ်း အရှေ့ဘက်မှာရှိတယ်။

ဂူပေါက် လူတစ်ယောက်ဝင်စာပဲ ရှိတယ်ဗျာ။

ကျိုက်ထီးရိုးတောင်ပေါ်က ကျီးကန်းပါးစပ်လိုဏ်ဂူကို ဝင်ရတဲ့အတိုင်းပဲ အဲဒီအပေါက်ကနေ ဆင်းသွားရတယ်။ ကျောက်လုံးကျောက်ခိုင်တွေက ဂူတွင်းဝရဲ့အပေါ်မှာ အက်ကြောင်း၊ ဆက်ကြောင်းတွေနဲ့ ယှပ်နေညှပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းတဲ့ ဂူတွေပဲ။

ပြုံမျှားကျမလား၊ ပွဲမျှားကျမလား တွေးရင်တော့ ရင်တုန်စရာ ချည်းပဲဗျာ။

ငါးရုံ့မင်းလိုဏ်ဂူ အဆင်းနဲ့ အတက်ဆို ပိုပြီး အသည်းယားစရာ ကြီးဗျ။ ရှေ့မကျောက်တုံးကြီးတွေ လောက်စာလုံးစီထားသလို အမိုးအကာ ကျောက်နံရံမှာ ဖြစ်နေ၊ မြင်နေရတာ။

ဝက်ပါလိုဏ်ဂူရဲ့အဆင်းမှာ ကျောက်လှေကားထစ်တွေ ရှိတယ်။ အတွင်းရောက်ရင် ဝက်ပါလို ကွေ့ပတ်သွားရတဲ့ ကျောက်လိုဏ်ဥမင်ပဲဗျ။ အဆုံးမှာ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို တွေ့ရတယ်။

အလွန်လျှို့ဝှက်ဆိတ်ငြိမ်တဲ့ နေရာပဲ။

ဒီဂူထဲမှာ အဓိဋ္ဌာန်ပြုသူတွေ အေးချမ်းငြိမ်သက်စွာ တရားထိုင် ကြတယ်တဲ့။

ချွေးပျံ လျှာထွက်လုမတတ် တက်ခဲ့ပြီးနောက် တောင်တော်ရဲ့ မြောက်ဖျားကို ရောက်ခဲ့တယ်။

တောင်ပေါ်ကကြည့်ရင် အောင်ပင်လယ်တစ်ဝိုက်သာမက အရပ် လေးမျက်နှာကို လွမ်းဖွယ် မြင်ရတယ်ဗျာ။

နောက်ကျောမှာ ရှမ်းရိုးမတောင်ကြီးကို ငွေ့ငွေ့ဝဲဝဲ နှင်းမြူတိမ် ကြားမှာ မြင်နေရတယ်ခင်ဗျ။

မန္တလေးတောင်ပေါ်ကနေ ကြည့်ရင် မြေပြန့်ရဲ့ အလှတွေကိုရော၊ တောင်တော်သခင်မရှိရာကို လှမ်းမြင်ရမယ်။

သွားရင်းသွားရင်း ဝက်ပါလိုဏ်ဂူရှိရာကို ရောက်လာခဲ့တယ်။

တော်တော်နက်တာပဲ။ အထဲမှာ ဝက်ပါလို ကွေ့ပတ်ပြီး သွားရ တယ်။

အောက်ကို ဆင်းသွားတော့မှ အထဲမှာ လူတစ်ဦးတရားထိုင်နေ တာကို မြင်ရတယ်။ ဖယောင်းတိုင်မီး အလင်းရောင်ကြောင့် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကိုလည်း တွေ့ရတယ်။

ကျွန်တော် ခြေကြွပြီး တိုးသွားလိုက်တယ်ဗျာ။ ဒီဂူက ရှေးတုန်း က ဝိဇ္ဇာတွေ၊ တပသီတွေ ဖိုလ်ဝင်တဲ့နေရာလို့ ပြောသံကြားတယ်။

ဟုတ်မှာပဲ တိတ်ပြီး ငြိမ်နေတာပဲ။





လှုပ်ရှားရင် လှုပ်ရှားတဲ့အသံကို ချက်ချင်း ကြားရတယ်။

အထဲမှာ လူကြီးတစ်ယောက်တည်း တရားထိုင်နေတာ မြင်ရ တယ်ခင်ဗျ။

မလွဲဘူးဗျာ . . . ဒါ အဘတိုက်ပုံ ဦးရာကျော်ပဲဗျ။ ဆံပင်ဖွာလန်ထူ ရှည်တွေက နောက်ကျော ကုပ်ပေါ် ဖြန့်ကျလို့။

ချွေးနံ့နံ့နေတဲ့ အညာဖျင်ကြမ်းတိုက်ပုံကြီး ဝတ်လို့။

အေးလေ . . . အဘ တရားမှတ်ရှုနေတာပဲ။

သူ ကျွန်တော့်ကို လျှို့ဝှက်စာရေးပြီး ချိန်းတဲ့အချိန်က နေ့မွန်း တည့် စက်နာရီအလိုအရ နေ့လယ် (၁၂) နာရီဝန်းကျင်။ အဘရဲ့ပုံက ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီး ဖြစ်လို့ဗျ။

အသက်ရှူနေတယ် မထင်ရဘူး။

အသက်ကို ရပ်ထားသလို ငြိမ်နေတာပဲ။

အဘ သူ့နောက်နားမှာ ထိုင်ပြီး သူမှတ်ရှု ဖြုတ်ချိန်ကို စောင့် နေသည့်တိုင် တရား မဖြုတ်သေးဘူး။ ဒါနဲ့ ကိုယ်လည်း ဒီလို သာသနာ့ နယ်မြေ၊ ဂမ္ဘီရနယ်မြေ၊ ကျောက်လိုဏ်ဂူဆိတ်ငြိမ်နေရာထဲ ရောက်တုန်း ကုသိုလ်ရအောင် တရားမှတ်မယ်ဆိုပြီး တင်ပျဉ်ခွေထိုင်၊ ဘယ်လက်ဝါးပေါ် ညာလက်တင်ပြီး အထိုင်ယူလိုက်ချိန်မှာပဲ . . .

"ငမှိုင်း . . ."

"အင် . . ."

"ဟေ့ကောင် . . . ထ . . . အပြင်ထွက်မယ်"

"ဗျာ . . . ဟို . . . ဟို . . ."

"စကားမများနဲ့ . . . ထ . . . မင်းကို ပြောစရာတွေ ရှိတယ်"

"ဒီမှာ . . . ပြော . . . ပြောရင် မရဘူးလား အဘ"

"ဒီနေရာက တရားကျင့်တဲ့ နယ်မြေ၊ လိုဏ်ဂူကွ။ လာ . . . လိုက်ခဲ့"

သူ စကားပြောပြီဗျာ။ ကျွန်တော့်နာမည်ကို မှတ်မိနေပြီဗျာ။ သည်နောက် ဝက်ပါလိုဏ်ဂူထဲကနေ ထလို့ အဘနောက်ကနေ လိုက်လာခဲ့လိုက် တယ်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ကိုရောက်တော့ ရန်ကင်းတောင်ရဲ့ အရှေ့ဘက် တောင်စောင်းအလယ်ကြောရှိ တောင်တော် အမေယက္ခ ကျောက်ဘီလူးရုပ်တုနတ်နန်းအနီးကို ရောက်ခဲ့ကြတယ်။

''အဘ ...''

''ဘာတုံး ...''

''ကျောက်ဘီလူးမကြီးဗျ နော်''

''မယ်ယက္ခလို့ ခေါ်တယ်ကွ''

''လူတွေ ထုလုပ်ထားခဲ့တာလားဟင်''

''မဟုတ်ဘူး ... သဘာဝအတိုင်း ကျောက်တုံးကျောက်သားကနေ ယက္ခမယ်တော်ပုံစံ ဖြစ်ပေါ်နေတာ။ သူ့ကို တောင်ပိုင်ကြီး အမေယက္ခလို့ ခေါ်ကြတယ်။ ဟိုတုန်းက ဒီအနီးဝန်းကျင် ရွာတွေမှာနေကြတဲ့ လူတွေဟာ ပွဲလမ်းအလှူရှိတယ်ဆော့ ဆိုရင် ဒီတောင်ပိုင် မယ်ယက္ခကြီး ကျောက်တုံးရုပ်တုရှေ့မှာ လက်ဝတ်လက်စား လာငှားကြတယ်။

''ဟုတ်လား ...''

''ဟုတ်တယ် ... အမေ ရွှေလက်ကောက် ငါးကွင်း ခဏငှားပါ။ နားကပ် ခဏငှားပါ၊ ဆွဲကြိုး ခဏငှားပါ၊ ပွဲလမ်းပြီးရင် လာပြန်ပေးပါ့မယ်လို့ ပြောရင် ငှားတဲ့ပစ္စည်း ရတယ်။ ကိစ္စပြီးရင် လာပြန်ပေးရတယ်။ ကတိတည်ကြလို့ ငှားသမျှကို မယ်ယက္ခကြီးက သူ့တန်ခိုးနဲ့ စီရင်ပေးတာပဲ။

နောင်တော့ ပစ္စည်းငှားတဲ့သူဘက်က ကတိမတည်ကြတော့ဘူးကွ။ အဖိုးတန် ရွှေငွေ၊ ကျောက်တွေ ငှားပြီး ပြန်မပေးကြတော့ဘူး။ တောင်ပိုင်မယ်ယက္ခလည်း စိတ်ဆိုးသွားတယ်။ အဲဒီအချိန်ကစပြီး ဘာပစ္စည်းငှားငှား မပေးတော့ဘူး။

''လူလိမ်တွေကို မဆုံးမဘူးလားဗျာ''

''ခွင့်လွှတ်လို့သာပေါ့ကွာ ... ခွင့်မလွှတ်ရင် လူလိမ်လူညာတွေ သေတာ ကြာပေါ့။ အခုနောက်ပိုင်းမှာ စီးပွားရေးကိစ္စ၊ ရာထူးကိစ္စ အခက်အခဲရှိကြရင် ဟောဒီ .. တောင်ပိုင်မယ်တော် မယ်ယက္ခထံမှာ ကန်တော့ပွဲထိုး စားဖွယ်သက်လွှတ်များနဲ့ ပူဇော်ရင်၊ ဆုတောင်းရင် အခက် အခဲတွေကို ကူညီပေးသတဲ့ကွ''

''အံ့စရာပဲနော်''





''မယ်ယက္ခကြမ်းတုန်းကလည်း အတော်ကြမ်းတာပဲ''

''လုပ်ပါဦးဗျ ... အဘနဲ့ တွေ့မှပဲ ဗဟုသုတများ အဆန်းအကြယ်များ ကြားရတော့တယ်ဗျာ။ တော်လိုက်တာဗျာ''

''မင်း အဲဒီလို မြှောက်ပင့်မေးမြန်းပြီး ငါပြောသမျှ ဘော်ချက်လွန်းလို့ မင်းကို ငါ ရှောင်နေရတာကွ။ မင်းနဲ့ ထောင်မှူးကြီးသိန်းဝင်းနဲ့ သိပ်မကွာဘူး။ ဟိုကောင်လည်း ရောက်ရာအရပ်မှာ ဟိုမေးဒီမေး လုပ်ပြီး ချင် ရေးတော့တာပဲ။ ပြောပြတဲ့လူကို လက်ဖက်ရည်တစ်ခွက် မတိုက်ဘူး။ သူ့မိန်းမကို စိန်နားကပ် လုပ်ပေးတယ်။ ရေးသမျှဝတ္ထုတိုင်းမှာလည်း ခက်ပင်တာရယ်၊ မမကြီး၊ မမလေးတို့နဲ့ ဟိုဒင်းပြုတာရယ်၊ ရှေးဟောင်းရှာနာ တွေရတာချည်းပဲ ထပ်ကာတလဲလဲ ရေးနေတာပဲ''

''ကျွန်တော်က အဲလို မဟုတ်ပါဘူးဗျ''

''မထူးပါဘူးကွာ ... ဟိုကောင် တရုတ်ကပြား ထုတ်ဝေသူ တင်ထွန်းကလည်း မင်းတို့နှစ်ဦးရယ်၊ မုဆိုးလေးမောင်ရယ်ကို ... ဆရာ ဆရာ ... ခေါ်၊ ဟိုနားဒီနား လိုက်ပို့ပြီး ... ဆရာ ရေးပါ၊ ဆရာတို့ရေးရင် ရွှေဖြစ်တယ် ... ဘာညာနဲ့ ဖင့်ပေး၊ မင်းတို့က အဟုတ်မှတ်ပြီး ပေါက်ကရတွေ လျှောက်ရေး ... နောက်ဆုံး တင်ထွန်းဆိုတဲ့ကောင် ကားစီးတိုက်ဆောက်ပြီး စက်ဘီးပုသွားလိုက်၊ ထိုင်းသွားလိုက်နဲ့ ဟိုမှာပဲ မိန်းမယူထားသလိုလို၊ ရန်ကုန်မှာပဲ ဘုရားတည်သလိုလို သတင်းတွေထွက်၊ မင်းသည်း ငါပြောပြတာတွေ ရေးပြီး ငွေလျှံလို့မရမ်းကုန်းမှာ မိန်းမယူထားသလိုလို သတင်းထွက်နေတယ်''

''အဘကို ဘယ်သူပြောတာတုံးဗျ ဟင်''

''စိုးဝေပေါ့ကွာ ... ယောက်မကြီးစိုးဝေဆိုတာ ရန်ကုန်မှာ နာမည်ကြီးပဲ။ မင်းတို့အကြောင်း သိချင်ရင် စိုးဝေကို လက်ဖက်ရည်တိုက်စရာ မလိုဘူး။ အစလေးခင်းပေးလိုက်ရင် အချင်းမြှုပ်တဲ့နေရာပါ အကုန်ပြောတာ''

''ဒီလူကြီးက လူကောင်းမဟုတ်ဘူးဗျ။ သူက အမြှောက်ကြီး''

''မင်းတို့ကရော ဘယ်တုန်းက ... ကောင်းလို့တုံး ... ထို့''

''ဖောက်ချီမဝင်ပါနဲ့ ... အဘရာ။ မယ်ယက္ခကြီး ကြမ်းပုံ ပြောပါဦးဗျ''



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါကိုကလည်း အမှတ်သည်းခြေ မရှိဘူးကွ။ မင်းတို့ ပင့်ပေး မြှောက်ပေးရင် ချီးထွက်အောင် က,ချင်တယ်"

"သူတော်ချင်းချင်း သတင်းလွေ့လွေ့ပေါ့ဗျား ... အဟဲ"

"ဖွီ ... ဒီလိုကွ။ ရန်ကင်းတောင်အနောက်ဘက် မုခ်ဦးစောင်း တန်းအနီးမှာ ရှမ်းမောင်နှမ နတ်နန်းဆိုတာရှိတယ်။ အစ်မတော်အမည်က နန်းခင်စိန်တဲ့။ မောင်တော်အမည်က စောရန်အောင်တဲ့။ ရှမ်းပြည်ကနေ ကုန်ရောင်းကုန်ဝယ်နဲ့ လာရင်း၊ ရန်ကင်းတောင်တော်ရှိရာ ရောက်ခဲ့ကြ တယ်။ ဒီမှာ တောင်ပိုင်မယ်တော်ကြီး မယ်ယက္ခ မကျေနပ်မှုနဲ့ ဖမ်းစားလို့ ကွယ်လွန်အနိစ္စ ရောက်ခဲ့သတဲ့ကွ။

သူတို့မောင်နှမ နတ်စိမ်းဘဝရောက်ပြီး မီးတကျီမောင်နှမရယ်လို့ ထင်ရှားလာခဲ့တယ်။ ရှေးတုန်းက ပြောစကားအရဆိုရင်တော့ ဒီနေရာကို သမီးရည်းစားစုံတွဲတွေ လာပြီး မတော်တရော် ပြောဆိုနေထိုင်ရင် သူတို့က မနှစ်သက်ဘူးတဲ့။

ဒီအရပ်ဒေသက အထူးသဖြင့် ပုသိမ်ကြီးမြို့နယ်ကို တာဝန်ထမ်း ဆောင်ဖို့ ရောက်လာကြတဲ့ ဝန်ထမ်းတွေ။ မော်တော်ယာဉ်အသစ်ဝယ်သူတွေ က ဒီရန်ကင်းတောင်တော်ပေါ် အစ်မတော်၊ မောင်တော်နတ်နန်းကို အုန်း၊ ငှက်ပျောပွဲနဲ့ ပြောဆိုကူညီပူဇော်ရင် စောင့်ရှောက်တယ်လို့ လူကြီးသူမများ ဆိုတယ်ကွ။ မင်းတို့လည်း ဒီနေရာကို ရည်းစားတို့၊ မယားငယ်တို့နဲ့ လာ ပြီး ပလီပလာတွေ မလုပ်နဲ့။ လုပ်ရင် မာလကီးယားတာပဲ ... ကြားလား။

အဘက ကျွန်တော့်မျက်နှာကို သရော်တော်တော်နဲ့ ကြည့်ပြီး ပြောတာဗျ။ ကျောထဲကြက်သီးဖျန်းခနဲ ထသွားလို့ မယ်ယက္ခကြီးရဲ့ မျက်နှာကို လှမ်း ကြည့်လျက်သား ဖြစ်သွားတာပဲ။

ကြောက်ရွံ့စိတ်ကို လျှော့ချပြီး လိုရင်းကိုပဲ မေးရတော့တယ်ဗျာ။

"အဘ ..."

"ဘာလဲကွ"

"မေးစရာရှိတယ်ဗျာ"

"ဒါကြောင့် ငါ မင်းနဲ့ မတွေ့ဆုံချင်တာကွ ... ငမှိုင်းရေ၊ တွေ့ တာနဲ့ မေးပြီ။ မင်းက အမေး နွားကျောင်းသားရုပ်ပေါက်ပေမင့် ငါက အဖြေ ဘုရားအလောင်းမဟုတ်ဘူး ... နားလည်လား"





"ကျုပ် မေးမှာ အဘဖြေနိုင်တဲ့ မေးခွန်းပါဗျ။ အဘ ဘာလို့ ဘုန်းကြီးအိုကျောင်းမှာ ကျွန်တော့်ကို ထားရစ်ပြီး ထွက်သွားတာလဲ"

"မခေါ်ချင်လို့ ထားခဲ့တာပေါ့ကွ ...။ အဲဒီလို ထားခဲ့လို့ မင်းက လျော်ကြေး လိုချင်နေလို့လား"

"ရန်ကုန်ကနေ စထွက်တုန်းက အတူသွားမယ်ဆိုပြီး လာခဲ့တာ လေ"

"စာချုပ် ချုပ်ထားလို့လားဟ ... ဟေ"

"ပြက်တီးပြက်ချော် မပြောပါနဲ့ ... အဘရာ။ ကျွန်တော် အဘ ကို ဘယ်လောက်ချစ်တယ်၊ ရှိသေတယ်၊ စိုးရိမ်တယ်ဆိုတာ အဘ သိပါ တယ်ဗျာ"

"မင်းချစ်တာ ငါကြောက်တယ် ... မောင်မှိုင်း"

"အဘ ဖောက်လာပြီဗျာ ... အတည်မေးနေတာပါဗျ"

ကျွန်တော်က မျက်နှာထားတင်းတင်းနဲ့ ပြောမှ သူ မျက်နှာပိုး သတ်ပြီး ပြန်ပြောတယ်။

"အကြောင်းရှိလို့ပေါ့ ... ငါ့လူရာ။ မင်းကို ငါ ဘယ်ထားခဲ့ချင်ပါ့ မလဲ။ မင်းကိုလည်း ငါ စိုးရိမ်တာပါပဲ။ ငါလည်း ရောက်လေရာမှာ မင်းကို သတိရပါတယ် ... ငါ့လူရာ"

သူ့အသံမှာ အက်ရှရှအသံ ပါနေတယ်ဗျ။

"သတိရပေလို့ပေါ့ဗျာ ... သတိများ မရရင် ကျွန်တော် တစ်စ စီတောင် ဖြစ်သွားနိုင်တယ်ဗျ"

"ဟ ... ငါ့ကောင်က ဒေါ်နကြီးလှချည်လားကွ ဟေ။ မင်းက ဘာကိစ္စနဲ့ တစ်စစီ ဖြစ်ရမှာတုံး"

"မသိချင်ယောင် မဆောင်ပါနဲ့ဗျာ။ ဟို မြစ်ဝကျွန်းပေါ်မြို့က ရှင် တစ်ရာ အလှူမှာ ကျွန်တော် အဘကို နှုတ်ဆက်တော့ မသိဘူး၊ ဘယ်က ကောင်လဲကွ ဆိုပြီး အိုးစည်တော်သား ကိုရွှေသစ်တို့နဲ့ နှင်ထုတ်၊ ထိုးကြိတ် တယ်လေဗျာ"

"ဟော ... မင်း အဲဒီလို ဖြစ်ခဲ့တယ်"

"တော်ပါဗျာ ... ဒါ သတိရတာလား"

သူ စဉ်းစားနေတယ်။ သည့်နောက် ကျွန်တော့်ကို ကရုဏာသက် စွာ ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်မှိုင်း ..."

"ဘာလဲဗျာ ... ထပ်ဇာတ်ဦးမှာလား"

"စိတ်ကို လျှော့ပါ ... ငါ့လူရာ။ ငါတို့ မင်းတို့ ဘယ်လိုရည်ရွယ်ချက်နဲ့ ခရီးသွားနေတယ်ဆိုတာ ရိပ်မိစမ်းပါကွာ။ ရှင်လောင်းလှည့်တုန်းက မင်း စီးကရက်ဗူးခွံမှာ စာရေးပြီး ငါ့လွယ်အိတ်ထဲ ထည့်တာ ငါဖတ်ပြီးပါပြီကွာ"

"တကယ် ..."

"ငါ မညာပါဘူးကွာ။ အရေးကြီးတဲ့ အကြောင်းကြောင့် မင်းကို ငါ မသိချင်ယောင်ဆောင်ပြီး အန္တရာယ်ဖြစ်မှာစိုးလို့ နှင်ရတာပါ"

"ရှိသေးတယ် အဘ"

"ဘာရှိသေးတာတုံးကွ"

သူက ကျွန်တော့်မျက်နှာကို ကြည့်ပြီး ငုံ့လင့်နေတယ်။

"တောင်ငူကို ရောက်ခဲ့မဟုတ်လား"

"တောင်ငူ ... အင်း ... နေပါဦး ... မရောက်ဖူးဘူးနဲ့ တူတယ်ကွ"

"အဘ ..."

"အေ ..."

"ကျုပ်ကို မညာနဲ့တော့"

"ဟေ ... ငါက မင်းကို ... ဘုရားရေ ..."

"ဘုရားတမနေနဲ့။ အဘ တောင်ငူရိုးမတောင်ခြေက ကရင်ရွာမှာ ဘာဖြစ်သွားလဲ ကျုပ် အကုန်သိတယ်"

"ဟုတ်လား ... သိရင် ပြောပါဦးကွ ... ငါ့လူရ"

သူမသိချင်ယောင် ဆောင်နေမှန်း သိတာပေါ့ဗျာ။

ကျွန်တော့်ကို အချဉ်များမှတ်နေလား မသိဘူး။ ဟွန်း ...

တောင်ငူတောင်ခြေက တောထဲမှာ ကိုးတောင်ကျားပေါ် ခုန်ချပြီး စောသာဖိုးတို့၊ စောပွယ်လားတို့၊ မနော်မူတို့ရဲ့ ကရင်ရွာကို ရောက်ခဲ့တယ်။

"စောစံဆေးကို သိလား"

"စော ... စံ ... ဆေး ... ပြောပါဦးကွာ"





"အဘ လူမနေတဲ့ မြန်မာအိမ်အိုကြီးတော့ သိမှာပေါ့"

ဒီမေးခွန်းကြောင့် သူ မျက်ခုံးကို ကျုံ့ပြီး ကျွန်တော့်ကို အကဲခတ်နေတယ်။

"ဦးရွှေရိုးဆိုတာ ဘယ်သူလဲဗျ"

သူ စိုက်ကြည့် အကဲခတ်နေတုန်းပဲ။ စကားမပြောဘူး။

"အဘ ... ထီးရိုးကို ဘယ်သူသတ်တာတုံး"

"ဟော ..."

"ပြောပါ ... ဓားပြထီးရိုး ညာလက်မှာ လက်သန်းတစ်ချောင်း ပြတ်နေတယ်။ သူ့ရင်ဝမှာ ကျည်ဝင်ရာတစ်ချက်၊ သူ့ညာဘက်နားရွက်ကို ကျည်ဆန်ဖောက်ပြီး အပေါက်ဖြစ်လို့ သေနေတယ်။ ထီးရိုးကို အဘသတ်သလား"

" .................. "

"အဘမှာ သေနတ် ပါခဲ့လား"

" .................. "

"ကရင်ရွာလေးမှာ အုတ်အော်သောင်းတင်း ဖြစ်ခဲ့တယ်ဗျ"

"မောင်မှိုင်း ..."

"ပြောပါ ... အဘ"

"ငါ မသတ်ဘူးကွ"

"သိပါတယ်။ အဘ စာရေးပေးလိုက်တာကို ကရင်လူကြီးတွေ ပြောပြလို့ သိခဲ့ရပါတယ်။ ထီးရိုးကိုသတ်ဖို့ လိုက်လာတဲ့လူက နှစ်ယောက်ဗျ ... ဟုတ်ရဲ့လား"

"မင်းက စာရေးဆရာမဟုတ်ဘူး၊ စုံထောက်ပဲ။ အလွတ်စုံထောက်ကိုးကွ ... ဟင်း ဟင်း ဟင်း ဟင်း ... ပြောပါဦး၊ ဘယ်လိုလုပ်ပြီး ထီးရိုးကို လူနှစ်ယောက်က သတ်ဖို့လာခဲ့တာတုံးတဲ့ ... စုံထောက်ကြီးရ"

"အဘ ခြေတစ်ချောင်းပြတ်နေတဲ့ ဦးဝေသာလီကို သိလား"

"အဲ ... ဝေသာလီ ... အဲ ... အဲ ... ပြောပါဦး"

"သိလား၊ မသိဘူးလား အရင်ပြောဗျာ"

"အေး ... အေး ... သိပါတယ် ... ငါ့လူရာ"

"ဓားပြထီးရိုးကို ပွဲခင်းထဲမှာ စတွေ့တာက အဘပဲ ... သူ့ကို ထမင်းတစ်ရွက် ပေးလှူပြီး အကဲစမ်းတာ အဘပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



''အင်း ... အင်း ...''

''သူတို့ ကျိုက်ထိုအနီးမှာ ကျုပ်တို့ကားကို ဓားပြတိုက်တယ်။ သူတို့က ရုပ်သွင်ထူးခြားတဲ့ အဘကို မှတ်မိတယ်။ အဘကလည်း လက်သန်းပြတ်နေတဲ့ သူ့ကို မှတ်မိတယ်။ ကရင်ရွာ ဘုရားပွဲမှာ ပြန်ဆုံပြီး မျက်မှန်းတန်းမိတော့ အဲဒီည အဘကို နှုတ်ပိတ်ဖို့ ရှေးဟောင်း တဈေ့ခြောက်တဲ့ အိမ်မှာ အဘကို အိပ်နေတုန်း လာသတ်တာ။ ဦးဝေသာလီကလည်း သူ့ခြေထောက် ဖြတ်ခဲ့ရတာ ဓားပြထီးရိုးကြောင့်ဆိုတာ သိလို့ မြေလှန်ရှာရင်း ထီးရိုးနောက်ကို လိုက်နေတာ။ ထီးရိုး အဘအိပ်တဲ့ တဈေ့အိမ်ကြီးပေါ် ရောက်နေမှန်း ဦးဝေသာလီသိလို့ နောက်ယောင်ခံ လိုက်လာချိန် သေနတ်သံနှစ်ချက် ကြားလိုက်ရတယ်။ အဘကို မျက်နှာဖုံးစွပ် လူတစ်ယောက် အတင်း ဆွဲခေါ်သွားတယ်။ ဓားပြထီးရိုးကတော့ သေပြီ။ သေတာတောင် ရိုးရိုးသေတာ မဟုတ်ဘူး။ နားရွက်ပါ စပါယ်ရှယ်ကျည်ဆန်ဖောက်ပြီးမှ သေရတာ။ အဘကို ဆွဲခေါ်သွားတဲ့လူက ....''

ကျွန်တော် စကားအဆုံးမပြောသေးဘဲ အဘမျက်နှာကို စိုက်ကြည့်လိုက်တယ်။ အဘရဲ့မျက်လုံးတွေက ကျွန်တော့်ကို အံ့အံ့သြသြကြည့်ပြီး ချီးကျူးဟန်ပြုနေတဲ့ မျက်လုံး။

''ငါ့ကို ဆွဲခေါ်သွားတာ ဘယ်သူတုံး''

''မိန်းမတစ်ဦးဗျ''

''ဟေ ... နေပါဦး၊ မင်း ဘယ်လိုလုပ် သိလို့တုံးဟ ပေါ''

''နှင်းဆီပန်းတစ်ပွင့် နောက်ဖေးလှေကားအောက်မှာ ကျကျန်ရစ်ခဲ့တယ်။ အဲဒီလူက မိန်းမ၊ ထီးရိုးကို အဘမသတ်ဘူး။ ကျွန်တော် ယုံတယ်။ ဦးဝေသာလီလည်း သိတယ်။ ထီးရိုးကို သတ်တာ ဘယ်သူလဲအဘ''

''အင်း ... မင်းပြောတာတွေ အားလုံး မှန်ပါတယ် ... ငါ့လူရာ ထီးရိုးကိုသတ်တာ မိန်းမတစ်ဦးပဲ။ အမှန်က ထီးရိုးက ငါ့ကို နှုတ်ပိတ်ပြီး သတ်ဖို့။ ဆီးသွားပြီးပြန်တက်လာတဲ့ ငါ့ကို သေနတ်နဲ့ ချိန်လိုက်ချိန်မှာ ဒီတုန်းက ဖယောင်းတိုင်မီးထွန်းထားတော့ ရှင်းအောင် မြင်ရတာကိုးကွ။ ငါ့ကို ထီးရိုးက သတ်ဖို့လုပ်ချိန်မှာ သေနတ်သံတစ်ချက် ကြားရပြီး ထီးရိုး ရင်ဝကိုဖိရင်း ဒူးထောက်ကျသွားချိန် လူတစ်ယောက်က ထီးရိုးလက်ထဲက သေနတ်ကို လုယူပြီး ထီးရိုးရဲ့ ညာဘက်နားရွက်ကို ဆွဲပြီး သေနတ်နဲ့ ပစ်





ဖောက်လိုက်တာ။ ပါးစပ်ကလည်း ပြောသွားသေးတယ်။ 'အကြွေး ကျေပြီ' တဲ့။ ထီးရိုးလည်း လဲကျ သေသွားတယ်။ ငါလည်း အရမ်း အံ့အားသင့်နေပြီကွာ။ ဒီမှာ သေနတ်သမားက ထီးရိုးရဲ့အလောင်းကို ငါအိပ်တဲ့ဖျာပေါ်မှာ အိပ်နေသလို ပြင်ထားပြီး စောင်ခြုံထားခဲ့တာပဲကွ။ ပြီး ငါ့လက်ကို ဆွဲခေါ်သွားခဲ့တယ်။ ငါက ဘယ်သူလဲမေးပြီး ရုန်းတယ်။ ဒီမှာ သူက 'အဘ လိုက်ခဲ့ပါ၊ အန္တရာယ်များတယ်' လို့ ပြောတော့မှ မိန်းကလေးမှန်း သိပြီး ငါလည်း ဖြစ်ချင်ရာဖြစ်၊ နောင်မှပဲ ဒီကိစ္စလာရှင်းမယ်။ သင်းလက်ထဲလည်း သေနတ်ရှိနေတာကြောင့် ငါ့ပါသတ်မသွားရအောင် ငါ့ပစ္စည်းသိမ်းပြီး သူခေါ်ရာ လိုက်ခဲ့လိုက်တယ်။ အတော်ဝေးတဲ့နေရာရောက်တော့ ငါ့ကို 'အဘ သုံးဖို့' ဆိုပြီး ပိုက်ဆံတစ်ထပ် ပေးခဲ့တယ်။ ငါက မယူဘူးလို့ ပြောပြီး မေးတာပေါ့ကွာ''

''မင်း ဘယ်သူလဲ ... မိန်းကလေး''

''ကျွန်မနာမည်ကို မမေးပါနဲ့ အဘ''

''ကျွန်မ အချိန်မီမရောက်ခဲ့ရင် အဘ သေပြီလေ''

''ဟုတ်ပါတယ်ကွယ် ... ဒါပေမင့် ဒါက လူသတ်မှုလေ''

''နာမည်ကြီးဓားပြ အသတ်ခံရတာ မြန်မာပြည်မှာရှိတဲ့ ရဲအဖွဲ့ ရော၊ မြို့သား ရွာသူတွေပါ ဝမ်းသာကြမှာပါ ... အဘ။ အဘကို ကျွန်မ ကန်တော့ပါတယ်ရှင့်''

ငါ့ကို ငွေစက္ကူတွေပေးတယ် ငါမယူဘူး။ မိန်းကလေးက ငါ့ကို ထိုင်ကန်တော့ပြီးနောက် ...

''အဘ ...''

''ဘာလဲ ... ကလေးမ''

''တောကြီးမြွေဟောက်ကို သိလား''

''နာမည်ကြီး သူတော်ကောင်း ဓားပြပဲတဲ့ကွယ့်''

''သူ့ကိုရှောင်ပါ ... အဘ။ ကျွန်မ သူနဲ့ စာရင်းရှင်းစရာရှိတယ်။ ဒီစာရင်းရှင်းပွဲမှာ အဘ ဝင်က,ရှုပ်မှာပဲ''

''ဟေ ...''

''ရှောင်သွားတော့ အဘ၊ သွားပြီနော်''

''နေဦး ... ကလေးမ၊ ဟေ့ ... ခဏနေဦး''



www.burmeseclassic.com

www.burmeseclassic.com



သူ မှောင်ထဲမှာ တိုးဝင်ပျောက်သွားတယ်။ မျက်နှာကို အဝတ်နက် စည်းထားတယ်ကွ။ ဆံပင်ကတော့ ပြေးရင်းမို့ ပြေကျနေတယ်။ အမှောင်ထဲမှာ လမ်းခွဲကြတော့ မျက်လုံး မျက်ခုံး မမှတ်မိဘူး။ စဉ်းစားစရာက ဒီလိုအသံမျိုးကို ငါ ကြားဖူးသလိုပဲ။ သို့သော် ဒီမိန်းကလေး သေနတ်သမားက အတော့်ကို သန်မာပြီး ဖျတ်လတ်လျင်မြန်တယ်ကွ''

အဘက စဉ်းစားသလို လုပ်ရင်း စကားကို အဆုံးသတ်တယ်။

''ကျွန်တော်လည်း စဉ်းစားမိတယ် ... အဘရ''

''မင်းက ဘယ်လိုများ စဉ်းစားမိလို့တုံးဟ''

''မိန်းကလေးက ဓားပြထီးရိုးရဲ့ နားရွက်ကို သေနတ်နဲ့ပစ်ဖောက်ပြီး 'အကြွေးကျေပြီ' လို့ ပြောတယ်နော်''

''အေး ... ပြောတယ်''

''အဘ ... အဲဒီမိန်းကလေးရဲ့ ညာဘက်နားရွက်ကိုရော သတိထား ကြည့်မိသေးလားဗျ ... ဟင် ... ဟင်''

''ဟင့်အင်း ... မှောင်နေတယ်လေကွာ ... ဘာဖြစ်လို့လဲကွ .. ငါ့လူရ''

''မိန်းကလေးရဲ့ နားရွက်မှာသာ အပေါက်ကျယ်တွေ့ရင် ဒီ သေနတ်သမား မိန်းကလေးဟာ ... ဟို ... ဟို ... ကျွန်တော်တို့ ဓားပြတိုက်ခံရတုန်းက ထီးရိုး သေနတ်နဲ့ နားရွက်ကို ပစ်ဖောက်ခဲ့တဲ့ မိန်းကလေး နွယ်ချို ... အဲလေ ... အဲဒီမိန်းကလေးများ ဖြစ်နေမလားလို့''

''ဘာလဲ ... ငါ နားရွက်သွေးတွေတိတ်အောင် လုပ်ပေးခဲ့တဲ့ မွန်လိုလို မိန်းကလေးလား''

''သိပ်ဟုတ်ပေါ့ဗျာ ... ကျွန်တော်က နှင်းဆီပန်း ပန်ထားလို့ မနှင်းဆီလို့ အမည်ပေးထားတာဗျ။ အဲဒီ နားပေါက်နွယ်ချိုများ လာကလဲ့စား ချေ သတ်သွားသလားလို့''

''ဟုတ်မယ်မထင်ပါဘူးကွာ ... ဓားပြတိုက်ခံရတုန်းက နားဖောက်ပစ်ခံရတဲ့ မိန်းကလေးက ပျော့ပျော့ပုံစံပါကွာ''

''သူလည်း တောကြီးမြွေဟောက်ကို ရှာနေပုံပဲဗျ''

''ဟုတ်လိုက်လေကွာ ... ငါ့ကို တောကြီးမြွေဟောက်တွေ့ရင် သတိထားတဲ့ကွ။ သူနဲ့လည်း စာရင်းရှင်းစရာ ရှိသေးသတဲ့ကွ။ ငါတောင် ဒီစာရင်းရှင်းပွဲမှာ ဝင်က,ရဦးမယ်လို့ နိမိတ်စကား ပြောသွားတယ်ကွ''





''တော်တော်တော့ ထူးဆန်းနေတာပဲဗျာ။ ကျွန်တော်တို့ဇာတ်က တော့ ရှင်းလေရှုပ်လေ၊ သွားလေ တွေ့လေပဲ ... အဘရ။ ဒါနဲ့ ... အဘ၊ အဘအခု ဖြစ်နေပျက်နေ သွားနေတဲ့ကိစ္စ၊ ကျွန်တော့်ကို ခပ်ခွာခွာနေလို့ စာရေးပြောတဲ့ကိစ္စ အခုပဲ ရှင်းတော့ဗျာ''

''မောင်မှိုင်း ...''

''ဗျာ ...''

''ငါတို့ ကျိုက်ထိုမှာ ဓားပြအတိုက်ခံရတယ်''

''ဟုတ်တယ်လေ ... ဝတ်စရာ စွပ်ကျယ်ပဲ ကျန်တာဥစ္စာ၊ အခု ဝယ်စားလို့ရနေတာ၊ လူမြင်သန့်နေတာ ဘုန်းအိုကြီးနဲ့ အဖျားခေါင်းခေါ်မြတ်ကြို ကောင်းလို့ ... အဘရ''

''ငါတို့ လှိုင်ဝှက်မြေအောက် သင်္ချိုင်းဂူထဲ ရောက်ခဲ့ကြတယ်''

''ဟုတ်ပေါ့ဗျာ''

''ဒီပေစာထုပ်ထဲက မြို့စားလေးသံယောဇဉ်ရဲ့ကတော် ရှင်မင်းယာစို အဖြစ်အပျက် ...''

''ဘာဖြစ်လို့လဲ''

''မင်း ... အဲဒီဂူသင်္ချိုင်းထဲက ပတ်ကားဖောင်တိန် ငါ ပြောဆိုတောင်းပန် ယူခဲ့တာ မှတ်မိလား''

''မှတ်မိတာပေါ့ ... အဘရဲ့။ ကျုပ်က ရွှေဒင်္ဂါးတစ်ပြား မပြောဘဲ ယူခဲ့လို့ တစ်ညလုံး အိပ်မက်ဆိုးတွေနဲ့ ဒုက္ခရောက်နေလို့ နောက်နေ့ အဘတို့၊ ဘုန်းအိုကြီးတို့နဲ့ သွားပို့တာလေ။ ဖောင်တိန်အကြောင်း သိတာပေါ့။ အဲဒီဖောင်တိန်ကို အဘ .. ဟို .. အလှူရှင်သူဌေး ညီလား အစ်ကိုလား ပေးလိုက်တာလေ။ ကျွန်တော်တောင် ဘာလို့ပေးလိုက်ရတာလဲဆိုပြီး ဝင်ပြောမိတော့မလို့ဗျ''

''ဇာတ်တွေပေါင်းပြီ ... မောင်မှိုင်းရ''

''ဗျာ ...''

အဘ ခေါင်းတညိတ်ညိတ်လုပ်ပြီး အသံလေးလေးနဲ့ ပြောနေတာ ဗျ။

''အဘ ဘယ်လိုဇာတ်ပေါင်းတာတုံးဗျာ ... ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"ငါ တောကြီးမြွေဟောက်ကို တွေ့ပြီကွ"

"ဟင် ... တောကြီးမြွေဟောက်ကို တွေ့ပြီ၊ အဘ ... ရိုးရိုးလူလား၊ မားပြလား"

"လူ ... လူ ... ဒီနယ်မှာ အလွန်နာမည်ကြီး၊ ဩဇာကြီး၊ တပည့်လူမိုက် လက်ရုံးတွေများတဲ့၊ ကြောက်စရာကောင်းတဲ့ သူတော်ကောင်းအယောင်ဆောင် မားပြဂိုဏ်းခေါင်းဆောင် တောကြီးမြွေဟောက်ကို တွေ့ပြီကွ ... ငါတွေ့ပြီ"

"တွေ့တော့ရော အဘက ဘာလုပ်မှာတုံး။ ကိုယ်နဲ့ တောကြီးမြွေဟောက်နဲ့ကော ဘာကိစ္စ ပတ်သက်စရာ ရှိလို့လဲ"

ကျွန်တော့်မေးခွန်းကို ချက်ချင်း မဖြေဘူး။

လွယ်အိတ်ထဲက ကွမ်းထုပ်ကြီးကို ဖြေပြီး ကွမ်းတစ်ယာ ယာဝါးတယ်။ ဝါးရင်း ဟိုးအဝေးတောင်တန်းတွေကို ငေးကြည့်သလို ကြည့်ရင်း စဉ်းစားသလို လုပ်နေပြီး ...

"ငါတွေ့ပြီ ... မောင်မှိုင်း"

"တောကြီးမြွေဟောက်ကိုလား"

"သူ့အပြင် နောက်တစ်ယောက်ကွ"

"ဘယ်သူတုံး ... အဘရ"

"ဒေါ်ရှင်မင်းယာစို ..."

"ဗျာ ..."

"ဒေါ်ရှင်မင်းယာစို ... ဟို ... ဟို ... မြေအောက်သချိုင်းဂူထဲက မြို့စားလေး သံယောဇဉ်ရဲ့ဇနီး မြို့စားကတော် ဒေါ်မင်းယာစိုကို ပြောတာလား ဟင်"

"ဟုတ်တယ် ..."

"ဘုရားရေ ... အဲဒီတော့ ဘာတွေဖြစ်ကြတုံး ... အဘရာ။ အံ့ဩစရာပါလားဗျာ"

"အန္တရာယ်များတယ်၊ စွန့်စားစရာတွေ ရှိတယ်။ ငါလည်း ဝင်ပါနေရတယ်။ လာကွ ... ဒီနေရာမှာ ပြောရင် အခြားလူတွေ တွေ့သွားမယ်။ တစ်နေရာ သွားကြစို့"

---

**စိတ်ကူးသစ်စာပေ**



သည့်နောက် ကျွန်တော်တို့နှစ်ဦး ရန်ကင်းတောင်ပေါ်တက်သည့် လမ်းနံဘေး (ယခု တောင်တက်ကားလမ်း) ရှိ 'ဂူသစ်ဂူ' ရှိရာကို လာခဲ့လိုက်ကြတယ်။

ဒီနေရာက လူသွားလူလာ နည်းတယ်ဗျ။

ငါးရုံ့မင်းလိုဏ်ဂူတောင် အရှေ့ဘက် တောင်ပေါ်တက်လမ်း အရှေ့ဘက်မှာ 'ဝက်ပါလိုဏ်ဂူ' ဆိုတာ ရှိတယ်။

ဝက်ပါလိုဏ်ဂူရဲ့ တောင်ဘက်မှာ ဂူသစ်ဂူက ရှိတာ။ ပြောစကားနဲ့ စာအုပ်မှတ်တမ်းအရဆိုရင် ...

လွန်ခဲ့တဲ့နှစ် (       )က အိပ်မက်အရ တူးဖော်ရင်း လိုဏ်ဂူတစ်ခုကို တွေ့ကြတာတဲ့။ လိုဏ်ဂူအတွင်းက ရက္ခန်းစင်တောင်ဆရာတော်ရဲ့ ပစ္စည်းအသုံးအဆောင်တစ်ခုနဲ့ ဉာဏ်တော်အမြင့် (၈)လက်မခန့် ရုပ်တော်မှု ရုပ်ပွားတော်တစ်ဆူ တူးဖော်တွေ့ရှိခဲ့တယ်လို့ သိရပါတယ်။ လိုဏ်ဂူတော်အတွင်းရဲ့ နံရံကျောက်သားပြင်မှာ သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ အင်ကြင်းတောနဲ့ မိကျောင်းပုံတွေ ပါရှိနေတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၃၆]

❑

မင်း မြင်ရကြားရတဲ့ အတိုင်းပေါ့ကွာ။ ငါ မင်းကိုထားခဲ့ပြီး တစ်ယောက်တည်းထွက်သွားတာ အကြောင်းရှိတယ် . . . ငါ့လူရေ။

ငါတို့ မြေအောက်လျှို့ဝှက် သချိုင်းထဲမှာ ကျည်ဆန်အခွံ (၅) တောင့်၊ ဆေးပြင်းလိပ်တိုတစ်ခုနဲ့၊ ပတ်ကားဖောင်တိန်တစ်ချောင်း တွေ့ခဲ့တယ်။

ဟုတ်တယ်နော်။

ပတ်ကားဖောင်တိန်အိုးပေါ်မှာ (TTT) အင်္ဂလိပ်စာ (၃)လုံးကို အပ်စိုက်စာလုံးနဲ့ ရေးထားတယ်။ ငါ ဒါကို စိတ်ဝင်စားခဲ့တယ်ကွ။

ဒီမြေအောက် လျှို့ဝှက်ဂူသချိုင်းထဲကို လူစိမ်းတွေ လာသွားခဲ့တယ်။ အပစ်အခတ်တွေလည်း ဖြစ်ခဲ့တယ်ဆိုတာ ကျည်ဆန်ခွံ (၅)တောင့်က သက်သေခံနေတာပဲ။





ပြီး သူတို့လူစုက မြို့စားရဲ့ အုတ်ဂူအဖုံးကျောက်ပြားကို တူလိုမာကျောတဲ့ပစ္စည်းနဲ့ ထုခွဲဖျက်ဆီးသွားကြတယ်။

ဘာလို့ ဖျက်ဆီးကြသလဲ။

ပြန်သုံးသပ်ရင် ဒီမြေအောက်ထဲက မြို့စားလေးသံယောဇဉ်ရဲ့ ဂူသချိုင်းအကြောင်း သိတဲ့လူရှိတယ်။

ဒီအုတ်ဂူထဲမှာ အဖိုးတန်ရတနာပစ္စည်းတွေ ရှိတဲ့လူ ရှိတယ်။ ဒါကို သူတို့က ဖော်ကြတာ။ ရသွားပုံတော့ မပေါ်ဘူး။

ဘာလို့ ငါ ဒီလိုပြောနိုင်လဲဆိုတော့ အုတ်ဂူရဲ့ ကျောက်ပြားအဖုံးလုံးဝ နေရာမရွေ့လို့ပဲ။

ပြီးတော့ ဆေးပြင်းလိပ်တိုတစ်ခု သွားနဲ့ကိုက်သောက်တဲ့ ဆေးပြင်းလိပ်။

နာမည်က ရွှေပုစွန်ဆေးပြင်းလိပ်တဲ့။

မြန်မာပြည်မှာ နာမည်ရတဲ့ ဆေးပြင်းလိပ်ဆိုလို့ အမည်နှစ်ခုပဲရှိတယ်။ ရွှေပုစွန်နဲ့ ခရုတံဆိပ် ဆေးပြင်းလိပ်ပဲ။ ခရုတံဆိပ်က ပေါ့တယ်။ ဖြူတူတူ အရောင်ရှိတယ်။ ရွှေပုစွန်က ဆေးရွက် မဲတယ်၊ စိုတယ်၊ ကျစ်တယ်၊ ဆေးရွက်နံ့ ပြင်းတယ်။

ရွှေပုစွန်ဆိုတဲ့တံဆိပ်က ရွှေရောင်စာလုံး အပတ်ပါတယ်။

ခရုတံဆိပ် ဆေးပြင်းလိပ်ကို လူသာမန်တွေ သောက်လေ့ရှိပြီး ရွှေပုစွန်လို ဆေးပြင်းခါးသက်သက်ရှိတဲ့ ဆေးပြင်းလိပ်ကို သောက်သက်ရင့်တဲ့ လူသန့်တွေ အသောက်များတယ်။

ဒီထဲကို ဝင်လာ၊ ဖျက်ဆီးတဲ့ လူအုပ်စုဟာ သာမန်အဖွဲ့မဟုတ်ဘူး။ လူရည်သန့်၊ သတ်ရဲ၊ ဖြတ်ရဲ၊ အကြံကြီးတဲ့လူစုလို့ ကောက်ချက်ချဆို့ရတယ်။

သူတို့ ဘာကြောင့် မြို့စားလေးရဲ့ အုတ်ဂူအဖုံးကို ဖွင့်လို့မရတာလဲ ငါမသိဘူး။ ဖွင့်လို့ရရင်လည်း ဒီလိုအဖုံး အံကျအောင် ပြန်တင်ထားမှာမဟုတ်ဘူးကွ။

သူတို့လိုချင်တာ အထဲက တန်ဖိုးရှိတဲ့ ရတနာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရမသွားနိုင်ဘူး။

အဲဒီလို မရတဲ့အတွက် ထပ်ကြိုးစားကြမှာပဲ။

ငါ သဲလွန်စ ပတ်ကားဖောင်တိန်ကို ခွင့်တောင်းပြီး ယူခဲ့တယ်။ အကြောင်းသင့်ရင် ဒီဖောင်တိန်ပိုင်ရှင်များ တွေ့ရနိုးပေါ့။ မင်းလည်းသိပါတယ် ဒီဂူသချိုင်းထဲက သူတို့ပိုင်ပစ္စည်း အပ်တို့တစ်ချောင်း ခိုးယူသွားလို့ မရဘူး။

"ဟုတ်တယ် ...။ ကျွန်တော် ရွှေဒင်္ဂါးတစ်ပြား ယူခဲ့တုန်းက ဆံကျစ်ကုလားအဘိုးကြီး လာပြန်တောင်းပြီး ကျွန်တော့်ကို အိပ်မက်ပေးတာမှ ကြောက်စရာကြီး"

ငါတို့၊ မင်းတို့ မြေအောက်ဂူသချိုင်းက ပြန်လာခဲ့ကြတယ်။ ဘုန်းကြီးကျောင်းမှာ ညအိပ်ကြတယ်။

ငါလည်း ပတ်ကားဖောင်တိန်ကို တိုက်ပုံအကျႌအိတ်မှာ ချိတ်ပြီး အိပ်ဖို့ ကြိုးစားနေချိန် ကြိုးစားရင်း စဉ်းစားတာပေါ့။

ဒီပတ်ကားဖောင်တိန်ပိုင်ရှင် လူစု ဒီမြို့စားဂူအကြောင်း ဘယ်လိုလုပ် သိသွားကြတာလဲ။

ဘုန်းကြီးအိုကြီးကတော့ ပြောမှာမဟုတ်ဘူးပေါ့။

မျက်လုံးမှိတ်ပြီး တွေးနေ၊ စဉ်းစားနေတုန်း ...

"အဘ ... အဘ ..."

"ခေါ်သံကွ"

"ယောက်ျားတစ်ယောက်ရဲ့ ခေါ်သံ"

"ငါ့ခြေရင်းကနေ ခပ်တိုးတိုး ခေါ်တဲ့အသံ"

"ဘယ်သူလဲ ... မောင်မှိုင်းလားကွ"

"ကျွန်ုပ်ပါ အဘ"

"ဟေ ..."

မင်းကလည်း ငါနဲ့ မလှမ်းမကမ်းမှာ အိပ်နေတာပါ။ မင်းအသံ ငါမှတ်မိဉစ္စာ။ ခုအသံက မင်းအသံမဟုတ်ဘူး။ ပြီး ကျွန်ုပ်လို့ ကိုယ်စားပြုစကားနဲ့ ပြောနေတာ။





ဒါနဲ့ ငါ မျက်လုံးဖွင့်ကြည့်လိုက်ရော ...

"ဟာ ..."

"ရှူး ... ရှူး ..."

ငါ့လူရာ .. လူရွယ်တစ်ယောက်ပါကွ။ ရွှေကျင်ခတ်ပဝါကို ပေါင်းလို့ ရှေးခေတ် မြို့စား၊ မင်းသားများဝတ်တဲ့ အဝတ်အစားမျိုးဝတ်လို့ တောင်ရှည်ကို အောက်ပိုးကျိုက်ထားတယ်။

ညက ပိန်းနေအောင် မှောင်နေတာကွ။

သို့သော် သူ့ကို ငါ လင်းလင်းထင်းထင်း မြင်နေရတာကွ။ ငါလည်း ကုန်းထပြီး မေးလိုက်တယ်ကွ။

"မောင်ရင်က ဘယ်သူတုံး"

"ကျွန်ုပ်က မြို့သစ်မြို့စားလေးပါ ... အဘ"

"ဟေ ..."

"မြို့စား ... သံယောဇဉ်ဆိုတာလား ဟင်"

"ဟုတ်ကဲ့ပါ ... အဘ"

ငါ့လူရာ ... အခု ငါပြောတာကို မင်း ယုံပါ့မလားမသိဘူး။

ဒီအကြောင်း အခြားလူပြောရင် ငါ့ကို စိတ်ကူးယဉ်ပြီး ရူးသွားတာလို့ ပြောကြမှာပဲ။

"ဟော့ကောင် ... ငမှိုင်း၊ ဒီအကြောင်း မင်းသိပြီးရင် အခြားလူ ဖြန့်မပြောပြနဲ့ ... ကြားလား"

"စိတ်ချပါ။ အဘအကြောင်း ကျွန်တော် အသိဆုံးဥစ္စာ။ ဘယ်ပြောပါ့မတုံးဗျာ"

ငါ့ခြေရင်းမှာ ရပ်နေသူက လူဖြောင့် ရုပ်ချောပဲဟေ့။

"မြို့စား ... မြို့စား ကွယ်လွန်သွားပြီ မဟုတ်လား"

"မှန်ပါတယ် ... အဘ၊ အခု မကျွတ်မလွတ်ဘဝကနေ အဘကို လာတွေ့တာပါ"

"ဟေ ..."

"အဘကို ပြောစရာရှိလို့ မြေအောက်ဂူသချိုင်းကနေ လာခဲ့ရတာပါ၊ ခွင့်ပြုပါ အဘ"



www.burmeseclassic.com

www.burmeseclassic.com



''မြို့စား ... ဒီရှေ့မှာ လာထိုင်ပါ၊ ခြေရင်းမှာ မရပ်ပါနဲ့''

ငါက မေတ္တာရပ်ခံပြောမှ တစ္ဆေပဲ ပြောကြပါစို့ကွာ။ မြို့စား သံယောဇဉ် ငါ့ဖျာနံဘေးမှာ ညင်ညင်သာသာ လာထိုင်တယ်ကွ။

''မြို့စား ... ပြောပါခင်ဗျာ''

''အဘတို့၊ ဘဘုန်းတို့ လာသွားတာ ကျွန်ုပ်တို့ သိပါတယ်''

''ဟေ ...''

''အဘ အခွင့်တောင်းလို့ ကျွန်ုပ်တို့ပစ္စည်းကို ကြည်ဖြူစွာ ယူသွားခွင့် ပြုခဲ့ပါတယ်''

''ဖောင်တိန်ကိုပြောတာလား ... မြို့စား''

''ဒါတော့ ကျွန်ုပ် မသိပါဘူး။ ဘာပစ္စည်းလဲ မသိပါဘူး။ ကျွန်ုပ် အဘနဲ့ ဘဘုန်းကို ယုံကြည်ကိုးစားပါတယ်။ သူတို့လည်း ကျွန်ုပ်ရဲ့သချိုင်း ဂူရှိရာကို အစုအဝေးနဲ့ ရောက်လာပြီး ကျွန်ုပ်ရဲ့ကျောက်ဂူကို ဖျက်ဆီးကြတယ်''

''မြို့စား ...''

''အဘ ...''

''သူတို့ဆိုတာ ဘယ်သူတွေလဲဟင်''

''လောဘသား၊ အဓမ္မသားတွေပေါ့ အဘ။ သူတို့ ဘယ်သူတွေမှန်းတော့ မသိပါဘူး။ ကျွန်ုပ်ရဲ့ဂူကို ဖျက်ဆီးကြတယ်။ သူတို့ကို ကျွန်ုပ်ရဲ့ နောက်လိုက်တွေက ကြောက်လန့်အောင်လုပ်လို့ သူတို့ ထွက်ပြေးသွားကြတယ်။ သူတို့မှာ မီးပေါက်လက်နက်လည်း ပါတယ် ... အဘ''

''သေနတ်ကို ပြောတာလား''

''ဟုတ်တယ် ... မီးပေါက်သေနတ်တွေနဲ့ ပစ်ကြတယ်''

''အဲဒီတော့ ...''

''အဘကို အကူအညီတောင်းချင်တယ်။ အဘနဲ့ ဘဘုန်းကိုပဲ ကျွန်ုပ်တို့အားလုံး ယုံကြလို့ပါ''

''ပြောပါ ... မြို့စား၊ ကျုပ် ဘယ်လိုကူညီရမှာလဲ ... ပြောပါ''

''ကျွန်ုပ်ရဲ့ကတော် ရှင်မင်းယာစိုကို ရှာပြီး ခေါ်လာခဲ့ပေးပါ ...





အဘ''

''ဗျာ ... မြို့စားကတော်ကို ပြောတာလား မြို့စား''

''ဟုတ်တယ် ... သူရောက်လာမှ သူ့မျက်ရည်နဲ့ သွေးနဲ့ ဂူကျောက်ဖုံးကို ထိမှ အဖုံးဖွင့်လို့ရပြီး သူ့အတွက်ထားတဲ့ ရတနာလက်ဝတ်လက်စားတွေ ရှင်မင်းယာစို ရလိမ့်မယ်။ ဒီပစ္စည်းတွေနဲ့ ရှင်မင်းယာစို ကိုယ်တိုင် ကောင်းမှုကုသိုလ်ပြု အမျှဝေမှ ကျွန်ုပ်တို့ ဘဝကူးကောင်းမှာမို့ပါ''

''မြို့ ... စား ...''

''ပြောပါ ... အဘ''

''မြို့စားကတော် ... ဟို ... ရှင်မင်းယာစို ... ရှိ ... ရှိသေးလို့လား ... ဟင် ... ဟင် ...''

''သက်ရှိထင်ရှား ရှိလိမ့်မယ်လို့ ကျွန်ုပ် ယုံကြည်တယ်။ ကျွန်ုပ် မျှော်လင့်စောင့်စားနေတယ် ... အဘ''

''ဟို ... ဟို ... လေ ...''

''ဘာပြောချင်လို့တုံး ... အဘ၊ ပွင့်ပွင့်လင်းလင်း ပြောပါ''

''မြို့စားကတော် ကွယ်လွန်သွားခဲ့ပြီဆိုရင်ကော မြို့စား''

''အင်း ... ရှင်မင်းယာစို ကွယ်လွန်သွားခဲ့ပြီ ဆိုရင်တော့၊ သေချာရင်ပေါ့လေ ကျွန်ုပ်တို့ထိုက်နဲ့ ကျွန်ုပ်တို့ ကံပဲပေါ့။ သစ္စာမှန်တဲ့ အဘတို့၊ ဘဘုန်းတို့ ရရှိခဲ့ရင် ကျွန်ုပ်တို့ရယ်၊ ရှင်မင်းယာစိုရယ် ကောင်းမှုကုသိုလ်ပြု ဖိတ်ခေါ် အမျှပေးဝေပါ ... အဘ''

''အင်း ... အင်း ... အင်းပေါ့လေ ...''

ဒါပေမင့် ...

မြို့စားက ပြောရင်း ငေးနေတယ်၊ ငေးရင်းနဲ့ ပြောနေတယ်။

''ရှင်မင်းယာစို မသေသေးဘူး''

''မြို့စား ဘယ်လိုလုပ်သိလို့ မသေသေးဘူး ပြောတာတုံး''

''သူမ အမျှဝေတဲ့အသံ ခပ်သဲ့သဲ့ ကြားရတယ်''

''ဗျာ ...''



www.burmeseclassic.com

www.burmeseclassic.com



''ဒါပေမင့် ကျွန်ုပ် သာဓု မခေါ်ခဲ့ဘူး''

''အို ... ဘာလို့ သာဓုမခေါ်ရတာတုံး ... မြို့စားရယ်၊ သာဓု ခေါ်မှပေါ့ဗျာ''

''ကျွန်ုပ် သူ့အတွက်ရည်စူးထားတဲ့ ရတနာပစ္စည်းတွေ သူ့လက်ထဲ မရောက်မချင်း ကျွန်ုပ် သာဓု မခေါ်ချင်ဘူး''

''ဗျာ ... ဘာ ... ဘာဖြစ်လို့''

''ကျွန်ုပ် သူ့ကို ချစ်တုန်းပဲ ... အဘ''

''အို ... ဖြစ်ရလေ ... မြို့စားရယ်၊ အစွဲ ကြီးလှချည်လားဗျာ၊ အဲလို မစွဲလမ်းကောင်းဘူး ... မြို့စားရဲ့''

''မှန်ပါတယ် ... အဘ။ ကျွန်ုပ် သူ့ကို မစောင့်ရှောက်နိုင်ခဲ့လို့ပြီး ကျွန်ုပ်ရဲ့ ယုံကြည်မှုမှာ နစ်မြုပ်ခဲ့တဲ့ အချိန်တွေကြောင့် ကျွန်ုပ်ကိုယ်စား သူမဘဝ နာကျင်စွာ ခံစားခဲ့ရတာ။ သူ ဘယ်အရပ်မှာရှိတယ် ကျွန်ုပ် မသိဘူး။ ကျွန်ုပ် ရှင်မင်းယာရဲ့ အမျှဝေသံကို အရင်က ကြားရတယ်။ အဲဒီအသံနဲ့ ကျွန်ုပ် မျှော်လင့်နေတာ။ သူ ကျွန်ုပ်ရဲ့ ကျောက်ဂူရှေ့မှာ ရပ်နေတာ၊ ငိုနေတာ မြင်ချင်တယ်။ သူ့ဘဝတစ်သက်စာတွေ ကောင်းမှုပြုဖို့ ရတနာတွေ ပေးချင်တယ်။ သူ ဒီပစ္စည်းတွေနဲ့ ပြုလုပ်မည့် ကောင်းမှုကုသိုလ်နဲ့ အမျှဝေသံကို ကျွန်ုပ် ကြားချင်တယ်။ ခု သူမရဲ့ အမျှဝေသံ မကြားရတာ အတန်ကြာနေတယ်။ အဘ သူ့ကိုတွေ့ရင် ပြောပြပါ။ ဒီဥစ္စာပစ္စည်းတွေ မသမာသူလက်ထဲ၊ သိုက်ဆရာဆိုးတွေလက်ထဲ မရောက်သွားစေချင်ဘူး။ ဟိုလူတွေ အတော်ကို ရက်စက်၊ ပက်စက်စွာ လုပ်ခဲ့ကြတယ် အဘ။ ကျွန်ုပ်မှာ အဘနဲ့ ဘဘုန်းကလွဲပြီး ယုံကြည်စရာ၊ အားကိုးစရာ မရှိပါဘူး။ ဒီပစ္စည်းတွေ ရှင်မင်းယာစိုကို ပေးချင်တယ်။ သူကြိုက်သလို သုံးစွဲပါစေ၊ ကြိုက်ရာကုသိုလ်တွေ လုပ်ပါစေ သူမ မသေသေးဘူး ... အဘ။ အဘ ရှာလို့ရရင် ရှာပေးပါ၊ ခေါ်ခဲ့ပါ။ ကျွန်ုပ်တို့အားလုံးရဲ့ ဘဝအသီးသီးကို ကူညီပေးပါ ... အဘ။ ဘယ့်နယ် လဲ ဟင်''

ငါကွာ ... မြို့စားရဲ့ ညှိုးနွမ်းတမ်းတ မျက်နှာကို ကြည့်ပြီး စိတ်ထဲမှာ တစ်မျိုးကြီး ခံစားရတယ်။





အစွဲအလမ်းပဲကွ ... မောင်မှိုင်းရေ။

ငါတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောထားသားပဲ။ လင်စွဲ၊ မယားစွဲ၊ သားသမီးစွဲ၊ ကျောင်းစွဲ၊ ရာထူးစွဲ၊ ဥစ္စာစွဲ ဒီသံယောဇဉ်အစွဲတပ်မက်မှုတဏှာ အစွဲအလမ်းတွေနဲ့ ကွယ်လွန်သွားရင် ဘဝကူး မကောင်းဘူးတဲ့။

လောဘ၊ ဒေါသ၊ မောဟ အစွဲနဲ့ ကွယ်လွန်ခဲ့ရင်လည်း ဘဝကူး မကောင်းဘူးတဲ့။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် စတဲ့ ဘဝသစ် မကောင်းရာဘဝကို ရောက်ရှိခံစားရသတဲ့။

ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကောင်းမှု အသိလေးနဲ့ နှလုံးသွင်းပြီး ကွယ်လွန်အနိစ္စရောက်မှ လူ့ပြည်နတ်ပြည် ရောက်ရ ချမ်းသာစွာ ခံစားရလို့ ဟောထားသကိုးကွ။

မြို့စားသံယောဇဉ် ဖြစ်နေတာ အစွဲအလမ်းပဲ။

သမုဒယသံယောဇဉ် အစွဲအလမ်းပဲ။

သူ့တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ကိုပဓာနမထားဘဲ အင်္ဂလိပ်ကျူးကျော်သူတွေကို တိုက်ထုတ်ခဲ့တယ်။

သို့သော် သူ ကွယ်လွန်ခါနီး အစွဲအလမ်းက ...

သူ မတွေ့ရတော့တဲ့ သူ့ချစ်ဇနီးအပေါ်မှာ စွဲလမ်းစိတ်ကြီးခဲ့တာ။ ဒီစိတ်နဲ့ သူ့ဇနီးကတော်အတွက် သူ ရည်မှန်းချက်တွေ လုပ်ခဲ့တယ်။ စိုးစမ်းတယ်။ မျှော်လင့်စောင့်စားတယ်။

ဒီစိတ်နဲ့ သူ အသက်ရှင်ခဲ့တယ်။

ဒီအစွဲက ကုသိုလ်စိတ် အစွဲအလမ်း မဟုတ်ဘူး။

တဏှာစွဲ၊ သမုဒယစွဲ။

တစ်နည်း မစွဲလမ်းကောင်းသော အစွဲ။

အဝိဇ္ဇာ–မသိနားမလည်တဲ့ အပြုအမူအစွဲ။

ခု သူပြိတ္တာ တစ္ဆေဘဝကို ရောက်နေတယ်။ သူ့ဇနီးကတော်အမှန်တကယ် သေပါပြီလို့ မသိရမချင်း သူ မကျွတ်လွတ်သေးဘူး။ ငါ



www.burmeseclassic.com

www.burmeseclassic.com



တို့ ပြုသမျှကုသိုလ်ကောင်းမှုနဲ့ အမျှပေးဝေလည်း သူ နှလုံးကောင်းနဲ့ ဝမ်းမြောက်ဝမ်းသာ သာဓုမခေါ်သရွေ့ ဘဝကူး ကောင်းဦးမှာ မဟုတ်ဘူး။

အစွဲအလမ်းကြီးမားနေတာကိုး . . .

''အဘ . . . ကျွန်ုပ်ကို ကူညီနိုင်မလား ဟင်''

''မြို့စား . . .''

''အားကိုးပါရစေ . . . အဘရယ်''

''ကျုပ် ကြိုးစားကြည့်ပါမယ်။ မြို့စားကတော်ကို တစ်နှစ်အတွင်း ရှာကြည့်ပါမယ့်။ ကွယ်လွန်ခဲ့ရင်လည်း မြို့စားရဲ့ ကျောက်ဂူမှာ လာပြော ပါ့မယ်။ အကယ်၍ မြို့စားကတော် သက်ရှိထင်ရှား ရှိနေရင်လည်း အဘွား အိုကြီးအရွယ် ဖြစ်နေမှာပါ . . . မြို့စား''

''အင်း . . . ဟုတ်တာပေါ့ . . . ဟုတ်တာပေါ့''

''အကြောင်းကြောင်းကြောင့် ကျုပ်တို့မြို့စားကတော်တို့ မြို့စား ရဲ့ ကျောက်ဂူရှိရာကို ရောက်မလာခဲ့ရင် နားလည်ပေးပါ။ ကျုပ်တို့ရှေ့မှာ ဘာတွေဖြစ်မယ်၊ ဘယ်လို ဒုက္ခသုခ တွေ့ရမယ်ဆိုတာ ကျုပ် မသိဘူး။ တစ်ခုတော့ ကတိပေးခဲ့ပါ့မယ် . . . ကျုပ် မြို့စားအပေါ်မှာရော မသေလို့ အသက်ရှင်လျက် ရှိနေနိုင်မည့် မြို့စားကတော်အပေါ်မှာပါ သစ္စာစောင့် သိနေပါ့မယ်''

''အိုး . . . ဝမ်းသာလိုက်ပါဘိ . . . အဘရယ်၊ လက်ရှိဘဝမှာ အားကိုးရာသည် အဘနဲ့ ဘဘုန်းအိုတို့ပဲ ရှိပါတယ်။ ကျွန်ုပ် နားလည်ပေး ပါ့မယ်။ ကျွန်ုပ် အဘကို ဘဝ ဘဝဟောင်းများစွာက တော်စပ်ခဲ့ရဖူးတဲ့ ဖခင်လို၊ ဆရာသခင်လို သတ်မှတ်ယုံကြည်ပါတယ်။ ကျွန်ုပ် စောင့်မျှော် နေပါ့မယ် . . . အဘ။ ကျေးဇူးကြီးမားလှပါပေတယ်။ ကျွန်ုပ်ကို ပြန်ခွင့်ပြု ပါ . . . အဖေ''

မောင်မှိုင်းရယ် . . . သူက ငါ့ကို "အဖေ" လို့ ခေါ်လိုက်တယ်ကွာ။ ငါ့ရင်ထဲ မှာ 'အဖေ' လို့ ခေါ်လိုက်သံကြားရတော့ လှိုက်ခနဲ သိမ့်ခနဲ ခံစား လိုက်ရပြီး . . .

သူ့မျက်နှာကို ငါ ငေးကြည့်နေလျက်သား ဖြစ်သွားချိန် . . .

**စိတ်ကူးသစ်စာပေ**



မြို့စားက ဝမ်းသာတဲ့အပြုံးနဲ့ ဦးညွှတ်အရိုအသေပြုပြီး အလင်း ဆောင်စုံတွေ တဖြည်းဖြည်း မှိန်ပြီး မျက်စိရှေ့ကနေ လုံးဝပျောက်ကွယ်သွား ခဲ့တယ်။

ငါ လုံးဝ အိပ်မပျော်သေးဘူးနော်။

မြို့စားပျောက်သွားတော့ ငါ့ဝန်းကျင်ဟာ မှောင်မည်းနေတုန်းပဲ။ အရုဏ် မတက်သေးဘူး။ ငါ အမှန်တကယ် ကိုယ်တွေ့ ကြုံခဲ့ရတာ။

ငါ့ကို "အဖေ" တဲ့၊ သူ လှိုက်လှဲသံကြီးနဲ့ ခေါ်ခဲ့တာကွာ။

ငါ ဘာရယ်လို့ မဟုတ်ဘူး။

ငါ့သားလေးများ ဖြစ်လိုက်ချင်သလို ခံစားနေရတယ်။

ဘဝ ဘဝဟောင်းက တော်စပ်ခဲ့တဲ့ ငါ့သားလေးများလား။ ငါ အတိတ်ဘဝတွေကို သိရနိုင်တဲ့ ဇာတိဿရဉာဏ် ရချင်လိုက်တာ . . . မောင်မှိုင်းရာ။

ငါ သူ့ကို သနားသွားတယ်။ ကရုဏာ သက်သွားတယ်။

သူပြောသွားသလို ဘဝဟောင်းက တော်စပ်ခဲ့တဲ့ အဖေနဲ့သား များ ဖြစ်နေမလား။ ငါ စိတ်ကူးယဉ်နေတာ မဟုတ်ဘူး . . . မောင်မှိုင်း။

မင်းရော၊ ငါရော၊ ဘဘုန်းအိုရော ဒီဇာတ်လမ်းရဲ့ တည်နေရာ မြေအောက်လှိုဏ်ဂူသင်္ချိုင်းကို ရောက်ဖူးခဲ့ကြတယ်။

ဂူထဲက ရတနာပစ္စည်းတွေ မသမာသူလက်ထဲ ရောက်မသွားစေ ချင်ဘူး။ အလဟဿ လျှောင်လှူပ် မြေပြိုကျပြီး မြေကြီးအောက်မှာ မြေကြီး သြဇာ ဖြစ်သွားတာလည်း မဖြစ်စေချင်ဘူး။

သူက ပြောတယ်လေ။

သူ့ချစ်ဇနီးရဲ့ အမျှဝေသံကို ကြားနေရတယ်။

သူ သာဓု မခေါ်ခဲ့ဘူးတဲ့။ သူ့ဇနီး မသေသေးဘူးလို့ သူပြောနေ တယ်။ ငါ ဆုံးဖြတ်ချက် ချလိုက်တယ်။ ငါ ကြိုးစားပြီး မြို့စားရဲ့ဘဝ လွတ် မြောက်ဖို့ ကူညီမယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၃၇]

❑

မင်း စဉ်းစားနော် . . . မောင်မှိုင်း။ ဒီကိစ္စက ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်လည်း ဖြစ်တယ်။ လျှို့ဝှက်သည်းဖိုလည်း ဖြစ်နေတယ်။

အရေးကြီးတဲ့ သက်သေခံက ပတ်ကားဖောင်တိန်ပဲ။

ဂူထဲမှာ လူစိမ်းလောဘသားတွေ ကျန်ခဲ့တဲ့ ဖောင်တိန်။

(TTT) လို့ ရေးထိုးထားတယ်လေ။

နာမည်ကို စဉ်းစားရင် တင်ထွန်းထွန်းလည်း ပြောလို့ရတယ်၊ တင့်တင့်ထွန်းလည်း ပြောလို့ရတယ်၊ တိုးတက်ထွန်းလည်း ဖြစ်နိုင်တာပဲ။

ငါ မင်းမသိအောင် မိုးမလင်းခင် ဘုန်းကြီးကျောင်းက ထွက်ခဲ့လိုက်တယ်။ ဒီလမ်းကြောင်းက အန္တရာယ်လည်း များနိုင်သလို၊ အချိန်တွေလည်း ကုန်နိုင်တယ်။

လူပျောက်ရှာရမည့်ကိစ္စ။





သေလားရှင်လား မသိရ။ ကိုယ့်ဘာသာ ဝင်မပါဘဲနေရင် ရပေမင့် ငါကလည်း ထူးဆန်းတဲ့ ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်ဆန်းကြယ်တွေကို စိတ်ဝင်စားလို့ ဒေါ်မင်းယာစိုကိုလည်း စုံစမ်းကြည့်မယ်ပေါ့။

ကံကောင်းချင်တော့ . . .

ရှင်တစ်ရာ အလှူမှာ အလှူရှင်သူဌေး ဦးဂုဏ်ရောင်ရဲ့ညီက ငြိုတိုက်ပုံအင်္ကျီအိတ်ထဲက ဖောင်တိန်ကို စိတ်ဝင်စားသွားတယ်။ မင်းလည်းမြင်ပါတယ်။

ဖောင်တိန်က ထိပ်နည်းနည်း ပွဲနေတယ်။

အလှူ့ရှင်သူဌေးရဲ့ ညီက ဒါကိုမြင်ပြီး ခဏယူကြည့်တား သူ့နာမည်က တောက်ထွန်းတက်တဲ့ဗျာ။

"အဘက . . . ပတ်ကားအကောင်းစား ကိုင်တယ်လားခင်ဗျ"

"မဟုတ်ပါဘူး . . . ကောက်ရတာပါကွယ်"

"ဘယ်နေရာမှာ ကောက်ရတာတုံး . . . အဘရဲ့"

"ခရီးသွားရင်း လမ်းမနံဘေးက ကောက်ရတာကွယ့်။ မောင်ရင်လိုချင်ရင် ယူလိုက်"

"ဟာ . . . မလုပ်ပါနဲ့ . . . အဘရာ၊ အဘပဲ ရေးပါခင်ဗျ"

"အဘ ဒီလိုဖောင်တိန်အကောင်းစားမျိုး မလိုဘူးကွ။ ခဲတံရှိရင်ရေးလို့ရတယ်။ ယူလိုက် . . ."

သူကလည်း ပတ်ကားဖောင်တိန်လေးကို လှည့်ပတ်ကြည့်ပြီး ခေါင်းညိတ်လို့ကွ။ မင်းကလည်း ဒါကိုမြင်ပြီး ဝင်ပြောမလို့ လုပ်နေတာ ငါသိသားပဲ။

မင်းကို မမြင်၊ မသိချင်ယောင် ဆောင်နေတာပါကွာ။

အကြောင်းရှိလို့ လုပ်ရတာပါ။

အလှူရှင်သူဌေးရဲ့ညီ နာမည်က တောက်ထွန်းတက်။ သူကလည်း မန္တလေးက သူဌေးကြီးပဲ။ ပတ်ကားဖောင်တိန်ပေါ်က အင်္ဂလိပ်စာ (TTT) ကို အင်္ဂလိပ်လို မြန်မာအမည်ဖွဲ့ရင် တောက်ထွန်းတက်လို့ ရေးရင်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်း စဉ်းစားလေ . . . မောင်မိုင်းရာ။

ရောမသူဌေးကြီးက ထိပ်ပဲ့နေတဲ့ ပတ်ကားဖောင်တိန်ကို လိုချင်အံ့သြ မျက်စိကျနေတာ စဉ်းစားလေ။

ဒါ သဲလွန်စပဲ။

ဒီဖောင်တိန်ကို သူ ရယူပြီး ကျေနပ် အံ့သြနေတာ ငါ မြင်နေတာပဲ။ ငါကလည်း ဒီမြို့နဲ့ အလှူမှာ နာမည်ကြီးနေတယ်ကွ။

ငါ့ကို အဖေကြီး ပခန်းကျော်တဲ့။

မင်းလည်း ဝေသာလီတို့၊ မောင်ရွှေသစ်တို့ ထံကနေ ငါအဖေကြီး ပခန်းကျော် အမည်ရပုံကို သိပြီးရောပေါ့။

''သိပြီးပြီဗျ''

''မင်းကို ငါ နှုင်ထုတ်ရတာ အကြောင်းရှိလို့ပါ။ မင်းပါလာရင် မင်းကိုငါ ငဲ့နေရမှာ။ ငါ လှုပ်ရှားလို့ ခက်မှာကွ။ မလိုအပ်သေးလို့ မင်းကိုငါ မခေါ်သေးတာပါ''

''နောက်တော့ ဘာထူးခြားသေးလဲ . . . အဘ''

''ထူးခြားတာပေါ့ကွာ။ ငါ့ကို မြို့ကရော၊ အလှူရှင်သူဌေး မိသားစုကရော အရမ်း အထင်ကြီးကြတာကွ။ ကြီးမှာပေါ့ကွာ . . . ငါက မိစိမ်းမွှင့်ဆိုတဲ့ အရူးမလေးကို အကြောင်းပြုပြီး ပညာသည်မိန်းမကြီးကို ပညာပေးလိုက်တဲ့ ကိစ္စကြီးက အတော့်ကို ကျော်သွားတာကိုးကွ။

မောင်ရွှေသစ်ကလည်း အာချောင်တော့ ငါ့ဘေးမှာ အဖေကြီး ပခန်းကျော် . . . အရမ်းစွမ်းတယ်ဟေ့ ဆိုပြီး ဝိုင်းနေတာကိုး။

မန္တလေးက သူဌေး တောက်ထွန်းတက်လည်း သိသွားတယ်။ အလှူပွဲအပြီးမှာ အဘပခန်းကျော် .မန္တလေး လိုက်လည်ပါ၊ သားတို့ကိုလည်း စောင့်ရှောက်ပါ၊ မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်း၊ မေမြို့ တို့ပါ အနှံ့ ဘုရားဖူး လိုက်ပို့ချင်လို့ပါတဲ့။

ငါကလည်း လိုက်ချင်နေတာမှ ရွှေနေတာပေါ့ . . . ငါ့လူရာ။

သူမခေါ်လည်း ငါ မန္တလေးကို မဖြစ်မနေ သွားမှာပါ။ ဘာလို့လဲဆိုတော့ သူဌေး တောက်ထွန်းတက်ကို စိတ်ဝင်စားလို့ကွ။





သူလို သူဌေးအဆင့်ရှိသူကထိပ်ပဲ့နေတဲ့ ပတ်ကားဖောင်တိန်စုတ်ကို လိုချင်အံ့သြ၊ ရယူအံ့သြဖြစ်သွားတာ . . . မင်း စဉ်းစားလေကွာ . . . သတ်လား။

ဒီလိုနဲ့ မန္တလေးရွှေမြို့တော်ကြီး ရောက်သွားတယ်။

ငါ့ကို သူဌေး ကိုတောက်ထွန်းတက်က သူ့တိုက်ကြီးပေါ်မှာ လိုလေသေးမရှိ ထားတာကွ။ တိုက်ကလည်း ဟီးနေတာပဲဟေ့။

သုံးထပ်တိုက်ကွ။ အခန်းတွေကလည်း အများကြီးပဲ။

ခြံဝန်းကျယ်ကြီးထဲမှာ အကျအန ဆောက်ထားတာကွ။ ငါ့ကိုတော့ လေးစားလို့တဲ့ ဘုရားခန်းရှေ့နားမှာ သီးသီးသန့်သန့် မွေ့ရာထူထူကြီးနဲ့ ခြင်ထောင်နဲ့ ထားပေးသကွ။

''ကိုတောက်ထွန်းတက် . . .''

''ခင်ဗျာ . . . အဖေကြီး အမိန့်ရှိပါခင်ဗျ''

''ငါ ဒီလို မွေ့ရာတို့၊ ခြင်ထောင်တို့နဲ့ မအိပ်ချင်ဘူးကွ။ ငါ့ကို ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံးပဲ ချပေးပါကွယ်''

''အဖေကြီးကို ခြင်ကိုက်မှာ စိုးလို့ပါခင်ဗျ''

''သိမ်းလိုက်ပါကွာ။ ငါ မအိပ်တတ်လို့ပါ''

တောက်ထွန်းတက် အံ့သြနေတယ်။ ကျကျနန ခွေးခွေးထွေးထွေး နေတတ်တဲ့ ငါ့ကို သူ အံ့သြနေတယ်။

ပြီးတော့ ငါပြောတဲ့အတိုင်း ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံး အညာစောင်ကြမ်းတစ်ထည်နဲ့ ရေနွေးဘူး၊ ရေတာကောင်းတစ်လုံး စတာတွေ အသင့်ထုပ်ပေးတယ်။

စားချိန်ရောက်ရင် ငါ့ကို စပါယ်ရှယ် ကျွေးတာကွ။

ဟင်းရံတွေ စုံနေတာပဲ။ အကြော်အလှော်၊ အသုပ် မျိုးကို စုံနေတာပဲ။ ဘယ်ဟင်းခွက် နှိုက်ရမှန်း မသိဘူး။ အိမ်ဖော်မိန်းကလေးနှစ်ဦးက ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ချပေးနေတာ။

သူဌေးတောက်ထွန်းတက်က အနီးမှာ ယပ်ခတ်လို့ဟေ့။

''အဖေကြီး . . . ဟင်းတွေ ထည့်ပါခင်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



''အေးပါကွာ ...''

ပြောလည်းပြော ဆိတ်သားဟင်းတုံးကြီး ခပ်ထည့်ရဲ့ကွ။ ပြီး ... ကြက်သားတုံး ထပ်ထည့်။ ကလီစာဟင်းတွေ ထပ်တည့်။ ငါ့ထမင်းပန်းကန်ထဲမှာ ဟင်းတွေစုံ ပုံလို့ပေါ့။

ငါ မစားဘူး။

ဟင်းချိုနဲ့ တို့စရာပဲ စားနေတယ်။

''ဟင်းချက်တာ မကောင်းလို့လား ခင်ဗျ''

''ကောင်းပါတယ်ကွ''

''ဟဲ့ ... မိတိုးစိန်နဲ့ မယ်သင် ... လာစမ်း''

''ရှင် ... ဟုတ်ကဲ့ပါ ... သူဌေးရှင့်၊ လာပါပြီရှင့်''

တောက်ထွန်းလို့ပဲ တိုတိုပြောကြပါစို့ကွာ။ သူဌေးတောက်ထွန်းက ဟင်းချက်ဟင်းပြင် မိန်းကလေးနှစ်ဦးကို အသံမာမာနဲ့ လှမ်းခေါ်ရော ...

မိန်းကလေးနှစ်ဦး သူ့ရှေ့မှာ လက်ရှေ့ချရပ်ပြီး ငုံ့လင့်လို့။

''နင်တို့ ဒီနေ့ ဟင်းတွေ ဘယ်လိုချက်ကြလဲ''

''ရှင် ... ဟို ... ဟို ... ဒီနေ့ ...''

''ငါ နင်တို့ကို ပြောထားတယ်မဟုတ်လား။ ဒီနေ့ ဟင်းလျာတွေကို အကောင်းဆုံးချက်လို့ ပြောထားတယ်မဟုတ်လား''

အော်လိုက်တာကွ ... အသံကို ဟိန်းပြီး ငါ့နားတွေ အူသွားတာပဲ။ ချက်ပြုတ်ပြင်ဆင်တဲ့ အညာသူဟန် မိန်းကလေးနှစ်ဦးလည်း ကြောက်ပြီး တုန်နေပြီကွ။

''နင်တို့ ချက်တဲ့ဟင်း အရသာမရှိလို့သာ ဒီဧည့်သည်အဘ ဘဟင်းမှ မစားတာပေါ့။ နင်တို့ ဒီနေ့ တွေ့ကြသေးတာပေါ့''

''ကျွန် ... မ ... တို့ ... ဂရုတစိုက် ... ချက် .. ချက် ..''

''တော် ... နင်တို့ ဒီနေ့ သေဖို့သာ ပြင်ထား။ သွား ... ဝေးသွားကြ။ တယ် ... ငါလေ ...''

ဒီအချိန်မှာ လူသန့်လူမြန်နှစ်ဦးလည်း သူဌေး တောက်ထွန်းအသံကြောင့် ထမင်းစားခန်းထဲ ပြေးဝင်လာကြတယ်။





''သူဌေး ... ဘာဖြစ်လို့ပါလဲ ခင်ဗျ''

ကိုယ်ရံတော်လား၊ သက်တော်စောင့်လား မသိ။ ပုံစံတွေက ခပ်ကြမ်းကြမ်း၊ ခပ်မိုက်မိုက် ပုံစံတွေ။ သူတို့က ငါ့ကိုပါ ခပ်စိန်းစိန်း ကြည့်သေးတာပေါ့။

ငါပါ ဒီအိမ် ဧည့်သည် လိုက်လုပ်ရင်း အနေအစားမတတ်လို့ အထင်လွဲခံရပြီနဲ့ တူရဲ့။

''သမီးတို့ ... ခဏရပ်ဦးပေါ့''

မနေနိုင်တော့ ဝင်ပါရတာပေါ့ကွာ ...။ ငါ့ပြောစကားသံကြောင့် ကြောက်ကြောက်ရွံ့ရွံ့နဲ့ ထွက်သွားတဲ့ ထမင်းချက်၊ ထမင်းပြင် အသက် (၁၀)ခန့် မိန်းကလေးနှစ်ဦး ရပ်လိုက်ကြတယ်။

''ဒီဘက်လှည့်ပါဦး ... သမီးတို့ရဲ့''

''အဖေကြီး ... ဒီဟာမတွေကို အရေးမလုပ်ပါနဲ့''

''မင်း ဝင်မပြောပါနဲ့ဦး ... ကိုတောက်ထွန်း၊ ခဏလေးပါ။ ငါ မေးစရာရှိလို့ပါ''

'' ......................''

''သမီးတို့က ဒီပေါ်က ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ ကလီစာချက်၊ ဘဲဥချဉ်ရည်ဟင်း၊ ပြန်ကြော်၊ အသုပ်စုံ၊ ငါးဟင်း၊ ငါးပိရည်တို့စရာ၊ အသုပ် အားလုံးကို သမီးတို့ ချက်တာလား''

''ဟုတ် ... ဟုတ်ကဲ့ပါရှင့်''

''ဟင်းရနံ့က မွှေးကြိုင်နေတာပဲ ... သမီးတို့ရယ်''

''ဟုတ် ... ဟုတ်ရှင်''

''ကိုတောက်ထွန်း ... သူဌေး ...''

''ဟုတ်ကဲ့ခင်ဗျ ... အမိန့်ရှိပါ ... အဖေကြီး''

''ငါ မစားတာက ဟင်းအရသာမရှိလို့ မဟုတ်ဘူးကွ။ ငါ သွားနေလို့ပါ။ မင်းက ကလေးမတွေကို အထင်လွဲတာကိုး၊ ကိုင်း ... ကိုင်း စားပါမယ်ကွာ။ သမီးတို့လည်း ထိုင်ကြထိုင်ကြ။ လိုရင် ထပ်ထည့်ပေးပေါ့ ... ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ပါရှင့်''

''မောင်မှိုင်းရာ . . . မင်းလည်း ငါ့အကြောင်း သိပါတယ်ကွာ၊ ငါက မစားဘူးပော့ဆို ကြက်သားတုံး ရွှေရည်စိမ်ချက်ကျွေးတောင် စားတဲ့ကောင် မဟုတ်ဘူးကွ။ မင်းသိတယ်နော် . . . မောင်မှိုင်း''

''သိပါတယ် အဘ''

အခု ငါ ဟင်းချိုနဲ့စားတာ သူဌေးတောက်ထွန်းက အထင်လွဲပြီး သူ့ထမင်းချက်နှစ်ဦးကို ဆော်ပလော်တီးတော့မယ်။

ငါ့ကြောင့် အရိုက်နှက်ခံရမှာ ငါမြင်နေရပြီကွာ။

''ကိုင်း . . . အဖေကြီး သမီးတို့ချက်တဲ့ ဟင်းတွေ၊ ထမင်းတွေ နည်းနည်းစီ စားမယ်ဟေ့''

ငါ တောက်ထွန်းဆိုတဲ့ သူဌေးငကြွား၊ မာနကြီး၊ မာန်တက်ကို ပညာပြချင်တာနဲ့ စားလိုက်တာ . . . ငါ့လူရေ။

ဟော့ကောင် . . . ငမှိုင်း . . .

စားပွဲဝိုင်းပေါ်က ထမင်းတွေ၊ ဟင်းတွေဟာ အစားကြီးတဲ့လူစား ရင် (၅)ယောက် စားလို့ရတယ်ကွ။

ငါ ဦးဆုံး ဆိတ်သားဟင်းပန်းကန်ကို လှမ်းယူပြီး လက်သုံးလုံး ခန့် အတုံးကြီးတွေကို ဒီအတိုင်း စားပြလိုက်ရော . . .

သူဌေးတောက်ထွန်းမျက်နှာ ရွှင်သွားရောဟေ့။

မိန်းကလေးတွေလည်း ဝမ်းသာပြီး ပြုံးလို့ကွ။

ဆိတ်သားပန်းကန် ပြောင်သွားတယ်။ ပြီးတော့ ဝက်သားဟင်း ပန်းကန်ယူပြီး တစ်တုံးပြီးတစ်တုံး စားပစ်လိုက်ရော သင်းတို့မျက်လုံးတွေ ကျယ်သွားပါရောဟေ့။ ဝက်သားဟင်းပန်းကန် ပြောင်သလင်းခါတော့ ကြက်သားဟင်းပန်းကန် အကုန်စားလိုက်တော့ အားလုံး မျက်လုံးပြူးကုန် ပြီကွ။

''ဟင်း ရှိသေးလားဟေ့ . . . သမီးတို့''

''ရှိ . . . ရှိပါတယ် . . . ရှင့် . . . ရှင့် . . .''

''ထည့်ကွာ . . . အဘ မဝသေးဘူး။ ဟင်းချက်လက်ရာ တယ် ကောင်းပဲကွ . . . ကိုတောက်ထွန်းရ''





''အဲ . . . အဲ . . . ဟုတ်ကဲ့ပါ ခင်ဗျာ။ ဟဲ့ . . . မြန်မြန် ထည့်ပေး ကြစမ်း''

မိန်းကလေးနှစ်ဦး ဟင်းတွေ ထပ်ထည့်ကြပါရောဟေ့။

ဒီမှာ ငါက ထမင်းအပိုထည့်ထားတဲ့ ကြွေရည်သုတ်ဇလုံထဲ စားပွဲ ပေါ်ရှိသမျှဟင်းတွေ အကုန်ထည့်၊ ငါးပိရည်၊ တို့စရာတွေ အကုန်ထည့်ရော သူဌေးတောက်ထွန်းရော၊ သူ့လူ (၃)ဦးရော စိတ်ဖောက်ပြီး ကရော်ကမယ် တွေလုပ်တယ် ထင်နေကြသကွ။

ဝင်တော့ မပြောရဲကြဘူး။

ဟော့ကောင် . . ကန်တော့ပွဲတွေပြင်တဲ့ ကြွေရည်သုတ်ဇလုံအပြည့် အမောက် ဟင်းတွေ၊ ထမင်းတွေကို ငါ လက်ငါးချောင်းနဲ့ နယ်ရော . . .

''အေ့ . . .''

''ဝေါ့ . . . ဝေါ့ . . .''

''အမယ်လေးဗျာ . . . အေ့ . . . ဝေါ့ . . .''

''ဖီ . . . ဖီ . . . မို . . . မို . . . ဖီ . . .''

''ရွံစရာကောင်းလိုက်တာကွာ . . . ဝေါ့''

သူတို့ ငါ လက်ငါးချောင်းနဲ့ ဖျစ်ညှစ်နယ်နေတာကို ကြည့်ပြီး အော့အန်ကြပါရော။ သူဌေးလည်း မျက်နှာလွှဲပြီး စိတ်ညစ်နေသကွ။

သူခေါ်လာတဲ့ ဧည့်သည် ငါက ဂုဏ်သိက္ခာရှိရှိ မစားဘဲ ရွံစရာ ကောင်းအောင် စားပွဲပေါ်ရှိ ဟင်း၊ ထမင်း၊ ငါးပိရည်ပါမကျန် နယ်နေတော့ စိတ်လည်းပျက်၊ ရွံလည်းရွံ၊ ရှက်လည်းရှက် ဖြစ်နေတာကွ။

''ကိုတောက်ထွန်း . . . သူဌေး . . .''

''ဗျာ . . .''

''စားပါဦးလားကွ . . .''

''အေ့ . . . အေ့ . . . အဖေကြီးပဲ . . . စား . . . စားပါ . . . အေ့ ဒေါ် . . .''

''သမီးတို့ရော စားမလား''

''ဝေါ့ . . . အေ့ . . . အေ့ . . .''



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ် ... ဝေါ် ... မစားပါရစေနဲ့ ... ရှင် ... ရှင့်"

စားပဲ့မလား ... ငါ့လူရာ။ ဆုပ်ထားတဲ့ ငါ့လက်ငါးချောင်းကနေ ဟင်းရည်တွေရော ပိစိပျော့ပြဲ ဟင်းဖတ်၊ ထမင်းဖတ်တွေပါ စီးကျနေတာ ကိုးကွ။ အားလုံး ပါးစပ်ပိတ်ပြီး အန်ကြ။

"ဟိုကောင်သုံးကောင် ... လာစားလေ"

"အေ့ ..."

"ဝေါ် ... အေ့ ... ဝေါ် ..."

"စား ... စား ... ခင်ဗျားဘာသာ ... စား ... ဝေါ်"

"ဟား ဟား ဟား ဟား .... ဟား ဟား ဟား ... စားမည့်သူ မရှိဘူးကွာ။ ငါတစ်ယောက်တည်း စားရမှာ ပျင်းသဟေ့ ... ဟား ... ဟား ဟား ဟား"

ငါ အမြင်ကပ်လို့ပါ။ ကြီးကျယ်နေလို့ပါ။ ငါ ဇလုံထဲက ပျော့ပြဲ ဖိဖိ မြည်နေတဲ့ ထမင်းဟင်းတွေကို လက်ငါးချောင်းနဲ့ ကျုံးကျုံးပြီး စား လိုက်တာ ပါးစပ်မှာလည်း ပေကျံ၊ နှုတ်ခမ်းမှာလည်း ပေကျံ၊ တိုက်ပုံပေါ် လည်း ဟင်းရည်တွေကျ။

"ဟေ့ကောင် ... လူငါးယောက်မက စားနိုင်တဲ့ ဟင်း၊ ထမင်း တွေ ငါ အကုန်စားလိုက်တာ သူတို့ ပါးစပ်ဟောင်းလောင်းပွင့်နေတယ်"

ဒီမှာ လူရွှဲ့တစ်ယောက်က ကုလားအော်ငရုတ်သီးစိမ်းပွ လက် နှစ်ဆုပ်ခန့်ကို ရွဲ့ပြီး ငါ့ရှေ့ လာချတယ်။

"ဒါ ဘာတုံးကွ"

"ကုလားအော် ငရုတ်သီးပါ။ ခင်ဗျား ကြိုက်မလားလို့ပါ"

"စပ်ရဲ့လား"

"သုံးလေးခု စားပြီးရင် ရေစိမ်နေရတယ်ဗျ"

"ဟတ်လား ... မြည်းကြည့်တာပေါ့ကွာ"

ငါ ကုလားအော်ငရုတ်သီးတစ်တောင့် ယူစားလိုက်တယ်။ ပြီး .. လက်တစ်ဆုပ်ယူ ပါးစပ်ထဲထည့် ဝါးစားရော ...

စိတ်ကူးသစ်စာပေ



သူတို့အားလုံး မျက်လုံးတွေ ပြူးကျယ်ပြီး စကားမပြောရဲကြတော့ ဘူးဟေ့။ ကျန်တဲ့ငရုတ်သီးအားလုံး စားပြီး မျိုချလိုက်တယ်။ ငါကလည်း ဆွဲပဲ ... မောင်မှိုင်းရာ။

ငရုတ်သီးမှုန့် နိုင်နိုင်ထည့်ထားတဲ့ ငါးပိရည်ပန်းကန် မော့သောက် လိုက်ရော သူတို့အားလုံး ငါ့ကို ထိုင်ကန်တော့ကြတယ်။

သူဌေးတောက်ထွန်းကတော့ ဦးကုန်းချနေတာ မပြီးနိုင်တော့ ဘူး။ ကလေးမလေး နှစ်ယောက်တော့ အံ့သြလွန်းလို့ မျက်ရည်တွေကျပြီး ငါ့ကို ကန်တော့လိုက်တာ။

"ငရုတ်သီး ယူလာချတဲ့ကောင်"

"ဗျာ ... ဗျာ ..."

"ကုလားအော်ငရုတ်သီး ရှိသေးလားဟေ့"

"ဗျာ ... ဗျာ ... အဲ ... အဲ ... အဘ ... ကျွန် ... တော် တောင်းပန်ပါတယ်ဗျာ၊ ကန်တော့ပါတယ်ဗျာ"

"ဟား ဟား ဟား ဟား ဟား"

"အဟတ် အဟတ် အဟတ် အဟတ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၃၈]

❑

ငါ့ကို သူတို့အားလုံး အံ့ဩလေးစားသွားကြတယ်။ ငါ့ကို မျက်နှာချင်းဆိုင်တွေ့တိုင်း လက်အုပ်ချီ ခေါင်းငုံ့ အရိုအသေ ပြုကြတယ်။

ငါ အရိုအသေခံချင်လွန်းလို့ ပညာပြခဲ့တာ မဟုတ်ဘူးကွ။

ဟိုမိန်းကလေးနှစ်ဦး အသားလွတ် အနိုပ်စက်ခံရမှာစိုးလို့။ ပြီး ငါ ဘာလဲဆိုတာတော့ နည်းနည်းပြရတာပေါ့ကွာ။

ဒါမှလည်း ငါ့ကို ရှိန်ကြမှာပေါ့။ ငါ့ကို သူတို့ ဘုရားစုံလိုက်ပို့တယ်။ ငါ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ ရောက်ဖူးပြီးသားပါ။ ငါ မရောက်ဘူးချင်ယောင်ဆောင်ပြီး အသာ မေးလိုက်အံ့ဩဟန် လုပ်ပြခဲ့တယ်။

ငါ သူ့ငွေးတောက်ထွန်းတက်ကို မသက်ာဘူးလေ။

သူ လိုချင်မျက်စိနဲ့ ယူသွားတဲ့ ပတ်ကားဖောင်တိန်က သူ့အရွှေ့ကို ပြနေတာ ငါ ရိပ်မိတာပေါ့။ ဒီလို ပတ်ကားဖောင်တိန်မျိုး အချောင်





အစ်ရာမက ဝယ်နိုင်သူက (TTT) သုံးလုံးပါ ဖောင်တိန်အပဲ့ကို ပြန်တွေ့မှ အံ့အံ့ဩဩ ဖြစ်နေကတည်းက သူ့နောက်ကို ငါလိုက်ရတော့မယ်လို့ ဆုံးဖြတ်ပြီးပြီကွ။

မောင်မှိုင်းရ ... မြွေမြွေချင်း ခြေမြင်တယ်ဆိုတဲ့စကား သိပ်မှန်တာပဲ ... ငါ့လူရေ။ သူကလည်း ငါ့မှာ ထူးခြားတဲ့ ဂမ္ဘီရပညာရပ်တွေ ရှိတာကို သိသွားတာကိုး။

သူကလည်း ငါ့ကို အသုံးချဖို့ ခေါ်သွားတာကိုးကွ။

အေး ... ငါကလည်း အသုံးချခံပြီး သူ့အကြောင်းကို သိချင်လို့ လိုက်သွားတာကွ။ ငါက သူ့အိမ်ပေါ်မှာ လူငါးယောက်စာလောက် အစားအစာတွေ တစ်ယောက်တည်း စားပြတော့ ပိုအံ့ဩတာပေါ့ကွာ။

ငါ့ကို အဖေကြီး ... အဖေကြီးနဲ့ ပါးစပ်က မချဘူးဟေ့။

ငါစားချင်တာ ကျွေးတယ်။

ငါသွားချင်တဲ့နေရာ လိုက်ပို့တယ်။ အများအားဖြင့် သူပါရင်ပါ၊ သူ မပါရင် သူ့လူယုံ မိုးသီးဆိုတဲ့ လူကို အဖော်ထည့်ပေးတယ်။

"ငါတစ်ယောက်တည်း သွားလို့ မရဘူးလားကွာ"

ငါက မေးတာပေါ့။

ဟုတ်တယ်လေကွာ ... ငါ့မှာ အကျယ်ချုပ် အဖမ်းခံနေရတာ ကျနေတာပဲ။

"အဘ လမ်းမှာ တစ်ခုခု ဖြစ်မှာစိုးလို့ပါ ... အဘရ"

"ငါက ကလေးမှ မဟုတ်တာပဲကွ"

"အဘကို စိုးရိမ်လို့ပါ"

"အေး ... ဒါဆိုလည်း ပြီးရောပေါ့ကွာ"

ဒီလိုနဲ့ ငါ မန္တလေးအနှံ့၊ အင်းဝ၊ စစ်ကိုင်းအနှံ့ ရောက်ခဲ့တယ်။ ပင်းတွန်းလည်း ရောက်ခဲ့တယ်။ သူ့ကိုယ်ပိုင် ကားနဲ့ပေါ့ကွာ။

နှစ်ရက်သုံးရက် ကြာသည့်တိုင် သူ့ကိစ္စနဲ့ စပ်လျဉ်းတာ ဘာမှ မပြောဘူး။

ပြောရဦးမယ်ဟေ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူဌေးတောက်ထွန်းတက်ရဲ့ မိန်းမက အရမ်းလှပဲကွာ။ ရှမ်းစပ်ကွ။ ခေတ်ပညာလည်း တတ်တယ်။ စကားပြောလည်း ကောင်းတယ်။ စီးကရက်လည်း သောက်တယ်။

သူဌေးတောက်ထွန်းက အရက်အကောင်းစားတွေမှ သောက်တာ။ တစ်ခါတစ်ရံမှာ သူ့မိန်းမလည်း ဝိုင်အရက်ကို သောက်တယ်။

သူ့တိုက်မှာ လူဝင်လူထွက်က များတယ်ဟေ့။

လာရင် ယောက်ျားသားတွေ ချည်းပဲ။ သူတို့ချင်း စကားပြောရင် သီးသန့်အခန်းမှာ တံခါးပိတ်ပြီး ပြောကြတယ်ကွ။

တစ်ခါတစ်ခါ လူကြီးလူကောင်း ဂုဏ်သရေရှိတွေ၊ အရာရှိ အထက်တန်းစားတွေလည်း လာကြတယ်။

လာရင် သီးသန့်ဧည့်ခန်းမှာ ဧည့်ခံတာကွ။

အများအားဖြင့် ညဉ့်နက်မှ ပြန်ကြတာ များတယ်။

မိန်းမချောချော၊ ဖြောင့်ဖြောင့်တွေလည်း ပါလာတယ်ဟေ့ ... တဝါးဝါး တဟားဟား အသံတွေလည်း ကြားရတယ်ကွ။

ငါနဲ့တော့ မိတ်ဆက်မပေးပါဘူးကွာ။

တစ်နေ့ ငါ့ကို သူဌေးတောက်ထွန်းကမေးတယ်။ ဒီတုန်းက သူက အရက်သောက်ရင်း ငါ့ကို မေးတာ။ ငါ့ကိုတော့ လိမ္မော်ရည်တိုက်တယ်။

"အဖေကြီးကို မေးစရာရှိလို့ပါ"

"မေးလေ"

"အဖေကြီးက အရက်အစစ်ကို ရေဖြစ်သွားအောင် လုပ်ခဲ့ဖူးတယ်ဆိုတာ ဟုတ်လား ... အဖေကြီး"

"မင်းကို ဘယ်သူပြောတုံး"

"အစ်ကိုမျိုးဂုဏ် ပြောလို့ပါ။ နတ်ကနားပွဲမှာ ရမ်အရက်အစစ်ကို ပုလင်းလိုက်သောက်တာ မမူးဘူးတဲ့။ အဖေကြီး ဦးမင်းကျော်ဝင်ပြီး စွန်းခဲ့ တဲ့ သောက်လက်စ အရက်ကိုလည်း ဆိုင်းသမားတွေ သောက်တော့ ရေဖြစ် နေသတဲ့။ ဟုတ်လားခင်ဗျ"

"ဟုတ်မှာပေါ့ကွာ"





"ကျွန်တော်လည်း ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ်တွေကို အရမ်းစိတ်ဝင်စားတယ် ... အဖေကြီးရေ၊ ဘယ်လိုလုပ်ခဲ့တာတုံးခင်ဗျ"

"သူတို့ အရက်ပုလင်းနဲ့ ရေပုလင်း မှားသောက်လို့ နေမှာပေါ့ကွ"

"သူတို့က အဖေကြီးသောက်တဲ့ အရက်အစစ်ကို သောက်တာတဲ့။ ရေဖြစ်သွားတယ်လို့ ပြောတယ်။ ကျွန်တော် မယုံဘူးဖြစ်နေလို့ပါ၊ မြင်ချင်လို့ပါ။ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ဂမ္ဘီရပညာတွေဟာ တကယ်လား။ လိမ်ညာလှည့်စားနေတာလား သိချင်လို့ပါ"

သူ ငါ့ကို သိမ်းသွင်းနေတာကွ။

"အမှန်တကယ်လည်း ရှိပါတယ်ကွာ"

"အဖေကြီး ... ကျွန်တော့်ကို လက်တွေ့ပြပါလားဗျာ"

"မင်း ဘာလို့ သိချင်တာတုံး။ ငါ့ကို မှန်မှန်ပြောစမ်း သူဌေး"

"အဖေကြီးနဲ့ ကျွန်တော့် ရှေ့မှာ အတူတွဲပြီး လုပ်ရမည့်ကိစ္စထူးတွေ ရှိတယ်။ ကျွန်တော် တကယ့်ပညာရှင် လူထူးကို ရှာနေတာပါ။ ကျွန်တော် အဖေကြီးကို အားကိုးချင်လို့ပါ"

ဒီကောင် စကားစပြီး အန်စပြုလာပြီကွ။

ငါကလည်း သူ့ရဲ့လျှို့ဝှက်ချက်ကို သိချင်နေတာ။ ဒီနေ့မှ ... ဒီကောင် ငါ့ကို သီးသန့် နှစ်ယောက်တည်း ပြောနေတာ။

"မင်းမှာ ဘာအရက်ရှိလဲ"

"ရှိတာပေါ့ ... အဖေကြီးရေ၊ ရမ်ရှိတယ်၊ ဝီစကီရှိတယ်၊ ဝိုင်ရှိတယ်။ အဖေကြီး ကြိုက်တာ ပြော"

"ဝီစကီက ပိုပြင်းတာပေါ့ကွ"

"ဟုတ်တာပေါ့ဗျာ ... နိုင်ငံခြားက လာမှ သောက်ရတဲ့ အရက်ပဲ။ ဈေးလည်း ကြီးတာပေါ့"

"ဗက် (69) ရော မရှိဘူးလား"

"ဗျာ .. သွားဝယ်ရင် ရတော့ရတယ်။ ဒါပေမင့် (69) က လူကြီးဆိုင်ကြီးတွေမှ သီးသန့်ရောင်းတာပါခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



“ဝီစကီနှစ်ပုလင်း သွားယူခဲ့ကွာ”

သူ အရက်ဘီရိုထဲကနေ နိုင်ငံခြားဖြစ် ဝီစကီအရက်ပုလင်း နှစ်လုံး ယူလာပြီး ရှေ့စားပွဲမှာ ချတယ်။

“အရက်စစ်ပါတယ်နော်”

“စစ်တာပေါ့ ... အဖေကြီးရား ရှားရှားပါးပါး ဝယ်ထားတာပါဗျာ”

“တစ်လုံး ဖွင့်လိုက်”

“ဟုတ်ပြီ ... မင်းရှေ့က ဖန်ခွက်ထဲ နှစ်ပက်လောက်ထည့်”

သူ့ဒွေးတောက်ထွန်းတက်က အရက်ငှဲ့ထည့်တယ်။

“နည်းနည်းသောက်ကြည့်”

“ဆိုဒါရောမှဖြစ်မယ် ... အဖေကြီး”

“အရက် စစ်၊ မစစ် ... မင်းယုံကြည်အောင် မြည်းခိုင်းတာပါ။ သောက်စမ်းပါ”

ဒီကောင် အရက်ကို မြည်းပြီး မျက်နှာရှုံ့နေတယ်။

ဆိုဒါရောစပ်ပြီးမှ သောက်တဲ့ကောင်ကိုးကွ။

“စစ်ရဲ့လားဟေ့”

“အရက်စစ်လွန်းလို့ ဟိုဘက်တောင် လွန်သေးဗျ”

“ဟုတ်ပြီ ... မင်းသောက်လို့ ကျန်တဲ့အရက် ငါ့ကိုပေး”

သူသောက်လက်စ အရက်ခွက်ကို ငါ့ပေးတယ်။ ငါ အရက်ခွက်ကို ယူပြီး ဖွင့်ထားတဲ့ ဝီစကီလေးထောင့်ပုလင်းထဲ တစ်စက်မကျန် ပြန်ထည့်၊ အဖုံးပိတ်ပြီး ပုလင်းကို အသာခလောက်တယ်ကွ။

သူကလည်း ငါ့လှုပ်ရှားမှုကို ကြည့်နေတာဗျာ။

“ရော့ ... ပြန်ငှဲ့သောက်”

ငါ ဝီစကီအရက်ပုလင်းကို သူ့ပြန်ပေးလိုက်တယ်။ သူက အရက်နှစ်ပက်ခန့်ထည့်ပြီး သောက်တယ်။

“ဟင် ...”

“ဘာဖြစ်လို့တုံးဟ”





“အ ... အ ... ရက် မဟုတ်တော့ဘူးဗျ”

“အရက်သောက်ပြီး အရက်မဟုတ်ဘူး ပြောရင် မင်း ရူးနေလို့ပေါ့ ... သူ့ဒွေးရ ... ဟား ဟား ဟား ဟား”

“အရက် လုံးဝ မဟုတ်တော့ဘူး”

“ဒါဆို အရက်က ဘာဖြစ်သွားလို့တုံးကွ”

“ရေ ... ရေ ... ဖြစ်သွားပြီဗျာ”

“ဟား ဟား ဟား ဟား ... ဟား ဟား ဟား ဟား ... မင်းပြောလို့သာ အရက်က ရေဖြစ်တယ် ကြားရတယ်ကွ”

“မယုံရင် သောက်သောက်ကြည့်ပါ ... အဖေကြီးရ”

ငါ ယူသောက်ကြည့်တယ်။

သူ ယုံပြီပေါ့ကွာ။ အရက်က ရေဖြစ်သွားပြီကိုး။

“တောက်ထွန်း ...”

“ဗျာ ... ဗျာ ...”

“ပုလင်းထဲက အရက်တွေ သောက်ကြည့်ဦးကွ”

သူ ပုလင်းလိုက်မြည်းကြည့်တယ်။ ပြီး အံ့သြနေတယ်။

“ဘယ်လိုတုံး”

“ရေ ... ရေ ... ဖြစ် ...”

“ဟား ဟား ဟား ဟား ... ဟား ဟား ဟား ဟား”

ငါ ဖန်ခွက်ထဲက အရက်တွေကို ဝီစကီပုလင်းထဲကို ပြန်ထည့်လိုက်တယ်။ ပြီး ဒီကောင့်ကို ပြန်သောက်ခိုင်းတယ်။

ဒီကောင် ပုလင်းလိုက် မော့တာကွာ။ ရေဆိုပြီး မော့တာဟေ့။

“အား ... အဟွတ် ... အဟွတ် ... အား ... အဘ ... အဟွတ် ... အမလေးဗျာ”

သူ အရက်ပုလင်းကို ပြန်ချပြီး ရေချိုင့်ထဲက ရေကို အငမ်းမရ သောက်ပြီး တအားအား တဟားဟား ဖြစ်နေတယ်ဟေ့။

ငါ ဘာမှ မမေးဘူး။ ကွမ်းပဲ ဝါးနေလိုက်တယ်။

“အဖေကြီး ...”



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ပြော"

"ကျွန်တော် ယုံပါပြီဗျာ"

"မင်းက ဘာကို ယုံတာတုံး"

"အဖေကြီးက အရက်ကို ရေဖြစ်အောင် လုပ်နိုင်သလို၊ ရေကို လည်း အရက်ပြန်ဖြစ်အောင် လုပ်နိုင်သူပဲဗျာ"

"ငါ့ကို မျက်လှည့်ဆရာလို့ ပြောတာလား"

"ဟာ . . . မ . . . မဟုတ်ပါဘူးဗျ . . . ဒါ . . . ဒါ မျက်လှည့် မဟုတ်ဘူး။ လုံးဝ မျက်လှည့်မဟုတ်ဘူး"

"ဒါဆို ဘာတုံး"

"ဒါ . . . ဒါ . . . ဂမ္ဘီရ . . . ပညာ"

"ဟား ဟား ဟား ဟား . . . အဟုတ် အဟုတ်"

ဒီကောင် ငါ့ကိုကြည့်ပြီး အံ့သြလေးစား ဖြစ်နေတယ်ကွ။ ဒီကောင် ကလည်း ငါ့ကို ကျိုးသွင်း၊ ငါကလည်း သင်းကို ကျိုးသွင်းပေါ့။

✿ ✿ ✿

# [၃၉]

❑

တစ်နေ့ . . . ဒီကောင် သူ့ဘွေးတောက်ထွန်းတက် ငါ့ကို ဖွင့်တိုင် ဝင်လာတယ်။

"အဖေကြီးကို ကျွန်တော် အကူအညီ တောင်းချင်လို့ပါခင်ဗျာ"

"ပြော . . . ဘာအကူအညီတုံး"

"ကျွန်တော် အဘွားအကြောင်း ပြောချင်လို့ပါ"

"ပြော . . . မင်းအဘွားနာမည်က ဘယ်လိုခေါ်တုံး"

"ဒေါ်သစ္စာဝေတဲ့ခင်ဗျ . . .။ အဘွားက အသက်ကြီးလှပြီ . . . အဖေကြီး။ သူ့မှာ ဖြစ်နေတဲ့ရောဂါက သီချင်းတွေဆိုပြီး က,နေတဲ့ ရောဂါ"

"သူငယ်ပြန်တာ နေမှာပေါ့ကွ"

"သူငယ်ပြန်တာဆိုရင် တွေ့တဲ့လူကို အဖေ၊ အမေလို့ ခေါ်မှာ ပေါ့ဗျာ။ အခုဟာက ဘယ်သူ့မှ စကားမပြောဘဲ က,နေတာ။ အရူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ယူသံကြားတာနဲ့ ကတော့တာပဲ။ သူ့မျက်စိရှေ့က လူပျောက်သွားမှ အကကို ရပ်တယ်''

''သူက အရွယ်ကောင်းတုန်းက သဘင်သည်ပဲလား''

''သဘင်သည်မဟုတ်ဘူး၊ သူဌေးမျိုးထဲကပါ။ အဘွားက စိတ်နောက်သလို ဖြစ်နေတယ်။ ဘယ်သူ့ကိုမှလည်း မမှတ်မိဘူး။ အချို့ဆရာတွေကတော့ လူပြုစားတာတဲ့''

''သူတို့ ကုမပေးဘူးလား''

''ကုတယ်။ သူတို့တိုက်တဲ့ဆေးကို လုံးဝမသောက်ဘူး။ ဗိုင်းချုပ်ဆေးတိုက်ကြရင် လျှာကို ကိုက်ဖြတ်ပစ်မယ်ပြောလို့ ဆေးမတိုက်နိုင်ဘူး''

''အစားရော စားရဲ့လား''

''ထမင်းတစ်ပန်းကန်ချပေးရင် မစားဘူး၊ လူမရှိမှ နှစ်လုတ်သုံးလုတ်ပဲ စားတယ်''

''ချေးပါ သေးပေါက်ရော''

''ချေးခွက်၊ သေးခွက် ချပေးထားပြီး တစ်နေ့တစ်ခါ ဒါမှမဟုတ် နှစ်ရက်တစ်ခါ သွားသိမ်း၊ စွန့်ပေးရတယ်''

''သူ့ကို မင်းတို့ ဖျောင်းဖျောင်းဖျဖျ စကားမပြောကြဘူးလား''

''သူ့ကို စကားသွားပြောရင် သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် အော်ဆိုတာ။ စကားသွားပြောတဲ့လူ ပြန်သွားတဲ့အထိပဲ''

''ဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ''

''အဘွားကို နဂိုပုံမှန်စိတ်ရောက်ရှိအောင် ကူညီကုသစေချင်ပါတယ် ...အဖေကြီးရယ်။ အဘွား ပုံမှန်စိတ်ပြန်ရောက်ရင် အဘာလိုချင်တာ ပြောပါခင်ဗျား''

''ငါက မင်းအဘွားကိုပဲ လိုချင်တယ်ဆိုရင်ရော ...''

''အဲ ...အဲ ...အဘွားသဘော ...အဖေကြီးရာ။ ကျွန်တော်က အဖေကြီးနဲ့ အမျိုးတော်ရရင် ဝမ်းသာကြီးပေါ့ဗျာ''

''ဒါနဲ့ မင်းတို့ ဆရာဝန်နဲ့ ပြမကြည့်ဘူးလား''

''ပြကြည့်ပါတယ်။ ဆရာဝန်ကို ဘာဘာသာစကားမှန်း မသိတဲ့ စကားတွေနဲ့ ရန်တွေ့လို့ ဆရာဝန်က လက်လျှော့ပြီး စိတ်ရောဂါဆရာဝန်





နဲ့ပြဖို့ တိုက်တွန်းတယ်။ စိတ်ရောဂါ ဆရာဝန်ပင့်ပြီးပြတော့ ဆရာဝန်ကို ဆရာပြန်လုပ်နေလို့ စိတ်ရောဂါဆရာဝန်က ပြောသွားတယ်''

''ဘယ်လိုပြောတုံး''

''အပြင်ကို လွှတ်ပေးလိုက်တဲ့။ ရောဂါ သက်သာမယ်တဲ့''

''ဒီတော့ လွှတ်ပေးကြည့်တယ်။ လွှတ်လည်းပေးကြည့်ရော ထွက်ပြေးလို့ မနည်းပြန်ရှာခေါ်ခဲ့ရတယ်။ ပယောဂဆရာတွေပြောတာကတော့ မလိုသူ ပြုစားနှောင့်ယှက်လို့ အသိဉာဏ် ကင်းမဲ့နေတာတဲ့။ အဖေကြီးကတော့ သွက်သွက်ခါအောင် ရူးနေတဲ့ မိန်းမပျိုတစ်ဦးကို ရောဂါပျောက်အောင် ကုပေးတဲ့အပြင် ပညာသည်တောင် လာဝန်ချတောင်းပန်ရတယ်လို့ ကြားသိရတော့ အဖေကြီးကို အားကိုးခဲ့ရတာပါခင်ဗျာ''

''လူနာက အခု ဘယ်မှာလဲ''

''ရိုးမတောင်ခြေမှာရှိတဲ့ ကျွန်တော်ရဲ့ (၃)ထပ်တိုက်အိမ်မှာပါ။ ကျွန်တော်အမဲလိုက်ရင် သီးသန့်တည်းတဲ့ တိုက်ပါ''

''သွားကြည့်ကြတာပေါ့''

''ဆရာကြီးကျေးဇူး မမေ့ပါဘူး ခင်ဗျာ''

''ငါ မင်းအဘွားကို ယူမယ်ဆိုရင် မင်း မငြင်းနဲ့''

''အဘွားကသာ လက်ခံရင်ရန်ကုန် သမ္မတဟိုတယ်မှာ အကြီးအကျယ် မင်္ဂလာဆောင်ပေးပါ့မယ်ခင်ဗျား''

''ဟား ...ဟား ...ဟား ..ဟား ...လုပ်လိုက်လေ ...ကြာသလားလို့ ...ဟား ...ဟား ...ဟား ....ဟား ...''

ဒီလိုနဲ့ ငါတို့ရိုးမအနီးက သီးသန့်အမဲလိုက်ရင် တည်းဆိုတဲ့ တိုက်ကို သူ့ကိုယ်ပိုင်ကားနဲ့ ရောက်လာကြတယ်။

ခြံဝန်းကျယ်ကြီးပဲကိုးကွ။

စားပင် အပင်ကြီးတွေကလည်း ဖြစ်လိုက်တာ ညို့နေတာပဲ။ နောက်ခံမှာ ရိုးမတောင်ကြီး။ အတော်တော့ အေးစိမ့်သားပေါ့။

ဒီနေရာကနေ မိုင်ဝက်နီးပါးလောက် သွားရင် ပဲခူးရိုးမကြီးကို ရောက်သတဲ့။ ဗကပတွေ ခိုတဲ့နေရာပေါ့ကွ။



www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းသံကြားတော့ လူထွားကြီးတစ်ဦးက ခြံတံခါးလာဖွင့်တယ်။ ကားကို တိုက်ရဲ့ဆင်ဝင်အောက်မှာ ရပ်ပြီး သံဘာဂျာတံခါးကနေ အထဲကို ဝင်ခဲ့ကြတယ်။

အထဲမှာ လူတောင့်သုံးဦးက ငါတို့ကို ရပ်ပြီးကြိုလို့။

ရုပ်တွေက လူမိုက်ရုပ်တွေကွ။

အရက်နံ့ကလည်း သူတို့ဆီက အနံ့ရနေတယ်။

အထူးသဖြင့် ငါ့ကို သူတို့က ဝိုင်းကြည့်နေတာပေါ့။ ငါ့ပုံစံကလည်း သိတဲ့အတိုင်းပဲလေ။ ဆံပင်က ဖွာလန်ကြဲ ကုပ်ထောက်။ အညာပင်နီဖျင်ကြမ်းတိုက်ပုံ ညစ်ပေပေနဲ့ ကွမ်းတွေစားလွန်းလို့ သွားတွေကနီမည်း။ ကွမ်းတံတွေးက ပါးစပ်ကနေ ရင်ဘတ်ပေါ်စီးကျ။

ယောဂီရောင် လွယ်အိတ်ဖောင်းကားကြီးလွယ်။

ပုဆိုးက အောက်နားကွဲ။

ခြေဖဝါးမှာ ဖိနပ်ကမပါ။

ပါးရင်လည်း ဆင်တစ်ဖက်၊ မြင်းတစ်ဖက်။

သူတို့သူဌေးက အရူးကြီးတစ်ဦးကို ခေါ်လာတယ်လို့ ထင်နေကြပုံပဲ။ ငါကလည်း သူတို့သုံးဦးကို ကြည့်ပြီး သွားဖြဲပြတယ်။

သူတို့ကလည်း အူကြောင်ကြောင်နဲ့ သွားဖြဲရယ်ပြတယ်။ ပြီး ... သူတို့သူဌေးကို "ဘယ်လိုလူလဲဗျာ" ဆိုတဲ့ မေးခွန်းမျက်လုံးနဲ့ လှမ်းကြည့်ကြတယ်။

''စောလူး ...''

''ဗျာ ... သူဌေး''

''ဒီဘကြီးက ငါတို့ဆရာကြီးပဲ။ ဦးပခန်းကျော်တဲ့''

''ဟုတ်''

''အဘွားရဲ့ရောဂါကို ကုပေးဖို့ ရောက်လာတာ။ မင်းတို့အားလုံး အဖေကြီး ပခန်းကျော်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံကြ''

''ပခန်းကျော်တဲ့လား သူဌေး''

''ဟုတ်တယ် ... တံခါးဖွင့်လိုက်''





သုံးဦးအနက်က စောလူးဆိုတဲ့ လူရဲ့မျက်နှာမှာ ကန့်လန့်စင်း ချုပ်ရိုးရာပါတဲ့လူက သော့ခတ်ထားတဲ့ တံခါးကို ဖွင့်ပေးတယ်။

''မင်းတို့ အပြင်မှာ နေခဲ့ကြ''

''ဟုတ်''

ငါရယ်၊ သူဌေးတောက်ထွန်းရယ် အထဲကိုဝင်ပြီး မြေညီ လှေသွားကြီးအတိုင်း ကွေ့လိုက်ရော သီချင်းဆိုသံ စ,ကြားရတာပဲပေါ့။

ငါ့လူရေ ... ကောင်းလိုက်တဲ့အသံကွာ။

အသက် ခပ်ရွယ်ရွယ်မိန်းကလေး ဆိုတဲ့အသံမျိုးဗျာ။

''စိမ်းမြမြခြယ် ××× အောင်ပင်လယ် ××× တောနဲ့တောင်ခွယ် ခြေချင်းမြိုင်ပျော်ကဲ့နယ် ××× ရွှေနန်းတော်ရှေ့ ××× ပြုဖွာဝယ် ××× ကုမုဒါရီ ကောက်စိုက်သမတွေ အသွယ်သွယ် ××× ဆိုတေးသံ ချိုလှတယ် ×××''

စည်းကျဲဝါးကျဲ ဆိုတဲ့အသံကွ ... မောင်မှိုင်းရေ။ အဲဒီသီချင်းကိုရေးတာက နန်းတော်ရှေ့ ဆရာတင်ကွ။ မူလသီဆိုသူက မြခြေချင်း မငွေမြိုင်ကွ။

နာမည်ကျော်သီချင်းပေါ့ ... ငါ့လူရာ။

အလို ... ကြည့်စမ်း၊ နားထောင်စမ်း။

ငါရော ... သူဌေးတောက်ထွန်းရော ထောင့်ကွယ်ကနေ ရှေ့မတိုးမကွေ့ဘဲ နားထောင်နေကြတာကွ။

''လွမ်းတော်မူလို့ ××× စာကိုစီတယ် ×××

တိမ်နီတိမ်ဝါ ××× တိမ်ပြာတွေသန်းပြန့်တော့ ×××

ဘယ်ဆီသို့ ××× ဘယ်ညာသို့ ×××

လွမ်းရတယ် ××× မှန်းဆရှယ် ×××

ကြာပင်အိုင်ကြီးအလယ် ×××

အသံက ကရုဏာသံကွ။

သူက ဒီသီချင်းကို မူလအဆိုအတိုင်း ပြန်ကျော့တယ်။ ပြီးမှ ဆက်ဆိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ သဘောကျလို့ သူဌေးတောက်ထွန်းကို ရှေ့မတိုးနဲ့ဦး။ နား ထောင်လို့ ဟန့်ပြလိုက်တယ်။

မိုးအခါဝယ် ××× ချိုးလာတယ် ××× မိုးအခါဝယ် ××× ချိုးလာ တယ် ××× ချစ်သူပန်ဖို့တကယ် ××× ရည်ရွယ်ကာ ထားခဲ့တယ် ××× ပဒုမ္မာကြာရယ် ××× ကျွန်မရည်းစားနဲ့ညားအောင် ××× စောင့်ဦးကွယ်''

ဒီသီချင်းက အဓိပ္ပာယ်သိပ်ရှိတယ် ... မောင်မှိုင်းရေ။ ချစ်သူကို တမ်းတသတိရတဲ့ သီချင်း။ ကိုယ်ချစ်ရတဲ့ ချစ်သူရဲ့ အပြုအမူလေးတွေကို အယုအယလေးတွေကို ပြန့် သတိတရ ဖွဲ့ဆိုတဲ့ သီချင်း။

ချစ်သူက မိုးအခါရောက်ရင် အောင်ပင်လယ်ကန်ထဲက ကြာပင် တွေချိုးလာသတဲ့။ ကြာပွင့်တွေကို ချစ်သူပန်ဖို့ ယူလာသတဲ့။

ပဒုမ္မာကြာလေးရယ် ... ကျွန်မပန်ပါ့မယ် ... ဒါပေမင့် ကျွန်မ ရည်းစားနဲ့ ညားတဲ့အချိန်လေးတော့ စောင့်ပါဦးတဲ့။

အမယ် ... သီချင်းကို မရပ်ဘူးဟေ့။

စိတ်လိုလက်ရ ရင်ထဲကအသံနဲ့ ဆိုနေတာကွ။

''လက်ဦးပန်ချင်ရင် ××× (အမှန်ပင်) လာခဲ့ ×××

မြိုင်ခေါ်ချင်ပါတယ် ××× မြိုင်ခေါ်ချင်ပါတယ်

လာစမ်းကွယ် ××× ချစ်တဲ့သူလေးရယ် ×××

အောင်ပင်လယ် ××× တောခြေဝယ် ××× မောလေတယ်

ချောမေရယ် ××× ရွှေကြာပန်းကို ပန်ပါမယ် ×××

ကြာပင်အိုင်ရယ် ××× သြော် ××× ကျွန်မရည်းစားနဲ့

တွေ့အောင်စောင့်ဦးကွယ် ×××''

မောင်မှိုင်းရာ ... ဒီသီချင်းကို ငါ လူရွယ်ဘဝကတည်းက ကြိုက် ခဲ့တာပါ။ အခု ငါမမြင်ရတဲ့ သူဌေးရဲ့အဘွားဆိုသူ ဆိုနေတဲ့အသံကို နား ထောင်ရင်း ငါ့ရင်ထဲမှာ ဝမ်းနည်းသလို ခံစားနေရတယ်ကွာ။

''မခွာနိုင်ဘူးကွယ် ××× ကမ္ဘာတိုင်နှူးတယ် ×××

လွမ်းတော်မူတဲ့ အသက်ကရှက်ဖွယ် ×××

ဘယ့်နှယ့်လဲကွယ် ×××





ယဉ်သူ ဇာတိနွယ် ×××

အင်မတန် ကျေနပ်ဖွယ် ×××

အင်မတန် ကျေနပ်ဖွယ် ×××

လွမ်းတော်မူ ××× ပြောလောက်ပေတယ် ×××

ချောသလောက် မေရယ် ×××

ယဉ်ယဉ်စနွယ် ××× ကြင်ကြင်ပါ့မယ် ×××

နန်းတော်ရှေ့ ရေးတဲ့ ××× အောင်ပင်လယ် ×××''

ချစ်သူရဲ့အနားက မခွာနိုင်ဘူးတဲ့။ ကမ္ဘာသက်ဆုံးပြောနေတဲ့ ချစ်စကား။ ဒီလိုနဲ့ အသက်တွေရလာလို့ ရှက်ဖွယ်ဖြစ်နေပါပြီတဲ့။

ဒါပေမင့် အဲ့လိုပြောနေရတာကိုပဲ ကျွန်မ ကျေနပ်တယ်တဲ့။

လွမ်းတော်မူလောက်အောင် ပြောနေရတာလည်း ကျွန်မ ကျေနပ် တယ်တဲ့။

နန်းတော်ရှေ့ ဆရာတင်ကလည်း တကယ့်ကို ခံစားရေးတတ် ပြီ။ မြခြေချင်း မငွေမြိုင်ကလည်း အဆို ကြွယ်ဝပ့်။

အခု မမြင်ရတဲ့ အမျိုးသမီးကလည်း ရင်ထဲကအသံနဲ့ ဆိုနေ တော့ ငါ့မျက်လုံးထဲမှာ အောင်ပင်လယ်ကန်ထဲက ကြာပင်ကြာပွင့်တွေ မြင် နေရ။

ငါတောင် လွမ်းချင်သလိုလို ဖြစ်ရပ့် ... ငါ့လူရာ။

''လာ ... အဖေကြီး''

သူဌေးတောက်ထွန်းက ငါ့ကို အသံပြုပြီး ရှေ့တိုးသွားလို့ ငါလည်း လိုက်သွားရော။

''ဟင် ...''

''အို ...''

မြင်ရချက် မသက်သာလှပါလား မောင်မှိုင်းရာ။

သံတိုင်တွေကာထားတဲ့ အခန်းတစ်ခုထဲမှာ မိန်းမသားတစ်ဦး ဆံပင်တွေ ဖားလျားချလို့။ ဆံပင်တွေကလည်း ဒူးကောက်ခွက်အထိကျ အောင် ကောင်းတဲ့ဆံပင်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ယောထဘီအနက်ကို ဒူးထိလု တိုတိုဝတ်ထားတယ်ကွ။ ရင်စေ့အင်္ကျီ ပွပွကလည်း ကြယ်သီးတပ်ပုံလွဲနေတော့ တွန့်နေတယ်ကွ။

ငါတို့နှစ်ဦးလည်း မြင်ရော ...

အားရပါးရ က,ပါလေရောဟေ့။

အလို ... ငါ့လူရေ ... အသက်ရွယ်ရွယ် ခပ်ငယ်ငယ် မဟုတ်ဘူးဟေ့။ အသက်က တော်တော်ကြီးနေတဲ့ ... အဲ ... အဲ ... အဘွားကြီးကွ။

ငါတို့နှစ်ဦးက သံတိုင်ကို ကိုင်ပြီးကြည့်တော့ သူမက ငါတို့ရှေ့နားကို မင်းသမီးများ ထဘီစွန်တောင်ဆွဲ ကိုင်လာတဲ့ဟန်နဲ့ ရွှေ့လာပြီး သီချင်းဆိုတာဟေ့။

''အငြိမ့်မင်းသမီးများ ××× ရည်စားထားတဲ့ ×××

လူဆိုတာမျိုးနော် ×××

သဘောနည်းနည်း ××× ကြီးဦးမှပေါ့ ××× သခင်ရယ်''

သောက်ကျိုးနည်း ... ငါ့လူရာ။ မိန်းမကြီးက ငါ့ကို လက်ညှိုးထိုးပြီး လေဘာတီမမြရင်သီချင်းနဲ့ အိုက်တင်လုပ် ဆိုနေတာဗျား။

ငါ ဘယ်လိုနေရမှန်း မသိတော့ဘူးကွာ။

မျက်နှာပေးကလည်း ကောင်းသလား မမေးနဲ့။

မျက်ခုံးကို ပင့်လိုက်ဝင့်လိုက်၊ မျက်စောင်းလေး ထိုးလိုက်နဲ့ဟေ့။ ငါတို့ငယ်ငယ်က မမြရင် အငြိမ့်ကြည့်ရင်း စင်ထောင့်က ရင်ဖိုရသလိုမျိုး ခံစားရပြီး ကြက်သီးပါ ထခဲ့ရသဟေ့။

''သဘောနည်းနည်း ကြီးဦးမှပေါ့ ××× သခင်ရယ် ×××

မီးရောင်အောက်ကိုဝင်ရင် ××× လူပြက်တွေနဲ့ပြော ××× တော့

မောင့်သဘော××× က အလွန်တရာ မကြည့်လင် ×××''

''အဘွား ... အဘွား ... ခဏရပ်ပါဦးဗျ''

သူငွေးက လှမ်းပြောတယ်။ အဘွားကြီးက မရပ်ဘူး။

''ဩော် ××× မြရင် ××× မြရင် ××× ချစ်ကြပေသရှင် ××× ပြည်တစ်ခွင် ...''





''အဘွား ... ရပ်ပါဗျ''

''သူ့အချစ်မျိုးဟာ ××× ဘယ်အချိုးအစားလဲ ×××

တကယ်အားနရနိုင်အောင်ပင် ×××

ပေါ်ပေါ်ထင်ထင် ××× ဖြစ်ချင်လုရင် ×××

အလှူ့ရှင်မှန်း အားလုံးသိကြပါတယ် ရှင် ××

အပိုင်နော် ကြံလိုက်သခင် ××× တိုင်ပေါ် အလံစိုက်ချင် ××× ဟော့ ...''

သီချင်းအဆုံးမှာ က,ရော ... ငါ့လူရာ။ ငါတို့ မြခြေချင်း မငွေမြင်ရော၊ လေဘာတီ မမြရင်ရော၊ ကောလိပ်စိန်တို့ ကတာရော ကြည့်ဖူးမြင်ဖူးတယ်ကွ။

ဒီတုန်းက သူတို့ကလည်း အရွယ်ကောင်း၊ လှချင်တိုင်း လှနေတော့ ကရင် ကျော့နေတာပေါ့ကွာ။

အခု ငါမြင်နေရတဲ့ အဘွားကြီးက အသက်ကိုမှန်းရင် ကိုးဆယ်တစ်ရာနီးပါး ခပ်ပိန်ပိန်အဘွားကြီး။

သဘင်ပညာမှာ ဆိုရိုးစကားရှိတယ်ကွ။

ခေါင်း၊ ခါး၊ ခြေ၊ လက် ဤလေးချက် ညီညွတ်မှုတ သုခမတဲ့။

ငါ့လူရာ ... ကနေပုံက အရွယ်ကောင်းမင်းသမီးလေး ကနေတဲ့အတိုင်းပဲ။ ဝေ့ကာဝဲကာ၊ ညွတ်ကာ တွန့်ကာ ကနေတာ။

ငါလည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်ပြီး သဘောကျ။

သူဌေးတောက်ထွန်းကလည်း ရပ်ဖို့အော်ဟစ်။

ဒီမှာ မိန်းမကြီးက ငါ့ရှေ့လာရပ်ပြီး ဘာပြောသလဲ သိလား။

''အီဂျစ်နဲ့ အင်္ဂလန် နိုင်ငံခြားကို မောင်သွားထားပါလား××× သူတစ်ပါး မကြည့်စေချင်''

''ဒေါင် ... ဒေါင် ... ဂတုံး ... ဂတုံး''

တောက်ထွန်းက ပါလာတဲ့ သစ်သားမြင်းလုံးနဲ့ သံတိုင်ကိုခေါက်ပြီး ဆွဲလိုက်ရော ... အဘွားကြီး လန့်ပြီး ဆိုတာကတာ ရပ်သွားပါရောဟော့။



www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျားကို ရပ်လို့ပြောနေတာ နားမလည်ဘူးလား''

''မရပ်နိုင်ဘူးဟေ့ ... နင်ပြောတိုင်း ငါက ဘာလို့ရပ်ရမှာတုံး''

''ဟိုမှာ ပရိသတ်တွေ ရှိနေကြည့်နေတာ နင် နားမလည်ဘူးလား နင်ထွက်သွား ... သွားလေ ... သွား သွား''

အဘွားကြီးက လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောဆိုရန်တွေ့နေတာဟေ့။

''သွား ... သွား ... ဟင်း ... ဟင်း ... ဟင်း ...''

သွားလို့ အသံကုန်နှင်ရင်း ခုန်တာ ... ငါ့လူရေ ...

''စောလူး ...''

''ဗျာ ... သူဌေး''

''လာကြစမ်း ...''

တောက်ထွန်းက အပြင်မှာရှိတဲ့ စောလူးတို့ကို လှမ်းခေါ်ရော စောလူးအပါအဝင် လူကြမ်းသုံးယောက် ပြေးဝင်လာကြတယ်ကွ။

''ဘာလုပ်ပေးရမလဲ ... သူဌေး''

''အဘွားကြီးကို ငြိမ်သွားအောင် လုပ်ကြစမ်း''

''ဟုတ်''

လူကြမ်းသုံးဦး သံတိုင်တံခါးသော့ကို ဖွင့်ပြီး ဝင်မလို့ လုပ်ရော ...

''သွား ... သွား ... မဝင်ခဲ့နဲ့''

''ထွက်သွား ... ထွက်သွား ... လူယုတ်မာတွေ ... သွား ... သွား ...''

အဘွားကြီးက မျက်လုံးပြူးပြီးအော် ... သူတို့က ခြေလှမ်းကျဲကျဲ ဝင်သွားပြီး အဘွားကြီးရဲ့ လက်နှစ်ဖက်ကို နောက်ပြန်လိမ်ပြီး ကုပ်ကို လက်နဲ့ နှိမ်ကြပါရောကွာ။

အဘွားကြီးကလည်း ရှိသမျှအင်အားနဲ့ ရုန်းကန်အော်။

သူတို့ကလည်း ပါးစပ်ပိတ်သူကပိတ်။





ဆံပင်ကို ဆွဲလှန်သူက ဆွဲလှန်။ စိတ်မကောင်းစရာပဲကွာ။ ပိန်ချောင်းချောင်း အဘွားအိုတစ်ဦးကို လူသန်ကြီးသုံးဦးက ငြိမ်အောင် လုပ်နေကြတာ။

''အူး ... ဖူး ... ဖူး ... အား ...''

''ငြိမ်ငြိမ်နေလေ''

''အူး ... ဝူး ...''

''ဟေ့ ... မောင်ရင်တို့ ... ရပ်လိုက်ပါ''

''ဘာဗျ ...''

ငါ မနေနိုင်တဲ့အဆုံး အသံကျယ်ကျယ်နဲ့ အော်ပြောရပ်ခိုင်းရော လူကြမ်းသုံးဦးက ငါ့ကို ပမာမခန့်မျက်လုံးတွေနဲ့ ကြည့်လို့ဗျား။

''ရပ်ကြပါ''

''အဖေကြီး .... အဘွားက အဲ့လိုလုပ်ပေးမှ ငြိမ်တာပါ''

''ခုရော ငြိမ်လို့လားကွာ''

အဘွားကြီး ထဘီပါလန်ပြီး အူးဝူး ဖြစ်နေပြီ။

''တောက်ထွန်း ...''

''ဗျာ ... အဖေကြီး''

''မင်း ဒီလူနာကို ကုပေးဖို့ ငါ့ကိုခေါ်တာ၊ အပ်ခဲ့တာ မဟုတ်လား''

''ဟုတ်ပါတယ် ... ဘာဖြစ်လို့လဲ''

''ငါ့လူနာ ဖြစ်နေပြီလေ။ ငါ ကုပေးမှာပေါ့ကွာ။ မင်းလူတွေ သူ့ကို အကြမ်းမကိုင်ပါစေနဲ့ ထွက်ခိုင်းလိုက်ပါ''

''ဒီအဘွားအကြောင်း အဖေကြီး မသိသေးလို့ပါ ...။ သူက အတော်ကြမ်းတယ် ... အဖေကြီး။ သူက အော်ရင် တစ်နေကုန် အသံပြဲနဲ့ အော်နေတာ''

''ငါ့လူနာကွာ ... ငါတာဝန်ယူတယ်။ ထွက်ခိုင်းလိုက်''

''ဖြစ်ပါ့မလား ... အဖေကြီး''

''မင်း မယုံဘူးဆို ငါပြန်တော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲ့လိုမလုပ်ပါနဲ့ ... အဖေကြီးရာ။ ဟေ့ ... စောလူးတို့ ပေါက်ခေါ်တို့ ထွက်ပေးလိုက်"

"ဖြစ်ပါ့မလား ... သူဌေး"

"လွှတ်ပေးလိုက် ... ဒီဆရာကြီးက သူ တာဝန်ယူမယ်တဲ့"

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း ..."

သူတို့သုံးဦးက သရော်တော်တော်ရယ်ပြီး အဘွားကြီးကို ချုပ်ကိုင်ထားရာက လွှတ်လိုက်ရော ...

"ကဲဟာ ..."

"အား ... သေပါပြီဗျ"

"ဟ ... ဟ ..."

ငါ့လူရေ ... ချုပ်ကိုင်ထားရာက လွှတ်ပေးလိုက်ရော အဘွားကြီးက စောလူးရဲ့လက်ကို သွားနဲ့ ကိုက်လိုက်တာ ... ကိုယ့်လူရေ စောလူးလည်း အော်ပြီးရုန်း အဘွားကြီးကလည်း ကိုက်လျက်တန်းလန်း။

စောလူးက အကိုက်ခံရတဲ့လက်နဲ့ ပြန်တွန်းလိုက်တာ။

အဘွားကြီး နောက်ပြန်လန်သွားတယ်။

စောလူးရဲ့ လက်ခုံအရေပြားတော့ အဘွားကြီးရဲ့ သွားကြားမှာ ပါသွားတယ်။

စောလူးလက်ခုံမှာ သွေးတွေလည်း စီးကျလို့ကွ။

စောလူး ဒေါသတွေ ပေါက်ကွဲပြီး အဘွားကြီးရဲ့လည်ပင်းကို ဝင်ညှစ်တာ ငါ့လူရေ။ ကျန်နှစ်ယောက်ကလည်း အဘွားကြီးကို လက်သီးနဲ့ ဝိုင်းထိုးကြတာ။ အဘွားကြီး လူကြမ်းသုံးယောက်ကြားမှာ ယိမ်းထိုးလူးလဲ ဖြစ်နေပါရော။

ငါလည်း မနေနိုင်တော့ဘူးကွာ။ ကိုယ့်ဘွားအေ အရွယ်ကြီးကို လူသန်သုံးယောက်က ဝိုင်းထိုး၊ လည်ပင်းညှစ်၊ ကန်ကျောက်နေတာ ငါ မကြည့်ရက်တော့ဘူး။

ဟိုကောင်သူဌေး တောက်ထွန်းတက်ကလည်း ရပ်တော့လို့မပြောဘူး။ ငါ အခန်းထဲကို ပြေးဝင်လိုက်တယ်။ ဦးဆုံး အဘွားကြီးရဲ့လည်ပင်း





ကို ညှစ်နေတဲ့ စောလူးရဲ့ လွတ်နေတဲ့ နံရိုးနေရာကို ငါ့လက်ဝါးစောင်းနဲ့ ခပ်ဆတ်ဆတ် ရိုက်ထည့်လိုက်တာကွ။

"အား ... သေပါပြီဗျ"

စောလူး ... အဘွားကြီးကိုလွှတ်ပြီး သူ့ညာဘက်လက်နဲ့ နံရိုးအုပ်ပြီး မျက်ဖြူလန် လဲကျသွားရော။

ဒီမှာ ပေါက်ခေါ်နဲ့ စိန်ခြယ်ဆိုတဲ့ လူကြမ်းနှစ်ဦးက ငါ့ဆီကို ခုန်ဝင်ပြီး ပေါက်ခေါ်က ငါ့ကို နောက်ကနေ ချုပ်တာကွ။ စိန်ခြယ်ဆိုတဲ့ကောင်က ငါ့ကိုထိုးဖို့ ပြေးဝင်လာတာ။

"ကျား ..."

"ဖောင်း ..."

"အား ... မလေးဗျ ... အား ... အူး ... အူး ..."

"ဝုန်း ..."

"ကျား ..."

"ဖောင်း ..."

"အား ..."

"ဖုန်း ..."

ရှေ့က ဝင်လာတဲ့ကောင် စိန်ခြယ်ကို ငါ ညာခြေနဲ့ ချုပ်ထားတဲ့ကြားက ဒူးကိုမြှောက်ပြီး ဆန့်ဆောင့်ကန်လိုက်တာ။

စိန်ခြယ်ရဲ့ရင်ဝကို ငါ့ညာဖနောင့် ဝင်သွားပြီး ဒီကောင် ရင်ဝကို လက်နဲ့ဖိ အူးအားအော်ပြီး ဒူးညွှတ်ကျသွားတယ်ဟေ့။ နောက်ကနေ ငါ့လက်အစုံကို ဖက်ပြီး ငါ့ကို အပေါ်မြှောက်ဆောင့်နေတဲ့ ပေါက်ခေါ်ရဲ့မျက်နှာကို ငါ့ခေါင်းနောက်စေ့နဲ့ နောက်ပြန်ဆောင့်လိုက်ရော ... 'ဖောင်း' ခနဲ အသံမြည်ပြီး ပေါက်ခေါ် မျက်နှာကို လက်ဝါးနဲ့အုပ်လို့ ဒူးထောက်ကျသွားတယ်။

သူ့လက်ချောင်းတွေကြားက နီရဲတဲ့ သွေးတွေစီးကျလာတာ ငါ မြင်တယ်။ ဒီကောင် နှာခေါင်းရိုးကျိုးပြီး သွေးတွေ တပေါက်ပေါက်ကျနေတာ။



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးက ကြောက်လွန်းလို့ သစ်သားကွပ်ပျစ် ခုတင်ပေါ်မှာ ဝပ်နေတယ်။

''တောက်ထွန်း ... မင်းပါ စမ်းချင်ဝင်ခဲ့''

ငါ စိန်ခေါ်လိုက်ပြီကွာ။

ငါ လူတွေကို သွေးထွက်သံယိုဖြစ်အောင် တစ်ခါမှ မလုပ်ဖူးဘူး။ ငါ့ကိုလုပ်ရင်တောင် ရှောင်လေ့ရှိတာများတယ်။ ခုဟာက မတရားနိုင့်ထက် စီးနင်းလုပ်လွန်းလို့။

''ဝင်ခဲ့လေကွာ''

''အဖေကြီး ...''

''လာပါကွ ... မင်းတို့ပိုင်နက်ပါ ... လာခဲ့''

''အဖေကြီးကို ကျွန်တော် တောင်းပန်ပါတယ် ... အဖေကြီး။ အဖေကြီး ဘယ်လိုလူစားလဲဆိုတာ ကျွန်တော် သိပါပြီဗျာ။ ဟော့ကောင် သုံးကောင် ... ခွေးကောင်တွေ အကုန်ထွက်စမ်း''

သူတို့သုံးဦးဟာ သခင့်အမိန့်စကားကို နားထောင်တဲ့ ခြံစောင့်ခွေးတွေလိုပဲကွ။

ဒယီးဒယိုင်နဲ့ အားယူထပြီး သံတိုင်ခန်းအပြင်ကို ထွက်သွားကြတယ်။ အပြင်ရောက်တော့ တောက်ထွန်းက ဆဲရေးတိုင်းထွာပြီး ခြေနဲ့ ဆောင့်ကန်လိုက်တယ်။

ငါ အဘွားကြီးကို လှမ်းကြည့်လိုက်တယ်။

အဘွားကြီးကလည်း ငါ့ကို ကြောက်ရွံ့အားကိုး မျက်လုံးနဲ့ကြည့်ပြီး ခုတင်ကွပ်ပျစ်ပေါ်မှာ မျက်နှာကို ငုံ့ထားတယ်။

''အစ်မကြီး ...''

'' ...... ''

''ကျွန်တော့်ကို မကြောက်ပါနဲ့။ နက်ဖြန် ကျွန်တော် အစ်မကြီးနဲ့ လာတွေ့ပါ့မယ်။ စိတ်ချမ်းချမ်းသာသာ နေပါ''

ငါ ဒီစကားပြောပြီး အပြင်ကို ထွက်လိုက်တယ်။

တောက်ထွန်းက အခန်းကို သော့ပြန်ခတ်လိုက်တယ်။





''ကိုတောက်ထွန်း ...''

''ဗျာ ... အဖေကြီး''

''နက်ဖြန်ကစပြီး သူ့ကို ငါ ဆေးကုမယ်။ သူ့အခန်းထဲကို ဟိုကောင်သုံးကောင် မဝင်စေနဲ့ဟေ့''

''ဖြစ်ပါ့မလား အဖေကြီး။ တော်ကြာ အဖေကြီးကို ...''

''ရတယ် ... ငါ ဒီတိုက်မှာပဲ နေခဲ့မယ်''

''မန္တလေးကို ပြန်မလိုက်တော့ဘူးလား''

''မလိုက်တော့ဘူး ... လိုအပ်တဲ့ ဆေးဖော်ဖို့ ပစ္စည်းစာရင်း ငါ ရေးပေးမယ်။ မင်းလည်း မပြန်ချင်နေခဲ့ပေါ့''

''ကျွန်တော် တစ်ရက်၊ နှစ်ရက်တော့ နေဦးမယ်။ အဖေကြီး လိုအပ်တဲ့ ပစ္စည်းပြော အကုန်ဝယ်ပေးမယ်''

''ဟုတ်ပြီ ... ငါနေဖို့ အခန်းသာပြ''

သူဌေးတောက်ထွန်းက တပည့်တွေကို ခေါ်လိုက်လို့ မကြာဘူး။ အိမ်ဖော်မိန်းမငယ်နှစ်ဦးနဲ့ ခါးကုန်းကုန်း အဘိုးကြီး ဝင်လာတယ်။

''မစော ...''

''ဟုတ်ကဲ့ပါ ... သူဌေး၊ အမိန့်ရှိပါ''

''အောက်ထပ်က အခန်းကိုရှင်းပြီး ခုတင်၊ မွေ့ရာ၊ ခြင်ထောင် အသင့်လုပ်ထား။ ငါ့ဆရာကြီး နေမယ်''

''ဟုတ်ကဲ့ပါရှင့်''

''စားရေးသောက်ရေး ကောင်းကောင်းလုပ်ပေး''

''စိတ်ချပါ ... သူဌေး''

''ဆရာကြီးခိုင်းတာ အကုန်လုပ်ပေး။ ပမာမခန့်လုပ်ရင် ငါ့အကြောင်း သိတယ်နော်''

''ဟုတ်ကဲ့ သိပါတယ်ရှင်''

''သွားတော့ ... လုပ်စရာရှိတာ သွားလုပ်''

သူတို့ထွက်သွားတော့ အိမ်ရှေ့ ဧည့်ခန်းမှာ ငါ့ကို ခဏနေရာချတယ်။ ရေနွေး၊ လက်ဖက်၊ ကွမ်း စားစရာအစုံ စားပွဲပေါ်မှာရှိတယ်။

www.burmeseclassic.com



သူ ငါ့ကိုထားပြီး တောက်ထွန်း အပြင်ကို ခဏထွက်သွားတယ်။ ကွမ်းတစ်ဝါးခန့်အကြာမှာ သူ ပြန်ရောက်လာတယ်။

''အဖေကြီးက စွယ်စုံပဲနော်''

''ဘာစွယ်စုံတုံးကွ''

''ပယောဂလည်း ကုနိုင်တယ်၊ တိုင်းရင်းဆေးလည်း ရတယ်၊ အဆိုအကလည်း ရတယ်နော်''

''အဟင်း ... ဟင်း ...''

''အစ်ကိုကြီးအလှူမှာ ... အလှူတီး စိန်ဒိုးပုံ့ဆိုင်းအဖွဲ့က အဖေကြီးထံမှာ ခွင့်ပြုချက်တောင်းပြီးမှ အားရပါးရ တီးကြတယ်ဗျာ။ ဒါနဲ့ မေးကြည့်တော့ အဖေကြီးက ဆိုင်းပညာနဲ့ အဆိုပညာလည်း ကျွမ်းကျင်တဲ့ ဆရာကြီးလို့ ပြောကြတယ်ဗျ''

''ပိုပြောတာနေမှာပေါ့ကွ ဒီလောက်လည်း မဟုတ်ပါဘူး''

''ခုတော့ ကျွန်တော် လက်တွေ့မြင်ရပြီ ... အဖေကြီး''

''မင်းက ဆေးမှမကုရသေးဘူး ဘာတွေများ တွေ့လို့တုံးဟ ... ဟေ ...''

''အဖေကြီးက ဗန်တိုလည်း တတ်တာပဲကိုး''

သူက ငါ့ကို ပြုံးပြုံးကြီး ကြည့်ပြောနေတာဟေ့။ သူ့အပြုံးက နက်နက်နဲနဲ အပြုံးကွ။ ကျောစိမ့်စရာ အပြုံးဟေ့။

''ကျွန်တော့်လူသုံးယောက်က လူမရွေး၊ ဘက်မရွေးတွေ အဖေကြီးရ၊ အဖေကြီးနဲ့တွေ့တော့မှ သွားကျိုး၊ နံရိုးနိမ့် ဖြစ်သွားကြတာဗျ။ ဒီ ဗန်တိုစစ်စစ်ပဲဗျ''

''မင်းလူတွေက လွန်လွန်းလို့ပါကွာ။ ကိုယ့်ဘွားအေအရွယ်ကြီး ဥစ္စာ။ ချော့မော့ ညင်ညင်သာသာ ကိုင်တွယ်မှပေါ့။ ခုတော့ ...''

''အဘွားရဲ့အကြောင်း ကျွန်တော်တို့ အသိဆုံးပါ။ အဘွားရောဂါ ပျောက်အောင်၊ စိတ်ပုံမှန်ပြန်ဖြစ်အောင် ကုပေးပါ ... အဖေကြီး။ အဘွား ရောဂါအရှင်းပျောက်ရင် အဖေကြီး ကြိုက်တာပြောပါ''

''ဟုတ်လား''





''ဟုတ်တယ်''

''ဘယ်လိုကြောင့် ရောဂါပျောက်စေချင်တာတုံး''

သူက ငါမေးတာကိုမဖြေဘဲ တခြားစကားပြောတယ်။

''ဟောဒီတိုက်လိုမျိုး ဝယ်ပြီး ကန်တော့ပါ့မယ်''

''ဟေ ... ဟေ ... ငါတော့ သေခါနီးမှ တိုက်နဲ့ နေရသေးရဲ့ ဟေ .. ဟေ ... ဟော့ ... ဟော့ ... ဟား ... ဟား ... ဟား ...''

''အဖေကြီး အနားယူပါ။ ကျွန်တော် အပြင်သွားပါဦးမယ်''

''အေး ... သွား''

သူထွက်သွားတော့ အိမ်ဖော်နဲ့ ထမင်းချက်မိန်းမနှစ်ဦး ငါ့ဆီ ရောက်လာတယ်။

''အဘ ...''

''ဟေ ... ဘာတုံး ... သမီးတို့''

''အဘ ဘာဟင်းနဲ့များ ညနေစာ သုံးဆောင်ပါ့မလဲရှင်။ အဘ စားတဲ့ကြိုက်တဲ့ ဟင်းလျာတွေ ပြောပြပေးပါရှင့်''

''အဘကြိုက်တာ သမီးတို့ ချက်ကျွေးမှာပေါ့ ... ဟုတ်လား''

''ဟုတ်ကဲ့ပါရှင့်''

''အင်း ... အင်း ... ဘာစားရင် ကောင်းပါ့မလဲ။ ဟုတ်ပြီဟေ့ သမီးတို့ရေ ... ဟောဒါလေးများ အဘကို လုပ်ပေးဟေ့''

''ဘာဟင်းများလဲ အဘ''

''ကန်စွန်းရွက်ကို ပုစွန်ခြောက်နိုင်နိုင်နဲ့ ကြော်ဟေ့''

''ရှင် ...''

''ပြီးရင် ... ပဲကြီးနှပ် ... ပဲကြီးနှပ်လေးလုပ်၊ ဟေး ... ဟေး ... အင်း ... ဘာလိုသေးလဲ၊ ဟိုလေ ... ငါးပိဖျော်ရည် ပန်းတွေ ဖျော်ခေါ်တာပေါ့။ ရေတတ်သီးစိမ်းကို မီးကင်ပြီး ကြက်သွန်ဖြူ ပုစွန်ခြောက်နဲ့ ရောထောင်း ငါးပိရည်ထဲကို ထည့်၊ ရေတတ်သီး အကျက်မှုန့်ထည့်၊ မန်ကျည်းသီး လက်တစ်ဖျားခန့် ထည့်ဖျော်ရင် ...''

''အဘ ... သမီးတို့တောင် သွားရည်ကျလာပြီ ... အဘရဲ့''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လားဟေ့ ... ကောင်းပေါ့ကွာ ... သခွားသီးတို့စရာ၊ သရက်သီးချဉ်သုပ်၊ ဖန်ခါးသီး၊ ခရမ်းသီးပြုတ်၊ မုန်လာဥပြုတ် ... စတဲ့ တို့စရာတွေ ကြိုက်တယ် ... သမီးတို့ရဲ့''

''ကြက်သားဟင်းရော ... အဘ''

''ဟင့်အင်း''

''ဝက်သား ...''

''နို့''

''ဆိတ်သား''

''မစားချင်ဘူး ... ကြာဇံဟင်းချိုလေးတော့ လုပ်''

''က,ကတစ် ကျော်ပေးမယ်လေ အဘ''

''လောလောဆယ် မစားချင်သေးဘူး။ စောစောက ဟာတွေနဲ့ ညနေစာ စားမယ်ဟေ့''

✿ ✿ ✿

# [၄၀]

❑

မနက် ထမင်းမစားခင် ငါတို့အဘွားကြီးရှိတဲ့ အခန်းရှေ့ကို ရောက်သွားတယ်။

ငါတို့လည်း မြင်ရော ...

ခုတင်ပေါ်က ခုန်ဆင်းပြီး သီချင်းတွေ ဆိုက,ပါရောဟေ့။

ဆိုသမျှ ငါတို့နှစ်ဦး မျက်နှာလှည့်မကြည့်ဘဲ ကျောပေးပြီး အော်ဆိုနေတာကွ။ ဟန်နဲ့ပန်နဲ့ ဆိုတာဟေ့။ ငါလည်း ဒီတိုက်ကိုရောက်မှ ရေဒီယို နားထောင်စရာမလို၊ အငြိမ့်သွားကြည့်စရာမလိုဘူး ... ငါ့လူရေ''

ဒီအဘွားကြီးက,နေ ဆိုနေတာကြည့်ပြီး လေဘာတီမမြရင်ကို သွားသတိရသကွ။

မမြရင် ကွယ်လွန်သွားပြီလေ။

စိတ်တူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၁၃၀၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄) ရက်နေ့ ၂၉-၄-၄၅ ဂျပန်ခေတ်မှာ ပုသိမ်ကြီးမြို့နယ်အပိုင် ဧည့်ပြုရွာမှာ ကွယ်လွန်အနိစ္စ ရောက်သွားတာကွ။

မန္တလေး မြောက်ပြင်က အငြိမ့်မင်းသမီး မတင်အောင်က လေဘာတီ မမြရင်ရဲ့ တပည့်ပဲ။

မတင်အောင်က ရုပ်ရည်အနေနဲ့ အိုင်စီအက်စ် မတင်ရွှေတို့လောက် မလှဘူး။

မမြရင်က ပြောသတဲ့။

ပညာစုံရင် ရုပ်လှတာထက်တောင် ပရိသတ်က လက်ခံသေးသတဲ့။

မမြရင်ကို ၁၂၆၆ ခုနှစ်၊ ပြာသိုလဆန်း (၈)ရက် ကြာသပတေးနေ့မှာ ဆိုင်းမင်းသား ဦးဘိုးသစ်နဲ့ မင်းသမီး ဒေါ်ဉာဏ်ရုံတို့က မွေးတာ။

မွေးရပ်က သာစည်မြို့နယ် ရွှေဖလားကန်ရွာ။

ဂျပန်ခေတ်ထဲ မမြရင် ကွယ်လွန်တော့ အသက်က (၄၀)ကျော်လေးပဲရှိသေးတယ်။ အဆိုရော၊ အကရော ညက်ညောတဲ့ မင်းသမီးကွ။

ဒီမိန်းမကြီးကလည်း မမြရင်သီချင်းတွေ ဆိုတာကွ။ ဆိုနေတဲ့သီချင်းကလည်း ငါကြိုက်တဲ့သီချင်းကွ။ နန်းတော်ရှေ့ ဆရာတင်ရေးတဲ့ ဦးသဝန်ကြောင်။

"လေဘာတီရေ ××× မင်း အပျိုလုပ်တယ် ××× လုပ်တယ် ××× ပြောစမ်းပါ ××× ဦးသဝန်ကြောင်ရယ် ×××

ယခု တို့ပတ်ရိုက်မယ် ××× ရိုက်မယ် ×××

ကျွန်မ သနပ်ခါးလေး လိမ်းမှဖြစ်မယ် ×××

ပျိုမထင်ပေါင် ××× ကိုသဝန်ကြောင်ရယ် ××× မြရင် ×××

အလိမ္မာလေးကို ××× သနပ်ခါးလေးဖွေးမှ

ဘေးကလူတွေ ကြည့်ဖြူပေမယ် ×××

မစန်းစန်းလိမ်းမှ အဝေးက လူတွေကြည့်ဖြူပေမယ် မကစေချင်ရက်သတ်လို့ လက်ထပ်စို့ ×××





မောင်ရင် ××× မောင်ရင် ×××

ခုလိုသာ သဘောမကြီးရင် ×××

ဘယ်နည်းနဲ့မှ ဖြစ်နိုင်ပါမယ် ×××

မရှက်လေနဲ့ မချင်ပေါင်ကွယ် ×××

သက်ဝေရဲ့ လင်မောင်သယ် ××× တမင်ရှောင်တယ် ×××

မြရင် အံ့တော့တယ် ×××

အဘွားကြီးက အုတ်နံရံကို ချစ်သူအမှတ်ထားပြီး ဟန်ပန်နဲ့ ဆိုနေတာဟေ့။

"အဘွား"

"နေပါစေ ... ကိုတောက်ထွန်း၊ သူ့သဘောသိရအောင် လွှတ်ထားလိုက်ပါ"

အဘွားကြီးက လုံးဝလှည့်မကြည့်ဘဲ စောင်ကို လည်ပင်းပေါ်မှာ ပေါလုပ်တင်ပြီး ဆိုက,နေတာ။ ငါ့လူ မင်း မြင်စေချင်ပါ့ကွာ။

"ဘယ်ယောက်ျားမှ စကားမပြောနဲ့တဲ့ ×××

တစ်နေ့က မှာတယ် ××× တွေ့ကြရာဝယ် ×××

ကျွန်မပြောပြမယ် ×××

ရည်းစားတစ်ထောင် လင်ကောင်ရှင်မောင် ×××

က,သောအခါဝယ် ×××

သဝန်ကြောင်စိတ်နှလုံးရယ်နဲ့ ×××

အိမ်တွင်းပုန်းကုလားမလိုတော့ ×××

ကျွန်မတို့ မနေနိုင်ပေါင်ရှင် ×××

က,ရာမှာ ပွဲနောက်က အမြဲရောက်တဲ့ကိုကိုရယ် ×××

သူ့ဝက်ခြံညှစ်ရမတဲ့ ××× ဟိုညက ခိုင်းလာပါတာ ×××

မရှက်ပေမင့် မချင်ပေါင်ကွယ် ×××

သက်ဝေရဲ့ လင်မောင်သည် ××× သဝန်ကြောင်တယ် ×××

မြရင် အံ့တော့တယ် ဟေ့ ×××"

အမလေးဗျာ ... ခြေကိုကြွ၊ အနားယိမ်း၊ ပြီးတော့ ညွတ်ကာ ကော လှည့်ကာ ကနေတာ ... ငါ့လူရာ။ မမြရင်လား မှတ်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီး ..."

သူ ငါ့ကို လှမ်းကြည့်ပြီး အကကို သိမ်းလို့ရပ်တယ်။ ပြီး သူ့မြေး တောက်ထွန်းရဲ့မျက်နှာကို လက်ညှိုးထိုး ရန်တွေ့ပါရောဟေ့။

"ဟဲ့ကောင် ... လူယုတ်မာ၊ နင်ခိုင်းတိုင်း ငါက ရပ်ရမှာလား။ ဟွန်း ... မှတ်ထား၊ ငါက နိုင်ငံခြားက ပြန်လာတဲ့ မိန်းမဟဲ့။ နင်တို့ ပါးရိုက်တိုင်း ငိုပြရမယ်ဆိုရင် ငါ့မျက်ရည်ကို မျက်လုံးထဲမှာ သော့ခတ် သိမ်းထားမယ်ဟေ့ ... ဟင်း ဟင်း ဟင်း ဟင်း"

"ခဏလေးပါ ... အဘွား၊ အဘွားကို ဆရာနဲ့တွေ့ပေး ..."

"သွား ... သွား ... နင် ... နင် ... င ... ငရဲသား ... ငရဲသား ... သွား ... သွား ... သွား ..."

အဘွားကြီးဟာ သူ့မြေးတောက်ထွန်းကို လက်ညှိုးငေါက်ငေါက် ထိုးပြီး ပြော၊ ပြောရင်းကနေ ခေါင်းအုံးတွေ၊ ဖက်လုံးတွေနဲ့ ကောက်ပေါက်။

သံတိုင်ကပ်ပြီး တောက်ထွန်းကို တံတွေးနဲ့ထွေးတာ တောက်ထွန်းလည်း ဒေါသတွေဖြစ်ပြီး သံတိုင်ကို ကိုင်လှုပ်အော်တော့တယ်။

"ခင်ဗျား သေချင်လို့လား ... အဘွားကြီး ဟင်"

"သေချင်တာ ကြာပြီပဲ။ နင်တို့က သေအောင်မလုပ်ဘဲ လူကို ငရဲခံစားရသလို အကြာကြီး ညှဉ်းဆဲနေတာ ... ငရဲမင်းရဲ့"

"တောက်ထွန်း ... မင်း အပြင်ကို သွားတော့။ ငါ့ဘာသာ စကားပြောမယ် ... သွားတော့ ..."

"တောက် ... ဟင်း ..."

"ထွီ ... ငရဲသားတွေ ... ငရဲသားတွေ ... ထွီ ..."

တောက်ထွန်း မရှိတော့မှ ငါ အဘွားကြီးကို မေးရတယ်။

"အစ်မ ..."

"အစ်မ ..."

"သူ ငါ့ကို စိုက်ကြည့်နေတယ်။ သူ့မျက်လုံးမှာ ဝမ်းနည်းခြင်းတွေ ဝေ့ဝဲနေတယ်။ ဆံပင်တွေကလည်း ဖားလျားဖြစ်နေလို့ကွာ"





"အစ်မ ..."

"ဘာလဲ"

"ကျုပ် စကားနည်းနည်းပြောပါရစေ အစ်မ"

"နင်က ဘယ်သူတုံး"

"ကျုပ်က ဆေးဆရာပါ"

"ဩော် ... ငါ့ကို မဟုတ်က ဟုတ်ကဆေးတွေ တိုက်ပြီး နှိပ်ကြဦးမလို့ပေါ့။ သွား ... သွား ... နင်လည်းငရဲသားပဲ"

"မဟုတ်ပါဘူး ... အစ်မ။ ကျုပ်စကားကို ဆုံးအောင် နားထောင်ပါဦး။ အစ်မ မနေ့ကတုန်းက ကျုပ် အစ်မကို လာလည်ပင်းညှစ်တဲ့ သူသုံးဦးကို ဆုံးမလိုက်တာ အစ်မ မြင်တယ်မဟုတ်လား ... မြင်တယ်မဟုတ်လား ... ဟင်"

"အင်း"

"အစ်မကို သူတို့ မညှဉ်းဆဲအောင် ကျွန်တော် ကာကွယ်ပေးမယ်။ ကျုပ်စကားကို ယုံကြည်ပေးပါ။ အစ်မ ကျုပ်စကားကို နားမထောင်ရင် သူတို့ အစ်မကို နေ့တိုင်း ညှဉ်းဆဲမှာပဲ။ အစ်မကို သူတို့ ဘာကြောင့် ညှဉ်းပန်းနေရတာလဲ ဟင်"

သူ ငါ့ရဲ့မျက်နှာကို ကြည့်ပြီး တစ်လှမ်းခြင်း သံတိုင်နားကို တိုးလာတယ်။ သူ့နှုတ်ခမ်းနှစ်ခုဟာ တုန်နေတယ်ကွာ။

"သူ ... သူ ... တို့ ... ငါ ... ငါ ... ကို ..."

"ရှူး ... တိုးတိုးပြော ... အစ်မ ... တိုးတိုးပြော ..."

"ငါ့ကိုနှိပ်စက်တာ အကြောင်းရှိတယ်"

"ဟုတ်လား ... ဘာအကြောင်းလဲ ... အစ်မ ... ဟင် ... ဟင်"

"ငါ မရူးပါဘူး"

"ဟင် ..."

"ငါ ရူးချင်ယောင် ဆောင်နေတာ"

"ဩော် ..."



www.burmeseclassic.com

www.burmeseclassic.com



''နင့်နာမည် ဘယ်လိုခေါ်တုံး''

''အစ်မ ... ကျုပ်ရဲ့နာမည်ကို ဘယ်သူ့မှ မပြောနဲ့နော်''

''အေးပါ ... နင်လည်း ငါ့ကို မပတ်ဖို့ အရေးကြီးတယ်။ နင်ပါပါရင် ငါ ပြန်ရှုံးပြလိုက်မှာပဲ''

''ဟုတ်ကဲ့ ... ရှုံးပါ ... ရှုံးပေးပါ''

''ဘာ ...''

''ကျုပ်နာမည်က ဘတိုက်ပုံ ဦးရာကျော်တဲ့''

''ရာကျော် ... ဘတိုက်ပုံ ဦးရာကျော်။ ငါ ကြားဖူးသလိုပဲ''

''အစ်မ ... ဘယ်မှာကြားဖူးတာတုံး''

''ယိုးဒယားမှာ ...''

''ဗျာ ... ယိုးဒယားမှာ''

ဒီမှာပဲ အဘွားကြီးက ရုတ်တရက် ထ,ကပါလေရော။

ငါ့ကို လက်ညှိုးထိုးပြီး ဆိုက,တာ ... ငါ့လူရေ။

''မြန်နဲ့ မောင်ရယ် ××× ခုမှတွေ့တာ ×××

လူပါး မဝခင်တုန်းက ပြောကြတော့ ××× ရယ်စရာပါ ×××

''မောင်ရေ ... မောင်မောင်ရေ ...''

ဗုဒ္ဓေါ ... မြတ်စွာဘုရား ... ကယ်တော်မူပါ ... ငါ့ကို မျက်စိချီပြီး 'မောင်ရေ ... မောင်မောင်ရေ' တဲ့။

'' ××× ထဘီလေးတိုတိုဝတ်ကာ မြင်ယံစဉ်မှာ

လူထဲမဝင်သေးတော့ အလုပ်ပြင်ဆင်မှာ ×××

ရင်ရင်ကုန်ကုန်ပြောမယ် ××× ရှံ့တွေကပ်စီးကပ်စီး

အိုးမှုတ်ခွက်ကိုရှာရှာ ××× ဒေါ်လာပြားတွေ ×××

ဆယ့်ငါးပြားလောက် ဆွဲတတ်တာ ×××

ကိုကိုများက မြှောက်စားပေမင့် ×××

ဟိုတုန်းကလောက် မပျော်ပါ ×××''

ငါ လှည့်ကြည့်လိုက်တော့ သူဌေးတောက်ထွန်းနဲ့ လူနှစ်ယောက်က ငါ့ကို နောက်ကနေ ကြည့်နေတာကိုး။ ဒါကြောင့် မိန်းမကြီးက အရှူးလို သီချင်းဆိုပြီး က,တာကိုးကွ ...။ မျက်စိ တကယ်လျှင်တာပဲဟေ့။





'' ××× တရော ဘယ်လိုတောတော ×××

အဆန်း ဘယ်လိုပေါပေါ ×××

နားဝင်ချိုအောင် ဘယ်လိုပြောပြော ×××

သဘောအကြိုက်ကို မလိုက်နိုင်ပြီတစ်ခါ ×××

ရွှေပြည်စိုး××× ရွှေပြည်စိုး××× ရွှေပြည်စိုး××× ဟို ဟို ×××

လွမ်းပိုဖွယ်ရာ ××× ဟေ့ ...''

အဘွားကြီး စောင်ကြီးကို ပခုံးပေါ်မှာ ဖြန့်တင်ပြီး ကတာ။ တင်ပါးဒိန့်ဒိန်နှစ်ဖက် လက်နဲ့အပြိုင်၊ ပခုံးနဲ့အပြိုင် တွန့်ကတာ ကောင်းလိုက်တာဗျာ့လူရာ။

''အဖေကြီး ... ဘယ့်နှယ့်လဲ''

''လာ ... သူ့ကိုမကြည့်နဲ့၊ ဧည့်ခန်းကို သွားကြစို့''

ငါတို့ ဧည့်ခန်းကို ရောက်လာတယ်။

''တောက်ထွန်း ...''

''ခင်ဗျာ ... အဖေကြီး''

''နက်ဖြန် မိုးလင်းရင် ဟောဒီစာရင်းအတိုင်း ပစ္စည်းတွေ ဝယ်ပေးပါ။ ပြီး ကန်တော့ပွဲက ဘုရားပွဲတစ်ပွဲ၊ မြို့တော်ရှင်တစ်ပွဲ၊ ရွာတော်ရှင်တစ်ပွဲအတွက် ဝယ်ပေးပါ။ ဖယောင်းတိုင်၊ အမွှေးတိုင်၊ နံ့သာဖြူရည် အစုံပါစေ''

''များလှချည်လား ... အဖေကြီး''

''များတာပေါ့ကွာ ... ပထမဖော်ရမှာက အားဆေးပဲ။ ဒုတိယ ပွဲတွေက မင်းအဘွားကို ပယောဂအကြီးကြီးနဲ့ တိုက်ထားတာ။ အဲဒါကို ရှင်းဆဲရမယ်လေ။ ဒါကြောင့် ပွဲထိုးရတာ။ ဒါက ကာဖို့ပါ။ မင်းအဘွားကို သူများ ပြုစားထားတာ''

''ဟုတ်လား ...''

''မပူနဲ့ ... ဟောဒီမှာ ... ကြည့်''

''ငါပြောပြီး လွယ်အိတ်ထဲက ယွန်းဘူးလေးထုတ်ဖွင့်ပြီး လက်တစ်ဖက်နဲ့ ဆေးတောင့်တစ်တောင့်ကို ပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



''ဒါ ဘာလဲ ... အဖေကြီး''

''စုန်းတိုက်၊ နတ်တိုက်ကုတဲ့ ဆေးတော်ကြီးပဲ။ ဒီဆေးက စုန်းဘုတ်တစ္ဆေ ဖမ်းစားရင် ဆေးတစ်ခွေးတိုက်တာနဲ့ ထွက်တယ်။ တစ်စုံတစ်ဦးက မလိုလို့ နတ်နဲ့တိုက် ပြုစားရင်၊ ဒါမှမဟုတ် စုန်းတိုက်နတ်တိုက် အရုပ်မြှုပ် ပြုစားတာ၊ ရုပ်တား နာမ်တား တိုက်တယ်လို့ ခေါ်တယ်။ အဲဒီလို အတိုက်ခံရရင် ဆေးသုံးတန့်တားပြီး ဂါထာရွတ်ရတယ်၊ ရွတ်ပြီးခေါ်တာနဲ့ တိုက်တဲ့စုန်း၊ အခိုင်းခံရတဲ့နတ် ချက်ချင်း ရောက်လာရတယ်။ ဒီဆေးတော်ကြီးရှိရင် ခါးပိုက်ပြီး ... ဟဲ့ ... လာကြစမ်းလို့ ခေါ်ရင် တစ္ဆေသရဲ၊ ဖုတ် အကုန်လာတယ်''

''ဟုတ်လား ...''

''မင်း တရော်ရည်ဝယ်ခဲ့ဖို့ မမေ့နဲ့ဟေ့''

''ဘာလုပ်ဖို့လဲ ... အဖေကြီး''

''မင်းအဘွားကို ရူးအောင် လုပ်ထားကြတာကွ။ ဘယ်သူမေးမေး မဖြေနိုင်အောင်၊ မလုပ်နိုင်အောင် လုပ်ထားတာ။ အတိတ်ကို သတိမရအောင် ကြောက်လန့်ချောက်ချားအောင် ပြုစားထားတာ။ မင်းတို့သားချင်းများ မျက်နှာ မကြည့်ချင်အောင် လုပ်ထားတာကိုး။ မင်းတို့အာလုံးမျက်နှာမြင်ရင် စိတ်နောက်ပြီး ပေါက်ကွဲတာ။ ဒီရောဂါကို ဟောဒီဆေးတော်နဲ့ တရော်ရည်စပ်ပြီး သူ့ကို ခေါင်းလျှော်ရမယ်။ ပြီးရင် ဒီဆေးပဒေသာကိုက်ရမယ်။ နည်းနည်း အချိန်ယူရမယ်''

''ပြန်ကောင်းမှာနော် ... အဖေကြီး''

''စိတ်ချပါ ... ငါ တာဝန်ယူပါတယ်။ တစ်ခုတော့ ရှိတယ်။ ငါ သူနေတဲ့ တိုက်ခန်းဝန်းကျင်ကို ငါ စည်းချမယ်။ ငါ စည်းချထားချိန်ကစပြီး သူ့အနားကို ဘယ်သူမှ မကပ်ရဘူး။ မျက်နှာ မပြရဘူး။ မင်းတို့မျက်နှာမြင်လို့ သူက ဖောက်ရင် ငါ ဆက်မကုတော့ဘူး ... ပြန်မယ် .. နားလည်လား''

''နားလည်ပါပြီ ... အဖေကြီး၊ ကျွန်တော် အဖေကြီးလိုတဲ့ဆေးတွေ၊ ပစ္စည်းတွေ သွားဝယ်ပေးပါ့မယ်''





သူ ထွက်သွားတယ် ...။ ငါ သူ့ကိုကြည့်ပြီး ပြုံးလိုက်တယ်။ ဒီကောင်က အဘွားကြီး စိတ်နောက်နေရာက ပြန်ကောင်းစေချင်နေတာမှာ သူ့ဝှက်ချက်တော့ ရှိရမယ်ကွ။

ဒါကို ဒီကောင် ဖွင့်မပြောသေးဘူး။

ငါကလည်း သိချင်နေတယ်။

ပညာတော့ ပြိုင်ရမယ့် ကိန်းပဲဟေ့။

''အဘ ...''

''ပြော ... မောင်မိုင်း''

''အဘပြတဲ့ဆေးက ဆေးအစစ်ပဲလား''

''မင်းမေကလွှား ... ငါက လူလိမ်မို့လားကွ ဟင်။ မင်းစကားပြောရင် အနှောင့်အသွား မလွတ်ဘူးနော် ... မောင်မိုင်း''

''သိချင်လို့ပါဗျာ''

''ဆေးအစစ်ပေါ့ကွ။ ဆေးပဒေသာလို့ ခေါ်တယ်''

''နည်းလေးလည်း ပြောပါဦးဗျ ... အဘရ''

''မင်းက ဘာလုပ်မလို့လဲ''

''စာရေးစားတာ အဆင်မပြေရင် ဆေးဖော်ပြီး ပယောဂကုစားရမှာပေါ့ဗျာ''

''ထွီ ...''

''လုပ်ပါဗျ ... ပြောပါ''

''မှတ်ထား ... မင်းရှာလို့ရရင် ဖော်ပေါ့ကွာ။ ဆေးပဒေသာမှာပါတဲ့ ပစ္စည်းက ရှားပုံ၊ ကျုတ်ပုံ၊ ရှဥ့်မတက်ပုံ၊ ငှက်ပျောပုံ၊ ဖောင်းချမ်းပုံ၊ မန်းပုံ (၆)ပါး ...

ပြီး သိုက်ပေါင်းဆိုတာလည်း ရှိသေးတယ်။ အဲဒါက လင်းတသိုက်၊ ကျီးသိုက်၊ ချိုးသိုက်၊ ဝံလိုသိုက်၊ ဖျိုင်းသိုက်၊ စာသိုက် အဲဒါက (၆)ပါး

ပြီး .. ကြိတ်ပေါင်းတဲ့ကွ ... သပြေကြိတ်၊ သဆန်ကြိတ်၊ သရက်ကြိတ်၊ ဇီးကြိတ်၊ မန့်ကျည်းကြိတ်၊ ချယားကြိတ်က (၇)ပါး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ပန်းပေါင်း . . . မဟာဂီရိပန်း၊ မင်းညီနောင်ပန်း၊ မင်းဝေသူပန်း၊ ရွှေဝန်ပန်း၊ ရွှေလက်ပံပန်း၊ သိကြားမင်းကြီးပန်း၊ အဲဒီ သုံးမျိုး ( . . . . . ) အလေးချိန်တူပေါင်း။

တစ်ခါ ရွက်ပေါင်းဆိုတာ ရှိသေးသကွ။

ရွက်ပေါင်းဆိုတာက . . .

ရွက်ပေါင်းမှာ ကြခတ်ရွက်၊ သရက်ရွက်၊ ဇလပ်နီရွက် သစ်ပင်ခွကြားမှာနေတဲ့ ညောင်ရွက် (၇)ရွက်၊ ရုံးရွက်ဝါရွက် (၃၁)ရွက် အားလုံးကိုပေါင်း၊ အားလုံးကို အညက်ကြိတ်၊ ပြီးရင် ဆေးပေါင်းလင်းနေ၊ စစ်တုံလင်းလေ၊ လင်းလေကြီး၊ လင်းလေစုန်း၊ ဆေးဒန်း အားလုံး ငါးကျပ်သားစီကို နေ့ကောင်းရက်သာ ရွေးပြီး ကြိတ် . . .။

''ဆေးကြိတ်တဲ့အခါ ရွတ်ရမည့်ဂါထာက . . .

'ဩောင်း' . . . ကိုးတန်ဂါထာပဲ။ ရတဲ့ ကြိတ်ဆေးအားလုံးကိုကောရာဇ်သားနဲ့လုပ်ထားတဲ့ ကြုတ်ထဲ ထည့်ထားရတယ်။

ဒီဆေးပဒေသာက အင်းတိုက်၊ နတ်တိုက်၊ စုန်းတိုက်၊ ရုပ်တားနာမ်တား မြှုပ်ဖမ်းစားမှု မှန်သမျှ အကုန်နိုင်တယ်။

ဘုတ်တစ္ဆေခေါ်ရင် ဘုတ်တစ္ဆေလာတယ်။

နတ်ခေါ်ရင် နတ်လာတယ်။

ဒီဆေးပဒေသာကြီးက စွယ်စုံသုံးလို့ ရတယ်ကွ။

ထားလိုက်တော့ကွာ . . . အရေးကြီးတာ ပြောစရာရှိတယ်။

ငါ ဆေးကုတဲ့အခါ သူဌေးရော၊ သူဌေးလူတွေရော ငါ စည်းချထားတဲ့နားကို မလာဖို့ သဘောတူတယ်။

✿ ✿ ✿

# [၄၁]

❑

မောင်မှိုင်းရေ . . . ငါ့ကို ပညာစမ်းတဲ့လူနှစ်ဦး ရောက်လာပါရောဟေ့။ ဟိုနေ့က ဒေါ်သစ္စာဝေဆိုတဲ့ အဘွားကြီးကို ဝင်နှိပ်စက်တဲ့ သူဌေးရဲ့အစောင့်သုံးဦးကို ငါ တီးလွှတ်လိုက်ပါရောလား။

''အဲဒါ ဘာဖြစ်လို့လဲ''

''အဲဒီ လူမိုက်လူကြမ်း သုံးယောက်ကို ပြောင်းပြီး လူသစ်နှစ်ဦးကို အစောင့်ချထားတယ်ဟေ့''

နာမည်က ကျားကြီးနဲ့ ကျားလေးတဲ့။

လူသန်လူမြန်၊ ဗန်တိုသမား၊ လက်ဝှေ့သမားတွေပဲကွ။

ညနေရောက်ရင် နှစ်ဦးသား လက်ဝှေ့ထိုးနေတာမှ တဖြောင်းဖြောင်း၊ တဖောင်းဖောင်းကွ။ သူဌေးကလည်း သူ့လူတွေ လက်ဝှေ့ထိုးပွဲတာကို ကြည့်ပြီး သဘောကျ။



www.burmeseclassic.com

www.burmeseclassic.com



ဗန်တိုဗန်ရှည်ပညာတွေနဲ့ သတ်ပုတ်တာ ကြည့်ပြီး အားရ။

ငါ့ကို သူဌေးတောက်ထွန်းက ပြောတယ်။

"ကျားကြီးနဲ့ ကျားလေးက မန္တလေးနဲ့ ရှမ်းပြည်မှာ နာမည်ကြီး လက်ဝှေ့ကျော်တွေခင်ဗျ။ ဒီနယ်မှာ သူတို့ကို အနိုင်ယူထိုးနိုင်တဲ့လူ မရှိဘူး အဖေကြီး"

"မင်း အားကိုးရတာပေါ့"

"ဟုတ်ကဲ့"

"ဒါနဲ့ မင်းက ဘာလို့ ဒီလိုလူကြမ်းတွေကို မွေးထားရတာတုံး ကွ"

"ကျွန်တော်က လက်ဝှေ့ဝါသနာပါလို့ပါ။ သူတို့ကို မြေတောင် မြှောက်ပေးချင်လို့ စောင့်ရှောက်ထားတာပါ။ လက်ဝှေ့ပွဲကြီးပွဲကောင်းရှိရင် ထုတ်သုံး စင်တင်ပေါ့"

"ဟုတ်လား"

ငါ ဆက်မပြောတော့ဘူးကွ။

တစ်နေ့ ဒီလက်ဝှေ့ကျော် ကျားကြီးနဲ့ကျားလေးက ငါရှိရာကို ဝင် လာပြီး ...

"အဘ ..."

"ဘာလဲဟေ့"

"အဘကလည်း လက်ဝှေ့တို့၊ ဗန်တိုတို့ ရတယ်ဆိုဗျ"

"ဘယ်သူက ပြောလို့တုံးဟ ... မောင်ရင်တို့ရ"

"စောလူးတို့၊ စိန်ခြယ်တို့က ပြောလို့ပါ။ အဘက အသတ် အပုတ် ကျွမ်းသတဲ့။ သူတို့တောင် ကွဲပြဲခဲ့ဆိုပဲ"

"ဟုတ်ပါဘူးကွာ ... ဒီကောင်တွေ မူးလို့ပြောတာ နေမှာပါ"

"ကျွန်တော်တို့ ညီအစ်ကိုကိုလည်း ပညာလေး ဘာလေး နည်း နည်းဝေပေးပါ ... အဘရ"

"ငါ ဘာမှ မတတ်ပါဘူးကွာ"

"မလျှို့စမ်းပါနဲ့ဗျာ"





"တကယ်ပြောတာပါ ... ငါ့လူတို့ရာ"

"ကျွန်တော်တို့နဲ့ ကစားကြည့်ရအောင်ဗျာ"

"အသက်ကြီးပါပြီ ... သားတို့ရာ။ အမောလည်း မခံနိုင်တော့ပါ ဘူး။ သားတို့နှစ်ဦး ကစားတာကြည့်ပြီး အားရတာပဲ ရှိပါတယ်ကွာ"

"အဘက ကြောက်လို့လားဗျ"

ကျားကြီးဆိုတဲ့ ရင်အုတ်ဖုထစ်နဲ့ကောင်က ပြောတာကွ။

"အေး ... ကြောက်ပါတယ်ကွယ်၊ အဘ ကြောက်ပါတယ်"

ဒီမှာ ကျားလေးဆိုတဲ့ အသားမည်းမည်းကောင်က ...

"ကျုပ်တို့ကို ကြောက်ရင် ဒီခြံဝန်းထဲမှာရော၊ ဒီနယ်မြေမှာပါ ဗွာကျယ်ကျယ် မလုပ်နဲ့ဗျ ... နားလည်လား"

"အေးပါကွာ ... နားလည်ပါတယ် ... သားတို့ရယ်"

"ကျုပ်တို့က စောလူးနဲ့စိန်ခြယ် မဟုတ်ဘူး ... သိလား"

"ဟုတ်ကဲ့ပါ"

"တစ်စစီ လုပ်ပစ်လိုက်မယ်။ ခင်ဗျား ဒီကိစ္စ မကျေနပ်ရင် သူဌေး ကို တိုင်လိုက်လို့ရတယ်။ ကျုပ်တို့ညီအစ်ကိုက ကျည်ဆန်ကလွဲရင် ဘာမှ ကြောက်ဘူးဗျာ"

"ဟုတ်ပါပြီဗျာ ... နားလည်ပါပြီဗျာ"

"စမ်းချင်လား ... စမ်းချင်ရင် ထွက်လေ"

"မထွက်ပါရစေနဲ့ဗျာ ... ကြောက်ပါတယ် ကြောက်ပါတယ်"

"ဟင်း ..."

သူတို့နှစ်ဦးက ငါ့ကို အသားလွှတ် ကြိမ်းဝါးသွားပါရော ... မောင် မှိုင်းရေ။ ကြည့်ရတာ ... စောလူးတို့၊ စိန်ခြယ်တို့ကို ငါဆုံးမလိုက်တဲ့ကိစ္စ ကြောင့် ငါ့ကို လာခြိမ်းခြောက်၊ ဖြဲခြောက်ကြတာကိုးကွ။

ငါက ငြိမ်သည်ပါ။

သူဌေးတောက်ထွန်းရဲ့ ငြိမ်သည်ပါ။

ငါ သူဌေးတောက်ထွန်းကို ဒီအကြောင်း ပြန်မပြောပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူဈေးဝယ်လာတဲ့ ငှက်ပျောသီး၊ အုန်းသီးတွေကို ငါ ရေဆေး သန့်စင်ပြီး ကန်တော့ပွဲ ပြင်တယ်။ လက်ဖက်၊ ဆေးဖယောင်းတိုင်၊ အမွှေး တိုင်နဲ့ အုန်းပွဲ အသင့်ပြင်ထားတယ်။

နက်ဖြန် တနင်္ဂနွေနေ့က နေ့ကောင်းရက်သာကွ။

မနက် (၇) နာရီခွဲကနေ (၉)နာရီ ကြားချိန်က 'သောကြာအခါ' ချိန် ဖြစ်တယ်။ တနင်္ဂနွေနေ့မှာ ငါ ပွဲထိုးပြီး ဆိုင်ရာတွေကို မေတ္တာရပ်ခံ မယ်။

ပြီးရင် ဒေါ်သစ္စာဝေဆိုတဲ့ အဘွားကြီးရဲ့ ပယောဂအပူးကို ငါ ထုတ်မယ်။

"အဘ ..."

"ဘာတုံး ... မောင်မှိုင်း"

"ဆေးပဒေသာ ရှိနေတာတောင် ဘာလို့ ကန်တော့ပွဲထိုးပြီး တောင်းပန်နေရတာတုံးဗျ"

"အိမ်တွင်းတို့၊ ရွာတွင်းတို့၊ မြို့တွင်းတို့ဆိုတာ အပိုင်အဆိုင်တွေ ရှိတယ် ... မောင်မှိုင်းရ။ အိမ်မှာကျတော့ အိမ်တွင်းနတ်၊ ရွာကျတော့ ရွာတော်ရှင်၊ မြို့ကျတော့ မြို့တော်ရှင်ဆိုပြီး အပိုင်နတ်တွေ ရှိတယ်။ သူ တို့ကို မေတ္တာရပ်ပြီး ငါ ခွင့်တောင်းမှာ။ ငါက ဧည့်သည်၊ သူတို့က အိမ်ရှင် ကိုး။ ဧည့်သည်က အိမ်ရှင်ကို မစော်ကားရဘူး။ ဒါကြောင့်ပါ"

အုန်းပွဲတွေ ပြင်ပြီး ဘုရားခန်းရှေ့မှာ အသင့်လုပ်ထားပြီး အဘွား ကြီးအခန်းကို သွားကြည့်လိုက်တယ်။

အဘွားကြီးဒေါ်သစ္စာဝေ သစ်သားကွပ်ပျစ်ပေါ်မှာ ရှိုက်ရှိုက်ငိုနေ တယ်ကွာ၊ ငါ့ကို လှမ်းကြည့်ပြီး မျက်နှာ လက်ဝါးနဲ့အုပ် ရှိုက်ငိုနေတယ်။

"အစ်မကြီး ... ဘာဖြစ်လို့ ငိုနေတာလဲ ဟင်"

"အင့် ... ဟီး"

"ဘာဖြစ်လို့တုံး"

"ဟီး ... ဟီး ..."

ငါ့ကို စကားမပြောဘူး။ ဒါနဲ့ သူနေတဲ့အခန်းကို မျက်စိကစား လိုက်ရော ...





"ဟင် ... ရေတွေပါလား၊ ဘယ်လိုဖြစ်လို့ ရေတွေ အခန်းထဲမှာ ရော ... ဒေါ်သစ္စာဝေရဲ့ ခန္ဓာကိုယ်မှာပါ ရွှဲစိုနေရတာလဲ။

အလို ... အခန်းသံမံတလင်းပေါ်မှာ သဲတွေ၊ ခဲလုံးသေးသေး လေးတွေရော၊ စားလက်စ မာလကာသီးခြမ်းလုံးတွေရော ရှိနေပါကလား။

ဟော ... စီးကရက်တို နှစ်ခုလည်း ရှိနေရဲ့။

ဒီမိန်းမကြီး ဆေးလိပ်သောက်လို့လား။

မဟုတ်သေးပါဘူး၊ သူ့ဆီ ဆေးလိပ်မီးခြစ်လည်း မတွေ့ရပါဘူး။

"ဒေါ်သစ္စာ ... ဗျို့ ... ဒေါ်သစ္စာ ... ကျုပ် ... ဆေးဆရာ မ"

" ............"

"ရေရော၊ သဲ၊ ခဲနဲ့ စားလက်စ မာလကာသီးတွေရော ဘာလို့ ဆောက်နေ ပွနေတာလဲ"

ဒေါ်သစ္စာ ငါ့ကို မော့ကြည့်တယ်။

သူ့မျက်နှာပေါ်မှာ ဝမ်းနည်းရိပ်ရော၊ ကြောက်ရွံ့ရိပ်ရော ရောပြွန်း နေတာ မြင်ရတယ်ကွ။

"ဒါတွေ ခင်ဗျား လုပ်တာလား"

သူ ခေါင်းယမ်းပြတယ်။

"ဒါဆို ဘယ်သူတွေ လာလုပ်တာတုံး"

သူ အပြင်ကို ကြောက်ကြောက်ရွံ့ရွံ့ လှမ်းကြည့်ပြီး ခေါင်းကို အခါခါ ယမ်းပြီး ရှိုက်ငိုရင်း ဝပ်ချလိုက်ပါရောကွာ ...

နောက်ထပ်လည်း မေးလို့ မရတော့ဘူး။

ဒါနဲ့ငါ ထမင်းကျွေးတာဝန်ယူထားတဲ့ မတိုးစိန်ဆိုသူကို သွားရှာ ပြီး မေးတာပေါ့ကွာ ..."

"သမီး ... မတိုးစိန်"

"ရှင် ... အဘ ဘာလိုချင်လို့လဲ ဟင်၊ တော်ကြာ လက်ဖက်သုပ် ဘာဖို့မလို့ သုတ်နေတာ အဘရဲ့"

"သမီး ... မနက်က ဒေါ်သစ္စာကို ဘယ်အချိန် ထမင်းသွား ကျွေးလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအဘွားကို ပုံမှန် မနက် (၁၀)နာရီ (၃၀) မှာ ထမင်းနဲ့ဟင်း ပို့ပေးရတယ် အဘ"

"နေ့ခင်းရောက်ရင်ရော"

"ဘီစကစ်တို့၊ ကိတ်မုန့်ခြောက်တို့ သွားပို့ပေးတယ်ရှင့်"

"သမီး ... နေ့ခင်း မုန့်သွားပို့တော့ ဒေါ်သစ္စာအခန်းထဲမှာ ဘာ ထူးခြားတာ တွေ့လည်းသမီး"

"ဘာမှ မထူးခြားပါဘူး ... အဘ၊ ခါတိုင်းလိုပဲ အဘွားကြီး သီချင်းညည်းလိုက်၊ ဘုရားစာတွေ ရွတ်လိုက်ပါပဲ"

"သူ့အခန်းရှိရာကို နေ့ခင်းလွန်တော့ ဘယ်သူတွေ သွားတာ မြင်ရလဲ မတိုးစိန်"

"အဲ ... အဲ ... ဟို ..."

"ဟဲ့ ... မိတိုးစိန် ........"

မတိုးစိန်ရဲ့အဖော် အိမ်ကူ မဂျမ်းက တိုးစိန်အနီး ကပ်ပြီး ဘာ ပြောလဲ မသိပါဘူးကွာ တိုးစိန် စကားပြောပြောင်းလိုက်တယ်။

"သမီးတို့နဲ့ အမေကြီးနေတဲ့အခန်းနဲ့က တခြားစီဆိုတော့ မမြင် မိပါဘူး ... အဘရယ်"

ပြောပြီး သူ ခေါင်းငုံ့သွားတယ်။ ပြီး ... မီးဖိုဆောင်အလုပ်တွေ ကို မျက်နှာလွှဲပြီး လုပ်နေတယ်။ ဒီမှာ မဂျမ်းက ...

"အဘ ... လက်ဖက်သုပ်ပြီးပြီ ... လာမယ်နော်"

"အေး ... အေး ..."

ငါ အခန်းထဲကို ပြန်လာခဲ့လိုက်တယ်။ ငါက ဘုရားခန်းမှာ ဖျာခင်းပြီး အိပ်တာ။ ဒေါ်သစ္စာအခန်းက တိုက်ရဲ့မြေညီ နောက်ဆုံးဘက် က အခန်းမှာ။

ငါနဲ့လည်း လှမ်းတယ်။ သူ့အခန်းကို သွားဖို့က အလယ်လှေသွား လမ်းက သွားချင်သွား၊ ဒါမှမဟုတ် နောက်ဘက်ကနေ သွား။ တိုက်က လည်း အထပ်က သုံးထပ်၊ အခန်းတွေကလည်း များတယ်။

တော်ရုံ အသံမကြားရဘူး။





ငါသိသလောက်က ဒေါ်သစ္စာရဲ့ အခန်းအနေအထားက အချုပ် ခန်းသဘော၊ ကျားလှောင်အိမ်သဘောပဲ။ အပေါ်ထပ်တက်တဲ့ လှေကား ရှိပေမင့် အပေါ်ထပ်ကို သူ့ဒွေးကလွှဲပြီး ဘယ်သူမှ မတက်ဘူး။

ငါမြင်တဲ့ ပထမထပ်အတက်မှာ သံတံခါးတစ်ချပ်ရှိတယ်။ သော့ ခတ်ထားတယ်။

ဒီအိမ်ထဲမှာ အခုရှိနေတာ ငါရယ်၊ အိမ်ဖော်နှစ်ဦးရယ်၊ မာသီ ခါးကုန်းကြီးရယ်၊ အစောင့် ကျားကြီးနဲ့ ကျားလေးပဲ ရှိကြတယ်။ သူ့ဒွေးက မြို့ထဲ သွားနေတာ။

မဟုတ်မှလွဲရော ...

ကျားကြီးနဲ့ ကျားလေးများလား။

သူတို့ မေးရအောင်လည်း မေးရင် စကားများရဦးမယ်။ ဒါနဲ့ မဂျမ်း သာပို့တဲ့ လက်ဖက်လေးမြည်းပြီး ရေနွေးသောက်၊ တံခါးထ,ပိတ်ပြီး ဘုရားစင် ရှေ့မှာ ပုတီးစိပ်နေတုန်းရှိသေး ...

"ဝုန်း ..."

"ဂျိုး ..."

"ဒုန်း ..."

"အလို ... အခန်းတံခါးကို ရိုက်ပုတ်နေတဲ့ အသံကွ။ ဆူညံနေ တာပဲဟေ့။ ငါ ပုတီးစိပ်လို့ မရတော့ဘူး။ တံခါးကို ကန်ကျောက်ထုပြီး အော်နေတဲ့အသံကွ"

"ဘယ်သူထုနေတာလဲကွယ့်"

"ဒုံး ... ဒုံး ..."

"ဖွင့်စမ်းဗျာ ... နားမကြားဘူးလား"

"ဝုန်း ... ဒိုင်း ..."

ဒါနဲ့ တံခါးချက်ဖြုတ်ပြီး ဖွင့်လိုက်တော့ ကျားကြီးနဲ့ ကျားလေး သူတို့ထံက အရက်နံ့လည်း ရတယ်ဟေ့။

"ဘာဖြစ်လို့လဲ ... သားတို့"

"ဒီလောက်တံခါးထုနေတာ ဘာလို့မဖွင့်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား နားကန်းနေလား"

"နေပါဦးကွယ် ... အဘအခန်းထဲ အဘနေတာ ဘာဖြစ်လို့တုံး"

"နေ့ခင်းဘက် တံခါးပိတ်ထားစရာ မလိုဘူးဗျာ"

"ဘာ ... ဘာလို့ ..."

"ဒီမှာ စောစောတုန်းက ခင်ဗျားက အဘွားကြီးအခန်းထဲက ပေရေ ညစ်ပတ်နေတဲ့ကိစ္စ လိုက်မေးမြန်းစုံစမ်းဆို ... ဟုတ်လား"

"ဟုတ်ပါတယ်ကွယ် ... အဘ ဆေးကုပေးရမည့်လူနာမို့ သွေး ရေ၊ ခဲ တွေ ပွစာကျဲနေလို့ မေးကြည့်ရတာပါ ... သားတို့ရာ"

"ခင်ဗျားကြီးက ကျုပ်တို့ညီအစ်ကို လုပ်တယ် ထင်လို့လား"

"မ ... မထင်ပါဘူးကွာ"

"ခင်ဗျားကြီးက ... ဘာလဲ ... စုံထောက်လား၊ ရဲလား"

"အဲဒါတွေ ... လုံးဝ ... မ ..."

"ဖောင်း ..."

"အား ..."

"ခွပ် ..."

"အား ... မင်း ... မင်းတို့ ... ငါ့ ... ငါ ..."

"ဆွဲထုတ်ကွာ ... ကြာတယ်"

"လာစမ်း ... စုံထောက်ကြီး"

"ဟေ့ ... ဟေ့ ... မလုပ်ကြ ... ပါနဲ့ ... သား ... သားတို့"

ငါ့နားရင်းကို ကျားကြီးက အသံကျယ်ကြီးနဲ့ အော်မေးပြီး ရိုက်တာကွာ။ ရိုက်လို့ စိုက်သွားတုန်းမှာ ငါ့ပါးချိတ်ကို လက်သီးနဲ့ ထိုးလိုက်တာ ...

ငါ ချာလည်လည်ပြီး အသွား ...

ငါ့ကို ကျားလေးက ကုပ်ကနေဆွဲပြီး အိမ်ရှေ့မြက်ခင်းပေါ်ကို တရကြမ်း ဆွဲတွန်းပြီး လှဲချလိုက်ရောကွာ။





"စုံထောက်လုပ်ချင်တဲ့ အဘိုးကြီး ... ချကွာ"

"ကဲကွာ ... ကဲဟာ ..."

"ဖောင်း ..."

"ခွပ် ..."

"အား ... အ ... အ"

ငါ့ကို သူတို့ညီအစ်ကို ရှေ့နဲ့နောက် ညှပ်ပြီး ကန်ကြတာဟေ့။ ငါ ကျောရော၊ ရင်ရော အောင့်ပြီး အသက်ရှူရပ်သလို ဖြစ်သွားတယ်ကွာ။

[ကျွန်တော်ဗျာ ... အဘပြောပြနေတဲ့စကား ကြားရတော့ ဒေါသ ထောင်းခနဲ ထပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လို့ တောက်တစ်ချက်ခေါက်လိုက်တယ်ဗျာ။ ကျွန်တော်သာ အနားမှာရှိရင် ဒီလို အဘိုးအရွယ်၊ အဘွားအရွယ်ကို စော်ကားနေတာ ရပ်ကြည့်နေမှာမဟုတ်ဘူး။

ဓားတစ်ချောင်းသာ လက်ထဲရှိရင် ဒင်းတို့ အသေပဲ။ ဒါကြောင့် အဘကို စိတ်မချတာပေါ့။]

"တောက် ... ဒီလောက် မိုက်ရိုင်းစော်ကားနေတာကို အဘက ဘာလို့ သည်းခံနေရတာတုံးဗျ။ အဘက လူညံ့မို့လို့လား ဟင်"

"နားထောင်ပါ ... မောင်မှိုင်းရာ၊ ဒေါသမထွက်ပါနဲ့ကွ"

"ဗွီ ... ကျုပ်မပါလို့ ခံရတာပေါ့"

"မင်းပါရင်လည်း ထွက်ပြေးမှာပါကွာ ... ငါ့ကောင်ရာ ... ဟင်း ... ဟင်း ... သူတို့က ဗန်းတိုသမားတွေကွ၊ နာမည်ကျော် လက်ရေးသမားတွေကွ"

ဒါလည်းဟုတ်တာပဲဗျ။ ကျုပ်က လက်သီးမထိုးတတ်ဘူး။ ဗန်းတိုးရှည် မတတ်ဘူး။ ဓားတော့ နည်းနည်းပါးပါး ပေါက်တတ်တယ်။ ဟိုကောင်တွေက ဓားချက်ရှောင်ပြီး ကိုယ့်ကို တီးလိုက်ရင် ... အင်း ... အင်း ...

ငါ သည်းခံတယ်ကွာ။ ငါ ငြိမ်သည်လေကွာ။ သူ့ဒွေးရှိနေရင်တော့ သူ့ဒွေးတားမှာပေါ့။ ငါ့နှာခေါင်းနဲ့ ပါးစပ်က သွေးတွေ ကျလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



''အဘိုးကြီး ...''

''......''

''ခင်ဗျား စောလူးတို့၊ စိန်ခြယ်တို့လို မတောက်တခေါက်ကောင်တွေကို စမ်းလို့ရချင်ရမယ်၊ ကျုပ်တို့ကို စမ်းလို့မရဘူး။ ကဲဟာ ...''

''ဝိုး ...''

ကျားကြီးကွာ ... ပါးစပ်နဲ့နှာခေါင်းက သွေးတွေစီးကျပြီး အားယူထထိုင်တဲ့ ငါ့နားအုံကို သူ့ညာခြေနဲ့ ပတ်ကန်လိုက်တာ။

ဒီကောင်တွေ လွန်လွန်းနေပြီကွာ။

ဒီကောင်တွေ အငြိုးနဲ့ ငါ့ကို ရက်ရက်စက်စက် နှိပ်စက်နေတာ။

ဒီကောင့် ညာခြေ ငါ့ဦးခေါင်းရှိရာ လှစ်ခနဲ ဝင်လာရော ငါ ငါ့ရဲ့ ညာလက် ဖျံရိုးနဲ့ လှည့်ပြီး ရိုက်ချလိုက်တာပေါ့ ...

''ကျား ...''

''ဖျောင်း ...''

''အမယ်လေး ... သေပါ ... ပြီဗျို ... အ ... အား ... ကျား ... လေး ...''

ဒီကောင်ရဲ့ အရှိန်နဲ့ဝင်လာတဲ့ ခြေသလုံးရှိရာကို ကျားလို့အော်ပြီး လက်ဖျံရိုးနဲ့ ရိုက်ချလိုက်တာ ဒီကောင်ကျားကြီး လူရော၊ ခြေထောက်ရော ချာလည်လည် မြက်ခင်းပေါ်မှာ ခြေသလုံးဖိပြီး လူးလိမ့်အော်ဟစ်နေပါရောပေါ့။

[ကျွန်တော်က ဒီတော့မှ ဒါမှပေါ့ ... အဘရဲ့ ကျုပ် သင်ပေးထားတဲ့ ပညာတွေ ထုတ်သုံးလိုက်တယ်မဟုတ်လားဟု ပြောရာ အဘက ကျွန်ုပ်၏လည်ပင်းကို ထညှစ်၍ လက်အုပ်ချီပြီး ကန်တော့ ... ကန်တော့ဟု ပြောခဲ့တယ်ဗျာ။]

ဒီမှာပဲ သူ့ညီကျားလေးက ငါ့ဆီကို လွှားခနဲ ခုန်ဝင်လာပြီး ခြေဖျားနဲ့ ခတ် (ကစ်)လိုက်တာ ငါ့မျက်လုံးထဲ ကြယ်တွေ၊ လတွေ ကြွေကျပြီး လန်ကျသွားပါရော။

''ကျားလေးတဲ့ဟေ့ ... ကျား''

စိတ်ကူးသစ်စာပေ



''ဖောင်း ... ဖောင်း ...''

''အား ...''

''ခွပ် ... ခွပ် ...''

''အင့် ...''

ငါ့ရဲ့မျက်နှာ ရင်ညွန့်ဝမ်းဗိုက် စတဲ့နေရာတွေကို လက်သီးနဲ့ တရကြမ်း ထိုးတာကွာ။ ငါ အသက်ရှူခွင့်တောင်မရဘဲ လိမ့်ခံနေရတယ်။

လက်သီးကလည်းပြင်းတော့ တစ်ချက်ဆိုတစ်ချက် အင့်ခနဲပဲ။ ဒီမှာ ကျားလေးက ငါ့လည်ပင်းကို နောက်ကနေ လက်ဖျံနဲ့ သိုင်းညှစ်ပြီး ဆွဲဆွဲခါတော လည်ပင်းအစ်ပြီး ငါ မူးနေပြီကွ''

ဒီကောင်က ငါ့ကို ခါမွှေ့ယမ်းလိုက်။

မြေကြီးမှာ ကိုင်ဆောင့်လိုက်၊ အသေ သတ်နေတာပေါ့။

ဒီမှာ မတ်တတ်မရပ်နိုင်တဲ့ ကျားကြီးက လှမ်းအော်တယ်။

''ကျားလေး ... အပြတ်ရှင်းလိုက်''

''စိတ်ချ ... ကိုင်း ... သေရောဟော''

ငါ့လည်ပင်းကို အသားကုန်ညှစ်ရော ငါ အသက်အောင့်လိုက်ပြီး သူ့အား (ငယ်ပါ၌)ကို ညာလက်နဲ့ နောက်ပြန် ဆတ်ပုတ်လိုက်ရော ...

''အဲ ...''

''ကျား ...''

ငယ်ပါကိုထိတော့ နာရော။ ဒီကောင် လည်ပင်းညှစ်တဲ့အား လျော့သွားချိန် ငါ ဘယ်ဘက်ကို ကိုယ်ယို့ပြီး ညာတံတောင်နဲ့ ကျားလေး နံ့ရှင်ဝကို နောက်ပြန်ဆောင့်လိုက်တာ ...

''ဖောင်း ...''

''အား ... အု ... အု ... အူး ... အူး ... အား ...''

ဒီကောင် ပါးစပ်က အူးဝူးအော်ပြီး ဖင်ထိုင်အကျ သင်းနားအုံကို နောက်ပြန်ရိုက်ချပစ်လိုက်ရောကွ။

''ဖြောင်း ...''

''အား ... သေ ... ပါ ... ပြီ ... ဗျ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် နားထဲက သွေးတွေ ကျလာတယ်။ ငါ သူတို့လို လူသန်တွေနဲ့ ယှဉ်မဖြစ်ချင်ပါဘူး . . . မောင်မှိုင်းရာ။

ဒီကောင်တွေ မိုက်ရိုင်းတယ်။ စော်ကားလွန်းတယ်။

လူကြီးသူမ သက်ကြီးရွယ်အိုကို လေးစားရမှန်း မသိဘူး။

ဒီကောင်တွေမှာ အကြံရှိတယ်။ ရွေ့ကလူ (စောလူး) တို့ ပြောခဲ့လို့ ငါ့ကို ရန်စပြီး နှိပ်ကွပ်တာကွ။

သူတို့လုပ်ပုံက ငါ့ကို ပညာပေးတဲ့သဘောထက် သေရင်သေ မသေရင် သုံးစားလို့မရအောင် ကျိုးကန်းဘဝပျက်အောင် လုပ်တာ။

ကျားလေး နားကစီးကျတဲ့ သွေးတွေကို လက်ဝါးနဲ့သပ်ကြည့်ပြီး အံကြိတ်လိုက်တယ်။

ပြီး ကုန်းထတယ်။ ရင်ဝကဒဏ်ရာ သူ့လက်နဲ့ဖိရင်း သူ့အစ်ကို ကျားကြီးကို အားကိုးတကြီး လှမ်းကြည့်လိုက်စဉ်မှာပဲ . . .

ခြံရှေ့မှာ ကားတစ်စီးရပ်သံ ကြားရတယ်ကွ။

ငါက ကားရှိရာကို လှမ်းကြည့်လိုက်တော့ သူဌေးတောက်ထွန်း ကားပေါ်ကအဆင်း . . .

"ဒိုင်း . . ."

"အား . . ."

"အဖေကြီး . . . ဝပ်နေ"

ငါ မြေပြင်မှာ ဝပ်ချလိုက်တယ်။ တောက်ထွန်းလည်း ကားဘေးမှာ ဝပ်ချလိုက်တယ်။ နောက်ထပ် သေနတ်သံ မကြားရတော့ဘူး။

သေနတ်သံနဲ့အတူ ကျားကြီးရဲ့ စူးစူးဝါးဝါး အော်သံလည်း ကြားလို့ ခေါင်းထောင်ကြည့်လိုက်ရော . . .

ဟင် . . .

ကျားကြီးရဲ့ချိုင်းမှာ လက်ဆုံကနေ သွေးတွေ တတောက်တောက်ကျရင်း ကျားကြီး ရန်သူကို ဒေါသတကြီး လှည့်ကြည့် လိုက်ရှာနေတယ်

သို့သော် . . .





သူ ထမရပ်နိုင်ဘူး။ သူ့ရှေ့မှာ ပစ်ဓား ဓားမြှောင်တစ်ချောင်း မြေကြီးပေါ် စိုက်လို့။

သေနတ်သံ မကြားရတော့မှ ငါရော၊ သူဌေးရော ပြန်ထလိုက်ကြတယ်ပေါ့။ သူဌေးက ကျားကြီးကိုကြည့်ပြီး မေးရော . . .

"ကျားကြီး . . . ဘယ်လိုဖြစ်ကြတာတုံး"

"ကျုပ်ကို သေနတ်နဲ့ ချောင်းပစ်သွားတာ။ အား . . . ကျွတ် . . ကျွတ် . . . တောက်"

"ကျားကြီး၊ ကျားလေး . . . မင်းတို့ နှစ်ဦးလုံးမှာ သွေးသံရဲရဲ မသေကောင်း မပျောက်ကောင်းတွေ ဖြစ်လို့ မင်းတို့ ဘယ်သူနဲ့ရန်ဖြစ်ကြလို့ သွေးသံရဲရဲတွေ ဖြစ်နေကြတာလဲကွ ဟင်"

သူတို့က ငါ့ကို လက်ညှိုးထိုးပြီး ဆဲနေကြတယ်။

"ဘာ . . . ဒီ အဖေဆရာကြီးနဲ့ ဖြစ်တာ"

"အင်း . . . အား . . . ကျွတ် . . . ကျွတ် . . ."

"နှစ်ယောက်တစ်ယောက်ဖြစ်ပြီး ခံရတာပေါ့ . . . ဟုတ်လား"

"ဟုတ် . . . ဟုတ် . . ."

"ကိုင်းကွာ . . . ခံရဦးကွာ . . . သေစမ်းကွာ"

"ဖောင်း . . ."

"ဖြန်း . . . ဖြန်း . . ."

သူဌေးတောက်ထွန်း သူတို့နှစ်ဦးရဲ့ နားရင်းပါးရင်းတွေကို ရိုက်ပြီး ဆောင့်ကန်ပစ်လိုက်တယ်။ ဒါနဲ့အတူ တိုက်ပုံရင်ကွဲ၊ ချွေးသံရွှဲရွှဲ၊ ပါးစောင်မှာ သွေးတွေပေနေတဲ့ ငါ့ကိုလည်း အံ့အံ့သြသြ ကြည့်ရင်းက . . .

"အဖေကြီး . . . ဘယ်လိုဖြစ်ကြတာတုံးဗျာ။ ကျွန်တော် အပြင်ခဏလေးသွားတုန်း ရှိသေးတယ်ဗျာ"

ငါက ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြတော့ သူဌေးက သူ့လူနှစ်ဦးကို ခြေနှင့်လိုမ့်ကန်ရင်း . . .

"သေနတ်နဲ့ပစ်သွားတာ ဘယ်သူတုံး"

www.burmeseclassic.com



"မ ... မ ... သိဘူး ... သ ... သဒ္ဓေး"

"တောက် ... ငါလိုလူကိုမှ လာကျော့ရတယ်လို့ကွာ ... ဖွီ"

"မောင် ... တောက်ထွန်းတက် ..."

"ဗျာ ... အဖေကြီး ... ပြောပါ"

"မင်းလူတွေ ငါ့ကိုညှော်ခံစောင့်ရှောက်တာ အတော်ကို ယဥ်ကျေး တာပဲကွာ။ ငါ ပြန်တော့မယ်"

"ဗျာ ... ဗျာ ... အဖေဆရာကြီး ... မလုပ်ပါနဲ့၊ မပြန်ပါနဲ့ ဗျာ။ ကျွန်တော် အဖေဆရာကြီးကို တောင်းပန်ပါတယ်ဗျာ၊ ဒီကောင်တွေ ကို ကျွန်တော် ဆုံးမပါ့မယ် ... ဆရာကြီးရာ၊ မပြန်ပါနဲ့ဗျာ"

"ငါ ဆေးကုဖို့ လာခဲ့တာပါ။ လူသတ်ဖို့ မဟုတ်ဘူး"

"သိပါပြီ ... ဆရာကြီးရယ်၊ အဖေကြီးရယ် ... လာပါ ... အထဲကို ဝင်ပါ"

"မင်း ငါ့ကို ကတိတစ်ခုပေး ... တောက်ထွန်း"

"ဘာ ... ဘာပေးရမလဲ ... ဖေ ... ဖေကြီး ..."

"ငါ ဆေးကုနေတဲ့အချိန် မင်းလူ လူကြမ်းအစောင့်တွေ ဒီခြံ မှာ မမြင်ချင်ဘူး။ အဲဒါ တာဝန်ယူပေးနိုင်ရင် ငါ အထဲဝင်မယ်၊ တာဝ မယူရင် ပြန်မယ်"

တောက်ထွန်း အကျပ်ရိုက်သွားရောကွ ... သူ ခေါင်းကုပ်စဉ် စားလိုက် ဟိုနှစ်ကောင်ကို ဒေါ်ပွပြီး ဆဲလိုက်။

ခြံထဲမှာရှိတဲ့ ထမင်းချက်မိန်းမတွေက သွေးသံရဲရဲလူနှစ်ဦးကို သေ သုတ် သန့်စင်ပေးနေကြတယ်။

"ငါ ပြန်ပြီဟေ့"

"ဆ ... ဆရာ ... အဲ ... အ ... အဖေကြီး"

"ပြော ..."

"ကျွန်တော် ကတိပေးပါတယ် ... အဖေကြီး"

"ဒါဆို ဒီကောင်နှစ်ကောင်ကို ခေါ်သွားတော့"





တောက်ထွန်း ဒဏ်ရာရလူကြမ်းနှစ်ယောက်ကို ကားပေါ် တွဲကူ ဆင်ပြီး ထွက်သွားတယ်။ ခြံထဲမှာ ငါရယ်၊ သန့်ရှင်းရေး ခါးကုန်းကြီးနဲ့ ထမင်းချက်မိန်းမနှစ်ဦးပဲ ကျန်ခဲ့တယ်။

ခြံသန့်ရှင်းရေး အလုပ်သမားအဘိုးကြီး ဦးခါးကုန်းက သူတို့ နှစ်ယောက်ပြန်သွားတော့ ငါ့ကို လာပြောရောကွ။

"ဆရာကြီး ..."

"ပြောပါ ... ဦးခါးကုန်း၊ ဘာပါလဲခင်ဗျ"

"ဆရာကြီး ကံကောင်းလို့ မသေတာဗျ"

"ဟုတ်လား ... ဦးခါးကုန်း မြင်လို့လား"

"ဆရာကြီးကို တိုက်ထဲကဆွဲထုတ်၊ ထိုးကြိတ်ကတည်းက ကျုပ် ခန်းချုံထဲက မြင်နေတာ။ ဒီကောင်တွေ အတော်ဆိုးတယ်ဆရာကြီး။ မထ င်တဲ့ ကျားကြီးက ဆရာကြီး သူဌေးကားရပ်ရာကို လှည့်အကြည့်မှာ အမြှောင်နဲ့ ဆရာကြီးကို လှမ်းပစ်တာ"

"ဟင် ... အဲလိုလား"

"ကျုပ် မြင်တာပေါ့ဗျာ။ ဆရာကြီး သေနေ့မစေ့ချင်တော့ ဟော ဟိုတောအုပ် သစ်ပင်တွေကြားက သေနတ်သံတစ်ချက် ပေါ်လာတာဗျ။ ဆနဲ့ပစ်မလို့ လုပ်တဲ့ ကျားကြီးရဲ့ လက်မောင်းဆုံကို ထိသွားလို့ပေါ့။ နို့မို့ င်လား ဆရာကြီး သေပြီ"

"ဦးကုန်း ..."

"ဟုတ်ကဲ့ ... ဆရာကြီး"

"သေနတ်နဲ့ပစ်တဲ့လူကို မြင်လိုက်ရလား"

"မမြင်ရဘူး ... ဝါးနှစ်ပြန်ကျော်ဝေးလောက်က ပစ်ပုံပဲ ... ဆရာကြီး။ ဖြစ်နိုင်ရင် ပြန်သာပြန်ပါ ... ဆရာကြီး"

"ကျေးဇူးပါပဲဗျာ ... ကျုပ် ဆေးကုတဲ့ကိစ္စပြီးရင် ပြန်ပါ့မယ်"

ငါ ဘုရားခန်းထဲဝင် နားနေတုန်း မတိုးစိန် ရေချွေးအိုးလာဖြည့် တယ်။ ရေချွေးဖြည့်ရင်း သူက ဟိုကြည့်ဒီကြည့်လုပ်ပြီး ငါ့ကို တိုးတိုး ဖြန် ပြောသွားတယ် ... မောင်မှိုင်းရေ။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ..."

"ဘာလဲ သမီး၊ အမေကြီးအခန်းလည်း ရှင်းလိုက်ဦး"

"ရှူး ... တိုးတိုး"

"ပြော ... မြန်မြန်ပြော"

"ဟို ... ဟို ... ဒေါ်သစ္စာဆိုတဲ့ အမေကြီးကို သဲနဲ့ပက်၊ ခဲ[illegible] နဲ့ပေါက်၊ ရေနဲ့ပက်၊ စားစရာတွေနဲ့ ပစ်တာ ... ဟို ... ဟို ... ကျားက[illegible] တို့နှစ်ဦးပဲ ... အဘရဲ့"

"ငါတွက်တဲ့ အတိုင်းပဲပေါ့"

"အမေကြီးက အရမ်းသနားဖို့ကောင်းတယ်"

"ဘာဖြစ်လို့လဲ"

ဒီမှာပဲ ကားဝင်လာတဲ့အသံကြားလို့ သူမ စကားကိုရပ်ပြီး ရေ[illegible] အိုးကြီးကိုင်ကာ ထွက်သွားတယ်။

ဝင်လာတာက သူ့ဒွေးတောက်ထွန်းပဲကွ။ အလို ... ဆေးပြ[illegible] လိပ် ခဲလို့ဟ။ သူ မျက်နှာမကောင်းဘူး။ ဒေါသဖြစ်နေတဲ့ ပုံပဲကွ။

"အဖေကြီး ..."

"အေး ... ပြော ... တောက်ထွန်း"

"ကျားကြီး ခြေသလုံးရိုး ကျိုးသွားတယ်"

"ဟုတ်လား"

"သေနတ်ကျည်ဆန်က ချိုင်းအရေပြားကို ဖောက်သွားလို့[illegible] ပေါ့ဗျာ၊ ရင်ဘတ်သာထိရင် ပွဲချင်းပြီးပဲ။ ကျားလေးကတော့ လတ်တ[illegible] ညာဘက်နား လုံးဝ မကြားတော့ဘူး"

"အင် ..."

"အဖေကြီး လုပ်ချက်ကလည်း မလွန်ဘူးလားဗျာ"

သူ ဒေါပွသံနဲ့ ပြောရင်း သောက်လက်စဆေးပြင်းလိပ်ကို လွ[illegible] ပစ်လိုက်တယ်။

"ငါ့ကို မင်းရဲ့ နိုင်ငံကျော် လက်ဝှေ့သမားနှစ်ယောက်က အသ[illegible] လွှတ် ဆွဲထုတ်၊ နှိပ်စက်၊ အသေသတ်ဖို့ လုပ်တာကို ငါက ဒီအတိုင်[illegible] လည်စင်း အသေခံပေးရမလား ... တောက်ထွန်း"





"ညှာညှာတာတာ လုပ်မှပေါ့ ... အဖေကြီးရယ်"

"ငါက အဘိုးကြီးကွ၊ သူတို့က လူသန်ကြီးတွေ။ ငါ့နေရာမှာဆို [illegible] ဘာလုပ်မလဲ ပြော"

"ထားလိုက်ပါလေ ... အဘွားကို မနက်ဖြန်ခါ စကုမယ်လား"

"အေး ... ကုမယ်"

"မြန်မြန်ကောင်းသွားအောင် ကုပေးပါဗျာ"

"စိတ်ချပါ"

"ကျွန်တော် အပေါ်တက်တော့မယ်"

"အေး ... သွားတော့"

သူ အပေါ်တက်သွားတော့မှ သူလွှင့်ပစ်လိုက်တဲ့ ဆေးပြင်းလိပ် [illegible]ကို ငါ ကောက်ယူကြည့်လိုက်ရော ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၄၂]

❑

ငါ ရေမိုးချိုးသန့်စင်ပြီး ကန်တော့ပွဲတစ်ပွဲကို ဘုရားစင်ရှေ့မှာထား ပြီး အနန္တောအနန္တငါးပါးကို ကန်တော့ တိုင်တည်သစ္စာပြုလိုက်တယ်။

''ဘုရားတပည့်တော် မည်သူ့အပေါ်မှ မဟုတ်မတရား၊ မမှန် မကန် မပြုလုပ်ခဲ့ပါ ဘုရား။ ဤမှန်သောသစ္စာ စကားကြောင့် ရန်သူမျိုးငါးပါး တို့၏ရန်မှ ကင်းဝေးရပါစေသတည်း။

ဤမှန်သော သစ္စာစကားကြောင့် အမှန်တကယ် ဒုက္ခဆင်း ရောက်နေသည့် ဝေဒနာရှင် ဒေါ်သစ္စာ၏ ရောဂါဝေဒနာကို ကုသနိုင်သူ ဖြစ်ပါစေသတည်း''

ပြီး ... မြို့တော်ရှင် အုန်း၊ ငှက်ပျောပွဲနဲ့ ရွာတော်ရှင် အုန်း ငှက်ပျောပွဲတို့ကို အိမ်ရှေ့မြေပြင်မှာ ခုံနဲ့ချပြီး မေတ္တာရပ်တယ်။

''မြို့တော်ရှင် ရွာတော်ရှင်တို့၊ အိမ်စောင့်နတ်များ၊ ဘုမ္မစိုးအပေါင်း တို့ သင်တို့အား မေတ္တာရပ်ခံပါတယ်။ သင်တို့ပိုင်တဲ့ အရပ်မှာ လူမမာ ဝေဒနာရှင်တစ်ဦးကို ကျွန်ုပ် ဆေးဝါး ကုသပါ့မယ်။





သင်တို့ထံမှာလည်း ခွင့်တောင်းပါတယ်။ သင်တို့လည်း ကျွန်ုပ် ဆိုင်းသောသစ္စာကို အမှူးယူ၍ ကူညီစောင့်ရှောက်ကြပါ။ သင်တို့ကို မေတ္တာ ပို့သပါ၏။ သင်တို့အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ''

ငါလုပ်နေတဲ့ကိစ္စကို သူ့ဌေးတောက်ထွန်းကလည်း စိတ်ဝင်တစား ကြည့်နေတယ်ကွ။

''ကိုတောက်ထွန်း ...''

''ဗျာ ... အဖေကြီး''

''ငါ ဒေါ်သစ္စာရဲ့ အခန်းတစ်ဝိုက်ကို သဲစည်းချမယ်''.

''ဟုတ်ကဲ့''

''ဘယ်သူမှ အဲဒီသဲစည်းကို မနင်းပါနဲ့၊ မဝင်ပါနဲ့''

''အကြောင်းရှိရင်ရော ... အဖေကြီး''

''ဘာအကြောင်းရှိရှိ မဝင်နဲ့။ မင်းအိမ်သားတွေ အားလုံးကိုပြော ထား။ စည်းပေါက်ရင် မင်းအဘွားကို ကုရခက်သွားလိမ့်မယ် ... ကြား သား''

''ဟုတ်ကဲ့''

ငါ သဲဖြူတစ်ပြည်သားကို ငါ့ပညာနဲ့ ငါ မန်းမှုတ်လိုက်တယ်။ ခေါက်ရေ (၂၇) အုပ် ကိုးနဝင်းမန်းပြီး ဒေါ်သစ္စာရဲ့အခန်းရှိရာ လမ်းကြောင်း တစ်လျှောက်ရယ်။ နောက်ဘက်ထွက်တဲ့ မြေပြင် ခြေကိုးလှမ်းကို သဲမန်း တွေ လိုက်ချ စည်းတားလိုက်တယ်ကွ။

ဒီလို စည်းချလိုက်တဲ့အတွက် ဒေါ်သစ္စာရဲ့ အခန်းဝန်းကျင်မှာ သူဝင်လူထွက် ရှင်းသွားတယ်။

ငါ ဒေါ်သစ္စာရဲ့ အခန်းရှေ့မှာ ရပ်လိုက်တယ်။

တကယ့်ကို အချုပ်ခန်းပါ ... ငါ့လူရာ။

ဒေါ်သစ္စာ ခေါင်းအုံးကို ပိုက်ပြီး ငါ့ကို ကြောက်ရွံ့မျက်လုံးနဲ့ ကြည့်ရင်း နောက်ကို ဆုတ်သွားရောကွာ။

''ဒေါ်သစ္စာ ...''



www.burmeseclassic.com

“ . . . . . . . .”

“အစ်မကြီး ဒေါ်သစ္စာ ကျွန်တော်ပါ၊ ဆေးဆရာပါ”

“နင် . . . နင် . . . ရှင် . . . ရှင်တို့ . . . ဘာ . . . ဘာလုပ် . . . မလို့လဲ။ မလုပ်ပါနဲ့ ငါကြောက်တယ်။ ငါ့ . . . ငါ့ကို လွှတ်ပေးကြပါ”

“ကျုပ် . . . ဒေါ်သစ္စာကို နှိပ်စက်ဖို့ မဟုတ်ဘူး”

“နင်တို့ . . . အ . . . အ . . . တူပဲ . . . အတူပဲ . . . မဟုတ်လား။ ငါ နင်တို့ကို ကြောက်ပါတယ်။ ငါ . . . ငါ . . . ရှိခိုးပါတယ် . . . ဟီး ဟီး ဟီး”

“အစ်မဒေါ်သစ္စာ . . . ကျွန်တော့်ကို မကြောက်ပါနဲ့။ ကျွန်တော် အစ်မကို စိတ်ချမ်းသာအောင် ကုပေးပါ့မယ်”

“နင် . . . နင် . . . ရှင် . . . ရှင် . . . တကယ်ပြောတာလား။ ငါ ငါ . . . သူတို့ကို . . . ကြောက် . . .”

“သူတို့ မလာတော့ပါဘူး။ သူတို့ကို ကျွန်တော် နှင်ထုတ်လိုက်ပြီ”

“တ . . . တ . . . ကယ် . . . လား . . . ဟင် ဟင်”

“ဒေါ်သစ္စာ ကျွန်တော့်ကို ဟိုနေ့က ပြောခဲ့တယ်လေ”

“ငါ . . . ငါ . . . ဘာပြောလို့တုံး . . . ဟင် ဟင်”

“ငါ မရူးဘူးတဲ့၊ ငါ ရူးချင်ယောင် ဆောင်နေတာတဲ့”

“ဟင် . . . နင် . . . နင် . . . နာမည် . . . နာမည် . . .”

“ကိုရာကျော်ပါ . . .”

“ကိုရာကျော် . . . ရာ . . . ကျော် . . . အင်း . . . အင်း . . . နေပါဦး”

သူ စဉ်းစားနေတယ်။ ငါ့ကိုကြည့်လိုက် ခေါင်းအုံးကို ဆုပ်လိုက်၊ သွားဖုံးကို ကိုက်လိုက်၊ သူ့ဆံပင်ရှည်တွေကို ယမ်းခါလိုက်နဲ့ကွ။

“ရာ . . . ကျော် . . . သိပြီ . . . မနေ့က ဟိုလူမိုက်တွေကို ပြန်ဆော်တဲ့ တိုက်ပုံရင်ကွဲ . . . ရာကျော်”

“ဟုတ်တာပေါ့ဗျာ . . . ဒေါ်သစ္စာ မှတ်မိပြီမို့လား”





“အင်း . . . အင်း . . .”

“ဒီမှာ ဒေါ်သစ္စာ”

ငါက သံတိုင်ရှေ့ကနေ အသံတိုးတိုးနဲ့ ခေါ်ပြောလိုက်တယ်။ သူ တိုးပြီး မဝံ့မရဲနဲ့ ဇက်ပုပြီး ငါ့ကို ကြည့်နေရဲ့။

“ကျုပ် ဒေါ်သစ္စာကို ကယ်ထုတ်မယ်”

“တကယ် . . .”

“တကယ်ပါ။ ဒေါ်သစ္စာ ကျုပ်နဲ့ပူးပေါင်းမှ သူတို့လက်က ဘယ်လိုထွက်ရမယ်ဆိုတာ စဉ်းစားလို့ရမှာ နားလည်ရဲ့လား”

“အင်း . . . အင်း . . .”

“ကျုပ် ဝင်ခဲ့မယ်နော်”

“အေး . . . အင်း . . . အင်း . . .”

ဒါနဲ့ ငါ သံတံခါးသော့ကို သူတို့ပေးထားတဲ့သော့နဲ့ ဖွင့်ပြီး ဝင်ခဲ့လိုက်တယ်။ အထဲရောက်တော့ ငါက သံမံတလင်းပေါ်မှာ ထိုင်တယ်။

ဒေါ်သစ္စာကလည်း သံမံတလင်းပေါ်မှာ ထိုင်တယ်။

“ကွပ်ပျစ်ပေါ်မှာ ထိုင်ပါ . . . ဒေါ်သစ္စာ”

“ရတယ် . . . ငါ ထိုင်နိုင်ပါတယ်”

ခုမှ အနီးကပ်ပြီး ကြည့်မိတော့ ဒေါ်သစ္စာရဲ့ မျက်နှာသွင်ပြင်က ကျက်သရေရှိတယ် . . . မောင်မှိုင်းရေ ကံကောင်းတာက သူ့သွားတစ်ချောင်းမှ မကျိုးဘူး။ ဆံပင်ရှည်မှာ ဆံဖြူတစ်ချောင်းမရှိဘူး။

ပိန်သွားလို့ မျက်ကွင်း၊ ပါးရင်း ၊ ချောင်ကျတာပဲရှိတယ်။

အခန်းရဲ့ ခြေရင်းမှာ ကတ္တီပါပုံတော်ဖိနပ်တစ်ရံ ရှိတယ်ကွ။

ဒီအချိန်မှာ ငါတို့ရောက်နေတဲ့ အခန်းအပြင် လှမ်းလှမ်းက ‘အား’ ဆို နာနာကျင်ကျင် အော်သံကြားလို့ ငါ ပြေးထွက်သွားကြည့်ရော . . .

အလို . . . သူဌေးတောက်ထွန်းတက်ပါလား။

ဘာဖြစ်တာတုံး။ သူ့မျက်နှာမှာ နာကျင်ခံစားဖြစ်ပြီး အံကို ကြိတ်ထားလို့ . . .

မတိုးစိန်က သူ့ရဲ့ခြေဖဝါးကို ငါးပိရည်ကြည် အရည်တွေ စွတ်နေလို့ . . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင် ဘာဖြစ်လို့တုံး"

"ဟို ... ဟို ... ခြေထောက် အသားကြေလို့ပါ"

"ကလေးမ ... ဘာတွေ လောင်းပေး ထည့်ပေးတာတုံး"

"ဟို ... ဟို ... င ... ငါးပိရည် ကြည် ... ကြည်ရှင့်"

"ဟ ... အသားကြေတာကို ငါးပိရည်ကြည် (အရည်ကြည်) လောင်းထည့်ပေးရတယ်လို့ ဘယ်သူပြောတုံး"

ငါက ဒီလိုမေးရော သူ့မွေးတောက်ထွန်းမျက်နှာ ကွက်ခနဲ ပျက်သွားတာ ငါ မြင်ရသကွ။ ဒီမှာ တောက်ထွန်းက ...

"တိုးစိန် ... သွားတော့ ..."

"ဟုတ်ကဲ့ပါရှင့်"

"တောင်ပြောမြောက်ပြော ပြောရင် နင် နာလိမ့်မယ် ... ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ ... ရှင့်"

မတိုးစိန် ခေါင်းငုံ့နောက်ဆုတ်ပြီး ငါးပိအရည်ကြည်ပန်းကန်ကိုင်လို့ သူ့အဆောင်ရှိရာ ပြန်သွားခဲ့တယ်။

"ကိုတောက်ထွန်း ..."

"ဗျာ ... အဖေကြီး"

"ထ ... ရပ်ကြည့်စမ်း"

"နာ ... နာတယ်ခင်ဗျ။ ခဏနေ ကောင်းသွားမှာပါ၊ ရပ်တယ်"

ငါ မြင်တာတော့ သူ့ခြေဖဝါးမှာ မီးလောင်ဖုလို အဖုတွေ ဖောင်းနေတာ မြင်ရတာပဲ။ ဒါ အသားကြေတဲ့လက္ခဏာ မဟုတ်ဘူး။

"အသားကြေရင် ကုတဲ့ဆေးနည်း ရှိတယ်ကွ"

"ဟုတ်လား ... ပြောပြပါလား ... အဖေကြီး"

"ထင်းခွဲဓားမကို မီးအပူငွေ့ငွေ့ပေးကွ။ နွေးနေတဲ့ ဓားပြားပေါ်ကို အိမ်သုံးဆား ကွမ်းသီးလုံးကြီးခန့် တင်ဖြူးပြီး အသားကြေတဲ့ ခြေဖဝါးနဲ့ ဖိနင်းပေး။ ဓားပူဆားပူ နင်းရတာပေါ့။ နှစ်ခါ သုံးခါ နင်းရင် ခြေဖဝါး အသားကြေတာ ပျောက်ရော။ လုပ်ကြည့် ..."





ငါ အဲလိုပြောပြီး ဒေါ်သစ္စာရှိရာကို ပြန်ခဲ့လိုက်တယ်။

နောက်နေ့မကူးပါဘူးကွာ ... ဒီကောင့်အကြောင်း ငါသိရတာပဲပေါ့။ ဖြစ်ပုံက ဒီလိုကွ။ ငါ သဲစည်းမန်းပြီးချထားတာကို ဒီကောင်က မယုံဘူး။ စည်းချထားပြီးရင် စည်းတားတဲ့နေရာ မဝင်နဲ့။ ငါပြောထားပြီးသားပဲ။ ဒီကောင်က မယုံတော့ စမ်းတာပေါ့။

ငါ ဘယ်လိုကုနေသလဲ။

မသကာတာလည်း ပါမှာပေါ့။

အဲဒါ လာချောင်းတာ။ ငါစီရင်ထားတဲ့ သဲမန်းစည်းကို နင်းမိရော ခြေလူ ... မောင်မှိုင်း မင်းပြောရင် ယုံပါ့မလား။

"ပြောပါ ... အဘရဲ့ အဘပညာ ကျွန်တော် သိတာပဲ"

[ဒါလေးများ ကလေးကစားစရာပါလို့ ပြောင်ချောင်ချော် ပြောလိုက်ရင် ခြေနဲ့ အကန်ခံရမှာမို့ပါဗျာ]

"သဲစည်းကို နင်းရော မီးထတောက်တယ်ကွ"

"ဟင် ..."

"ဒီကောင် ခြေဖဝါး၊ ခြေဖမိုး မီးစွဲပြီး ဒီကောင် အော်ပြေးတာ ဘဲ့ဟေ့"

"အဘ စွမ်းလှချည်လားဗျာ ဟင်"

"ငါတို့ မြန်မာ့ဂန္ဓာရီမှာ မီးလောင်အင်း၊ မီးငြိမ်းအင်း၊ သဲမိုးခဲမိုး ရွာတဲ့အင်း၊ ဝါးတောပြတ်ကျအောင် စီရင်တဲ့အင်း ... စတဲ့ အစီအရင်ဆန်းတွေ ရှိတယ်။ လူတိုင်းလည်း တတ်လို့မဖြစ်ဘူး။ တတ်လို့ အချိန်အခါ မရွေးလုပ်ရင် အကျိုးနည်းရော။ ဒါကြောင့် ဆရာကြီးတွေက လျှို့ဝှက်ဆန်းကြယ်ပြင်းထန်တဲ့ အစီအရင်တွေကို တပည့်တိုင်းကို မပေးဘူးကွ"

ဒီကောင် နောက်ပိုင်း လာမချောင်းရဲတော့ဘူး။

ဒီတော့မှ ငါနဲ့ ဒေါ်သစ္စာ အေးအေးဆေးဆေး စကားပြောခွင့်ရတယ်။

"ဒေါ်သစ္စာ အသက် ဘယ်လောက်ရှိပါပြီလဲ ခင်ဗျ"

"အသက် ကိုးဆယ်ကျော်ပြီ ... ကိုရာကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သစ္စာကို ကျုပ် ကြိုပြောထားပါရစေ"

"ဘာများတုံး ... ကိုရာကျော်"

"ကျုပ်တို့နှစ်ဦးထဲတွေ့မှ ကိုရာကျော်လို့ ခေါ်ပါ"

"ဘာဖြစ်လို့လဲ ဟင်"

"ဒီကလူတွေ သူဌေးအဖွဲ့ပေါ့ဗျာ။ သူတို့ ကျုပ်ကို သိတာ၊ ခေါ်ကြတာက ဦးပခန်းကျော်တဲ့။ ဒါကြောင့် သူတို့ရှေ့မှာဖြစ်ရင် ရာကျော်လို့ လုံးဝ မခေါ်နဲ့နော်"

"အေး ... အေး ... ကိုရာကျော်ကလည်း လျှို့ဝှက်တယ်ကိုး"

ဒေါ်သစ္စာက ငါ့ကိုကြည့်ပြီး တိုးတိုးလေး ပြောလိုက်တယ်ဟေ့။

"ဒေါ်သစ္စာ ..."

"အေး ..."

"ဒေါ်သစ္စာ မရှုးမှန်း ကျွန်တော် သိတယ်"

"ဟုတ်လား"

"ဒါပေမင့် ဒေါ်သစ္စာ ကြောက်လန့်နေတာ ဟုတ်ရဲ့လား"

"အင်း ... အင်း ... ဟုတ်တာပေါ့"

"ဒေါ်သစ္စာဆိုတာ နာမည်အရင်းမဟုတ်ဘူး"

"ငါကရော မင်းကို ဒေါ်သစ္စာပါလို့ ပြောလို့လား"

"ဟုတ်တာပေါ့ဗျာ ... ဒေါ်သစ္စာဝေဆိုတာ သူဌေးတောက်ထွန်း တက် ပြောတဲ့နာမည်ပဲ။ ကျွန်တော့်ကို အစ်မကြီး ယုံကြည်မှု ရှိရဲ့လား"

"မင်းရဲ့ အပြုအမူ အပြောအဆိုတွေကို ကြည့်ပြီး ငါ ယုံကြည်မှု ရှိပါတယ် ... ကိုရာကျော်"

"အစ်မရဲ့ နာမည်အရင်းက ဘယ်လိုခေါ်သလဲ ဟင်"

သူ ငါ့ကို ကြည့်ပြီး ချိန်ဆနေပုံရတယ်ကွ။

"တောက်ထွန်းတို့ ပြောမပြဘူးလား"

"ကျုပ်နဲ့သိတာ ရက်ပိုင်းပဲ ရှိသေးတယ်။ ဘာမှတော့ မပြောဘူး။ သို့သော် ဒီလူတွေက လျှို့ဝှက်မှုတစ်ခု လုပ်နေသလိုပဲ။ ပြီး လူမိုက်တွေ မွေးထားတယ်။ မနေ့က ကျုပ် လူမိုက်နှစ်ယောက်ကို ဆုံးမပြီးပြီ"





"ဟုတ်လား ... ဘယ်လိုဖြစ်လို့တုံး ... ကိုရာကျော်"

ငါက ကျားကြီးနဲ့ ကျားလေးတို့အကြောင်း ပြောပြလိုက်တယ်။ သူလည်း အံကြိတ်လိုက်တာကို ငါ မြင်ရတယ်။

"ဒီကောင်နှစ်ကောင်ပဲ ငါ့ဆီကိုလာပြီး ယုတ်ယုတ်မာမာစကား တွေပြော၊ သဲတွေနဲ့ပက်၊ ခဲလုံးတွေနဲ့ပစ်၊ မာလကာသီးတွေ၊ ငှက်ပျောခွံ တွေနဲ့ ပစ်ပြီး ရေတွေနဲ့ ပက်ကြတယ်။ ငါ့ကို ပြောသွားသေးတယ်"

"ဘာပြောသွားတုံး"

"ခင်ဗျားကြီး သေရမည့်ရက်နီးပြီတဲ့၊ ငါ သူတို့ကို အရမ်းကြောက် တယ် ... ကိုရာကျော်။ ငါ့ကို သူတို့ အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းကြတယ်။ ဒီကောင်တွေ လူမဟုတ်ဘူး။ ဘီလူး၊ သရဲ၊ မိစ္ဆာတွေ"

"အစ်မကြီးက သူဌေးတောက်ထွန်းရဲ့ အဘွားဆို"

"အို ... မဟုတ်ဘူး။ သူနဲ့ငါနဲ့ ဘာမှ မတော်ဘူး။ ဒီလို လူဆိုး လူရမ်းကား၊ လောဘသားနဲ့ ဆွေမျိုးဝေးလို့ မိတ်ဆွေအိမ်နီးချင်းတောင် မဖြစ်ချင်ဘူး"

"အစ်မကြီး ..."

"အေ ..."

'အစ်မကြီးရဲ့ နာမည်အရင်းကို သိပါရစေ"

"ငါ့နာမည်အရင်းက ..."

"ပြောပါ ... ရဲရဲသာပြောပါ။ ကျွန်တော် ဘယ်သူ့မှ မပြောပါ ဘူး"

"မင်းမပြောလည်း သူတို့ သိပြီးသားပါကွယ်"

"ဟုတ်လား ... ဒါဆို အစ်မနာမည်က ..."

"ဒေါ်ရှင်မင်းယာစို ..."

"ဗျာ ... ဒေါ်ရှင် ... မင်း ... ယာ ... စို ... ဟုတ်လား ... ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဟို . . . ပါတော်မူပြီးစမှာ အင်္ဂလိပ်နယ်ချဲ့တွေကို တော်လှန်ရင်း ကွယ်လွန်သွားတဲ့ မြို့သစ်မြို့စားလေး သံယောဇဉ်ရဲ့ကတော် ဒေါ်ရှင်မင်းယာစိုလားဟင် . . . ဟင်လို့"

ငါ သိချင်စိတ် ပြင်းပြလွန်းလို့ ရှေ့ကို ငုံ့တိုးကပ်ပြီး မေးလိုက်တယ်။

"ဟုတ်ပါတယ် . . . ကိုရာကျော်"

"ဗျာ . . ."

မင်းစဉ်းစား . . . မင်းမှိုင်း၊ မင်းရော၊ ငါရော၊ ဘုန်းအိုကြီးရော မြို့စားလေးသံယောဇဉ်ရဲ့ လျှို့ဝှက်မြေအောက်ဂူသချိုင်းရှိရာကို ရောက်ခဲ့တယ်။

တောထဲက အုတ်ပျက်ဘုရားအောက်နဲ့ ဆက်နေတဲ့ မြေအောက်ဥမင်လမ်း၊ ပြီးတော့ မင်းရော၊ ငါရော ဖတ်ခဲ့ရတဲ့ မြို့စားလေးသံယောဇဉ်ရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ။

ငါတို့ထင်ထားတာက (၁၂၄၇) ခုနှစ် သီပေါမင်း ပါတော်မူပြီး နောက်ပိုင်းနှစ်တွေက စတင်ရေတွက်ရင် နှစ်ပေါင်း (၇၀)ကျော်ပြီ။

မြို့စားကတော်လည်း သေလောက်ပြီ။

မြို့စားကတော် ရှင်မင်းယာစို ကြုံခဲ့ရတဲ့ဘဝကည်း သေဆုံးကွယ်လွန်သွားပြီလို့ မြို့စားရေးတဲ့ ပေစာထုပ်ထဲမှာ ရေးထားတာ။

မြို့စားက သူ့ဇနီးကို ဒဏ်ရာတွေနဲ့ စောင့်မျှော်ရင်း သေဆုံးသွားခဲ့တာ။ သူ့ဇနီးကတော်ကိုရှာဖို့ ရေးထားတယ်။ သူ့ဇနီးအတွက် ထားခဲ့တဲ့ ရတနာတွေ သူ့ရဲ့ ကျောက်ခေါင်းတလားထဲမှာ ရှိနေတယ်။

ငါ သေပြီလို့ ယူဆထားတဲ့ မြို့စားကတော်။

ငါလိုက်နေတာက တောကြီးမြွေဟောက်။

ငါတို့ မြေအောက်ဂူသချိုင်းထဲမှာ ကျည်ဆန်ငါးတောင့်၊ ဆေးပြင်းလိပ်တိုတစ်ခု၊ ပတ်ကားဖောင်တိန်တစ်ချောင်း။

အခု ငါ ပတ်ကားဖောင်တိန်ပိုင်ရှင်ကို သိနေပြီ။

ပြီး ဆေးပြင်းလိပ်။





ဟော့ကောင် . . . မောင်မှိုင်း၊ ရွှေပုစွန်ဆေးပြင်းလိပ်ကိုသောက်တာ ဘယ်သူလဲ သိလား။ သူဌေးတောက်ထွန်းတက်ပဲကွ တောက်ထွန်းတက်ပဲ ပေါ့။ သူ့ရဲ့သောက်လက်စ ဆေးပြင်းလိပ်ကို ငါ ကောက်သိမ်းထားတယ်။

ဆေးပြင်းလိပ်က ရွှေပုစွန်ဆေးပြင်းလိပ်။

ဆေးလိပ်သောက်တဲ့အပိုင်းမှာ သွားကိုက်ရာတွေတွေ့တယ်။ သူက ဆေးပြင်းလိပ်ကို ကိုက်ခဲပြီး သောက်တာကိုး။

သေချာပြီကွ။

မြို့စားရဲ့ မြေအောက်လျှို့ဝှက်ဂူသချိုင်းထဲကို ရောက်ခဲ့တာက ဒီကောင် သူဌေးတောက်ထွန်းတက်တို့ပဲ နေမှာ။

ငါ ကြိုးစားပြီး ခြေရာခံလိုက်ခဲ့တဲ့ ကိစ္စ အကောင်အထည်ပေါ်တော့မယ် . . . မောင်မှိုင်းရေ၊

အခု ငါ့ရှေ့မှာ မြို့စားကတော် အဘွားကြီးကို တွေ့နေရပြီ။

"မြို့စားကတော် . . . ကျွန်တော် ဂါရဝပြုပါတယ်ခင်ဗျ"

ငါ နောက်နားဆုတ်ပြီး ငါ့ထက် အသက်လည်းကြီး၊ ဂုဏ်လည်းကြီးတဲ့ မြို့စားကတော် ဒေါ်ရှင်မင်းယာစိုကို ငါ ထိုင်ကန်တော့လိုက်တယ်။

"ကိုရာကျော် . . ."

"အမိန့်ရှိပါ . . . မြို့စားကတော်"

"ငါ့ကို မြို့စားကတော်လို့ မခေါ်ပါနဲ့။ အစ်မလို့ပဲ ခေါ်ပါ။ ဒါမှ မဟုတ် ဒေါ်သစ္စာဝေလို့ပဲ သူတို့ပြောသလို ခေါ်ပါ"

"ဟုတ် . . . ဟုတ်ကဲ့ပါ . . . အစ်မကြီးခင်ဗျာ။ ဒါနဲ့ အစ်မ ဘယ်လိုလုပ်ပြီး ဒီနေရာမှာ သော့ခတ်လှောင်ပိတ်ခံထားရတာတုံးဗျာ။

"ပြောရမှာ ရှည်တယ် . . . ကိုရာကျော်။ မင်း ဟိုကောင်တွေ ဝင်လာရင် ဘယ်လိုလုပ်မလဲ"

ဒါနဲ့ ငါက ပြောလိုက်တယ်။ သဲစည်းချထားတယ်၊ သူဌေးတောက်ထွန်းက မယုံလို့ နင်းလိုက်တာ ခြေထောက်မီးလောင်သွားပြီလို့ ပြောတော့ . .

"ကိုရာကျော်က ဂမ္ဘီရပညာတွေလည်း ရတာပဲကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အနည်းအကျဉ်းပါ ... ဒေါ်သစ္စာ၊ ဒီနေရာဝန်းကျင်ကို ဘယ်သူ မှ ဝင်လာလို့မရဘူး။ သေနတ်နဲ့ အဝေးက လှမ်းပစ်ရင်တောင် ကျုပ် ကို ကျည်ဆန် မထိစေရဘူး။

"ဟုတ်လား"

ငါကလည်း ပိုပိုကြွားကြွားလေး ပြောလိုက်တော့ ဒေါ်သစ္စာက ကို ယုံကြည်အားကိုးလာရောကွ။

ဒီမှာ သူက သူ့ဘဝဇာတ်ကြောင်းကို ပြန်ပြောပြတာ။

သနားစရာ ကြောက်စရာပါပဲကွာ။

နားထောင် ... မောင်မှိုင်း။

ဒီဇာတ်လမ်းမှာ မင်းရော၊ ငါရော ဝင်မက,ဘဲ နေလို့ မရတော့ ဘူး။ ငါတို့ ပွဲကြည့်ပရိသတ် မဟုတ်ကြတော့ဘူးကွ။

မင်းရော၊ ငါရော ဟောဒီ တရားမဲ့ဇာတ်လမ်းမှာ လူကြမ်း လူကြမ်း၊ ဝန်ကြီးတန်ဝန်ကြီး၊ ရှင်ဘုရင်တန် ရှင်ဘုရင် နေရာ ဝင်က,ရ ပဲ။ အကြောင်းသင့်ရင်လည်း ငါတို့ ပါးကွက်သားနေရာ ဝင်ချင် ဝင်က ဒါမှမဟုတ် သံချိုင်းစောင့် သုဘရာဇာနေရာက ဝင်ကရင်လည်း က,ရမှာ မင်း ဓားပစ်၊ ဓားပေါက် လုပ်နိုင်သေးလား"

"လုပ်နိုင်ပါတယ်ဗျ"

"လူသတ်ဖို့ မဟုတ်ပါဘူးကွာ။ အရေးကြောင်းရှိ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်အောင်လို့ပါ"

"စိတ်ချပါ ... အဘ၊ ကျုပ်လက်က စပါးတစ်ရာထည့်တဲ့ ကိုတော့ (၁၅) ပေအကွာက ပစ်ရင် သွားစိုက်ပါတယ်ဗျ"

"ဒီ ရွာရိုးမသားလေး စပါးတစ်ရာပုတ်တော့ မင်း ပစ်မှာလ ငါးနှစ်သားကလေး မျက်စိမှိတ်ပစ်တောင် မလွဲဘူးဟ ... အနာကျကော မျိုးမစစ်လေးရ"

✿ ✿ ✿

# [၄၃]

❑

၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်။

ငါတို့ သီပေါအရှင်နဲ့ မိဖုရားခေါင်ကြီး စုဖုရားလတ်အပါအဝင် ...တော်၊ သမီးတော်တွေများ အင်္ဂလိပ်စစ်တပ်က ဖမ်းသွားချိန်။

စည်သံတွေတိတ်။

မျက်ရည်တွေ တာကျိုးတဲ့နေ့ပေါ့။

မန္တလေးမြို့ကြီး ရှိုက်ပြီး ငိုတဲ့နေ့။

ပါတော်မူတယ်ဆိုတာကို ဂေါဝိန်အဆင်းမှာ အားလုံး မျက်ဝါး ...ထင် မြင်ကြတယ်။

အချို့က ရင်ဘတ်စည်တီး ချုံးမည်းချငို၊

အချို့က မြေကြီးမှာ လူးလိမ့်သတိလစ်၊

ယောကျ်ားတွေက တောက်ခတ်ပြီး အံကြိတ်ကြ၊



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်ရင်း မျက်လုံးအိမ်ထဲက မျက်ရည်လုံးတွေ တာကျိုးကျ ပေါ့။

ဘိုရိုပေါ်မှာ မောင်နှံတင်လို့။

ခုတော့ အဆောင်ပလ္လင်ဇာတာနန်းက မြန်းရရှာပေ့။

အဲဒီ ဂေါ်ဝိန်ရေဆိပ် သူရိယ မီးသင်္ဘောပေါ် အရှင်နှစ်ပါး ခေါ် ဆောင်သွားချိန်မှာ ငါ့မောင်တော် မြို့စားသံယောဇဉ် လူ့အုပ်ကြားမှာ ရှိနေ တယ်။

မူလက အရှင်နှစ်ပါးကို ဝင်လုဖို့ တိုင်ပင်ထားကြတာ။ ဂေါ်ရာ တပ်နဲ့ အင်္ဂလိပ်စစ်ဗိုလ်တပ်တွေက လက်နက်တွေနဲ့ ဝဲယာညှပ်ထားတာ တစ်မျိုး။

ကမ်းလုံးညွတ်ကျ မြေပြိုလုမျှ လမ်းဝဲယာက နောက်ဆုံး ဖူးမြော် ကန်တော့နေကြတဲ့ မြန်မာမြို့သူမြို့သားတွေ၊ ရွာသူရွာသားတွေကို ငဲ့ပြီး မောင်တော်တို့ မတိုက်ဖြစ်တာတဲ့။

နောက်နေ့ကစပြီး တော်လှန်ရေး စတော့တာပဲ။

မောင်တော်မြို့စားက မင်းကြီးမင်းလက်ဝဲတပ်မှာ ဝင်ပြီး မင်းလှ ခံတပ်တိုက်ပွဲတုန်းက ပါဝင်ဖူးတာကိုး။

မင်းကြီးက အညံ့မခံဘူး။

ရှောင်ထွက်သွားတယ်။

မင်းကြီးရွှေလုံ့ဗိုလ်ကတော့ ကင်းဝန်မင်းကြီးဦးကောင်းက မြန်မာ ဘုရင် ပါတော်မူပါပြီ။ မင်းကြီးလက်နက်ချပါလို့ စာစေသည့်တိုင် လက်နက် မချဘူး။

အင်္ဂလိပ်တပ်သားနဲ့ ဂေါ်ရာတပ်တွေကို မီးလှည်းတွေနဲ့ အသေ အကြေ ပြန်တိုက်တာ။

မြို့စားလေးနဲ့ ငါ လက်ထပ်ပြီးတာ သုံးလပဲရှိသေးတယ်။

မိဖုရားကြီးကို လက်ထပ်ပြီးတော့ ငါ သွားဖူးခဲ့သေးတယ်။

အဲဒါ နောက်ဆုံး မြင်လိုက်ရတာပဲ။

စိတ်ကူးသစ်စာပေ



တစ်ညငါတို့နေတဲ့ နှစ်ဆောင်ပြိုင်အိမ်ကို မောင်တော်မြို့စား ရောက်လာတယ်။ ရွာတွေ၊ မြို့တွေလည်း အုတ်အုတ်ကျက်ကျက်တွေ ဖြစ် နေကြပြီ ...

မောင်တော်မြို့စားရဲ့ အဝတ်အစားတွေက ချွေးသံရွှဲရွှဲ စုတ်စုတ် ပြတ်ပြတ်ဖြစ်နေလို့ကွယ့်။

သူ့နောက်မှာ နေပြည်တော်က သွေးသောက်ကြီးနှစ်ဦးလည်း ပါ လာတယ်။ မောင်တော်က တို့များရဲ့မိဘများ အမွေပေးခဲ့တဲ့ ပတ္တမြားသုံးလုံးစီ အယက်နဲ့ ရွှေထည်ပစ္စည်းတွေရယ်၊ ရွှေဒင်္ဂါးတွေရယ်ကို မြေအောက်ခန်း ထဲမှာ မြှုပ်တယ်။ မင်းလက်စွပ် မောင်ကြီးကိုပေး၊ မောင်ကြီးလက်စွပ် မင်း ယူထားနော်လို့ ပြောပြီး အဖိုးတန်ပစ္စည်းတွေမြှုပ်ပြီး အစုတ်အပြတ် ပစ္စည်း တွေ ဖြန့်ကြဲလို့ ပုံဖျက်တယ်။

"နှမတော် ... မောင်ကြီး စစ်ထွက်တော့မယ်"

"မောင်ကြီး ... နှမကို မထားခဲ့ပါနဲ့ ... မောင်ကြီးရယ်"

"စစ်မြေပြင်ကို နှမတော်လိုက်လို့ မဖြစ်ဘူး။ ပစ္စည်းတွေကို မြေ အောက်မြှုပ်ထားတယ်။ မင်း သုံးစွဲဖို့ ဟောဒီရွှေတွေ ယူထား။ အချို့က မောင်ကြီး စစ်ပွဲမှာလိုတဲ့ လက်နက်ဝယ်ဖို့ ယူသွားမယ်။ တိုင်းပြည်အေးချမ်း မှ ပြန်ဖော်တူး .. နှမ၊ ဒီအိမ်မှာ ကြာရှည်မနေနဲ့။ မင်းအဖေနဲ့ ဆွေမျိုး တွေရှိတဲ့ စစ်ကိုင်းဘက် ကူးတော့။ ကိုင်း ... မောင်ကြီးတို့ သွားတော့ မယ်"

"မောင်ကြီး ... မောင်ကြီး ..."

"မသေရင် ပြန်ဆုံမယ်နော် ... နှမ"

ငါ့ပခုံးကိုင်ပြီး သူ ဖက်ထားလိုက်တယ်။

ငါ့မျက်လုံးအိမ်က မျက်ရည်တွေ သူ့ပခုံးမှာ ရွှဲရွှဲစိုနေပြီလေ။ သူ ငါ့ကို အသာတွန်းဖယ်ပြီး အိမ်ရှေ့ကိုထွက်တယ်။ သည့်နောက် မြင်းသုံးစီး ပေါ်မှာ ဓားကိုယ်စီလွယ်ပြီး သုံးယောက်သား မြင်းစိုင်းသွားတာကို မြင် လိုက်ရတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ ကျန်းမာရေးမကောင်းတဲ့အမေ မျက်ရည်မိုးသွန်ပြီး လမိုက်ညထဲမှာ ကျန်ရစ်ခဲ့တယ် . . . ရာကျော်ရယ်။

သူ့လက်စွပ်ကို ကြည့်ပြီး ငါ့ရင်ထဲ လှိုက်လာတယ်ကွယ်။

မောင်တော်မြို့စားအကြောင်းကို ငါ အသိဆုံးပါကွယ်။

သူက မျိုးချစ်စိတ် ပြင်းထန်တယ်။ သူ့အဖေလည်း အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲမှာ ကျူးကျော်သူတွေကိုတိုက်ရင်း အသက်ကို ပေးလှူသွားခဲ့တာ။

မောင်တော်က စစ်ကိုင်းကို ရှောင်လို့ပြောတာ အကြောင်းရှိမယ်လို့ တွက်ပြီးသားပါ။ စစ်ကိုင်းမှာ ငါ့ဦးကြီး ဘုန်းကြီးရှိတယ်။

စစ်ကိုင်းချောင်က အရေးရှိရင် လုံခြုံတဲ့နေရာပဲ။

သို့သော် ငါတို့နေတဲ့မြို့ကလေးမှာ စစ်ဘေးစစ်ဒဏ် ဆိုးဆိုးဝါးဝါး မရောက်သေးဘူး။

အမေကလည်း ကျန်းမာရေးမကောင်းသေးလို့ ဆေးဆရာနဲ့ ကုနေရသေးတော့ စစ်ကိုင်းကို ရုတ်ခြည်း မပြောင်းနိုင်သေးဘူး။

မကြာပါဘူးကွယ် . . .။

ငါတို့နဲ့ မလှမ်းမကမ်းမှာ မျိုးချစ်တော်လှန်ရေးသမားတွေနဲ့ အင်္ဂလိပ်စစ်သားတွေ တိုက်ပွဲတွေ အပြင်းအထန် ဖြစ်လာတယ်။

ငါတို့ဒေသက မျိုးချစ်တဲ့ ယောက်ျားကောင်းတွေ နယ်ချဲ့အင်္ဂလိပ်ကိုတိုက်ဖို့ တော်လှန်ရေးတပ်တွေရှိရာ ဓားခွဲလို့ ထွက်ခွာသွားကြတယ်။

အချို့က မြင်စိုင်းမင်းသားခေါင်းဆောင်တဲ့ အဖွဲ့ထဲကို လိုက်သွားကြပြီး မန္တလေးမြို့ကို ပထမဦးဆုံး ဝင်တိုက်ကြတယ်။

မန္တလေး အရှေ့တောင်ဘက်မှာရှိတဲ့ ပုလိပ်ဂိတ်တဲ အတိုက်ခံရပြီး မီးတင်ရှို့ခဲ့ကြတယ်။

လက်နက်မချဘဲ တိုက်နေတဲ့ ကောလင်းမြို့စား၊ ရွှေလုံမြို့စား မင်းကြီးရွှေလုံဗိုလ်ကိုဖမ်းပြီး စစ်တွေမြို့ကို ပို့လိုက်သတဲ့။

မြင်စိုင်းမင်းသားနာမည်က သတိုးမင်းရဲရှိန်တဲ့။

မင်းတုန်းမင်းရဲ့ သားတော်ပဲ။





မြင်စိုင်းမင်းသားထံမှာ အင်အားက များတယ်။ မန္တလေး၊ ကျောက်ဆည်၊ ရှမ်းပြည်မြောက်ပိုင်းကပါ ပါဝင်ကြတာကိုး။

လင်းပင်မင်းသားက ရှမ်းပြည်တောင်ပိုင်းမှာ။

မကွေးရာမင်းသားကြီးရဲ့သား ထိပ်တင်ရန်နိုင် (ခေါ်) စောရန်နိုင်က ရွှေလေး၊ မြင်းခြံ၊ တံတားဦး၊ ပန်းမော်၊ ရှိန်းမကားတို့မှာ တော်လှန်နေသား။

သို့သော် လက်နက်ချင်းက မမျှဘူး။

နောက်ဆုံး အင်္ဂလိပ်က တစ်မြို့ပြီးတစ်မြို့သိမ်း။

တော်လှန်ရေးသမားတွေရဲ့ သွေးသားဆွေမျိုးတွေကို ဖမ်း . . . ထောင်ချ၊ သတ်ပစ်။

မြို့လုလင်က မင်းကြီးရွှေလရောင်ကို လက်ရဖမ်းပြီး ခေါင်းဖြတ်သတ်ပစ်တယ်။ တော်လှန်ရေးအဖွဲ့တွေနဲ့ အဆက်အသွယ်ရှိသူမှန်သမျှ ဖမ်းဆီးဆေး၊ ထောင်ချ၊ ရွာတွေ၊ မြို့တွေ ဖျက်ဆီးပစ်တယ်။

ငါတို့မြို့ဝန်းကျင်လည်း တိုက်ပွဲတွေကြောင့် မီးတွေလောင်၊ ထွက်ပြေးကြ။

တစ်နေ့။

ငါ့အိမ်ကို အင်္ဂလိပ်စစ်သားတွေနဲ့ အင်္ဂလိပ်အလိုတော်ရိ မြို့ဝန်ကျောက်မိုးသီးတို့က သေနတ်တွေနဲ့ ဝိုင်းထားကြတာ။

ငါတို့သားအမိလည်း စစ်ကိုင်းကိုရှောင်တိမ်းဖို့ ပြင်ဆင်နေချိန်။ အင်္ဂလိပ်အရာရှိနဲ့ စကားပြန်ရယ်၊ မြို့ဝန်ရယ်က ငါတို့ကို မေးတယ်။

အင်္ဂလိပ်ခန့် မြို့ဝန်က မေးတယ်။

''မြို့စားလေးသံယောဇဉ် ရှိလား''

''မရှိပါဘူး''

''ဘယ်ကိုသွားလဲ''

''မသိပါဘူး''

''နင်က မြို့စားရဲ့မိန်းမ မဟုတ်လား''

''ဟုတ်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"နာမည် ဘယ်လိုခေါ်တုံး"

"ရှင်မင်းယာစိုပါ"

"ကိုယ့်ယောက်ျား ဘယ်သွားလို့ ဘယ်လာတယ် နင်မသိဘူး… တာ အင်္ဂလိပ်အစိုးရကို လိမ်ညာနေတာ မဟုတ်လား"

ငါက ပြန်ပြောလိုက်တယ်။

"မြို့စားက ဘုရင့်အမှုတော်ထမ်းပါ"

"ဟ … မြန်မာမင်း စစ်ရှုံးသွားပြီ။ သီပေါမင်းကို အင်္ဂလိပ်အစိုး… က အိန္ဒိယကို ဖမ်းခေါ်သွားပြီ၊ အခု တစ်နိုင်ငံလုံးကို အင်္ဂလိပ်အစိုး… အုပ်ချုပ်နေတယ်။ နင့်ယောက်ျား သံယောဇဉ်က လူသူလက်နက် စုဆောင်… ပြီး အင်္ဂလိပ်အစိုးရကို ပုန်ကန်ခြားနားနေတယ်။ သူရှိတဲ့နေရာကို ပြောရ… နင့်ကို အသက်ချမ်းသာခွင့်ပေးမယ်၊ ပြောပါ"

"သူ ဘယ်နေရာမှာရှိလဲ ကျွန်မ မသိဘူး။ သူ အိမ်ကိုပြန်မလာ… တာ ကြာပြီ"

မြို့ဝန်နဲ့ စကားပြန်က အင်္ဂလိပ်အရာရှိကို ပြန်ပြောလိုက်ရေ… အင်္ဂလိပ်အရာရှိကြီးက ဒေါပွပြီး အော်ပါရော။

"ရှာကြစမ်း … တစ်အိမ်လုံးရှာ"

မြို့ဝန်နဲ့ မြန်မာအလိုတော်ရိ နောက်လိုက်တွေ၊ ကုလားစစ်သာ… တွေက တစ်အိမ်လုံးအနှံ့ ရှာတယ်။

မြို့စားရေးထားတဲ့ ပေစာရွက်တွေ ယူလာကြတယ်။

ငါတို့ခရီးသွားမည့် အိတ်တွေထဲက ရွှေဒင်္ဂါးတွေကို ထုတ်ယ… တယ်။

"မောင်မင်းမြို့ဝန် … ရန်သူကို တွေ့တယ်လား"

"မတွေ့ပါဘူး … ကာနယ်"

"သူပုန်ကို ရမှဖြစ်မယ်"

"စိတ်ချပါ … ကာနယ်။ ဟောဒါ သူပုန်သံယောဇဉ်ရဲ့ မယာ… ပါ။ သူမကို မပြော,ပြောအောင် ကျွန်တော်မျိုး စစ်ဆေးပေးပါ့မယ်… တော့ … ဒီမိန်းမကို ခေါ်ခဲ့"





ငါ့ကို သူ့လူတွေက ဝိုင်းဆွဲကြတယ်။ ငါက ရုန်းကန်အော်ဟစ် … မြို့ဝန်က ငါ့ဆံပင်ကိုဆောင့်ဆွဲပြီး ခြေနဲ့ကန်။

အမေက မြို့ဝန်ကိုဒူးဖက်ပြီး မျက်ရည်နဲ့ တောင်းပန်တယ်။

"မြို့ဝန်မင်းရယ် … ကျွန်မတို့ ဗမာလူမျိုးတွေပါရှင့်။ မြို့ဝန်မင်း ကြည့်ပြောပေးပါ နော်။ ကျွန်မတို့ တောင်းပန် …"

"ဖြန်း …"

"အား …"

"အ … မေ … အမေ … ဟဲ့ … ခွေးကြီး … ခွေးကြီး … နင် … ဗမာလူမျိုးဖြစ်ပြီး လူလုပ်မလုပ်တဲ့ … ခွေး … ခွေး …"

"ဖြန်း …"

"ဖောင်း …"

"အား … အင့် …"

"သတ် … သတ် … မင်းကြီး"

"ဆွဲခေါ်ခဲ့စမ်း။ ဟိုရောက်မှ ငါ့အကြောင်းသိမယ်"

သူတို့ ငါတို့သားအမိကို ပါးနားရိုက်၊ ကန်ကြောက်ထိုးကြိတ်ပြီး အပြင်ကိုခေါ်ထုတ်။ ကြိုးနဲ့တုပ်ပြီး အင်္ဂလိပ်ပိုင်မြို့တစ်မြို့ကို ခေါ်သွားကြတယ်။

သစ္စာဖောက်မြို့ဝန့်အိမ်ရောက်တော့ ငါတို့သားအမိကို တစ်ကွဲတစ်ပြားစီ ချုပ်နှောင်ပြီး ညဉ့်သန်းခေါင်မှာ ငါ့ကိုခေါ်ပြီး စစ်တော့တာပဲ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# [၄၄]

❑

ငါ့အမေကိုလည်း သူတို့ ရက်ရက်စက်စက် နှိပ်စက်စစ်ဆေး မေးမြန်းကြသလို ...

ငါ့ကိုလည်း တိုင်တစ်တိုင်မှာကပ် ... ကိုယ်ရော၊ လက်ရော၊ ခြေရော ကြိုးနဲ့တုပ်ပြီး စစ်မေးတာ။

မြို့ဝန်ကျောက်မိုးသီးက အတော်ရက်စက်တဲ့လူပါ ကိုရာကျော်။

သူ့လူ လက်မရွံ့တွေကလည်း လက်သံပြောင်သလား မမေးနဲ့။ မေးလိုက် ... မဖြေရင်၊ ရိုက်လိုက်။

ရိုက်တာမှ ကြိမ်လုံးနဲ့ရိုက်တာကွယ့်။

''သံယောဇဉ် ဘယ်မှာရှိလဲ''

''မသိဘူး''

''ရှမ်း''

''အား ...''

''သူ မြင်စိုင်းမင်းသားနဲ့ သွားပေါင်းတယ်ဆိုတာ .. ဟုတ်လား''

''မသိဘူး''





''ရှမ်း ... ရှမ်း ... ရှမ်း ...''

ကြိမ်ချက်တွေက ငါ့ရင်ဘတ်ပေါ်ကျလိုက်၊ ပေါင်ပေါ်ကျလိုက်၊ ခြေသလုံးပေါ် ကျလိုက်နဲ့ ကြာတော့ အကျႌထဘီပါ စုတ်ပြဲပြီး သွေးစို့လာခဲ့တယ်။ ငါကလည်း ဘာမေးမေးမဖြေဘူး။

''နင်တို့အိမ်ကို သူပုန်တစ်က ဘယ်သူလာလဲ''

''မလာဘူး''

''သီပေါမင်းရဲ့ စစ်သူကြီးဖြစ်တဲ့ ငဆောင်း လာခဲ့တယ်မဟုတ်လား''

''ဟင့်အင်း ...''

''ရှမ်း ... ရှမ်း ... ရှမ်း ...''

အကျႌစုတ်သွားပြီ။ ငါ့ရင်သားအချို့ ပေါ်သွားတယ်။ ရင်သားပေါ်မှာ ကြိမ်ဒဏ်ရာတွေစပ်ပြီး သွေးစို့နေတယ်။ သူတို့မေးနေတဲ့ စစ်သူကြီးငဆောင်းဆိုတာက ...

မြန်မာဘုရင် သီပေါမင်းရဲ့ စစ်သူကြီးတစ်ဦးပါ။

အနောက်ဝင်းမှူးလို့လည်း ခေါ်တယ်။

အနောက်ဝင်းမှူး မင်းကြီးမဟာမင်းလှမင်းခေါင်လို့ ခေါ်တယ်။

မင်းကြီးပါတော်မူပြီးတော့ လာခဲ့တာပါ။ ငါ့ကို မြို့စားလေး လာတွေ့တုန်းက သွေးသောက်နှစ်ဦးနဲ့အတူ လာတာ မင်းကြီးဦးဆောင်းပဲ။

ငါ အသေခံမယ်။ လုံးဝ ဖွင့်မပြောဘူး။

ငါ့လင်၊ ငါ့အစ်ကို၊ ငါ့ဦးကြီး၊ ဘကြီးတွေက သူတို့ပြောသလို သူပုန်မဟုတ်ဘူး၊ ဓားပြမဟုတ်ဘူး၊ တော်လှန်ရေးသမား၊ နယ်ချဲ့ဆန့်ကျင်ရေးသမား။

ဒါကို သူပုန်တဲ့။

အေးပေါ့ ... သူတို့ နယ်ချဲ့အင်္ဂလိပ်အစိုးရကို ရရာလက်နက်နဲ့ ပုန်ကန်ခဲ့လို့ သူပုန်ခေါ်တာ ခေါ်ပေါ့ ... သူပုန်။

''နင့်ယောက်ျား သံယောဇဉ်နဲ့ မြန်မာမင်းတစ်က လူသုံးဦးလာသွားတာ ဘယ်သူတွေလဲ။ အခု သူတို့ ဘယ်နေရာမှာရှိနေလဲ''

''မသိဘူး ... လုံးဝ မသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ကဲဟာ ..."

"ဗြိ ... ဗြိ ..."

"အို ... ရှင် ... ရှင် ... လူယုတ်မာ ... ခွေးကြီး"

"ယုတ်မာတယ် ... ကဲဟာ ... ကဲဟာ ..."

မြို့ဝန်သစ္စာဖောက်က ငါ့ကိုယ်ပေါ်က အင်္ကျီစတွေကို ဆွဲဖြဲပြီး တဟားဟား ရယ်တယ်။

"ဖွင့်ပြောမှာလား"

"မပြောဘူး။ ငါ အသေခံမယ်ဟဲ့ ... အမျိုးယုတ်ရဲ့"

"ဟား ဟား ဟား ဟား ... သိပ်ကြိုက်ပေါ့ကွာ။ ထားခဲ့ကြ ... ဒီအတိုင်း ထားလိုက်။ ညရောက်မှ မင်းနဲ့ငါ နှစ်ပါးသွားတာပေါ့ကွာ။ ဟား ဟား ဟား ... အဟတ် အဟတ် အဟတ်"

သူတို့ ငါ့ကို တိုင်မှာကြိုးတုပ်လျက် ထားခဲ့တယ်။

ကြိမ်ဒဏ်ရာတွေက သွေးစို့ပြီး ဖူးယောင်စပ်ဖျဉ်း နာကျင်နေတယ်။ ဒါပေမဲ့ ငါ အံကြိတ်ခံလိုက်တယ်။

ငါ့ကြောင့် ငါ့လင် မသေစေရဘူး။

မျိုးချစ်သူပုန်တွေ မသေစေရဘူး။

ငါပဲ အသေခံသွားမယ်။

ဒီ အမျိုးသားသစ္စာဖောက်နဲ့ အင်္ဂလိပ်အမျိုးယုတ် နယ်ချဲ့တွေကြောင့် သူပုန်တွေ အသက်ရှင်လမ်းမရှိဘူး။

ငါ့ကို သင်းတို့ အစာမကျွေးကြဘူး။

ရေတစ်ပေါက် မတိုက်ဘူး။

ရေငတ်လွန်းလို့ ရင်ထဲမှာ ပူလောင်ခြောက်သွေ့အက်ကွဲနေပြီ။

အမေ ... ငါ့အမေကိုရော။ အမေ အသက်မှရှင်သေးရဲ့လား ညနေလည်းရောက်ရော တံခါးဖွင့်သံကြားရတယ်။ မြို့ဝန်ရဲ့ အရက်ဆိုပြီး နေတဲ့ မျက်နှာကြီးကို စ,မြင်လိုက်ရတယ်။

သူ့ခန္ဓာကိုယ်ပေါ်မှာ အင်္ကျီမပါဘူး။ ဗလာကျောပြောင်ကြီး။

"ရှင်မင်းယာစို ... ရှင်မင်းယာစို ..."

"အင်း ... ဟင်း ... ဟင်း ... ရေပေးပါ"





"ရေသောက်ချင်လို့လား"

"အင်း ... အင်း ..."

"ငါမေးတာ ဖြေမှာလား"

"အင်း ... အင်း ... ဟင်း ဟင်း ဟင်း"

ငါ ခေါင်းမထူနိုင်ဘူးကွယ်။ ခေါင်းထဲမှာ တဆစ်ဆစ်ကိုက်၊ အသားတွေကတင်းပြီး နာ၊ ရေကဆာလို့ ရင်ပူမီးတောက်။

"ရော့ ... ရေသောက်"

ရေ ... ရေ ... ငါ မျက်လုံးကို အားယူဖွင့်တယ်။

မြို့ဝန်က ရေခွက်ကို ပါးစပ်ရှေ့ တိုးပေးတယ်။ ငါ ငုံ့ပြီး သောက်မလို့ လုပ်တုန်းမှာပဲ မြို့ဝန်က ရေကို ကြိမ်ဒဏ်ရာတွေပေါ် သွန်ချလိုက်တယ်။

"အား ... အား ... အားမလေး ... အား ..."

ရေမဟုတ်ဘူး ... ရာကျော်။ ဆားရည် ... ဆားရည်တွေ ... ငါ့ကြိမ်ဒဏ်ရာတွေပေါ် ဆားငန်ရေတွေကျရော ငါ အသံကုန်ဟစ်အော်ပြီး အမေ့ကို တ,လိုက်တယ်။

"နင့်အမေကို မတနဲ့"

"ငါ့ ... ငါ့အမေရော"

"တွေ့ချင်လို့လား"

"အင်း ... အင်း ..."

"နင့်လင်သူပုန်ရှိတဲ့နေရာ ဖွင့်ပြောရင် နင့်အမေနဲ့တွေ့ရမယ်"

"မ ... ပြော ... ဘူး ... မ ... သိဘူး"

"ဒါမှမဟုတ်ရင် ငါနဲ့ ... ငါနဲ့ နင် အတူတူအိပ်ရင် ... ဟင်း ဟင်း ... ဟင်း"

"ဘာ ..."

"နင့်ကို ငါသနားတယ် ... ရှင်မင်းယာစို။ နင်ဟာ-လှလည်းလှ ချောလည်းချော၊ အင်း ... သူပုန်မယား လုပ်မည့်အစား၊ ငါ့မယား မြို့ဝန်ကတော် လုပ် ... လုပ်မယ်ဆိုရင် နင်တို့သားအမိနှစ်ဦးစလုံးရဲ့ အသက်ကို



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပေးပြီး အိမ်တစ်ဆောင်၊ မီးတစ်ပြောင်နဲ့ထားမှာပါ ... ဟင်း ဟင်း ဟင်း ဟင်း ... ဘယ့်နှယ်လဲ''

သူ ငါ့ရှေ့မှာရပ်ပြီး အင်္ကျီစုတ်ပြဲကြားက ပေါ်နေတဲ့ ငါ့အသား စိုင်တွေကို အငမ်းမရ စိုက်ကြည့်နေတယ်။

''ငါ ကတိပေးပါတယ်။ နှင့်ယောက်ျားကိုလည်း အင်္ဂလိပ်အစိုးရ အရေးမယူစေရဘူး''

''ရှင် ... ရှင် ... တ ... တကယ်ပြောတာလား''

''အို ... နှမလေးရယ်၊ အစ်ကိုကြီးက မင်းလိုအလှလေးကို လိမ်ညာပြောရမှာလား။ ဘုရားစူး ... မိုးကြိုးပစ် ... ကျိန်ပြောရဲပါတယ် ကွာ။ မင်း ငါနဲ့ အတူနေ''

''နေမယ်''

''ဟင် ... တ ... တကယ် ... ဟုတ် ... ဟုတ်လား ဟင် ... ဟင်''

ငါ့ရဲ့အလှအပပေါ်မှာ သူ တိမ်းမူးနေတယ် ... ရာကျော်။

ငါ ခေါင်းညိတ်လိုက်တယ်။ သည့်နောက် အခန်းတံခါးကို ပိတ် လိုက်ပြီး ငါ့ခန္ဓာကိုယ်မှာ ချည်နှောင်ထားတဲ့ နှောင်ကြိုးတွေကို အမြန်ဖြေ လိုက်တယ်။

ကြိုးတွေပြေသွားတော့ ငါ ရပ်လို့မရဘူး။

လူက မူးဝေကိုက်ခဲပြီး ယိုင်နေလို့ မြို့ဝန်ကျောက်မိုးသီးက ငါ့ကို ဖေးမပြီး ကြိုးထိုးခုတင်ပေါ်မှာ အသာထိုင်စေတယ်။

''ရေ ... ရေသောက်မလား ... ဟင် ... ဟင်''

''အင်း ...''

ငါ့ကို ရေတကောင်းထဲက ရေသန့်ကိုတိုက်တယ်။ ငါ အားရပါးရ သောက်လိုက်တာ ရေတွေ ငါ့ရင်ဘတ်နဲ့ ငါ့ထဘီပေါ် ရွှဲရွှဲစိုကုန်ရော။

ရေစိုပြီးကပ်နေတဲ့ ငါ့ရင်သား ဝင်းဝင်းတွေကိုကြည့်ပြီး သူ ရာဂ အဆိပ်တက်လာတယ်။ ငါလည်း ရေဝင်သွားလို့ အားအင်ပြည့်စ ပြုလာတာ ပေါ့။ မြို့ဝန်က သူ့ခါးမှာထိုးထားတဲ့ ဓားမြှောင်ကို ခုတင်ဘေးက စားပွဲပုပေါ် တင်လိုက်ပြီး ...

---

**စိတ်ကူးသစ်စာပေ**



ငါ့ရဲ့အင်္ကျီကို စပြီးချွတ်တော့တယ်။

ငါ မျက်စိမှိတ်ပြီး ရင်တွေ တုန်နေတယ်ကွယ်။

ငါ့မျက်လုံးထဲမှာ ငါ့ကို တာနောယက္ခဘီလူးလို အာခံတွင်းထဲ ထည့်ငုံထားမတတ်ချစ်တဲ့ ချစ်လင်မြို့စားလေးရဲ့ ရဲရင့်တည်ကြည်တဲ့မျက်နှာ ထင်းခနဲ ပေါ်လာတယ်။

ဒီမှာ မြို့ဝန်က ငါ့ကို ခုတင်ပေါ်မှာ ပက်လက်လှဲချပြီး ငါ့ကိုယ် ပေါ်မှာမှောက်လို့ ငါ့ပါးပြင်ကို မုတ်ဆိတ်ပါးမြိုင်းမွေးကြမ်းနဲ့ ပွတ်သပ်နမ်း နေချိန် ...

သူ ကမူးရှူးထိုး တဟင်းဟင်းနဲ့ ရာဂအဆိပ်တွေ တက်နေ တယ်။

ဒီမှာပဲ ငါ စားပွဲခုံပေါ်က ဓားမြှောင်ကို ညာလက်နဲ့ လှမ်းယူပြီး သူ့ကျောကုန်းကို အားကုန်စိုက်ချလိုက်တာ ...

''အား ... အား ... အား ... လာကြပါဦး''

သူ ကျောကော့ပြီး လန်အကျမှာ ငါ့လက်ထဲကဓားလည်း လွတ် သွားတယ်။ ဒီမှာပဲ သူ ငါ့လည်ပင်းကို တအားညှစ်တာ အပြင်မှာလည်း တံခါးခေါက်သံ၊ တွန်းသံ၊ အော်ဟစ်မေးသံတွေနဲ့ ဆူညံနေတယ်ပေါ့။

ငါ ကြိုးစားရုန်းပါတယ်။ အသက်ရှူ ကြပ်လာတယ်။

သူ အငြိုးကြီးစွာ ငါ့လည်ပင်းကို ညှစ်ပြီးကိုင်ဆောင့်တာ။

သူ ကျောကုန်းမှာ ဓားမြှောင်က တန်းလန်းစိုက်ပြီး သွေးတွေစီး ကျလို့ ငါ့ထဘီလည်း ပေကျံကုန်ပြီ။

ငါ အသက်ကို တတ်နိုင်သမျှ အောင့်ထားတယ်။

မခံနိုင်တော့ဘူး။ ငါ့မျက်လုံးတွေ အစ်လာပြီ။

ငါ့ကို ညှစ်သတ်တဲ့လူလည်း ညှစ်အား ပျော့လာနေပြီ။

နောက်ဆုံး ငါ ဘာမှသတိမရတော့ဘူး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၄၅]

❑

ငါ အသက်ပြင်းတာပဲလား ... သေကံမရောက်၊ သက်မပျောက်တာပဲလားမသိ ... ငါ သတိရလာတဲ့အချိန်က မှောင်ထဲမှာ။

''မြို့စားကတော် ... မြို့စားကတော် ...''

''မြို့စားကတော် ...''

''အင်း ... အင်း ... ဟင်း ဟင်း ဟင်း ... အင်း ... နာတယ်''

''မြို့စားကတော် ... သတိထား ... သတိထားပါ ... အသက်မှန်မှန်ရှူပါ ... သမားတော်ကြီး ... ကြိုးစားပေးပါဦးဗျာ''

''သွေးသောက်ကြီး ... မိန်းကလေး မသေနိုင်တော့ပါဘူး''

''ဟုတ်လား ... တော်ပါသေးရဲ့ ... ဆရာကြီးရယ်''

ငါ့ လည်ပင်းနဲ့ ကြိမ်ဒဏ်ရာတွေကို ဆေးတွေ လိမ်းပေးကြတယ်။ ငါ့ပါးစပ်ထဲကို ဖျော်ထားတဲ့ဆေးတွေ ထည့်ပေးတယ်။ ငါ နှစ်ရက်လောက်နေတော့ သတိကောင်းကောင်း ရပါပြီ။





ငါ မသေဘူးဆိုတာသိပြီး ငါ့ကိုယ်ငါ အံ့ဩနေတယ်။

ငါ မိသက်ပြင်းပါလား။

လည်ပင်းတွေနာနေလို့ အစာတော့ ဝါးလို့ မရသေးဘူး။

ဆန်ပြုတ်ရည်ကျဲပဲ သောက်လို့ရသေးတယ်။

''ကျွန်မ ဘယ်နေရာကို ရောက်နေလဲဟင်''

''မြို့စားကတော် ... ကျုပ်က သွေးသောက်ကြီး ငရန်းပါ။ မြို့စားကတော်တို့သားအမိကို အင်္ဂလိပ်စစ်သားနဲ့ မြို့ဝန်အဖွဲ့က ဖမ်းသွားတယ်ကြားလို့ ကျုပ်တို့ တော်လှန်ရေးတိုက်ပွဲကြားကနေ မြို့စားကတော်သတင်းကို လှူဖြန့်ပြီး စုံစမ်းရှာဖွေခဲ့တာပါ။ ကျုပ် သတင်းရတာကတော့ မြို့စားကတော်ကို သူတို့ နှိပ်စက်စစ်ဆေးလို့ သေသွားပြီ။ နေဝင်ဖြိုးဖျမှာ ( ... ) သင်္ချိုင်းမှာ လာသင်္ဂြိုဟ်မယ်သတင်းရလို့ မြင်းနဲ့ စောင့်နေတယ်။ မြို့ဝန်ရဲ့လူတွေ လှည်းကြမ်းနဲ့ အလောင်းလာချတာ ကျုပ် မြင်ရတယ်။ သူတို့လည်း နှယ်စ်သောက်စားထားလို့ မဟန်ကြဘူး။ စဏ္ဍာလကို အလောင်းအပ်ပစ်ခဲ့တယ်။ စဏ္ဍာလက မြေမြှုပ်ဖို့ကျင်းတူးနေချိန် ကျုပ် ဓားဝင့်ပြီး စဏ္ဍာလကို ကျင်းထဲမှာဝပ်နိုင်း၊ ပြီး ... မြို့စားကတော်ရဲ့အလောင်းကို မြင်းပေါ်တင်ပြီး ပြေးခဲ့တာပဲ။ အလောင်း လာလုတာပေါ့။ မြို့စားကတော်ရဲ့အလောင်းကို ကောင်းမွန်စွာမြေမြှုပ်ပြီး မြို့စားကို ပြောနိုင်အောင်ပါ''

''ကျွန်မ အခုရောက်နေတာကရော ... သွေးသောက်ကြီး''

''လုံခြုံတဲ့ နေရာမှာပါ။ မွန်လူမျိုးတွေရှိတဲ့ နေရာမှာပါ''

''ကျွန်မ မြို့စားကိုတွေ့ချင်တယ် ... သွေးသောက်ကြီး''

''ကျွန်တော် မြို့စားဆီရောက်အောင် အကြောင်းကြားပေးပါ့မယ် ... မြို့စားကတော်''

''ကျွန်မအမေရော ... အမေ ... အမေ ...''

''အမေကြီး ဆုံးသွားပါပြီ''

''အို ... အမေ မရှိတော့ဘူး ... ဟီး''

''မြို့ဝန်ရဲ့အဖွဲ့က ကြမ်းကြမ်းတမ်းတမ်း စစ်ဆေးရင်း ကွယ်လွန်သွားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



''အမေကြီးအလောင်းကို (.......) သချိုင်းမှာ မြှုပ်ထားခဲ့တယ်''

''သွေးသောက်ကြီး ...''

''အမိန့်ရှိပါ ... မြို့စားကတော်''

''ကျွန်မကို မောင်တော်မြို့စားဆီ ပို့ပေးပါ''

''မြို့စားကတော် နေကောင်းအောင်နေပါ။ ကျုပ် မြို့စားတို့ရှိတဲ့နေရာကို စုံစမ်းရှာပြီး ခေါ်ခဲ့ပါ့မယ်''

သွေးသောက်ကြီး မောင်ရှန်းက ငါ့ကို လယ်ထဲက လယ်သမားလင်မယားထံအပ်ခဲ့ပြီး မြင်းနဲ့ထွက်သွားတယ်။

ရက်အတန်ကြာသည့်တိုင် သွေးသောက်ကြီး မောင်ရှန်းလည်း ပြန်ရောက်မလာဘူး။ မြို့စားလည်း မလာခဲ့ဘူး။

ကြားရတာက တိုက်ပွဲတွေ ပြင်းထန်နေတယ်။

တိုင်းရင်းသားတွေလည်း နယ်ချဲ့ကို ပြန်တိုက်ကုန်ကြပြီ။

အင်္ဂလိပ်က မိုးကောင်းကိုသိမ်းတယ်။

ချင်းတွေနဲ့တိုက်တဲ့သတင်းတွေ ခရီးသွားတွေထံက ကြားရတယ်။ မြို့စားလေးသံယောဇဉ်ရဲ့သတင်း မရခဲ့ဘူး။

ရက်အတန်ကြာတော့ သတင်းတစ်ခု ရောက်လာခဲ့တယ်။

မြို့စားလေးသံယောဇဉ်တို့ ကရင်နယ်ဘက်မှာ အင်္ဂလိပ်တွေနဲ့တိုက်ရင်း ဒဏ်ရာရ ကျဆုံးသွားပြီတဲ့။

သွေးသောက်ကြီး မောင်ရှန်းလည်း ကျသွားပြီတဲ့။

ပြောပုံအရတော့ အလောင်းတောင်ပြန်မရဘူးလို့ ကြားရတယ်။ အင်္ဂလိပ်အစိုးရ မြန်မာတစ်ပြည်လုံးကို အုပ်ချုပ်ချိန်မှာ ငါတို့လူတွေလည်း တိုက်ပွဲမှာကျခဲ့ကြသတဲ့။

၁၈၉၂ ခုနှစ်၊ မေလမှာ မြန်မာ့ဒေါင်းဒင်္ဂါးငွေကြေးကို တရားဝင်ငွေကြေးအဖြစ်မှ အင်္ဂလိပ်အစိုးရက ရပ်ဆိုင်းခဲ့တယ်။

သည့်နောက် ၁၈၉၈ ခုနှစ်မှာ အိန္ဒိယပြည် (မြန်မာပြည်အပါအဝင်)သုံး ရူပီးဒင်္ဂါးတစ်ပြားကို ဗြိတိသျှငွေ တစ်သျှီလင် လေးပဲနိနဲ့ ညီတယ်လို့ ဥပဒေထုတ်တယ်။

စိတ်ကူးသစ်စာပေ



မော်လမြိုင်ကနေ ငါ သာယာဝတီကို ရောက်ခဲ့တယ်။

သာယာဝတီမှာ ဆရာစံက အင်္ဂလိပ်ကိုတော်လှန်ဖို့ လယ်သမားတွေကို စည်းရုံးနေတာ။

ငါ. စစ်ကိုင်းကို ခဏသွားတယ်။ ငါတို့အမျိုးတွေ မရှိတော့ဘူး။ နောက်ဆုံး သာယာဝတီမှာ ဘဝကိုမြှုပ်နှံဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ ငါ လယ်သမား ဂဠုန်သူပုန်ခေါင်းဆောင် ဆရာစံနဲ့ အဆက်အသွယ်ရပြီး တော်လှန်ရေးအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ခဲ့တယ်။

အလံတောင်ကျဆုံးတော့ ငါလည်း ဂဠုန်သူပုန်အဖွဲ့ဝင်အနေနဲ့ အမိန့်ခံရပြီး ထောင်ဒဏ်နှစ်ရှည် ကျခဲ့တယ်။ အလံတောင်ကျတဲ့နေ့က ၁၉၃၀၊ ဒီဇင်ဘာ (၃၁) ရက်နေ့။

ဆရာစံကို ရှမ်းပြည်နယ်၊ နောင်ချိုမှာ ဖမ်းမိပြီး သာယာဝတီထောင်ရုံးက သေဒဏ်အမိန့်ချခဲ့တယ်။

ဆရာစံအမှုကိုစစ်တဲ့ ခုံရုံးတရားသူကြီးက မစ္စတာကန်းလစ် (အဖွဲ့ခေါင်းဆောင်)၊ အဖွဲ့ဝင် မစ္စတာ ဒါဝတ်နဲ့ ဦးဘဦးတို့ပဲ။

လွတ်လပ်ရေးရပြီး နောက်ပိုင်းကျမှ ငါ လွတ်လာခဲ့တယ်။

ထောင်ကလွတ်တော့ ယိုးဒယားကို ထွက်သွားခဲ့သေးတယ်။

သည့်နောက် ဗမာပြည်ကို ပြန်ရောက်လာခဲ့တယ်။

ငါနဲ့မြို့စားတို့ အတူနေခဲ့တဲ့ မြို့သစ်လည်း မရှိတော့ဘူး။ ခေတ်တွေ ပြောင်းသွားပြီလေ။ ငါနဲ့သိတဲ့သူ ဘယ်သူမှမရှိတော့ဘူး။

မြို့စားလေးက ခေတ်ကာလမကောင်းလို့ ပျောက်ဆုံးနေချိန်၊ ငါ့အိမ်ကြီး မြေအောက်မှာမြှုပ်ထားတဲ့ ပစ္စည်းတွေလည်း စစ်သားကြောင့် ဘယ်သူမရ၊ ပျောက်ဆုံးသွားခဲ့တယ်။

✿ ✿ ✿

www.burmeseclassic.com

# [၄၆]

❑

ငါ လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရက တော်လှန်ရေးသ
တစ်ကျွန်းကျတွေကို ပြည်တော် ပြန်ခေါ်ခဲ့တယ်။ ငါ ယိုးဒယားက ပြန်ရော
လာပြီး ဘယ်သွားရမှန်းမသိ ဖြစ်နေတယ်ဟေ့။ နောက်ဆုံး ငါ သာယာ
ကိုပဲ ပြန်သွားတယ်။

သာယာဝတီမှာ အင်္ဂလိပ်ကိုတော်လှန်ခဲ့တဲ့ ကျွန်းပြန်တွေ ဂ
သူပုန်ဟောင်းတွေ ရှိနေသေးတယ်။ ဘာပဲဖြစ်ဖြစ် ငါတို့ လူဟောင်းေ
ပြန်ဆုံချင်တယ်။ ငါလည်း အဘွားကြီး ဖြစ်နေပြီ။

ငါတို့ တစ်ကျွန်းကျတဲ့ တော်လှန်ရေးသမားအချို့လည်း က
တစ်ကျွန်းမှာ အိမ်ထောင်ကျ၊ သားမွေးပြီး ကျန်ရစ်ခဲ့တာလည်း ရှိသေ

အတော်များများက ဗမာပြည်ကို ပြန်ခဲ့ကြတယ်။

ငါတို့လူတွေ တစ်ကျွန်းအပို့ခံရတုန်းက အရွယ်ကောင်းတွေ





အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ အင်္ဂလိပ်ပြန်ဝင်တဲ့ခေတ်၊ လွတ်လပ်ရေးခေတ်၊ လွတ်လပ်ရေးခေတ်ဦး ...စတဲ့ခေတ်တွေ ပြောင်းသွားတာ ငါတို့ မမြင်လိုက်ရဘူး။

ငါ သာယာဝတီသား တစ်ကျွန်းပြန်တွေနဲ့ သာယာဝတီ အလံ တောင်ခြေကရွာမှာ နေနေတုန်း ...

လူတစ်ယောက် ရောက်လာတယ်။

ငါ့နာမည်ကို မေးမြန်းစုံစမ်းသတဲ့။

ငါ့ကိုသိကြတဲ့နာမည်က ဒေါ်စိုးတဲ့။

ငါ ဆရာစံအဖွဲ့ထဲရောက်သည့်တိုင် မြို့သစ်မြို့စားကတော် ဒေါ်ရှင်မင်းယာစိုလို့ မပြောဘူး။ ဒေါ်စိုးလို့ပဲ ပြောခဲ့တယ်။ ဂဠုန်သူပုန်အဖွဲ့မှာ ငါတို့ မိန်းမသားတွေက ဝတ်စုံတွေချုပ်ရတယ်၊ ရိက္ခာရှာစုရတယ်၊ ဂဠုန် အပ်သားတွေစားဖို့ ထမင်းဟင်းချက်ရတယ်။ သတင်းပို့ဆက်သားနဲ့ ထောက် လှမ်းရေးလုပ်ရတယ်ဟေ့။

ငါ့အလုပ်က သူလျှိုဆက်သားအလုပ်။

အလံတောင်ကျတော့ ငါ့ခြေသလုံးကို သေနတ်မှန်ပြီး ငါ အဖမ်း ခံခဲ့ရတာ။

ငါ့ခေါင်းပေါင်းကြားက ဦးလှအောင်တို့ထံ ပေးပို့စာမိသွားတာ ဦးလှအောင်တို့ သားအဖလည်း ကြိုးပေးခံလိုက်ရတယ်။

အဲဒီတုန်းက ဆရာစံအပါအဝင် ကြိုးပေးခံရတဲ့ ဂဠုန်သူပုန် တော် လှန်ရေးသမားက (၃၀)ဦး၊ တစ်သက်တစ်ကျွန်း ထောင်ဒဏ်က (၈၉၀)ဦး။ စုစုပေါင်း ကျဆုံးတာ (၂၀၀၀)။

အင်္ဂလိပ်အစိုးရက (ရ၈)ဦးကျပြီး (၉၆)ဦး ဒဏ်ရာရခဲ့တယ်။

"တစ်ကျွန်းပြန်ဒေါ်စိုးနဲ့ တွေ့ချင်လို့ပါ"

"ငါနေတဲ့အိမ်ကို လူရွယ်တစ်ဦး ရောက်လာမေးတာ။

"မင်းနာမည် ဘယ်လိုခေါ်တုံး"

"မောင်ကျောက်တံလို့ ခေါ်ပါတယ်။ ကျွန်တော် စစ်ကိုင်း( ) ပါ"



www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းဆိုတော့ ငါ ဝမ်းသာသွားတယ်။ ငါ့မွေးရပ်မြေလေ။

''ကြီးတော်က မြို့သစ်မြို့စားကတော် ဒေါ်ရှင်မင်းယာစို ... မဟုတ်လား''

''ဟေ ...''

ငါ အံ့သြသွားတယ်။ ငါ လင်သားသေဆုံးသွားပြီ ကြာကတည်းက ငါ ဒေါ်စိုဆိုတဲ့အမည်ပဲခံယူပြီး ဇာတ်မြှုပ်နေတာ။

ငါ့မှာ ဆွေမျိုးမရှိတော့ဘူး။

အိမ်ယာမြေ မရှိတော့ဘူး။

ငါ့ကိုငါ မြို့စားကတော်ပါပြောလည်း ဘယ်သူယုံမှာလဲ။

အခု အနှစ် (၈၀)ကျော် ... (၉၀)အရွယ် ရောက်နေပြီ။ ငါ သာယာဝတီမှာ ဇာတ်မြှုပ်လို့ ဆွေလိုမျိုးလိုဖြစ်နေတဲ့ ဂျွန်သူပုန်မျိုးဆက်တွေရဲ့ ကျွေးမွေးစောင့်ရှောက်မှုခံယူပြီး ဘုရားသွား၊ ပုတီးစိပ်၊ တရားထိုင်လုပ်ပြီး သေရမည့်နေ့ကို စောင့်နေတာပါ။

သာယာဝတီမှာရှိတဲ့ လုပ်ဖော်ကိုင်ဖက်တွေတောင်မသိတဲ့ ငါ့ဇာတိရင်းနာမည်ကို ပြောလိုက်တော့ ငါ အံ့သြသွားတယ်။

''နေပါဦး ... မင်းက ဘယ်သူတုံး''

''အမေကြီး ... သွေးသောက်ကြီးထိန်ကို သိလား''

''သွေးသောက်ထိန် ... အဲဒါ ဘာဖြစ်လဲ''

''ကျွန်တော်က သွေးသောက်ကြီးထိန်ရဲ့ မြေးပါ။ နာမည်က မောင်ကျောက်တဲ့လို့ ခေါ်ပါတယ်။ ကျွန်တော်တို့ အမေကြီးကို လိုက်ရှာဖွေနေတာ ကြာပါပြီခင်ဗျ။ အမေကြီး ထောင်ဒဏ်နှစ်ရှည် ကျသွားတော့ အမေကြီးက မြို့သစ်မြို့စားကတော် ဒေါ်ရှင်မင်းယာစိုဆိုတာ သိရတယ်

''ငါ ... မြို့စားကတော်ရှင်မင်းယာစိုလို့ ဘာကြောင့် ပြောနိုင်တာတုံး ... မောင်ရင်''

''အမေကြီးတို့ကိုဖမ်းတဲ့ ရာဇဝတ်အုပ် ဦးအောင်မောင်းဆိုတဲ့လူက အမေကြီးကို စစ်ဆေးစုံစမ်းရင်း အမေကြီးရဲ့အမည်ရင်းကို သိခဲ့တယ်။ ရာဇဝတ်အုပ် ဦးအောင်မောင်းနဲ့ ကျွန်တော့်အဖေနဲ့က သူငယ်ချင်းပါ။





ဦးအောင်မောင်းပြောလို့ ဒေါ်စို(ခေါ်) မြို့သစ်မြို့စားကတော် ဒေါ်ရှင်မင်းယာစို သာယာဝတီထောင်မှာ ထောင်နှစ်ရှည် ကျသွားတယ်လို့ သိရပြီ။ အခု ဂျွန်သူပုန်အဖွဲ့ဝင်ဒေါ်စို ပြန်လွတ်လာပြီဆိုတာ သတင်းစာထဲ ဖတ်လိုက်ရလို့ လိုက်ရှာရင်း ရောက်လာရတာပါ''

ငါ ငြင်းလို့မရတော့ဘူး ... ကိုရာကျော်။

''မင်းတို့ ဘာကြောင့် ငါ့ကို လိုက်ရှာရတာတုံး''

''အရေးကြီးလို့ပါ ... အမေကြီး။ အမေကြီးအတွက် မြို့သစ်မြို့စားထားခဲ့တဲ့ ရတနာတွေရှိနေတယ်''

''ဘာ ... ဘာ ... ပြောတယ်''

''အမေကြီး မသိဘူး မဟုတ်လား။ ဘယ်သူ့မှ မပြောပါနဲ့ ... အမေကြီး။ ကျွန်တော့်အဖေ ရှိသေးတယ်။ အမေကြီးကို အဲဒီရတနာတွေ ပြန်ပေးဖို့ လိုက်ရှာနေကြတာ။ အမေကြီး ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ''

''မင်းကိုငါ ဘယ်လိုလုပ်ပြီး ယုံရမှာလဲ''

''ရော့ ... ဒါကိုကြည့်''

လူရွယ်က ငါ့ကို လက်စွပ်တစ်ကွင်း လှမ်းပေးတယ်။

ငါ လက်စွပ်ကို ကြည့်လိုက်တယ်။ ကျောက်နီကို ရွှေနဲ့ ရေးလက်ရာမြောက်စွာ ပြုလုပ်ထားတာ။ အတွင်းမှာ 'စို' ဆိုတဲ့ အက္ခရာစာတစ်လုံးကို ထွင်းထားတာ ငါမြင်ရရော။

ဒါ ငါ့လက်စွပ်ပဲ။

သွေးသောက်ကြီးတွေနဲ့ ပြန်ခါနီးမှာ ငါ့လက်ကနေ မြို့စားအမှတ်တရ ချွတ်ယူသွားတဲ့ လက်စွပ်။

မြို့စားလေးပေးခဲ့တဲ့ လက်စွပ်ကတော့ အင်္ဂလိပ်ကျွန်မြို့ဝန်က လက်ထဲကနေ ယူသွားတယ်။

''ဒီလက်စွပ်ကို ဘယ်လိုလုပ်ရတာလဲ ... ဟင် ... ဟင် ... မောင်ရင်''

''အမေကြီး ပစ္စည်းပါ။ အမေကြီးကို ပြန်ပေးပါတယ်။ နောက်ထပ်ပစ္စည်းတွေ ရှိသေးတယ်။ အမေကြီးအတွက် မြို့စားမြှုပ်ထားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့တွေ့ပါ . . . အမေကြီး။ တွေ့ပြီးမှ မေးပါ။ ကျွန်တော် ဒီလောက်ပဲ ပြောနိုင်ပါတယ်။

ငါ ချက်ချင်း လိုက်သွားခဲ့တယ်။

ပစ္စည်းတွေ လိုချင်လွန်းလို့ မဟုတ်ဘူး . . . ရာကျော်။

ငါ့လင်သား ဘယ်နေရာမှာ ကွယ်လွန်အနိစ္စ ရောက်တာလဲ။ သူ ဘယ်လိုသေရတာလဲ။ သူ့ကို ဘယ်အရပ်မှာ ဘယ်လိုအနေအထား နဲ့ မြေမြှုပ်သင်္ဂြိုဟ်ခဲ့တာလည်း ငါသိချင်တယ်။

[မောင်မှိုင်း . . . တပည့်ရေ . . . ငါ မြို့စားကတော်စစ်စစ်နဲ့ တွေ့ နေရပြီဆိုတာ သေချာနေပြီကွ။]

သူ ပစ္စည်းတွေ ဘယ်လိုပြန်ရတာလဲ ငါ သိချင်တယ်။

ငါတို့နေခဲ့တဲ့အရပ်ကို ငါပြန်ရောက်သွားတော့ အားလုံး မီးလောင် ပြင်ဖြစ်နေတာလေ။

အင်္ဂလိပ်တွေက ဒီအရပ်ဒေသသားတွေ သူတို့ကို တော်လှန် ပုန်ကန်တယ်ဆိုပြီး ငါ့လင်တော်မောင်မြို့စားကို လက်ရမမိတဲ့အပြီး မြေလှန်ပြီး ရွာတွေရပ်တွေ မီးတင်ရှို့ခဲ့တာ။

လူမရှိဘူး။

ခွေးမရှိဘူး။ ကျွဲ နွား မရှိဘူး။ သစ်ပင်မရှိဘူး။

မီးလောင်ပြင်မှာ တိုင်ငုတ်တိုနဲ့ မီးကျွမ်းအရိုးတွေ၊ ခေါင်းခွံတွေ တွေ့ခဲ့ရတယ်။

ဤနေရာမှာ စာရေးသူကျွန်တော် သက်သေပြချင်တာ ရှိတယ် ခင်ဗျ။ ၁၉၄၂ ခုနှစ်၊ မေလ (၂)ရက်နေ့က မုံရွာမြို့နယ်၊ တောင်ကန်ကျေးရွာ မှာ ရွာလုံးပျောက် သတ်ဖြတ်မှုကြီး ကျူးလွန်ခဲ့တယ်။

နေ့လယ် (၂)နာရီကနေ ညနေ (၅)နာရီအထိ ရွာလုံးကျွတ် လူသတ်မှုကို ကျူးလွန်ခဲ့တယ်။

နေရာက မုံရွာမြို့နယ်၊ အိုးဘိုတောင်ကျေးရွာအုပ်စု တောင်ကန် ကျေးရွာပါ။ မုံရွာမြို့နဲ့ (၅)မိုင်ဝေးတဲ့ ရွာပေါ့ဗျာ။

အိမ်ခြေ (၅၀)ရှိတယ်။ လူဦးရေ (၂၀၀)ခန့် နေထိုင်ကြတယ်။





အင်္ဂလိပ်စစ်သားတွေ ဆုတ်ရင်း . . . ဟို . . . သံချပ်ကားတစ်စီး တောင်ကန်ရွာကို ရောက်လာခဲ့တာ။

သူတို့ သံချပ်ကာကားက ရွှေကြိုရှင်မ နတ်နန်းထားတဲ့ လက်ပံ ပင်ကြီးအောက်မှာ နေရာယူထားကြတယ်။

"ချင်းတွင်းမြစ်ထဲ သွားလာနေတဲ့ . . . လှေတွေ၊ ဖောင်တွေ၊ သင်္ဘောတော်တွေကိုရော၊ စုန်းကြင်းရွာ၊ ကျောက်မြစ်ရွာ၊ ဆိပ်ကမ်းရှိ လှေ သင်္ဘောတော်တွေကိုပါ ပစ်ခတ်နှစ်မြှုပ်ပစ်ကြတယ်။

ဒီရွာက အင်္ဂလိပ်အစိုးရကို သခင်တွေက ဂျပန်တွေနဲ့ပေါင်းပြီး ဆန့်ကျင်တယ်ဆိုပြီး စစ်ကားတွေနဲ့ အင်္ဂလိပ်စစ်သားတွေ ချီတက်လာကြ တယ်။

ရွာသားတွေအားလုံး ထွက်ပြေးတိမ်းရှောင်ကုန်ပြီ။

ဦးစွာ ရွာဦးဘုန်းကြီးကျောင်းကို အမြောက်သေနတ်တွေနဲ့ ပစ်တယ်။ ဘုန်းကြီးကျောင်း မီးလောင်ပြာကျသွားတယ်။

ရွာထဲကိုလည်း သုံးဘက်သုံးတန်ဝိုင်းပြီး ကလေးလူကြီးမကျန် အကုန် သေနတ်နဲ့ပစ်သတ်ကြတာ။

ရွာအနောက်ဘက် မြစ်သဲသောင်ကို ပြေးကြရတာပေါ့။

အင်္ဂလိပ်စစ်တပ်က မသေမရှင်ဖြစ်နေသူတွေကို လှံစွပ်နဲ့ထိုးပစ် သတ်တယ်။ သဲသောင်ပေါ်ပြေးနေတဲ့ ရွာသူရွာသားတွေကို စက်သေနတ် နဲ့ အကုန်ပစ်သတ်ကြတာ။

ရွာသူရွာသားတွေက ပြေးလို့လည်း မလွတ်တော့ . . .

ကြောက်လွန်းလို့ အင်္ဂလိပ်စစ်သားတွေကို လက်အုပ်ချီရှိခိုး တောင်းပန်ကြတယ်တဲ့။ တောင်းပန်သူတွေအားလုံးကို လှံစွပ်နဲ့ထိုးသတ် ခဲ့တယ်။

လူ (၅၀) အသတ်ခံရတယ်။ (၇) ဦး ဒဏ်ရာရတယ်။

ဒီအကြောင်းကို မသေဘဲ ကျန်ရစ်သူတွေက သတင်းထောက် တွေကို နောင်အခါ အတိအကျ ဖွင့်ပြောပြကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ...အခု ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊ ကျုံ
ကျေးရွာလည်း အဲဒီလို ဖြစ်ခဲ့ရတယ်။

ကျုံတူးကျေးရွာထဲကို အင်္ဂလိပ်စစ်တပ်ဝင်လာပြီး ကိုယ့်အိမ်
ထိုင်နေတဲ့ လူကိုပါ သေနတ်နဲ့ ပစ်သတ်တယ်။

အဲဒီနေ့က ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက် စနေနေ့
ဖြစ်ခဲ့တယ်။ ဦးတုတ်ကြီးနဲ့ ဦးဖိုးမှင်ကို အရင်သတ်တယ်။ ရွာသူရွာသား
တွေက ရွာမြောက်ဘက်မှာရှိတဲ့ ဘုန်းတော်ကြီး ဦးပညာရဲ့ကျောင်း
ဝင်ပုန်း၊ တံခါးပိတ် ပုန်းနေကြသတဲ့ဗျာ။

သည့်နောက် ဦးစိမ်းကို ပစ်သတ်တယ်။

ကျောင်းပေါ်က ပိန်းကံရွာသား ကိုထွန်းနဲ့ကံထူးက ကိုမင်း
တို့ကို ဇရပ်ရှေ့မှာ အသားလွတ် ပစ်သတ်တယ်။

ကျောင်းပေါ်မှာ ပုန်းနေတဲ့လူတွေကို အကုန်ဆင်းခိုင်း၊ ကျောင်
အနောက်တောင်ကုန်းပေါ်မှာ ယောက်ျား၊ မိန်းမ နှစ်စုခွဲ တန်းစီရပ်ခိုင်း
တယ်။ သည့်နောက် စက်သေနတ်နဲ့ အကုန်လုံး ပစ်သတ်ခဲ့ကြတယ်။

ဒါနဲ့ အားမရသေးဘူး ...ဗုံးကျင်းထဲမှာ ပုန်းနေတဲ့လူတွေကို
အကုန်အပေါ်တက်ခိုင်း တန်းစီထိုင်ခိုင်းပြီး စက်သေနတ်နဲ့ ပစ်သတ်ပြ
တယ်ဗျာ။ ရက်ရက်စက်စက်သတ်ပြီးမှ ကျုံတူးရွာထဲကနေ ထွက်သွားကြ
တယ်။

ရွာထဲမှာ လက်နက်ပုန်းရှိတယ်လို့ စွပ်စွဲပြီး သတ်သွားကြတာ။

အဲဒီနေ့က ရွာသား (၂၇)ဦး အသတ်ခံရတယ်။

အင်္ဂလိပ်စစ်တပ်ကပစ်လို့ မသေဘဲ ဒဏ်ရာရကျန်ရစ်ခဲ့သူ ငါးဦး
ရှိတယ်။ သေဆုံးသူတွေရဲ့ အမျိုးရင်း၊ မျက်မြင်တွေ့သူတွေ အခု ကျုံတူး
မှာ အချို့ ရှိတုန်းပါပဲဗျာ။

အင်္ဂလိပ်စစ်တပ်က ရက်ရက်စက်စက် သတ်သွားတာကို ကိုယ်
တွေ့ကြုံခဲ့ရသူ (၂၂)ဦး ရှိတယ်တဲ့။

ဒီ အင်္ဂလိပ်စစ်တပ် ရက်စက်ကြမ်းကြုတ်ပုံအကြောင်း မြို့စား
ကတော် ပြောပြတာကို ယုံတယ်ဗျာ။





ဂျပန်ဖက်ဆစ်ကရောတဲ့။ ဂျပန်ဖက်ဆစ်လည်း ရက်စက်ရာမှာ
တမ်းကုန်ပါပဲဗျာ။

မြို့စားကတော်က ပြန်ပြောပြတာကွ။

မြို့စား ဝှက်ထားတဲ့ပစ္စည်းတွေ ဘယ်အချိန်က လာယူကြတာ
လဲ။ ငါ သိချင်တယ်။ ငါမြင်ရတဲ့ လက်စွပ်ကတော့ သက်သေခံနေပြီ။
ဒါ့လင်မြို့စား ဒီလက်စွပ် ဘယ်သူ့ပေးခဲ့လဲ။

ငါလို အဘွားအိုကြီးကိုတော့ မဟုတ်မဟတ်လုပ်မယ် မထင်ပါ
ဘူးကွယ်။ ဒါကြောင့် ငါ အရဲစွန့်ပြီး လိုက်ခဲ့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၄၇]

❏

ငါ အခု အလွန်ကြီးတဲ့ တိုက်အိမ်ကြီးရဲ့ညေ့်ခန်းမှာ ရောက်နေတာကွယ့်။ ငါ့ရှေ့က ဆိုဖာထိုင်ခုံပေါ်မှာတော့ အခု သူဌေးတောက်ထွန်းတက်ရယ်၊ ဆေးပြင်းလိပ်ခဲပြီး ငါ့ကိုကြည့်နေတဲ့ လူဖိုင့်ဖိုင့်ဖြူဖြူ လူခန့်ကြီးလည်း ရှိနေတယ်။

ပြီး ... ငါတို့နောက်မှာ ရပ်နေတဲ့ ...

မင်းနဲ့စကားများတဲ့ စောလူးတို့၊ စိန်ခြယ်၊ ပေါက်ခေါ်တို့ အပါအဝင် လူသန်လူစွမ်း (၁၀)ဦးလောက်လည်း ရပ်နေကြတယ်။ မောင်ကျောက်တံလည်း ပါတယ်။ ငါမသိတဲ့ လူရွယ်လူသန်တစ်ဦးလည်း ရှိနေတယ်။

တောက်ထွန်းတက်က အားလုံးကို အပြင်ထွက်သွားဖို့ပြောလို့ အားလုံး ထွက်သွားကြတယ်။





ညေ့်ခန်းထဲမှာ ငါရယ်၊ တောက်ထွန်းတက်ရယ်၊ လူခန့်ခန့်သန့်သန့် ထိပ်ပြောင်ပြောင် ဆေးပြင်းလိပ်ခဲတဲ့လူကြီးရယ် သုံးဦးပဲ ရှိတော့တယ်။

"အမေကြီးကို အသက်ရှင်လျက်ပြန်တွေ့ရတာ ကျွန်တော်တို့ ဝမ်းသာတယ် ... အမေကြီး"

"မင်းတို့က ဘယ်သူတွေတုံး"

"ကျွန်တော်က ကိုတောက်ထွန်းတက်တဲ့ ... ဒီပုဂ္ဂိုလ်ကတော့ ဦးအာဠာဝကလို့ ခေါ်ပါတယ်ခင်ဗျ"

ငါ အာဠာဝကဆိုတဲ့ လူကြီးကို လှမ်းကြည့်လိုက်တယ်။ လည်ကတုံး အကျီလက်တိုနဲ့ ဆေးပြင်းလိပ်ကို ကိုက်ပြီး ငါ့ကို ပြုံးပြုံးကြီး ကြည့်လို့ပေါ့။

"ငါ့ကို မင်းတို့ ဘာကြောင့် ရှာနေကြတာတုံး"

"အမေကြီးကို အံ့သြစရာ ပြောချင်လို့ပါ။ အမေကြီးရဲ့ခင်ပွန်း မြို့စားလေးသံယောဇဉ် အမေကြီးအတွက်ထားခဲ့တဲ့ ဥစ္စာပစ္စည်းထားတဲ့ နေရာကို ကျွန်တော်တို့ သိထားပြီ ... အမေကြီး"

"ဟုတ်လို့လား"

"ဟုတ်ပါတယ် ... ကျွန်တော်တို့ သေချာလို့ ပြောတာပါ။ ဒါပေမဲ့ ဒီပစ္စည်းတွေကို ပြန်ရဖို့က အမေကြီးပေါ်မှာ အဓိက မူတည်နေတယ်"

"ငါ မယုံဘူး"

"အမေကြီး မြို့စားသံယောဇဉ်ကိုယ်တိုင် ရေးသားမှတ်တမ်းတင်ခဲ့တဲ့ လက်ရေးမူပေစာတွေကို ဖတ်ဖူးလား"

"သိလည်း မသိဘူး၊ မြင်လည်း မမြင်ဖူးဘူး"

"ကျွန်တော်တို့ ဖတ်ပြီးပြီ။ ဟောဒီ ပေစာရွက်ကတော့ သူ့ရဲ့ သချိုင်းရှိရာ ညွှန်ပြတဲ့ပေစာပဲ။ ရော့ ... ကြည့်ပါ"

သူ ငါ့ကို ပေစာရွက်နှစ်ရွက် လှမ်းပေးတယ်။

လက်ရေးကတော့ မြို့စားရဲ့လက်ရေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြေအောက်ဂူသချိုင်းတဲ့။ နေရာကို ညွှန်ထားတယ်။ သို့သော် ပေရွက်ကျိုးပဲ့နေလို့ မပီပြင် မသေချာ ဖြစ်နေတယ်။

"ဒီ နှစ်ရွက်ပဲလားကွယ့်"

"ဟုတ်တယ် ... ဒီနှစ်ရွက်ကို ကံကောင်းလို့ ရတာပါ။ မြို့စား ရေးတဲ့ ပေစာအားလုံးကိုတော့ ကျွန်တော်တို့ တစ်ဆင့်စကား တစ်ဆင့် နားနဲ့ရော။ သေချာတဲ့ လူထံကရော ကြားပြီးပြီ။ ဘုန်းကြီးတစ်ပါးပြီးတစ်ပါး လက်ထဲကို လက်ဆင့်ကမ်း ရောက်သွားခဲ့တယ်လို့ပဲ သိရတယ်။ ဒါကြောင့် ဘယ်သူ့ထံမှာရှိတယ်တော့ မသိဘူး။ ဒါက အရေးမကြီးပါဘူး။ အရေးကြီး တဲ့အချက်က နေရာကို ကျွန်တော်တို့ သိနေပြီပဲ"

"ဒီတော့ ဘာလုပ်ရမှာတုံး"

"အမေကြီး ကိုယ့်လင်သား အမွေထားခဲ့တဲ့ ပစ္စည်းတွေ ခု ... မလိုချင်ဘူးလားဗျာ ... ဟင်"

"မလိုချင်ဘူး"

"ဗျာ ..."

"ဟေ ..."

တောက်ထွန်းလည်း အံ့သြသွားတယ်။ ဦးအာဋ္ဌာဝကဆိုသူ လည်း အရမ်းအံ့သြပြီး ဆေးပြင်းလိပ်ကိုင်လို့ ငါ့ကို ကြည့်နေပါရော။

"ကာလတန်ဖိုး မနည်းဘူး ... အမေကြီး။ ကျွန်တော်တို့ ဝိုင်း ရှာပေးမှာ ဘာလို့ မလိုချင်ရတာတုံးဗျာ"

"ငါ ဘုရားတရားနဲ့ပဲ ဘဝကူးချင်လို့ပါ"

"ဟာ ... ခက်တာပဲ။ အမေကြီးခင်ပွန်းရဲ့ ပစ္စည်းတွေခင်ဗျ ... အမေကြီးမယူရင် အခြားသူတွေ ယူသွားလိမ့်မယ်"

"လိုချင်တဲ့လူ ယူပစေပေါ့။ ငါ ယုံလည်းမယုံဘူး"

"အမေကြီး ... ကျွန်တော်တို့ အမေကြီးခင်ပွန်းရဲ့ မြေအောက်ဂူ သချိုင်းကို ရောက်ပြီးပြီ"

"ဘာ ..."

"အမေကြီးခင်ပွန်း မြို့စားသံယောဇဉ်ရဲ့ ဂူသချိုင်း သေချာ တယ်"





"ဒါဆို မင်းတို့ယူခဲ့ပါလား ... မောင်တောက်ထွန်းရယ်"

ငါ ဒီလိုပြောတော့ သူတို့ စကားတွေရပ်ပြီး အချင်းချင်း ပြန် ကြည့်နေကြတယ်။ ဒီမှာ ဦးအာဋ္ဌာဝကဆိုသူက ...

"အမေကြီး ..."

"ပြောပါ ... ကိုအာဋ္ဌာဝက"

"အမေကြီးရဲ့ခင်ပွန်း မြို့စားကို အမေကြီး ချစ်ရဲ့လား"

"ငါ့ခင်ပွန်းပါကွယ် ... ချစ်တာပေါ့"

"သူကလည်း အမေကြီးကို ချစ်မြတ်နိုးလို့ တော်လှန်ရေးတစ် ဖက်နဲ့ လိုက်ရှာခဲ့တာ။ သူ့ဇနီး သေပြီလို့သိရတော့ သူ့ဇနီးအတွက် မြို့ဝန် ကို ပြန်ကလဲ့စားချေပြီး ဇနီးအလောင်းမြှုပ်တဲ့ (.........) သချိုင်းကို သွားခဲ့တယ်။ ဒါပေမင့် ဇနီးရဲ့အလောင်းကို မြေမြှုပ်ခါနီးမှာ မြင်းစီးသမား တစ်ယောက်က အလောင်းကို မြင်းနဲ့ထင်ယူသွားတယ်။ ဇနီး တကယ်သေ သလား၊ မသေသလား သူ မသိခဲ့ရှာဘူး။ လိုက်ရှာခဲ့တယ်။ သူ တိုက်ပွဲမှာ ဒဏ်ရာပြင်းထန်စွာရခဲ့ပြီး သူတို့ပုန်းခိုနေတဲ့ မြေအောက်ဥမင်ထဲမှာ ကွယ်လွန် သွားခဲ့တယ်။ မကွယ်လွန်ခင် သူ ခေါင်းတလားထဲမှာ သူ့ဇနီးလာခဲ့ရင် တစ်သက်လုံးစားဖို့ သူပိုင်တဲ့ ဘိုးဘွားပိုင်ပစ္စည်းတွေ ထည့်ထားခဲ့တယ်။ ဇနီးကိုယ်တိုင် လာယူမှရပါစေလို့ သစ္စာဆိုခဲ့တယ်။ အမေကြီး ကိုယ့်လင်သား ရဲ့ အလောင်းအုတ်ဂူကို မမြင်ချင်ဘူးလား"

"မြင်ချင်တာပေါ့"

"လိုက်ကြည့်ပါ အမေကြီး။ ကိုယ့်လင်သားရဲ့ ခေါင်းတလားကို ဖော်ပြီး အားရပါးရ ငိုလိုက်စမ်းပါ"

မြို့စားက သူ့ချစ်ဇနီး ပြန်လာမယ့်အချိန်ကိုမျှော်ရင်း ကွယ်လွန် သွားခဲ့တာ။ ဒီအကြောင်းတွေကို ကျွန်တော် မြို့စားရေးတဲ့ ပေစာအရ ခိုမ်း သိရှိခဲ့တာ။ မြို့စားက အမေကြီးကလွဲရင် ဘယ်သူမှ ယူလို့မရပါစေနဲ့ လို့ သစ္စာပြုခဲ့တာ။ ဘယ်လိုလူစားမှ ယူလို့မရဘူး။ ကျွန်တော်တို့က အစ ကနဦးတုန်းက မယုံခဲ့ပါဘူး။ ကြားဖူးတယ်။ မဖြစ်နိုင်ဘူးလို့ ထင်ခဲ့တာ။ ကြာခင် အမေကြီးခင်ပွန်း မြို့စားရေးခဲ့တဲ့ ပေစာထုပ်ကို တစ်နေ့ ပြပြီး ယ်။ အဲဒီဂူထဲကို ရောက်သွားတဲ့ လူတစ်ဦးရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"မောင်ကျောက်တံရေ . . ."

"ခင်ဗျား . . . ဆရာကြီး"

ငါ့ကိုလာခေါ်တဲ့ မောင်ကျောက်တံဆိုသူ ရောက်လာတယ်။ အားလုံးရှေ့မှာ ရပ်နေတယ်။

"ဒီ မောင်ကျောက်တံဆိုတာ မြို့စားကွယ်လွန်တဲ့အချိန်က ဒတ်ရာနဲ့ မသေဘဲကျန်ခဲ့တဲ့ သွေးသောက်ကြီးငထိန်ရဲ့ မြေးပဲ။ သူ့အဘိုး သွေးသောက်ကြီးက သားကိုဒီအကြောင်း တစ်စွန်းတစ်စပြောပြီး သေသွားခဲ့တယ်။ မသေခင် ပြောခဲ့တာက မြို့စားကတော်ကိုရှာကြ။ ပေစာထုပ်ကို မြို့စားကတော်လက်ထဲအပ်လို့ ပြောခဲ့တာ ဘယ်လိုရခဲ့မှန်းမသိတဲ့ မြို့စားကတော်ရဲ့ လက်စွပ်ပါ ပေးခဲ့တာ။ ဒီပေစာကို မောင်ကျောက်တံရဲ့ အဖေ ရောဝတီမြစ်နံဘေး တောကျောင်းဘုန်းကြီးထံက ဖတ်သိခဲ့တာ။ ဘုန်းကြီးက မြို့စားရဲ့ပေစာကို ထိန်းသိမ်းခဲ့ရင်း တစ်ပါးလက်တစ်ပါးရောက်ရင်း ပေစာထုပ် ဘယ်သူ့ဆီမှာ ရှိတယ်ဆိုတာတော့ စုံစမ်းနေတုံးပဲ။ ကံကောင်းချင်တော့ ဒီမြေအောက်ဂူသချိုင်းထဲ ရောက်သွားတဲ့လူရှိတယ် . . မောင်ကျောက်တံ"

"ခင်ဗျာ . . ."

"မောင်ဖျော် . . . ကိုခေါ်ခဲ့"

မကြာဘူး။ လူရွယ်တစ်ယောက် ရောက်လို့ခေါ်လာခဲ့တယ် အသားမည်းမည်းနဲ့လူ။

"မောင်ဖျော် . . ."

"ခင်ဗျာ . . . ဆရာကြီး"

"မင်းတွေ့ခဲ့၊ ရောက်ခဲ့တဲ့ မြေအောက်ဂူသချိုင်းကို ပြောလိုက်"

မောင်ဖျော်ဆိုသူက ငါ့ကို ပြန်ပြောပြတယ်။

"ကျွန်တော်က မှဆိုးပါ။ တောထဲက တစ်ဝဂ္ဂလို့ အုတ်တိုက်ပျက်ထဲရောက်ရင်း မြေကျွံကျရာက မြေအောက်ဥမင်လှိုဏ်ခေါင်းထဲ ရောက်သွားတာပါ။ ကျွန်တော်က မကြောက်ဘူး။ အထဲမှာ အကွေ့တွေရှိတယ်။ အခန်းကျယ်ထဲမှာ မီးထွန်းထားသလို လင်းနေတယ်။ လူသေတွေနဲ့အခေါင်းတလားအကြီးကြီးကို တွေ့ခဲ့ရတယ်။ ဝင်ကြည့်မလို့လုပ်တော့





ကျွန်တော့်ကို အထဲကနေ နှင်ထုတ်တဲ့အသံတွေ ကြားရတာပဲ။ ကုလားအဘိုးကြီးတစ်ဦးက အော်ထုတ်တာ။ မကြာဘူး လူတွေများကြီး လိုက်တဲ့အသံတွေကြားလို့ နောက်ဆုတ်သွားရင်း အပေါ်ကနေ ပစ္စည်းတွေ ကျလာတာဗျာ။ ကောက်ကြည့်တော့ ရွှေဒင်္ဂါးတွေဖြစ်နေတယ်။ ရတဲ့တစ်ပြားကောက်ယူပြီး ပြေးခဲ့တာ။ ရှုံးမလိုဖြစ်ပြီး သူ့ဂူထဲပြန်ထားခဲ့တော့မှ ကျွန်တော် ပြန်ကောင်းသွားတာပါ"

"မြို့စားဂူဆိုတာရော သေချာလားကွယ်"

"ကျွန်တော့်ဦးလေး ဘုန်းကြီးကတော့ ဒါ . . . မြို့စားသံယောဇဉ်ရဲ့ဂူလို့ပြောတယ်"

"မင်းဦးလေးဘုန်းကြီးက ဘယ်လိုလုပ်သိတုံး"

"ဒါတော့ မပြောတတ်ဘူး။ ဒီအကြောင်း ဆရာကြီးတို့ကို ပြောရင်း . . ."

"ရပြီ . . . သွားတော့ မောင်ဖျော်"

ဒီမှာ ဦးအာဋ္ဌာဝကက ဆက်ပြောတယ်ကွယ့်။

"ကျုပ်တို့လည်း ဟုတ်မဟုတ် သေချာအောင် သွားကြည့်ပြီး ရောက်ခဲ့ပြီးပြီအမေကြီး။ ဟုတ်တယ် မြို့စားသံယောဇဉ်ရဲ့ မြေအောက်သချိုင်းပဲ။ ကျောက်ခေါင်းတလားထဲမှာ ပစ္စည်းတွေရှိတယ်လို့ ပေစာရေးချက်အရ သိထားတယ်။ အမေကြီးပိုင်တဲ့ ပစ္စည်းတွေပါ။ ကျုပ်တို့ အမေကြီးကို ရစေချင်လို့ စုံစမ်းခဲ့တာ နှစ်ပေါင်းမနည်းပါဘူး။ အမေကြီး တစ်ကျွန်းတွေနဲ့ သာယာဝတီ ပြန်ရောက်မှန်းသိရတာလည်း ပုလိပ်ရာဇဝတ် ဦးအောင်မောင်းကြောင့်ပါ။ ဒါပါပဲ . . .။ ဟုတ်၊ မဟုတ် လိုက်ကြည့်ပါ။ အမေကြီးပိုင်တဲ့ ပစ္စည်း သေချာနေတယ်။ အမေကြီးပဲ ရစေချင်တယ်"

"မင်းတို့က ဘာ့ကြောင့် သွားရှာတာတုံး"

"ဟုတ်မဟုတ် သေချာအောင် သွားကြည့်တာပါ"

"မင်းတို့ဘာလို့ ရောက်ခဲ့ရဲ့သားနဲ့ ပစ္စည်းတွေ မယူခဲ့တာလဲ"

"ကျွန်တော်တို့ အပ်တိုတစ်ချောင်းတောင် ယူလို့မရပါဘူး။ အလွန်ကို ထူးဆန်းပါတယ်။ အမေကြီးက လွဲရင်ပေါ့။ ကျွန်တော်တို့ အမေကြီးကို ရစေချင်လို့ အပင်ပန်းခံ ကူညီပေးနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



''ငါ မင်းတို့ကိုမေးမယ်''

''မေးပါ ... မေးပါ''

''ငါ့လင်သားရဲ့သင်္ချိုင်းမှန်း သေချာလို့ ပစ္စည်းတွေရခဲ့ရင် ငါက မင်းတို့ကို ကူညီမှုအတွက် ဘယ်လိုတုံ့ပြန်ရမှာလဲ''

''အမေကြီး သဘောပါ။ အမေကြီးပေးရင် ယူမယ်။ မပေးရင် မယူဘူး။ ကျွန်တော်တို့က ရှေးဟောင်းဂူသင်္ချိုင်းတွေကို ရှာဖွေသုတေသနပြုရတာ ဝါသနာပါတယ်။ ကျွန်တော့်တူသားတွေ တက္ကသိုလ်ကျောင်းသားတွေဆိုတော့ ပိုလေ့လာ သိရှိချင်ကြတာပေါ့။ ဒါကလည်း ငွေကုန်အချိန်ကုန်ခံပြီး လုပ်တဲ့ဝါသနာပါ။ စဉ်းစားပါ .. အမေကြီး။ အမေကြီး လှူလိုက်...မယ်။ ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်း နေသွားရမယ်လေ''

ငါ စဉ်းစားတယ်။ ငါ့မှာ ငွေမရှိဘူး။ အခု ငါ သူများတွေအိမ်မှာ ...စားနေရတဲ့ဘဝ။ ငါ့ကို မြို့စားကတော်ပါလို့ ဘယ်သူ့ကိုပြောလို့ ယုံမှာလဲ။ ပြောရင်လည်း ဟားတိုက်ရယ်ကြမှာ။ အဘွားကြီး ဘဝင်မြင့်ရူးသွားပြီ ပြောကြမှာ။ ပြီး ... ငါက ထောင်ထွက်၊ ဆွေမရှိ မျိုးမရှိ။

ငါ နှစ်ပေါင်းများစွာ လုပ်ကိုင်ရှာဖွေလို့ရတာလေး ရဟန်းသံဃာတို့လှူဒါန်းပြီး လင်တော်မောင်မြို့စားကို အမျှပေးဝေခဲ့ပါတယ်။

သင်္ကန်းဒွိစုံလှူပြီး အမျှပေးဝေ။

ဆွမ်းတစ်အုပ်ပို့ပြီး အမျှပေးဝေ။

ငါတို့ ချစ်ခင်ခဲ့ကြတဲ့ ယယ်ဘဝပုံရိပ်တွေ မမေ့ပါဘူးကွယ်။

ငါ လူရှိသေခံဘဝ၊ ရွှေဘုံပေါ်စံတဲ့ဘဝကနေ အခု လက်ထဲမှာ ငွေတစ်ဆယ်တောင် မကိုင်နိုင်တဲ့ဘဝ။

ဟုတ်မယ် ထင်ပါတယ်။ ငါ့လင်ရဲ့ဂူသင်္ချိုင်းများ ဖြစ်နေမှာနဲ့တူရဲ့၊ သူ ငါ့ကို ရင်နဲ့အမျှချစ်ခဲ့သူပါ။ ငါ့အတွက် သူ ကလဲ့စားချေခဲ့သတဲ့။ ငါ သွားကြည့်ရမယ်။ ငါ့လင်သားရဲ့အုတ်ဂူ စစ်မှန်ခဲ့ရင် ငါ ဦးခိုက်ကန်တော့ပြီး ကောင်းမှုကုသိုလ်ပြု အမျှဝေရမှာပေါ့။

ငါ့လင်သားရော၊ သူ့တပည့် ရဲဘော်တွေရဲ့ ဝိညာဉ်တွေရော ကောင်းရာဘုံဘဝရောက်ဖို့၊ ကျွတ်လွတ်သွားဖို့ ငါ့မှာ တာဝန်ရှိတာပဲ။





အကယ်လို့ ငါ့လင်သားရဲ့ဝိညာဉ်က ငါ့ကို လိုလိုလားလား ပစ္စည်း ...ပေးခဲ့ရင် ...

တကယ်လည်း ရခဲ့ရင် ...

ငါ ... သူ့အတွက် ....

''သွားကြည့်မယ်''

''ဗျာ ... တကယ်ပြောတာလား အမေကြီး ... ဟင် ... ...င် ...''

''ဟုတ်တယ်''

''ဒါမှပေါ့ အမေကြီးရာ။ အမေကြီးချမ်းသာတာကို မြင်ရရင် ...နပ်ပြီဗျာ''

''တောက်ထွန်း ....''

''အမိန့်ရှိပါ ဆရာကြီး''

''မနက်ဖြန် ခရီးထွက်ဖို့ ပြင်ဆင်ကြ''

''ဟုတ်ကဲ့ပါ ခင်ဗျား''

''အမေကြီးကို အကောင်းဆုံးအခန်းမှာ နေရာချပါ။ အမေကြီး ...င်တာကျွေးပါ။ အမေကြီးငြိုငြင်အောင် ဘယ်သူမှ မလုပ်ကြနဲ့။ ...သား''

''ဟုတ်''

''အမေကြီးကို စိတ်အနှောင့်အယှက် ဖြစ်အောင်လုပ်ရင် လုပ်တဲ့...ဘာဖြစ်မယ်ဆိုတာ သိတယ်နော်''

''သိပါတယ်ခင်ဗျ'

''နေရာချပေးလိုက်ကြ။ အမေကြီး အေးအေးချမ်းချမ်း အနားယူ... အမေကြီး မကြာခင် ချမ်းသာတဲ့သူဌေးမကြီး ဖြစ်ရတော့မှာပါ...''

တောက်ထွန်းတက်တို့၊ ကိုအာဠာဝကတို့ တော်ကြပါပေတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၄၈]

❑

ငါ့ကို သူတို့ တော်တော်ဝေးတဲ့ မြို့တစ်မြို့ကို ခေါ်ခဲ့ကြတယ်

ငါရယ်၊ တောက်ထွန်းတက်ရယ်၊ ဒီနေရာကို ကနဦးမြင်
လူရွယ်ရယ်၊ စောလူး၊ စိန်ခြယ်နဲ့ ဦးအာဋ္ဌာဝကတို့ ပါကြတယ်။ သူ
လွယ်အိတ်ကိုယ်စီနဲ့ပေ့ါ။

ကားနဲ့အကြာကြီး စီးလာပြီးနောက် ...

တောင်ခြေက ရွာကလေးတစ်ရွာကို ရောက်ခဲ့ကြတယ်။

အိမ်ခြေအနည်းငယ်ရှိတဲ့ရွာ သုံးလေးရွာကို ဖြတ်ခဲ့ပြီးနော
တို့ ရေဆိပ်တစ်ခုကို ရောက်ခဲ့ပြန်တယ်။

ရေဆိပ်မှာ စက်လှေငယ်တစ်စီး ဆိုက်ထားတယ်။

သူတို့က ငါ့ကို စက်လှေလေးရဲ့အလယ်မှာ နေရာချပေးတ

အချိန်က အရုဏ်မတက်သေးဘူးကွယ့်။





လက်နှိပ်မီး ခပ်အုပ်အုပ်ထိုးပြီး နေရာယူကြတာ။

"ဘာလို့ လင်းလင်းချင်းချင်း မသွားကြတာတုံး မောင်တောက်ထွန်း"

"ဒီနေရာကို လိုက်ရှာနေတဲ့ လူမသမာ အဖွဲ့တစ်ဖွဲ့ရှိတယ် အမေကြီး။ သူတို့ကလည်း အမေကြီးကို ရှာနေတာ။ ဒါကြောင့် လူမမြင်အောင် မနက်မိုးမလင်းခင် လာခဲ့ရတာ။ အမေကြီးကို တစ်ခု ကြိုပြောထားချင်တယ်"

"ဘာပြောမှာလဲ"

"အမေကြီးကို ဘယ်သူကမေးမေး၊ မြို့စားကတော် ဒေါ်ရှင်မင်းရာစိုလို့ မပြောပါနဲ့။ ဒေါ်သစ္စာဝေလို့ပဲ ပြောပါ"

"ဘာ့ကြောင့်တုံး"

"မြို့စားကတော်မှန်း သိသွားရင် အမေကြီးနောက်ကို လူမသမာတွေ၊ ဓားပြတွေ ခြေရာခံလိုက်ပြီး အမေကြီးပိုင်တဲ့ပစ္စည်းတွေကို အဓမ္မလုယူပြီး လူကိုပါ ဒုက္ခပေးမှာစိုးလို့ပါ"

"ကျေးဇူးပါပဲ သားတို့ရယ်"

ငါ သူတို့ကို ကျေးဇူးတင်ရမှာပဲပေ့ါ။ သူတို့ရှင်းပြမှ ငါ့မှာ ချမ်းသာပြီး အန္တရာယ်များမည့်ဘဝ ရောက်ရမှာကိုးကွဲ့။

ငါ့ကိုလိုက်ရှာနေတဲ့ အဖွဲ့တစ်ဖွဲ့ ရှိသေးသတဲ့။

ငါ့နှယ်နော် ... အသက် ရှစ်ဆယ်ကိုးဆယ်ရောက်မှ လူကိုလိုချင်သူ ပတ်လည်ဝိုင်းနေတာပဲကိုးကွယ်။ ဘာပဲဖြစ်ဖြစ်လေ ... ငါ့လင်သားရဲ့ ဂူကိုသော်လည်းကောင်း၊ မြေပုံသချိုင်းကိုလည်းကောင်း ငါ မြင်ချင်ပါတယ်။

ချမ်းသာတာ ကံတရားပါ။

ဆင်းရဲတာလည်း ကံတရားပါ။

ငါ့ဘဝက သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူး။

ငါ့လင်သားရဲ့ ဂူခေါင်းတလားမြင်ရရင် ကျေနပ်ပြီ။ ငါ ... ငါ့လင် မြို့စားရေးခဲ့တဲ့ အတ္တုပ္ပတ္တိပေစာထုပ်ကို မမြင်ဖူးသေးဘူး။ မဖတ်ရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



အမှန်က အရင်ဖတ်ချင်တာ။ သူတို့က မကြာခင် မြို့စားလက်ရေးနဲ့ ပေစာထုပ်ကို ဖတ်ရပါစေမယ်။ သွားယူနေတယ်တဲ့။

သူတို့ပြောပုံအရ . . .

ငါ့ခင်ပွန်းမြို့စား ထားခဲ့တဲ့ပစ္စည်းတွေကို ငါပဲ ရစေချင်တာကွယ်။ သူတို့ လောရတာက နောက်တစ်ဖွဲ့က လိုက်ရှာနေလို့တဲ့။

ဒီလိုနဲ့ ငါတို့ မြေအောက်ဂူတွေပေါ်များတယ်လို့ နာမည်ကြီးတဲ့ တောထဲကိုရောက်လာခဲ့ကြတယ်။ ကွေ့ကောက်ရှည်လျားတဲ့ ချောင်းကယ်ကို နာရီအတန်ကြာ စက်လှေလေးနဲ့ ဖြတ်ခဲ့ကြရတယ်။ သစ်ကြီးပင်ကြီးတွေက ချောင်းရဲ့နှစ်ဖက်ဝဲယာမှာ မိုးနေတာပဲ။ တောထူတောနက်ပဲ။

မိုးလင်းနေထွက်ပြူစမှာ ငါတို့ မြေကမ်းပါးတွေ ပဲ့နေတဲ့ လှေရှည်ကို ရပ်တဲ့နေရာမှာ ပဲ့ထောင်ကိုရပ်လိုက်တယ်။

"ရောက်ပြီလား . . . မောင်တောက်ထွန်းတက်"

"အဝင်လမ်းဝကို ရောက်ပြီဗျ။ တောတော့ နည်းနည်းတိုးရမယ် အမေကြီး။ ဖြည်းဖြည်းဆင်း စောလှူ။ အမေကြီးကို တွဲချပေး"

ငါ့ကို ပဲ့ထောင်ပေါ်ကနေ ထိန်းတွဲပြီး မြေပြင်ကိုချပေးတယ်။

ကိုရာကျော်ရေ . . . လူသံမကြားရဘူး။ ငှက်တွေအော်သံ၊ သားကောင်ငယ်အချို့ အော်သံပဲ ကြားရတယ်။

ဒီမှာ ငါ မြစ်ကမ်းပါးမြင့်မြင့်ပေါ်မှာ ခေါင်းကောင်းကောင်းနဲ့ လူတစ်ယောက်ကို မြင်ရပါရောဟေ့။

အလို . . . လူကြီးက အကျီမပါဘူး။ ခါးတောင်းကို မြှောင်အောင်ကျိုက်ပြီး ခါးထောက်ကြည့်နေတာဟဲ့။

သျှောင်ထုံးနဲ့ ထိုးကွင်းမင်ကြောင်တွေ ပေါင်နှစ်ဖက်အပြည့်။ ရင်အုပ်ပေါ်မှာ အင်းစမကွက်တွေက အထင်းသား။

သူနဲ့ငါကွာရင် ဝါးတစ်ပြန်မရှိတရှိပဲ။ လူကြီးက ငါ့ကို စိုက်ကြည့်နေတာ။ ငါကလည်း မော့ကြည့်ရင်း မြင်ရရော။ ကျောထဲမှာ စိမ့်သွားတာပဲဟေ့။





ငါ အံ့သြပြီး ငေးကြည့်နေတာဟဲ့။

"အမေကြီး . . . ဘာတွေ့လို့တုံး"

တောက်ထွန်းက ငါ့ကိုမေးတာ။ ငါ လက်ညှိုးထိုးပြမလို့ လုပ်ရော ကမ်းပါးပေါ်က ထိုးကွင်းမှင်ကြောင်နဲ့လူက ငါ့ကို ပြန်တော့ဆိုတဲ့သဘောမျိုး လုပ်ပြပါရောဟေ့။

သူ . . . ဘယ်သူတုံး။ သူ့ကို မြင်ဖူးသလိုလိုပဲကွယ်။

တောက်ထွန်းတို့ အာဠာဝကတို့ပြောတဲ့ အခြားအဖွဲ့ကဆိုတာ သား။

သူက ငါ့ကို ခေါင်းလည်းယမ်းပြတယ်။ လက်နဲ့လည်း ပြန်တော့၊ သွားတော့လို့ လုပ်ပြနေတယ်။ ဘာအဓိပ္ပာယ်လဲ။

"အမေကြီး . . . ဘာတွေ့လို့လဲ"

"လူတစ်ယောက် ငါတို့ကို ကြည့်နေတယ် တောက်ထွန်း"

"ဗျာ . . . ဘယ်မှာလဲ၊ ဘယ်မှာလဲ"

"ဟိုး . . . မြစ်ကမ်းပါးက၊ ကမ်းပါးပေါ်မှာ"

ငါက လက်ညှိုးလည်းထိုးပြရော ဘုရားရေ . . . ထိုးကွင်းနဲ့ သျှောင်ထုံးနဲ့လူကြီးရယ် နောက်ပျှမ်းထိုးပြီး ပျောက်သွားပါရောဟေ့။

"ဘယ်မှာတုံး . . . မတွေ့ပါဘူးဗျ။ စိန်ခြယ်တို့ ကြည့်ကြစမ်း"

"မတွေ့ပါဘူး သူဌေး"

"အမေကြီး အမြင်မှားတာ နေမှာပါဗျာ"

"အေး . . . ဟုတ်မယ်နဲ့ တူတာပဲကွယ်"

ဒါနဲ့ လမ်းပြလူရွယ်က ရှေ့ကသွားတယ်။ လမ်းပြနောက်က စိန်ခြယ်၊ သူ့နောက်ကတောက်ထွန်း၊ တောက်ထွန်းနောက်ကငါ၊ ငါ့နောက်က အာဠာဝကဆိုတဲ့ ဆေးပြင်းလိပ်သမား။ လူခန့်ခန့် ထွားထွားကြီး။ ဘောင်းဘီညိုနဲ့ တောစီးဖိနပ်နဲ့ဟေ့"

တောလမ်းကျဉ်းကျဉ်း ကွေ့ကွေ့ကောက်ကောက်တွေကို တိုးဝင်သွားရတာ။ အချို့နေရာမှာ ချိုင့်ခွက်၊ အချို့နေရာမှာ မြေကမူ၊ အချို့နေရာမှာက ကျောက်တုံးတွေပြည့်လို့။



www.burmeseclassic.com

www.burmeseclassic.com



မြွေဆိုးတွန်သံတွေ ကြားရတယ်။

ရယ်သံသဲ့သဲ့ ကြားရတယ်။ တောက်ထွန်းက ရယ်သံလာရာကို လှမ်းကြည့်ရင်း နားစွင့်တယ်။

"ခစ် . . . ခစ် . . . ခစ် . . . . ခစ် . . ."

"ဟား . . . ဟား . . . . ဟား . . ."

"သူဌေး . . . ရယ်သံကြားရတယ်"

"အင့် . . . ဟီး . . . ဟီး . . ."

"ဟင် . . . ငိုသံဗျ။ မိန်းမ ငိုသံ"

"လိုက်ရှာကြည့်စမ်း။ သိပ်မဝေးဘူးကွ"

စောလူး ဓားမြှောင်တစ်ချောင်းဆွဲထုတ်ပြီး အပင်ကြီးတွေကြား လိုက်သွားတယ်။ စိန်ခြယ်ကလည်း လွယ်အိတ်ထဲ လက်နှိုက်ပြီး ဆန့်ကျင်ဘက်ကို ဝင်သွားတယ်။ တောက်ထွန်းနဲ့ အာဠာဝကတို့နှစ်ဦးကတော့ တိုးတိုးတိုးတိုး လုပ်နေကြရဲ့။

(၁၀)မိနစ်လောက်ကြာတော့ စိန်ခြယ်တို့ ပြန်ရောက်လာတယ်။

"မတွေ့ဘူး သူဌေး။ ကြည့်ရတာ သရဲတစ္ဆေခြောက်တာနဲ့ တူတာပဲဗျ"

ဒီမှာ ဦးအာဠာဝကက . . .

"ဆက်သွား ဂရုစိုက်မနေနဲ့။ အရေးကြုံရင် ထုံးစံအတိုင်း လုပ်လိုက်ကြ"

"ဟုတ်ကဲ့"

"လမ်းပြ ဆက်သွား"

ငါတို့ နောက်ထပ် တစ်နာရီနီးပါး အကွေ့တွေ၊ ချုံတွေ၊ လျှိုတွေကို ဖြတ်ခဲ့ရင်း နွယ်တွေချုံတွေ၊ ဖုံးအုပ်နွယ်တက်နေတဲ့ အုတ်တိုက်ပျက်ကြီးကနေ ရှေ့ကို ရောက်ခဲ့ကြတယ်။

အုတ်ကျိုးအုတ်ပဲ့တွေကလည်း အနှံ့ပြန့်ကျဲလို့။

အုတ်တိုက်က အမိုးလည်းမရှိ၊ အကာလည်းမရှိ။ အုတ်ခွေးတွေနဲ့ ပြိုကျလုလုဖြစ်လို့။





"ဆရာကြီး . . . ရောက်ပြီ"

"အဝကိုဖွင့်လိုက်"

လမ်းပြလူငယ်က အုတ်တိုက်ပျက်ကြီးရဲ့ အကန့်အခန်းကျယ်ကြီး နေရာမှာရပ်ပြီး မြေကြီးတွေ၊ ကျောက်ခဲတွေ သစ်သားပြားကြီးတွေ ယ်လိုက်ရော . . . အောက်ကိုဆင်းတဲ့ အပေါက်ကြီး ဖြစ်နေပါရော။

"မီးတုတ်တွေပါလား"

"ပါတယ် သူဌေး"

"ဆင်းကြမယ်"

"မောင်တောက်ထွန်း"

"ဗျာ . . အမေကြီး"

"ငါပါ လိုက်ရမှာလား"

"လိုက်ရမယ် အမေကြီး။ မြို့စားရဲ့အလောင်းရှိတဲ့ ခေါင်းတလားဆို . . . ဥမင်အဆုံးမှာ"

"ဟုတ်ရဲ့လားကွယ်"

"မဟုတ်ရင် အမေကြီး ကျွန်တော်တို့ကို ကြိုက်သလိုပြောပါ။ ကိုင်း . . . ဆင်းကြစို့"

ဒီမှာ လမ်းပြလုပ်တဲ့လူက . . .

"သူဌေး . . ."

"ဘာလဲ"

"ကျွန်တော် အဝမှာ စောင့်နေပါ့မယ်ခင်ဗျာ"

"မင်းပါ လိုက်ခဲ့မှပေါ့ကွ"

"ကျွန်တော် ဒီနေရာကပဲ စောင့်နေပါ့မယ်။ အရေးအကြောင်းရှိ သာပြောပါ့မယ်"

"အေး . . . ဒါဆိုစောင့်နေ။ ပြဿနာမရှာနဲ့နော်"

"မရှာပါဘူး သူဌေး"

"မင်းလည်း သဘောပေါက်တယ် မဟုတ်လား"

"ပေါက်ပါတယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ဦးအာဠာဝကဆိုတဲ့ လူကြီးက လမ်းပြလုပ်သူရဲ့ခေါင်း သူ့လက်ဝါးနဲ့ပွတ်ပြီး ပြုံးပြတယ်ဟော့။ လမ်းပြလည်း အာဠာဝက ကြည့်ပြီး လန့်နေသလိုပဲ။

ဘယ်လိုအထာတွေလည်း မသိပါဘူးကွယ်။

ငါတို့အားလုံး အထဲကို ဝင်လိုက်ကြတယ်။ အခင်းမှာ မြွေသား လား၊ အုတ်လား၊ လေ့ခါးထစ် အတော်များများကိုနင်းပြီးနောက် ငါတို့ ဥမင် လမ်းကြောင်းထဲကို ရောက်သွားကြတယ်။

စိန်ခြယ်နဲ့စောလူးက မီးတုတ်တွေကို မီးညှိထွန်းလို့ ဝန်းကျင် ရှင်းရှင်းလင်းလင်း မြင်ရတယ်ဟော့။ မြေသားဖြစ်လိုက်၊ မြေသားနဲ့ ဂဝံ ရောတဲ့ မြေသားနံရံနဲ့ လမ်းဖြစ်သွားလိုက်။

"ရှီး ..."

"ဟော့ ... သတိထား"

"အမလေး"

ဟာ ... မြွေကြီးဟော့။ နည်းရော့လား ရာကျော်ရေ့။ မြွေဟောက် ကြီးဟော့။ ပါးပျဉ်းကြီးထောင်ပြီး ရှီး ... ရှီး ... နဲ့လုပ်နေတာ။

စိန်ခြယ်က မီးတုတ်နဲ့လှမ်းထိုးရင် မြွေဟောက်ကြီးက နောက် ဆုတ်သွားလိုက်၊ ပြီးရင် အမြီးလွန့်ပြီး ပါးပျဉ်းထောင်လို့ လှမ်းပေါ လိုက်။

"သူ့ဒွေး ရှင်းပစ်မှရမယ်ခင်ဗျ"

"နေကြ ... နေကြ ... ငါ လုပ်မယ်၊ ဖယ်ကြ"

အားလုံးကိုဖယ်ပြီး ကိုအာဠာဝကက ရှေ့တိုးလာတယ်ဟော့ အမ်မယ် ... သူကလည်း ပေါ့သေးသေး မဟုတ်ဘူးဟော့။ မြွေဟောက်ကြီး ရှေ့မှာသူရပ်ပြီး မြွေအလမ္ပာယ်ဆရာတွေလို လက်ဝါးကို ထောင်ဆန့် လှည့်ပြရော ...

မြွေက သူ့ကိုကြည့်ပြီး ခေါင်းနောက်ဆုတ်သွားတယ်။

ဒီမှာ မြွေဟောက်က ငြိမ်ရာကနေ လှမ်းပေါက်လိုက်တာဟော့။

"ဖျီး ..."





"ဖောက် ..."

"ရှီ ... ရှီ ... ဖျီ ... ဖျီ ... ရှီ ... ရှီ ..."

"ဟာ ..."

"ဟယ် ..."

"ဘုရားရေ ..."

မြွေဟောက်က ပေါက်လိုက်ရော အာဠာဝကက သူ့လက်ဝါးနဲ့ လှမ်းပြီး ကိုင်လိုက်တယ်။ မြွေပေါက်ချသံ ကြားရတယ်။ မြွေမျက်လုံးနဲ့ အာဠာဝကလက်ဝါး ဆိုင်သွားတဲ့ အသံကြားရတယ်။

အံ့သြစရာပဲ။ အာဠာဝကက ဘာမှမဖြစ်ဘူး။

မြွေဟောက်ကြီးရယ် ... မရှိဘူးဆို ကရင်ဆိုဒါ ပုလင်းလုံးလောက် ရှိတယ်။ နောက်ကို ပြန်လှည့်သွားပြီး တဖျိုးဖျိုးဖြစ်ရင်း ပြန်လှည့်ပြေးပါ ရောဟော့။

ငါအပါအဝင် ရှိတဲ့လူအားလုံး အာဠာဝကဆိုတဲ့လူကြီး ပေါ့သေး သေးမဟုတ်မှန်း လက်တွေ့ သဘောပေါက်သွားတယ်။ ဖြိုသွားကြတယ်။

ငါက မနေနိုင်အံ့သြလို့ မေးရတာပေါ့။

"ကိုအာဠာဝကက မြွေပါနိုင်တယ်လား"

"တစ်ခါတစ်ရံပါဗျာ"

ဒါပဲ သူပြောပြီး သူ့ဘောင်းဘီရှည်အိတ်ထဲက လက်ကိုင်ပဝါ ထုတ်လို့ လက်ဝါးပေါ်က မြွေဆိပ်တွေကိုသုတ်ပြီး လက်ကိုင်ပဝါကို လွှင့်ပစ် လိုက်တယ်။

သည့်နောက် ငါတို့ ဥမင်ကွေ့ပေါက်တွေကို ဝင်လာခဲ့ကြတယ်။

ငါကတော့ လန့်နေတာပေါ့။ ဒီလို မြေအောက်ဥမင်ထဲကို တစ်ခါမှ မရောက်ဖူးဘူးလေ။ ခုလို ရောက်နေရတော့ လန့်တာပေါ့။

ညှီစို့စို့အနံ့တွေနဲ့ဟယ် ... ငါ အန်ချင်နေတယ်။

"ဝုန်း ..."

"ဟာ ... ရှောင်ဟော့"

"ဘာလဲကွ"

"အပေါ်ကကျလာတာ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်နဲ့ကြည့်လိုက်တော့ မြေကြီးတုံးကြီး တစ်တုံးပေါ့။ လေးထောင့်သံပုံးတစ်လုံးခန့် ရှိမှာပဲ။ ရှေ့က စောလူး အရောင်မြန်လို့သာပေါ့ကွာ။ နို့မို့ ခေါင်းပေါ်သာထိရင် ပွဲချင်းပြီးပဲ။

မီးတုတ်မြှောက်ကြည့်လိုက်တော့ အပေါ်အမိုး မျက်နှာကျက်မှာ အချိုင့်ခွက်ကြီး ဖြစ်လို့ပေါ့။ အားလုံး သတိထားပြီး ဘေးဘီဘယ်ညာအပေါ်မော့ကြည့်၊ အောက်ငုံ့ကြည့်၊ သွားနေရတယ်။

ဥမင်က အတော်ရှည်ပြီး အကွေ့တွေများတာပဲ။

ဒီလိုနဲ့ ငါတို့ ပထမအခန်းတစ်ခုထဲကိုရောက်ရော ငါလန့်သွားတယ် ရာကျော်။ ငါ မြင်ရတာဟာ လူသေကောင် အရိုးစုအချို့ပဲ။ အချို့က ပုံလျက်သား။ အချို့က လဲလျောင်းလျက်။ အချို့က ပက်လက်။ အရိုးကျနေတဲ့ အရိုးစုတွေ။

မျက်ကွင်းဟောက်ပက် ပါးစပ်ဟပြဲ။ အမလေး ကြောက်စရာကြီး။ သူတို့အနီးမှာ သံချေးတက်နေတဲ့ ဓားရှည်ဆွေးတွေလည်း ရှိရဲ့ပေါ့။

တစ်လောင်း၊ နှစ်လောင်း၊ သုံးလောင်း၊ လေးလောင်း ... အမယ်လေး ... ကြည့်တဲ့နေရာတိုင်းမှာ အရိုးစုတွေ၊ ဦးခေါင်းခွံတွေ တွေ့ရတယ်။

ငါ ကြောက်လိုက်တာ။

ဒါနဲ့ အဲ့ဒီအခန်းကိုဖြတ်ပြီး ရှေ့ကအခန်းကို ဝင်မလို့လုပ်ရော ... အလို ... ကုလားအဘိုးကြီးတစ်ဦး။

အဝါရောင်အင်္ကျီရှည်ကြီး ဝတ်ထားလို့။

သူ့လည်ပင်းပေါ်မှာ ကွမ်းသီးလုံးခန့်ပုတီးကြီးဆွဲထားတာ ရင်ခေါင်းအောက်ရောက်လို့ပေါ့။ ကျစ်ဆံမြီးကျစ်ထားသလို ဆံပင်တွေက ရင်ဘတ်ပေါ်ရော၊ နောက်ကျောပေါ်ရော ဖားလျားကျလို့။

ဝင်လာတဲ့ ငါတို့အားလုံး တုံ့ခနဲ ရပ်လိုက်ကြပါရော။

"သင်တို့ ... ဘာလာလုပ်ကြတာလဲ"

ကုလားအဘိုးကြီး ဆာဒူးလား၊ ယောဂီလား၊ ဖကီးလား၊ ငါ မသိဘူး။





သူ့ခန္ဓာကိုယ်ပေါ်က နန္ဒင်းနံ့ရော၊ မုန့်ညင်းဆီအနံ့လိုမျိုးရော နံ့ရနေတယ်။ သူက မြန်မာစကား ပီပီသသနဲ့ မေးနေတာပေါ့။

"ခင်ဗျား ... ဘယ်သူလဲ"

တောက်ထွန်းက ရှေ့တိုးပြီး မေးလိုက်တာကွယ်။

"သင်တို့ ဒီနေရာကနေ ပြန်ထွက်သွားကြပါ"

"ကျုပ်မေးတာကိုပြော ... ခင်ဗျား ဘယ်သူလဲ"

"သင် ဒီနေရာကို မဖျက်ဆီးပါနဲ့။ ကျုပ် မေတ္တာရပ်ခံပါတယ်။ ကြပါ"

"ပြန်ပြန်မပြန်ပြန် ခင်ဗျားအလုပ် မဟုတ်ဘူး။ ခင်ဗျား ဖယ်"

"သင်တို့ အန္တရာယ်ဖြစ်လိမ့်မယ် ပြန်ပါ"

"ကိုင်းဟာ"

"အားယိုးယိုး"

တောက်ထွန်းက ကုလားအဘိုးကြီးကို တွန်းလိုက်တာ။ ကုလားအဘိုးကြီးကပါးစပ်က အားယိုးယိုးလို့ အသံထွက်ပြီး ပြန်ထရပ်ပြန်တယ်။

"သင် ... တို့ ... ပြန် .... ပါ ..."

ကုလားကြီးက ငါ့ရဲ့မျက်နှာကို ဂရုဏာသက်တဲ့ဟန်နဲ့ကြည့်ပြီး ပြောနေတာ။

"စိန်ခြယ်"

"ဗျာ ... သူငွေး"

"ငါ့ကို ဓားမြှောင်ပေးစမ်း"

စိန်ခြယ်က ဓားမြှောင် လှမ်းပေးလိုက်တယ်။ ငါက ဓားနဲ့မလုပ်ဝင်တားရတာပေါ့။

"မောင်တောက်ထွန်း ... မလုပ်နဲ့"

"အမေကြီး ... ဖယ်နေ၊ ဒီအဘိုးကြီး ဇွဲရှုပ်နေတာ"

"မလုပ်ပါနဲ့ တောက်ထွန်း"

"ခင်ဗျားဖယ်နော် အဘိုးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"လူ ... က ... လေး ... သင် ... တို့ ... မှားမယ်"

"ကိုင်းဟာ ..."

"ဟင် ..."

"ဟာ ..."

တောက်ထွန်းက အခန်းဝကနေ ထရပ်တားနေတဲ့ ကုလားအဘိုးကြီးရဲ့ ရင်ဝကို ဓားမြှောင်နဲ့ ထိုးထည့်လိုက်တာ။

ကုလားအဘိုးကြီးကို ဓားမထိုးမိဘဲ မျက်စိရှေ့ကနေ ကုလားအဘိုးကြီး ပျောက်သွားပါရော။

တောက်ထွန်းလည်း ဓားမြှောင်ကိုင်ပြီး အံ့ဩ။ ငါတို့အားလုံးလည်း အံ့ဩ။ ကုလားအဘိုးကြီး ရှောင်တာပဲ မြန်တာလား။

ဒါမှမဟုတ် ကိုယ်ပျောက်သွားတာလား မပြောတတ်ဘူး။

တောက်ထွန်း ဒေါသထွက်နေတယ်။ အာဠာဝကကတော့ ဆေးပြင်းလိပ် အသောက်မပျက်ဘူး။

"ဝင်ကြမယ်ဟေ့"

သူက ပြောရင်း အထဲကိုဝင်လိုက်တော့ ငါတို့လည်းကြောက်ကြောက်နဲ့ ဝင်လိုက်ရတာပေါ့။ အားလုံး ဝင်လိုက်ကြတာ။

အလို ... အခန်းကျယ်တစ်ခုပါကလား။

မြေသားနံရံအမိုးနဲ့ ဆယ့်ငါးပေခန့်ကျယ်ဝန်းတဲ့အခန်း။ အခန်းထဲမှာ ကျောက်ခေါင်းတလားကြီးတစ်ခု။

ကျောက်အခင်းထုပေါ်မှာ တင်ထားတာ။

ကျောက်ခေါင်းတလား အောက်ခြေမှာတော့ လူသေကောင်အရိုးစုတွေ ဥဒဟိုပုံ့လို့။

ဓားတိုဓားရှည် သံချေးတက် ဆွေးနေတာလည်း မြင်ရရဲ့။

မြေသားနံရံမှာ ရေးခြစ်ထားတဲ့ စာလိုလိုတွေလည်း မထင်မရှားမြင်ရတယ်။

ငါ ကျောက်ခေါင်းတလားကြီးကို ကြည့်ပြီး ရင်ထဲမှာ အမျိုးအမည်မသိ ဝေဒနာတစ်ခု ခံစားနေရတယ်ကွယ်။





"အမေကြီး ..."

"အေး ... ပြော၊ မောင်တောက်ထွန်း"

"ဒါ ... အမေကြီးခင်ပွန်း မြို့စားလေးသံယောဇဉ်ရဲ့ ကျောက်ခေါင်းတလားပဲ"

"ဟေ .... ဟုတ် ... ဟုတ်ရဲ့လားကွယ်၊ ဟင် ... ဟင် ..."

"ဟုတ်တယ် အမေကြီး။ အရင်က ကျောက်ခေါင်းတလားအဖုံးပေါ်မှာ မြို့စားလေးနာမည်နဲ့ ကွယ်လွန်တဲ့ရက်စွဲ ရေးထားတာရှိတယ်။ လူမသမာတွေဖျက်ဆီးလို့ စာလုံးတွေ ပျက်သွားပြီ။ အထဲမှာ ရတနာပစ္စည်းတွေရှိတယ်။ အမေကြီး အခေါင်းကိုဖက်ပြီး ငိုချလိုက်"

"မောင်တော် ... မြို့ ... စား ... ရဲ့ ... အ ... လောင်း"

"ငိုပါ အမေကြီး။ မြို့စားက အမေကြီးရဲ့ ငိုရှိုက်သံကို ကြားချင်လို့ စောင့်နေတာ အမေကြီး ... ငိုချလိုက်။ ပြီးရင် မြို့စားရဲ့အရိုးတွေကို ဆယ်ယူပြီး ကောင်းမွန်စွာ သဂြိုဟ်ရမယ်။ ငိုလိုက်စမ်းပါ အမေကြီးရယ်။ ဟောဒီ အရိုးစုအလောင်းတွေက မြို့စားကို အသက်ပေး စောင့်ရှောက်ကြတဲ့ သူ့လူတွေရဲ့ အလောင်းတွေပါ"

ငါ့ရင်ထဲမှာ လှိုက်တက်လာတယ်။ ငါ့ကို ကြင်နာချစ်မြတ်နိုးတဲ့ ခင်ပွန်းယောကျ်ား ...။

ငါ့ကို အင်္ဂလိပ်စစ်တပ်က ဖမ်းခေါ်သွားတော့ အသဲနှလုံးတွေ ဆိုက်ကွဲပြီး နေရာအနှံ့ လိုက်ရှာခဲ့တဲ့ လင်သား။

အခု ... သူ မြေအောက်ဥမင်ထဲမှာ လှို့ဝှက်စွာ ကွယ်လွန်ခဲ့တယ်။ ငါ့မျက်လုံးထဲမှာ ချစ်လင်မြို့စားရဲ့ တည်ကြည်ခန့်ငြားတဲ့ ရုပ်သွင်ကိုရော၊ ဝေဒနာ သည်းထန်စွာခံစားရင်း ငါ့နာမည်ကို တမ်းတမ်းတတ ခေါ်ရင်း ... အို ... ငါ့မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ရစ်ပတ်ဖွဲ့ဆင်းဆိုင်လာနေပြီ။

ငါ ... ငါ့ချစ်လင်မြို့စားရဲ့ ကျောက်ခေါင်းတလားရှိရာကို လွမ်းဆွေးရင်ဖိုကြီးစွာနဲ့ တစ်လှမ်းချင်း လှမ်းသွားနေတုန်း ...

ငါ့နောက်ကနေ ငါ့ပုခုံးကို ဆောင့်ဆွဲလိုက်သလို ခံစားရပြီး ငါ အစ်ပတ်လည်သွားတယ် ကိုရာကျော်ရေ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ဘယ်သူခွဲလှည့်တာလဲ။

ငါ လှည့်ကြည့်တယ်။ ငါ့နောက်မှာ ဘယ်သူမှမရှိဘူး။

အာဠာဝကနဲ့ တောက်ထွန်းတို့က ခေါင်းတလားအနီးမှာ ဝှဲ

နေပြီ။

စိန်ခြယ်နဲ့စောလူးတို့က ငါ့ရဲ့ ဘယ်ညာခပ်လှမ်းလှမ်းမှာ ရပ်

ကြတာ။

ငါ ဘာမှမတွေ့ရတော့ ပြန်လှည့်ပြီး ရှေ့ကို တိုးလိုက်ရော ...

အလို ... ငါ့ရင်ဘတ်ကို ရှေ့ကနေတွန်းလိုက်တာ။

ဘယ်သူတွန်းတာတုံး ... လူလည်း မမြင်ရဘဲ ငါ လက်ဖြ

ကြမ်းနဲ့ တွန်းတာခံလိုက်ရပြီး နောက်ကို သုံးလေးလှမ်း ရွေ့သွားပြန်

ဟော့။

"အမေကြီး ... မြန်မြန်လာပါဗျ"

တောက်ထွန်းက အော်ခေါ်နေတယ်။ ငါ ရှေ့ကို လှမ်းလို့မရ

သူတို့ကအော်ခေါ်၊ ငါက ရှေ့တိုးမရ။ ရှေ့တိုးရင် တွန်းထုတ်ခံရတယ်။

ငါ ... ဘာဖြစ်နေမှန်း မသိဘူး။

ငါ ... ဘာလို့ ငါ့လင်သား ခေါင်းတလားရှိရာကို သွား

ရတာလဲ။ ငါ အားယူပြီး ပြေးမလို့ လုပ်ရော ...

"မသွားနဲ့"

"ဟင် ..."

"ရှေ့မတိုးပါနဲ့။ ပြန်လှည့်ပါ မြို့စားကတော်"

"ဟင် ... ငါ့ကို ဘယ်သူပြောနေတာလဲ"

"မြို့စားကတော် ပြန်လှည့်ပါ"

"မြို့စားကတော် ပြန်လှည့်ပါ"

"မြို့စားကတော် ပြန်လှည့်ပါ"

ပထမ လူတစ်ယောက်ရဲ့ အော်ပြောတဲ့အသံ။ ဟော ...အ

လူတွေအများကြီး အော်ပြောနေတဲ့အသံ။ အသံတွေက နောက်ကရော

ဘေးဝဲယာကရော အပေါ်အမိုးထဲကရော အော်ပြောနေကြတာ။





ဒီအသံတွေကို တောက်ထွန်းတို့ပါ ကြားပြီး အံ့သြနေကြပါရော

ဟေ့။

"ဟေ့ ... အခုပြောနေတာ ဘယ်သူတုံးကွ။ ထွက်ခဲ့ကြစမ်း"

တောက်ထွန်းရော၊ အာဠာဝကရော ဒေါသူပြီး ပြန်အော်တာ။

"ပြန်ကြ၊ အားလုံး ပြန်ထွက်ကြ"

"မြို့စားကတော် ပြန်ထွက်ပါ။ အမြန်ပြန်ထွက်ပါ"

အသံတွေပိုများလာပြီး နားပါအူလာတယ်။

ဒီမှာ တောက်ထွန်းရယ်၊ အာဠာဝကရယ်က ယူလာတဲ့ ခြောက်

လုံးပြူးသေနတ်တွေထုတ်ယူ အသံလာရာကိုလိုက်ရှာပြီး သေနတ်နဲ့ချိန်

ကြရော ...

"ထွက်ခဲ့ ... သတ္တိရှိရင် ထွက်ခဲ့လေကွာ"

"ဟေ့ ... မျက်နှာချင်းဆိုင် ရှင်းရအောင် ထွက်ခဲ့ပါကွ"

ငါလည်း ကြောက်လွန်းလို့ မငိုဝံ့တော့ဘဲ နောက်ကိုဖြည်းဖြည်း

ချင်း ဆုတ်နေတုန်းမှာပဲ သူစိမ်းများစွာရဲ့ အသံတွေ ရုတ်ချည်းတိတ်သွားပြီး

ငြိမ်သက်သွားခဲ့တယ်ဟေ့။

တောက်ထွန်းတို့ လှုပ်ရှားတဲ့အသံ၊ စိန်ခေါ်တဲ့အသံတွေပဲ ကြား

နေရတယ်။

"ထွက်ခဲ့လေကွာ ... ထွက်ခဲ့ပါ"

"သတ္တိရှိတဲ့ကောင် လာခဲ့စမ်းပါကွ"

ဒီအချိန်မှာ ဘယ်ကဘယ်လို ရောက်လာလဲမသိဘူး။

"ငါလာပြီလေ .... ငါလာပါပြီ"

"အဘိုးကြီး ... ခင်ဗျား ဘယ်သူလဲ။ ဘာလို့ အခုလိုအသံတွေ

နဲ့ ခြောက်လှန့်ရတာလဲ။ ခင်ဗျား သေချင်လို့လား"

"မင်းတို့သွားတော့။ မြို့စားကတော် ပြန်ထွက်ပါတော့။ အန္တရာယ်

ရှိလို့ပါ။ သူတို့ကို ခေါ်မလာပါနဲ့ ...ပြန်ပါ"

"အဘိုးကြီး ... ခင်ဗျားပါးစပ်ကို ပိတ်ထား"

"နင်တို့ မကောင်းဘူး။ နင်တို့ ဒီနေရာမှာ ဒုက္ခပေးတာ ခွင့်ကြိမ်

ရှိပြီ။ သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



"မသွားဘူး။ အမေကြီး . . . မပြန်နဲ့ မပြေးနဲ့။ စိန်ခြယ် . . . အဘွားကြီးနောက်ကို လိုက်စမ်း"

ဒီအချိန်မှာ အသံတွေ ကြားရပါရောဟေ့။

"ဝိုင်းထား . . . ဝိုင်းထား"

"ဆရာကြီး . . . ပစ် . . . ပစ် . . ."

"ဒိုင်း . . . ဒိုင်း . . ."

တောက်ထွန်းက ကုလားအဘိုးကြီးကို စ,ပစ်တာ။ ဂူကြီးထဲမှာ အသံတွေက ကြောက်စရာကောင်းအောင် ညံနေတယ်။ ဒါနဲ့အတူ ခြေသံတွေ၊ ပြေးလာနေတဲ့ ခြေသံတွေ၊ ငါ့နံဘေးကနေ တိုးတိုက်သွားတာ။ လူ မမြင်ရဘူး။

"ဒိုင်း . . . ဒိုင်း . . ."

သူတို့က မြင်နေရတဲ့ မုတ်ဆိတ်ဖားလျား၊ ပုတီးကြီးလည်ပင်းဆွဲထားတဲ့ ကုလားအဘိုးကြီးကို ဝိုင်းပစ်ကြတာ။

အံ့ဩစရာပဲ။ သူ့ခန္ဓာကိုယ်ကို သေနတ်ကျည်ဆန်ထိတာ ဘာမှမဖြစ်ဘူး။ သူ တောင့်တောင့်ကြီး ရပ်နေတယ်။

ဒီမှာပဲ ခဲလုံးတွေနဲ့ ပစ်ပေါက်ကြတာ တောက်ထွန်းကိုရော အာဠာဝကကိုပါ ခဲလုံးတွေ ထိမှန်ပါရော။

"ဖောင်း"

"အား . . ."

"ခွပ်"

"အား"

ခဲလုံးတွေ ဥဒဟိုကဝင်လာတာ။ ပြီး . . . သူ့တို့မျက်နှာ၊ ဦးခေါင်းနဲ့ ကျောကုန်းကိုပါထိမှန်ပြီး သွေးတွေထွက်ကုန်ပါရော။

ခဲလုံးတွေက ရှောင်ဖို့မလွယ်ဘူး။

ကုလားအဘိုးကြီးက ခေါင်းတလားအနောက်ကနေ ရပ်ကြည့်နေတယ်။ ဂူထဲမှာ အသံတွေညံနေတယ်။ ညာသံပေးသံတွေလည်း ကြားရတယ်။ စောလူးလည်း ခဲလုံးနားထင်ထိပြီး မူးဝေနေပြီ။





တောက်ထွန်းတို့ နောက်ဆုတ်ကြပြီး သူ့ဆရာ အာဠာဝကကို တွဲပြီး အဝင်ဝအပေါက်ကို ဆုတ်ကြတယ်။

"တောက်ထွန်း . . . ဒီအဘိုးကြီးကိုပစ်"

"ဒိုင်း"

"ခြောက် . . ."

"ခြောက် . . ."

"ဟင် . . . ပစ်လို့မရတော့ဘူး ဆရာကြီး"

"ငါပစ်မယ်။ ကဲဟာ . . . သေဟာ"

"ခြောက် . . . ခြောက် . . . ခြောက် . . ."

"ဟင် . . . ."

"နောက်ဆုတ် . . . နောက်ဆုတ်"

"ဝုန်း . . ."

"ဟာ . . ."

ကုလားအဘိုးကြီးကွယ် . . . ဆာဒူးလား၊ ဖကီးလား ငါမပြောတတ်ဘူး။ ကျောက်တလားအဖုံးကြီးကို လက်နဲ့လှန်ပြီး ဒေါသတကြီး ဆော်ချလိုက်တာ ဗုံးတစ်လုံးကွဲသလို အသံကြီးထွက်လာပြီး မြေအောက်ခန်းဟာ တုန်ခါသွားခဲ့တယ်။

ဒါနဲ့အတူ အမိုးမြေသားနံရံက ဖုန်မှုန့်တွေကျလာပြီး အခန်းဟာ ဖုန်လုံးတွေနဲ့ မှောင်ကျသွားချိန် . . .

ငါ့လက်ကို လူတစ်ယောက်က လာဆွဲတာ။

ငါလည်း အကွယ်ကနေ အံ့ဩလွန်းတဲ့ဖြစ်ရပ်တွေကို ကြည့်နေတာ။

"မြို့စားကတော် . . . လာ . . . လာ . . ."

"မင်း . . . ဘယ်သူတုံး"

"မမေးပါနဲ့ . . . မြန်မြန်လာပါ"

မီးတိုင်မရှိတော့ မြေအောက်ဂူလမ်းကြောင်းက မှောင်နေပြီ။ ငါ့ကို သန်မာတဲ့လက်နဲ့ လာဆွဲခေါ်သွားတာ။ ငါ မောနေပြီကွာ။



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်တိုက်ပြီးအလဲမှာ . . . အဲဒီလူသန်သန်က ငါ့ကို သူ့ပခုံး ထမ်းပြီး မြေအောက်ဥမင်ထဲမှာ မပြေးရုံတမယ် လှမ်းသွားတာ။ မကြာ ငါ ဝင်လာတဲ့ တိုက်အိုပြိုပျက်ကြီးရဲ့ အဆင်းဝင်ဝ မြေပြင်ပေါ်ကို ရောက် တယ်။ သူက ငါ့ကို မြေပြင်ပေါ်မှာ အသာချပြီး ဘူးခါးခြောက်ရေဘူး လှမ်းပေးတယ်။ ငါ ဘူးခါးခြောက်ရေဘူးထဲကရေကို အငမ်းမရမော့သော လိုက်ပြီးငါ့ကို ထမ်းခေါ်လာတဲ့လူရဲ့ မျက်နှာကို ကြည့်လိုက်ရော . . .

"ဟင် . . ."

ငါ့ကို ထမ်းခေါ်လာတဲ့လူက ဘယ်သူလဲသိလား။ ပေါင်မှာ ကွင်းမှင်ကြောင်၊ ရင်ဘတ်မှာ အင်းစမကွက်အပြည့်၊ သျှောင်တစ်စောင်းနဲ့ ဟော့။

ငါတို့ လှေဆိုက်တုန်းက ငါ့ကို မြစ်ကမ်းပါး ကုန်းပေါ်က ကြည့်နေတဲ့လူ။ ငါ့ကို ပြန်တော့လို့ လက်ပြတဲ့လူ။

"မောင်ရင် . . . . မင်းက ဘယ်သူလဲ၊ ဘယ်ကလဲဟင်"

"မြို့စားကတော် . . . ဒီနေရာက မြို့စားလေးသံယောဇဉ် မြေအောက်ဂူသင်္ချိုင်းပါ"

"ဟင် . . ."

"နောင်ကို ဒီလူတွေ ခေါ်မလာခဲ့ပါနဲ့။ ခေါ်လာခဲ့ရင် ခု အန္တရာယ်ဆိုးတွေ ကြုံရလိမ့်မယ်။ မြို့စားကတော် အမြန်ပြေး ကျုပ် ဒီနေရာအထိပဲ လိုက်ပို့နိုင်မယ်"

"ငါ . . . ငါ . . . သူတို့ကို စောင့် . . ."

"မစောင့်ပါနဲ့ မြို့စားကတော်။ သူတို့က မြို့စားကတော်ရဲ နဲ့ မြို့စားရဲ့ဘဝကို ဖျက်ဆီးမည့်သူတွေပဲ။ ပြေးတော့"

"ကောင်းပြီလေ . . . မင်းနာမည်ကိုပြော။ မင်း မြို့စားနဲ့ တော်သလဲ။ မင်းပုံသွင်က ခုခေတ်ပုံနဲ့ မတူဘူး။ ငါမေးတာ မပြောရင် ဒီနေရာက လုံးဝမရွှေ့ဘူး"

ငါက ဒီလိုပြောရော . . . ထိုးကွင်းနဲ့လူက သက်ပြင်းချပြီး ငါ့ ဒီလိုပြောတယ် ကိုရာကျော်။





"မြို့စားကတော် ကျုပ်က မြို့စားသံယောဇဉ်ရဲ့ လက်ရုံးသွေးသောက် ကြီး ငဇင်ရော်ပါ"

"ငဇင်ရော် . . . မြို့စားရဲ့လက်ရုံး . . . ဒါ . . . ဒါဆို မင်းက ဟို . . . ဟို . . ."

"ကျုပ်ပြောပြီးပြီ။ သူတို့မလာခင် ပြေးတော့။ မြို့စားလည်း မြို့စားကတော်ကို စောင့်နေပါတယ်။ နောင်လာရင် စိတ်ချရတဲ့သူနဲ့ လာ- ခဲ့။ ကိုင်း . . . ကျုပ်သွားပြီ"

သွေးသောက်ကြီး ငဇင်ရော်ဆိုသူဟာ အဲ့ဒီလိုပြောပြီး တစ်ဖက် တောအုပ်ထဲကို ပြေးဝင်ပျောက်သွားရောဟေ့။

ငါလည်း ဘာလုပ်ရမှန်းမသိဘူး။

သည့်နောက် ခြေဦးတည့်ရာ ပြေးတော့တယ်။

ငါ ဝါးတောထဲကို ပြေးတယ်။ နောက်က လိုက်အော်တဲ့အသံတွေ ကြားရတယ်။

"ဒေါ်သစ္စာ . . . မပြေးနဲ့၊ ရပ်ပါ . . . ရပ်ပါ"

"အမေကြီး မပြေးနဲ့၊ ရပ် . . . ရပ် . . ."

ငါ မရပ်တော့ဘူး။ သူတို့ ပုံစံတွေကြည့်ရတာ သိပ်ရိုးသားမယ့် လက္ခဏာ မတွေ့ရဘူး။ ပြီး သူတို့မှာ သေနတ်တွေနဲ့။ အထဲမှာ ဘယ်သူတွေ ကို ပစ်သတ်ခဲ့သေးလဲ မသိဘူး။

ငါ လျှိုတစ်ခုထဲကိုဆင်းပြီး အနိမ့်အတိုင်းပြေးရင်း လှည်းသွား လမ်းကြောင်းကိုတွေ့လို့ တက်မယ်လုပ်ရော . . .

"အဘွား . . . ဒီဘက်ကိုလာခဲ့ပါ။ ဒီဘက်ကိုလာခဲ့ပါ"

အလို . . . မိန်းမငယ်တစ်ဦးရဲ့ အသံဟဲ့။ ငါ့ကို ခေါ်နေတာ။ ငါ ခေါ်သံကြားရာကိုလှည့်ကြည့်တော့ ကညင်ပင်ကြီးနံဘေးကနေ လက်ယပ် လှမ်းခေါ်နေတာဟေ့။

ငါ ကညင်ပင်ကြီးရှိရာကို မောဟိုက်ကြီးစွာနဲ့ လှမ်းပြေးရော . . .

"နိုင်း"

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com



"အ ...ဘွား ..."

ငါ့ခြေထောက်ကို ကျည်ဆန်လာထိတာပေါ့။ ခြေသလုံးက ပူခနဲ ဖြစ်ပြီး ငါ လဲအကျ၊ ရှမ်းဘောင်းဘီအနက်ဝတ်ထားတဲ့ မိန်းကလေးတစ်ဦး ငါ့ဆီကို ပြေးအလာ ...

"ဒိုင်း ..."

"ဒိုင်း ..."

"သမီး ... ပြေး ... ပြေး ... အဘွားဆီ မလာခဲ့နဲ့၊ အား ... ကျွတ် ... ကျွတ် ..."

တောက်ထွန်းတို့က ငါ့ကို သေနတ်နဲ့ပစ်တာကိုး။ သူတို့ ရှမ်းဘောင်းဘီနဲ့ မိန်းကလေးကိုမြင်သွားပြီး သေနတ်တွေနဲ့ ဝိုင်းပစ်ကြတာ တောထဲမှာ သေနတ်သံကို ညံ့နေတာပဲ။

အာဠာဝကက မိန်းကလေးနောက်ကို ပြေးလိုက်ရင်း ပစ်မယ့် လက်ကိုမြှောက်ရော ...

"ဒိုင်း ..."

"အား ..."

"ဆရာကြီး ... ဆရာကြီး ..."

"ဆရာကြီး အာဠာဝကရဲ့ ညာဘက်နားရွက်ကို မိန်းကလေး လိုက်တဲ့ သေနတ်ကျည်ဆန်က ထိသွားတာ။ အာဠာဝက နားရွက်ပြတ် သွားတယ်။

ဒီမှာ တောက်ထွန်းနဲ့ စောလူးတို့က မိန်းကလေးရှိမယ်ထင် ကိုမှန်းပြီး ခြောက်လုံးပြူးသေနတ်တွေနဲ့ ပြန်ဝိုင်းပစ်ကြတာ။

မိန်းကလေး လွတ်သွားတယ်။

တော်ပါသေးရဲ့ကွယ်၊ ကြည့်ရမှန်းရတာ သူတော်ကောင်းမ ပဲလား၊ သူတို့အုပ်စုနဲ့ ပြိုင်ဘက်ထဲကလား မသိ။

ဆရာကြီး အာဠာဝကရဲ့နားရွက်က ပြတ်သွားပြီမို့ သွေး အားစီးကျနေတာ၊ သူ့ပခုံးတစ်ပြင်လုံး သွေးချင်းချင်း ရဲနေတယ်။

သူ ဒေါသတွေပေါက်ကွဲပြီး ငါ့ကို ကြိမ်းဝါးပါရော။





"ခင်ဗျား ... ဘာလို့ထွက်ပြေးတာလဲ အဘွားကြီး ဟင်"

"ငါ ... ငါလည်း ... ကြောက် ... ကြောက်လို့ပြေး ..."

"ခင်ဗျားကြောင့် ကျုပ် အခုလိုဖြစ်ရတာ။ အသုံးမကျတဲ့ မိန်းမ ကြီး။ ခင်ဗျားကို သတ်မယ်"

"မ ... မလုပ်ပါနဲ့ကွယ်"

"ကလစ် ..."

သူ့လက်ထဲက ခြောက်လုံးပြူးသေနတ်ကို မောင်းတင်ပြီး ငါ့ မျက်နှာကို ထိုးချိန်လိုက်ရော ...

"ဆရာကြီး မပစ်နဲ့"

"မင်းဖယ်နေ၊ တောက်ထွန်း"

တောက်ထွန်းက ငါ့ရှေ့ကိုဝင်ရပ်ပြီး အာဠာဝကကို တားနေတာ။ ငါလည်း ဒူးတုန်နေပြီ။

"ဆရာကြီး ... သူ့ကိုသတ်လိုက်ရင် ရှေ့ဆက်ဘာလုပ်လို့ရမှာ လဲ။ ကျုပ်တို့ အပင်ပန်းခံရင်းခဲ့ရတာတွေ အလကားဖြစ်ကုန်မှာပေါ့ဗျ။ ဒီအဘွားကြီး အသက်ရှင်မှ ဆရာကြီးလိုချင်တာ ရမှာလေ"

"တောက် ... ဟင်း ... ဟင်းနော်၊ ခင်ဗျား ... ကျုပ်နာမည် ကြားဖူးဘူးနဲ့တူတယ်"

"ဆရာကြီး ဆက်မပြောနဲ့ဗျာ"

"ဟိုကောင်မက ဘယ်သူတုံး တောက်ထွန်း"

"မျက်နှာကို ကျုပ် မမြင်လိုက်ဘူး ဆရာကြီး"

"တောက် ..."

"အမေကြီး ... ထ ... ထ ..."

တောက်ထွန်းက ငါ့ကို ထဖို့ပြောတယ်။

"ငါ ... ငါ ... ဘယ်လိုက်ရမှာလဲဟင် ... ဟင် ..."

"ကျုပ်တို့နေတဲ့ အိမ်ကိုပဲပေါ့ဗျာ။ ထပါ"

"ငါ ... မလိုက်ဘူး .. ငါမလိုက်ဘူး"

"ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



“ဒိုင်း ...”

“အမလေး”

ငါက မလိုက်ဖူးပြင်းရော ... အာဋ္ဌာဝကရယ်ကွာ ... ငါ့ကို သေနတ်နဲ့ ထိုးပစ်လိုက်တာ။ တောက်ထွန်း လက်နဲ့တွန်းတာ မြန်လို့ပေါ့။ ကျည်ဆန်က ငါ့ခေါင်းဆံပင်ပေါ်ကနေ ဖြတ်သွားတာ။ နို့မို့ ငါ ဒီနေရာ ထင် အသေပဲ။

“ဟော့ ... ဆရာကြီးကို ခေါ်သွားကြ”

တပည့်တွေက ဆရာကြီး အာဋ္ဌာဝကကို တောင်းပန်တိုးလျှိုးပြီး ရေဆိပ်ရှိရာကို ဆွဲခေါ်သွားကြတယ်။ အာဋ္ဌာဝကလည်း ငါ့ကို ဆဲရေးတိုင်းထွာပြီး ရှုန်းရှုန်းကန်ကန် လိုက်ပါသွားတယ်။

“အမေကြီး ... လိမ္မာစမ်းပါ အမေကြီးရာ”

“ငါက ဘာတွေမလိမ္မာလို့လဲ။ နင်တို့ခေါ်လို့ ငါ ...”

“အမေကြီး သေလိမ့်မယ်နော်။ ဆရာကြီးက လူသတ်ဖို့ ဝန်လေးတဲ့လူ မဟုတ်ဘူး။ အရမ်းကြောက်စရာကောင်းတယ်”

“တောက်ထွန်း ....”

“လာပါဗျာ .. နောက်မှပြောပါ ... လာ”

“ငါ ... ငါ ... ဘာပစ္စည်းမှ မလို ... ချင်”

“ဟုတ်ပါပြီ .. သွားစမ်းပါဗျာ။ ခင်ဗျားတော့ဗျာ ...”

သူက ငါ့ရဲ့နောက်ကျောကို သေနတ်ပြောင်းနဲ့ထောက်ပြီး ပဲ့ထောင်ရှိရာကို ခေါ်လာခဲ့တယ်။ ပြီး ... ငါ့ကို လှေဝမ်းထဲက ထိုင်ခုံမှာ ထိုင်စေပြီး ပဲ့ထောင်စက်ကို နှိုးလိုက်ကြတယ်။

ပဲ့ထောင်စက်သံနဲ့အတူ ရေပြင်ပေါ်မှာ လွန့်ပြီးထွက်တုန်း ငါ စောစောကသွားခဲ့တဲ့ လမ်းကြောင်းကို လှမ်းပြီးကြည့်လိုက်ရော ...

အလို ... ဟိုကမ်းပါးထိပ်မှာ သွေးသောက်ကြီး ဖေင်ရော်ပါလာ။ သူ ငါတို့ပဲ့ထောင်ကို ခါးထောက်ပြီး ကြည့်နေတာရယ်ကွယ်။

✿ ✿ ✿

# [၄၉]

❑

အဲဒီအချိန်ကစပြီး ငါ့ကိုပြန်မလွှတ်ဘဲ သံတိုင်အချုပ်ခန်းထဲမှာ အကျဉ်းချပြီး နေ့စဉ် ညှင်းဆဲနေကြတာဟဲ့။

အာဋ္ဌာဝကဆိုတဲ့ ဆရာကြီးက ပိုကြမ်းတယ်။ ဟိုး ... တိုက်ခေါင်ဆုံးထပ်မှာနေပြီး ငါ့ကို နေ့ရောညပါ လာဒုက္ခပေးတယ်။

“နောက်တစ်ကြိမ် ကျုပ်တို့သွားမယ် အဘွားကြီး”

“ငါမလိုက်ဘူး”

“စဉ်းစားပါ။ ခင်ဗျားအတွက် ပြောနေတာ”

“ငါ နင်တို့ကို မယုံဘူး။ လုံးဝ မယုံဘူး။ ငါ့ကို ပြန်လွှတ်”

“ဒါဆို ခင်ဗျား သေရမှာပေါ့ ဟင်း .. ဟင်း ... ဟင်း ...”

မင်းမြင်တဲ့အတိုင်းပဲ။ ခြံပတ်ပတ်လည်မှာ သံဆူးကြိုးအမြင့်ကြီးကာထားတာ။ ငါ့ကို စောလူးနဲ့စိန်ခြယ်က အလစ်မပေးတမ်း စောင့်ကြည့်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ထမင်း မဝတဝကျွေးတယ်။

တစ်ခါတစ်လေ သောက်ရေ လုံးဝမပေးဘူး။

ရေလည်း တစ်ပတ်မှတစ်ခါပဲ ချိုးခွင့်ပေးတယ်။

အိမ်သာတက်ချင်ရင် မနည်းပြောရတယ်။

အာဠာဝက မလာတဲ့နေ့ကျရင် တောက်ထွန်းတက်လာတယ်။ ဒီကလူတွေက တောက်ထွန်းကို သူဌေးလို့ခေါ်ကြပြီး အာဠာဝကကိုတော့ ဆရာကြီးလို့ လေးစားရိုသေ ခေါ်ကြတယ်ကွယ့်။

ငါ့ကို ထမင်းလာပို့ပေးတဲ့ မိန်းကလေးနှစ်ယောက်အနက်က တစ်ယောက်က ငါ့ကို ကြင်ကြင်နာနာ ဆက်ဆံတယ်။

ဆိုးတာက ငါ့ကို အနုနည်းနဲ့ရော၊ အကြမ်းနည်းနဲ့ရော သုံးပြီး ရွှေ ကိုညှင်းဆဲနေတာပဲကွဲ့။

တောက်ထွန်းက အပျော့ဆွဲ။

"အမေကြီးကို ကျွန်တော် သနားတယ်ဗျာ"

"သနားရင် ပြန်လွှတ်ပေးလေ။ နင်တို့ ငါ့ကို ဒီလိုလုပ်ဖို့မကောင်း ဘူး တောက်ထွန်း"

"ကျွန်တော့်သဘောဆို ခုချက်ချင်း လွှတ်ပေးလိုက်တာပေါ့ဗျာ။ ဆရာကြီးက အရမ်းဆိုးတယ် . . . အမေကြီး။ ဘယ်သူ့ကိုမှ သနားတာ မဟုတ်ဘူး"

"ဒီတစ်ခေါက် အမေကြီး ဥမင်ထဲကိုလိုက်ခဲ့ပါ။ မြို့စားအလောင်း ရှိနေတဲ့ ခေါင်းတလားကို ဖက်ပြီးငိုလိုက်တာနဲ့ အမေကြီးချမ်းသာပြီး ရတဲ့ပစ္စည်းတွေယူပြီး ကြိုက်တဲ့အရပ်ကိုသွားတော့။ ချမ်းချမ်းသာသာနေ တော့။ ဒါ မြို့စားလေးရဲ့ပိညာဉ်က ဖြစ်စေချင်တဲ့စေတနာပဲ . . . အမေ ကြီး"

"ငါ့လင်မြို့စား ထားခဲ့တဲ့ပစ္စည်းတွေရရင်လည်း ငါရမှာမဟုတ် ဘူး။ နင်တို့ပဲ ယူကြမှာ။ ငါ လုံးဝမသွားဘူး၊ မသွားဘူး"

"ခင်ဗျား အသေဆိုးနဲ့ သေချင်ပြီနဲ့တူတယ်"

"အေး . . . ငါ သေချင်တယ်။ ငါ့ကို မြန်မြန်သတ်ကြ၊ သတ် ကြ"





ငါ ကြုံးအော်ရော ဒီကောင် ထွက်သွားတယ်။ မကြာဘူး စောလူး နဲ့စိန်ခြယ် ငါ့ကို နေ့ရောညပါ နှိပ်စက်ကြတယ်။ ငါစားမယ့် ထမင်း ဝန်းကန်ထဲ သဲတွေထည့်တယ်။

"အို . . . ဖြစ်ရလေဗျာ"

ငါသောက်မယ့်ရေထဲကို ဆားတွေခပ်တယ်။ အိပ်နေရင်လာ နှိုးတယ်။ မထူးရင်၊ မထရင် ရေနဲ့လှမ်းပက်လို့ တစ်ကိုယ်လုံး ရွှဲရွှဲစိုပြီး အိပ်မရတဲ့ရက်တွေ ရှိခဲ့ရတယ်။

တစ်နေ့ ငါ့ကို အိမ်သာထုတ်တယ်။ စောလူးက အပြင်က စောင့်နေတယ်။ ခဏနေတော့ စောလူးကို စိန်ခြယ်က ဘာလှမ်းပြောလဲ မသိဘူး။ စောလူး အပြင်ကိုထွက်သွားတာ ငါ အိမ်သာတံခါးပေါက်ကနေ မြင်ရတယ်။ သူလည်းမရှိရော အိမ်သာထဲကထွက်၊ တံခါးကိုပြန်စေ့ပြီး ငါ ပုန်းလို့ရမည့်နေရာကိုကြည့်တော့ အပြင်ကိုထွက်ဖို့ မလွယ်ဘူး။

ဒါနဲ့ . . . စကြံနံအတိုင်းပြေးသွားရော မြေအောက်ကိုဆင်းတဲ့ လှေကားထစ်ကိုမြင်ရော . . . ဖြစ်ချင်ရာဖြစ် လှေကားထစ်အတိုင်း ဆင်းခဲ့ လိုက်တယ်။

အောက်မှာ မြေအောက်ခန်း ရှိနေတာကိုး။ နည်းနည်းမှောင်နေ တယ်။ အခန်းက နှစ်ခန်းကွယ့်။ ငါ့နှာခေါင်းထဲမှာလည်း ညှီစို့စို့၊ ပုပ် အဲ့အဲ့အနံ့ရနေတယ်ဟေ့။ အန်ချင်သလိုဖြစ်လို့ ပါးစပ်ကိုပိတ်ပြီး ပုန်းလို့ရ မည့်နေရာကို ရှာနေတုန်းမှာပဲ သံဇကာစိပ်စိပ်ကာထားတဲ့ ပြတင်းပေါက်ကို မြင်ရတယ်။

ဒါနဲ့ လက်နဲ့တွန်းကြည့်တော့ တွန်းမရဘူး။ မပွင့်ဘူး။

သံဇကာပြူတင်းရဲ့ အထဲဖက်က လှုပ်ရှားနေတဲ့အသံတွေ ကြားရ ပါရောကွယ်။ အပုပ်နံ့ကလည်း ဒီအခန်းထဲက ထွက်နေတာဟေ့။ ငါသံဇကာ စိပ်ကို မျက်နှာကပ်ကြည့်ပေမင့် အထဲမှာမှောင်နေတော့ ဘာမှမမြင်ရဘူး။

နှစ်ခန်းစလုံး သံဇကာပြူတင်းပေါက်တွေနဲ့။

ဒီမှာပဲ အခန်းထဲကို လက်နှိပ်မီးရောင်တွေ ဝင်လာပါရော။

ငါ သံမံသလင်းမှာ ဝပ်လျားမှောက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာဟော့ ... ဟိုမှာကွ၊ ဝပ်နေတယ်ဟော့"

"ဘယ်မှာတုံးကွ"

"ဟိုမှာ ..."

မီးရောင် ငါ့ကိုယ်ပေါ်ကိုကျလာပြီး သူတို့ ငါ့ဆီကို ရောက်လာတယ်။ ပြင်းထန်တဲ့ခြေကန်ချက်က ငါ့နံစောင်းကိုထိပြီး ငါ ပက်လက်လန်သွားတယ်။

"အဘွားကြီး ထွက်ပြေးတာကိုး ... ဒီနေရာကိုရောက်မှတော့ စောလူးရေ ..."

"အမိန့်ရှိပါ ဆရာကြီး"

"မီးလုံးဖွင့်လိုက်"

မြွေအောက်ခန်းမီးလုံးပွင့်ပြီး အားလုံး ထင်ထင်ရှားရှား မြင်ရတယ်။ အာဥာဝက၊ တောက်ထွန်း၊ စောလူး သုံးယောက် သူတို့မျက်နှာပေါ်မှာ ဒေါသရိပ်တွေ မောက်ပြည့်လို့။

"မြွေစာ ကျွေးတာပေါ့ကွာ။ အဘွားကြီးဆိုတော့ စားမြိန်မှာပါ။ ဟင်း ... ဟင်း ... ဟင်း ..."

သော့ဖွင့်သံ ကြားရတယ်။

ငါ့ကို ဂုတ်ကနေကိုင်ပြီး အထဲကို တွန်းထည့်လိုက်တယ်။

"ရှူး ..."

ဘာသံပါလိမ့်။

ဟော ... အခန်းထဲမှာ မီးလုံးငယ်တစ်လုံး လင်းသွားရော ...

"ဟင် ..."

အထဲမှာ ကောက်ရိုးပုံလည်း တွေ့ရရဲ့။ ကြက်မွေး၊ ဘဲမွေးလို အမွေးတွေလည်း ပြန့်ကျဲလို့။ ဟောဟော ကောက်ရိုးပုံငယ်အောက်ကနေ ထွက်လာတာဟော့။

"အမလေး ... မြွေကြီး ... မြွေကြီး"

ခေါင်းတင် ဟင်းသောက်ပန်းကန်လုံးလောက် ရှိတယ်။

"ရှူး ..."

"အမလေး ... အမလေး"





ရာကျော်ရေ ... ကောက်ရိုးပုံငယ်အောက်က ထွက်လာတဲ့မြွေကြီးက အရှည်ကြီးပဲဟော့။ လည်ပင်းကိုဆန့်လိုက်တာ မြွေခေါင်းကြီးက ငါနဲ့ မျက်နှာချင်းဆိုင်လောက်ကိုရောက်ရော ရင်ဘတ်ဝါဝါ၊ ကျောကုန်းနက်ပြောင်နဲ့ မြွေကြီး။ အလုံးက လူကြီးလက်မောင်းမကကို တုတ်တာ။ ဒီလိုမြွေမျိုး ငါ အခုမှမြင်ဖူးတာ။

"ရှူး ..."

မြွေကြီးက အမြီးကိုလွှန့်လိုက်တာ ကိုယ်လုံးပါလွှန့်ပြီး ငါ့ကို မျက်လုံးတောက်တောက်ကြီးနဲ့ ကြည့်နေတာ။ လွှန့်လိုက်မှ မြွေအရှည်က တစ်ကိုက်နှစ်လံမက ရှည်တာကိုမြင်ရပြီး ငါ ငယ်သံပါအောင် အော်လိုက်တယ်။ ငါ့ကို နောက်ကနေ သူတို့က တွန်းပို့နေတာ။

ငါ ကြောက်လန့်တကြား အော်ပြီးရုန်းကန်။

သူတို့က အားရပါးရ အော်ဟစ်ပြီးရယ်ကြ။

"သွား ... သေတော့ ကိုင်း ..."

ငါ့ကို ဆောင့်တွန်းလိုက်တာ ငါ မြွေကြီးရဲ့ရှေ့နားကို ပစ်လဲကျသွားတယ်။ ငါ ကုန်းထပြီး နောက်ကိုရွှေ့လိုက်ချိန် မြွေကြီးက အမြီးကိုခပ်ကြမ်းကြမ်း လွှန့်လိုက်တာ။ လွှန့်သံက ခုံစားပွဲတွေကို တွန်းရွှေ့သလို အသံကြမ်းတွေ မြည်သွားတာ။

ငါလည်း နောက်ကိုတရွေ့ရွေ့ဆုတ်။

မြွေကြီးကလည်း ကိုယ်လုံးနဲ့အမြီးကို လွှန့်ပြီး သူ့လည်ပင်းကို ရပ်ဆန့်လိုက်တာ။ မြွေရဲ့ရင်ဘတ်က အကြေးရစ် ဖြူဝါဝါတွေ လွှန့်တက်လာတက်တာပါ မြင်ပြီး ...

"ဘုရား ... ဘုရား ... ဘုရား ... ကယ်တော်မူပါ ဘုရား"

"ရှီ ..."

လူတစ်ရပ်အမြင့်ကိုဆန့်ပြီး ခေါင်းကိုနောက်ဆုတ်၊ တအားပေါက်ချဖို့အားယူချိန် ငါ မျက်စိမှိတ်ပြီး ဘုရားတ,နေလိုက်ပြီ။ ငါသေရတော့မယ်။

ငါ့ရှေ့မှာ သေမင်းက ငါ့ကိုပေါက်ဖို့ အရှိန်ယူနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငါ ... ဘုရား ... ဘုရားလို့ အသားကုန်အော်ပြီး ရွတ်ဆိုလိုက်တယ်ဟေ့။

ငါ့ခေါင်းပေါ်ကို မြွေပေါက်မည့်အချိန်နှင့် ငါ မြွေဆိပ်တက်ပြီး လူ့လွန့် သေရမယ့်အချိန်။

ငါ့ခေါင်းပေါ်ကို မြွေက မပေါက်ချဘူး။

ငါ့မျက်လုံးထဲမှာ မြတ်စွာဘုရားရဲ့ ရုပ်သွင်တော်ပဲ မြင်နေရတယ်။ အချိန်အတန်ကြာသွားပြီ။ မြွေပေါက်ရင် မြွေကိုက်ခံရရင် မျက်လုံးထဲမှာ လျှပ်စီးလက်သလို ခံစားရသတဲ့။

မိုးကြိုးပစ်ချလိုက်သလို ခံစားလိုက်ရသတဲ့လို့ ပြောကြတယ်။

ငါ့ခေါင်းထဲမှာ မိုးကြိုးမပစ်သေးဘူး။

မျက်လုံးထဲမှာ ဘာ့ကြောင့် လျှပ်စီးတွေမလက်တာလဲ။

ငါ ဘုရားတ,ရင်း မျက်လုံးကို ဖြည်းဖြည်းဖွင့်ကြည့်လိုက်ရော အံ့သြစရာကောင်းတဲ့အဖြစ်ကို မြင်လိုက်ရတယ် ကိုရာကျော်။

ကြည့်စမ်း ...

ဆရာကြီး အာဠာဝကဆိုသူက မြွေဆိုးကြီးရဲ့လည်ပင်းကို ဘယ်လက်နဲ့ပွေ့ဖက်ထားပြီး ညာလက်နဲ့ မြွေဆိုးကြီးရဲ့ဦးခေါင်းကို ယုယုယယ ပွတ်သပ်ပေးနေတာ။ ပွတ်ပေးရင်းနဲ့ ငါ့ကို မထေ့တထေ့ ပြုံးပြနေတာ။

"မြို့စားကတော် မသေပါနဲ့ဦးဗျာ။ ကျုပ်တို့နဲ့တွဲပြီး ပွဲကြည့်ပါဦးဗျနော။ မြို့စားကတော် ဒီမြွေက ဘာမြွေလဲသိလား"

"ဟင့် ... ဟင့်အင်း။ မ ... မသိပါဘူး"

"အဲဒါ တောကြီးမြွေဟောက်တဲ့ဗျ"

"ဟင်"

"အဆိပ်အပြင်းဆုံး မြွေဆိုးစာရင်းမှာ ထိပ်ဆုံးကပါတဲ့ မြွေဆိုးက ဒီ ... တောကြီးမြွေဟောက်ပဲ။ သူဘယ်လောက် အဆိပ်ပြင်းတယ်ဆိုတာ ခင်ဗျားကိုပြမယ်။ ခင်ဗျား နောက်ကိုဆုတ်လိုက်ပါ။ စောလူး ... ယူလာခဲ့စမ်းဟေ့"

ငါ့ကို တောက်ထွန်းကဆွဲထူပြီး အခန်းဝမှာ ချုပ်ကိုင်ထားတယ်။ စောလူးက အင်းခွေးကြီးတစ်ကောင်ကို ကြိုးနဲ့ဆွဲယူလာပြီး ဆရာကြီးလက်ထဲကို ထည့်လိုက်တယ်။

စိတ်ကူးသစ်စာပေ



အင်းခွေးကြီးဟာ တောကြီးမြွေဟောက်ရဲ့ အနံ့ကိုရ၊ မြွေကိုလည်း မြင်ရော တအား ရုန်းကန်အော်ဟစ်တော့တာပဲ။

တောကြီးမြွေဟောက်ကလည်း ခွေးကြီးကိုမြင်ရော အမြီးလွန့်ကိုယ်လုံးလွန့်ပြီး မျက်လုံးစူးစူးနဲ့လိုက်ကြည့်လို့ ပါးပျဉ်းတရမ်းရမ်း ဖြစ်နေပြီကွယ့်။

ငါတို့အားလုံး အပြင်ကိုထွက်လိုက်ကြရတယ်။

ငါတို့ အပြင်ရောက်ပြီးရော ဆရာကြီး အာဠာဝကက ခွေးကို လွှတ်ထားခဲ့ပြီး အခန်းတံခါးကို ပိတ်လိုက်တယ်။ ငါတို့ အထဲကလှုပ်ရှားမှုကို မမြင်ရဘူး။ သို့သော် အသည်းထိတ်စရာအသံတွေ ကြားနေရတယ်။

အင်းခွေးကြီးရဲ့ အော်သံ၊ ပြေးလွှားသံ၊ တောကြီးမြွေဟောက်ရဲ့ တရှီးရှီးမြည်သံ၊ ခွေးရဲ့ပြန်ကိုက်သံ၊ လုံးထွေးသံ၊ မကြာဘူး အင်းခွေးကြီးရဲ့ စူးစူးဝါးဝါးအော်သံကိုကြားရပြီး မကြာခင် အသံတွေ လုံးဝငြိမ်သက်သွားခဲ့တယ်။

အသံတွေငြိမ်သွားတော့မှ အာဠာဝကက တံခါးဖွင့်ခိုင်းတယ်။

တံခါးပွင့်လို့ ငါ့ကို အထဲသွင်းပြီး ကြည့်ခိုင်းရော ... မမြင်ရက်စရာပါ ကိုရာကျော်ရယ်။

လူ့ခါးစောင်းနီးပါး အင်းခွေးကြီးဟာ မျက်လုံးပြူး အကြောတွေဆွဲပြီး လျှာတန်းလန်းထွက် သေနေပြီလေ။

တောကြီးမြွေဟောက်ကတော့ ပါးပျဉ်းကြီးထောင်ပြီး ငါ့ကိုပဲ စိုက်ကြည့်နေလို့ ငါ ကြက်သီးတွေထပြီး နောက်ကိုလှည့်လိုက်ချိန် ... ဒီမှာ တောကြီးမြွေဟောက်က ပါးပျဉ်းကြီးရွှေ့ပြီး ငါ့ဆီကို လွန့်ပြီးအလာ ငါ အသံကုန် တစ်ချက်အော်ပြီး လဲကျသွားခဲ့တယ်။ ငါ့နားထဲမှာ အော်ဟစ်ရယ်မောသံတွေ ကြားရပြီးနောက် ငါ ဘာမှ မကြားမသိ မမြင်ခဲ့တော့ဘူး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၅၀]

❑

ငါ သံတိုင်အချုပ်ခန်းထဲ ပြန်ရောက်နေတယ်။ ငါ့တစ်ကိုယ်ထဲ ဒွေးစေးတွေ စိုရွှဲပြီး ရင်ထဲမှာ တုန်ခါနေတယ်။ ငါ့မျက်လုံးထဲမှာ ငါ့ဆီ ပြေးဝင်လာတဲ့ တောကြီးမြွေဟောက် မြွေဆိုးကြီးကိုပဲ မြင်နေရတယ်။

ငါ ရူးချင်နေပြီ။ ပြေးလို့လည်း မရ။

ငါ ငိုချင်လာပြီကွယ်။

ဒါကြောင့် ငါ ငိုချလိုက်တယ်။

ငိုပြီး ... ရယ်ချင်လာပြန်လို့ အားရပါးရ အော်ဟစ်ရယ်မော ပစ်လိုက်ရော ... သူတို့က ငါ့ကို အလန့်တကြား လာပြေးကြည့်ကြတယ်

ငါ ငိုချင်ရင် တစ်နေကုန်ငိုတယ်။

ရယ်ချင်ရင်လည်း သူတို့မျက်နှာကြည့်ပြီး ရယ်လို့ကောင်းမှကော ပဲ။ ငါ သီချင်းတွေ ဆိုချင်လာတယ်။





ကွေးနေအောင် က,ချင်လာတယ်။

နောက်ဆုံး ငါ အဆိုတော်မမြရင်ရဲ့ သီချင်းတွေဆိုပြီး ကတော့ တာပဲ။ အဲဒီတော့မှ လူက ပျော်လာတယ်။

သူတို့က ငါ့ကို စိတ်နောက်သွားပြီဆိုပြီး ဆရာဝန်တွေခေါ်လာ ဆေးကုတယ်။ မြန်မာဆေးဆရာ၊ ပယောဂဆရာတွေခေါ်လာပြီး ဆေးကု တယ်။

ခေါ်လာသမျှ ဆရာတွေကို ငါ့အသား အထိမခံဘဲ ...

ငါက သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုက,ပြတော့ သူတို့ပါ ရူး ချင်လာပြီး ပြန်သွားကြတယ်။ စိတ်ရောဂါ ဆရာဝန်နဲ့ပြဖို့ပြောတယ်။

နောက်ပိုင်း ငါ့ကိုဘယ်ဆရာဝန်နဲ့မှ ပေးမတွေ့တော့ဘူး။

ဘာလို့ ပေးမတွေ့တာလဲဆိုတော့ သူတို့အကြောင်းတွေ ထုတ် ဖော်ပြောမှာစိုးလို့ ပေးမတွေ့တာ။

ငါက ကနဦးကတော့ တကယ့်ကို ရူးချင်လို့ပဲဟော့။ နောင်တော့ ဆက်ပြီး ရူးချင်ယောင်ဆောင်တာပဲ ကောင်းတယ်။

ဘာလို့လဲဆိုတော့ ငါ့ကို လုံးဝမလွှတ်ဘဲ အကျဉ်းသားထောင်ကျ လို ချုပ်နှောင်ထားလို့ပဲ။ ငါလည်း လာသမျှ ဆရာတွေကို ငါ့ဘက်များပါ မလားလို့ သွေးတိုးစမ်းကြည့်တယ်။ လုံးဝပဲ။

သူတို့ကလည်း ငါ့ကို အမှန်တကယ် ရူးနေတာလို့ပဲထင်ပြီး ငါပြောသမျှကို လုံးဝ မယုံတော့ဘူး။

ငါကလည်း သူတို့လာနေတဲ့ ခြေသံကြားတိုင်း သီချင်းတွေဆို၊ က၊ သူတို့ကလည်း ငါ့ကို ရေနဲ့ပက်၊ သဲနဲ့ပက်၊ စားစရာတွေနဲ့ပစ်၊ ငါလည်း ပြန်ပစ်။

အဲဒီကျရင် ငါ့ကိုဝင်ပြီး ရိုက်ကြ။

ပထမ ငါ့ကိုယ်ငါ သတ်သေမလို့ စဉ်းစားတယ်။

သို့သော် ငါ မသေချင်တော့ဘူး။ သူတို့အကြောင်း လူတွေသိ အောင် လုပ်ချင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အပေါ်ထပ်မှာ ညှင်းပန်းနှိပ်စက်တဲ့ အသံတွေ ကြားရတယ်။ ငါ့လိုလူလည်း ရှိပါသေးလားလို့တွေးပြီး ရင်ထဲ ခံစားရတယ်။

တစ်ခါတစ်လေ လူစိမ်းတွေ အများကြီး လာကြည့်ကြတာ ရှိတယ်။ သူတို့ချင်း ပြင်းခုန်ဒေါသတကြီး စကားများတဲ့ အသံတွေ ကြားရတယ်။

ငါ့အပေါ် ကောင်းတာဆိုရင် ထမင်းလာပို့တဲ့ မိန်းကလေးပဲရှိတယ်။

''အဘွား ... ထမင်းစားနော်။ ဘာစားချင်လဲ''

''သမီး ...''

''ရှင့် ...''

''အာဠာဝကဆိုတာ ဘယ်လိုလူလဲဟင်''

''ရှူး ... တိုးတိုး။ သူက သိပ်ကြောက်စရာကောင်းတယ် အဘွား။ ရက်စက်ရာမှာလည်း ကမ်းကုန်ပဲ။ သူတို့ကို အရမ်းကြီး မဆန့်ကျင်နဲ့''

''နေဦး''

''ကျွန်မကို သိပ်မမေးပါနဲ့။ အဘွားစားချင်တာကိုသာ ပြောပါ။ ကျွန်မ ကြောက်လို့ပါနော်''

နောင် မကြာမကြာ ချော့မော့မေးမှ ...

ဆရာကြီး အာဠာဝကဆိုတဲ့လူရဲ့ လျှို့ဝှက်နာမည်က ...

တောကြီးမြွေဟောက်တဲ့။

မြွေဆိုးတွေကို နိုင်တယ်တဲ့။

သူ့ကို လူတိုင်းက ကြောက်ကြတယ်တဲ့။

ရက်စက်တဲ့နေရာမှာ ပြိုင်ဘက်မရှိဘူးတဲ့။

ငွေရရင် ဘာမဆိုလုပ်သတဲ့။

''ကိုရာကျော် ... မင်း ငါ့ကို ဆေးကုဖို့ရောက်လာတာ။ ငါ ဝမ်းသာတယ်။ သူတို့ကလည်း ဒီဆရာကုသလို့မှမပျောက်ရင် သူသေသေ ကိုယ်သေသေ ငါ့ကို ကြိုးတုပ်ပြီး မြို့စားရဲ့ မြေအောက်သင်္ချိုင်းကို ခေါ်သွားလိမ့်မယ်''





ပစ္စည်းရလည်းကံ၊ အားလုံးသေလည်းကံပဲတဲ့။

ဒီအကြောင်းကို ထမင်းလာပို့တဲ့ မရှင်က တိုးတိုးတိတ်တိတ်ပြောပြလို့ သိရတာ။ ငါလည်း ထွက်ပြေးလို့ရမယ့် အခွင့်အရေးကို ချောင်းနေတာ။ ပြေးဖို့ မလွယ်ဘူး။ ဒီခြံကြီးရဲ့ ပတ်ဝန်းကျင်က အိမ်တွေက တောကြီးမြွေဟောက် (ခေါ်) အာဠာဝကရဲ့ တပည့်တွေနေကြတာတဲ့။

[မြို့စားကတော် ဒေါ်ရှင်မင်းယာစို (ခေါ်) ဒေါ်သစ္စာက သူရောက်နေတဲ့ ရေဲကျာဘဝကို စီကာပတ်ကုံးပြောပြတော့ ငါ အရမ်းလည်း အံ့သြသွားခဲ့တယ်။]

ငါ့ရှေ့က အသက်ကိုးဆယ်ကျော် အဘွားအိုကြီးဟာ ပါတော်မူပြီးကာလ သူ့ကျွန်မခံ နယ်ချဲ့အင်္ဂလိပ်ကိုတော်လှန်ခဲ့တဲ့ မြို့စားလေး သံယောဇဉ်ရဲ့ ကတော်မယားပါလား။

မြို့စားလေးကလည်း သူ့ အတ္တပ္ပတ္တိထဲမှာ သူ့မိန်းမကိုမျှော်နေတယ်တဲ့။

အခု ... သူ ဘဝကူးမကောင်းတဲ့ဘဝနဲ့ သူ့ဇနီးကို စောင့်နေတယ်။

မယုံနိုင်စရာပဲ။

ငါလည်း တောကြီးမြွေဟောက် နောက်ကိုလိုက်ရင်း အခု မြို့စားကတော်ကို မျက်နှာချင်းဆိုင်တွေ့နေရပြီ။

တောကြီးမြွေဟောက် ဆိုသူကိုလည်း တွေ့ပြီ။

မြို့စားကတော် ဒေါ်ရှင်မင်းယာစို သန်မာတုန်းပါပဲလား။

လောကဓံလှိုင်းတံပိုးကြားမှာ သူ အမျိုးမျိုး ရုန်းကန်ခဲ့ရင်း ထုသားပေသား ရနေပါကလား။

''ကိုရာကျော်''

''ပြောပါ ... မြို့စားကတော်''

''မင်းကိုငါ ပြောထားတယ်လေ။ ငါ့ကို ဒေါ်သစ္စာပဲခေါ်''

''ဟုတ်ကဲ့ ဒေါ်သစ္စာ''

''အခု ငါပြောပြတာတွေကို ယုံကြည်ရဲ့လားဟင်''



www.burmeseclassic.com

www.burmeseclassic.com



''ယုံကြည်ပါတယ် ဒေါ်သစ္စာ''

''မင်းက ဘာလို့ ငါပြောတာကို တစ်ချက်လွှတ် ယုံကြည်ရတာတုံး။ စဥ်းစဥ်းစားစား ယုံကြည်တာ ဟုတ်ရဲ့လား''

''အကြွင်းမဲ့ ယုံကြည်ပါတယ် ဒေါ်သစ္စာ''

''အကြွင်းမဲ့ယုံတယ် ... ဘာကြောင့်ယုံတုံး ရာကျော်''

''ကျွန်တော်ကိုယ်တိုင် မြို့စားလေးသံယောဇဉ်ရဲ့ ခေါင်းတလားရှေ့ကို ရောက်ခဲ့လို့ပဲ ဒေါ်သစ္စာ''

''ဟေ''

မြို့စားကတော်အဘွားကြီး ငါ့အပြောကြောင့် အရမ်းအံ့သြပြီး ငါ့လက်ကို သူ့လက်နဲ့ ဆုပ်ကိုင်လိုက်တယ်။

''ရာကျော် ... မင်း ... မင်း ... ရောက်ဖူးတယ်၊ ဟုတ်လား''

''တကယ်ပဲ မြို့စားရဲ့ခေါင်းတလားပဲလား။ မင်း ဒီအကြောင်းတွေကို ဘယ်လိုလုပ်သိနေတာလဲ၊ ရောက်ခဲ့ရတာလဲဟင် ... ဟင်လို့ ပြောစမ်းပါ။ ငါ မယုံနိုင်လွန်းလို့ပါ၊ ပြောစမ်းပါ ရာကျော်''

ဒါနဲ့ ငါက ကရင်ရွာလေးက တောကျောင်းဘုန်းကြီး ဘုန်းအိုနဲ့ ဆုံခဲ့ရတဲ့ စားပြဖာတ်လမ်းကနေ တောကျောင်းဘုန်းအိုထံက မြို့စား ရေးခဲ့တဲ့ ပေစာထုပ်အကြောင်းကို ပြောပြလိုက်တယ်။

အဲဒီကနေ ဘုန်းအိုကြီးခေါ်သွားလို့ တောထဲက မြေအောက်ဥမင် သချိုင်းအကြောင်းစုံကို ပြောပြရော။

ဒေါ်သစ္စာ ပိုပြီး အံ့သြသွားပါရောကွာ။

''ကျွန်တော် မှုလလိုက်ရှာတာက ဒီနယ်မှာ လုယက်သောင်းကျန်း ရက်စက်တဲ့ တောကြီးမြွေဟောက်ဆိုသူနောက်ကို လိုက်ခဲ့တာပါ။ လိုက်ရင်းနဲ့ မန္တလေးမြို့ခံသူဌေး တောက်ထွန်းတက်နဲ့ဆုံပြီး မန္တလေးကိုရောက်ခဲ့တယ်။ အဲဒီကနေ ထူးဆန်းတဲ့ ရောဂါသည်တစ်ဦးကို ကုသပေးပါ၊ အဲဒီ ကြီးကျေးဇူး မမေ့ပါဘူးဆိုတာနဲ့ ဒီရိုးမအခြေကိုရောက်ရင် ကျွန်တော်ဆေးကုသည့်လူနာက မြို့စားလေးသံယောဇဉ်ရဲ့ကတော် ဒေါ်ရှင်မင်းယာစိုမှန်း သိခဲ့ပြီး မမျှော်လင့်ဘဲ ဆုံရတဲ့အကြောင်းကို အံ့သြနေတာပါ''





''မြို့စားရဲ့ဂူထဲက ကျည်ဆန်ခွံငါးတောင့် တွေ့ခဲ့တယ်။ မြို့စားရဲ့ဂူအဖုံးကို ထုချေထားတာ မြင်ခဲ့ရတယ်''

''ရာကျော်''

''ဟုတ် ... ဟုတ်ကဲ့''

''သူတို့ရော၊ မင်းတို့ရော မြို့စားရဲ့ခေါင်းတလားမှန်း သိရဲ့သားနဲ့ ဘာလို့ အဖုံးဖွင့်ပြီး မြို့စားထားခဲ့တဲ့ ပစ္စည်းတွေကို မယူခဲ့ကြတာလဲကွယ်ဟင်''

''ဘယ်လိုလူစားမျိုးမှ မြို့စားရဲ့ခေါင်းတလားထဲက တန်ဖိုးရှိပစ္စည်းတွေကို ယူလို့မရဘူး'

''ဘာလို့''

''မြို့စားက သစ္စာဆိုခဲ့တယ်။ သူရေးခဲ့တဲ့ ပေစာအရပြောရရင် မြို့စားက သူ့ဇနီးကို အရမ်းချစ်မြတ်နိုးတယ်။ သူ့ရဲ့ ယုံကြည်ချက် သောက်လုန်ရေးစိတ်ကို ဦးစားပေးခဲ့လို့ သူ့ဇနီးဟာ ရန်သူတွေရဲ့လက်ချက်နဲ့ သေခဲ့ရတယ်လို့ ခံစားနေရတယ်။

သို့သော် ... ဇနီးရဲ့အလောင်းကို မျက်စိနဲ့ တပ်အပ်မတွေ့ခဲ့လို့ သေတာကို မယုံကြည်ဘူး။ မယုံကြည်ရတဲ့အချက်မှာ သူ့ဇနီးရဲ့ မြေမြှုပ်ခါနီး အလောင်းကို မြင်းစီးသမားတစ်ဦး လုယူသွားတာမို့ သူက သေတယ်လို့ မယုံကြည်ခဲ့ဘူး။ ဒါကြောင့် သူတို့က အခု ဒေါ်သစ္စာရောက်တဲ့ တောတောင်ကြားမှာ လျှို့ဝှက်ဥမင်တူးပြီး အင်္ဂလိပ်အစိုးရကို ထွက်တိုက်၊ ပုန်းကွယ် လုပ်နေတာ။ သူသေခဲ့ရင်လည်း သူ့အလောင်းကို ရန်သူလက်ထဲ မရောက်စေနဲ့။ ဒီဥမင်ထဲမှာပဲ မြှုပ်။ ငါ့ဇနီး မသေသေးဘူး။ သူ ပြန်လာလိမ့်မယ်။ လာခဲ့ရင် သူတို့ ဘိုးဘွားပိုင်ရတနာတွေ သူ့ဇနီး လာယူစေ။ ဒီမှာ အခြားသူတွေ လုံးဝယူလို့မရအောင် ဘယ်လိုစီရင်ခဲ့လည်းတော့ မသိဘူး။ ကျုပ်လည်း ဥမင်ထဲမှာ ကုလားဆာဒူးကြီးကို မြင်ဖူးတယ်။ ကြွင်းမင်ကြောင်နဲ့ ဒေါ်သစ္စာအလောင်းကို လာသယ်တာ သွေးသောက်ကြီးငရန်းပေါ့။ အဲဒီလူကိုတော့ တောကျောင်းဘုန်းကြီးအိုလည်း ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့တယ်။ မြို့စားက သစ္စာဆိုခဲ့တယ်။ ငါ့ဇနီး ဒီနေရာကို ရောက်ခဲ့ရင် ငါ့ခေါင်းတလားကိုဖက်ပြီး မျက်ရည်ကျပါစေ၊ အဲဒီမျက်ရည်နဲ့ ထိမှ ခေါင်းတလားအဖုံး အလိုလိုပွင့်ပြီး ငါ့ဇနီး ပစ္စည်းတွေ အလွယ်တကူရပါစေ။ ငါတို့အားလုံး ဘဝကူးကောင်းဖို့ ဇနီးသည် ကောင်းမှုကုသိုလ် ပြုနိုင်ပါစေလို့ သစ္စာဆိုခဲ့တယ်။

ဒါကြောင့် သူတို့ ဘယ်လိုမှ ပစ္စည်းတွေယူလို့မရတာ။ ဒီမြို့စားရဲ့ မြေအောက်ဂူအကြောင်း အာဥ္စာဝကတို့ တောက်ထွန်းတို့ သိထားတာကြာပြီ။ နောက်ဆုံး တောကျောင်းဘုန်းကြီးတူ ငဖျော်နဲ့တွေ့ပြီး ဒီနေရာကို သိသွားတာ။ သူတို့ ယူလို့မရဘူး။ ဒါကြောင့် မြို့စားကတော် ဒေါ်ရှင်မင်းယာတို့ မရအရ လိုက်ရှာစုံစမ်းရင်း တွေ့သွားတာ။

ဒါပေမဲ့ ဒေါ်ရှင်မင်းယာစိုးပါသည့်တိုင် သင်းတို့ကို မြေအောက်သချိုင်းစောင့်တွေကမနှစ်သက်လို့ ခင်ဗျားကြုံခဲ့တဲ့အတိုင်း သူတို့ သေပြေရှင်ပြေး ပြေးခဲ့ရတာပဲ''

''ဟူး ...ဒါနဲ့ ငါ့ကိုလာခေါ်တဲ့ မိန်းကလေးကရော ဘယ်သူလဲမသိဘူး။ သတ္တိ အတော်ကောင်းတယ်''

''မျက်နှာကို မြင်လိုက်ရလား''

''မျက်နှာကို ပုဝါစည်းထားတယ်။ ဒါနဲ့ ရာကျော် ....''

''ဟုတ်ကဲ့ ဒေါ်သစ္စာ''

''ငါ့ကို ဒီငရဲခန်းကလွတ်မြောက်အောင် မင်း ကူညီပါရာကျော်''

သူက ငါ့ကို အားကိုးကြီးစွာနဲ့ တိုးတိုးပြောလိုက်တာ။

''ဘယ်လိုလဲ ရာကျော်။ သူတို့ ငါ့ကိုသတ်ကြမှာ''

''လောလောဆယ် ပြေးဖို့မလွယ်ဘူး ဒေါ်သစ္စာ''

''ဟင် ...ဘာလို့ ....ဘာလို့လဲ။ မင်းကူညီရင် မရဘူးလားဟင်''

''သူတို့လူတွေ ဒီဝန်းကျင်မှာ အများကြီး စောင့်ကြည့်နေတယ် ဒေါ်သစ္စာ။ ခုတိုင်းဆိုရင် ကျုပ်ပါ မသက်သာစရင်း ပါတော့မယ်''

စိတ်ကူးသစ်စာပေ



''ဟင် ...ဘာဖြစ်လို့လဲ မင်းက ဆေးဆရာလေ ...ဆေးဆရာ''

''အဲဒါကြောင့် ပြောတာပေါ့။ ဒေါ်သစ္စာကို ရောဂါပျောက်အောင် ကုပေးပြီးရင် ...''

''ငါကမရူးပါဘူး ရာကျော်''

''ရူးချင်ယောင်ဆောင်တာ ပေါ်သွားရင် ဒေါ်သစ္စာကို သူတို့ အမှုန့်ကြိတ်ပစ်လိုက်မှာပေါ့ဗျာ''

''ဟင် ...''

''ခင်ဗျားကို သူတို့က အမှန်တကယ် စိတ်နောက်နေတယ်။ ဒါမှမဟုတ်စုန်းပူးနတ်ပူး ပယောဂဝင်နေတယ်လို့ထင်ပြီး ကျုပ်ကိုကုဖို့ ခေါ်လာတယ်။ ခင်ဗျား ရောဂါပျောက်သွားရင် ခင်ဗျားကို ပြန်မလွှတ်ဘူး။ ကျုပ်ကိုလည်း ပြန်လွှတ်မှာ မဟုတ်ဘူး''

''အို ...ဘာ ...ဘာလို့လဲရာကျော် ...ဟင်''

''သူတို့က မြို့စားရဲ့ ခေါင်းတလားထဲက ရတနာတွေကို လိုချင်ကြတာ။ အဲဒီမှာ ဒေါ်သစ္စာကအခရာပဲ။ ခင်ဗျားရဲ့မျက်ရည်က အဓိကပဲ။ ခင်ဗျားမျက်ရည် မထိသမျှကတော့ လက်ပစ်ဗုံးနဲ့ ပစ်ခွဲမှရမယ်။ အဲဒါဆိုသည်း ဥမင်ပါပြိုကျပြီး အားလုံးသေမှာ။ သူတို့ ဒေါ်သစ္စာကို သေစေချင်မှာ မဟုတ်ဘူး။ သို့သော် သူတို့ခိုင်းတဲ့အတိုင်း မလုပ်ရင်တော့ သတ်ချင်သတ်ပစ်မှာပေါ့''

''ငါ အသေခံလိုက်မယ်။ ငါ ...အသက်ကြီးပါပြီ ရာကျော်''

''အချိန်ရှိပါသေးတယ်။ ကျုပ်တို့ ကြိုးစားကြသေးတာပေါ့။ သူတို့နဲ့တွေ့ရင် စကားမပြောဘဲနေပါ။ အစားကိုတော့ စားပါ''

''အေးပေါ့လေ ...ကြည့်ကြသေးတာပေါ့''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၅၁]

❑

ငါ ဒေါ်သစ္စာနဲ့ တွေ့ပြီးနောက် ငါ အခန်းရှိရာ ပြန်ရောက်ပြီး မကြာခင်မှာ တောက်ထွန်းရောက်လာတယ်။ သူ့ခြေထောက်မှာ ဆေးလိမ်းထားပြီး လမ်းလျှောက်ရင် ထော့နင်းထော့နင်း ဖြစ်လို့ကွ။

ငါက မသိချင်ယောင်ဆောင်ပြီး မေးလိုက်တယ်။

''ခြေထောက် ဘာဖြစ်လို့လဲ တောက်ထွန်း''

''ဟို ... ဟို ... ရေနွေးပူလောင်လို့ပါ ... အဖေကြီး''

''သက်သာရဲ့လားကွာ ... အရည်ကြည်ဘုတွေ ထလို့ပါလား နေဦး ရော့ ... ရော့ ... ဒီဆေးကို ရေနဲ့ဖျော်လိမ်းစမ်း''

ငါက အပူငြိမ်းဆေးထုတ်ပြီး သူ့ကို ပေးလိုက်တယ်။ သူက အိမ်ဖေါ်ကိုလှမ်းခေါ်ပြီး ငါပေးတဲ့ဆေးကို ရေနဲ့ဖျော်ခိုင်းပြီး ခြေဖဝါးနဲ့ ဖမိုးပေါ်က မီးလောင်ဒဏ်ရာတွေကို လိမ်းခိုင်းတယ်။

အိမ်ဖော်ပြန်ထွက်သွားမှ ငါ့ကိုမေးတယ်ကွ။

''အဖေကြီး ... ဒေါ်သစ္စာအခြေအနေ ဘယ်လိုရှိပါလဲခင်ဗျ''





''ငါ အခု ပယောဂနှင်တဲ့ဆေး တိုက်ထားတယ်။ ဒါပေမဲ့ ...''

''ဒါပေမဲ့ ဘာဖြစ်လဲဟင် အဖေကြီး''

''အနှောင့်အယှက် ဝင်လာတယ် တောက်ထွန်း''

''ဘယ်လိုအနှောင့်အယှက်ပါလဲ အဖေကြီး''

''ငါ ဆေးကုနေတုန်း ငါချထားတဲ့စည်းကို ဆရာတိုက်ဝင်ပြီး နင်းဖျက်တယ်''

''ဗျာ ...''

''ဒီကောင့်မျက်နှာ ကွက်ခနဲ ပျက်သွားရောဟေ့''

''ဒီအနှောင့်အယှက်ကြောင့် ဒေါ်သစ္စာကို မီးဟပ်သွားတယ်''

''ဗျာ ..''

ဒီကောင် ထပ် 'ဗျာ' ပြီး အိန္ဒြေမရ ဖြစ်နေပါရောကွာ။ ငါ့လည်း ခိုးကြည့်ရဲ့။ သူ့ခြေဖဝါးက ဒဏ်ရာလည်း ကြည့်ရဲ့ ဖြစ်လို့ဟေ့။

''ဒါ ... ဒါဆို ဘယ်လိုလုပ်မတုံး အဖေကြီး''

''ဒီလိုအတိုက်ဝင်ရင် ကြာရှည်ကုရလိမ့်မယ်။ မဝင်ရင် နှစ်ရက် သုံးရက်နဲ့ ဒေါ်သစ္စာ ပြန်ကောင်းမယ်''

''ဟုတ်လား ... လုပ်ပါ အဖေကြီးရာ။ အဖေကြီးအစွမ်း ကျွန်တော်တို့ သိပါတယ်။ ဆရာကြီးကလည်း အဖေကြီးကို အားကိုးတာဗျ။ ကိစ္စပြီးရင် အဖေကြီးကို ထိုက်ထိုက်တန်တန် ကန်တော့မယ်တဲ့ဗျ''

''ဟုတ်လား ဝမ်းသာစရာပေါ့ကွာ''

''ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ ပြောပါ အဖေကြီး''

''ငါ စည်းချထားတဲ့နေရာကို ဘယ်သူမှ ဝင်မလာစေနဲ့''

''စိတ်ချပါ။ ကျွန်တော် ပြောထားပါ့မယ်ခင်ဗျ''

''ဒီစည်းကိုနင်းမိရင် မကြာခင် အဲဒီလူ ခြေနင်းရင်ခြေပုတ်မယ်။ လက်နဲ့ဖျက်ရင် လက်ပုတ်ပြီး နူသွားလိမ့်မယ်''

''ဗျာ ... ဒါ ... ဒါ ... တကယ်လားဟင်''

''သေချာတာပေါ့ကွာ။ ငါလုပ်ထားတဲ့ အစီအရင်အစွမ်း ငါသိတာပေါ့။ မင်းလူတွေကို ကြိုပြောထား။ တောက်ထွန်း''

ဒီကောင် လူရောအသံရော တုန်နေတယ်ဟေ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် . . . ကျွန်တော် ပြောပြပါရစေ အဖေကြီးခင်ဗျ။ စောစောက ကျွန်တော်လည်း စည်းနှင်းမိတယ် အဖေကြီး"

"ဟာ . . . ဒုက္ခပဲ၊ တောက်ထွန်းရာ"

"ကျွန်တော့်ကိုကယ်ပါ အဖေကြီးရယ်။ ကျွန်တော် မေ့ . . . မေ့ပြီး နှင်းမိလို့ပါဗျာ။ ကယ်ပါ အဖေကြီးရယ် . . . ကယ်ပါ"

ဒီကောင် ငါ့ရှေ့မှာ ငိုကြီးချက်မနဲ့ ပြောနေတာဟေ့။

"မင်းတို့ တယ်ခက်တာပဲကိုး။ မြန်မာ့ဂမ္ဘီရပညာတွေကို မယုံမလေးစား လုပ်ကြတာကိုး။ ကိုင်း . . . လက်အုပ်ချီလိုက်"

ဒီကောင် ကြောက်ကြောက်နဲ့ လက်အုပ်ချီတယ်။ ငါ သူ့လက်အုပ်ကိုကိုင်ဆုပ် မန္တန်ခုနစ်အုပ်ရွတ်ပြီး သူ့ခြေထောက်ကို လက်ဝါးစောင်းနဲ့ ဓားခုတ်သလို သာသာဖွဖွ ခုတ်ချပေးလိုက်တယ်။

"ကောင်းသွားလိမ့်မယ်"

"တ . . . တကယ်ပဲလားဟင်၊ အဖေကြီး"

"မယုံရင် မင်းပဲခံရမှာကွ"

ငါ ဝေါက်ထည့်လိုက်မှ ဒီကောင် ငြိမ်သွားရောကွ။

"မင်းဆရာကြီးရော"

"ခရီးသွားပါတယ် ခင်ဗျ။ မနက်ကိုရောက်ပါမယ် ခင်ဗျ"

"တောက်ထွန်း . . ."

"ဗျာ . . . အဖေကြီး"

"အဘွားကြီး ရောဂါပျောက်ရင် ငါ ပြန်လို့ရပြီပေါ့ ဟုတ်လား"

"ဗျာ . . . အဲ . . . အဲ . . ."

"အဘွားကြီးကိုရော မင်းတို့ ဘာလုပ်ဦးမှာလဲ"

"အဲ . . . အဲ . . . ဟို . . . ဟို . . . အမေကြီးတော့ ဆက်လက်စောင့်ရှောက်ထားဦးမယ်နဲ့ တူတာပဲ။ ဆရာကြီး အာဠာဝကက အဖေကြီးနဲ့ တိုင်ပင်ပြီး လုပ်စရာတွေရှိတယ်လို့ ပြောတာပဲခင်ဗျ"

"ဘာလုပ်မှာတုံး"

"အဲဒါတော့ မသိဘူးခင်ဗျ။ အဘွားဒေါ်သစ္စာနဲ့လည်း နေကောင်းသွားရင် အလုပ်တစ်ခု ပူးပေါင်းလုပ်စရာ ရှိသတဲ့"





"မင်းသွားတော့ ငါ နားချင်ပြီ"

"ဟုတ်ကဲ့ပါ ခင်ဗျား"

"နေဦး တောက်ထွန်း . . . ခဏလေး။ မင်းတို့အားလုံး ငါမသိဘဲနဲ့ ကိုယ့်သဘောနဲ့ကို ဒေါ်သစ္စာကို သွားရောက်ပြောဆို ကြိမ်းဝါးတာတွေ မလုပ်နဲ့"

"ဘာလို့လဲ အဖေကြီး"

"ငါ ဆေးကုနေတဲ့ လူနာလေကွာ။ မင်းတို့ကြောင့် အရင်လိုပြန် စိတ်ထိခိုက်သွားရင် ငါ ကုမပေးတော့ဘူး။ အားလုံးကို ပြောပြလိုက်"

ဒီကောင် ဘာမှမပြောဘဲ ထော့နင်းထော့နင်းနဲ့ လှည့်ထွက်သွားတယ်။

ဒီမှာ ကျွန်တော် (မောင်မှိုင်း)က မေးရတာပေါ့ဗျာ။

"အဘ . . ."

"ဘာတုံးကွ"

"ဒီ တောကြီးမြွေဟောက်တို့အဖွဲ့ကို အဘပညာနဲ့ အိပ်မွေ့ချပြီး ဒေါ်သစ္စာကို ကယ်ထုတ်လို့မရဘူးလား"

"ဒီအိမ်ကနေတော့ လွတ်မှာပေါ့ကွာ။ ခြံပြင်ကိုရောက်ရင် သူ့လူသေနတ်သမား။ ဓားပြတွေက ငါတို့ကို သေနတ်နဲ့ လိုက်ပစ်သတ်လိုက်မှာပေါ့ကွ။ ငါနဲ့ ဒေါ်သစ္စာ သေလို့ မဖြစ်သေးဘူးလေ။ ငါတို့က အခုသတ်ကွင်းထဲ ရောက်နေကြတာ။ မြို့စားကတော်ကို ထားခဲ့ပြီး ငါ မပြေးနိုင်ဘူး။ မြို့စားကတော် မတရား အနိုင်ကျင့်ခံနေရတာလည်း ငါမနှစ်မြို့ဘူး။ ပြီး . . . တောကြီးမြွေဟောက်၊ ဒီကောင့်အကြောင်း ငါသိနေပြီ"

"ဒါဆိုလည်း ရဲစခန်းတိုင်ပြီး ဖမ်းရင်ကော"

"ဟား . . . ဟား . . . ဟား . . . ဟား . . . မောင်မှိုင်းရာ . . . ငတုံးရာ၊ မင်း တယ်ညံ့တဲ့ကောင်ပဲကွာ။ တောကြီးမြွေဟောက် ဆိုတဲ့လူက လူလည်ကွ။ ငွေကို ရေလိုသုံးတဲ့ကောင်။ အရာရာကို ငွေနဲ့ဖုံးပစ်တဲ့ကောင်။ မင်းသိတဲ့အတိုင်း ကာလကြီးက ညီအစ်ကိုမသိတသိ ကာလကြီးကွ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၂]

❑

ငါ မြို့စားကတော့ အဘွားကြီးကို နှစ်ရက်တိတိ ဆေးတိုက်၊ အားပေး လုပ်ခဲ့လိုက်တာ။

ဒေါ်သစ္စာ စိတ်ချမ်းသာပြီး လန်းလန်းဆန်းဆန်း ရှိလာတယ်။

တစ်နေ့ ...

ငါ့ကို တောက်ထွန်း လာခေါ်တယ်။ ဆရာကြီး အာဠာဝကက တွေ့ချင်လို့တဲ့။ ငါ အာဠာဝကရှိတဲ့ အပေါ်ထပ်ကို တက်ခဲ့တယ်။

"ထိုင်ပါ၊ ဆရာကြီး"

"ကျုပ်ကိုခေါ်တာ ဘာကိစ္စပါလဲ ကိုအာဠာဝက"

"ဒေါ်သစ္စာကို ဆေးကုပေးတာ အတော်ခရီးရောက်ပြီကြားလို့ပါ။ ဆရာကြီးကို ကျေးဇူးပြုချင်လို့ပါ"

သူက ပြောရင်း ငွေစက္ကူရာတန်အုပ်ကြီးသုံးအုပ် ငါ့ကိုလှမ်းပေးတယ်။





"ဒါက ဘာလုပ်တာတုံး ကိုအာဠာဝက"

သူက ဆေးပြင်းလိပ်ကိုခဲရင်း မှာလိုက်တယ်။

ခုမှ ကြည့်မိတာကွ။ ဟုတ်တာပဲ ... အာဠာဝကရဲ့ ညာဘက်နားရွက် ပြတ်နေတာပဲကိုး။

"ဆရာကြီးကို ကျေးဇူးတင်လွန်းလို့ ကျွန်တော် ကန်တော့တာပါ။ ယူပါ ... ဆရာကြီး ... လိုအပ်သလို သုံးပါ"

"ငါ ... မယူဘူး"

"ဗျာ ... ဘာလို့လဲ ဆရာကြီး။ အားလုံး တစ်သိန်းပါ"

"ဆယ်သိန်းပေးလည်း ငါ မယူဘူး။ ငါ ငွေလိုချင်လို့ ဆေးကုပေးတာ မဟုတ်ဘူးကွ။ ကူညီသင့်လို့ ကူညီတာပါ။ ငွေကို ပြန်သိမ်းလိုက်ပါ"

အာဠာဝကရော၊ တောက်ထွန်းရော ငါ့ကိုကြည့်ပြီး အံ့သြကြလို့ကွာ။

ငွေတစ်သိန်းဆိုတာ သူဌေးဘွဲ့ခံလို့ရတဲ့ ငွေလေ။

နိုင်ငံရဲ့ အမြင့်ဆုံးထီဆုငွေကမှ ဆုငွေတစ်သိန်း။

ငွေတစ်သိန်းရှိရင် အိမ်၊ ခြံ၊ ကား၊ ရွှေ၊ ငွေ စုံနေအောင် ရတယ်။ ငွေတန်ဘိုးရှိတဲ့ ခေတ်လေကွာ ... နော ...။

"ဆရာကြီး လိုအပ်တဲ့အချိန် ပြောပါ။ ကျုပ်မရှိရင်တောင် တောက်ထွန်း စိုက်ပေးပါလိမ့်မယ်"

"မလိုပါဘူးကွာ၊ ဒါပဲလား"

"နေပါဦး ဆရာကြီး။ ကျွန်တော်တို့ ဒေါ်သစ္စာနဲ့ အကျိုးတူ လုပ်ငန်း လုပ်စရာရှိလို့ပါ။ ဒါကြောင့် ဒေါ်သစ္စာနဲ့ ခဏစကားပြောချင်လို့ ဆရာကြီးထံ ခွင့်တောင်းတာပါ"

ဒီကောင် စကားပြောညက်တယ်ကွ။

ငါခွင့်မပြုလည်း ဒီကောင် အမမွှသွားတွေ့မှာပါ။

"နေကောင်းစပဲ ရှိသေးတယ်လေ"

"နည်းနည်းပါးပါး ပြောကြည့်မှာပါ။ သူ လက်မခံရင်လည်း ကျွန်တော် ဆက်မပြောပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ပြောကြည့်ပေါ့''

''ကျေးဇူးပဲ ... ဆရာကြီး ... ခြေဘ် ... ဒါနဲ့ ဆရာကြီး ကျွန်တော်တို့ ဒေါ်သစ္စာဆီကိုသွားရင် ခြေဖဝါးများ မီးလောင်မှာလား ဟင်''

''မလောင်ပါဘူး ... ရပါတယ်''

''ဟင်း ... ဟင်း ... ဆရာကြီးပညာစွမ်းကို တောက်ထွန်းပြော ပြလို့ သိပြီးပါပြီ။ ဆရာကြီးကိုတော့ ကျွန်တော်တို့ ဘုရားစင်ပေါ်တင်ပြီး ကိုးကွယ်ရတော့မှာပဲဗျို့ .... ဟား ... ဟား ... ဟား ... ဟား ...''

အာဠာဝကက ငါ့ကို လှောင်တာပဲလား။

အတည်ပြောတာလား မသိဘူး။ ပြောပြီး ရယ်လိုက်တာ မျက်စိ တို့ ပိတ်နေတာပဲ။

''ဒါဆို ကျွန်တော် သွားတွေ့ပါဦးမယ် ခင်ဗျ''

''ငါလိုက်မှဖြစ်မယ် ကိုအာဠာဝက''

''ဗျာ ...''

သူက ငါ့စကားအဆုံးမှာ အံ့သြသံရောဟန်နဲ့ကြည့်ပြီး 'ဗျာ' တဲ့။

''ဘယ်လိုကြောင့် များပါလိမ့် ဆရာကြီးရာ။ ဒေါ်သစ္စာက ကျွန်တော်တို့ အမျိုးအရင်းကြီးပါဗျ''

''မင်းတို့ကို ဒေါ်သစ္စာက ကြောက်တယ်။ မင်းတို့ကြောင့် သူ စိတ် ထိခိုက်ခဲ့ရတာ''

''အဘွားက ဒီလိုပြောခဲ့တယ်လား''

''ငါ လိုက်ပို့ပေးမယ်။ ဒီအချိန်မှာ သူ ငါ့စကားကလွဲရင် ဘယ်သူ့ စကားမှ နားထောင်ဦးမယ် မထင်ဘူး။ ငါမပါဘဲ မင်းတို့သွားပြောရင်း အရင် လို စိတ်ပြန်ဖောက်ခဲ့ရင် ငါ မကုတော့ဘူး။ ချက်ချင်းပြန်မယ်''

သူ ... ငါ့ကိုတစ်လှည့်၊ သူ့လူရင်း တောက်ထွန်းကိုတစ်လှည့် ကြည့်ရင်း အံကို မသိမသာ ကြိတ်နေတယ်။

''ဒါဆိုလည်း လိုက်ခဲ့ပါဗျာ။ ကျွန်တော်တို့ချင်း စကားပြောနေ ချိန်မှာတော့ ဆရာကြီး ခဏရှောင်ပေးပါ''





''ရတယ်''

ငါတို့ အောက်ထပ် ဒေါ်သစ္စာကိုထားတဲ့ သံတိုင်ခန်းရှိရာကို အတူ လာခဲ့ကြတယ်။ ဒေါ်သစ္စာဟာ ငါတို့သုံးဦးကိုလည်း အတူမြင်ရောလန့်ပြီး မျက်လုံးပြူးသွားတယ်။

''ဒေါ်သစ္စာ''

ငါက အသံပေးတယ်။ ဒေါ်သစ္စာရဲ့ မျက်နှာပေါ်မှာ ကြောက်ရွံ့ စိတ်တွေလှိုင်းထနေတာ ငါမြင်ပြီး ရင်နင့်လိုက်တာကွာ။

''ဒေါ်သစ္စာ ... ကိုအာဠာဝကတို့က ဒေါ်သစ္စာနဲ့ စကားပြောချင် လို့တဲ့''

''ဟင့်အင်း ... ဟင့်အင်း ... မပြောချင်ဘူး၊ မပြောဘူး''

''ဒေါ်သစ္စာ ဘာမှမဖြစ်စေရပါဘူး။ ကျုပ်ကို သူတို့ ကတိပေးထား ပါတယ်။ လက်ခံ စကားပြောလိုက်ပါ။ ကိုယ့်တူသားမြေးတွေပဲဗျာ''

ငါက သံတိုင်ကြားကနေ မျက်နှာအပ်ပြောပြီး အသာ သူတို့မမြင် အောင် မျက်စိမှိတ်ပြလိုက်တယ်။ ဒေါ်သစ္စာကလည်း နပ်တယ်။

''အထဲကို မဝင်ခဲ့နဲ့''

''ကောင်းပါပြီ အဘွား။ ကျွန်တော်တို့ အပြင်ကနေပဲ စကားပြော ပါ့မယ်။ အဘွား နေကောင်းပါရဲ့လား ခင်ဗျား''

အာဠာဝက လေသံကညက်ပြီး သိမ်မွေ့နေတာပဲဟေ့။ သူ့ ရက် စက်ကြမ်းကြုတ်ရာမှာ ပြိုင်ဘက်မရှိလို့ နာမည်ကြီးတာ ဟုတ်မှဟုတ်ရဲ့လား တွေးရတယ်ဟေ့။

ငါ သူတို့ကိုယ်ရေးကိုယ်တာကိစ္စ လွတ်လပ်စွာ ပြောနိုင်ဖို့ ရှောင် ပေးထွက်ခဲ့လိုက်တယ်။

သူတို့ စကားပြောနေကြတာ နာရီဝက်နီးပါးခန့်ကြာတယ်။ အော် သံဟစ်သံတွေလည်း ကြားရတယ်။ နောက် ငြိမ်သွားတယ်။

မကြာဘူး အာဠာဝကနဲ့ တောက်ထွန်းတို့ ငါ့အခန်းရှေ့ကနေ ဖြတ်သွားပြီး ...

''ပြောပြီးပါပြီ ဆရာကြီး။ အေးအေးဆေးဆေး ပါပဲခင်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



သူတို့မရှိတော့မှ ငါ ဒေါ်သစ္စာ (မြို့စားကတော်)ရှိရာကို အမြန်လာခဲ့လိုက်တယ်။ မြို့စားကတော်က ငါ့ကိုမြင်တော့ ပင်ပန်းနွမ်းနယ်သလို ရှိရာကနေ ချက်ချင်း အားရှိသွားတယ်ကွ။

''သူတို့ ဘာပြောသွားလဲ ဒေါ်သစ္စာ''

''သူတို့ဇာတိ ပေါ်ပြီပေါ့လေ''

''ဘယ်လို ဇာတိပေါ်တာတုံး''

''အာဠာဝကက ငါ့ကို ဒီလိုပြောတယ်''

''အမေကြီး''

''နင်တို့ ငါ့ဆီကိုမလာနဲ့''

''အမေကြီးအတွက် ပြောစရာရှိလို့ပါ''

''.........''

''ကျုပ်တို့ မြေအောက်ဥမင်ထဲကို ပြန်သွားကြမယ်''

''သွားချင်သွား မသွားချင်နေ ငါ့ကိုမပြောနဲ့''

''အမေကြီး မပါလို့မရဘူး''

''ဘာ ...''

''ကျုပ်တို့ မြို့စားရဲ့ခေါင်းတလားထဲက ပစ္စည်းတွေ အရဖော်ရမယ်။ ခင်ဗျား လိုက်မှဖြစ်မယ်''

''မလိုက်ဘူး။ ငါ့လင်ပစ္စည်းတွေ နင်တို့နဲ့ ဘာဆိုင်လဲ။ နင်တို့ သူခိုးဓားပြတွေ နင်တို့ကို ငါ ရဲတိုင်မယ်''

''ဟား ... ဟား ... ဟား ... ဟား ... ရဲတိုင်မယ် ဟုတ်လား။ ဘယ်ရဲကို တိုင်မှာတုံး။ စကော့တလန်ယာဒ်ပုလိပ်အဖွဲ့လား။ FBI လား။ ဒီမှာ ... အမေကြီး ကျုပ်ပြောတာကို လက်မခံရင် သေရတော့မယ်လေ''

''ငါ လုံးဝမလိုက်ဘူး''

''ကောင်းပြီ ... ဒီတစ်ည စဉ်းစားပါ။ မိုးလင်းလို့ မလိုက်ဘူးပြောရင် ခင်ဗျားဘဝ ကိစ္စပြတ်ပြီ၊ ဒါပဲ''

''ဒီမှာ အဘွားကြီး''

''........''





''ခင်ဗျား ... ကျုပ်တို့နဲ့ လိုက်ကူညီရင် ခင်ဗျားကို ခေါင်းတလားထဲကရတဲ့ပစ္စည်း တစ်ဝက်ပေးမယ်။ ပြီး ... ခင်ဗျားကို လွတ်လပ်ခွင့်ပေးလိုက်မယ်။ ခင်ဗျား ကြိုက်ရာအရပ်မှာ ပျော်ပျော်သွားနေပါ။ ကျုပ် ကတိပေးတယ်ဗျာ။ အဲဒါကို သဘောမတူဘူးဆိုရင် ....''

''သူတို့ အဲ့လိုပြောပြီး ပြန်ထွက်သွားကြတယ်။ ငါ ဘာလုပ်ရမလဲ ဟင် ... ရာကျော် ဟင် ...''

ငါ စဉ်းစားတယ်။ ဘယ်လိုအဖြေကို ပေးရမလဲ။ အင်း ... အင်း။

''ဒီလိုလုပ်ပါလား''

''ဘယ်လိုတုံး''

''လိုက်သွားလိုက်ပါ''

''ဘာ ... ဘာ ... ငါ လိုက်သွားရမယ်။ ငါ့လင်ပိုင်တဲ့ပစ္စည်းတွေ သူတို့ကို တစ်ဝက်ပေးရမယ် ဟုတ်လား''

''ခင်ဗျား အသက်နဲ့ပစ္စည်း ဘယ်ဟာ အရေးကြီးလို့လဲဗျာ''

''ငါ့ကို တစ်ဝက်မပေးဘဲ အဲဒီမှာပဲ သတ်ခဲ့ရင်ရော''

''သူတို့မသတ်အောင် ကျုပ် လုပ်ပေးမှာပေါ့''

''ဟင် ... နင်လုပ်ပေးမယ် ဟုတ်လား။ နင် ... နင် ... ဘယ်လို''

ဒေါ်သစ္စာရှေ့တိုးလာပြီး သံတိုင်ကိုကိုင်ချုပ်လို့ အလောတကြီးမေးရှာပေါ့။

''ပြောလိုက် ... ကျုပ်ပါ လိုက်ခဲ့မယ်လို့''

''ဟေ ...''

''ဒီကောင်တွေ ကျုပ်နဲ့ခင်ဗျားမပါဘဲ ဒီမြေအောက်ဂူသချိုင်းကို ဝင်လို့မရဘူး။ ဝင်ရင်၊ သွားယူရင် အားလုံး အသေဆိုးနဲ့သေမှာပဲ။ တစ်ခုရှိတယ်နော်။ အဲဒီနေရာကို ကျုပ်ရောက်ဖူးတဲ့အကြောင်း လုံးဝ သူတို့ကို မပြောနဲ့''

''ငါ စဉ်းစားပါရစေ''



www.burmeseclassic.com

www.burmeseclassic.com



''ဘာကို စဉ်းစားဦးမှာတုံး မြို့စားကတော်''

''ငါတို့နှစ်ဦးစလုံးကိုပါ သတ်လိုက်ရင်ရော''

''ကံပေါ့ဗျာ။ အပေးအယူတော့ လုပ်မှ ရမှာပဲ။ စဉ်းစားဗျာ။ ကျုပ် သွားတော့မယ်''

အဘွားကြီး ငါ့ကိုငေးကြည့်ပြီး သံတိုင်ကိုကိုင်လျက် ကျန်ရစ်ခဲ့ တယ်။

ဒီနည်းပဲရှိတယ် မောင်မှိုင်း။ ငါတို့ စွန့်စားရမယ်။ အသက်နဲ့ လောင်းကြေးထပ်ပြီး စွန့်စားရမှာ။

ဒီလိုနဲ့ ထမင်းစားသောက်ပြီး မကြာခင် အမှောင်ရောက်လာ တယ်။

လျှပ်စစ်မီး လင်းလာတယ်။

ငါ ဘုရားသောက်တော်ရေကပ်၊ အထက်ဆရာတော်ကြီးတွေ လည်း ရည်စူးပြီး သောက်တော်ရေကပ်၊ ပြီး . . . . ငါ ပုတီးစိပ်လိုက်တယ်။ ငါ ပုတီးထဲမှာ အာရုံဝင်နေတုန်း . . .

ငါ့မျက်လုံးထဲမှာ လူသုံးယောက်ပေါ်လာတယ်။

ပထမလူက ကုလားအဘိုးကြီးလို မုတ်ဆိတ်ပါးသိုင်းမွေးနဲ့ ဆံကျစ်ဖားလျားနဲ့ အဘိုးကြီး။ တောင်ဝှေးကြီးထောက်လို့။

သူ့နောက်မှာ မြို့စားသံယောဇဉ်။

သံယောဇဉ်ရဲ့မျက်နှာက ညှိုးနွမ်းလို့။

မြို့စားရဲ့နောက်မှာ ထိုးကွင်းမင်ကြောင်နဲ့ သွေးသောက်ကြီး။

သွေးသောက်ကြီးရဲ့မျက်နှာက အံကြိတ်ထားပုံပဲ။

ဒီမှာ ကုလားလိုအဘိုးကြီးက ငါ့ကို ပြောတယ်။

''ဆရာကြီး . . . လောဘသားတွေ ရောက်လာကြပြီ။ ဟောဒီလူ တွေအားလုံး လွတ်မြောက်ဖို့ သင်ကလွဲရင် ကူညီမည့်သူ မရှိတော့ဘူး''

''သင်က ဘယ်သူလဲ အဘိုးကြီး''

''ငါ ဒီမြေအောက်ဂူထဲမှာ တရားကျင့်ရင်း မြို့စားတို့ရဲ့ ဝိညာဉ် တွေနဲ့ ငါ ရင်းနှီးခဲ့တယ်။ ငါလည်း ဒီဂူထဲမှာပဲ တရားကျင့်ရင်း ကွယ်လွန် ခဲ့တယ်။ မြို့စားတို့အားလုံးကို ငါ ကရုဏာသက်တယ် ဆရာကြီး။ မြို့စား က သူ့ကတော်ကို အလွန်ချစ်မြတ်နိုးတယ်။ သူ့ကြောင့် အပြစ်မဲ့တဲ့ဇနီးဘဝ ရေစုန်မျောရတာလို့ ပြောခဲ့တယ်။ သူက သူ့ဇနီးမသေဘူးလို့ အကြွင်း မဲ့ ယုံကြည်ခဲ့တယ်။ သူ့ဇနီးကို သူ ပြန်တွေ့ရတော့ အလွန်ဝမ်းသာဝမ်း နည်း ဖြစ်ခဲ့ရှာတယ် ဆရာကြီး။ သို့သော် သူ့ဇနီးနဲ့ လာတဲ့လူတွေက လောဘသားတွေ၊ မသမာသူတွေ။ မြို့စားက မယုံကြည်ဘူး။ မြို့စား ရော၊ ကျုပ်တို့ရော ဆရာကြီးကို ယုံကြည်တယ်။ ဆရာကြီးပဲ အားလုံးဘဝ တွေ ကောင်းမွန်ဖို့ ကူညီပေးစေချင်တယ်''

''ယောဂီကြီး''

''ပြောပါ''

''အန္တရာယ်များတယ် . . . ယောဂီကြီး''

''ဟုတ်ပါတယ်''

''မြို့စားကတော် ပစ္စည်းရချင်လည်းရမယ်။ သေချင်လည်း သေ မယ်။ ကျုပ် ဘယ်လိုလုပ်ရမတုံး''

''ဆရာကြီးကိုပဲ ကျုပ်တို့ ယုံကြည်တယ်။ သူတို့ ဒီတစ်ခါဝင်လာရင် အဖြစ်ဆိုးတွေ ကြုံရလိမ့်မယ်''

''ယောဂီကြီး . . . မြို့စားက သူ့ဇနီးလက်ထဲ ပစ္စည်းတွေရောက် ရင် ကျေနပ်ပြီလား''

''ယောဂီကြီးက မြို့စားရဲ့မျက်နှာကို လှည့်ကြည့်ပြီး မြို့စား ကျေနပ်မှာလား''

''အင်း . . . ကျေနပ်ပါတယ်''

''နောက်ပိုင်း ကိစ္စတွေကရော မြို့စားနဲ့ မဆိုင်တော့ဘူးနော် မြို့စား''

''ကျုပ်တို့ကို အမျှဝေရင် ကျေနပ်ပါတယ် အဘ''

''အမျှ ဝေမှာပါ။ အင်း . . . လူတွေဟာ တပ်မက်မှုတဏှာ ကြောင့် လောဘဖြစ်ကြတယ်။ အဲဒီ လောဘကြောင့် ဒေါသဖြစ်ကြ လောဘ







www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သကြောင့် ပူပန်ကြောင့်ကြမှု မောဟတွေဖြစ်ပြီး နောက်ဆုံး ဘဝကူး မကောင်းကြတာပဲ။ အကြောင်းကြောင်းကြောင့် မြို့စားကတော် အမျှ နိုင်ခွင့်မရခဲ့ရင် . . .''

''ပြောပါ အဘ . . . ပြောပါ၊ ကျွန်ုပ် နားထောင်နေပါတယ်''

''ကျုပ် အမျှဝေရင် မြို့စား သာဓုခေါ်ပါ''

မြို့စား နွမ်းလျတဲ့မျက်နှာနဲ့ ငါ့ကိုကြည့်လိုက်၊ အဝေးတစ် နေရာကိုငေးလိုက်၊ ပြီးတော့ ခေါင်းကို အသာညိတ်လိုက်တယ်။ ပြီး . . . မျက်နှာမော့ အားကိုးတဲ့အကြည့်နဲ့ကြည့်ပြီး သုံးဦးစလုံး နှုတ်မဆက်ဘဲ ပြန်သွားတယ်။

ငါ ပုတီးအာရုံပေါ်မှာ တမလွန်ရောက် မြို့စားတို့ရဲ့ဘဝ အလွမ်း ပုံရိပ်တွေ လာထင်နေတယ်။ ငါ ပုတီးပေါ်မှာ စိတ်မရှိတော့ဘဲ သူတို့သွား ရာနောက်ကို မျက်စိနဲ့လိုက်ကြည့်နေချိန် သူတို့သုံးဦး စိုက်စိုက်စိုက်စိုက် နဲ့ ဝေးဝေးသွားစဉ်မှာပဲ . . .

''အား . . .''

''လာကြပါဦး . . . လာကြပါဦး''

ဒေါ်သစ္စာရှိနေတဲ့ ဟိုးနောက်ဘက်အခန်းက ဒေါ်သစ္စာရဲ့ ကြောက်လန့်တကြား အော်သံကြောင့် ငါ ပြန်အသိဝင်လာပြီး နားစွင့် လိုက်ရော . . .

''လာကြပါဦး . . . ရာကျော် . . . ရာကျော် . . . လာပါဦး၊ ကယ် ပါဦး''

ဒေါ်သစ္စာရဲ့ အသံကွ။

ကြောက်လန့်တကြား ငယ်သံပါအောင် အော်လိုက်တာဟေ့။

ဘယ်သူမှ နိုးတဲ့အသံ၊ လှုပ်ရှားတဲ့အသံ မကြားဖူးကွ။

ငါ စိတ်ပုတီးကို လည်မှာဆွဲလိုက်ပြီး ဒေါ်သစ္စာရှိရာအခန်းဆီ ပြေးသွားလိုက်ရော . . .

''ဟာ . . .''

''ရာ . . . ကျော် . . . ငါ့ . . . ကို ကယ် ပါ ဟီး . . . ဟီး . . .





မြွေငန်းကြီးကွာ . . . အရှည်နှစ်လံခန့် ရှိတယ်ဟေ့။ အလုံးက လူကြီးလက်မောင်းလုံးနီးပါးခန့် ရှိတယ်ကွ။ ပါးပျဉ်းကြီးထောင်ပြီး ဒေါ်သစ္စာ ကို ပေါက်တော့မည့်ဟန်နဲ့ မိုးထားတာ။

ဒေါ်သစ္စာ မျက်နှာကိုလက်ဝါးနဲ့အုပ်ပြီး ခုတင်ပေါ်မှာ တုန်ခါ အော်ဟစ်နေတာ။ ငါ မြင်မြင်ချင်း ဘာလုပ်ရမှန်း မသိဘူးကွာ။ ဒီလောက် ဆူညံနေတာ ဘယ်သူမှမနိုးဘူး။

အပေါ်ထပ်ကပဲ မကြားလို့လား။

ဒါမှမဟုတ် ငါမသိခင် အပြင်ကို သွားကြရော့လား။

ငါလည်း အထဲကိုဝင်လို့မရ။

ငါ တံခါးကို လက်နဲ့တဝုန်းဝုန်းထုပြီး ခြောက်လှန့်တော့ မြွေက ငါရှိရာကိုလှည့်ပြီး လိုက်ရှာနေတယ်။ တံခါးထုလိုက်၊ သံတိုင်ကြားက လှမ်း ကြည့်လိုက်၊ သံတိုင်အောက်ခြေက အုတ်ခါးဝက်ခန့်ရှိတော့ ပြေးကြည့် လိုက်။

ဒါ . . . ငန်းကြီး၊ တောကြီးမြွေဟောက်ခေါ်တယ်။ အဆိပ်ပြင်းပြီး အငြိုးကြီးတဲ့ မြွေဆိုးကြီး၊ တောနက်ကြီးတွေထဲမှာပဲ အသိုက်လုပ်နေတဲ့ မြွေဆိုး။

ဒီတောကြီးမြွေဟောက်က ငါ့လည်းတွေ့ရော လည်ပင်းကိုဆန့် ပါးပျဉ်းကို ပိုကားလိုက်ပြီး ဒေါသဖြစ်သွားတာ။

''ဖြီး . . . ဖြီး . . .''

ဒီကောင်ကို ခြောက်လှန့်လို့ မရတော့ဘူး။ ငါ မြွေလမ်းလွှဲမန္တန် ကို ခနစ်အုပ်ရွတ်လိုက်တယ်။

''ဥုံ . . . သဗ္ဗိ သဗ္ဗေ ကုတ္တိစန္ဒရော သွားဟ သွားဟ ထွက်သွား ဟ''

ငါ သူ့တက်လို့ရနိုင်တဲ့ သံတိုင်ကြားကို လက်ညှိုးထိုးပြီး မန်းမှုတ် လိုက်တယ်။ တောကြီးမြွေဟောက်က ငါရွတ်တဲ့မန္တာန်လည်းကြားရော ဖြီး . . . ဖြီး . . . အော်ပြီး ဒေါသတွေထွက်၊ ငါ့ကို မီးဝင်းဝင်းတောက် မျက်လုံးနဲ့ကြည့်ရင်း ရှေ့တိုးတိုးလာတာ။



www.burmeseclassic.com

www.burmeseclassic.com



ငါကလည်း သံတိုင်နှစ်ခုကြားကို လက်ညှိုးနဲ့ ခေါက်ပြပြီးရွတ်သူ ဂဏှာမငြိမ်ဖြစ်ပြီး ရှည်လျားတုတ်ခိုင်တဲ့ အမြီးကြီးကို လွှန့်တာများ ငါ့လူရာ အသည်းယားစရာ။ သွေးပျက်ချင်စရာပဲ။

"ဦး ဆဗျာပုတ္တေဟိ"

"ဦး ဆဗျာပုတ္တေဟိ"

"ဦး ဆဗျာပုတ္တေဟိ"

"ဦး ဆဗျာပုတ္တေဟိ"

ငါ ခုနစ်ခေါက်မန်းနေစဉ်မှာပဲ ဒီကောင် လုံးဝရပ်တည်လို့ မရတော့ဘူး။ ပါးပျဉ်း ဘယ်ညာရွေ့နောက် ကြောက်လန့်သဏ္ဌာန်နဲ့ လှည့်ကြည့်ပြီး အောက်ခံအုတ်အသားကိုကျော်လို့ သံတိုင်ကြားကနေ ခပ်သွက်သွက် ထွက်လာပါရော။

လျှာခနဲ၊ ရဲခနဲ တက်ပုံဆင်းပုံက မင်းသာမြင်ရင် သွေးလန့်ပြီးသေနိုင်တယ်။ ဒီကောင် အပြင်စင်္ကြံလမ်းပေါ် ရောက်နေပြီ။

ငါ့ကိုလည်း စောင်းငန်းစောင်းငန်း ကြည့်နေတယ်။

မပေါက်ရဲဘူး။ မကိုက်ရဲဘူး။

အပြန်လမ်းပေါ်ရောက်တော့မှ ငါ မန္တာန်တစ်ပုဒ်ကို ရွတ်ဆိုလိုက်ပြန်တယ်။

"ဦး ဆဗျာပုတ္တေဟိမေ မေတ္တံ မေတ္တံ"

ဒီမန္တာန်က မြွေလာရာအရပ်ကိုသွားစေတဲ့ မန္တန်ကွ။ ဗုဒ္ဓဘုရားရှင်ရဲ့ ပရိတ်။

တောကြီးမြွေဟောက်ကို လက်ညှိုးထိုးပြီး ငါ ဦးခံပြီးရွတ်ရောလူးကာလွန့်ကာ လည်ပင်းထောင်ကာနဲ့ စင်္ကြံလမ်းအတိုင်း ပြေးတာ။ ငါ သူပြေးရာနောက်ကို လိုက်ကြည့်မလို့ လုပ်သေးတယ်။

ဒါပေမဲ့ မလိုက်တော့ဘူး။

ငါ့လူနာ (တစ်နည်း) မြို့စားကတော်ရဲ့ ကြောက်လန့်စိတ်ကို ပြေပျောက်အောင် ငါလုပ်ပေးမှရမှာ။

"ဒေါ်သစ္စာ ... ဒေါ်သစ္စာ ..."





"ကြောက် ... တယ် ... ငါ ... ကြောက်တယ်"

"မြွေ ... မရှိတော့ပါဘူး ဒေါ်သစ္စာ။ မျက်နှာမော့ပါ"

သူ မျက်နှာကို ဖြည်းဖြည်းချင်း မော့ကြည့်တယ်။

ဖွားလျားကျတဲ့ဆံပင်တွေက သူ့လည်ပင်း၊ ရင်ဘတ်နဲ့ ကျောတုန်းပေါ်မှာ ပြန့်ကျဲလို့။

"မြွေရော ... မြွေ ... မြွေ ..."

"ကျုပ် မောင်းထုတ်လိုက်ပါပြီ။ ဘယ်လိုဖြစ်တာတုံး"

"ငါ ... ငါ ... ဘုရားရှိခိုးပြီး အိပ်မလို့လုပ်တယ်။ ပြီး ... ငါ ... ငါ ... ဟိုတုန်းက အကြောင်းတွေရော၊ အခု ဖြစ်ပျက်နေတဲ့ အကြောင်းတွေကိုရော စဉ်းစားနေတုန်း ဖူး ... ဖြီး ... ဆိုတဲ့အသံကြားလို့ လန့်ပြီးထကြည့်ချိန်မှာ မြွေဆိုးက ငါ့ကိုပေါက်မလို့ ပါးပျဉ်းထောင်လာတာမြင်ပြီး ... ဘုရား ဘုရား ..."

"မြို့စားကတော်"

"အင် ... ဟင် ..."

"သေချင်တယ်လို့ပြောပြီး ဘာလို့အော်ရတာတုံး"

သူ ငါ့မေးခွန်းကြောင့် ရှက်သလိုဖြစ်ပြီး ငါ့ကို မဝံ့မရဲနဲ့လည်း ကြည့်တယ်။ အားကိုးကြီးစွာနဲ့လည်း ကြည့်တယ်။

"ပြောပါ"

"ငါ ... ငါ ... ဘဝကူးမကောင်းတဲ့ သေချင်းမျိုးနဲ့ မသေချင်ဘူး ကိုရာကျော်"

"မသေချင်ရင် မသေတဲ့နည်းကိုပဲ သုံးကြတာပေါ့ဗျာ။ ရဲရဲသာအိပ်ပါ။ အကြောင်းရှိရင် အော်လိုက်နော်"

ငါပြောပြီး ငါ့အခန်းရှိရာကို ပြန်ခဲ့လိုက်တယ်။

ငါ ... စဉ်းစားကြည့်တယ်။

မြို့စားကတော်ကို ထားခဲ့ပြီး ငါ ... ထွက်သွားရမလား။

ငါ ... ထွက်သွားရင် မြို့စားကတော် ဘယ်လိုဖြစ်မှာလဲ။

ငါ့မျက်လုံးထဲမှာ ...



www.burmeseclassic.com

www.burmeseclassic.com



မြို့စားရဲ့ အတ္ထုပ္ပတ္တိပေစာထုပ်ကို အစဉ်အဆက်ထိန်းသိမ်းပြီး မြို့စားကတော် လက်ထဲပေးချင်တဲ့ ဘဘုန်းအိုရဲ့ မျက်နှာကိုလည်း မြင်နေတယ်။

ဒါနဲ့အတူ ...

မြို့စားလေးသံယောဇဉ်ရဲ့ ချစ်ဇနီးကို မျှော်လင့်တွေ့ချင်လွန်းတဲ့ ပရသားဘဝ။

ချစ်ဇနီးကို တစ်သက်တာစားဖို့ ပစ္စည်းတွေ ရင်ဘတ်ပေါ်တင်၊ ကျောက်ခေါင်းတလားထဲက အစွဲအလမ်းကြီးစွာ စောင့်နေတဲ့ မကျွတ်မလွတ်ဘဝ။

ပြီး ... မြို့စားနဲ့အတူ ဘဝကူးမကောင်းစွာ ကျောက်တလားသင်္ချိုင်းဂူကို စောင့်နေကြတဲ့ သူ့ရဲ့သွေးသောက် သစ္စာရှင်တွေရဲ့ဘဝ။

ပြီး ... ငါ့ကို အိပ်မက်ထဲမှာလိုလို ...

မျက်မြင်ထင်ရှားလိုလို ... ကိုယ်ထင်ပြပြီး အကူအညီတောင်းရင်း အဖေလို့ခေါ်ခဲ့တဲ့ မြို့စားလေး။ သူ့ရဲ့ အဖေလို့ခေါ်တဲ့ ဆို့နင့်သံ ငါ နားထဲကြားနေရတယ်။ ငါတို့ ဟိုး ဘဝဘဝတွေက အဖေနဲ့သားများ တော်စပ်ခဲ့ရော့လား။

ငါ ဝတ္ထုဆန်တဲ့ တကယ့်ဖြစ်ရပ်ကို ကြုံခဲ့ပြီ တပည့်။

အခု ငါ ... ရန်သူကိုတွေ့ပြီ။

လောဘသား၊ အဓမ္မသားတွေကို တွေ့ပြီ။

နာမည်ကျော် လူကြီးလူကောင်း အယောင်ဆောင်၊ ဓားပြလူသတ်သမား၊ တစ်ကိုယ်ကောင်းသမား၊ တောကြီးမြွေဟောက်ကို ငါ တွေ့နေရပြီ။

မယုံနိုင်စရာ မြို့စားကတော် ဒုက္ခသည်ကို ငါတွေ့နေပြီ။

ငါ ရှေ့မှာ ဓမ္မနဲ့အဓမ္မ အားပြိုင်နေတယ်။

ငါ ဓမ္မဘက်ကလိုက်ရင် သေကွင်းတွေကို ကျော်ရမယ်။

အဓမ္မဘက်ကလိုက်ရင် ချမ်းသာမယ်။





ဆရာကြီးတစ်ဆူအဖြစ် ဩဇာကြီးမားမယ်။ ဒါပေမဲ့ ဘတိုက်ပုံဦးရာကျော်ဆိုတဲ့ဘဝ စွန်းထင်းညစ်ထေးပြီး ငါ့ဆရာသခင်တွေက ငါ့ကို အထိခတ်ကြလိမ့်မယ်။

ဆရာသခင်တွေက ငါ့ကို တာဝန်ပေးခဲ့တာရှိတယ်။

ဂန္ဓာရီလမ်းမှာ သွားရင်းလာရင်း ကြုံကြိုက်ခဲ့ရင် မကောင်းသူ သေမယ်၊ ကောင်းသူ ကယ်ရမယ်တဲ့။

ကောင်းသူတစ်ယောက်ကိုလည်း မျက်ရည်ကျအောင် မလုပ်ရဘူး။

မျက်ရည်ပူကျတာမြင်ရင်လည်း မေတ္တာလက်နဲ့ မျက်ရည်သုတ်ပေးရမယ်။ အဝိဇ္ဇာအမိုက်ကို ဝိဇ္ဇာအလင်းတိုက်ရမယ်။

မေတ္တာထား၊ ကရုဏာထား၊ မုဒိတာထား။ မရတော့မှ ဥပေက္ခာတရားနဲ့ရှုတဲ့။

အခု ... အဓမ္မသမားတွေရဲ့ လောဘခြေဖဝါးကြမ်းအောက်မှာ နင်းသားတဲ့မိန်းမသား အဘွားအိုတစ်ဦး နှိပ်စက်ညှဉ်းပန်း ကြိုးကိုင်ရာ က,ရသည့်ဘဝ ရောက်နေတယ်။

ငါ ... ဒီ မတရားတဲ့ အဓမ္မလောင်းရိပ်သတ်ကွင်းထဲမှာ သူ့ကို ထားခဲ့ပြီး ရှောင်သွားရင် ငါ လူမဟုတ်တော့ဘူး။

ဒီည မြင်ရတဲ့မြင်ကွင်းက ...

မြွေနဲ့ တိုက်သတ်တာလား။

မြွေနဲ့ ခြိမ်းခြောက်တာလား။

တောကြီးမြွေဟောက်ခေါ် အာဠာဝက,က ပေါ့သေးသေးတော့ မဟုတ်ဘူး။ မြွေကိုနိုင်နင်းပုံရတယ် ... မောင်မှိုင်းရေ။

ငါ့ပညာက လူသတ်တဲ့ပညာ မဟုတ်ဘူးကွာ။

ငါ ... သူတို့လူစုကို ပညာနဲ့လုပ်ခဲ့ရင်ရတယ်။

ဒါပေမဲ့ ...

အပြင်မှာ သူတို့လူတွေ (၂၄)နာရီဝိုင်းထားပြီး ငါတို့ကို စောင့်ကြည့်နေတာ။ ငါ သေနတ်မပြီးဘူး မောင်မှိုင်း။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင်းကြောင့်၊ ဒါမှမဟုတ် ငါ့စရဏအားကြောင်းကံကောင်းစွာ ကျည်လွဲသေနတ်ပြီးခဲ့သည့်တိုင် ငါနံ့သေးမှာရှိတဲ့လူကိုတော့ ကျည်ဆန်ထိမှာပဲ။

မြို့စားကတော်လည်း ကျည်သင့်မှာပဲ။

မင်း အနားမှာရှိနေလည်း ကျည်သင့်မှာပဲ။

လူချင်းယှဉ်ပြီး ဓားချင်းတုတ်ချင်း ငါ ယှဉ်ရဲတယ်။

လူအုပ်နဲ့ဝိုင်းခုတ်၊ ငါ ရှောင်ထွက်လို့ရတယ်။

ငါ စိုးရိမ်တာ ငါ့နံ့သေးက မရှောင်မပြေး၊ မခုခံနိုင်တဲ့သူ့ရဲ့အသက်ပဲ။ ခက်တယ် ငါ့လူ။

မြို့စားကတော် ခေါင်းကြောမာတယ်။

သူသေရင် သူ့လင်ပစ္စည်း ဘယ်သူမှမရနိုင်မှန်းသိနေတော့ တင်းခံနေတယ်။ ဟိုကောင်တွေက နောက်ဆုံးအဆင့် ငါ့ကို မသတ်သည့်တိုင် သူ့ကိုတော့ သတ်မှာသေချာတယ်။ မစားရတဲ့အမဲ သဲနဲ့ပက်မှာလေ။

သူတို့မရရင် အခြားသူလည်း မရစေရဘူး။

မြို့စားကတော်ကို သူတို့ တော်ရာခေါ်သွားပြီး ရှင်းပစ်လို့ရတယ်။ ဒါ . . . သူတို့နယ်မြေ။ ဒီနယ်မြေမှာ လူတစ်ယောက်သတ်တာ ဘာမှမဆန်းဘူး။ ငါ့ရှေ့တော့ သတ်မှာမဟုတ်ဘူး။

ငါ့ရှေ့မှာ ပြောင်သတ်ရင် ငါလည်း မြို့စားကတော်နောက် လိုက်ရဖို့ သေချာတယ်။

မြို့စားကတော် သေသွားတာ သေချာရင်တော့ . . .

ငါလည်း ငါ့ရဲ့လွတ်မြောက်ရာလမ်းအတွက် ပညာစုံသုံးပြီး သူတို့နဲ့ သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ရတော့မှာပဲ။

အခု မင်းကိုငါပြောချင်တဲ့ အဓိကအချက်ကို နားထောင်တော့ မောင်မှိုင်း အရေးကြီးတဲ့အပိုင်းကို ရောက်လာပြီ ငါ့လူရေ။

✿ ✿ ✿

# [၆၃]

❑

" ဆရာကြီး . . ."

"ပြောပါ . . . အာဠာဝက၊ ဘာလဲ"

ငါ့ကို သူတို့နှစ်ဦးက သီးသီးသန့်သန့် အပေါ်ထပ်မှာ ခေါ်တွေ့တာကွ။

"ဆရာကြီး ကျုပ်တို့ကို ကူညီပါဦးဗျာ"

"ငါ . . . ဒေါ်သစ္စာရဲ့ ဝေဒနာကို ကုပေးပြီးပြီလေကွာ"

"ဟုတ်ပါတယ်။ အဲဒီအတွက် ကျေးဇူးတင်ပါတယ်။ ဆရာကြီးကိုတော့ ယုံကြည်လို့ လျှို့ဝှက်တဲ့ကိစ္စ ဖွင့်ပြောရတော့မှာပဲဗျာ"

"ဘာကိစ္စတုံး"

"ဒီဒေါ်သစ္စာက ကျွန်တော်တို့ရဲ့ အဘွားပါ"

"ဟုတ်တယ်လေ . . . ဆွေမျိုးအရင်းညစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



ငါက မသိချင်ယောင်ဆောင် ပြောရတာပေါ့ကွာ။

''တောက်ထွန်းနဲ့ ကျွန်တော်က ညီအစ်ကိုဝမ်းကွဲပေါ့''

''ဩော် ... ညီအစ်ကိုတွေကိုး''

''ဒီအကြောင်း ဆရာကြီးကို ယုံကြည်လို့ပြောတာပါ။ ဘယ်သူ့မှတော့ ပြန်မပြောစေချင်ဘူးဗျာ''

''အေး ... ပြော''

''ဒီလို ဆရာကြီးရေ ... ကျွန်တော်တို့အဘိုးက မြို့စားဗျ''

''အလို ... မင်းတို့အဘိုးက ဘယ်မြို့စားတုံး''

''မြို့သစ်မြို့စား။ နာမည်က ...''

''နာမည်က ဘယ်သူလဲ''

''မြို့စားသံယောဇဉ်''

''ဟင် ...''

ငါက အံ့ဩသယောင်ပြုတော့ သူတို့ကလည်း ယုံယုံကြည်ကြည် ပြောသကွ။

''မြို့စားရဲ့ကတော်က ဒေါ်သစ္စာပဲ''

''ဟေ ... ငါ့ကိုဘာလို့ စောစောက မပြောတာတုံး''

''ပြောသင့်မပြောသင့် စဉ်းစားနေတာပေါ့ ... ဆရာကြီးရာ။ ဒီလျှို့ဝှက်ကိစ္စက အပြင်မှာ အချို့သိတဲ့လူ သိနေတယ်ဗျ။ သို့သော် ကျုပ်တို့လောက် မသိကြဘူး''

''ဒါဖြင့် ဒေါ်သစ္စာရဲ့နာမည်က နာမည်အရင်းပဲလား''

''ဟုတ်တယ်ဗျ''

ငါ ကြိတ်ပြီး ရင်ထဲမှာ ပြုံးလိုက်တယ်။ ညာကြ၊ ဖြီးကြဦးပေါ့။

''မြို့စားက ပါတော်မူပြီးနောက်ပိုင်း အတန်ကြာ တိုက်ပွဲတစ်ခုမှာ ဒဏ်ရာရသွားတယ်။ သူတို့ လျှို့ဝှက်ဥမင်ထဲမှာ ပုန်းခိုရင်း ဒဏ်ရာကိုကုစားခဲ့တယ်။ မြို့စားကမသေခင်မှာ သူ့ဇနီးအတွက် ပစ္စည်းတွေထားခဲ့တယ်''

''ဘယ်မှာ ထားတာတုံး''





''သူ့ကျောက်ခေါင်းတလားထဲမှာ ထားခဲ့တာ။ သူ့နောက်လိုက်များပည့်တွေက စောင့်ရှောက်ရင်း နောက်ဆုံး သေဆုံးကုန်ကြတယ်။ အဘိုးကမသေခင်မှာ သူ့ဘဝနဲ့ သူ့ဇနီးအပေါ် တာဝန်မကျေပွန်ပုံကို ပေစာနဲ့ ရေးခဲ့တယ်။ သူ့ချစ်ဇနီး မသေသေးရင် လာယူပါ။ သူ့အပေါ်မှာ သစ္စာရှိသေးတယ်ဆိုရင် သူ့ခေါင်းကို ဖက်ငိုပါ။ မျက်ရည်ကျတာနဲ့ ကျောက်တလားခေါင်းဖုံးပွင့်ပြီး ဇနီးသည်အတွက်ထားတဲ့ ပစ္စည်းတွေ အကုန်ယူလို့ ကောင်းမှုကုသိုလ်လုပ် အမျှဝေပါတဲ့။ ဇနီးသည်ကွယ်လွန်သွားခဲ့ရင်တော့ နောင်ပွင့်မည့် ဘုရားရှင်ကို ရည်စူးပြီး ထိုက်တဲ့လူ သာသနာပြုနိုင်ပါစေလို့ ရေးခဲ့တယ်။ ဒီပေစာအရ အဖေတို့၊ ဦးလေးတို့လည်း အဘွား မြို့စားကတော်ရဲ့နောက်ကြောင်းကို လိုက်စုံစမ်းခဲ့တာ။ အချိန်တွေကြာပြီး မတွေ့ခဲ့ကြဘူး။ နောက်ဆုံး ကျုပ်တို့ညီအစ်ကို တာဝန်ထားခဲ့လို့ မယုံနိုင်စရာ ဇာတ်လမ်းကို စုံစမ်းရင်း အဘိုးမြို့စားရဲ့ မြေအောက်ဂူသင်္ချိုင်းကို ကံကောင်းထောက်မစွာ တွေ့ခဲ့ရတယ်''

''ဒါဆို မင်းတို့ ပစ္စည်းတွေရခဲ့ပြီပေါ့''

''မရဘူး။ လုံးဝ ယူလို့မရဘူး''

''ဟ ... ဘာဖြစ်လို့ မရတာတုံးကွ''

ငါကလည်း မသိချင်ယောင်ဆောင် မေးတာပေါ့။

''အထဲမှာ အလွန်ကြမ်းတဲ့ တစ္ဆေရှိတယ်။ နှောင့်ယှက်တယ်''

''မင်းတို့ချည်းပဲ သွားတာလား''

''ပထမအခေါက်မှာ ဟုတ်တယ်။ ဒုတိယအခေါက်မှာ အဘွားအသက်ရှင်တာ စုံစမ်းသိရှိပြီး အဘွားနဲ့သွားယူတာ။ အလွန်ထူးဆန်းတဲ့ တစ္ဆေတွေက ယူလို့မရအောင် နှောင့်ယှက်လို့ ပြန်ထွက်ပြေးခဲ့ရတယ်။ အဲဒီကစပြီး အဘွားလည်း စိတ်နောက်သလိုဖြစ်သွားပြီး ခေါ်လို့မရတော့ဘူး။ အခု ဆရာကြီး ကုသပေးလို့ ပုံမှန် ပြန်ဖြစ်သွားပါပြီ။ အဲဒါ အဘွားနဲ့ တိုင်ပင်တော့ ဆရာကြီး ဦးပခန်းကျော်ပါလိုက်ပါရင် သူသွားမယ်တဲ့''

''ဟေ ... ဟုတ်ရဲ့လား တော ... အဲ ... အာဠာဝကရာ ... ဘင်''



www.burmeseclassic.com

www.burmeseclassic.com



ငါကလည်း ငါပါကွာ . . . ပါးစပ်ကနေ လွှတ်ခနဲ "တော" ဆိုတဲ့ စကား ထွက်သွားတာကွ။ အမှန်က "တောကြီးမြွေဟောက်ရာ ဟင်" လို့ ပြောလိုက်မလို့။ မှားသွားမယ်မှန်းသိပြီး တောမှာရပ်လိုက်တော့ ဒီကောင်ကလည်း လျှင်မြန်ပါးနပ်တယ်ဟေ့။

"ဆရာကြီး . . . တောလို့ပြောလိုက်တယ်။ ဘာတောလဲဟင်"

ဝွကျပါရောဟေ့။ ဒါနဲ့ ပြောရတာပေါ့။

"မနေ့ညက မြွေဆိုးတစ်ကောင် ဝင်လာတယ်ကွ"

"ဟုတ်လား။ ဘာမြွေတုံး ဆရာကြီး"

"တောကြီးမြွေဟောက်"

"ဟင် . . ."

"ဗျာ . . ."

"မင်းတို့ မသိကြဘူးလား"

"မသိဘူး။ အဖေကြီးပြောမှ သိရတာ။ ကျွန်တော်တို့ ညက သောက်တာများပြီး အိပ်ပျော်သွားတယ်။ မြွေကို ဆရာကြီး တွေ့လိုက်တယ် ဟုတ်လား"

"အေး . . ."

"ဆရာကြီး မသတ်လိုက်ဘူးလား"

"ဘာလို့ သတ်ရမှာတုံး။ မြွေက မြွေသူတော်ကောင်းကွ"

"ဗျာ . . ."

သူတို့ ငါ့စကားကြောင့် အံ့သြပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြရောဟေ့။

"မြွေသူတော်ကောင်းကွ။ ဒါ သိုက်ကလာတာ။ သူ့ရဲ့ ရှေ့တော်မျိုးတော်ရှိရာကို လာတာ"

"ဟုတ်လား"

သူတို့ကလည်း ငါ့ကို လိမ်ညာ။ ငါကလည်း သူတို့ကိုလိမ်ပြီး သူတို့ကလည်း မယုံတယုံနဲ့ အံ့သြ။

"နိမိတ်ကောင်းပဲကွ။ အာဠာဝကရဲ့"





"ဟုတ်လိုက်လေ ဆရာကြီးရာ"

"တိုတိုပြောရရင် အဘွားကလည်း ကျွန်တော်တို့ စေတနာကို နားလည်ပြီး ပြောပါတယ်။ ငါနဂိုပုံမှန်စိတ် ပြန်ရောက်နေပြီ။ နင်တို့ချည်း သွားလို့တော့ ရမှာမဟုတ်ဘူး။ ဆရာကြီး ပခန်းကျော်ကိုခေါ်၊ ဂူထဲက အစောင့်၊ ပြိတ္တာ၊ တစ္ဆေတွေကို ဆရာကြီးပခန်း ပညာနဲ့ နှင်ခိုင်းတဲ့။ ရတဲ့ ပစ္စည်းတွေကို နင်တို့လည်း ပင်ပန်းခံရလို့ တစ်ဝက်ယူ၊ ငါ့လည်း တစ်ဝက် ပေး၊ ဘုရားတည်၊ ကျောင်းဆောက်ပြီး ငါ့လင်နဲ့ သူ့တပည့်တွေကို ကုသိုလ်ပြု အမျှဝေမယ်တဲ့ ဆရာကြီးရယ်"

"မင်္ဂလာစကားပဲဟေ့"

"ဟုတ်ပါ့ဗျာ"

"ငါကလည်း ဒီစကားမျိုး ကြားချင်တာပဲကွ။ ဒီနေ့ကတော့ ဘာကယ့်ကို မင်္ဂလာရှိတဲ့နေ့ပါလား တောက်ထွန်းရေ . . . ဟေ"

"ဟုတ်ပါ့ အဖေကြီးရာ။ အဖေကြီးနဲ့ ကျွန်တော်တို့နဲ့ကတော့ ရှေးဘဝကံပါရမီလည်းတူတော့ ဒီဘဝ ရေစက်ပြန်ဆုံတာပဲ အဖေကြီးရ"

"ဟုတ်လိုက်လေ . . . ငါ့လူရာ"

တောက်ထွန်းကလည်း မဲ့သံနဲ့ ငါ့ကို ဖြီးသကွ။

ငါကလည်း ပြုံးပြုံးကြီးနဲ့ ရောလိုက်ပေးရင်း ဟန်ကျသဟေ့။

"မင်းတို့အစီအစဉ်ကို ပြောဦး။ ဘယ်လိုလုပ်မှာတုံး"

"ဆရာကြီး ကူညီမှာမဟုတ်လား"

"ဟ . . . တောက်ထွန်းရေ မင်းက ငါ့တပည့်လေကွာ။ ငါ . . . မင်းတို့ကိုကူညီမှ ငါလည်း ဒီတစ်သက် ချမ်းသာမှာမဟုတ်လားဟ ဟေ"

"ဟား . . . ဟား . . . ဟား . . . ဟုတ်လိုက်လေဗျာ။ ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . . ကံကောင်းပြီဗျို့ . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဒီလိုရှိတယ် . . . ဆရာကြီး"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"သန်ဘက်ခါသွားမယ်လို့ အစီအစဉ်ရှိတယ်"

"နေဦး ... သန်ဘက်ခါက ဘာနေ့ ... အဲ ... တနင်္ဂနွေနေ့ကြီးကွဲ့။ ခဏလေး ... ငါ တွက်လိုက်ဦးမယ်ဟေ့။ 'တိထိ'နဲ့ ကြည့်ရမယ်ကွ"

"တိထိဆိုတာ ဘာတုံး ... ဆရာကြီး"

ငါကလည်း ဒီ ဝတုံးလောကသားတွေကို ရှင်းပြရသေးသကွ။

အမှန်က ဒီပညာနဲ့ သူတို့အလုပ်နဲ့ မတန်ဘူး။

သို့သော် ငါလုပ်ရမည့်အလုပ်ရဲ့ ကံကောင်းချိန်ကို တွက်ရသေးတယ်။

"မှတ်ထားကွ။ တိထိဆိုတာ မင်္ဂလာအခါတော် အချိန်နေ့ကိုပြောတာ။ မြန်မာမှာ လဆန်း (၁၊ ၆၊ ၁၁)ရက်နေ့တွေမှာ တနင်္ဂနွေနဲ့ သောကြာနေ့က နန္ဒာတိထိလို့ခေါ်တယ်။ စန်းအားနည်းတယ်။ လုပ်ကိုင်ရင် ဖြစ်နိုင်ခြေ အားနည်းတယ်။ နောက်တစ်နည်း လဆုတ် (၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅) ရက်တွေက စန်းအားနည်းတယ်။ အဲဒီနေ့တွေကို ဟိနစန်း။ ဟိနတိထိလို့ ခေါ်တယ်။ မကောင်းကျိုးကို ပေးတတ်တယ်။ လဆန်း (၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅) ရက်တွေကျတော့ စန်းအားကြီးတယ်။ ဒါ့ကြောင့် အဓိဗလဝဆန်း၊ အတိဗလဝတိထိလို့ခေါ်တယ်။

အဲဒီနေ့မျိုးကို အလုပ်အစီအရင် လုပ်ရတယ်။

ခု မင်းတို့ပြောတဲ့နေ့က လဆုတ်(၁၁)ရက် ဖြစ်နေပြီ။ ဟိနစန်း ဟိနတိထိ၊ မလုပ်နဲ့ ရန်များတယ်ကွ။

လဆန်းရက်ကိုစောင့်။ ငါလည်း သုံးရက်အဓိဋ္ဌာန်ဝင်မယ်။

လဆန်းငါးရက်နေ့က စန်းအားကောင်းတယ်။ အဲဒီနေ့ကိုသွား။ ဒီလိုမှမဟုတ်ဘဲ မင်းတို့ပြောတဲ့နေ့ဆို ငါမလိုက်ဘူး။ မင်းတို့ သွားရင်လည်း ပျက်စီးဒုက္ခရောက်မှာပဲ။ ဘယ်လိုလဲ"

"ဒါဆိုလည်း ဆရာကြီး ကောင်းတယ်လို့ယူဆတဲ့နေ့ သွားကြတာပေါ့"

"ကျွန်တော်တို့က တစ်ခုပဲစိုးရိမ်တာ"





"ဘာစိုးရိမ်တာတုံး"

"မြို့ဘက်အဖွဲ့တွေ အလျင်ဝင်သွားမှာစိုးလို့"

"မြို့စားကတော်မပါဘဲ သွားယူလို့ရမှာလား"

"အဲ ... အဲလိုတော့ မရနိုင်ဘူးလေ။ လူအင်အားနဲ့ ချိုးဖျက်ပြီးယူရင် ရသွားနိုင်မလားလို့"

"မင်းတို့ရော အဲဒီလို လုပ်မကြည့်ဘူးလား"

"အဲ ... အဲ ... လုပ်လို့မရဘူး ... ဆရာကြီး"

"အာဥာဝက"

"ပြောပါ ... ဆရာကြီး"

"အခု မင်းတို့ရယ်၊ ငါရယ်၊ မြို့စားကတော်ရယ် စွန့်စွန့်စားစား သဘောတူညီစွာနဲ့ ပစ္စည်းသွားယူမှာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"မင်းတို့ ငါနဲ့မြို့စားကတော်ပါမှ ပစ္စည်းရမှာ"

"ဟုတ်ပါတယ်"

"မင်းတို့ အဘွားတော်ပဲလေ။ မင်းတို့ ငါ့ကို အမှန်အတိုင်းပြောပြပါ။ မင်းတို့ အဘွားတော်နဲ့အတူ သွားခဲ့တယ် ... ဟုတ်လား"

"ဟုတ်ပါတယ်"

"အဘွားကြီးပါသည့်တိုင် မင်းတို့မကြုံဖူးတဲ့ ဥစ္စာစောင့်လို့ခေါ်တဲ့ ဥစ္စာစောင့်တွေကြောင့် မရခဲ့ဘူး"

"ဟုတ်ကဲ့"

"မင်းတို့ ပြောပုံအရပေါ့။ ကျောက်တလားအဖုံးကို မ,ပြီးဖွင့်နိုင်ရင် ရနိုင်တယ်။ မင်းတို့ ဖွင့်ခဲ့သေးတယ် မဟုတ်လား"

ဒီကောင် မပြောဘူး။ ငါ့ကို စိုက်ကြည့်နေတယ်ကွ။

"မင်းတို့ အထဲမှာကြုံရတဲ့ ဖြစ်ရပ်ဆန်းကြယ်တွေ၊ မယုံနိုင်စရာတွေကိုပြောပြမှ ငါတို့ ဘယ်လိုပညာပိုင်းနဲ့ ရှင်းရမှာလဲ စဉ်းစားလို့ရမှာလေ။ မင်းတို့အတွေ့အကြုံ အခက်အခဲကိုသိရမှ ငါ ဘယ်လိုလုပ်ရမယ်ကို စဉ်းစားလို့ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ငါ့စကားဆုံးတော့ မျက်လွှာချပြီး ပြောပြတယ်။

“ကျုပ်တို့ ကျောက်တလားအဖုံးကို တူတွေနဲ့ထုခွဲတယ်”

“ကွဲလား”

“မကွဲဘူး”

“နောက် . . . ဘာဖြစ်လဲ”

“သေချင်လောက်အောင်နံတဲ့ အပုပ်နံ့တွေ ခေါင်းထဲကထွက်လာပြီး ကျုပ်တို့ အသက်ရှူမရတော့လို့ ပြန်ပြေးခဲ့ရတယ်”

“ဒါပဲလား . . . ကျန်သေးရင်ပြော”

“အထဲကနေလိုက်လာတဲ့ အသံတွေလည်း ကြားရတယ်”

“ဒါကြောင့် မင်းတို့အဘွား မလိုက်ရဲတာပေါ့”

“ဆရာကြီးဆိုရင် လုပ်နိုင်၊ ရှင်းနိုင်မှာလို့ ယုံပါတယ်ဗျာ”

“ငါ တန်ခိုးကြီးဘုရားမှာ အဓိဋ္ဌာန်ဝင်မယ်”

“ဘယ်ဘုရားလဲ ဆရာကြီး”

“မင်း ဘာလုပ်မလို့လဲကွ”

“ဟို . . . ဟို . . . ဆရာကြီးသွားရင် အဖော်ထည့်ပေးချင်လို့ခင်ဗျ”

“မလိုဘူး . . . မင်းတို့လိုချင်တဲ့ ပစ္စည်းရရင် ပြီးရော မဟုတ်လား။ ငါ အဓိဋ္ဌာန်ပြီးရင် မင်းတို့အဘွားနဲ့ နှစ်ယောက်တည်းသွားမယ်။ မင်းတို့ အဝင်ဝကစောင့်။ ငါ အဓိဋ္ဌာန်ဝင်နေတုန်း မင်းတို့ မနှောင့်ယှက်နဲ့။ အဓိဋ္ဌာန်ပျက်ရင် ရက်ကြာမှာပဲ။ ဒါမှမဟုတ်လို့ မင်းတို့သဘောနဲ့မင်းတို့ မင်းတို့အဘွားကို ခေါ်သွားလို့ရရင် ခေါ်သွားယူကြ။ ပစ္စည်းပဲ ရမလား၊ မင်းတို့အားလုံး အသက်ပေးခဲ့ရမလား မင်းတို့ ပိုသိလိမ့်မယ်”

ဒီကောင်နှစ်ကောင် ခေါင်းချင်း ရိုက်သွားကြတယ်။

“ဘာလဲကွ . . . ငါလစ်ပြေးပြီး အဲဒီပစ္စည်းတွေ သွားဖော်မှာ စိုးလို့လား”

“မင်းအဘွားမပါဘဲ ငါ့ထက်တော်တဲ့၊ စွမ်းတဲ့၊ ထက်တဲ့လူခေါ်သွားတောင် မရဘူး။ အခုတိုင်းဆို မင်းတို့အဘွားကလည်း ငါပါမှသွား





ဘ၊ ငါ့ကို ယုံပါ။ ငါ မင်းတို့အဘွားကို ဘဝဟောင်းကတော်စပ်ခဲ့တဲ့ အစ်မ ကို နှမလိုပါ သံယောဇဉ်ဖြစ်ပြီး သနားနေတယ်”

“ကောင်းပါပြီ ဆရာကြီး၊ ဆရာကြီး ကြိုက်ရာဘုရားမှာ အဓိဋ္ဌာန်ဝင်ပါ။ ကျွန်တော်တို့လည်း ကံကောင်းအောင် အဓိဋ္ဌာန်ဝင်မှာပါ”

“မင်းကို နောက်ဆုံးတစ်ခုမေးမယ်”

“မေးပါ၊ ဆရာကြီး”

“ပစ္စည်းတွေရရင် မင်းအဘွားတစ်ဝက်၊ မင်းတို့တစ်ဝက် ဝေယူ ဘ သေချာတယ်နော် အာဇာဝက”

“သေချာပါတယ် ဆရာကြီး။ ဆရာကြီးကိုယ်တိုင် ခွဲဝေပေးပြီး အဘွားစိတ်ကြိုက် သုံးချင်သလို သုံးပါစေ”

“ကတိတည်နော်”

“တည်ပါတယ်ဗျာ။ စိတ်ချပါ”

“ကတိပျက်ရင် ဘာဖြစ်မလဲသိလား”

“ပြောပါဦးဗျာ၊ ကျုပ်တို့ မသိလို့ပါ။ ဘာဖြစ်မှာလဲ”

“ကိုယ့်သမိုင်း ကိုယ်ရေးတာပါ . . . အာဇာဝတနဲ့ တောက်ထွန်း။ သတ်ရေးလှရမယ်၊ သတ်ပုံမှန်ရမယ်၊ သိက္ခာရှိရမယ်၊ သူများဖတ်ရင်လည်း ားလည် ဂုဏ်ယူစေရမယ်၊ လက်ရေးမလှရင် အဲဒီ သမိုင်းစာအုပ်က သမိုင်း ပြတိုက်မှာ မထားရဘူး”

“ဘယ်နားမှာထားရမလဲ . . . ဆရာကြီး”

“အိမ်သာထဲမှာ ချီးကုန်းစက္ကူ လုပ်ပစ်ရမယ်ကွ”

“ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . .”

“ဟား . . . ဟာ . . . ဟား . . . အဟတ် . . . အဟတ် စကားလုံးတွေ အရောင်တောက်လိုက်တာ ဆရာကြီးရာ။ အခု ကျွန်တော်တို့အားလုံး ချမ်းသာကြွယ်ဝခြင်းဆိုတဲ့ သမိုင်းကို အတူတူ ရေးခဲ့ကြမှာပါဗျာ။ သုံးဦး သုံးဖလှယ်ရေးတဲ့ လက်ရေးလှမှ ဒီသမိုင်း ရုပ်လုံးပေါ်မှာ၊ လင်းလက်တောက်ပမှာပါဗျာ။ လက်ရေးမညံ့ဖို့ ကျုပ်တို့အားလုံး အရေးကြီးတာပဲမဟုတ်လား။ ဒီသမိုင်းက မှုလတုန်းက ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိပါဗျာ။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရယ်၊ ဆရာကြီးရယ်၊ အဘွားရယ် ဝိုင်းရေးကြမှ ပြည့်စုံပြီးမြော
တဲ့ သမိုင်းပါဗျ။ ဧရာကုန်းစက္ကူဖြစ်အောင်ရေးရင် ရေးတဲ့လူရဲ့ အပိုင်း
ဗျား။ ကိုယ့်တာဝန်ကိုယ်ကျေကြရင် သဘာဝသမိုင်းပြတိုက်မှာ ရွှေက
ပေါ်တင်ပြီး အပူဇော်ခံ၊ ဂုဏ်ပြုခံရမည့်သမိုင်းပါဗျာ ဟား ... ဟား ...
ဟား ... ဟား ... ကျုပ် ဒီနေ့ အရမ်းပျော်တယ် ဆရာကြီးရာ။ ကျုပ်ဆီ
ဆရာကြီးရောက်လာတာ ဘုရား,မ၊ နတ်,မတာပဲ။ ကိစ္စတွေပြီးရင် ကျ
ဆရာကြီးကို ယှိုးဒယားဘုရားဖူး လိုက်ပို့ဦးမှာဗျို့ ... ဟား ... ဟ
ဟား ... ဟား ... ငါ့ညီ ... ငတောက် ... အစ်ကိုပြောတဲ့ အစီအ
ကြိုက်ရဲ့လားဟင်''

''ကြိုက်ရုံ ဘယ်ကမလဲကွာ။ တို့ဆရာကြီးကို အယုဒ္ဓယရော
အောင် ပို့ပေးရမှာပေါ့ကွ ... ဟား ... ဟား ... ဟား ... ဟား ...
ဟား ...''

သူတို့ညီအစ်ကိုက ငါ့ကိုကြည့်ပြီး ဝမ်းမြောက်ဝမ်းသာ အော်ရ
ပြီး ဗိုက်ကို နှိပ်နေလိုက်သေးရဲ့ကွာ။ သူတို့ရဲ့ ရယ်သံက ငါ့ရဲ့ရှေ့ခရီ
စမ်းချောင်းရေပေါ်က ပန်းလောင်းလှေ လှော်သံပဲလား၊ သေမင်းရှေ့
ဗုံတီးသံလား ငါ မကွဲပြားခဲ့ပေမယ့် ငါ့အာရုံထဲမှာတော့ ...

နေနောက်ကို လကလိုက်သလို ...

လနောက်ကို နေကလိုက်ဖမ်းဆုပ်နေတဲ့ အာရုံနိမိတ် ရနေတ
ကွာ။

ငါ မနက်မိုးလင်းရင် ငါးရံ့မင်းတောင်က ဂူတစ်ဂူမှာ အဓိဋ္ဌာန်ဝင်
မို့ လိုအပ်တဲ့ပစ္စည်းတွေ လွယ်အိတ်ထဲထည့်ပြီး အသင့်လုပ်ထားတာ
ကွာ။

ဘုရားရှိခိုးလိုက်တယ်။

ပုတီးကိုးပတ် စိပ်တယ်။

သုံးဆယ့်တစ်ဘုံသား အားလုံးကို မေတ္တာပို့ပြီး အိပ်မလို့ပြင်တု
မှာပဲ ...

''ချွင် ... ချွင် ... ချွင် ...''





''ချပ် ... ချပ် ... ချပ် ...''

''ချွင် ... ချွင် ... ချွင် ...''

''ချပ် ... ချပ် ... ချပ် ...''

''ရှိုး ... ဖြိုး ... ရှိုး ... ဖြိုး ...''

''ချွင် ... ချွင် ... ချပ် ... ချပ် ...''

ငါ့နားထဲမှာ စည်းတီးသံ၊ စည်းရိုက်သံနဲ့အတူ လေချွန်သံလိုလို မြွေတွန်သံလိုလို ကြားရတယ်ကွ။ ဟိုးအပေါ်ထပ်ကနေ တီးနေတဲ့စည်းသံ။

စည်းတီးသံက တိုးသွားလိုက်၊ ဝေးသွားလိုက်။

အပေါ်ကိုတက်သွားလိုက်၊ အောက်ကို ဆင်းသွားလိုက်။

သီချင်းဆိုသံလည်း မကြားရ။

သို့သော် ဖနောင့်ကျသံ၊ ဖနောင့်ပေါက်သံလိုလို ကြားရတယ်။ ပြီး ... လက်ဝါးချင်းရိုက်သံလိုလို ကြားရတယ်။

ဘယ့်နှယ့် ညကြီးမင်းကြီး ...

ဘယ်သူ ဘာဖြစ်နေတာပါလိမ့်။

ငါ ဒေါ်သစ္စာအခန်းကို ပြေးသွားကြည့်တယ်။ ဒေါ်သစ္စာ ဘုရားရှိခိုး၊ တရားမှတ်နေတာကို ငါ မြင်ရလို့ အသာလှည့်ပြန်ခဲ့လိုက်တယ်။

အသံက အပေါ်ထပ်ရှိရာက ...

ငါ တစ်စုံတစ်ဦးတော့ ပြဿနာတက်နေပြီမှတ်ပြီး တောက်ထွန်းရဲ့အခန်းကို တံခါးခေါက်ကြည့်တယ်။

တောက်ထွန်းအခန်းက တုန့်ပြန်သံမကြားရဘူး။

အာဥာဝက ဘာဖြစ်နေပြီလဲ။ ဒီကောင်ရှိရာ အပေါ်ထပ်ကို ငါ အသာတက်ခဲ့လိုက်တယ်။

''ချွင် ... ချွင် ... ချွင် ...''

''ချပ် ... ချပ် ... ချပ် ...''

''ရှို ...''

''ရှို ...''



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်ဟေ့။ အာဠာဝကအခန်းကကွ။ အလို ... တံခါး နည်းနည်းဟနေပါလား။ မီးအလင်းရောင်လည်း ဟနေတဲ့တံခါးကြားက ထွက်လို့။

ငါ ခြေဖော့ပြီး ဟနေတဲ့တံခါးကြားက ချောင်းကြည့်လိုက်ရော။

မောင်မှိုင်းရေ ...

အံ့စရာ ကြောက်စရာကြီးပဲကွာ။

အာဠာဝကခန္ဓာကိုယ်ပေါ်မှာ အကျႌမရှိ၊ ကျောပြောင်ကြီး။

ရင်ဘတ်နဲ့ ကျောပေါ်မှာ ပါးစပ်ဖြဲထားတဲ့ အာဠာဝက ဘီလူး ခေါင်းကြီးနှစ်ခု ဆေးမင်ကြောင်ထိုးထားလို့ဟေ့။

ကြည့်ရတာ ဒီကောင် ခန္ဓာကိုယ်ပေါ်မှာ ဆီလူးထားပုံပဲ။ အနံ့က မွှန်ညှင်းဆီအနံ့မျိုးကွ။

သူ့ခန္ဓာကိုယ်အောက်ပိုင်းမှာ ပိတ်စပုဆိုးအနက်ကို ခါးတောင်း ကျိုက်ထားသကွ။ ဖို့လူရေ ... သူ့ပေါင်နှစ်ဖက်မှာ မြွေရုပ်ကြီးနှစ်ရုပ်ဟေ့ ဆေးမင်ကြောင်ထိုး အရုပ်ကွ။ ပေါင်ကိုပတ်ပြီး ခေါင်းက ပါးပျဉ်းထောင် နေပုံကို ထိုးထားတာ။ ပိုအံ့သြဖို့ကောင်းတာက ဒီကောင် ကြေးစည်းကို တီးပြီး တောကြီးမြွေဟောက်နဲ့ အလမ္မာယ် ကစားနေတာဟေ့။

"မောင်မှိုင်းရာ ...

တောကြီးမြွေဟောက်က အဝါနုနဲ့ နက်ပြောင်ချော ယှက်နေ တာဟေ့။

ပါးပျဉ်းကြီးက ခုဆို ထမင်းစားပန်းကန်ပြားမက ကြီးပြန့်ကားနေ တာကွ။ ပါးပျဉ်းမှာ အဖြူရစ်၊ အနက်ရစ် အကြေးဆစ်တွေနဲ့ ကိုယ်လုံးရဲ့ အမြီးကိုလွှန့်နေတာ။ တုံးလုံးလဲနေတဲ့ ငှက်ပျောပင်တုံး ချာလပတ်မွှေ့နေ တဲ့အတိုင်းပဲ။

ဓာတ်ဘူးလုံးခန့်တုတ်ပြီး နှစ်လံကျော်ရှည်တဲ့ တောကြီးမြွေဟောက် ကို ဒီကောင်က စည်းဖွင့်တီးလိုက်၊ စည်းအုပ်တီးလိုက်လုပ်ပြီး စ,နေ၊ ကစား နေတာဟေ့။

ဒါ့ကြောင့် ချွင် ... ချွင် ... ချွင် ...

ချပ် ... ချပ် ... ချပ် ... အသံမြည်နေတာကိုး။





တောကြီးမြွေဟောက်က ပါးပျဉ်းကို လူတစ်ရပ်ဆန့်ပြီး အာဠာဝက ကို မျက်လုံးရဲရဲကြီးနဲ့ကြည့်ပြီး ပတ်လိုက်နေတာကွ။

အာဠာဝကရဲ့ အသားအရည်က ဖြူဝင်းစိုနေတာပဲ။

သူ့ခန္ဓာကိုယ်ကို သိုင်းသမားလိုလို၊ လင်းကွင်းအလှတီးသမားလိုလို ကပြီး လွန့်လိုက်ယိမ်းလိုက် လှုပ်ရှားနေတာ။ ရင်ဘတ်နဲ့ ကျောကုန်းပေါ်က ဆေးမှင်ကြောင် ဘီလူးရုပ်နှစ်ခုရဲ့ ပါးစပ်နဲ့ မျက်စိဟာ လှုပ်ရှားနေသလို ဖြစ်နေပေ့။

ဘီလူးရုပ်က ပါးစပ်ဖြဲလိုက်၊ ပါးစပ်စိလိုက်။

တောကြီးမြွေဟောက်က ဒီကောင့်ကို ပါးပျဉ်းမှိုးပြီး ပေါက်ချ တာ။ မြန်လိုက်တဲ့ကောင်ကွ။ လှစ်ခနဲရှောင်ပြီး မြွေရဲ့အမြီးကို နင်းလိုက် ရော ...

"ဖြီး ..."

"ဗိုး ..."

ဒေါသတွေထွက်ပြီး လှည့်ပေါက်လိုက်တာဟေ့။

ဒီကောင် မြန်သလားမမေးနဲ့ကွာ နောက်ပြန်ကျွမ်းပစ်ပြီး ရှောင် တာ။ ရပ်လျက် ပြန်ကျတယ်ဟေ့။

"ချွင် ... ချွင် ... ချွင် ..."

မြွေကို စည်းတီးပြီးခေါ်တယ်။

မြွေဟောက်ကြီးက ရှေ့ကို လွန့်ပြီး တရွေ့ရွေ့ တိုးလာတယ်။

ပြီး ... ပါးပျဉ်းကို လူတစ်ရပ်ထောင်ရော။

တောကြီးမြွေဟောက်ဆိုတာ လူကို ပေါက်တော့မယ်ဆို ပါးပျဉ်း မှိုးပြီးပေါက်တာ။ ပေါက်ရင် ယယ်ထိပ်၊ ဦးခေါင်း၊ လည်ပင်း တည့်တည့်ပဲ။

ဒီ တောကြီးမြွေဟောက်ကို ဆင်တို့၊ ဆတ်တို့၊ ပြောင်တို့ကအစ ကြောက်တယ်။ အဆိပ်ပြင်းတဲ့ မြွေဆိုးလေ။

သစ်ပင်မြင့်ပေါ်၊ ချုံပေါ်မှာ အသိုက်လုပ်ပြီး နေတဲ့မြွေ။

ဆင်မှား၊ သူနေတဲ့ အသိုက်အောက်က ဖြတ်သွားရင် သစ်ကိုင်း ပေါ်ကနေ ခေါင်းကိုလျှောချပြီး ပေါက်တာ။ အသိုက်ကနေ ဆင်းပြီး လိုက် ပေါက်တာကွ။



www.burmeseclassic.com

www.burmeseclassic.com



ဒီ တောကြီးမြွေဟောက်တွေက အဖိုနဲ့အမ တွဲနေတာများတယ်။ မြွေမက ဥ၊ ဥရင် ဆယ်လုံးဆယ့်ငါးလုံး ဥတယ်။

သူနေတဲ့နေရာဝန်းကျင်ကို လူရော၊ သားကောင်ရော အလာမခံဘူး။ မြင်ရင် အသံကြားရင် လိုက်ပေါက်သတ်တာကွ။

မင်းကိုပြောရင် ယုံပါ့မလား မသိဘူး။

တောကြီးမြွေဟောက် အသိုက်ရှိတဲ့နေရာဝန်းကျင်မှာ မိုးခေါင်တယ်လို့ မုဆိုးတချို့က ပြောဖူးတယ်ကွ။ အခြားနေရာမှာ မိုးရွာချင်ရွာမယ်။ ဒီကောင်အသိုက်နဲ့ ဝပ်ကျင်းရှိရာမှာ မိုး လုံးဝမရွာဘူးဆိုပဲဟေ့။

ဒါဆို ဒီဝန်းကျင်မှာ တောကြီးမြွေဟောက်ရှိတာ သေချာပြီ။ မိုးသေချာချင်ရင် အဲဒီဝန်းကျင်ကို သွားစူးစမ်းကြည့်။

လူမြင်တာနဲ့ တရကြမ်းလိုက်ရော။

ပြေးနိုင်မှလွတ်တာ။ အပြေးနှေးရင်တော့ သေပြီသာမှတ်။

ဒီတောကြီးမြွေဟောက်လိုက်ရင် တဝေါဝေါ တဖြုန်းဖြုန်း အသံတွေမြည်တာ။ လှားခနဲ၊ လှားခနဲ မတ်တပ်ရပ်ပြီးလိုက်တာ။ တွေ့သမျှအပင်ပေါ် နင်းကျော်ပြီးလိုက်တာ။

တောကြီးမြွေဟောက်ကို သေနတ်သမားပဲ နိုင်တယ်။

သေနတ်နဲ့ပစ်ရင်လည်း နှစ်လုံးပူးသေနတ် ကိုးလုံးကျည်နဲ့ပစ်မှ ဒီကောင့်ပါးပျဉ်းထဲ ကျည်ခဲလုံးတွေ စုပြုံဝင်ပြီးသေတာ။

တစ်တောင့်ချင်း ပစ်လို့ကတော့ပါးပျဉ်းကို ကျည်ဆန်ဖောက်သွားမယ်။ သူ ဖြုန်းခနဲ မသေဘူး။

ဒီလို မြွေဆိုးကြီးတွေကို လက်ရဖမ်းသတ်တဲ့ ချင်းမြွေမုဆိုးတွေရှိတယ်ကွ။ မုဆိုးကြီး လေးမောင်ရဲ့လူတွေပေ့။ ချင်း မြွေမုဆိုးညီအစ်ကိုက လူကိုလိုက်လေ့ရှိတဲ့ တောကြီးမြွေဟောက်တွေကိုမှ သီးသန့်လိုက်ရှာပြီး တုတ်နဲ့ရိုက်တာ။

တစ်ယောက်က ရှေ့က လူယောင်ပြပြီး တုတ်ရှည်နဲ့ ဟန့်။

နောက်ကလူက ရှေ့မဲ့နေတုန်း အမြီးနဲ့ ကိုယ်လုံးကို ဝင်ရိုက်။ သူကပေါက်၊ ကိုယ်ကရှောင်။ ဒီလိုနဲ့ နှစ်ဖက်လူယောင်ပြပြီး တောကြီးမြွေဟောက်ကို အသေရိုက်တာ။





မြွေဖိုကိုသတ်ပြီးရင် မြွေမကိုပါ လိုက်ရှာတယ်။

နို့မို့လို့ကတော့ မြွေမက လိုက်ရှာပြီး လူ့ကိုပြန်သတ်တာဟေ့။

တောကြီးမြွေဟောက်အုပ်စုမှာ ငန်းဝါ၊ ငန်းပုတ်၊ ငန်းစောင်းကြီးတွေ ပါတာပေါ့။

အကုန်လုံး အဆိပ်ပြင်း အငြိုးကြီးမျိုးတွေကွ။

လူကလည်း သူတို့ကိုကြောက်တယ်။

သူတို့ကလည်း လူကိုကြောက်တယ်။ သူတို့အသိုက်နဲ့ ဥကို ဖျက်ဆီးမှာစိုးလို့ အနားကပ်မခံဘဲ လူတွေ့ရင် အသေလိုက် ကိုက်ပေါက်တာ။

ဒီလိုမြွေဆိုးကြီးနဲ့ ဒီကောင် မကြောက်မရွံ့ ကစားနေတာ ငါ အံ့သြလို့ပါကွာ။ တောကြီးမြွေဟောက်ဟာ အစွယ်နှစ်ချောင်းကို ဝါးပြီးကောက်နေတာ မြင်နေရတယ်လေကွာ။ လျှာနှစ်ခွက ဝင်လိုက်၊ ထွက်လိုက်၊ ဘယ်ညာယမ်းလိုက်နဲ့။

အလို . . . ကြည့်စမ်း . . . အာဠာဝကက မြွေဟောက်ကြီးရှေ့မှာ ရပ်ပြီး မြွေကို လက်ဝါးနှစ်ဖက်ဆန့်လို့ အလမ္ပာယ်ပြနေတာ။

ပြီး . . . မြွေရှေ့မှာ လက်ဝါးကို ထောင်ပြတယ်။

တောကြီးမြွေဟောက်က တရွေ့ရွေ့တိုးလာပြီး သူ့လက်ဝါးကို နမ်းတာ ကိုယ့်လူရေ။

သူကလည်း မြွေဟောက်ကြီးရဲ့ ခေါင်းအမောက်ကို လက်ဝါးနဲ့ ပွတ်ပေးရော မြွေဆိုးကြီးက ငြိမ်ပြီး အာဠာဝကရဲ့ပုခုံးပေါ်ကိုတက်၊ အမြီးနဲ့ ကိုယ်လုံးကိုပတ်တာ ငါ့လူရေ။

ပြီးရော . . . ချိုင်းအောက်ကလျှိုပြီး ပတ်တယ်။ လည်ပင်းကိုပတ်တယ်။ လည်ပင်းနောက်ကထွက်ပြီး အာဠာဝကခေါင်းပေါ်မှာ ပါးပျဉ်းမိုးထားတာဟေ့။ ညှစ်ချလိုက်ရင် အရိုးတွေ ကြေကုန်မှာဟေ့။

အာဠာဝက ငြိမ်ပြီး မျက်စိကိုမှိတ်ထားတယ်။

ပုံစံက သမထဝင်စားနေပုံကွ။

မြွေဆိုးက သူ့ခေါင်းပေါ်မှာ ပါးပျဉ်းထောင်ပြီး မိုးထားပုံနဲ့ ကြာရွက်ကြီး ထောင်ထားတဲ့ အတိုင်းပဲကွ။



www.burmeseclassic.com

www.burmeseclassic.com



လျှာကြီးကို ထုတ်လိုက်သွင်းလိုက် လုပ်နေသလို လျှာနဲ့ အာဋ္ဌာ ဝကရဲ့ပါးကို တို့ကစားနေလိုက်သေးရဲ့။ ဒီကောင့်ကြည့်ရတာ မြွေအလမ္မာယ် သမားလည်း ဖြစ်နိုင်သလို မြွေမှော်အောင်ထားတဲ့ ပုံစံမျိုးဟေ့။

ငါလည်း အံ့သြပြီး ကြည့်နေတာကွ။ ဒီမှာပဲ တောကြီးမြွေဟောက် က ငါချောင်းကြည့်နေတာကို မြင်သွားတာလား၊ အာရုံရသွားသလား မသိ။

ငါရှိရာကို ပါးပျဉ်းထောင်ကြည့်ပြီး . . .

"ဖြီး . . ."

တစ်ချက်အော်ပြီး အာဋ္ဌာဝကခေါင်းပေါ်ကနေ အပတ်ကို ဖြေ ပြီး ဖိုတို့ ဒေါသတကြီး ရှာသလိုလုပ်ရောဟေ့။

မျက်စိမှိတ်ထားတဲ့ အာဋ္ဌာဝက,က တောကြီးမြွေဟောက်ရဲ့ဦးခေါင်း ကို သူ့လက်နဲ့ဆွဲယူပြီး ခေါင်းပွတ်ချော့တယ်။ မြွေဟောက်က အသာရှုံ့ ပတ်ခွေထားတဲ့ အပတ်တွေကို အမြန်ဖြေချရော . . .

ငါလည်း အပေါ်ကနေ အမြန်ပြေးချလာပြီး ငါ့အခန်းတံခါးကို ပိတ် လို့ အိပ်ရာပေါ် လှဲချလိုက်တယ်။

ဒီကောင် မြွေနိုင်တာပဲ။

မြွေတောင် တောကြီးမြွေဟောက်လို အဆိပ်ပြင်း အငြိုးကြီး မြွေဆိုးကိုပါ နိုင်တာပဲ။

ဒါကြောင့် ဒီကောင် ဒီတောကြီးမြွေဟောက်ကိုသုံးပြီး မြို့စား ကတော်ကို ခြောက်လှန့်၊ ခြိမ်းခြောက်၊ လိုသလို ပုံသွင်းတာပဲကိုး။

ငါ့အခန်းတံခါးရှေ့ကို တောကြီးမြွေဟောက် လာလေမလားဆို ငါ မအိပ်ဘဲ စောင့်လိုက်သေးတယ်။

မြို့စားကတော်ကို အသေမပေါက်ပေမယ့် ငါ့ကိုများ လျှို့ဝှက် တဲ့အကြောင်းကို သိနေလို့ နှုတ်ပိတ်ဖို့ မြွေဆိုးကို လွှတ်လိုက်လေမလား

ငါ စောင့်ကြည့်နားထောင်နေလိုက်တယ်။

အပြင်က လှုပ်ရှားသံ မကြားရဘူး။ အပေါ်ထပ်က စည်းတီး မကြားရတော့ဘူး။





ငါ နှစ်မြိုက်စွာ အိပ်ပျော်သွားခဲ့တယ်။

အိပ်မက်ထဲမှာ ငါ မြို့စားသံယောဇဉ်ကို တွေ့တယ်ကွာ။ ကုလား ဆာဒူးကြီးကိုလည်း တောင်ဝှေးကြီးထောက်လျက် တွေ့ရတယ်။

"မြို့စား . . ."

"ပြောပါ အဘ"

"မြို့စားရဲ့ခေါင်းတလား ရှေ့မှောက်ကို ကျုပ်နဲ့ မြို့စားကတော် အရောက်လာခဲ့မယ်။ မြို့စားတို့ ကူညီပါ"

"အဘကို ကျွန်ုပ် ယုံကြည်ပါတယ်။ ရှင်မင်းယာစိုရဲ့ လက်ထဲကို ကျွန်ုပ်ပေးချင်တဲ့ ပစ္စည်းတွေရောက်သွားရင် ကျွန်ုပ် ကျေနပ်ပါပြီ အဘ"

"မြို့စား . . ."

"ပြောပါ အဘ . . . ဘာပြောချင်လို့လဲ"

"ကျုပ် . . . မှားတာများရှိခဲ့ရင် နားလည်ခွင့်လွှတ်ပေးပါနော် မြို့စား"

"အဘက ဘယ်တုန်းက အမှားလုပ်ခဲ့ဖူးလို့တုံး"

"မဆိုစကောင်းဆိုစကောင်း ပြောတာပါမြို့စား"

"အဘ . . . ကျွန်ုပ်တို့အပေါ်မှာ မရိုးမသားအလုပ် စိုးစဉ်းမျှ မလုပ် ဘူးဆိုတာ ကျွန်ုပ်တို့အားလုံး ယုံကြည်ပြီးသားပါ။ အဘနဲ့ ရှင်မင်းယာစိုကို ကျွန်ုပ်ရဲ့ မြေအောက်သချိုင်းထဲမှာ လုံးဝအန္တရာယ်မဖြစ်စေရဘူး။ ဘဘုန်း အိုပါလာရင် ကန်တော့ချင်ပါတယ် အဘ။ သူစိမ်းတွေတော့ ခေါ်မလာပါနဲ့ အဘ။ ကျွန်ုပ်တို့ဘဝကို ပိုပျက်စီးအောင်လုပ်မည့် သူစိမ်းတွေကိုတော့ ခေါ် လာပါနဲ့။ ခေါ်လာရင် ပါလာရင်"

"မခေါ်ခဲ့ပါဘူး မြို့စား စိတ်ချပါ"

"အဘနဲ့ ရှင်မင်းယာစို ရောက်လာမည့်အချိန်ကို ကျွန်ုပ်တို့ စောင့်ကြိုနေပါတယ် အဘ"

"မြို့စား"

"ပြောပါ အဘ . . . ပြောပါ"

"မြို့စားကတော် အသက်ကြီးပါပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"အဘရယ် ... ကျွန်ုပ် သူ့ကိုစောင့်မျှော်နေတာ နုပျိုတဲ့ ရှင်မင်းရာစို့ မဟုတ်ပါဘူး။ လောကဓံ ဝဲသြဂထဲက ကြုံကြံခံ အသက်ရှင်နေတဲ့ ဒေါ်ရှင်မင်းယာစိုပါ။ သူ့လက်နဲ့လှူ၊ သူ့နှုတ်နဲ့ အမျှဝေတဲ့အသံကို နားထောင်သာဓုခေါ်ပြီး ပြိတ္တာဘုံသားဘဝကနေ အပြီး ထွက်ခွာသွားချင်လို့ပါ ... အဘရယ်။ ဒီချစ်ဖနီးအပေါ် ကျွန်ုပ် တာဝန်မကျေပြွန်ခဲ့တာ အနှစ်ရှစ်ဆယ်ကိုးဆယ် တိုင်ပါပြီအဘ။ ကျွန်ုပ်တို့အားလုံး အဘတို့နှစ်ဦးကို ဥမင်လမ်းတစ်လျှောက် စောင့်ရှောက်ပါ့မယ်။ စိတ်ချပါ။ သွားပါဦးမယ်နော် အဘ"

"ကောင်းပါပြီ မြို့စား"

သူ့မျက်နှာပေါ်မှာ ယုံကြည်မှုတွေ ထင်ရှားနေတယ်။

သူ့ဘဝဟောင်းက ဖနီးသည်အပေါ် သံယောဇဉ် ကြီးလှချေတလား။ အနှစ်ရှစ်ဆယ်ကျော်၊ ကိုးဆယ်တိုင် မမေ့သော သတိရခြင်းတွေနဲ့ စောင့်မျှော်နေရှာတာပါကလား။

မြို့စားတို့ရယ် ... သင်တို့ရဲ့ ပြိတ္တာဘုံသားဘဝကို ကျုပ်ရင်နင့်လိုက်ပါဘိကွယ်။

စိတ်ချနေပါ မြို့စား။

သင်တို့အားလုံးရဲ့ ဘဝတွေ လွတ်မြောက်စေဖို့ ကျုပ်အသက်နဲ့ရင်းပြီး ကူညီပါ့မယ် မြို့စား။

ငါ မြို့စားတို့ထွက်သွားတာကို ငေးကြည့်တွေးတော စဉ်းစားနေတုန်းမှာပဲ ငါ့လည်ပင်းပေါ်ကို အေးစက်စက် လေးတေးတေး အရာတစ်ခုလာတက်တာဟော့။

ငါ့လက်နဲ့ စမ်းလိုက်ရော ...

"ဟင်"

မြွေ ... မြွေ ... တောကြီးမြွေဟောက်။ မြွေဆိုးကြီး။

အလို ... ငါ့လည်ပင်းကို နောက်ကနေပတ်ပြီး ညှစ်နေတာကွ။ ငါ လက်နှစ်ဖက်နဲ့ တအားဆွဲချတယ်။ မရဘူး။

"ဖြီး ..."

တောကြီးမြွေဟောက်က ငါ့ခန္ဓာကိုယ်ကိုပါ သူ့ရဲ့ ချောပြောင်အေးစက် ကိုယ်လုံးနဲ့ အလျှင်စလို ပတ်တာကွ။





ငါ မြွေရဲ့လည်ပင်းကို ညာလက်နဲ့ တွန်းညှစ်ရင်းရုန်း၊ ရုန်းရင်း ...ောင်ပေါ်က ပြုတ်ကျ။

"ဖြီး ..."

"အစ် ... အစ် ..."

ငါနဲ့ တောကြီးမြွေဟောက် သံမံတလင်းပေါ်မှာ လုံးထွေး လူးလိမ့်နေကြတယ်။ ငါ့လည်ပင်းလည်း အစ်အစ်လာပြီး အသက်ရှူမဝတော့ဘူး။

ဒီမှာငါ မြွေရဲ့ခေါင်း၊ လည်ပင်းကို လက်နှစ်ဖက်နဲ့ အားစိုက်ညှစ်ပြီး မြွေရဲ့ပါးစပ်ကို အောက်ခံသံမံတလင်းနဲ့ ခပ်ကြမ်းကြမ်း ပွတ်တိုက်ပစ်လိုက်တာ။

"ဖြီး ..."

"ဖွီး ... ဖွီး ..."

"ဒီကောင့်ရဲ့ နှာခေါင်းနဲ့ သံမံတလင်း ပွတ်တိုက်စုတ်ပြတ်ပြီး ဒီကောင် တအားရုန်း။ ငါကလည်း မလွှတ်တမ်း အားထည့်ပြီး သူ့ပါးစပ်နဲ့ သံမံတလင်းကို သနပ်ခါး ခပ်ကြမ်းကြမ်းသွေးသလို ပွတ်တိုက်ပစ်ရော။

ဒီကောင် တဖြီးဖြီး၊ တဖွီးဖွီးအော်ပြီး ငါ့ခန္ဓာကိုယ်ပတ်ထားတဲ့ အခွေကိုဖြည်ပြီး တအားရုန်းတာဟော့။

ရင်ဘတ်က အကြေးကွက်ကြီး။ ပြီး ကန့်လန့်စင်း ဦးခေါင်းပေါ်က အကွက်က အကွက်သေး။ ဒါ အဆိပ်ပြင်းတဲ့မြွေရဲ့ လက္ခဏာကွ။ ဝမ်းဗိုက်အောက်က အကြေးကွက်သေးရင် အဆိပ်မရှိတဲ့မြွေ။

ငါ့အခန်းထဲမှာ မြွေအမြီးရဲ့ လူးလွန့်ရိုက်သံတွေ တဝုန်းဝုန်း၊ တဖြောင်းဖြောင်း ညံနေတယ်ကွ။

ငါ အသက်ရှူလို့ရပြီ။ ငါ မြွေရဲ့ဦးခေါင်းကို မလွှတ်ဘူး။ အားရှိသမျှသုံးပြီး ဆုပ်ညှပ်ပွတ်တိုက်ပစ်လိုက်ရော တောကြီးမြွေဟောက်ရဲ့ နှာခေါင်း၊ ပါးစပ်၊ အစွယ်တွေ ပြတ်သတ်စုတ်ပြဲ သွေးသံရဲရဲဖြစ်ပြီး ကိုယ်လုံးထောင်ရုန်းရော။



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ဒီကောင့်ရဲ့ ရုန်းကန်အားကို မထိန်းနိုင်တော့ဘူး။ ဆွဲရမ်းလွှင့်ပစ်လိုက်တယ်။ ဒီကောင်ရဲ့ ပါးစပ်ဟာ သုံးစားမရတော့ဘူး ...။ နှာခေါင်းလည်း ပြတ်သတ် ကြေမွနေပြီ။

ဒီကောင် နာကျင်လွန်းလို့ လူးလိမ့်ခေါင်းထောင်ပြီး အော်လိုက် ခေါင်းကိုယမ်းလိုက်၊ အမြီးရှည်နဲ့ စမ်းမိသမျှကို ရိုက်၊ အခန်းဟာ ဝုန်းဒိုင်းကျဲနေပြီ။ ငါ ... မြွေတားမန္တန်ရွတ်ဖို့လည်း သတိမရတော့ဘူး။ ဒီကောင် မပြင်မစမ်းနဲ့ သောင်းကျန်းနေပြီ။ နောက်ဆုံး ငါ့စိတ်ကို ငါ ထိန်းချုပ်လိုက်ပြီး တောကြီးမြွေဟောက်ရဲ့ အမြီးကို လက်နဲ့လှမ်းဆုပ် ဆွဲယမ်းပစ်လိုက်တာ၊ အသက်သေးကြောင့်မို့လား မသိဘူး။ ငါ ဆွဲခါယမ်းပြီး မြွေခေါင်းကို အုတ်နံရံနဲ့ လွှဲလွှဲရိုက်ပစ်လိုက်တာ။ ဒီကောင်ရဲ့ဦးခေါင်း မွမွကြေပြီး သွေးသံရဲရဲနဲ့ သံမံတလင်းပေါ်မှာ လူးလွန့်နေပြီဟေ့။ အရေးကြီးတာ မြွေရဲ့ဦးခေါင်းပဲ။

ပါးစပ်မှာ အစွယ်ရှိတယ်။

အစွယ်က ထိရင်အဆိပ်။ ငါလည်း တစ်ကိုယ်လုံး ချွေးတွေစိုရွှဲပြီး မောနေပြီ။

ငါ့လူရေ ... ဒီမှာပဲ တောကြီးမြွေဟောက်က ကြေမွခေါင်းက ပါးပျဉ်းမထောင်ဘဲ အမြီးက ပါးပျဉ်းထောင်ပြီး ငါ့ကို အမြီးနဲ့ လှမ်းပေါက်တာကွ။ လှမ်းပေါက်တဲ့ တောကြီးမြွေဟောက်အမြီးကို ငါ ညာလက်ဝါးနဲ့ ဖမ်းဆုပ်ကိုင်ပြီး လှမ်းပေါက်တဲ့အမြီးဖျားကို သွားနဲ့ ကိုက်ဖြတ်လိုက်တာ အမြီးဖျား ပြတ်ရော၊ ငါ အမြီးဖျားကို ဝါးစားပစ်လိုက်တယ်။

“ဖောင်း ... ဝုန်း ...”

တောကြီးမြွေဟောက်လည်း အမြီးပြတ်ခေါင်းကြေပြီး ငါ့အခန်းထဲမှာ ဝုန်းဒိုင်းကျဲ လူးလိမ့်ရင်း တံခါးကို ရိုက်ပုတ်တာကွ။

“ဝုန်း ... ဖောင်း ...”

ဆူညံတဲ့ အသံတွေကြောင့် ငါ အိပ်ပျော်ရာက လန့်နိုးပါရောဟေ့ နိုးနိုးချင်း ငါ တောကြီးမြွေဟောက်ကို အခန်းထဲ လိုက်ရှာတယ်။

မရှိဘူး။





ဟင် ... ငါနဲ့တောကြီးမြွေဟောက်နဲ့ သူသေကိုယ်သေ သတ်ကြတာ။ ဒါ ... ဒါဆို ငါ အိပ်မက်မက်နေတာပေါ့ ဟုတ်ရဲ့လား။

ငါ့တစ်ကိုယ်လုံး ချွေးတွေစိုရွှဲပြီး အင်္ကျီလည်း ဘတ်သီလန်လို့။ ဒီအချိန်မှာ ငါ့အခန်းတံခါးကို တဒုန်းဒုန်း ထုနေတဲ့အသံပါ ကြားရပါရောဟေ့။ တောကြီးမြွေဟောက်များ ရိုက်ထုနေတာလား။

“ဒုန်း ... ဒုန်း ... ဒုန်း ....”

“အဖေကြီး ... တံခါးဖွင့်ပါဦး”

“ဟင် ... အပြင်က ခေါ်သံဟေ့။ မြွေမဟုတ်ဘူးကွ။ အသံက တောက်ထွန်းရဲ့ အသံကွ။ ငါ မီးခလုတ်ဖွင့်လိုက်တယ်”

“ဟာ ...”

“ဒါဘာလဲ ... ဒါဘာလဲ”

ငါ့ မီးခလုတ်ဖွင့် ဒူးထောက်ပြီး ကြည့်လိုက်တော့ အကြေးခွံဖတ်တွေ။

ဟော ... ဒါ ... ဒါ ငါးအကြေးခွံမဟုတ်ဘူး။

မြွေရဲ့ခန္ဓာကိုယ်က အကြေးခွံ။

ဟင် ... ဒါဆို စောစောက ငါ မြွေနဲ့သတ်ပုတ်နေတာ အိပ်မက်ဟုတ်ရဲ့လား။ အိပ်မက်မှ ဟုတ်ရဲ့လား။ ထူးဆန်းလိုက်တာ။

“ဒုန်း ... ဒုန်း ... ဒုန်း ...”

“တံခါးဖွင့်ပါ အဖေကြီးရ”

ငါ တံခါးဂျက်ကိုဖြုတ်ပြီး ဖွင့်လိုက်ရော ...

သူ့မြေး တောက်ထွန်းတက်။ သူ့မျက်နှာက စိုးရိမ်ထိတ်လန့်နေတဲ့ အသွင်နဲ့။

“တောက်ထွန်း ... ဘာတုံး”

“အပေါ်ထပ်ကို အမြန်လိုက်ခဲ့ပါ ... အဖေကြီး။ မြန်မြန်လာပါ”

“ဘာဖြစ်လို့တုံးဟ”

“အ ... အစ်ကို ... အစ်ကို ... အာဠာဝက ...”

“အာဠာဝက ဘာဖြစ်လဲ”



www.burmeseclassic.com

www.burmeseclassic.com



''မြွေကိုက်ခံရလို့ မြန်မြန်လာပါ ... အဖေကြီး''

''ဟေ ... တိုက်ပေါ်မှာ မြွေကိုက်ခံရတယ်''

''မြန်မြန်လိုက်ပြီး ကုပေးပါဗျာ''

ငါ လွယ်အိတ်ကြီး ကောက်လွယ်ပြီး အပေါ်ဆုံးထပ်ရှိရာကို တောက်ထွန်းနဲ့အတူ ပြေးတက်လာခဲ့ကြတယ်။

''ဟိုမှာ ... ဟိုမှာ ...''

''ဟာ ...''

ငါ မြင်လိုက်ရတဲ့မြင်ကွင်းက အာဠာဝက ကိုယ်လုံးတီးကြီးရဲ့ အသက်ရှူကျပ်နေပုံပဲ။ လည်ပင်းအစ်၊ ရင်ခေါင်းကြီးဖောင်း။ လက်တွေကြေ တွေလှုပ်ဖို့ ကြိုးစားနေပေမယ့် ယဲ့ယဲ့ပဲ လှုပ်တယ်။

သူ့နဲ့မလှမ်းမကမ်းမှာ တောကြီးမြွေဟောက်ရဲ့ မျက်နှာနဲ့ ဦးခေါင်းက ကြေမွပြားချပ်နေသလို မြွေဟောက်ရဲ့ အမြီးလည်း ပြတ်လို့။ မြွေအမြီးပြတ်က ပါကေးခင်းကြမ်းပေါ်မှာ ခုန်နေတုန်း။

တောကြီးမြွေဟောက်ကတော့ အသက်ပြင်းပုံပဲဟေ့။

ခေါင်းကြေမွနေသည့်တိုင် ခန္ဓာကိုယ်က လွန့်၊ တွန့်၊ ကွေးလှည့် လုပ်နေတုန်း။ မလှမ်းမကမ်းမှာ နှစ်တောင်ခန့် သစ်သားဘီလူးရုပ်ကလေး တစ်ခုလည်း ကျိုးပဲ့ပြန့်ကျဲနေတယ်။

ကြမ်းခင်းပေါ်မှာ သွေးနဲ့ မြွေအကြေးခွံတွေလည်း တွေ့ရတယ်။

''ဘယ်လိုဖြစ်တာလဲ ... တောက်ထွန်း''

''အော်သံကြားလို့ ကျွန်တော့်အခန်းက ပြေးလာကြည့်တော့ အစ်ကိုက မြွေဟောက်ရဲ့ ဦးခေါင်းကို သစ်သားဘီလူးရုပ်တုနဲ့ ထုနေတယ်။ မြွေကလည်း သူ့ကို အမြီးနဲ့ပတ်ပြီး လဲချ ... အစ်ကိုက မြွေအမြီးကိုဆွဲချိုး ဟောဟို ဓားရှည်နဲ့ ဖြတ်ချလိုက်တာ။ မြွေလည်း ပြေကျ။ အစ်ကိုလည်း ဇက်ကျိုးပြီး လူးလွန့်နေတာမြင်ရလို့ အဖေကြီးကို လာခေါ် ...''

ငါ ... အာဠာဝကရဲ့ လက်ကိုဆွဲပြီး သွေးစမ်းလိုက်တယ်။ ငွေ့ငွေ့လေးပဲ တိုးတော့တယ်။ ဒီကောင် ဇက်လည်နေပြီ။





ငါ လွယ်အိတ်ထဲက ဘူးတစ်ခုကို ယူဖွင့်ပြီး ဆေးမှုန့်အချို့ဒီကောင် ပါးစပ်ထဲ ဖြည့်သွင်းဖို့ကြိုးစားပေမဲ့ မေးက ခိုင်စပြုနေပြီကွ။

ဒါနဲ့ အနီးရှိ ဓားရှည်ကို လှမ်းယူပြီး ဓားဦးနဲ့ ဒီကောင့်သွား စေ့နေတဲ့ကြား ထိုးကလန့်ပြီး ဆေးမှုန့်ကို တော့မှုတ်သွင်းလိုက်တယ်။

မြွေဟောက်က သူ့လည်ပင်းကို ပေါက်ထားတယ်။

အစွယ်ပေါက်က နှစ်ခု။

ပြီး ... ဆေးမှုန့်တွေကို ဦးခေါင်းက စလူးပေးပြီး မြွေဆိပ်ပြယ် မန္တန်ကို ရွတ်လိုက်တယ်။

''ဦ ... ဣတိပိသော ဘဂဝါ ဟေဋ္ဌာနာဂေါ
ဥပရိလောကော ပဗ္ဗော ပတ္တ စက္ခုပရိတ္တံ
မာရကုန္တိ သွားဟ ... ဟွားဟ ... သွားဟ ...
ဦ ... မြွေမြီးတိုသား မြွေနဂါးတစ်ထောင်
ဂျွန်ကောင် ကုန်အောင်မစား သတ်ဆရာသတ် ...
အဆိပ်ဟူသမျှ ဆူဝေလို့ ကျစမ်းဟဲ့ ဦ ...။

ငါ မြွေဆိပ်ချဂါထာ ရွတ်နေတုန်းမှာပဲ အာဠာဝက လည်ပင်းဒဏ်ရာကနေ သွေးအမည်းတွေ စိမ့်ကျလာတယ်။ သွေးမည်းနဲ့အတူ ဝါသန်းသန်း မြွေဆိပ်တွေ စီးကျလာတယ်။

မြွေဆိပ်တွေကုန်တော့ သွေးနီရဲရဲ ကျလာတယ်။ ငါ အဝတ်စနဲ့သုတ်ပေးပြီး မြွေဆိပ်ချဆေးကို ရေနဲ့ဖျော်၊ သင်းရဲ့ မြွေခဲဒဏ်ရာအထက်မှာ သုံးချက် စည်းတားထားပေးလိုက်တယ်။

ကြည့်စမ်း ... ဒီကောင်ငြိမ်နေပုံနှယ် အသေကောင်အတိုင်းပဲ။

''အဖေကြီး ...''

''အေး''

''အသက်ရှိ ... ရှိ ... ရဲ့လား ဟင်''

''မြွေဆိပ်တော့ စင်သွားပြီ။ ခုတင်ပေါ်တင်မယ်''

ခုတင်ပေါ်တင်ကြပြီး တစ်ကိုယ်လုံးနွေးအောင် ဆေးတွေလူးပေးပြီး စောင်အုပ်ပေးခဲ့လိုက်တယ်။

www.burmeseclassic.com



"သူ . . . သူ . . ."

"မိုးလင်းလို့ ရေတောင်းရင် မတိုက်နဲ့။ ငါ့လာခေါ်"

"ဆရာကြီး ခဏစောင့်ပေးပါ"

"ဘာလုပ်မလို့တုံး"

"မြွေသေကို ရှင်းဖို့ လူခေါ်မလို့ပါဗျာ"

"အေး . . . သွားသွား"

တောက်ထွန်းထွက်သွားတော့မှ ငါ တောကြီးမြွေဟောက်အသေကို ကြည့်လိုက်တယ်။ ခေါင်းတစ်ခုလုံး ပြားချပ်နေပြီ။

မြွေအမြီးက ဓားချက်ကြောင့် အရှည်တစ်တောင်ခန့် ပြတ်သွားတယ်။

ဒီကောင် တောကြီးမြွေဟောက်နဲ့ ညဦးတုန်းက ဆော့ကစားနေတာ ငါမြင်ခဲ့တာပဲကွာ။

အခု သူနိုင်တဲ့မြွေဆိုးက သူ့ကို ကိုက်လိုက်ပြီ။

ငါမြင်မက်တဲ့အိပ်မက်နဲ့ အာဠာဝကဖြစ်နေပုံက အတော်ကို တူနေတယ်။

အိပ်မက်ထဲမှာ ငါ့ကို တောကြီးမြွေဟောက်က ပေါက်သတ်ဖို့ ကြိုးစားတယ်။ ငါမြွေခေါင်းကို သံမံတလင်းနဲ့ တရကြမ်းပွတ်တိုက် ပြတ်သတ်စုတ်ပြဲအောင် လုပ်ခဲ့တယ်။

အခု . . . အာဠာဝကက မြွေဦးခေါင်းကို သစ်သားဘီလူးရုပ်တုနဲ့ ညက်ညက်ကြေအောင် ထုခြေခဲ့တယ်။ ဒီကောင့်ကို ဘာကြောင့် သူ့မြွေက ခဲရတာလဲ။

ငါက အိပ်မက်ထဲမှာ တောကြီးမြွေဟောက်ရဲ့ အမြီးကို သွားနဲ့ ကိုက်ပြီး ဝါးစားတယ်။

ဒီမှာတော့ မြွေမြီးကို သူက ဓားနဲ့ ခုတ်ဖြတ်ထားတယ်။

ဘာ့ကြောင့် ဒီလို တစ်ချိန်တည်း တိုက်ဆိုင်မှုဖြစ်ရတာလဲ။ တောကြီးမြွေဟောက်ခေါ် အာဠာဝကကို တောကြီးမြွေဟောက် ပြန်ကိုက်တာ စဉ်းစားစရာကွ။ ငါ စဉ်းစားနေတုန်း ယောကျ်ားသားနှစ်ဦးနဲ့ တောက်ထွန်း





ပြန်ရောက်လာတယ်။ သူ့လူနှစ်ဦးက တောကြီးမြွေဟောက်သေကို ကြည့်ပြီး အံ့ဩနေကြတယ်ပေါ့။

"ယူသွားပြီး မြေမြှုပ်လိုက်"

"ဟုတ်"

သူတို့ မြွေသေကြီးကို လက်နဲ့ မ,ယူပြီး ဆင်းသွားကြတယ်။

ငါလည်း လူနာကိုစောင့်ကြည့်ဖို့ ပြောခဲ့ပြီး အပေါ်ထပ်ကနေ ပြန်ဆင်းလာခဲ့လိုက်တယ်။ တိုက်အဝင်ဝမှာ မြွေသေယူသွားတဲ့ လူနှစ်ယောက်ကို တွေ့လို့ ပြောရတယ်။

"ငါ့တူတို့ . . ."

"ဗျာ . . . အဘ"

"ဒီမြွေသားကို ဟင်းချက်မစားကြနဲ့နော်၊ မီးရှို့ပြီး မြေကြီးနက်နက်တူး မြှုပ်ပစ်ကြ"

"ဘာလို့လဲ အဘ"

"စားရင် မင်းတို့ အန္တရာယ်ဖြစ်မှာစိုးလို့"

သူတို့ ဘာမှပြန်မပြောကြဘဲ တောကြီးမြွေဟောက်သေကို သယ်ယူသွားကြတယ်။

မိုးလင်းတော့ အာဠာဝက ပြန်သတိရလာတယ်။ ရေတောင်းတယ်။ ငါ သွားကြည့်ပြီး ရေတစ်ခွက် မန်းလိုက်တယ်။

"ဥုံ . . . တောကြီးမြွေဟောက် အဆိပ်မှန်သမျှ ရေဖြစ်စေ။ သက်ဆရာသက်၊ ပျက်ဆရာပျက်"

"ဥုံ . . . ကြောသေကြော မ ကုန်အောင်ကြွ။ ကြောမှာနေ ကြောခင်းပြေ (ပြယ်) ဆရာပြေ (ပြယ်) လွတ်လည်း ဆရာလွတ်၊ စုန်းပင်၊ နတ်ပင်း မကြွင်းသေလေ မြေသို့လည်းသတ်၊ ထွက်လည်း ဆရာထွက်၊ ဖျက်လည်း ဆရာဖျက် . . . ဥုံ . . . ဥုံ . . . ဥုံ . . ."

ရေကို သုံးဆယ့်ခုနစ်အုပ်မန်းပြီး သူ့ဆံပင်ကို ကိုင်ဆွဲလို့ တိုက်ခဲ့လိုက်တယ်။

"တောက်ထွန်း"



www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျာ . . . အဖေကြီး''

''မင်းအစ်ကို မသေတော့ဘူး''

''ဟုတ်လား . . . ဝမ်းသာလိုက်တာ . . . အဖေကြီးရယ်။ ကျွန်တော် ဝမ်းသာလိုက်တာ။ အဖေကြီးကြောင့် . . . အစ်ကို . . . မသေ . .''

ဒီမှာ တောကြီးမြွေဟောက်ရဲ့ မိန်းမလည်း ရောက်လာပြီး သူ့လင်ကို အသက်မသေအောင် ကုပေးလို့ ကျေးဇူးတင်စကားတွေ ပြောတယ်ဟေ့။

မိန်းမက အတော်ချောတာကွ။

''မင်းအစ်ကို မသေပေမယ့် အခန့်မသင့်ရင် မင်းတို့အုပ်စုထဲက နှစ်ယောက်သေလိမ့်မယ်''

''ဗျာ . . . ဘာဖြစ်လို့ . . . လဲဟင်''

''ဘယ်သူ သေမှာလဲဟင်''

''ငါ့စကား နားမထောင်ခဲ့ရင် ပြောတာပါ။ ကိုင်း . . . ငါ အဓိဋ္ဌာန်ကိစ္စအတွက် ဘုရားခုနစ်ဆူမှာ သွားကျင့်ရမယ်။ မြို့စားကတော်ကို မင်းတို့ စောင့်ရှောက်။ မြို့စားကတော်သေရင် မင်းတို့လည်း သေရလိမ့်မယ်''

''ဗျာ . . .''

ငါ လွယ်အိတ်ကြီးလွယ်ပြီး ခြံဝကို ရောက်တုန်းရှိသေးတယ် လူတစ်ဦး ရေးကြီးသုတ်ပြာ ဝင်လာပြီး အပေါ်ထပ်ကို တက်သွားတာ မြင်ရတယ်။

လူနာသတင်း လာမေးတာ နေမှာပါ။

''အဘ . . .''

''ဟဲ့ . . . သမီး တိုးစိန် . . . ဘာတုံး''

''အဘ ပြန်တော့မလို့လားဟင်''

''မပြန်ပါဘူး . . . သမီးရယ်။ အဓိဋ္ဌာန်ကိစ္စရှိလို့ပါ ပြန်လာမှာပါ''

''အဘ ပြန်လာပါနော် . . . နော် . . .''

''အေးပါ . . . သမီး . . . အဘွားကို ဂရုစိုက်နော်''

''ဟုတ် . . . ဟုတ် . . . ဟိုလေ . . . အဘ ကြားပြီးပလား''





''ဘာတုံး''

''သံခဲနဲ့ သံရဲ မနက်က သေသွားပြီ''

''ဟဲ့ . . . သံခဲနဲ့သံရဲဆိုတာ ဘယ်သူတွေတုံး''

''ညက သူတို့ . . . ဟို . . . ဟို . . . တောကြီးမြွေဟောက်အသေကြီး ချက်စားကြတယ်''

''ဟင် . . .''

''အရက်နဲ့ စားသောက်ပြီး အိပ်ကြတာ။ မိုးလင်းခါနီး သူတို့နေတဲ့အိမ်က စူးစူးဝါးဝါး အော်သံတွေကြားလို့ အခြားအိမ်ကလူတွေ သွားပြေးကြည့်တော့ တောကြီးမြွေဟောက်လို မြွေကြီးတစ်ကောင် ခြံထဲကထွက်သွားတာ မြင်ရတယ်တဲ့။ အိမ်ထဲဝင်ကြည့်တော့ သံခဲနဲ့ သံရဲ မြွေကိုက်ခံရပြီး လဲနေ၊ သေနေတာ မြင်ရသတဲ့ . . . အဘရဲ့''

''အင်း . . . လူမိုက်တွေ လူမိုက်တွေ . . . ဒီလိုနဲ့ လုံးပါးပါးကြတော့မှာပဲ။ အဘ ညတုန်းက သတိပေးပါတယ်။ မြွေသား ချက်မစားနဲ့ မီးရှို့ပြီး ကျင်းနက်နက်တူး မြေမြှုပ်လို့ ပြောသားပဲ။ ခုတော့ လူကြီးစကား နားမထောင်တဲ့ကောင်တွေ သေကြပေါ့''

''အဘ . . . ကိုက်တဲ့မြွေကလည်း တောကြီးမြွေဟောက်တဲ့''

''အေးပေါ့ . . . သမီးရယ်၊ သူ့လင်အသားကို ချက်စားတော့ သူ့မယား တောကြီးမြွေဟောက်မ လာသတ်တာပေါ့။ ဒီ မြွေဆိုးကြီးတွေက အညိုးအတေးကြီးတယ် သမီး။ သူ့ကို နိုင်ရင်နိုင် မနိုင်ရင် သူတို့က ပြန်ကလဲ့စား ချေလေ့ရှိတယ်။ ကံကောင်းကြပါစေ . . . အဘ သွားမယ်ဟေ့''

ဒီလိုပြောပြီး ငါ ခြံထဲကနေ ထွက်ခဲ့လိုက်တယ် . . . မောင်မှိုင်းရ

ငါ့နောက်ကို လိုက်ကြည့်ချင်လည်း ကြည့်ကြပေါ့။

ငါ မြို့စားကတော်ကို ကယ်ရမယ်။

မြို့စားကတော်လက်ထဲကို သူ့လင် ထားခဲ့တဲ့ပစ္စည်းတွေ ရောက်အောင်လုပ်ရမယ်။ ငါ မြို့စားတို့ တစ္ဆေဝိညာဉ်တွေ လွတ်မြောက်အောင်လည်း လုပ်ရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာ မင်းသိပြီမဟုတ်လား"

"သိပါပြီ အဘ"

"ငါတို့ လဆန်း ….ရက်နေ့ မြို့စားသချိုင်းရှိရာ မြေအောက်ဥမင်ထဲ လာခဲ့မယ်။ ဘုန်းအိုကြီးကိုလည်း ပြောပြထား။ မင်း ဝေသာလီကို သိ မဟုတ်လား"

"သိတယ် အဘ"

"ဝေသာလီကိုလည်း ပြောထား။ အဲဒီဝန်းကျင်က စောင့်နေကြလို့။ အရေးကြီးတာက မြို့စားကတော် အသွားကြီး အသက်ရှင်ဖို့ အရေးကြီးတယ်။ ဒီကောင်တွေကို သိမ်းယုံရတာ မဟုတ်ဘူး။ အေးအေးဆေးဆေး ပဋ္ဌည်းတွေ တစ်ဝက်ပေးပြီး ပြန်သွားရင် ကိစ္စမရှိဘူးလေ"

"အဘ …"

"ပြော … မောင်မှိုင်း"

"အာဋ္ဌာဝကကို တောကြီးမြွေဟောက် ကိုက်ကတည်းက မကုဘဲထားခဲ့ရင် ကိစ္စပြတ်ပြီဥစ္စာ …အဘရာ။ အဘ ဒီလူကို သွားကယ်လို့"

"မောင်မှိုင်းရာ …လူ့အသက်တစ်ချောင်း မျက်စိရှေ့မှာ ဒုက္ခဖြစ်နေတာ ငါ မကယ်ဘဲ ဥပေက္ခာပြုလို့ ရမလား။ သူ့သေကံနဲ့သူ ကုရင်းသေတာ ငါ အပြစ်မရှိဘူး။ ငါ့အလုပ်က ကောင်းသူကိုကယ်၊ မကောင်းသူကိုပယ် ဆိုပေမဲ့ ဒုစရိုက်ကနေ သုစရိုက်ဖြစ်သွားအောင် လုပ်ခဲ့ရင် ကုသိုလ်ရတာပေါ့ကွယ်။ နောက်တစ်ချက်က ဒီကောင် မြွေနိုင်တယ်။ ဒီကောင့်လက်ဝါးပြင်ပေါ်မှာ မြွေရုပ်နှစ်ရုပ်ရှိပြီး တစ်ရုပ်က ခေါင်းပြတ်နေတယ်။ ဒီလက်ဝါးကို နဂါးနိုင်လက်ဝါးလို့ခေါ်တယ်။ နဂါးနိုင်လက်ဝါးဆိုတာ လက်ဝါးပေါ်မှာ မွေးကတည်းက မြွေပါးပျဉ်းထောင်နေတဲ့ အမှတ်ရုပ်ပါတယ်။ အဲဒီလူကို နဂါးနိုင် လက်ဝါးပိုင်ရှင်လို့ ခေါ်တယ်။ ဒါကြောင့် အာဋ္ဌာဝကကို တောကြီးမြွေဟောက်လို့ ခေါ်ကြတာ။ ဒီကောင် မြွေမှန်သမျှ အကုန်နိုင်တယ်။ သို့သော် ဒီကောင်ရဲ့ ညာလက်ဝါးပေါ်က မွေးရာပါ မြွေရုပ်က ခေါင်းပြတ်နေတယ်။ ဒါကြောင့် ဒီကောင် မြွေကိုက်ခံရပေမဲ့ မသေနိုင်





သေးတာ။ ဘယ်လက်ဝါးပေါ်က မြွေရုပ်ပါ ခေါင်းပိန်၊ ခေါင်းပြတ် ဖြစ်သွားခဲ့ရင် ဒီကောင် ကနဂုတ်ကိုက်တာနဲ့သေပြီ။ ဒါကြောင့် သူ့ကိုက်တဲ့ သူ့တပည့်တောကြီးမြွေဟောက် သူ့လက်ချက်နဲ့ သေရတာ။ ငါ ဆေးမကုပေးလည်း ဒီကောင် လတ်တလော မြွေဆိပ်နဲ့ သေကိုမသေဘူး။ ဘယ်လက်ဝါးပေါ်က နဂါးနိုင်မြွေရုပ်က မြွေထိလည်း သူ မသေဘဲ နေနိုင်ဦးမှာကွ"

"ရဲနဲ့ဝိုင်းပြီး မြို့စားကတော်ကို ကယ်ရင် မရဘူးလား"

"မောင်မှိုင်း …ငါ ကယ်လို့ရရင် ကယ်တာပေါ့။ မင်း တောကြီးမြွေဟောက်အာဋ္ဌာဝကရဲ့ လက်တံရှည်တာ မင်းမသိဘူး။ ဒီနေရာက အမည်းရောင်နယ်မြေ။ ရဲလောက်ကို စာမဖွဲ့တဲ့နေရာ။ တောကြီးမြွေဟောက်က အားလုံးအပေါ် ဩဇာရှိတယ်။ ငွေနဲ့ရှင်းနိုင်တယ်။ ငွေနဲ့မရရင် ကျည်ဆန်နဲ့ ရှင်းမှာပဲ။ ဒီနယ်မြေမှာ တော်ရုံလူ ဝင်ပြီးရင် ထွက်လို့မရဘူး။ ထွက်ရင်လည်း အသက်မပါဘူး။ ဒေါသစွာကို အချိန်မရွေး နေရာရွေ့လို့ရသလို အချိန်မရွေး သတ်ပစ်နိုင်တယ်။ ငါ မြို့စားကတော်ကို ခိုးထုတ်သွားရင်လည်း သူတို့ အဝန်းအဝိုင်းက လွတ်ဖို့မလွယ်ဘူး။ မြို့စားကတော် အရင်သေမှာပဲ။ ဒါကြောင့် အပေးအယူလုပ်ပြီး မြို့စားကတော်ရဲ့ အသက်ကို ကယ်ရမှာ။ ဒါကြောင့် မင်းတို့ ရဲလည်း မခေါ်လာနဲ့။ တို့လူတွေပဲ စောင့်ပြီး မြို့စားကတော်ဘေးကင်းအောင် ကူညီပါ။ ငါ့ကို မင်းတို့မငဲ့နဲ့ နားလည်လား"

"ကောင်းပါပြီ …အဘ၊ အဘပြောသလို လုပ်ပါ့မယ်"

"ဒါဆို မင်းသွားတော့။ တစ်စုံတစ်ဦးက မင်းကို လမ်းမှာ မေးမေးမြန်းမြန်းလုပ်ရင် အခုမှ တွေ့တာပါ။ လေးစားလို့ပါ။ ရန်ကင်းတောင်သမိုင်းကို မေးမြန်းကြည့်တာပါလို့ ပြော"

"နားလည်ပါပြီ …အဘ"

"နားလည်ရင်သွားတော့ ငါ ဝင်္ကပါဂူထဲ ပြန်ဝင်တော့မယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၄]

❑

ကျွန်တော် အဘဦးရာကျော်နဲ့ လမ်းခွဲပြီး ရန်ကင်းတောင်ပေါ်က ဆင်းလာတုန်းမှာပဲ နောက်ကနေ လူနှစ်ဦး လိုက်လာပြီး . . .

"ဟေ့လူ . . . ရပ်ပါဦးဗျ"

ကျွန်တော် မရပ်ဘူး။ တောင်အောက်ကိုဆင်းဖို့ ခပ်သွက်သွက် သွားတုန်းမှာပဲ သူတို့နှစ်ဦးက ကျွန်တော့်ကို မီသွားပြီး ရှေ့ကနေ ပိတ်ရပ် လိုက်ကြတယ်။

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲ"

ဒီမှာ ဂင်တိုတို ဆွယ်တာဝတ်ထားတဲ့လူက ပြောတယ်။

"ခင်ဗျားကို မေးစရာရှိလို့ပါဗျ။ စိတ်မဆိုးပါနဲ့"

"ဘာမေးမလို့လဲ မေး"

"ခင်ဗျားနာမည် ဘယ်လိုခေါ်တုံးဗျ"

"ဘာလုပ်မလို့ မေးတာလဲ"





"မြင်ဖူးသလိုရှိလို့ မေးတာပါ"

"ကျုပ်နာမည် ခင်မောင်သင်လို့ ခေါ်တယ်"

အရပ်ရှည်ရှည် စပို့ရှပ်အနီနဲ့လူက ငါ့ကိုကြည့်ရင်း . . .

"ခင်ဗျား ကျိုက်ထိုဘက်ကို ရောက်ဖူးလား"

ငါ စဉ်းစားတယ်။ အဘရဲ့ မှာစကားတွေလည်း ငါ ကြားနေ တယ်။

"မရောက်ဖူးဘူး . . . ဘာဖြစ်လို့လဲ"

"ကိုခင်မောင်သင်ကို ကျိုက်ထိုလမ်းမှာ မြင်ဖူးသလို ရှိလို့ပါ"

"ဒါနဲ့ ဟိုတောင်ပေါ်က အဘိုးကြီးနဲ့ ခင်ဗျား သိကြသလားဗျ"

"အရှူးလို လူကြီးလား"

"ဟုတ်တယ် . . . စောစောက ကိုခင်မောင်သင်နဲ့ စကားပြော နေတဲ့လူကြီး"

"ကျုပ်ကို လက္ခဏာကြည့်ပေးမယ် စားစရာပါရင်တော့ ပေးပြော လို့ ပါလာတဲ့ ထိုးမုန့်ပေးပြီး လက္ခဏာကြည့်တာဗျ"

"သူဟောတာ မှန်ရဲ့လားဗျ"

"တလွဲတွေပါဗျာ။ ကိုယ်ကလည်း ဒီတောင်ပေါ် မရောက်ဖူး တော့ ဒီအရူးလိုလူကြီးကို မေးရတာပါ။ သူပြောတာ နားထောင်ရတာ ပေါ့"

"ဒီအဘိုးကြီးနာမည် သိလား"

"ကျုပ် မေးကြည့်တယ်။ သူပြောပုံက သူ့ကိုယ်သူ ရသေ့ကြီး ဦးခန္တီကိုယ်ပွားလိုလို၊ ပထမံဘိုးဘိုးအောင် ဓာတ်ဆက်လိုလို ပြောတာနဲ့ ဒီလူကြီး အရူးပဲဟလို့မှတ်ပြီး ထပြန်ခဲ့တာဗျ။ နေပါဦး . . . ခင်ဗျားတို့ နှစ်ယောက်က ကျုပ်ကို ဘာလို့ ဒီအဘိုးကြီးအကြောင်း မေးနေတာတုံး။ ခင်ဗျားတို့က ဘာတုံး"

"စိတ်မရှိပါနဲ့ . . . ကိုခင်မောင်သင်။ ကျုပ်တို့ကလည်း သတင်း ရလို့ စောင့်ကြည့်နေတာပါ။ တောထဲက လွှတ်လိုက်တဲ့လူလို့ ကြားလို့ ပါ။ ခင်ဗျားကို ဘာများပြောသလဲ သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



''ဗျာ ... ဒီ ... ဒီ ... အဘိုးကြီးက ... ဟို ... ဟို ...''

''ခင်ဗျား ဘယ်သူ့ကိုမှ ကျုပ်တို့မေးတာ လျှောက်မပြောနဲ့နော်။ ပြောရင် ခင်ဗျားကို မသက်သာမှုနဲ့ ဆွဲထည့်ထားလိုက်မယ်။ ဒီလူကြီးက ဗကပ ကံကြီးဆောင်ရဲ့ အဖေဗျ''

''ဟင် ...''

''ကိုင်း ... ခင်ဗျားသွားတော့၊ ပါးစပ်ပိတ်နေနော်''

''အင်းပါဗျာ ... အင်းပါ''

ကျွန်တော် ရန်ကင်းတောင်ပေါ်ကနေ မပြေးရုံတမယ် ဆင်းလာပြီး လမ်းကွေ့သစ်ပင်အောက်မှာနားရင်း ရေအိုးစင်က ရေတစ်ခွက်သောက်လိုက်တယ်။ ပြီး ... အားရပါးရ အော်ရယ်ပစ်လိုက်တယ်ဗျာ။

အဘပြောတဲ့စကား တယ်မှန်တာပဲ။

အဘနောက်ကို သူတို့ လူတွေလွှတ်ပြီး စောင့်ကြည့်နေတာ။ အဘများ ရန်ကုန်ဆင်းမယ်သိရင် ... အင်း ... မလွယ်ပါလား။

ကျွန်တော် စဉ်းစားစရာ တစ်ချက်ရှိတယ်ဗျ။ ကျွန်တော့်ကို ကျိုက်ထိုကားလမ်းမှာ မြင်ဖူးသလိုပဲတဲ့။ သေချာပြီပေါ့ဗျာ။ ဒါ တောကြီးမြွေဟောက်ရဲ့ ခါးပြအဖွဲ့ထဲက ကောင်တွေ။ ကျွန်တော့်ကို သူတို့ မှတ်မိနိုင်တာပေါ့။

ကျွန်တော့်ကို ကိုယ်တုံးလုံးနီးပါး အဝတ်အစားချွတ်ပြီး ရှာတဲ့ ခါးပြတွေ။ ဒီကောင်နှစ်ကောင်ပါတာ သေချာနေပြီပေါ့။

အဘရေ ...

ဒီအတိုင်းသာဆိုရင် ပွဲကြီးပွဲကောင်း တွေ့ကြပြီနဲ့ တူတယ်ဗျို့။

ကျွန်တော် (....) မြို့က ဦးဝေသာလီရှိတဲ့ (.....) သင်္ချိုင်းကို ဝင်ပြီး အကျိုးအကြောင်း ပြောပြရော။

''အဘပခန်းက အဲဒီစည်းဝိုင်းထဲ ရောက်နေတာလား။ လက်စသတ်တော့ ရှင်တစ်ရာအလှူရှင် သူဌေး ဦးဂုဏ်ရောင်ရဲ့ညီက တောကြီးမြွေဟောက် အဖွဲ့ကကိုး။ အေးကွာ ... အဖေ ပခန်းကျော်ကြီးက သတ္တိ





ထည်းကောင်း၊ ဉာဏ်လည်း ထက်ပါ့ကွာ။ စိတ်ချ စာရေးဆရာ ငါဘေးစောင့်ကျင့်လိုက်မယ်။ ဒါနဲ့ အိုးစည်တော်သားတွေ ခေါ်ဦးမလားဟေ့''

''မခေါ်နဲ့ ... ဦးဝေသာလီ။ လူများရင် မကောင်းဘူး။ ကျွန်တော် ဘဘုန်းတို့ကို သွားပြောဦးမယ်။ ခွင့်ပြုပါဦး''

''စိတ်ချဟေ့ ... ငါ အသင့်လုပ်ထားမယ်''

ဦးဝေသာလီကို ဝင်ပြောပြီးနောက် ဘဘုန်းအိုတို့ရှိရာကို ရောက်ရော ... အပျိုကြီးအုပ်စုရဲ့ အသံတွေ ကြားရပါရောဗျာ။

''ဟေ့ ... မိန်းမတွေ ညည်းတို့လင်ကြီး ပြန်ရောက်လာပြီဟေ့။ မြရင်၊ မြခင်၊ ရွှေရင်၊ မိပြုံကြီးတို့ရေ ... လာကြဟဲ့''

''အပျိုခေါင်း ဘာပြနေတာတုံးတော့''

''ငါပြ ... အဲ ... အဲ ... ငါ အသံပြတာ အခြားမဟုတ်ဘူးတဲ့ ... ညည်းတို့လင် ပြန်ရောက်လာပြီဟဲ့''

''ဟောတော် ... ကျုပ်တို့က အပျိုတွေလေ အပျိုခေါင်းရဲ့။ ဘယ်တလင် ရောက်ရမတုံး''

''ဟိုမှာကြည့် ... ဘုန်းကြီးကျောင်းသား ငပိန်ရိုးနဲ့ ခေါင်းချင်းဆိုင်နေတာ ဘယ်သူလဲလို့ ကြည့်လိုက်စမ်း''

အပျိုအုပ်ဗျာ ... ကျွန်တော့်လည်း မြင်ရော အော်ဟစ်ပြီး ပြေးလာကြတာဗျာ။

''အေးတော် ... ဟဲ့ ... မြရင်။ နင့်လင် ရောက်နေသတော့''

''ဘယ်မတုံး ... ဟုတ်သဟေ့ ရွှေကြည်ရေ၊ နင့်လင်ကြီး အစစ်တော့''

ကျွန်တော့်ဗျာ မျက်နှာ ဘယ်ထားရမှန်းမသိ ဖြစ်ကရော။

''စာရေးဆရာရေ ...''

''ဗျာ ... ကိုရိုး''

''မင်းမယားတွေ လာနေကြပဟေ့''

''တော့ ... စာရေးဆရာ''

''ဗျာ ... ဗျာ ...''



www.burmeseclassic.com

www.burmeseclassic.com



''တော်က ပျောက်သွားလိုက်တာ သေလားရှင်လားမသိ ဖြစ်ပေ တော်။ ဟိုမှာ ဒေါ်ကုလားမ အိပ်ရာထဲ လဲနေပြီတော့''

''အပျိုခေါင်း''

''ပြောတော့''

''ဒေါ်ကုလားမ အိပ်ရာထဲလဲတာ ကျုပ်နဲ့ ဘာဆိုင်လို့တုံးဗျာ''

''အေး ... ဟုတ်သားဟဲ့''

ဒီမှာ မိရွှေကြည်က ဝင်ပြောတယ်။

''အပျိုခေါင်းရယ် ... ဒေါ်ကုလားမက သူ့ဟာသူ ပန်းနာရင်ကျပ် နဲ့ အိပ်ယာထဲ လဲတာဥစ္စာ။ စာရေးဆရာနဲ့ ဘာဆိုင်လို့တုံး''

''ဟုတ်ပ ... မရွှေကြည်ရာ ... ကြည့်ပြောပါဦးဗျာ''

''ဒီတော့မှ အပျိုခေါင်းက ညိုးငယ်မျက်နှာနဲ့ ပြောတယ်''

''ငါ ... ငါ ... လွမ်း ... လွမ်းလို့ပါ စာရေးဆရာ''

''ဗျာ ... လွမ်းလို့ ... ဘယ်သူ့လွမ်းလဲ ပြောပါဦးဗျာ။ ကျုပ်ကို လွမ်းတာလားဟင် အပျိုခေါင်း''

''ဟုတ်ပါဘူးတော့ ... သေသွားတဲ့အဖေ့ကို လွမ်းလို့တော့''

''ဟာဗျာ ... ခင်ဗျားဟာက မဟုတ်သေးပါဘူးဗျာ''

''ဟုတ်သားပဲ ... အပျိုခေါင်းရယ်။ စာရေးဆရာကို သတိရလို့ လွမ်းတယ်ဆို ခမျာ ရောက်လာတာ အမောပြေမပေါ့တော်။ အခုဟာက သေသွားတဲ့ အဖေ့ကို လွမ်းလို့တဲ့။ လွမ်းချင် သချိုင်းကုန်း သွားလွမ်းပေါ့ မဟုတ်ဘူးလား။ အခုတော့ သေသွားတဲ့ အဖေမသာကပဲ သူ့ရှေ့ကိုယ်ထင် ပြတဲ့အတိုင်း လွမ်း ...''

''မရွှေကြည် ... တော်ပါတော့ဗျာ။ ကျုပ် ... ကျုပ် ...''

စဉ်းစားကြည့်ဗျာ ... လွမ်းတဲ့သူက သူ့အဖေနဲ့တူလို့ သတိရပြီး လွမ်းသတဲ့။ တော်ပါတော့အေ ... ပြောပေါ့။

ခုတော့ ကျုပ်က သေရာကထလာတဲ့ မသာအဖေဖြစ်ရ။

ဒါတောင် ထပ်လုပ်သေးရဲ့။





''အပျိုခေါင်းရယ် ... ငါတို့ စာရေးဆရာကိုများ သေသွားတဲ့ တော့်အဖေ အိုနာကျိုးကန်းနဲ့တူတယ်လို့ ပြောရက်ပါ့တော်''

''ဒီမှာ တော့်အဖေနဲ့ တစ်ပဲသားမှ မတူဘူးတော့်''

ဒီတော့ အပျိုခေါင်းက နှပ်ညှစ်ရင်းမေးတယ်။

''ငါ့အဖေနဲ့ မတူဘူးဆိုတော့ ... ဟောဒီ ငါတို့စာရေးဆရာက ဘယ်သူနဲ့ တူလို့တုံး ... ပြော ... ပြော ... ပြော ...''

မြရင်ကလည်း ဝင်ပံ့တယ်။

''ဟုတ်တယ် ... ဒီစာရေးဆရာက ရွာထဲက ဘယ်သူနဲ့တူတုံး''

မရွှေကြည်က ပြောတယ်ဗျာ။ ဘယ်လိုပြော မှတ်တုံး။

''ငါတို့မောင်ကြီး စာရေးဆရာက ရွာထဲက ဘယ်သူနဲ့ တူလဲဆို တော့ ... အင် .... အင် ... သိပြီဟေ့''

''ဘယ်သူနဲ့ တူလဲဗျာ။ အစ်မရွှေကြည်ရာ ဟင်''

''ပြီးခဲ့တဲ့နှစ်က ပျံလွန်တော်မူသွားတဲ့ ဘုန်းကြီးကိုပုနဲ့ တထေရာ တည်းဟေ့''

''ဝေး ... ဟုတ်တယ်ဟေ့။ ဘုန်းကြီးကိုပုနဲ့ ချွတ်စွပ်ဟဲ့''

''ကိုပိန် ... လစ်ကြစို့ဗျာ''

''အေး ... လစ်စို့။ ဒီဟာမတွေ မလွယ်ဘူး''

''ဒီမှာတော့ ...''

''ဘာတုံးဗျာ .. ဘုန်းကြီးကိုပုနဲ့ တူတယ်လို့ ပြောပြီးရင် ကျေနပ် ပြီမဟုတ်လား''

''ကျုပ် ဘာဘုန်းနဲ့ တွေ့စရာရှိတယ်။ ဖယ်ဗျာ''

''ဒီမှာ ... မောင်ကြီးရဲ့''

''အမယ်လေးဗျ ...''

''အပျိုခေါင်းက တရော်ရည်ကျနေတာပဲဟေ့။ ချွဲပါ့တော်''

''ဘာတုံး ... မြန်မြန်ပြော''

''ညနေစာကို အိမ်မှာလာစားနော် ... လို့ ... ဟင့်''

''ဟား ... ဟား ... ဟား ... ကြွေလောက်တဲ့ အသံဟေ့''



www.burmeseclassic.com

www.burmeseclassic.com



"မစားဘူးဗျာ။ အသံကြားတာနဲ့ ရင်ပူနေတယ်။ ကိုပိန် သွားစို့"

ကျွန်တော် သူတို့ကြားကနေ တိုးထွက်ပြီး ခပ်မြန်မြန်လှမ်းလိုက်တော့ နောက်ကနေ ဂန့်ဒူးသံနဲ့ လှမ်းခေါ်ကြတယ်ဗျာ။

"မောင် ... မောင် ... ကြီး ... ဟီး ... ဟီး ... ဟီး ..."

"မောင်ကြီးလုပ်ပါ အပျိုခေါင်းရယ်။ နာသံက ပုပ်စော်နံလို့"

"မောင် ... ကြီး ... များတို့ ... များတို့ ... ထ ... ထမင်းဖွဲ့ပွဲပြင်ပြီး ... စောင့် ... စောင့်နေမယ်နော်"

"ဟဲ့ ... ဟဲ့ ... အပျိုခေါင်း ... အောက်မှာ မြွေ .. မြွေပွေး"

"အမလေး သောက်ပလုပ်တုတ်။ ဘုန်းကြီးကိုပုနဲ့ ငါ့အခေါ်နဲ့ ညား"

"ဟား ... ဟား ... ဟား ... ဟား ..."

"ခစ် ... ခစ် ... ခစ် ... ခစ် ..."

"အဟတ် ... အဟတ် ... အဟတ်"

မိန်းမအုပ်ရဲ့ ရယ်သံနဲ့အတူ အပျိုခေါင်းရဲ့ တုပ်သံလည်း ကြားရတယ်။

"မောင် ... ရေ ... များတို့ ... စောင့်နေမယ်နော်"

"မြွေပွေး ... မြွေပွေး ..."

"အမလေး ... သောက်ပလုပ်တုတ်နဲ့ ဘုန်းကြီးကိုပုနဲ့ ... တာ ... ကန်တော့ပါ ကိုယ်တော်၊ ကန်တော့ပါရဲ့။ ဒီမိန်းမရှင်တွေနဲ့ တွေ့ရင် ဘုရားတပည့်တော်မ ကြောက်လန့်ယောင် ... ဟဲ့ ... ဟဲ့ ... အမလေး သောက်ပလုပ်တုတ်နဲ့ ငါ့အဖေ မယားငယ် ရွှေကြည်နဲ့ ကောက်ရိုးပုံသား ..."

✿ ✿ ✿

# [၁၁]

❑

ဘဘုန်း ဘုန်းကြီးအို ကျွန်တော့်ကိုမြင်ရော အံ့အားသင့်နေပါရောဗျာ။

"ဘဘုန်း ..."

"မင်း ... မင်း ... အဲ ... အဲ ... စာရေးဆရာ ဟုတ် ..."

"မှန်ပါ ... ဘုရား။ စာရေးဆရာ မောင်မှိုင်းပါ ဘုရား"

"ခုမှပဲ တွေ့ရတော့တယ် ဒကာစာရေးဆရာရယ်။ ဒါနဲ့ ဒကာကြီး ဦးရာကျော် မပါဘူးလား"

"အဲ့တာပြောမလို့ ဘုရား။ တွေ့ပြီဘုရား ... တွေ့ပါပြီ ဘုရား"

"ဦးရာကျော်ကို တွေ့တာလား"

"ဦးရာကျော်ရော၊ မြို့စားကတော် ဒေါ်ရှင်မင်းယာစိုကိုရောပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



“ဟေ ... မြို့စားကတော် အသက်ရှင်လျက်ရှိတယ် ဟုတ်လား။ ဝမ်းသာလိုက်တာ ဒကာလေးရာ။ သူတို့ ဘယ်နေ့လာကြမလဲဟင် ... ဒကာလေး”

“ဒီအကြောင်းကို အသေးစိတ် ပြောပြမှ ဖြစ်မယ်ဘုရား”

“ပြောကွာ ... ဘုန်းကြီး ကြားချင်လှပကွ။ ဘုန်းကြီးကလည်း ဒကာတို့ကို ပြောစရာရှိတယ်ကွ။ ကိုင်း ... ဒကာ ရာကျော်တို့အကြောင်း ပြော”

ဒါနဲ့ ကျွန်တော်က အဘဦးရာကျော် ဒီဘုန်းအိုကြီးကျောင်းကနေ ရှုတ်တရက် ပျောက်ဆုံးသွားပုံ။

ကရင်ရွာ ရိုးမတောစပ်က ကျားဖမ်းပွဲ။

မြစ်ဝကျွန်းပေါ်ရွာက နဲ့သမားဘဝကနေ ... အလှူပွဲမှာ ပတ်ကား ဆောင်တိန်ပေးလိုက်တဲ့အကြောင်း။

နောက်ဆုံး တောက်ထွန်းတက်ကို အကြောင်းပြုပြီး အာဠာဝက (ခေါ်) တောကြီးမြွေဟောက်နဲ့ တွေ့ပုံ။

ဒီမှာ အကျဉ်းကျခံထားရတဲ့ ဒေါ်သစ္စာ (ခေါ်) မြို့စားကတော်။

မြို့စားကတော်နဲ့ ဘတိုက်ပုံ ဦးရာကျော် (ခေါ်) ပခန်းကျော်တို့ မျှော်လင့်ဘဲ တွေ့ခဲ့ရတဲ့ ဘဝ။

အရှမ ဒေါ်သစ္စာ (ခေါ်) မြို့စားကတော်ရဲ့ ထောင်ထွက်ဘဝကနေ အာဠာဝကတို့ရဲ့ အကျဉ်းသားဖြစ်ခဲ့ရတဲ့ဘဝ။

မြို့စားရဲ့ ခေါင်းတလားရှိရာကို သွားခဲ့ရင်း ကြုံခဲ့ရတဲ့ အဖြစ်ဆန်းများ အနိုင်ကျင့်ခံ ဘဝများ။

အခု ... အာဠာဝက (ခေါ်) တောကြီးမြွေဟောက်နဲ့ အပေးအယူ သဘောတူညီချက်နဲ့ လဆန်း ... ရက်နေ့မနက် ဂူထဲကို အရောက်သွားကြမည့်အကြောင်း။

ဒေါ်ရှင်မင်းယာစိုကို အကြောင်းမညီညွတ်ရင် လိုအပ်သလို ကူညီစောင့်ရှောက်ပေးကြဖို့ ပြောပြလိုက်တယ်။

ကျွန်တော့် ရှင်းပြချက်အဆုံးမှာ ဘဘုန်းအို အံ့သြမင်သက်လို့။

“ဒကာ ...”





“ဘုရား ...”

“တောကြီးမြွေဟောက်ဆိုတာ နာမည်ကြီးဓားပြပဲ”

“မှန်ပါ ... ဘုရား။ အာဠာဝကလို့လည်း ခေါ်ပါတယ်။ မြွေနိုင်တဲ့ လူစွမ်းပါ”

“မြွေမှော်အောင်လို့လား”

“မွေးရာပါ နဂါးနိုင်နက္ခတ်လို့ ဘရာကျော် ပြောတာပဲဘုရား”

“သူတို့က မြို့စားကတော်ရဲ့ မြေးအစစ်တွေပဲလား”

“မဟုတ်ပါဘူး ဘုရား။ လူလိမ် အချောင်သမားတွေပါ။ ဆွေမျိုးတော်သယောင်နဲ့ ဘရာကျော်ကို လိမ့်နေတာပါ”

“သူတို့စကား မယုံရဘူး”

“ဒါကြောင့် ... တပည့်တော်တို့က ဝိုင်းရံရမှာပါ ဘုရား”

“စာရေးဆရာကို ပြောစရာရှိတယ်”

“မိန့်ပါ ဘုရား”

“ကျုပ်ထံမှာရှိတဲ့ မြို့စားရဲ့ ပေစာထုပ် မရှိတော့ဘူး”

“ဗျာ ... ဘယ်လို ...”

“အခိုးခံရတာပေါ့။ တက္ကသိုလ်ကျောင်းသားဆိုတဲ့အကောင် ကျုပ်ကို ပေစာတွေအကြောင်း လာမေးတဲ့ လူရှုယ်ပဲ ခိုးမှာပါ”

“သေချာလား ဘုရား”

“သူ့မှတ်ပုံတင် ပေစာထုပ်ထားတဲ့ အခန်းမှာ ကျကျန်ခဲ့တယ်။ ဟောဒါပဲ”

ကျွန်တော် ဘုန်းအိုကမ်းပေးတဲ့ မှတ်ပုံတင်ကို ဖတ်ကြည့်တော့–

မောင်မွန်ထော ...

အဘ ဦးမွန်သာတောင်။

မော်လမြိုင် .... လို့ ရေးထားတာ ဖတ်ရတယ်။

“ပါလည်း ပါပေ့လေ။ မတတ်နိုင်ဘူး။ ခု သူတို့ကို မြို့စား မြေအောက်ဂူရှိတဲ့နေရာကို ဘယ်သူပြခဲ့လဲသိလား ဘုရား”

“ဘယ်သူတုံး”



www.burmeseclassic.com

www.burmeseclassic.com



"ဘဘုန်းရဲ့ တူတော်မောင် ဖျော်ပြတာပါ ဘုရား"

"အို ... မိုက်လိုက်တဲ့ ကလေးကွယ်။ ငါ အတန်တန် ပြောထား တယ်။ ဘယ်သူမှမပြောနဲ့။ ဝင်မိရင် အန္တရာယ်များတယ်လို့။ အတန်တန် ပြောခဲ့ရဲ့နဲ့ကွာ။ အေးလေ ... လောဘအနှံ့ရနေတော့ လောဘရှေ့ရှု လိုက်ကြတာပဲ။ စောင့်ကြည့်ကြတာပေါ့။ မြို့စားကတော် အသက်ရှင်ဖို့ အရေးကြီးတယ်။ ပစ္စည်းတွေက ဥစ္စာရင်းမှန်ရင် ပြန်ရမှာပဲ။ ကိုင်း ... ဒကာ နားလိုက်ဦး"

ကျွန်တော် ဘုန်းကြီးကျောင်းအောက် မြေပြင်ရှိ ကွပ်ပျစ်ပေါ်မှာ တုံးလုံးလှဲပြီး အပန်းဖြေလိုက်တယ်။

ဒီနေရာမှာ အဘရာကျော်နဲ့ ကျွန်တော် အိပ်ခဲ့ကြတာ။

ခုတော့ အဘက မရဏစည်းဝိုင်းထဲမှာ ချောင်ပိတ်မိနေရဲ့။ အသေ အသက်ရှည်ပါစေ။ မြို့စားကတော် အန္တရာယ်ကင်းပါစေ။ မြို့စားတို့ရဲ့ တွေ့တိမလွတ် ဝိညာဉ်တွေကို ကျွတ်လွတ်စေပြီး ကောင်းရာဘုံဘဝရောက် အောင် ဆောင်ကြဉ်းနိုင်ပါစေ။

ကျွန်တော် စဉ်းစားရင်း အိပ်ပျော်သွားခဲ့တယ်။

ကျောင်းရှေ့က ဆူဆူညံညံ အသံတွေကြောင့် အိပ်ရာကနိုးလာ တယ်။

"ဘဘုန်း ... ဘဘုန်း ..."

"ဟဲ့ ... အော်နေတာ ဘယ်သူတုံး"

"တပည့်တော်မတို့ပါ ... ဘုရား။ စာရေးဆရာ မောင်ကြီးရှိလား ဘုရား"

"ကျောင်းအောက်မှာ အိပ်နေတယ်ဟဲ့ ... ဘာလုပ်မလို့တုံး"

"ညနေစာ တပည့်တော်မတို့အိမ်မှာ ထမင်းစားဖို့ ပြောထားလို့ လာခေါ်တာပါဘုရား"

"အေး ... အေး ... နိုးရင်လည်း ခေါ်သွားကြပေါ့"

"မှန်ပါ ဘုရား"

ကျွန်တော် အိပ်ချင်ယောင် ပြန်ဆောင်နေလိုက်တယ်။





အပျိုခေါင်းတို့ ကျွန်တော်အိပ်တဲ့ကျောင်းအောက် ရောက်လာ တဲ့အသံ ကြားရတယ်ဗျ။

"အိပ်နေတုန်းတော့"

"ဘယ်မတုံး ... မိရွှေကြည်ရဲ့"

"ဟိုမှာလေ ... ပက်လက်ကြီး"

"အေးတော့ ... သေနေသလိုတော် စန့်စန့်ကြီးဟဲ့"

"အပျိုခေါင်း ... တော့်လင် အသက်မှရှိသေးရဲ့လား စမ်းကြည့် ပါဦး ... အပျိုခေါင်းရယ်"

"ဟဲ့ ... မိဖေရဲ့ ငါက ဘယ်သွားစမ်းရမှာတုံးဟဲ့"

"အိုတော် ... ခက်တာများလို့။ အမေတို့ ပြောသားပဲ။ ယောက်ျား လေးအိပ်နေတုံး ဟိုဒင်း ... ဟိုဒင်းဖြစ်ရင် ..."

"ဟဲ့ ... ဂန်းနာမရဲ့ အဲတာ ကျန်းမာတာကို ပြောတာဟဲ့။ ကလေး များ ရွှေပန်းထောင်ရင် ကျန်းမာတယ်လို့ ပြောတာဟဲ့"

"သူ့လည်း အဲ့တာ ... ကြည့် ..."

"အဲဒါဆို ညည်း စမ်းကြည့်"

"တကယ်လား"

"ညည်းစမ်းရဲရင် ငါတို့ ဘာမကြည့်ရဲစရာ ရှိတုံး"

"နေ ... ကျုပ်စမ်းမယ်"

"ဟတ် ... ဟတ်ချိုး ဘုရား"

"ဟဲ့ ... ဟဲ့ ... သောက်ပလုပ်တုတ် ... ငါနဲ့ ဘုန်းကြီးဦးပု ယောက္ခမနဲ့ညား"

"ဟဲ့ ... ဟဲ့ ... မစမ်းရသေးဘူး။ ထပတော်"

"ဟတ်ချိုး ... ဘုရား ... အား ... ဟား ..."

"နိုးပြီဟေ့ ... နိုးပြီ။ ညည်းလင်ကြီး မသေဘူးတော့"

ကျွန်တော်ဗျာ အိပ်ချင်ယောင်ဆောင်နေတာ။ ဘယ့်နှယ့် ရွာသူ ကြမ်းတွေလဲ မသိပါဘူးဗျာ။ ပါးစမ်းမယ်၊ နားစမ်းမယ်၊ ဟိုဟာဒီဟာ စမ်း ယ်လုပ်လို့ မရယ်မိအောင် အံကြိတ်နေတုန်း နှာချေချင်လို့ ချေလိုက်မှ ခင်းတို့ လန့်ပြီး အော်ကြပြောကြ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘာလာလုပ်ကြတုံးဗျ။ ဒီမှာ အိပ်နေတယ်လေဗျာ"

"ဟဲ့ ... မောင်လေးရဲ့ နေဝင်အောင်မအိပ်ရဘူးကွယ့်။ ဖျားနာတတ်တယ်။ ထတော့"

"ထပြီး ဘာလုပ်ရမှာတုံး"

"အလိုတော် ... မောင်မင်းကြီးသား တော်က ကျုပ်တို့ကို ဘာများ လုပ်ချင်လို့တုံး။ အမလေး ... ကျားသားမိုးကြိုးတော်"

"ဟာဗျာ ... ဟာဗျ ... အစ်မကြီးတို့ရာ"

"ကိုင်းပါ ... ငါ့မောင်ကိုခင်လို့ နှောက်ပြောင်တာပါ။ ညနေစာ စားဖို့ တို့များ အိမ်မှာ အသင့်ပြင်ပြီးပြီ။ မင်းကို စားဖို့ လာခေါ်တာပဲ ကွယ့်"

"အားနာစရာကြီးဗျာ"

"ဒါဆို မစားတော့ဘူးပေါ့ ... ဟုတ်လား"

"စားမှာပေါ့ဗျ ... ခွံ့ကျွေးရမယ်နော်"

"အမ်မယ် ... ကောင်လေးက ပြောနေရင်း ရောင့်တက်လာပြီ။ ငါတို့ ထမင်းနဲ့နို့နဲ့ ဝါးခွံ့ရင် မငြင်းနဲ့နော်။ မစားရင် ကြိုးတုပ်ပြီး ခွံ့မှာ"

ဒီမှာ မရွှေကြည်က ...

"အပျိုခေါင်း"

"ဘာလဲ"

"တော်က ကလေးမှ မမွေးရသေးတာ။ ဘယ့်နှယ့်လုပ် နို့ထမင်း ဝါးခွံ့လို့ ရမှာတုံး"

"ဟဲ့ ... ဗိုင်းတာမ၊ အနှာကျမ၊ ဖေတရာမတွေရဲ့ နွားနို့ ကျွဲနို့နဲ့ ဝါးခွံ့မှာပေါ့ဟဲ့ ... ထွီ ..."

"စာရေးဆရာ"

"ဗျာ ...."

"အဲလို ဝါးခွံ့ရင် စားမှာလားတော့"

"ဝေါ့ ... အော့ ... ဝေါ့ ...."





"ကိုင်း ... ကိုင်း ... မအန်ပါနဲ့ ... ငါ့မောင်ရယ်။ ဝါးမကျွေးပါဘူး။ ဟောဒီလို လက်ငါးချောင်းနဲ့ ဖွှိ ... ဖွှိ ... ဖြိ ... ဖြိ ... မြည်အောင်နယ်ပြီး ပါးစပ်ထဲကို ထိုးသွင်းမှာဟေ့"

"ဝေါ့ ... အော့ ... ဝေါ့ ..."

"ဟာ ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟား ... ဟား ... ဟား ..."

"ခစ် ... ခစ် ... ခစ် ..."

ဒီလိုနဲ့ မိန်းမပျော်ရွှာသူတွေ ခေါ်ရာနောက် ကျွန်တော် လိုက်ခဲ့ရတယ်။ သူတို့က အပြောကြမ်းကြပေမင့် စိတ်ရင်း ရှိုးသားသူတွေပါဗျာ။

သူတို့က တစ်မြို့သား ကျွန်တော့်ကို ခင်ကြတာကိုး။

ကြည်လေ ဝတ်စရာမရှိလို့ ကျွန်တော့်ကို အင်္ကျီပုဆိုး စုဝယ်ဆင်ပေးကြတာ။ ကျွန်တော် မန္တလေး ဘုရားကြီးဈေးက ဝယ်လာတဲ့အုန်းမှုတ်သား ဘီးကုပ်တစ်ချောင်းစီ လက်ဆောင်ပေးလိုက်ရော ပြောလိုက်ကြတာ ညံနေတာပဲ။

"ဟဲ့ကောင်မရဲ့ ... ဒီလိုတော့လည်း ညည်းလင်က တော်သားဆို"

"တော်မှပေါ့အေ ... မတော်ရင် သေပါပြီတော့ အော်ရမှာပေါ့"

"ဖွှီ ... ဟောဒီမိန်းမကလေ ပြောလိုက်ရင် အလန့်တကြဲ"

"ဟဲ့ ... မိဖေရဲ့ နင်ပြောမှ အပ်နဲ့အပ်ချည် ရှာရဦးမဟဲ့"

"တော်ကြပါတော့အေ ... ငါ့လင် ... အဲ ... အဲ ... ငါ့မောင်လေး နားရှက်ပြီး မစားဘဲ ပြန်သွားပါ့မယ်။ စား ... မောင်လေး စား ... ဟောဒါက ဝက်သားတော့် ... ဝက်သားဟင်း။ ဒါက ငါးနဲ့ မျှစ်ချဉ်ချက်။ ဒါက ဘဲဥကြော်။ ဒါက ခရမ်းသီးမီးအုံးသုပ်။ ဒါက ခွေးတောက်ရွက်ပြုတ်၊ ဟောဒါက ... ငါးလေးအိုးကပ်"

"အစ်မရယ် ... ဘာလို့ ဒီလောက်အများကြီး ချက်ရတာလဲဗျာ"

"ဒီမှာ မောင်ကြီး စာရေးဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဗျာ ..."

"ဒီဟင်းတွေက ရှင့်အပျိုခေါင်း မျက်နှာလို မျက်နှာရ ချက်ကျွေး တဲ့ဟင်းတွေ မဟုတ်ဘူးတော့"

"ဗျာ ..."

"ဒီဟင်းတွေအားလုံးက ကျွန်မတို့ အပျိုတွေ တစ်အိမ်ဟင်းတစ် ခွက်နှစ်ခွက်ချက် ယူလာပြီး တော့ စာရေးဆရာကို ဧည့်ဝတ်ပြုကျွေးတာ ဟောဒီအိမ်ရှင် အပျိုခေါင်းက ဘာဟင်းချက်ကျွေးလဲ တော်သိလား"

"အပျိုခေါင်းက ဘာချက်ကျွေးတုံး"

"ခွေးတောက်ရွက်ပြုတ် ..."

"အမယ်မင်း ... အပျိုခေါင်းရဲ့"

ကျွန်တော် အဲဒီလိုအော်လိုက်ပြီး ထမင်းဟင်းတွေကို အားရပါး ရ စားနေတုန်း အပျိုခေါင်းက ပြောလိုက်သေးဗျာ။

"ခွေးတောက်ရွက်က အခါးဓာတ်ပါတော့ အရိုးမာတယ်ဟဲ့"

"တော် အပျိုခေါင်း ... ရှင်မာစေချင်တာ အရိုးမဟုတ်ဘူး ... တို ... ဟို ... ဟိုဒင်း ..."

"ကဲ ... ကဲ ... ဟိုဒင်းအုံး ... ကဲ ..."

"အမလေး ... အပျိုခေါင်းရဲ့ မာပါစေတော်"

တကယ့် ရွာသူတွေပါပဲဗျာ။ ဖော်ရွေတယ်၊ ပွင့်လင်းတယ်၊ ဟန် မဆောင်ဘူး။ ကျွန်တော့်ကို လင်တော်ချင်တာလည်း မဟုတ်ဘူး။ ရည်းစား လုပ်ချင်တာလည်းမဟုတ်ဘူး။ နောက်ပိုးလည်း မပိုးဘူး။

သူတို့ ပျော်ပျော်နေသူတွေ။

ကိုယ့်ကို မောင်လိုအစ်ကိုလို ခင်ကြ၊ သဒ္ဓါကြတာ။

ကျွန်တော့်အစ်မတွေ၊ ညီမတွေပါပဲဗျာ။

ဘဝဟောင်းက တော်စပ်ခဲ့ကြတဲ့ အစ်မနဲ့ နှမတွေပါ။ ဒီရွာမှာ သိုက်သိုက်ဝန်းဝန်း နေကြတာလေဗျာ။

"မောင်ကြီး ... ထမင်း"

"ထည့် ... များများထည့်"

---

**စိတ်ကူးသစ်စာပေ**



"မျိုသာမျို ... မောင်ကြီး။ သောက်ပင်းမျိုတယ် ဆိုတယ်ဆိုတာ အပေါ်ကစား၊ အောက်ကထွက်လေ ကောင်းလေပဲ။ ရော့ မျို"

"အဟွတ် ... အဟွတ် ... ဟွတ် ... ဟွတ် ..."

"ဟဲ့ ... ဟဲ့ ... ချွေးကြည်ရဲ့ နင့်လင် ထမင်းနင်နေပြီဟဲ့။ လုပ် ကြပါဦး"

"ဟင် ..."

"ကျောကုန်းကို ထုပေးပါ ... ကောင်မရဲ့"

"ရေ ... ရေ ... ရေ ..."

"အုန်း ... ပုန်း ... အုန်း ... ပုန်း ... အုန်း"

"အ ... အ ... အစ်"

"နှာနှာထုပေးပါဟဲ့"

"နှာနှာထုရင် အသက်ထွက်သွားမှာပေါ့တော်"

"ရ ... ရပြီ ... အား ... ရ ... ပါ ... ပြီ ... ဗျာ ... တော် ကြပါတော့"

"မျိုတာဆိုတာလည်း ကြည့်မျိုဆို ... စာရေးဆရာ။ အလကား စားရတယ်ဆိုပြီး စားပိုးနင့်အောင်မျိုတော့ သေရင် ကိုယ်ပဲသေမှာ။ ဘယ် ကောင်မမှ တော့်အလောင်းဖက်ပြီး ငိုမှာမဟုတ်ဘူး"

"အေ့ ... ဂေ့ ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၅၆]

❑

ကျွန်တော်တို့လူစု ညဥ့်ဆယ့်နှစ်နာရီခန့်ကတည်းက ကရင်ကြီးတောစပ်ကို ရောက်နေကြတာ။ စီးလာတဲ့လှေကို ချောင်းစပ်ရေထဲမှာ မြှုပ်ထားခဲ့တယ်။ ဟိုတုန်းက ဒီတောမှာ ကရင်မုဆိုးတွေ အမဲလိုက်ရင်း ပိုးသေကြလို့ ကရင်ကြီးတောလို့ ခေါ်ကြတယ်။

ဘာဘုန်းက လိုက်မလို့ပြောပေမင့် မသင့်တော်ပါဘူးဘုရားလို့ ပြောပြီး ကျောင်းကနေ အခြေအနေကိုသာ နားစွင့်ဖို့ လျှောက်ရတယ်။

ကျွန်တော်တို့ လူစုထဲမှာ စစ်ပြန်ကြီး ဦးကြီးဝေသာလီ၊ ကရင်မုဆိုး စောပွယ်လားတို့ ညီအစ်ကို၊ ပေါင်းလေးဦးပါတယ်။

စောပွယ်လားတို့ ညီအစ်ကိုက ဒူးလေးကိုယ်စီနဲ့။

ဦးဝေသာလီကတော့ ဓားမြှောင်သုံးချောင်း ကိုင်ထားလို့ ...

"မင်း ဓားရော စာရေးဆရာ"





"ပါတယ်။ ဒီမှာ ..."

ကျွန်တော်က ခါးကြားက ဓားမြှောင်ကို ထုတ်ပြလိုက်တယ်။

"ဒီကောင်တွေက ဓားပြဂိုဏ်းကွ။ လက်နက်တွေပါလာမှာ သေချာတယ်"

"ကျွန်တော်တို့က ဝင်လုဖို့ မဟုတ်ဘူးလေဗျာ။ မြို့စားကတော်နဲ့ အဘကို ကြိုရမှာ"

"အဲလိုဖြစ်ရင် ကောင်းတာပေါ့ကွာ။ သစ္စာဖောက်မှာ စိုးလို့ပါ"

သည့်နောက် ကျွန်တော်တို့ အုတ်တိုက်ပျက်ရှိရာ သွားတဲ့လမ်းရဲ့ ဘေးက ကျောက်တုံးကြီးတွေကြားမှာ ပုန်းကွယ်နေလိုက်ကြတယ်။

ဒီနေရာက ချောင်းကို အပေါ်စီးက မြင်ရတယ်လေ။

ရေဆိပ်နဲ့ဆို ဝါးနှစ်ပြန်ခန့်ဝေးတယ်၊ အောက်ကနေမော့ကြည့်ရင် မမြင်ရဘူး။ အပေါ်စီးကဆိုတော့ သူတို့ လှုပ်ရှားမှုကို အထင်းသား မြင်နိုင်တယ်။

နာရီကို မီးအုပ်ပြီးကြည့်တော့ နံနက်ငါးနာရီ အရုဏ်ပျို့နေပြီ။

"ဟော့ ... နားထောင်စမ်း ... စက်သံကွ"

"ဟုတ်တယ်ဗျ ... သူတို့ လာနေပြီ"

"မီးရောင်မပြနဲ့၊ လူလုံးမပြနဲ့ ... ကွယ်နေ"

ကျွန်တော်တို့ ရင်တမမနဲ့ စောင့်ကြည့်ကြတယ်။ စက်တပ်ပဲ့ထောင်ကြီးတစ်စီး ရေစပ်မှာ အရှိန်သတ်ပြီး ရပ်လိုက်တယ်။

ဦးစွာဆင်းလာသူက ယောကျ်ားသားနှစ်ယောက်။

ပြီးတော့ တိုက်ပုံဟပြဲနဲ့ လွယ်အိတ်ကြီးလွယ်ထားတဲ့ အဘ။

သူတို့ကို မြင်နေရတယ်၊ အဘနောက်က အဘွားအိုတစ်ဦး။ အဘက အဘွားအိုကို ကုန်းဘောင်အဆင်းကို ထိန်းကိုင်ပေးထားသဗျ။

သည့်နောက် ဒေါင်မြင့်မြင့်လူတစ်ဦး ဘောင်းဘီရှည်နဲ့၊ ဂျာကင်နဲ့ ဦးထုပ်ဆောင်းလို့။

ဒီလူ့နောက်မှာ ခပ်ဝဝ၊ မြင့်မြင့်တုတ်တုတ် လူကြီးတစ်ဦး ဒေးလိပ်ကို ကိုက်ရင်း ဆင်းလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူဖိုင့်ဖိုင့်ရဲ့ ပုံစံက အတော်သွက်တယ်ဗျို့။

တောဆောင်းဦးထုပ် ဆောင်းထားတယ်။

ဘောင်းဘီရှည်ပွပွကို ခြေသလုံးထိ ခေါက်ဝတ်ထားပြီး . . . ကိုယ်ပေါ်မှာတော့ ဆွယ်တာအင်္ကျီကို လက်ခေါက်ဝတ်ထားတယ်ဗျ။

တောစီးဖိနပ်နဲ့။

အလို . . . သူ့ခါးမှာ သေနတ်အတိုတစ်လက် ထည့်ထားတဲ့ အိတ်ကို ခါးပတ်နဲ့ ပတ်ထားလို့ဗျ။ ပုံစံက အမေရိကန် နွားကျောင်းသား မြင်းစီးဇာတ်ကားထဲက လူမိုက်ခေါင်းဆောင်ဂိုက်မျိုး။

မဟုတ်မှလွဲရော . . . တောကြီးမြွေဟောက်ခေါ် အာဋ္ဌဝကဆိုတာ သူပဲ ဖြစ်ပုံရမယ်ဗျို့။

နောက်ထပ် လူသန်နှစ်ယောက် ဆင်းလာတယ်။ ဘောင်းဘီရှည် ကိုယ်စီနဲ့ တောစီးဖိနပ် ကိုယ်စီနဲ့။ တစ်ယောက်ကတော့ ထူးထူးခြားခြား အုန်း၊ ငှက်ပျော၊ ကန်တော့ပွဲကိုကိုင်ပြီး ဆင်းလာတာဗျ။

အားလုံး ခြောက်ယောက်။

ပွဲထောင်လေ့ပေါ်မှာ ကျန်ရစ်တာ လေ့သမားလူကြီး။

အလို . . . ပွဲထောင်မောင်းတဲ့လူကလည်း သေနတ်အရှည်ကိုကိုင်ပြီး လှေဦးကနေ ဘေးဘီဝဲယာကို ကြည့်နေတာဗျို့။

လူတစ်ယောက်က ရှေ့ဆုံးက ဦးဆောင်ပြီးသွားတယ်။

သူ့နောက်က ဆရာကြီးဖြစ်ဟန်တူသူ လူဝကြီး။

ပြီး . . . အဘရာကျော်။

အဘနောက်မှာ မြို့စားကတော်ဆိုသူ အမယ်ကြီး။

အမယ်ကြီးရဲ့ သဏ္ဌာန်က လမ်းကောင်းကောင်း လျှောက်နိုင်လောက်အောင် ကျန်းမာရေးကောင်းပုံပဲ။

ပြီး ဂျာကင်နဲ့လူရယ်၊ လူသန်တစ်ယောက်ရယ်။

သူတို့ သွားနေတော့ နေအလင်းရောင်က ထွက်နေပြီ။

ဒီမှာ ကျွန်တော် အဝင်လမ်းနံဘေး မြစ်ကမ်းပါးပေါ်မှာ လူတစ်ယောက်ကို မြင်လိုက်ရတာ။





အင်္ကျီကျောပြောင်နဲ့ လူကြီး။

အလို . . . ခါးတောင်းကျိုက်ကြီးနဲ့ ခါးထောက်ပြီး သွားနေတဲ့ လူတွေကို ကြည့်နေတာ။ ဟုတ်ပြီ . . . ဒါ မြို့စားကတော်ပြောပြတဲ့ သွေးသောက်ကြီး နေမှာပဲ။

အို . . . သူတို့ ကွယ်လွန်သွားတာ ကြာပြီလေ။ ဟုတ်ပြီ . . . ဒါ . . . ဒါ . . . ကိုယ်ထင်ပြတဲ့ ပရသား။

ဘာလို့ ပရသားလို့ တထစ်ချ ပြောရသလဲဆိုတော့ ကျွန်တော့်နံဘေးကလူတွေ တစ်ယောက်မှ မမြင်ကြလို့ပဲ။

ဒါဖြင့် ကိုယ့်ကို ဘာလို့ ကိုယ်ထင်ပြရတာလဲ။

မစဉ်းစားတတ်တော့ဘူး။

သူတို့ တောလမ်းထဲဝင်သွားလို့ မကြာခင်မှာပဲ ကျွန်တော်တို့ လေးဦး ခြေသံလုံလုံနင်းပြီး သူတို့နောက်ကနေ လိုက်ခဲ့ကြတယ်။

ခြုံတွေထဲ ဝင်နေလိုက်။ မုဆိုးကရင် စောမွယ်လားရဲ့ အသံ နားစွင့်လာခဲ့လို့ အချက်ပြမှ ကျွန်တော်တို့ အသာလိုက်ခဲ့ကြတယ်။

ဟော . . . ရှေ့တိုးလို့ မဖြစ်တော့ဘူး။

သူတို့က ဟိုနောက်လိုက်နှစ်ဦးကို အုတ်တိုက်ပြိုအဝင်နားကျောက်တုံးပေါ်မှာ စောင့်ခိုင်းထားတာကိုး။

ကျွန်တော်တို့ အုတ်တိုက်ပြိုပျက်ထဲ ဝင်သွားတာ မြင်ရတယ်။

နောက်ပိုင်း ဘာတွေ ဆက်ဖြစ်ကြလဲဆိုတာ မမြင်တော့ဘူး။

အစောင့်လက်ထဲမှာ ခြောက်လုံးပြူးသေနတ်နဲ့ဗျ။

ဟော . . . နောက်တစ်ယောက်ရော။ နောက်တစ်ယောက်က ကျောက်တုံးပေါ်က အစောင့်နဲ့ မလှမ်းမကမ်း။

"မောင်မှိုင်း . . . ဘယ်လိုတုံး"

"သူတို့ ပြန်ထွက်တဲ့အချိန်ကို စောင့်ရမှာပဲ"

"သူတို့လေးယောက်လုံးမှာ သေနတ်တွေပါတယ်။ ငါတို့ဝင်ဖို့ မလွယ်ဘူး"

ဒီမှာ ကရင်မုဆိုးက . . .



www.burmeseclassic.com

www.burmeseclassic.com



''ငါ ဒီအစောင့်ကို ဒူးလေးနဲ့ ပစ်ချလိုက်ရမလား''

''ရှူး ... တိုးတိုး ... မပစ်နဲ့။ ငါတို့ လူသတ်ဖို့ မဟုတ်ဘူး အမေကြီးနဲ့ အဘကို ကိစ္စပြီးရင်ခေါ်သွားဖို့ပဲ''

''ဒီကောင်တွေက ဓားပြတွေဆို ... နင်ပဲ ပြောတာ''

''ဟုတ်ပါတယ် ... ဆန္ဒမစောပါနဲ့ တိတ်တိတ်နေကြ''

အစောင့်နှစ်ယောက်ကလည်း ဥဒဟိုကို လိုက်ကြည့်နေတာမျှ

ကရင်မှဆိုး ပြောသလိုပါပဲ။ ဒူးလေးနဲ့လှမ်းပစ်ရင် အစောင့်နှစ်ဦး စလုံး သေနိုင်တယ်။

သူတို့သေသွားရင် သေနတ်နှစ်လက် ရနိုင်တယ်။ သို့သော် ခုအချိန်က လူသတ်ရမည့်အချိန် မဟုတ်ဘူး။

အဘပြောပုံအရ လူသတ်စရာအကြောင်း မရှိဘူး။ ရတဲ့ပစ္စည်း ခွဲဝေယူပြီး ကိုယ့်လမ်းကိုယ်သွား။ သူ့လမ်း သူသွား။ ကျွန်တော်တို့က အဘတို့နှစ်ဦးကို ကြိုဖို့။

အကယ်၍များ ...

အဲဒီကျရင်တော့ တစ်မျိုးပေါ့။

အခု ကျွန်တော်ပြောပြမည့်ဖြစ်ရပ်မှန်က အဘရာကျော် ဂူလမ်း ကြောင်းထဲသွားရင်း ကြုံခဲ့ရတဲ့အဖြစ်။

✿ ✿ ✿

# [၁၇]

❑

ငါ မြေအောက်အဝင်လမ်းက ကျောက်သေတ္တာပေါ်မှာ ပါလာတဲ့ တန်တော့ပွဲကိုတင်၊ အလင်းတိုင်၊ အမွှေးတိုင်၊ လက်ဖက်တို့ကိုတင်ပြီး ..

''ဤဥစ္စာသိုက်ကုန်းမှာ စောင့်ရှောက်ကြတဲ့ မမြင်ရသော ပုဂ္ဂိုလ်များအား အုန်း၊ ငှက်ပျောပွဲနှင့် အလှူဒါနပြု၍ အခွင့်တောင်းပါ၏။

အန္တရာယ်ဆိုးများ အနှောင့်အယှက်များ မဖြစ်၊ မရှိစေရအောင် စောင့်ရှောက်ပေးကြပါ။

မြို့စားနှင့် သွေးသောက်ကြီးတို့ခင်များ ...

မြို့စားရဲ့ဖနီး မြို့စားကတော်နှင့် ကျွန်ုပ်တို့မြို့စားရဲ့ ခေါင်းတလား ရှိရာကို လာခဲ့ပါတော့မယ်။ မြို့စားတို့ ကျေနပ်တော်မူပါ။ သင်တို့ရဲ့ဘဝ ဆိုးတွေကို ကောင်းစွာ ပြုပြင်စီရင်ပေးပါ့မယ်။

မြို့စား၊ မြို့စားကတော်အပေါ်မှာ ကျေနပ်စွာ နှစ်သိမ့်တော်မူပါ မြို့စား။



www.burmeseclassic.com

www.burmeseclassic.com



မြို့စားတို့အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ''

''ကဲ ... ငါတို့နှစ်ဦး ဝင်မယ်။ မင်းတို့ ဒီအဝက စောင့်ပါ''

''ကျုပ်တို့ ညီအစ်ကိုထဲက တစ်ယောက်လိုက်ခဲ့လို့ မရဘူးလား ဆရာကြီး''

''မရဘူး ... အထဲက ဒေါ်ရှင်မင်းရာစိုကိုပဲ လက်ခံလိမ့်မယ်''

''ဆရာကြီးကျတော့ ဘာလို့ရလဲ''

''ငါက လိုက်ပို့တာလေ''

''ကျုပ်ရော လိုက်ပို့ရင် ဖြစ်တာပေါ့''

''မင်းတို့ကိုငါ စည်းဝေးတိုင်ပင်စဉ်ကတည်းက ပြောခဲ့ပြီးပြီ။ မင်းတို့ အထဲကို မဝင်ဖို့ သဘောတူပြီးပြီလေ။ အကယ်၍ ပစ္စည်းတွေရလာရင် တစ်ဝက်စီ ခွဲဝေယူပြီး လမ်းခွဲကြဖို့လည်း သဘောတူပြီးပြီလေ''

''ဆရာကြီးတို့နှစ်ဦးကို ကျုပ် ဘယ်လိုယုံရမှာလဲ''

''ဟေ ...''

ဒီကောင် တောကြီးမြွေဟောက် လုပ်ငန်းစမယ်ကြံရုံ ရှိသေးတယ် မွေ့ဖောက်လာပြီကွာ။ ငါ့ကို မယုံဘူးလို့ ဆိုတဲ့သဘောပေါ့။

''မင်း လိုက်ချင်လို့လား''

''လိုက်ချင်တာပေါ့ဗျာ ... ကိုယ့်မျက်စိနဲ့ ကိုယ်တိုင်မြင်ချင်တာ ဥစ္စာ''

''မင်း ဒီထဲကို နှစ်ကြိမ်သုံးကြိမ် ဝင်ခဲ့ပြီးပြီလေ။ မင်း ဘယ်လို ကြံရလဲ ငါသိတယ် ... တောကြီးမြွေဟောက်''

''အလို ... ဆရာကြီးတောင် ကျုပ်နာမည် သိနေပါလားဟေ''

''မင်းအသက်ကို ငါ တစ်ကြိမ် ကယ်ခဲ့ပြီးပြီ။ ငါ့ကို ကျေးဇူးဆပ်ချင်ရင် ယုံကြည်ပါတယ်ပဲပြော ... တောကြီးမြွေဟောက်''

''ကျုပ် ဘာမှမကြောက်ဘူး ... ဆရာကြီး''

''ကဲ ... ဒါဆို မင်းတစ်ယောက်တည်း ဝင်သွားကြည့်ကွာ ... သွား ...''





''သွားတာပေါ့ဗျာ''

တောကြီးမြွေဟောက် မြေအောက်ဥမင်ထဲ ဆင်းမယ်လုပ်တယ်။ ဒီမှာ သူ့ညီက လှမ်းတားတယ်။

''အစ်ကို ... မဆင်းနဲ့''

''ဘာလို့လဲ ... မင်းပါ လိုက်မလို့လား''

ဒီမှာ တောက်ထွန်းက အာဥာဝက အနီးအနားကပ်ပြီး ခပ်တိုးတိုး ပြောလိုက်တော့မှ အာဥာဝက အပေါ်ကို ပြန်တက်တယ်။

''ရော့ ...''

တောက်ထွန်း လုပ်ကွက်ကလည်း သေချာတယ်ဟေ့။

''ဆရာကြီးကို မယုံလို့ မဟုတ်ပါဘူး။ ပစ္စည်းတွေ ကျန်နေမှာ စိုးလို့ပါ။ ဟောဒါ မြို့စားရေးခဲ့တဲ့ ပေစာထုပ်ထဲက ပစ္စည်းစာရင်းပဲ။ ဆရာကြီး ဖတ်ကြည့် ...''

အာဥာဝကက ငါ့ကို ပေစာရွက်တစ်ရွက် လှမ်းပေးလို့ ဖတ်လိုက်တော့ ခေါင်းတလားထဲမှာ ထည့်မြှုပ်ထားတဲ့ ရတနာပစ္စည်းစာရင်း ...

ငါ ... ဘဘုန်းကျောင်းမှာ ဦးစွာ ဖတ်ခဲ့တုန်းက မြို့စား သူ့ဇနီးမယားအတွက် ပစ္စည်းဘယ်နှစ်မျိုး ထားခဲ့တယ်ဆိုတာ ရေးထားတဲ့ပေရွက်။ ဆက်ရေးလည်း တစ်ထေရာတည်း။

ဒီကောင် ဒီပေစာရွက်ကို ဘယ်လိုရလာတာလဲ။

ငါ ရတနာပစ္စည်းစာရင်းကို ဖတ်ပြီး သူ့ကို ပြန်ပေးလိုက်တယ်။ မင်း ငါ့အကြောင်း အသိဆုံးပါ ... မောင်မှိုင်းရာ။

ငါက ရွှေတို့ငွေတို့၊ စိန်ကျောက်တို့ မက်မောတဲ့ လူလားကွာ။ လွယ်အိတ်တစ်လုံးလွယ်ပြီး လျှောက်သွားနေရရင် ငါ့ဘဝကို ကျေနပ်နေတဲ့ လူပါကွာ။ အာဥာဝကက ငါ့ကို ဂုဏ်ယူထားမယ်လို့ ထင်နေတာကိုး။

''မှတ်မိလား ... ဆရာကြီး''

''ရတယ် ... မှတ်မိတယ်''

''မှတ်မိရင် ဝင်သွားတော့ ... ဆရာကြီး''



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ငါ လက်နှိပ်ဓါတ်မီး ထည့်ထားတဲ့ လွယ်အိတ်ကြီးလွယ်ပြီး လှေခါးထစ်အတိုင်း ဆင်းလိုက်တယ်။ မြို့စားကတော်ကို မီးထိုးပြပြီး ကူညီလိုက်တယ်။

မြို့စားကတော်မှာလည်း လွယ်အိတ်တစ်လုံးပါရဲ့။

ဒီကောင်တွေ ပေးထားတာတဲ့။

ငါတို့နှစ်ဦး အေးစိမ့်စိမ့်မြေသားတွေကို နင်းပြီး အကွေ့အဝိုက်တွေကို ဖြတ်ခဲ့ကြတယ်။ အထဲမှာ အသံတိတ်လို့ပေါ့။

ငါ မီးထိုးပြီး ရှေ့ကနေ သွားနေတာ။

မြို့စားကတော်က မီးရောင်အောက်မှာ မြင်ရတဲ့ လူရိုးစုတွေကို ကြည့်ပြီး လန့်လို့နဲ့တူရဲ့ ငါတိုက်ပုံ အကျႌစကို ဆုပ်ကိုင်ထားတယ်။

ငါလည်း မေတ္တာသုတ်ကိုရွတ်၊ မေတ္တာပို့တယ်။

ထမ်းကြောင်းနံ့သေးမှာ လူဦးခေါင်းခွံနဲ့ အရိုးတွေ ဟိုနားတစ်စု ဒီနားတစ်စု။

"မြို့စားကတော်"

"ဟင် . . ငါ့ကို ခေါ်တာလား"

"ဘယ်သူခေါ်တာတုံး'

အသံတွေက အော်လိုက်လို့ ပဲ့တင်ထပ်သွားတယ်။

ငါလည်း အသံလိုလိုကြားလို့ လက်နှိပ်မီးနဲ့ ထိုးရမ်းကြည့်လိုက်ရော ကွေ့ချိုးထောင့်မှာ ရပ်နေတဲ့လူတစ်ဦး။

သျှောင်ထုံးနဲ့ နှုတ်ခမ်းမွေးကားကားနဲ့။

ခါးတောင်းကျိုက်ထားတော့ ပေါင်နှစ်ဖက်မှာ ထိုးကွင်းမင်ကြောင်တွေက အထင်းသား။

"မင်း . . . မင်း . . . ဘယ်သူလဲ"

"သွေးသောက်ကြီး ဇေင်ရော်ပါ"

"ဟင် . . . တစ်ခါတုန်းက ငါ့ကို ဒီဂူထဲကနေ ထမ်းပြေး အပြင်ရောက်အောင် ပို့ပေးတဲ့"

"ဟုတ်ပါတယ် . . . သွေးသောက်ဇေင်ရော်ပါ၊ လိုက်ခဲ့ပါ"

သွေးသောက်ဇေင်ရော်တို့ ကွယ်လွန်တာ ကြာပြီပဲ။

စိတ်ကူးသစ်စာပေ



ငါတို့ သွေးသောက်ဇေင်ရော်ဆိုသူ သွားရာနောက်က လိုက်နေတုန်းမှာပဲ . . .

"ဂလုံ . . . ဂရော . . . ဖြော . . ."

"ဟင် . . ."

"ဘာသံလဲဟေ့"

ပစ္စည်းတစ်ခုကို ခြေနဲ့တိုက်မိလို့ ပြိုလဲလွင့်ကျတဲ့အသံ။

တို့သုံးယောက်လုံး နောက်ပြန်လှည့်ကြည့်လိုက်တယ်။

အသံ . . . အသံ . . .။

ကျောက်ခဲတွေပေါ် ထိခတ်တဲ့အသံ။

"ဂလောက် . . ခွပ် . . . ဖတ် . . . ဝရော . . ."

"နောက်က လိုက်လာကြသလား မသိဘူး"

"ဒုက္ခပါပဲ"

ဒီမှာပဲ သွေးသောက်ကြီး ဇေင်ရော်က လှစ်ခနဲ ပြေးသွားလိုက်တာကို ငါတို့ မြင်လိုက်ရတယ်ကွ။ မကြာဘူး။ အသံတွေ ညံနေတာပဲပေါ့။

"ဖောင်း"

"အား"

"ဗုံး"

"အား . . . သေပါပြီဗျာ"

"ကဲဟာ . . ."

"ဖောင်း . . . ခွပ် . . . ဝုန်း . . ."

အသံတွေငြိမ်သွားတယ်။ အတန်ကြာ ငြိမ်သက်ပြီးမှ သွေးသောက်ဇေင်ရော် ပြန်ရောက်လာတယ်။

"သွေးသောက်ကြီး ဘာဖြစ်တဲ့ အသံတွေလဲဟင်"

"ကိစ္စမရှိဘူး မြို့စားကတော် ကြွပါ"

သွေးသောက်ကြီးဇေင်ရော်က မြို့စားကတော်ကို တယ်လေးစားတာပဲ။ ဟို . . . မင်းခေတ်၊ မြို့စားခေတ်ကအတိုင်း ရိုရိုသေသေ ဆက်ဆံတုန်းပဲ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါ စဉ်းစားကြည့်တယ်။

ဒီ သွေးသောက်ကြီး ဖင်ရော်ပဲ ဘာဘုန်းတို့ ဒီနေရာလာစဉ်က လမ်းပြခေါ်ဆောင်သွားခဲ့တာ။

ဒီသွေးသောက်ကြီး ဘာလို့ အသက်ရှည်ရတာတုံး။

အသက်ရှင်လို့ ရှိမယ်ဆို ဒေါ်ရှင်မင်းယာစိုနဲ့ ရွယ်တူ။

ယနေ့ထက်တိုင် ရှေး သွေးသောက်လို ပြုမူဝတ်စားနေထိုင်တဲ့ လူတွေ ရှိသေးတာလား။

တစ္ဆေ ...

လူယောင်ဖန်ဆင်းပြနိုင်တဲ့ ကျတ်တစ္ဆေ။

ဒီ သွေးသောက်ကြီး တစ္ဆေဖြစ်လည်း ဘာအရေးလဲကွာ။

ငါ ဒီဂူထဲမှာ ကုလားဆာဒူး အဘိုးကြီးတောင် မြင်ခဲ့ဦးစွာ။ မင်းလည်း မြင်ဖူးသားပဲ။ မောင်မှိုင်းရာ။

တစ္ဆေဖြစ်လည်း တစ္ဆေသူတော်ကောင်းပါ။

ဒီလိုနဲ့ ငါတို့ အရိုးစုတွေ အရိုးခေါင်းတွေကို ကျော်ခဲ့ပြီး အခန်းကျယ်တစ်ခုထဲကို ရောက်ခဲ့ကြတယ်။

အလို ... အထဲမှာ မီးတိုင်တွေ လင်းထိန်နေပါကလား။

ဘယ်သူတွေ လာထွန်းထားကြတာတုံး။

ကြေသားနံရံမှာ မီးတုတ်မီးတိုင်တွေ အစီအရီလင်းလို့ အမွှေးရနံ့တွေကလည်း ကြိုင်လို့ပါလား။ စံပယ်ရနံ့၊ ဇီဇဝါရနံ့၊ သဇင်ပန်းရနံ့၊ အနံ့တွေက တစ်မျိုးပြီးတစ်မျိုး။

မြို့စားကတော် လင်းထိန်နေတဲ့ အခန်းကြီးကိုကြည့်ပြီး အံ့ဩနေတယ်။ အလျင်တစ်ခါ အာဋ္ဌာဝကတို့နဲ့ လာတုန်းက အခန်းက ဒီလို မလင်းဘဲ မှောင်နေတာ။ မီးတုတ်တွေထွန်းပြီး ဝင်ရတာ။

ဒီမှာ ပြဿနာတွေတက်ပြီး ပစ်ခတ်ကြ။

ယခု သေနတ်သံမရှိ မကြားရ။

အမွှေးရနံ့တွေနဲ့ မြို့စားကတော်ကို ကြိုနေရော့လား။

အခန်းရဲ့အလယ်မှာ ကျောက်တလားခေါင်းကြီးတစ်လုံး။





ကျောက်ခုံပေါ်မှာ တင်ထားလို့။

ခေါင်းတလားရဲ့ နံဘေးမှာတော့ လဲကျပြန့်ကျဲနေတဲ့ လူရိုးစုနဲ့ ဦးခေါင်းအချို့ ...။

“မြို့စားကတော်”

“ကိုရာကျော်”

“အဲဒီခေါင်းတလားက မြို့စားသံယောဇဉ်ရဲ့ ခေါင်းတလား”

“အို ... ဖြစ်ရလေ ... မောင်ရယ်”

မြို့စားကတော် အဘွားအိုကြီးက ပခုံးပေါ်ကသဘက်ကို ဆုပ်ရင်း ကျောက်ခေါင်းတလားရှိရာကို တရွေ့ရွေ့ တိုးလာခဲ့တယ်။

သည့်နောက် ကျောက်ခေါင်းတလားရှေ့မှာ မိန်းမထိုင် ထိုင်ပြီး သင်တော်မောင်ရဲ့အလောင်းကို ဦးသုံးကြိမ်ချ ကန်တော့လိုက်တယ်။

ကန်တော့ရင်း မျက်ရည်ဥတွေ မျက်ဝန်းမှာ ရီးလေးခိုနေတာကို တွေ့ရတယ် ... မောင်မှိုင်းရာ။

တကယ့်ကို သနားစရာပါ။

သူက ငါ့ကိုပြောပြတယ်။

သူ့မျက်လုံးထဲမှာ မြို့စားရဲ့ ပျိုရွယ်စဉ်ဘဝ ပုံရိပ်တွေ ထင်လာလာနေတယ်တဲ့။

ချစ်ခင်ကြင်နာခြင်း၊ ယုယခြင်းတွေ ဖူးပွင့်လာတယ်။

မောင်တော်က သားတစ်ဦး လိုချင်သတဲ့။

သူ့သားရင်သွေးကို သူ့လိုပဲ အချစ်ကို တန်ဖိုးထားတဲ့သူ၊ အမှန်တရားဘက်က ဓားဆွဲရင်ဆိုင်ရဲတဲ့ လူစားမျိုးဖြစ်အောင် ပုံသွင်းမယ်တဲ့။

မောင်တော်မြို့စားရယ် ...

ဟောဒီ ဆံကေသာထုံးပေါ်မှာ မောင်တော်ပန်ပေးခဲ့တဲ့ သဇင်တွေ ညှိုးမှိန်စိုနေပါပြီ မောင်တော်။

ကျွန်တော်မျိုးမ ယခု အဘွားအို အမယ်အိုဘဝ ရောက်ခဲ့ပါပြီ ... မောင်တော်ရယ်။ တစ်နေ့မှ မမေ့ခဲ့ပါဘူး။ အိပ်ရာဝင်တိုင်း သတိတရ ရှိတော့ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရသမျှ ငွေစကြေးစနဲ့ ကုသိုလ်လေး နည်းနည်းပြုတိုင်းလည်း ကျွန်မ မောင်တော့်ကို ကုသိုလ်အဖို့ဘာဂ အမျှဝေပါတယ် မောင်တော်။

အသက်(၉၀) ရောက်ခဲ့သည့်တိုင် ...

ငယ်ချစ်ငယ်လင် မောင်တော်မြို့စားမှလွဲပြီး မည်သည့်ယောက်ျား… သားအပေါ်မှာမှ ဖောက်လွဲဖောက်ပြန်စိတ် မဖြစ်ခဲ့ပါဘူး။

ဖြစ်ခဲ့ကြုံခဲ့ရသမျှ မျက်ရည်နဲ့ လူးကျုံခဲ့ရတဲ့ ဘဝတွေအတွက် ကျွန်မ မောင်တော့်ကို အပြစ်မမြင်ခဲ့ပါဘူး။

ခွင့်လွှတ်ခြင်းနဲ့ ကျွန်မ သတိတရ ရှိနေဆဲပါ။

မောင်တော် ကျေနပ်တော်မူပါ။

ကျွန်မကို နှစ်ပေါင်းများစွာ စောင့်မျှော်နေတဲ့ မောင်တော်ရဲ့ ဝိညာဉ် ရှိတဲ့ ဂူခေါင်းတလားရှေ့ ရောက်ခဲ့ပါပြီ ... မောင်တော်။ ကျွန်မ မျက်ရည် တော်တွေနဲ့ မောင့်ခေါင်းတလားကို ဆွေးချပါ့မယ် မောင်တော်"

မြို့စားကတော် မျက်ရည်ပေါက်တွေ စီးကျရင်းနဲ့ မြို့စားရဲ့ ခေါင်း တလားပေါ်ကို မျက်နှာမှောက်ချပြီး ရှိုက်ငိုလိုက်တယ်။

မြို့စားကတော်ကို ငါ မပြောရက်ဘူးကွာ။

ဒီအချိန်မှာ ဆာဒူးကလား သူတော်စင်ကြီးနဲ့ မြို့စားသံယော… တို့ရဲ့ ပုံရိပ်နှစ်ခု ကျောက်ခေါင်းတလားရှေ့မှာ ရပ်နေတာ ငါမြင်ရတယ်။

မြို့စားက သူ့ဇနီးကို ဝမ်းသာတဲ့ မျက်လုံးအစုံနဲ့ စိုက်ကြည့်… ကြည့်နေရိပ်တွေဖြစ်ရဲ့။ သူတော်စင် ဆာဒူးကြီးကတော့ ခေါင်းတညိတ်ညိတ် လုပ်ပြီး ကျောက်ခေါင်းအဖုံးပေါ် လက်တင်ရပ်လို့။

ဥမင်ဂူအခန်းထဲမှာ မြို့စားကတော်ရဲ့ ရှိုက်ငိုသံကိုပဲ ကြား… တယ်။

"ကျွန်တော်မျိုးမ နေ့တိုင်းညတိုင်း မောင်တော်ထံ ရည်စူးအမျှ… ပါတယ် မောင်တော်။ ဟင့် ... ဟီး ... ကျွန်မရဲ့ ချွေးနည်းစာကလေး… ကုသိုလ်ပြု အမျှဝေတာပါ။ မောင်တော် သာဓုခေါ်ပါ။ ကျွန်မကို အရွဲ့အတိုက်… မထားပါနဲ့၊ မောင်တော် ... သာဓုခေါ်ပါ ... မောင်တော် ... အင့် ... ဟီး ..."





"နှမတော်"

"ဟင် ... ဒါ ... ဒါ ... မောင်တော်ရဲ့ အသံ။ မောင် ... တော် ... မောင်တော် ... ဘယ်မှာလဲ ... ဘယ်နေရာမှာလဲ။ နှမတော် မောင်တော့်မျက်နှာကို မြင်ပါရစေဘုရား ... တစ်ခဏလေးပဲ မြင်ပါရစေ မောင်တော်ဘုရား ဟီး ..."

မြို့စားကို ငါ မြင်နေရတယ်ဆို မင်းတို့ ယုံပါ့မလားဟင်။

မြို့စားက ငါ့ကိုတစ်လှည့်၊ ဆာဒူး သူတော်စင်ကြီးကိုတစ်လှည့်၊ ချစ်ဇနီး ဖြစ်သူကို တစ်လှည့်ကြည့်ရင်း ဆို့နင့်နေတယ်ကွာ။

"နှမတော် ..."

"မောင် ... မောင် ... တော်"

"နှမတော် ရောက်လာတဲ့အတွက် မောင်တော် ဝမ်းသာလွန်းလို့ ကွယ်။ မောင်တော် ကျေနပ်ဝမ်းသာလိုက်တာ။ မောင်တော်တို့ သာဓုခေါ်ပါ့ မယ်။ မောင်တော်တို့ သာဓုခေါ်ဖို့ စောင့်မျှော်နေမယ်။ နှမ ချမ်းသာပြည့်စုံ စွာ နေပါတော့"

"မောင် ... တော် ... နှမတော် ... မောင်တော်ကို ရှုမြင်ပါရစေ ရှုမြင်ပါရစေ မောင်တော်"

မြို့စားကတော် အသံလာရာကို ထကြည့်ပြီး ရှာတယ်။ ဟိုဒီလှည့် ပြီး အရူးမလို လိုက်ရှာတယ်

"နှမတော် မောင်တော့်ကို မြင်ချင်လို့လား နှမ"

"မြင် ... မြင် ... ချင် .. လို့ ... လို့ပါ"

"ဂျီ ... ဂျီ ... ဂျီ ..."

"ဟင် ... ဟင် ..."

မြို့စားရဲ့ အသံအဆုံးမှာ ကျောက်တလား ခေါင်းဖုံးကြီး တရွေ့ ရွေ့ ပွင့်ထွက်သွားတယ်။ ကျောက်တလားအဖုံးကို ဆွဲရွှေ့နေတာ ဆာဒူး သူတော်စင်ကြီး။

ငါရော၊ မြို့စားကတော်ရော တရွေ့ရွေ့ အဖုံးပွင့်လာတဲ့ ကျောက် တလားကို အံ့သြတုန်ယင် ကြည့်နေကြတာပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ဆာဒူးသူတော်စင်ကြီးက ကိုယ်ထင်ပြတာပေါ့။

ငါတော့ မကြာခဏ မြင်နေရလို့ ရိုးသလိုရှိပေမင့် မြို့စားကတော် ကတော့ အလွန့်ကို အံ့သြနေတယ်။ ဆာဒူးက သူတော်စင်ကြီးပါ။ သူ ပြန်နိုင်မှာပေါ့။

"မြို့စားကတော် ..."

"ရှင် ... ရှင် ..."

"ကျွန်ုပ်က ဒီမြို့စားရဲ့ ခေါင်းတလားကို စောင့်ကျပ်စောင့်ရှောက်ရတဲ့ သူပါ။ ကျောက်ခေါင်းဖုံး ပွင့်ပါပြီ။ မြို့စားထားအပ်ခဲ့သော ပစ္စည်းတွေသင် အကုန်ယူသွားပါတော့"

"ဟင့်အင်း ... မယူဘူး။ ကျွန်မ ဒီပစ္စည်းတွေကို မမက်မောဘူး။ မောင်တော်ကို မြင်ပါရစေ"

"ဘဝချင်း မတူပါဘူး ... မြို့စားကတော်။ သင်တွေ့ရမည့်နေ့ သူ သင့်အတွက်ထားခဲ့တဲ့ ရတနာပစ္စည်းတွေယူပြီး ကွယ်လွန်သူ မြို့စားနှင့် တပည့်များကို ရည်စူး သီလဝတ္တရဟန်းသံဃာကို လှူဒါန်းကုသိုလ်ပြုပါ။ အဖို့ဘာဂကို အမျှဝေပါ။ မြို့စားကို သင်မြင်ရပါလိမ့်မယ် မြို့စားကတော်"

"အင့် ... ဟီး ... အင့် ... အင့် ..."

"မြို့စားရဲ့ဆန္ဒကလည်း သူ့ချစ်ဇနီးအတွက် သစ္စာဆိုကျိန်စာတိုက်ထားခဲ့တဲ့ ပစ္စည်း။ သူ့ဇနီးလက်ထဲပဲ ရောက်စေချင်တယ်"

"ခဏလေး ... တွေ့ ... ပါ .. ရစေ"

"ခက်သကိုး ... မြို့စားကတော် အင်း ... ဟင်း ... ဒါဆိုလည်း ကျောက်ခေါင်းထဲက သူပေးခဲ့တဲ့ ပစ္စည်းတွေ အကုန်ထုတ်ယူလိုက်ပါ။ အဲဒီမှာ မြို့စားကို တွေ့ရပါလိမ့်မယ်"

"ဟုတ်တယ်"

မြို့စားကတော် ဒေါ်ရှင်မင်းရာစို မတ်တပ်ရပ်ပြီး ကျောက်ခေါင်းထဲကို ငုံ့ကြည့်လိုက်ရော ...

ရွှေဒင်္ဂါးတွေ ...

ရတနာပုံခေတ် ရွှေဒင်္ဂါးတွေ ခေါင်းထဲမှာအများကြီး ပြန့်ကျဲလို့ မြို့စားကတော် ရွှေဒင်္ဂါးတွေကို အပြင်မှာပုံချထားလိုက်ပြီး ...





မခွေးနိုင်တဲ့ ပိတ်စကို အသာဆွဲဖယ်လိုက်တယ်။

အို ... ကြေးသေတ္တာလေးတစ်ခု။

အရှည်က တစ်ထွာကျော်ခန့်ရှိပြီး ထုက လက်လေးလုံးခန့် ထုတယ်။

မြို့စားကတော် ကြေးသေတ္တာကိုကြည့်ပြီး မျက်လုံးတွေ ပြူးကျယ်သွားတယ်။ ငါလည်း အနားကနေ ကြည့်နေရတာကိုးကွ။

ငါ ငုံ့ကြည့်လိုက်တော့ ကြေးသေတ္တာလေးပေါ်မှာ လူတစ်ယောက်ရဲ့ အသားမရှိ လက်အရိုးစုတွေ ထပ်လို့။

"မြို့စားကတော်"

"ရှင် ... ရှင် ..."

"အဲဒါ ... မြို့စားကတော်ရဲ့ ပစ္စည်းတွေပဲ ယူပါ။ အောက်က အရိုးစုခန္ဓာကတော့ မြို့စားကတော် တွေ့ချင်တဲ့ မြို့စားရဲ့ ခန္ဓာကိုယ်အရိုးစုပါပဲ။

"အင့် ... ဟီး ..."

"ရုပ်ခန္ဓာဆိုတာ မမြဲဘူး ... မြို့စားကတော်၊ အနိစ္စလို့ခေါ်တာ မမြဲလို့ပဲ။ အခု နုပျိုခြင်းတွေ သင်္ခါရကြောင့် ရွေ့သွားပြီ။ သူ ရုပ်ခန္ဓာပြောင်းသလို နာမ်လည်း ပြောင်းသွားပြီ။

အဲဒီအရိုးစုက အရင် မြို့စားအစစ်ရဲ့ ရုပ်ကြွင်းပါ။ ကျေနပ်ပါ။ အမြန်ယူပြီး ဒီနေရာက မြန်မြန်ထွက်ကြပါ။ နောင်ကိုလည်း ဒီနေရာကို သင်တို့ လာဖို့ မလိုတော့ဘူး"

"ဘာဖြစ်လို့လဲ ... သူတော်စင်ကြီး ဟင်"

"ပြီးသွားပါပြီလေ ... အားလုံး ပြီးသွားပြီ။ အနိစ္စဆိုတာ သက်ရှိခန္ဓာမှာပဲဖြစ်ဖြစ်၊ သက်မဲ့ပစ္စည်းနဲ့ တည်ဆောက်ထားတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေမှာပဲဖြစ်ဖြစ် အနိစ္စရှိတယ်။ သင်္ခါရရှိတယ်။ မမြဲဘူး။ ဘာမှ မမြဲဘူး။ ကောင်းတာတွေကို လုပ်ကြပါ။ မြန်မြန်ပြန်ကြပါ"

"မြို့စားကတော် ပြန်ထွက်ကြစို့"

"ကျွန် ... မ ... ဒီမှာ နေခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဗျာ ...''

''ကျွန်မလင် မြို့စားနဲ့ အတူနေမယ်''

''ခက်ပါလား ... မြို့စားကတော်။ အယူမလွဲစမ်းပါနဲ့ ... မြို့စားကတော်။ ဒီတစ်ယောက်ကလည်း ဖနီးကိုစွဲလမ်းပြီး မကျွတ်မလွတ်ဘဝနဲ့ ဒီဂူထဲမှာနေပြီး ချစ်မယားကိုစောင့်နေတယ်။ ဆာဒူးကြီးပြောသလို အနိစ္စ ဒုက္ခ၊ အနတ္တမမြင်ကြဘူး။ ခင်ဗျား ဒီထဲမှာ နေပြီးသေရင် ခင်ဗျားလည်း အယူလွဲပြီး ပြိတ္တာတစ္ဆေဘဝ ရောက်မှာပဲ။ အဲဒါ မိစ္ဆာဒိဋ္ဌိ အလုပ်တွေဗျ။ အစွဲကြီးလို့ ပြိတ္တာဘဝရောက်နေသူ ကျွတ်အောင်လွတ်အောင် လုပ်ရမှာ အသက်ရှင်နေတဲ့ ခင်ဗျားရဲ့အလုပ်။ ကျုပ်တို့ ခင်ဗျားတို့ သက်စွန့်ဆံဖျား လာခဲ့ရတဲ့အလုပ်က ခင်ဗျားကို ခင်ဗျားလင်ရဲ့ ပစ္စည်းတွေ ရစေချင်လို့။ ပြီး ဒီပစ္စည်းတာ လှူဒါန်းပြီးအမျှဝေဖို့။ သူတို့ ပြိတ္တာတစ္ဆေအားလုံး လွတ်မြောက်ဖို့ ခင်ဗျားဘဝမှာ ချမ်းချမ်းသာသာ နိဗ္ဗာန်ကို မျက်မှောက်ပြုနေသွားနိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျုပ်ရော၊ ခင်ဗျားရော လာခဲ့တာ။ အခု ခင်ဗျားက ပြိတ္တာဘဝကို သွားမယ်ဆိုတော့ ... မြို့စားကတော် ... ခင်ဗျား မြန်မာ ဗုဒ္ဓဘာသာဝင် စစ်ရဲ့လား။ မြန်မာလူမျိုးရော ဟုတ်ရဲ့လား။ ကွယ်လွန်သူ လင်သားရဲ့ မေတ္တာစေတနာကို ခင်ဗျား အသားလွတ် စော်ကားနေတာ ကျုပ်ရဲ့အသက်ကို မငဲ့ဘဲ ကျုပ် ခင်ဗျားကို ကယ်တင်ခဲ့တာ မှားပြီဗျာ ... အကြီးအကျယ်မှားသွားပြီ။ တောက် ... နေခဲ့တော့ဗျာ။ ကျုပ် အပြင်မှာ အသေခံတော့မယ် သွားပြီ''

ငါ ဒေါသလည်းဖြစ်၊ ဝမ်းလည်း နည်းလွန်းလို့ မြို့စားရဲ့ ခေါင်း တလားဝန်းကျင်ကနေ ချာခနဲ လှည့်ထွက်ခဲ့လိုက်တယ်။

''ရာကျော် ... ရာ ... ကျော် ... ရပ်ပါဦး''

ငါ မရပ်ဘူး။ ခြေလှမ်းကျဲနဲ့ ပြေးထွက်ခဲ့တယ်။

''ရာကျော် ... ရပ်ပါဦး ... ငါ့ကို မထားခဲ့ပါနဲ့''

သူ ပြေးလိုက်လာပြီး ငါ့ရဲ့အကျီစကို ဆွဲထားတယ်ကွ။

''နေခဲ့လေဗျာ ... အဲဒီ ခင်ဗျားလင် မြို့စားရဲ့ အရိုးစုနဲ့ အတူ နေခဲ့ပါ။ သေပြီးရင် မြို့စားရဲ့ ဝိညာဉ်နဲ့ ပျော်ပျော်နေပြီး သိုက်စောင့်ပေ





လုပ်ကြ။ သိုက်တူးမယ့် သိုက်ဆရာတွေကို မျှော်ကြ။ လွတ်ပါ။ ကျုပ် အပြင်မှာ အသေခံမယ်လွှတ်''

''ငါ တောင်းပန်ပါတယ် ... ငါ မှားသွားပါတယ် ... ရာကျော်။ ငါ ခံစားချက်ကြောင့် ဆန္ဒစောပြီး ပြောမိတာပါကွယ်။ ငါ တောင်းပန်ပါတယ်။ ငါ ... ငါ ... ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ ... ရာကျော်။ ငါ နင်နဲ့ လိုက်ခဲ့ပါ့မယ်''

''ခင်ဗျား ဆုံးဖြတ်ပြီးပလား''

''ဆုံးဖြတ်ပြီးပါပြီကွယ်''

''ဒါဆို ပစ္စည်းတွေ ယူခဲ့တော့''

''ထားခဲ့ရင်ရောဟင်''

''အဲဒါတွေ ထားခဲ့ရင် ကျုပ်ရော၊ ခင်ဗျားရော သေမှာပဲ။ သေ ချင်းအတူတူ ခင်ဗျားက ဒီထဲမှာသေ၊ ကျုပ်ကတော့ တောကြီးမြွေဟောက် တို့ရဲ့ သေနတ်ပြောင်းဝမှာ သေမယ် ဟုတ်ပလား''

''ရာကျော် ...''

''ပြောပါ ... ကျယ်ကျယ်ပြောပါ''

''သေချင်းသေ ငါတို့ အတူသေကြတာပေါ့ဟာ''

သူပြောပြီးနောက် ရွှေဒင်္ဂါးတွေကို လွယ်အိတ်ထဲကောက်ထည့်ပြီး ကြေးသေတ္တာလေးကိုပိုက်လို့ မြို့စားခန္ဓာကိုယ် ထည့်သွင်းထားတဲ့ ခေါင်း တလားကို ထိုင်ကန်တော့ပြီးနောက် ငါ့ဆီကို တုံ့နှေးခြေလှမ်းနဲ့ လာနေ တယ်။

''သူတော်စင်ကြီး ....''

''ဆရာကြီး ...''

''ကျုပ်တို့ သွားတော့မယ်''

''သွားကြပါ ... ဆရာကြီး။ ဒီနေရာမှာ ကျုပ်တို့ ဆရာကြီးတို့ နောက်ဆုံးတွေ့ခြင်းပါပဲ။ သွားတော့''

''သူတော်စင်ကြီး ... ကျွန်မ နှုတ်ဆက်ပါတယ်ရှင်''

''မြို့စားကတော် ... မမေ့နဲ့နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့"

ငါတို့နှစ်ဦး ခေါင်းတလားဂူထဲကနေ ထွက်ခဲ့ကြတယ်။

ထွက်ခဲ့ရင်း ငါ နောက်ပြန်လှည့်ကြည့်လိုက်တော့ ...

မြို့စားကို ဆာဒူးသူတော်စင်ကြီးနံဘေးမှာ ငါ မြင်ရတယ်ကွာ။

ဆာဒူးသူတော်စင်ကြီးက မြို့စားရဲ့ပခုံးကို အသာဖက်ပြီး နှစ်သိမ့်လို့။

ဒီနေရာကို ဆာဒူးသူတော်စင်ကြီး စောင့်ရှောက်နေတာပါလား။ သူ့အသက်ကတော့ နည်းမှာမဟုတ်ဘူး။

ငါ မြို့စားအတွက် ဝမ်းသာတယ်ကွာ။

မြို့စားတို့ဘဝတွေ လွတ်မြောက်ရပါစေ့မယ် မြို့စားရယ်။

ငါတို့နှစ်ဦးကို တစ္ဆေသွေးသောက်ကြီး ဖေဇ်ရော်က အဝင်ဝနားရောက်အောင် လိုက်ပို့တယ်။

ပြီး ... သူ နောက်မှာ ရပ်ကျန်ရစ်တယ်။

"သွေးသောက်ကြီး ..."

"ငါ မင်းတို့ကို အမှတ်ရနေမယ်နော်။ သာဓုခေါ်ကြ"

တစ္ဆေသွေးသောက်ကြီး ဘာမှပြန်မပြောဘူးကွာ။

ရီဝေဝေနဲ့ကြည့်ရင်းက ချာခနဲ နောက်ပြန်လှည့်ပြေးသွားပါရော။

✿ ✿ ✿

[၅၈]

❑

"မြို့စားကတော်"

"ဘာလဲ ... ရာကျော်"

"ဒီပုတီးကို လည်ပင်းမှာ ဆွဲထားပါ"

"ဘာဖြစ်လို့လဲ"

"အကာအကွယ်အတွက်ပါ"

"ဘာ ... ဘာဖြစ်လို့ အကာအကွယ်ဆောင်ရတာတုံး"

"ပြောလို့ မရဘူးလေ။ လူ့စိတ်ဆိုတာ တန်ဖိုးရှိတဲ့ပစ္စည်း မြင်သွားရင် လောဘတက်သွားတတ်တယ်။ ခင်ဗျားရဲ့ပစ္စည်းတွေ စစ်ရဲ့၊ ဟုတ်ရဲ့လား ဖွင့်ကြည့်ပါဦး"

မြို့စားကတော်က ကြေးသေတ္တာလေးကို ဖွင့်လိုက်တယ်။

ငါ လက်နှိပ်မီးနဲ့ ထိုးကြည့်လိုက်ရော ...

"ဟယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ရဲတွတ်နေတဲ့ ပတ္တမြားလည်ဆွဲ ဘယက်ကွာ။

မီးရောင်အောက်မှာ အရည်ကို လည့်နေတာပဲဟေ့။

ရွှေဘယက်ရဲ့ အလယ်မှာ ဗီးကင်းခန့် ပတ္တမြား သုံးလုံးကွာ။ ပတ္တမြားဘယက်ကို ဆွဲထုတ်လိုက်တော့ အောက်မှာ ရတနာမျိုးစုံ။ ပျ... နယားခေါင်းရုပ်ပါ လက်ကောက်က နှစ်ကွင်း။ မြနဲ့ နီလာလုံးချောတွေက ဆယ်လုံး။ ပတ္တမြားလက်စွပ်ကချည်း ငါးကွင်း။ အကျစ် ရွှေခြေကျင်း။ ပြီးတော့ စိန်နဲ့လုပ်ထားတဲ့ ရွှေနားဋောင်းက နှစ်ရံ။ မြို့စားကတော် ပစ္စည်းတွေကိုကြည့်ပြီး လက်တွေတုန်နေသလို မျက်ရည်တွေလည်း စီးလိမ့်ကျလာတယ်ကွာ။

"ဘာလို့ မျက်ရည်ကျတာလဲ ... မြို့စားကတော်"

"ဒီပစ္စည်းတွေက တို့လင်မယားနဲ့ သူ့မိဘဘိုးဘွားများ ပိုင်တဲ့ အမွေပစ္စည်းတွေပေါ့ကွယ်။ မိဘဘိုးဘွားများကိုပါ သတိရလို့ မျက်ရည်ကျတာပါ"

"မြို့စားက ခင်ဗျားအပေါ် ဘယ်လောက်ချစ်သလဲဆိုတာ ခုမြင်တဲ့ အတိုင်းပဲ။ ခင်ဗျားအတွက်ထားတဲ့ပစ္စည်းတွေ ဘယ်လိုလူမျိုးမှ လာယူလို့မရဘူး။ ခင်ဗျား မျက်ရည်နဲ့ထိမှ ကျောက်ခေါင်းတလားကို ဖွင့်ပေးကြတာ။ နို့မို့ လူ ဆယ်ယောက်မတောင် မကြွဘူး။ အံ့သြစရာပဲ။ ကိုင်း ... အပေါ်ကိုတက်မယ်"

"အပေါ်အံဖုံး ဖွင့်ဟေ့"

"ဆရာကြီးတို့လား"

"ဟုတ်တယ်ဟေ့"

အပေါ်က သစ်သားပြား အဖုံးတွေဖွင့်ပြီး ငါတို့နှစ်ဦးကို ဆွဲတင်ကြတယ်။

"ပစ္စည်းတွေ ရခဲ့လားဟင် ... ဟင်"

"ရတယ်။ ဒီမှာ ..."

မြို့စားကတော်ကိုယ်စား ငါက ရတနာသေတ္တာငယ်နဲ့ ရွှေဒင်္ဂါး အိတ်ကြီးကို တောကြီးမြွေဟောက်ထံ လှမ်းပေးလိုက်တယ်။





"ဟာ ... ရွှေဒင်္ဂါးတွေဟေ့။ အလို ... ရတနာပုံ ဒင်္ဂါးပါလား။ မှန်း ... သေတ္တာထဲက"

"ဟာ ..."

"အလို ..."

"ပ ... တ္တ ... မြား ... ပတ္တမြား ... စိန် ... တွေ ... ငါ ... ငါတို့ ... ချမ်းသာပြီ ... ငါတို့ ချမ်းသာပြီ တောက်ထွန်းရေ ... ဟား ... ဟား ... ဟား ..."

"အာဠာဝကရေ ... ပေစာစာရင်းနဲ့ တိုက်စစ်ကြည့်ပါဦးကွ။ အထဲမှာ ကျန်ချင်ကျန်နေမှာ ဒါမှမဟုတ် ..."

တောက်ထွန်းက ငါတို့နှစ်ဦးကို ကြည့်ပြီးပြောတာကွာ။ ဒီကောင်တွေ စကားပြောပုံ မဟုတ်သေးပါဘူး။

"စစ်တယ် ... အားလုံး မှန်တယ်ဟေ့"

"တောကြီး ..."

"ဘာလဲ ဆရာကြီး"

"မင်းတို့ ငါတို့ ကတိထားခဲ့ကြတဲ့အတိုင်း ဘယ်လိုလူမျိုးမှ ယူလို့မရတဲ့ ပစ္စည်းတွေကို ဒေါ်သစ္စာ ရယူပေးခဲ့ပြီလေ"

"အဲဒီတော့ ..."

"မင်းတို့က ရှိပစ္စည်း တစ်ဝက်ယူ။ ဒေါ်သစ္စာကို ကျန်တစ်ဝက် ပေးကြ"

"တစ်ဝက် ..."

"မင်းတို့ပြောတဲ့အတိုင်း တစ်ဝက်လေကွာ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဆရာကြီးရာ ... ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဒီပတ္တမြားထက်ကြီးတဲ့ ပတ္တမြားဆိုရင် သီပေါမင်းရဲ့ ပတ္တမြားငမောက်ကြီးနဲ့ ပတ္တမြားငမောက်ကလေးပဲ ရှိတယ်။ ဒီပတ္တမြားသုံးပွင့်ကလည်း ငမောက်ကလေး ပတ္တမြား ဖြစ်နေမလား မသိဘူး။ အဲဒီတော့ ကိုင်းဟေ့ ..."

"မလှုပ်ပါနဲ့ မြို့စားကတော်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ... ငြိမ်ငြိမ်နေပါနော်။ ဆရာကြီး ဗန်တိုတတ်တာ ကျုပ်သိတယ်။ ကျည်ဆန်တော့ ရှောင်လို့ရမှာ မဟုတ်ဘူး"

"တောက်ထွန်းနဲ့ တောကြီး မင်းတို့ ဒါ ... ဒါ ... ဘာလုပ်တာလဲ"

ငါ့ရင်ဝနဲ့ မြို့စားကတော်ရဲ့ ရင်ဝကို ခြောက်လုံးပြူးသေနတ်ပြောင်းတွေနဲ့ တေ့ချိန်လိုက်ကြတယ်။

"နင် ... နင်တို့ ... နင်တို့ ... ဒါ ... ဒါ ..."

"ဟား ... ဟား ... ဟား ... ဟား ... မြို့စားကတော်ရှယ် ဒီပစ္စည်းထဲက တစ်ဝက်ကို ခင်ဗျားတို့ ပြန်ပေးလိုက်ရင် ကျုပ်လောက်တုံးတဲ့လူ ဒီကမ္ဘာမှာ ရှိပါဦးမလား"

"ဇိုင်း ... ခင်ဗျားတို့ မြေအောက်ကို ပြန်ဆင်း"

"ဘာ .. ဘာပြောတယ် ... တောကြီး မင်း ... မင်း ... ကတိဖောက်ခဲ့နော် ဟေ့ကောင်"

"ဆင်းလိုက်စမ်းပါဗျာ။ ဒီ မြေအောက်ဥမင်ထဲမှာ ခင်ဗျားတို့နှစ်ယောက်ကို ကျည်ဆန်နှစ်တောင့်နဲ့ စတေးခဲ့ပါ့မယ်။ မြို့စားလည်း ဂူထဲကနေ ဝမ်းပန်းတသာ ကြိုနေမှာ။ ကဲ ... ဆင်း ..."

"ငါ ... ငါ ... မဆင်းဘူး။ နင်တို့ လူယုတ်မာတွေ"

"တောက်ထွန်း ..."

"ဗျာ ... အစ်ကို"

"ငါ ဒါတွေနဲ့ ပွဲထောင်ပေါ်က စောင့်နေမယ်။ သူတို့နှစ်ဦးကို ရှင်းလိုက်တော့"

"ကဲ ... မြို့စားကတော် စိတ်တော့ မကောင်းဘူးဗျာ။ မြို့စားနောက်ကို လိုက်ပေဦးတော့ ကိုင်း"

"ဗိုး ... ဝရော ... ဗိုး ..."

"အုန်း ... ဖောင်း ..."

"အား ..."

"အစ်ကို ... အ ... အ ... ကို ... အား ..."





"ဝေါ ... ဗိုးဆိုတဲ့ အသံကြီး ကောင်းကင်က ကြားရော ... ငါ မြို့စားကတော်ကို လက်နဲ့တွန်းထည့်ပြီး လှဲချလိုက်ချိန်၊ အက်နေတဲ့ အုတ်တိုက်ကြီး တုန်ခါလာပြီး ပြိုကျတာဟေ့"

"အား ..."

"ပြေး ... ပြေး ..."

လူတစ်ရပ်မက ကြီးမားတဲ့ အုတ်ပြားကြီး သေနတ်ခလုတ်နှိပ်မလို့လုပ်နေတဲ့ တောက်ထွန်းပေါ်ကို ပိကျသွားတာ။ အုန်းခနဲ၊ ဝုန်းခနဲ ကြားရပြီး လူပျောက်သွားတယ်။

ဖုန်လုံးတွေ၊ သစ်ရွက်ခြွေးတွေ မိုးပေါ်ကို ပလူပျံတက်သွားတယ်။

"ဒိုင်း ..."

"အား .."

"ဆရာကြီး သေနတ်နဲ့ပစ်နေပြီ ပြေး"

"ငါ့ညီ ... တောက်ထွန်းရော ..."

"အုတ်အမိုးပြား ပြိုကျပိလို့ သေပြီ"

"ဟင် ..."

"ဒိုင်း ..."

သေနတ်သံ နှစ်ချက်ကြားရတယ်။ ဖုန်နဲ့အမှိုက်တွေ အုံခဲလွင့်ပျံနေတော့ ဘယ်သူပစ်မှန်း မသိရဘူး။

သို့သော် သေနတ်သံက အပေါ်စီးက ပစ်တဲ့အသံ။

ဖုန်လုံးတွေ ငြိမ်သွားပြီ။

အမှိုက်တွေ သစ်ရွက်တွေလေထဲမှာ တရွေ့ရွေ့ လွင့်နေဆဲ။ ငါ မြို့စားကတော်ကို လှုပ်နှိုးလိုက်တယ်။

"မြို့စားကတော် .... မြို့စားကတော် ..."

"မြို့စားကတော် ..."

ငါလည်း မျက်နှာကို မြေကြီးနဲ့ကပ်ပြီး ပြားနေအောင် ဝပ်နေရာက မျက်နှာမော့ပြီး မြို့စားကတော်ကို လှုပ်နှိုးတာ။ မြို့စားကတော်ကို ခေါ်လို့မရဘူး။

ဘုရားရေ ... ကျောက်ခဲစတွေများ ထိမှန်သွားလို့ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ ... သူ့မကို ပက်လက်လှန်ပြီး ဒဏ်ရာတွေ ရှာကြည့်တယ်။ မတွေ့ဘူး။ ဒီအချိန်မှာ ငါတို့ဆီကို လူတစ်ဦးပြေးလာပြီး ဓားရှည်နဲ့ ဝင်ခိုင်းတာပေါ့။

ငါလည်း ရှောင်လို့မရတာနဲ့ ဘုရားပဲ တ,လိုက်တယ်။

"ဒိုင်း ..."

"အား ... အ ... အ ..."

ဒီကောင် လဲကျသွားပြီး ဝမ်းဗိုက်ကိုဖိလို့ လူးလိမ့်နေတယ်ကွ။ ကြည့်ရတာ ငါတို့ဘက်ကနေပဲ တစ်ယောက်ယောက် ကူပစ်နေတာလား။

ဒါမှမဟုတ် တောကြီးမြွေဟောက်များ သူ့လူတွေကို နှုတ်ပိတ်ဖို့သတ်နေသလား ငါ မသိ။

ချက်ချင်း ငါတို့ရှိရာကို လူအချို့ ပြေးလာကြတယ်။

"အဘ ... အဘ ..."

"အေး ... ဒီမှာပေါ့ ... မင်း ... မင်းတို့က ..."

"ကျုပ်ပါဗျ ... အဘရ ... မောင်မှိုင်းလေ"

"ဟေ ... ငမှိုင်း"

"ဟောဒါ ဦးဝေသာလီ"

"ဟေ ..."

"ဒီနှစ်ယောက်ကို သိလား"

"ဘယ်သူတွေတုံး"

"ကရင်မှုဆိုး စောပွယ်လားနဲ့ စောစံဆေးလေ"

"ဟေ ... မင်းတို့ လိုက်လာတယ်"

"ကျွန်တော်တို့ ခပ်လှမ်းလှမ်းက မြင်နေရတယ်။ သူတို့မှာ သေနတ်တွေပါတော့ အနီးကပ်လို့ မရဘူးလေ"

"အခြေအနေ မဟန်မှန်းသိလို့ လာကူမယ်လုပ်ရော အုတ်တိုက်အိုကြီး ပြိုကျတဲ့အသံ ကြားရတာပဲ"

"ဒီနားမှာ သူတို့လူတွေ ရှိသေးလား ... မောင်မှိုင်း"

"ရေဆိပ်ကို ပြေးပြီအဘ။ စောပွယ်လား ဒူးလေးနဲ့ပစ်လိုက်လို့ တစ်ယောက်တော့ ပေါင်ကို ထိသွားတယ်"





"မင်းတို့ မြို့စားကတော်ကို သယ်ခဲ့ကြ"

ဒါနဲ့ ကျွန်တော်တို့လူတွေ မြို့စားကတော် အဘွားကြီးကို မုဆိုးနှစ်ကွင်းတုတ်ထိုး ပုခက်လုပ်တင် သယ်လာခဲ့ကြတုန်း ...

"ဒိုင်း ..."

"ရှိုး ... ဒိုင်း ..."

"ဖောင်း ... ဒိုင်း ..."

"ဝူး ... ဂျွတ် ... ဂျွတ် ..."

"ဒိုင်း ... ဒိုင်း ..."

"ဝပ်နေ၊ ကွယ်နေကြ"

"ပွဲထောင် ထွက်သွားပြီအဘ။ သူတို့ ဒီပွဲထောင်နဲ့ ပြေးကြပြီ။ တိုက်ပွဲတော့ ဘယ်သူတွေနဲ့ဖြစ်တာလည်း မသိဘူး"

"သေနတ်သံငြိမ်ရင် သွားကြမယ်။ မုဆိုးတစ်ယောက် ကြိုပြီး လမ်းကြည့်"

စောပွယ်လား ဒူးလေးကြီးကိုင်ပြီး ရှေ့က ကြိုထွက်သွားတယ်။ သည့်နောက် ကျွန်တော်တို့အုပ်စုက ရှေ့နောက် အဘွားကြီးကို ပုခက်နဲ့ ထမ်းခေါ်ခဲ့ကြတယ်။

ကျွန်တော်တို့ ရေဆိပ်ကိုရောက်ကြပြီ။

ရေဆိပ်မှာ မိန်းမရွယ်တစ်ဦး သေနတ်ချိန်ပြီး ပွဲထောင်ထွက်သွားရာကို ကြည့်နေလို့ လန့်ပြီး သစ်ပင်ကွယ်မှာကပ်နေတုန်း ...

ကရင်မုဆိုးက ရန်သူမှတ်ပြီး ဒူးလေးနဲ့ လှမ်းပစ်လိုက်တာ ...

"ရှိ ... ဒေါင် ..."

"ရှိ ..."

လျင်လိုက်တဲ့ မိန်းမကွာ၊ ရှမ်းဘောင်းဘီနဲ့ကွ။ ဒေါင်ခနဲကြိုးခတ်သံကြားရော၊ နောက်ကျွမ်းထိုး ခုန်ရှောင်ရင်း ဒေါင်ခနဲ အသံလာရာကို သေနတ်နဲ့ လှမ်းပစ်လိုက်တာ။

"ဒိုင်း ..."

"ဖောက် ... ရှိ ..."



www.burmeseclassic.com

www.burmeseclassic.com



တော်သေးရဲ့ဗျာ။ ကညင်ပင်ခေါက်ကို ကျည်ဆန်ဖောက်ပြီး ထွက်သွားလို့။

"ဟော့ ... ဘရွှေရိုးပါလား"

"ဟင် ... ဘရွှေရိုးတဲ့၊ ဟိုမိန်းမ မေးနေတယ်ဗျ"

ရှမ်းဘောင်းဘီဆွယ်တာ လက်ရှည်ခေါင်းစွပ်ဝတ်ထားတဲ့ မိန်းမ ထွက်လာပြီး သေနတ်နဲ့ ကျွန်တော်တို့ရှိရာကို ချိန်ပြီး ရေစပ်ကနေ အော်မေးနေတာ။

သူ အငြိမ်မနေဘူးဗျ။

လှုပ်ရှားရွေ့လျား ချိန်ရွယ်နေတာ။

ကျားသစ်မလေးအတိုင်းပဲ။

"မောင်မှိုင်း"

"ဗျာ ... အဘ ဘရွှေရိုးတဲ့"

"ဖယ်နေ ... ငါတွေ့လိုက်မယ်"

"ဖြစ်ပါ့မလား အဘ ... သူ့မှာ သေနတ် ..."

အဘက စကားမဆုံးခင်မှာပဲ လွယ်အိတ်ကြီးလွယ်ပြီး ရေဆိပ်လှေဆိပ်ရှိရာကို တစ်လှမ်းချင်းသွားနေတယ်။

ဟိုမိန်းမကလည်း အဘကို သေနတ်နဲ့ တည့်တည့်ချိန်ပြီးကြည့်နေတာ။

"မုဆိုး အသင့်ပြင်ထားနော်"

"အေး ... အေး ..."

စောလားပွယ် ဒူးလေးပေါ် မြားတစ်ချောင်းတပ်ပြီး ကျားသစ်မိန်းမပျိုရှိရာကို ထိုးချိန်လိုက်တယ်။

အဘကလည်း တိုက်ပုံတကားကားနဲ့ မကြောက်မရွံ့ သွားနေတာ။ ကိုကျားသစ်မရဲ့ သေနတ်မောင်းတင်သံကို ကြားရတယ်။

"ကလစ်"

"နားပေါက်"

"အ ... ဘ ... အဘ ..."

"သမီး နားပေါက်"





"အဘ ..."

ကြည့်စမ်းဗျာ ... ကျုပ်တို့မုဆိုးကလည်း ဒူးလေးကို ခလုတ်ဖြုတ်ဖို့ လက်ညှိုးကွေးမယ်လုပ်တုန်း ...

နားပေါက်တဲ့ ...

အဘတဲ့ ...

သမီး နားပေါက်တဲ့ ...

သူတို့နှစ်ဦး ရေဆိပ်သဲပြင်မှာ။

ကျားသစ်မနားပေါက်က အဘရဲ့ခါးကို အားရပါးရဖက်လို့၊ အဘရာကျော်ကလည်း သူမရဲ့ ဦးခေါင်းကို သူ့ရင်ခွင်ထဲထည့်ဖက်ပြီး အော်ဟစ်ရယ်လို့ဗျာ။

"ဦးကြီးဝေသာလီ"

"ဟော ..."

"ရန်သူမဟုတ်ဘူးဗျ"

"အေ ... ငါ မားနဲ့ မပစ်ရတော့ဘူးပေါ့ကွာ"

ရေဆိပ်သဲပြင်မှာ သူတို့ မျက်နှာချင်းဆိုင် စကားပြောပြီး အဘက ကျွန်တော်တို့ကို လက်ယပ်လှမ်းခေါ် လက်မထောင်ပြတယ်။ အိုကေ ... အေးဆေးတဲ့။

ကျွန်တော်တို့ မြို့စားကတော် အဘွားကြီးကို သယ်ပြီး သူတို့ရှိရာကို ရောက်ခဲ့ကြတယ်။

ဒီမှာ မိန်းကလေး (နားပေါက်) ဖြူနီးဆို ခြောက်လုံးပြူးနဲ့ ကျွန်တော့်မျက်နှာကို ချိန်ပါရောဗျာ။

"ဟင် ..."

ကျွန်တော့်လူတွေလည်း အံ့အားသင့်ကုန်ကြ။

"မောင်မှိုင်း"

"ဗျာ ... ဗျာ ..."

"မင်း ... သူ့ကို သိလား"

"ဟင့်အင်း ... မ ... မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



''နားပေါက်လေ''

''ဗျာ ... နားပေါက် ... ဘယ်သူ''

ဒီမှာပဲ ရှမ်းဘောင်းဘီနဲ့ ကျားသစ်မက လက်ထဲကသေနတ်ကို ခါးကြားမှာ ထိုးလိုက်ပြီး ခေါင်းစွပ်ကို ချွတ်ပြလိုက်ရော ...

''ဟင် ... မင်း ... မင်း ...''

''ဟင်း ... ဟင်း ... ဟင်း ... ဟင်း ... အစ်ကို သိလို့လား''

''မ ... နှင်း ... ဆီ ... မနှင်းဆီ''

သူမက မနှင်းဆီလို့ ခေါ်လိုက်ရော ရယ်ပါရောဗျာ။

သူ မနှင်းဆီပါဗျာ။

သူမရဲ့ ညာဘက်နားရွက်မှာ အပေါက်အကျယ်ကြီးနဲ့လေ။

ကျိုက်ထိုမှာ ကားတစ်စီးလုံး ဓားပြတိုက်ခံရတုန်း နားကပ်တစ်ဖက် မကျွတ်လို့ နားရွက်ကို သေနတ်နဲ့ ပစ်ဖောက်ခံရတဲ့ မွန်ဆန်ဆန် မိန်းကလေး။

သူ့ကို ကျွန်တော် မော်လမြိုင်မြို့နယ်က ကျိုက်သံလန်ဘုရားပေါ်မှာ တွေ့ခဲ့သေးတယ်။ ဒီတုန်းက သူကိုယ်ရောင်ဖျောက်ပြီး လစ်သွားခဲ့တယ်။ အခု သူမကို ပြန်တွေ့ရပြီ။

''မောင်မိုင်း ... ဘယ်သူတဲ့''

''မနှင်းဆီ ... မနှင်းဆီဗျ''

''ဟား .. ဟား .... ဟား .... ဟား ... မနှင်းဆီတဲ့ဟေ့။ ဟား ... ဟား ... ဟား ... ဟား ... နားပေါက်ပါကွ နားပေါက်ပါ''

''ဟား ... အဘကလည်း ဘာနာမည်ကြီးမှန်းလဲ မသိဘူး။ မနှင်းဆီပဲဗျာ ... မနှင်းဆီပဲ''

''သမီး ... မနှင်းဆီ ခေါ်နွယ်ချို''

''ရှင် ...''

''စောစောတုန်းက ဟိုကောင်တွေကို သေနတ်နဲ့ပစ်တာ သမီး မဟုတ်လား''





''ဟုတ်တယ် အဘ''

''ဒါဆို တောင်ငူ အာဥာဝကတို့ တိုက်ခြံထဲမှာ လက်ဝှေ့ကျော် ကျားကြီးကို သေနတ်နဲ့ပစ်တာလည်း ညည်းပဲမဟုတ်လား''

''ဟုတ်တာပေါ့ ... သမီး ... အဘနောက်မှာ အမြဲရှိနေတာ အဘ မသိဘူးလား''

''အင်း ... ထင်တော့ ထင်သားပဲ''

ဒီအချိန်မှာ မြို့စားကတော် ပြန်သတိရလာပြီး ရေတောင်းလို့ ရေဘူးထဲက ရေကိုတိုက်ကြတယ်။

''မြို့စားကတော် သတိရပြီလား''

''အင်း ... အင်း ... ငါ ... ငါ ... ဘာဖြစ်သွားတာလဲ''

''တောက်ထွန်းပေါ်ကို အုတ်တိုက်ပြိုကျပြီး ကျုပ်တို့နှစ်ဦးကို ဖုန်လုံးတွေ မြေမှုန့်ကျောက်မှုန့်တွေ ထိမှန်ပြီး မြို့စားကတော် သတိလစ်သွားတာပါ''

ဒီမှာ နားပေါက် (ခေါ်) မနှင်းဆီ နွယ်ချိုက မြို့စားကတော်ရဲ့ အနီးကို တိုးသွားပြီး ရုတ်တရက် ထိုင်ကန်တော့ပါရော။

ကန်တော့ရင်း ငိုပါရောဗျာ။

အားလုံး အံ့အားသင့်ကြတာပေါ့။ ဘယ့်နှယ့် သေနတ်သမား မိန်းကလေးက အဘွားကြီးကို ထိုင်ကန်တော့ပြီး မျက်ရည်ကျနေတာ မြင်ရတော့ အဘတို့ပါ အံ့သြနေကြတာပေါ့။

''မိန်းကလေး''

''ရှင် ... ရှင် ... မယ်မယ်ကြီး''

''ဟေ ... ငါ့ကို မယ်မယ်ကြီးတဲ့။ ညည်း ဘယ်သူတုံး။ ညည်း နာမည် ဘယ်လိုခေါ်တုံး''

''သ ... သမီး နာမည်အရင်းက နွယ်ချိုပါ မယ်မယ်''

''မင်းမိဘတွေကရော မင်းငါ့ကို သိလို့လား''

''မယ်မယ် ... သွေးသောက်ကြီး ဖေဇရော်ကို သိပါသလား ... မယ်မယ်ကြီး''



www.burmeseclassic.com

www.burmeseclassic.com



"သွေးသောက်ကြီး ... ဖေဝ်ရော် ... သိတာပေါ့ ... ညည်းက ဖေဝ်ရော်နဲ့ ဘာတော်လို့တုံး"

"ကျွန်မက သွေးသောက်ကြီး ဖေဝ်ရော်ရဲ့မြေးပါ မယ်မယ်"

"ဟော ..."

"ကျွန်တော်ဘို့ရော၊ အဘတို့ပါ သွေးသောက်ကြီး ဦးဖေဝ်ရော်ရဲ့ မြေးဆိုတာ ကြားရသိရရော ... မျက်လုံးကျယ်ကုန်ကြရော။ ဟိုကောင်တွေက အတုတွေပါလား"

"အကျဉ်းမျှပဲ ပြောပါရစေ .. မယ်မယ်ကြီး။ အဘိုးက အဖေ့ကို ပြောခဲ့တယ်။ မြို့စားသံယောဇဉ်ရဲ့ လျှို့ဝှက်ဂူသချိုင်းရှိတယ်။ မြို့စားနေခဲ့တဲ့ ဆေးတာထုပ်အကြောင်းလည်း ပြောပြတယ်။ အဘိုးက အဖေ့ကို ပြောပြီး မြို့စားနဲ့အတူ တိုက်ပွဲကျသွားတယ်ပဲ သိရတယ်။ တိုက်ပွဲမကျခင်အထိ မယ်မယ်ကြီးကို အဘိုးတို့ လိုက်ရှာပါသေးတယ်။ မသေဘူးလို့ ကြားရပြီး အဖေ့ကို ပြောခဲ့တယ်။ ငါသေရင် မြို့စားကတော်ကို ရှာကြ၊ စောင့်ရှောက်ကြ။ မြို့စားထားခဲ့တဲ့ ရတနာတွေကို မြို့စားကတော်လက်ထဲရောက်အောင် ကူညီကြ။ ဒါ မြို့စားအပေါ်မှာ ငါတို့ ကတိထားခဲ့တဲ့ တာဝန်ပဲ။ အဖေလည်း မရှိတော့ပါဘူး ... မယ်မယ်ကြီး။ မယ်မယ်ကြီး အကြောင်းစုံစမ်းနေတုန်းရင်းနဲ့ ကျိုက်ထိုမှာ ဓားပြတိုက်ခံရရင်း ဒီနားရွှက် အဖောက်ခံရပါတယ်။ အဘကုပေးလို့ ချက်ချင်း သက်သာသွားတာ။ နောက် ဓားပြစောလူးကို လိုက်ကလဲ့စားချေရင်း အဘနဲ့ ကရင်ရွာမှာ ပြန်ဆုံခဲ့ရတယ်။ အဲဒီကနေ တောကြီးမြွေဟောက်ဆိုတဲ့ လူကြီးလူကောင်း အရေခြုံ မသူတော်ကြီး အကြောင်း သိခဲ့ရတယ်။ ကျွန်မတာဝန်က မယ်မယ်ကြီးကို စောင့်ရှောက်ဖို့ ကူညီဖို့ပါ။ မယ်မယ်ကြီး တောကြီးမြွေဟောက်တို့ တိုက်မှာ အကျဉ်းကျခံ အညှင်းဆဲခံနေရတာ ကျွန်မသိပါတယ်။ ကယ်ဖို့က မလွယ်ဘူး။ တစ်ခါ မယ်မယ်ကြီးကို မြို့စားအုတ်ဂူကအထွက်မှာ ဟိုလူတွေ လိုက်ဖမ်းတုန်းက တောအုပ်ထဲကနေ သေနတ်နဲ့ပစ်ပြီး ကယ်ဖို့ ကြိုးစားပေမဲ့ အရေးမလှခဲ့ဘူး။ နောက်ပိုင်း မယ်မယ်ကြီးကိုဖမ်းထားတဲ့ အိမ်နားမှာ သူတို့လူတွေက ပတ်ပတ်လည်မှာ ဝိုင်းနေကြတာမို့ ကယ်ခွင့်မရပေမဲ့ အဘရောက်နေတာသိလို့





စိုးရိမ်မှု လျော့ကျခဲ့ရတယ်။ ခုကိစ္စမှာ ကျွန်မ နောက်ကျသွားလို့ ခွင့်လွှတ်ပါ ... မယ်မယ်ကြီးဘုရား"

"အေး ... အေး ... ငါ့မြေး ဘိုးစဉ်ဘွားဆက် သစ္စာရှိပါပေတယ် မြေးရယ်။ ငါ့မြေး တာဝန်ကျေပါတယ်။ မြေးကို မယ်မယ်ကြီး ခွင့်လွှတ်ပါတယ်။ မယ်မယ်ကြီး ပစ္စည်းတွေပါသွားတာ ဝမ်းမနည်းတော့ပါဘူး။ ခုလို လွတ်လပ်တဲ့ဘဝ ပြန်ရောက်ပြီး ဟောဒီ မောင်ကြီးရာကျော်တို့ သားတို့ မြေးတို့နဲ့ စကားပြောခွင့် အသက်ရှင်ခွင့်ရတာကိုပဲ ကျေနပ်ပါပြီကွယ်။ ပစ္စည်းသခါရ လူသခါရပဲ။ မယ်မယ်ကြီးတို့၊ မြေးတို့ ကွယ်လွန်သူတွေအတွက် ကိုယ့်ချွေးနည်းစာနဲ့ အမျှဝေနိုင်အောင် ကြိုးစားကြတာပေါ့။ ကိုင်း ... ရာကျော်"

"မြို့စားကတော်"

"ငါတို့ အခု ဘယ်သွားကြမတုံး"

"ဆရာတော်ကျောင်းကို သွားကြမယ် ... မြို့စားကတော်"

"ဘာနဲ့ သွားကြမတုံး။ လူယုတ်မာတွေက ပဲ့ထောင်နဲ့ သွားကြပြီ"

"အဘွား"

"မင်းက ဘယ်သူတုံး"

"ကျွန်တော်က စာရေးဆရာပါ ... မြို့စားကတော်။ မောင်မှိုင်းလို့ ခေါ်ပါတယ်ဗျ"

"သားက ဘာပြောသလို့တုံး"

"ကျွန်တော်တို့မှာ လှေရှိပါတယ်ခင်ဗျ"

"ဟော ..."

ကျွန်တော်တို့ ချောင်းရေစပ်မှာ မြှုပ်ထားခဲ့တဲ့ လှေနှစ်စီးကို ပြန်ဖော်ပြီး လှေပေါ်မှာ လိုက်ပါလို့ ဘဘုန်းကျောင်းရှိရာကို ပြန်လာခဲ့ကြတယ်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၁၄]

❑

ကျွန်တော်တို့မှာ အန္တရာယ်မရှိတော့ပါဘူးဗျာ။ ဘာလို့လဲဆိုတော့ လူသတ်ဖို့အထိ ကြံစည်ရတဲ့ လောဘတက်စရာ ဘာရတနာမှ မရှိလို့ပါပဲ။

ကျွန်တော်တို့ ဘဘုန်းကျောင်းမှာ တည်းခိုကြတယ်။

မြို့စားကတော် ဒေါ်ရှင်မင်းယာစိုကလည်း ဘဘုန်းကို အကြိမ်ကြိမ် ကန်တော့ရှာတယ်။

ဘဘုန်း အစဖော်ပေးတဲ့ကျေးဇူးကြောင့် ချစ်လင်မြို့စားရဲ့အချစ်ကြီးတဲ့ဘဝကို နောက်ဆုံး ကြုံခဲ့ရတာကို ...။

ခုတော့ ရေစက်တွေပြန်ဆုံပြီး ဆွေမျိုးသစ်တွေ ပြန်တွေ့ရသလို ဝမ်းသာခဲ့ရတယ်တဲ့။

မြို့စားကတော် တရားရှိပါပေတယ်ဗျာ။





တောကြီးမြို့ဟောင်းတို့ဆီပါသွားတဲ့ ရတနာကိစ္စ တစ်လုံးမှမပြောဘူး။ ပုတီးစိပ်၊ တရားမှတ်လုပ်ပြီး အနားယူနေတယ်။

ကျွန်တော်တို့အကြောင်းကို ကျွန်တော်တို့ အုပ်စုကလွဲပြီး ဘယ်သူမှ မသိကြဘူး။

ဒါကြောင့် ကျွန်တော်တို့ ရွာထဲလှည့်ပြီး လည်ကြ။

ခေါက်ဆွဲသုပ်ကို ကုသိုလ်ရအောင် စားကြ။

အပျိုခေါင်း ရှင်မယ်မြတို့က ရှမ်းဘောင်းဘီလေးနဲ့ မနှင်းဆီကို ကြည့်ပြီး ...

"ချောလိုက်တာနော်။ တရော်စားပြီး မွေးတာလားဟင်"

"ခစ် ..."

"အပျိုခေါင်း ..."

"ဘာတုံးတော့ ... စာရေးဆရာ"

"ခင်ဗျားလောက် မချောပါဘူးဗျ"

"ဟတ်လား ... ငါ့မောင်လေးက ဒါမျိုးကျတော့ တော်သွားပြန်ရော။ နောင်ကို လူကြားထဲမှာ မပြောနဲ့ .... ရှော့ ... စား ... လက်ဖက်သုပ်"

"အစ်မကြီးလည်း တကယ်ချောပါတယ် ... အစ်မကြီးရဲ့"

မနှင်းဆီကလည်း အပျိုခေါင်းကို ပင့်တယ်ဗျ။

"တ ... တကယ်"

"တကယ်ချောတာပါ .... အမေကြီးရဲ့"

"ဟီး ... သေပျော်ပြီ။ ငါ သေပျော်ပြီဟေ့။ စားဟဲ့ .. စားကြ"

ဒီမှာ ဘုန်းကြီးကျောင်းသား ကိုပိန်ရှည်က ဝင်ပြောရောဗျ။

"သေလည်း ငှက်ပျောတုံးနဲ့ သွားရမှာပဲ။ လင်ကတော့ မှုးရင်ရှူစရာတောင် ရမှာမဟုတ်ဘူး"

"အမ်မယ် ... ငါ့ကို ... ဟဲ့ ... င ... ပိန်"

"ဗျ ... ဗျ ... ကျောင်းအစ်မ ... ကြီး ... ကြီး ..."

"ရော့ ... စားမ"



www.burmeseclassic.com

www.burmeseclassic.com



"ဂလွမ် ..."

အပျိုခေါင်းဗျာ .. ထင်းခွဲဓားမကြီးကို ကိုပိန်ရှိုးရှေ့ ပစ်ချပါရော။

"ဂေါင်း ...အဲ ...အ ...အပျိုခေါင်း ဒီဓားမက ဘာလုပ်ဖို့လဲဗျ"

"နင့်အတွက် ...နင့်အတွက် ...မိန်းမနဲ့တူရင် ရှုစရာမရှိတဲ့ကောင် သေရင် နှစ်ပါးသွားဖို့ ကြံယူထား"

"ဟေး ..."

"ဒါမှ တို့အပျိုခေါင်းဟေ့"

"ဖြောင်း ...ဖြောင်း ...ဖြောင်း ...ဖြောင်း ..."

"ကဲ ...ကဲ ...ဘုန်းကြီးကျောင်းသား၊ မိမရှိ ဖမရှိ ကျောင်းမှာ တပ်ရပ်စား ဆွမ်းကျန်ဟင်းကျန် သိုးနေလည်း စားတဲ့ ကိုပိန်ရှိုးဘက်က အခွဲထိုက်ဝါခေါင်ရွက် ပြောဆိုခုခံပေးမယ့်လူရှိရင် ပြောပါ၊ ထွက်ပါ"

လသာသာ မြေတလင်းမှာ ရွာအပျိုတွေအုပ်စုဖွဲ့ပြီး ကာလသားတွေနဲ့ ပျော်နေကြတာ။

"ထွက်မည့်သူရှိလား ...တစ် ...နှစ် ...သုံး ..."

"ကဲ ...ဘုန်းကြီးကျောင်းသား ငပိန်ရှိုးဘက်က ခုခံပြောမည့်သူ မရှိပါသောကြောင့် ခုချိန်ကစပြီး ဓားမကြီးပိုက်ပြီး ငိုချင်းချပါမယ်။ ဆိုင်းဝိုင်းက အတောခံပေးပါ ရှင့်"

"တိန် ...ပူနိမ်တိန် ဗျောင် ...ပေါင် ...ဗျောင်"

ကြည့်စမ်း ပါးစပ်ဆိုင်းက ပါလိုက်သေးဗျ။

"ကိုပိန် လွမ်းလေတော်"

"နင့်အမေကလွှားမို့ ငါက လွမ်းရမှာလားလို့"

"တော် ...ပြန်မပြောနိုင်ဘူးလေ။ မှုန်းနေပြီ။ လာ ...မြန်မြန် ငိုချင်းချ ...ရှော့ဓားမ"

"နင်တို့ဟာ နင်တို့နော်"

"တော် ...ဓားမထမ်းပြီး ငိုချင်းမချရင် ပုဆိုးကို ဆွဲချွတ်ပြီး ဖြုတ်ဖြုတ်မြည်အောင် ..."

---





"မ ...မလုပ်ကြပါနဲ့ဟာ။ ငါ ငိုချင်းချပါမယ်။ ကိုင်း ...ရွာစားရေ ချစ်မည့်သူမရှိ၊ ကြိုက်မည့်သူဝေလာဝေး ...ခြေဘ် ...လူပျိုကြီးရှားရှားပါးပါး သနားစရာ ကိုပိန်တာရှိုး ဓားမထမ်း လွမ်းမှာမို့ ...ရွာစားရေ ...အပျိုကြီးမမရယ် ...မမတို့ရယ် (ဟေ့) တစ်ကိုယ်တီး ငွကျတယ် ငွကျလှတယ် ဟဲ့ ...ဟိုကောင်မလေး (ငွကျ)တယ်ဆိုတာ သိလား"

"သေနာကြီး ကဲ ...ကဲ ...ဒါလား ငိုချင်း သေဟ"

ရွာသူအပျိုကြမ်းတွေ ဘုန်းကြီးကျောင်းသား ကိုပိန်ရှိုးကို ဝိုင်းဆွဲလှဲပြီး ထုလိုက်ကြတာ တဝုန်းဝုန်း။

ကျွန်တော့် မခင်နှင်းဆီလေးက သူတို့ကို ကြည့်ပြီးရယ် ...

ပျော်စရာကောင်းလိုက်တဲ့

ရယ်သံမိုးလုံးပြည့် ရွာကလေးရယ်ဗျ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၆၀]

❑

"အဘ ....အဘရေ ..."

"ဘာတုံးဟေ့ ...မောင်မှိုင်း"

"ကျောင်းအောက်မှာ ညည်သည်ရောက်နေတယ်ဗျို့ .. ဆင်းခဲ့ပါဦး ဗျ"

ကျွန်တော်နဲ့ မနှင်းဆီတို့က ညည်သည်ကို ကွပ်ပျစ်ပေါ်မှာ နေရာချပေးထားပြီး ရေနွေးကြမ်းအိုးနဲ့ ညှော်ဝတ်ပြုကြတယ်။

ညည်သည်မိန်းမကို ကျွန်တော်တို့ ဟိုတုန်းက မမြင်ဖူးဘူး။ ချောလိုက် လှလိုက်တာဗျာ။

အသားဝါဝါရွှေ ခါးသေးရင်ချီ တင်ပဆုံမောက်မောက်၊ ပေါင်တံသွယ်လျနဲ့ လှမှလှဗျ။

"အစ်မက ဘယ်ကလဲဟင်"





"အဘပခန်းကျော်နဲ့ တွေ့ချင်လို့ပါရှင်"

အကောင်းစား လက်ပွေ့အိတ်ကြီးလည်း ပါရဲ့ဗျ။ သူမရဲ့ တန်ဖိုးကြီး အဝတ်အစားနဲ့ ကိုယ်ခန္ဓာက ရေမွှေးရနံ့က ကြိုင်သင်းနေတာပဲ။

"ဟော ...ဘယ်သူလဲလို့ သမီးကြီးပါလား"

"ဟုတ်ကဲ့ပါ ...အဖေကြီးရှင့်"

"ဘာကိစ္စရှိလို့ သမီးကြီးက လာခဲ့ရတုံးကွယ့်"

"ဟို ...ဟို ...သူ ...သူတို့ ဒုက္ခတွေရောက်ကုန်ပြီ အဖေကြီးရဲ့ ...ဟီး ...ဟီး ...ကယ်ပါဦး ..အဖေကြီးရယ် ...ဟီး ..."

မိန်းမချောကြီးက ချုံးပွဲချ ငိုပါရောဗျ။

"ဘာတွေဖြစ်လို့တုံး ...သမီးရဲ့ ...ပြောပါဦး။ သူတို့ဆိုတာရော ဘယ်သူတွေတုံး"

"ကျွန်မယောက်ျား ကိုအာဥာဝက"

"ဟင် ...သူ ...ဘာဖြစ်ပြန်ပြီတုံး။ သူ ချမ်းသာတဲ့သူဌေးကြီး ဖြစ်နေပြီမဟုတ်လား သမီးရဲ့"

ဒီမှာ အမျိုးသမီးကြီးက လက်ပွေ့အိတ်ကို ဖွင့်ပြီး ရွှေဒင်္ဂါးတွေနဲ့ ပျူခေတ်သုံး နယားခေါင်းလက်ကောက်နှစ်ကွင်းကို အဘရှေ့မှာ ပုံချတယ်။

အဘ ရွှေဒင်္ဂါးတွေကို ကြည့်ပြီး အံ့သြနေတယ်။

"ဒီပစ္စည်းတွေက ကျွန်မကို ကိုအာဥာဝက,က အပ်ထားတဲ့ ပစ္စည်းတွေပါ။ ဒါတွေကို အဘကိုရော၊ မြို့စားကတော်ကိုရော ပြန်ပေးပါမယ်ရှင်။ ပြန်ယူပါ။ ကျန်တဲ့ ပစ္စည်းတွေကတော့ ကိုအာဥာဝကက သူ့ရောဂါပျောက်ရင် အဘကို အကုန်ပြန်ပေးပါ့မယ်။ ဆရာကြီးကို ခေါ်ပေးပါဆိုလို့ အဘကို စုံစမ်း လိုက်ရှာပြီး လာခေါ်တာပါ ...အဖေကြီးရယ်။ လိုက်ခဲ့ပါ။ ကူညီပါ ...အဖေကြီးရဲ့ ဟီး ..."

ဒီအချိန်မှာ မြို့စားကတော်နဲ့ မနှင်းဆီတို့ အပြင်ကနေ ပြန်ရောက်လာပြီး မိန်းမချောကြီးကိုမြင်ရော မြို့စားကတော် အံ့အားသင့်ရင်းက ...

"နင် ...နင် ...မြွေဟောက်ရဲ့မိန်းမ မိရှုယ်လီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ်ပါတယ် . . . အဘွားရယ် . . . အင့် . . . ဟီး"

"နင် ဒီပစ္စည်းတွေနဲ့ ဒီကိုဘာလာလုပ်တာလဲ ရှယ်လီ။ နင်တို့ ငါ့ဘဝကို အမျိုးမျိုး အနိုင်ကျင့် ရက်စက်ခဲ့ကြပြီးပြီလေ။ အခု ဘာလာလုပ်ကြတာလဲ"

မြို့စားကတော် ဒေါသတွေပေါက်ကွဲပြီး အော်ပါရော။

"မြို့စားကတော် ခဏထိုင်ပါ။ တောကြီးမြွေဟောက်ရဲ့မိန်းမ ရှင်းပြတာကို နားထောင်လိုက်ပါ။ ကိုင်း . . . သမီး ရှယ်လီ . . . အဖေကြီးကို ဖြစ်ပုံပြောပြ"

✿ ✿ ✿

# [၆၁]

❑

တောကြီးမြွေဟောက် (ခေါ်) အာဠာဝကရဲ့မိန်းမ မရှယ်လီက မြို့စားကတော် အဘွားကြီးကို ကန်တော့ပြီးနောက် အောက်ပါအတိုင်း ပြောပြခဲ့တယ်။

"ငါတို့ ခရီးထွက်မယ် ရှယ်လီ။ ငါ ခရီးသွားနေတုန်း ဘယ်သူလာလာ တံခါးဖွင့်မပေးနဲ့"

"ရှင် ဘယ်နှစ်ရက်ကြာမှာတုံး ယောကျ်ား"

"တစ်ရက် . . . လွန်လှ နှစ်ရက်ပါ"

"ကျွန်မ ဟိုအဘွားကြီးကို စောင့်ကြည့်နေရမှာလား"

"မလိုဘူး။ သူ့ကိုပါခေါ်သွားမှာ။ ဟို တိုက်ပုံရင်ကွဲနဲ့ ဆရာကြီးလည်း ရှိ..."

"ဖြစ်ပါ့မလား ယောကျ်ား။ တော်ကြာ အရင်တစ်ခါလို —



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါကွာ။ မြို့စားကတော် အဘွားကြီးကိုယ်တိုင် သူ့တစ်ဝက်ကိုယ်တစ်ဝက် ရရင်ဝေယူဖို့ သဘောတူပြီးပြီ"

"သဘောတူရင်တော့ သွားပေါ့လေ။ ဒါပေမင့် ရှင် ဒီတစ်ခါကိစ္စပြီးရင် မကောင်းတဲ့အလုပ်တွေ ရပ်လိုက်ပါတော့။ ရှင်လည်း ဆယ်သက်စားမကုန်ပါဘူး ယောက်ျား"

"အေးပါ ... ဒီတစ်ချီရရင် ထပ်ဆင့်သူဌေးဖြစ်ပြီး ဒီနယ်မှာ ငါ့သြဇာကြီးပြီပေါ့ မိန်းမရာ ... ဟုတ်လား။ ဒီတစ်ချီလုပ်ပြီးရင် ငါ လူကြီးလူကောင်းပီသအောင်နေပါ့မယ်ကွာ"

သူ ဒီလိုပြောပြကတိပေးပြီး ညနေစောင်းမှာ အဖေကြီးတို့နဲ့ အတူသွားတာပဲလေ။ ကျွန်မသိထားတာက သူနဲ့ အဖေကြီးတို့၊ အဘွားတို့ အဘောတူကြည်ဖြူပြီး ရှေးဟောင်းပစ္စည်းတွေသွားရှာယူ ပြန်လာကြမယ်ပေါ့။

ပြန်လာတော့ သူ ကျွန်မကို အဲဒီ ရွှေဒင်္ဂါးထုပ်ကြီးနဲ့ ဟောဒီ ရွှေလက်ကောက် နှစ်ကွင်းပေးတယ်။

ဒင်္ဂါးတွေက ရတနာပုံခေတ် ရွှေဒေါင်းဒင်္ဂါးတွေ။ ပြားရေ ငါးရာနဲ့ ဆယ့်ငါးပြားပါတယ်။

"ယောက်ျား ..."

"ဘာလဲ ... ပစ္စည်းတွေ သေသေချာချာသိမ်းနော် ရှယ်လီ"

"အဖေကြီးနဲ့ အဘွားကြီးရော မပါဘူးလား"

"သူတို့နှစ်ဦး ပစ္စည်းတစ်ဝက်ယူပြီး နေရစ်ခဲ့တယ်။ ငါ ဒီရက်ပိုင်းမှာ ယိုးဒယားကို သွားမယ်"

"ဘာသွားလုပ်မှာလဲ"

"ယိုးဒယားသူဌေး ခွန်နမ်ချစ်က ရှေးဟောင်းပစ္စည်းကောင်းကောင်းရရင် ဈေးကောင်းပေးမယ်လို့ စာပို့လိုက်တယ်။ ငါ သွားရမယ်"

"ဘာပစ္စည်း ရောင်းမှာတုံး ... ယောက်ျား"

"မင်း တော်တော်လျှာရှည်တဲ့ မိန်းမပဲ။ နေရာတိုင်းမှာတော့ မင်းကို ပြောလို့ မဖြစ်ဘူးလေ။ စီးပွားရေးကိစ္စဆိုတာ အကုန်ပြောလို့ မရဘူးကွ။ အဲဒီရွှေဒင်္ဂါးတွေ လုံလုံခြုံခြုံသိမ်း"





ဒါနဲ့ ကျွန်မလည်း ရွှေဒင်္ဂါးနဲ့ ရွှေလက်ကောက်ကြီးတွေကို သိမ်းလိုက်တယ်။

အခု ... ကျွန်မတို့ သီးသန့်တိုက်မှာ ရောက်နေကြတာ။

မြို့စားကတော်ထားတဲ့ အခန်းကို အကုန်ရှင်းလင်းပြီးပြီ။ အဲဒီမှာ သားချင်းတွေကို ထားတယ်။

ဒီတိုက်အိမ်ကလည်း ခြံဝန်းကျယ်ကြီးထဲမှာ ရှိတာ။

ရှေ့သုံးဖာလုံခန့်သွားရင် ရိုးမပဲရှိတယ်။

ဒီနေရာလေးက သူ အမဲပစ်ထွက်လို့ ကောင်းတဲ့နေရာဆိုပြီး သီးသန့်ဆောက်ထားတဲ့တိုက်ပါ။

ကျွန်မတို့က ညရောက်ရင် အတူမအိပ်ကြဘူး။

သူ့အခန်းနဲ့ သူအိပ် ... ကိုယ့်အခန်းနဲ့ကိုယ်အိပ်။

ဒီလိုနဲ့ ညဥ့်သန်းခေါင်မှာ သူ့အခန်းက အော်သံနဲ့အတူ ဝုန်းဒိုင်းကျဲအသံတွေ ကြားရပါရော။

"ကဲကွာ ... ကိုင်းကွာ ..."

"ဝုန်း ... ဂျိုင်း"

"သေစမ်းကွာ ... တောကြီးမြွေဟောက်ကွ ... ကျား ..."

"ဝုန်း"

"ဂွမ်း ... ချလွမ်"

ဒါနဲ့ ပြေးသွားပြီး တံခါးခေါက်တယ်။ မဖွင့်ဘူး။ အထဲထဲမှာ သတ်ပုတ်နေကြတုန်းပဲ။ ဒါနဲ့ ခြံထောင့်မှာစောင့်တဲ့ သူ့တပည့်ကို လှမ်းခေါ်ပြီး တံခါးကို ထုတယ်။

"ယောက်ျား ... ယောက်ျား ... တံခါးဖွင့်ပါ"

"မောင် ... ဘယ်သူနဲ့ ရန်ဖြစ်နေတာလဲ။ တံခါးဖွင့်ပါ"

"ဒုန်း"

"ဂျိုင်း ... ခွမ်း ..."

"အစ်မ ... ဘယ်လိုလုပ်မလဲ တံခါးကို ကန်ဖွင့်မှရလိမ့်မယ်"

"ဖွင့်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းဟာ ..."

"ဝုန်း ..."

"ဂျိုင်း ..."

တံခါးကို တအားကန်ဖွင့်လိုက်တယ်။ တံခါးဂျက်ပြုတ်ပြီး ပွင့်သွားတယ်။

"ဟင် ..."

"ဟာ ..."

ပစ္စည်းတွေ ကျိုးပဲ့ကွဲပြီး ပွစာကျဲနေတယ်။

သူ့လက်ထဲမှာလည်း ဂျပန်ကာင်ဒို ဓားရှည်ကြီးကို ကိုင်လို့။

ကျွန်မတို့ကို မမြင်ဘူး။

"မင်းလားကွ ငါ့ကိုပြောတာ ... ကဲဟာ ..."

"ရွှမ်း ..."

"ဂလွမ်း ..."

ဘီရိုတွေလည်း ဓားရာတွေနဲ့ ပျက်။ ခုတင်တိုင်တွေလည်း ဓားနဲ့ ခုတ်ထားလို့ အပိုင်းပိုင်းပြတ်။

စောင်တွေ၊ ခေါင်းအုံး၊ ခြင်ထောင်တွေလည်း ပြတ်စုတ်လွင့်။

"ယောက်ျား ... ယောက်ျား ... ယောက်ျား ..."

"ကိုင်းကွာ ... ကိုင်းကွာ ... သေကွာ ... ကဲဟာ ..."

သူ ဖက်ခေါင်းအုံးကို ကင်ဒိုဓားနဲ့ အချက်ပေါင်းများစွာ ခုတ်နေတာ။ အထဲက မှို့တွေ လေထဲပျံ့ဝဲကုန်ပြီ။

"ယောက်ျား ... ကျွန်မလေ ... ရှယ်လီလေ"

"သတ်မယ် ... မင်းကို သတ်မယ်"

သူ ဓားကို ဆန့်ပြီး တိုးလာနေတယ်။

"ဆရာကြီး ... မလုပ်နဲ့။ ဒါ အင်မ့ရှယ်လီပါ ... ရပ်ပါ"

သူ ဓားကိုမြှောက်ပြီး ခုတ်မလို့ရွယ်စဉ်မှာ ကျွန်မ သူ့ကို ပြေးဖက်လိုက်တယ်။ ကျောက်ခဲကလည်း သူ့လက်ထဲကဓားကို ဝင်လုပြီး အပြင်ကို လွှင့်ပစ်လိုက်တယ်။





"မောင် ... ယောက်ျား ... ယောက်ျား ... သတိထားလေ"

"ငါ ... ငါ ... ငါ ... ကြောက်တယ် ... ငါကြောက်တယ် ... အား ..."

သူ ကြောက်တယ်လို့ အော်ဟစ်ရင်း သတိလစ်လဲကျသွားတယ် အဖေကြီးရယ်။ သူ့ကို ကျွန်မ အခန်းရွှေ့ ရေပတ်နဲ့ သန့်စင်ပြီး ခုတင်ပေါ်မှာ အိပ်စေတယ်။

မိုးလင်းတော့ သူနိုးလာတယ်။

ညတုန်းက ဘာမှမဖြစ်တဲ့အတိုင်း။

"ရှယ်လီ ..."

"မောင် ..."

"ငါ ညက မင်းအခန်းမှာ အိပ်တယ်ဟုတ်လား"

"မောင် ဘာမှမသိတော့ဘူးလား ဟင်"

"ဟ ... ငါက ဘာဖြစ်လို့လဲ။ ငါ မင်းအခန်းထဲ ဘယ်လိုလုပ်ရောက်နေရတာတုံးဟ"

ဒါနဲ့ ညတုန်းက ဓားရှည်တစ်ချောင်းနဲ့ အခန်းထဲမှာ သောင်းကျန်းတဲ့အကြောင်း ပြောပြပြီး သူ့အခန်းထဲကို ပြလိုက်တယ်။

ကျွန်မယောက်ျား အရမ်းအံ့သြနေတယ် အဖေကြီး။

"ဒါ ... ဒါတွေ ငါလုပ်ခဲ့တာတွေ ဟုတ်လား ... ရှယ်လီ"

"ဟုတ်တယ် ... ယောက်ျား။ ရှင် ဘာဖြစ်တာလဲ။ မူးပြီးယမ်းထား သောင်းကျန်းတာလားဟင်"

"ဟာ ..."

ကိုအာဥ္ဇာဝကဟာ သူ့အခန်းထဲက ကျိုးပဲ့ပျက်စီးနေတာတွေကို ကြည့်ရင်းက ခုတင်ပေါ်ကို လက်ညှိုးထိုးပြီး အလန့်တကြားအော်ပါရော။

"မြွေ ... မြွေ ... ဟောက်ကြီး ... တော ... ကြီး ... မြွေ .. ဟောက် ... မြွေဟောက်"

"ယောက်ျား ဘယ်မှာ မြွေရှိလို့တုံး။ စောင်ပုံထားတာပါရှင့်"

"မဟုတ်ဘူး ... အား ... အား ... ငါ့ဆီကို တောကြီးမြွေဟောက် လာနေပြီ။ လာနေပြီ ... စောလူး ... စိန်ခြယ် ... ငါ့ကို သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ပေး ... ပေး ... တောကြီးမြွေဟောက် ပါးပျဉ်းထောင်နေပြီ။ ငါ့ ... ငါ့ကို ပေါက်တော့မယ် ပစ် ... ပစ် ... ပစ်''

ကိုအာဠာဝက နံရံကိုကပ်ပြီး အော်နေရာက တွေ့ရာအကျိုးအပဲ့ ပစ္စည်းတွေနဲ့ ခုတင်ပေါ်ကို ပေါက်ပစ်ပါရော။

ခုတင်ပေါ်မှာလည်း သူခြုံတဲ့ စောင်ကျားနဲ့ အိပ်ရာခင်း ဖရိုဖရဲပဲရှိပါတယ် အဖေကြီး။ ဘာမြွေမှ မရှိပါဘူး။ ပထမ သူမွေးထားတဲ့ မြွေကြီးလည်း သူ သတ်လို့သေသွားပါပြီ ... အဖေကြီး။

''မလာနဲ့ ... ငါ့ကိုမခေါ်နဲ့ ... သွား .. သွား ... သွား ...''

ဒီမှာ ငါ့ကိုမခေါ်နဲ့လို့ အော်ပြီး ဖင်ဒရွတ်ဆွဲပြီးရုန်း၊ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး အော်ပြန်ပါရောရှင့်။

''မောင် ... မောင် ဘာတွေမြင်လို့ ကြောက်လန့်အော်နေတာလဲ''

''ဟိုမှာ ... ဟိုမှာ ... ခါးတွေနဲ့ လူတွေ ... သွေးချင်းထုံးတွေနဲ့ လာနေကြတာ။ မလုပ်ပါနဲ့။ ကျုပ်ကို မ ... သတ်ပါနဲ့ဗျာ။ ငါ့နားကို မလာနဲ့နော် ... မလာကြနဲ့နော် ... ငါ့နာမည် တောကြီးမြွေဟောက်ကွ။ သိကြရောပေါ့ဟေ့ ... ကဲဟာ ... ကဲဟာ ... ကိုင်းဟာ''

သူ ပထမ ကြောက်လန့်နေတာရှင့်။

ကြောက်ရာကနေ ကွေးကောက်နေတဲ့ ကင်ဒိုဓားကို လှမ်းကောက်ပြီး ဓားနဲ့ လိုက်ခုတ်နေတာ။

''သေကွာ ...''

''ကျား ...''

''တောကြီးမြွေဟောက်တဲ့ကွ''

''ကဲ ... ဟာ ...''

သူ့အခန်းထဲမှာ လိုက်ခုတ်နေတာ။ တစ်ခါတစ်ခါ သူ လဲကျသွားတယ်။ လဲရင်းက ပြန်ထပြီး ခုတ်တယ်။ ဓားနဲ့ တွန်းတယ်။ ဓားဦးနဲ့ထိုးတယ်၊ ဓားနဲ့ခံတယ်၊ ပက်တယ်၊ တွက်တယ်။

စစ်မြေပြင်မှာ ရန်သူနဲ့တွေ့ပြီး နှင်လားငါလား ခုတ်ထစ်နေတဲ့ပုံမျိုး။





''ထန်''

ဒီမှာ သူ့လက်ထဲကဓား သူ့လက်ထဲကနေ လွင့်ထွက်သွားရဲ့။ လွင့်ပုံက အားကောင်းကောင်း ရိုက်ချက်ခုတ်ချက်ကြောင့် ဆုပ်ထားတဲ့ ဓားလွင့်သွားပုံမျိုး။

သူ ဓားကို ပြေးကောက်တယ်။

''ဖောင်း''

''အား ... သေပါပြီဗျ''

ကျွန်မ ... ကျွန်မယောက်ျားရဲ့ မျက်နှာကို ကန်ထည့်လိုက်တဲ့ အသံကြီး ကြားရတယ်။ ကိုအာဠာဝက ပါးစပ်က သွေးတွေ စီးကျပြီး ပက်လက်ကနေ ကုန်းထနေတယ်။

ဘယ်သူကန်လိုက်မှန်းမသိ၊ မြင်လည်းမမြင်ရ။ ကျွန်မ ယောက်ျားလုပ်သူကို ဆွဲထူဖို့ပြေးသွားရော ...။

''မလာနဲ့ ရှယ်လီ ... ဖယ်နေ''

''မောင် ...''

''မင်းကို ထိသွားမယ်။ သူတို့မှာ ဓားတွေ၊ လှံတွေနဲ့''

''မောင် ... ဘာတွေပြောနေတာလဲ။ အခန်းထဲမှာ ဘယ်သူမှ မရှိဘူး။ ထ .... မြန်မြန်ထပါ''

''ဗုန်း ...''

''အင့် ...''

''အား ... သေပါပြီဗျ''

ဆရာကြီးရယ် ... ကျွန်မ သူ့ကို ထူမလို့လုပ်တုန်းမှာ သူ့ကျောကုန်းကို ဖနောင့်နဲ့ ပေါက်တာလို၊ တင်းပုတ်နဲ့ ထုတာလိုမျိုး အသံကြားရပြီး သူ ကျောကော့လန်ကျ လူးလွန့်အော်ဟစ်နေတယ်။ ပါးစပ်ထဲကလည်း သွေးတွေ တပွက်ပွက်ကျလို့။

''စိန်ခြယ်၊ ကျောက်ခဲ၊ ကျားကြီး၊ ကျားလေး ... လာကြပါဦး''

စိန်ခြယ်နဲ့ ကျောက်ခဲ အပြေးတက်လာကြတယ်။ သူတို့ဆရာကြီး ပါးစပ်က သွေးတွေကျ၊ နာကျင်လူးလိမ့်နေတာကို မြင်ရတော့ စိုးရိမ်သွားပြီး ပြေးအထူ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း"

"အား ..."

"ဖြောင်း"

"အမယ်လေး ... ကျိုးပါပြီဗျ ... အား ... အ ... အ"

စိန်ခြယ်နဲ့ ကျောက်ခဲကို ဘယ်သူရိုက်မှန်း မမြင်ရဘဲ နှစ်ဦးစလုံး လဲကျသွားတယ်။

စိန်ခြယ်က နားအုံကို လက်နဲ့အုပ်။

ကျောက်ခဲက ညာခြေကျိုးသွားသလိုဖြစ်ပြီး အခန်းထဲမှာ လူးလိမ့် အော်ဟစ်ကြပြန်တော့ ...

ကျွန်မ ဘာလုပ်ရမှန်းမသိ။

အားကိုးရမည့်သူနှစ်ဦးလည်း အခြေအနေမကောင်း။

"မပေးဘူး ... မပေးဘူး ... ဒါ ငါ့ပစ္စည်းတွေကွ"

"သွားနော် ... ဒါ ... ဒါ ... ဒါ ... ငါအမွေရထားတာ။ မင်းတို့ ဓားပြ လာမတိုက်နဲ့။ မပေးဘူး"

"မောင် ..."

"ရှယ်လီ သူတို့ ငါ့ရတနာတွေကို လာလုနေပြီ။ ငါ့ကို သေနတ် ပေးပါ။ သွား ... သွား ... ဒါ ငါ့ပစ္စည်း"

"ရှမ်း ..."

"အား ..."

"ရှမ်း ..."

"သေပါပြီဗျ ... မပေးဘူး ... မပေးဘူး။ အား ... မလေးဗျ။ ရှယ် ... လီ ... ငါ့ကို ကယ်ပါ"

ကျွန်မ ကြိမ်ရိုက်သံလိုလို ကြာပွတ်ရိုက်သံလိုလိုတွေ ကြားနေရ သလို အဲဒီရိုက်ချက်တွေက ကျွန်မယောက်ျား ကိုအာဠာဝကရဲ့ ကျောကုန်း ပေါ်၊ ရင်ဘတ်ပေါ်၊ လက်မောင်းပေါ်၊ လည်ကုပ်ပေါ်၊ တင်ပါးပေါ်မှာ ကျ ရောက်ပြီး ကိုအာဠာဝက လူးလိမ့်အော်ဟစ်နေပုံဟာ တကယ့်ကို ကြောက် လည်း ကြောက်စရာ၊ သနားလည်း သနားစရာပါ။





"တောက် ..."

အလို ... ကျယ်လောင်တဲ့ တောက်ခတ်သံရှင့်။

ဘယ်သူ တောက်ခတ်တာလဲ။

"ရှင် ... ရှင်တို့ ဘယ်သူတွေလဲ။ ရှင်တို့ ဘယ်ကလဲ။ ကျွန်မ ယောက်ျားကို ဘာလို့ နှိပ်စက်နေကြတာလဲ။ ရှင်တို့ အခုချက်ချင်း အခန်း ထဲက ထွက်သွားကြ။ ထွက် ... သွား ... ကြ"

ကျွန်မ မခံစားနိုင်လို့ အသံကုန်ဟစ်အော် နှင်နေချိန်မှာပဲ ...

"ဖောင်း"

"အား ..."

ကျွန်မပါးပေါ်ကို ပြင်းထန်ကြမ်းတမ်းတဲ့ လက်ဝါးကြီးကျရောက် ပြီး မျက်လုံးထဲမှာ မီးတွေပွင့်ပြီး လည်ထွက်သွားပါရော အဖေကြီးရယ်။

သည့်နောက် ခြေသံတွေ ကြမ်းကြမ်း နင်းထွက်သွားတာမျိုး ကြား ရပြီး ကျွန်မလည်း ကြောက်လို့ သတိလစ်သွားခဲ့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၆၂]

❑

"မောင်"

"ဟင် ... ဟင် ..."

သူ့တစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်တွေ အများကြီးပဲ။ ဖူးယောင် ပေါက်ပြဲ ကွဲလို့။

"ကျွန်မ ကြောက်နေပြီ မောင်။ မောင့်ကို ဘယ်သူတွေ လာ စော်ကားကြတာလဲ။ မောင် ဘာတွေလုပ်ခဲ့လို့လဲ။ လူလုံးလူထည်မမြင်ရတဲ့ ကျွန်မတို့အားလုံး ခံနေရတယ်။ ဒါ ..ဒါ ... တစ္ဆေဖြစ်ရင်ဖြစ်၊ တစ္ဆေ မဟုတ်ရင်တော့ ပယောဂနဲ့ တိုက်တာနေမှာ။ မောင် ဘာတွေမဟုတ်တာ လုပ်ခဲ့လဲ"

"ဟင့်အင်း ..."

"မောင် သူတို့ကို မြင်ရလား"





"အင်း ... အင်း ..."

"သူတို့ ဘယ်သူတွေလဲ ... ဟင် ... ဟင်"

"ငါ မပေးဘူး ... ဘယ်တော့မှ မပေးဘူး"

"ဘာကို မပေးတာလဲ"

သူ အရက်ကို ပုလင်းလိုက်မော့သောက်ပြီး အိပ်ပျော်သွားခဲ့တယ်။ ကျွန်မ ဘာလုပ်ရမှာလဲ။ မွေဒဂါးတွေကို လာတောင်းတာလား။ မြို့စားရဲ့ ခေါင်းတလားထဲက ယူလာတဲ့ မွေဒဂါးတွေကို လာပြန်တောင်းကြတာလား။ မကျေနပ်လို့ လာတောင်း နှိပ်စက်ကြတာလား။

ခက်တာက ညဘက်ရောက်လာရင် မမြင်ရတဲ့သူတွေ ရောက်လာ ပြီး ကိုအာဠာဝကနဲ့ ဝုန်းဒိုင်းကျဲ ဖြစ်ကြပါရော။

အခန်းထဲက အဖိုးတန်ပစ္စည်းတွေ ကြေမွကုန်ပြီ။

မနေ့ညတုန်းက ကိုအာဠာဝက ကျွန်မနဲ့ အတူအိပ်နေရင်းက သေနတ်နဲ့ပစ်တာ။

အခန်းထဲမှာ သေနတ်မြည်ဟိန်း ပေါက်ကွဲသံတွေဟာ ... နားအူ တတ်ဘဲ။ ဒါပေမဲ့ ခြောက်လုံးပြူးသေနတ်မှာ ကျည်ဆန်ကုန်ရော သူ လည်ပင်းအညှစ်ခံရပြီး အသံအစ်နေပြီ။

ကျွန်မက သူ့ကို လှုပ်ခေါ်။

ဒီမှာ ကျွန်မကျောကုန်းကို ရိုက်ထည့်လိုက်တာ။

"ဖောင်း ..."

"အားမလေး ..."

"ဝုန်း ... ဝေါ ... ဝရော ..."

"မောင် ... မောင် ..."

ကိုအာဠာဝကကို ခြေနှစ်ချောင်းကနေ ဆွဲချသွားတာ သူက အော် ဟစ်ရုန်း မရဘူး။ သံမံတလင်းမှာ ဒရွတ်တိုက်ပါသွားပြီး နောက်ဆုံး အပေါ် လှေကားကနေ သူ လိမ့်ကျသွားခဲ့တယ်။

နောက်ဆုံး ကျွန်မယောက်ျား ပြောတဲ့စကားက မပေးဘူးဆိုတဲ့ စကားပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြို့စားကတော်ကို ပစ္စည်းတစ်ဝက်မပေးဘဲ သူ အကုန်ယူလာတဲ့ အကြောင်း သူ့တပည့်တွေက ပြောကြရော။

အခု သူ့ကို ကျွန်မ ချော့မေးကြည့်တော့ ...

"မောင် ... မြို့စားကတော်ကို တစ်ဝက်မပေးဘဲ အကုန်ယူလာ တယ်ဆို"

"အင်း ... အင်း ... ဟုတ်တယ်"

"မောင် ဘာလို့ အဲဒီလို သစ္စာမဲ့ရတာလဲဟင်။ ခု လာလာ တောင်းနေတာ မောင့်ကိုရော ကျွန်မတို့ကိုရော အင်းတိုက်လိုလို၊ နတ် တိုက်လိုလို၊ ဆရာတိုက်လိုလို လူမမြင်ရဘဲ နှိပ်စက်ခံနေရတာ။ အဲဒီ သစ္စာ မဲ့ ကတိဖျက်မှုကြောင့်ပဲဖြစ်မှာ။ မောင် အခု ဘယ်လိုလုပ်မလဲ"

"ငါ ... ငါ ... စဉ်းစားပါ့မယ်"

"ဘယ်လိုစဉ်းစား လုပ်မှာလဲပြော။ ကျွန်မကြောက်လို့"

"ငါ ... ငါ ... စဉ်းစားပါ့မယ်"

သူ အရက်မော့သောက်ပြီး ဒီစကားပဲ ပြောနေတယ်။ နေ့ခင်းက ဖြစ်ပုံကိုကြည့်ပါ။ အဖေကြီးရယ် ... သူ အိမ်ရှေ့က ရေတွင်းထဲ ခုန်ချ သတ်သေတယ်။ ဝုန်းခနဲအသံကြားလို့ တပည့်တွေ ဝိုင်းဆယ်လို့ အသက် မသေရတာ။

ညက အဖြစ်ကတော့ အဆိုးဆုံးတစ်ခုပါပဲရှင်။

သူ သစ်ပင်မှာ ကြိုးဆွဲချသေဖို့ လုပ်တာ။ လူမြင် မြန်လို့ပေါ့။ နို့မို့ သေပြီ။

ဒါနဲ့ သူ့ကို ကြိုးတုပ်ထားရတဲ့ အဖြစ်ရောက်ရော။ ဆေးရုံပို့မယ် ဆိုတော့ မပို့နဲ့ ငါ ပျောက်မှာပါတဲ့။

"ရှင် သတိမှန်ရဲ့လား ... ယောက်ျား"

"မှန်ပါတယ်"

"ရှင် ဖြစ်ပျက်နေတာတွေ ရှင်သိရဲ့လား"

"အင်း ... အင်း ... သိတယ်။ ငါ့ကို ကြိုးဖြည်ပေးပါ။ ငါစား ချင်တယ်"





"ရှင် ဘာစားချင်လဲ ပြော"

"တောကြီးမြွေဟောက်သား စားချင်တယ်"

"အို ... မဖြစ်နိုင်တာ။ ရှင် ဆေးရုံကို သွားရမယ်"

"ငါ တောကြီးမြွေဟောက် အသားစားရရင် ရောဂါပျောက်ပြီ"

"ရှင် ... ရူးသွားပြီလား ... အာဥာဝက"

"မရူးဘူး ... ငါ့ကို ကြိုးဖြည်ပေး"

"ရှင် ရေတွင်းထဲ ခုန်မချရဘူးနော်"

"အင်း"

ကြိုးဖြည်ပေးလိုက်တယ်။ သူ အကောင်းပဲ။ အင်္ကျီပုဆိုး အသစ် လဲပေးလိုက်တယ်။ အရက်နဲ့ အမြည်းချဆိုလို့ အိမ်ဖော်က အကုန်လုပ် ပေးတယ်။

"မောင်"

"ဘာတုံး"

"အရမ်းထူးဆန်းတာတွေ ဖြစ်နေတယ် မောင်"

"အင်း"

"မောင် ကျွန်မ ရွှေဒင်္ဂါးတွေ ပြန်ပေးလိုက်တော့မယ်။ ကျွန်မ ကြောက်တယ်။ ကြာရင် မောင့်လိုပဲ သတ်သေမိမယ်။ ကျွန်မ သွားပေး လိုက်မယ်"

"ဘယ်သူ့ကို ပေးမှာလဲ"

"အဘကိုရှာပြီး မြို့စားကတော်လက်ထဲ ထည့်ရမှာပေါ့။ အခု ရှင် နေ့ရောညပါ နှိပ်စက်ချောက်ချား ဖြစ်နေတာ ဘယ်သူတွေ ဘာလုပ် တာလဲ ရှင်သိတယ် မဟုတ်လား"

"အင်း ..."

"ပြန်ပေးလိုက်ပါ။ ကျွန်မတို့ ကောင်းကောင်းမွန်မွန် နေကြရ အောင်နော် ... မောင်"

"အင်း ... အင်း ..."

"ကျွန်မ သွားပေးလိုက်မယ်။ ကျွန်မ မသန့်တဲ့ပစ္စည်းတွေ မလို ချင်တော့ဘူး။ ရှင် ပစ္စည်းတွေ ဘယ်နားမှာ ဝှက်ထားတုံး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း ..."

ဒါနဲ့ ကျွန်မ မြို့စားပိုင်တဲ့ ရွှေဒင်္ဂါးတွေကို အိတ်ထဲ ထည့်နေတုန်း ...

"အစ်မရေ ... မြန်မြန်လာပါဦး"

အိမ်ဖော်ရဲ့ အလန့်တကြား အော်သံကြောင့် အခန်းထဲက ပြေးထွက်ကြည့်ရော ကိုအာဠာဝကရဲ့ မျက်နှာလက်နှစ်ဖက်နဲ့ ကြယ်သီးဖြုတ်ထားတဲ့ ဝမ်းဗိုက်ပေါ်မှာ သွေးသံရဲရဲ၊ အရက်ပုလင်းကွဲက လည်ပင်း၊ ဝမ်းဗိုက်မှာ စိုက်လို့။

ဖြစ်တာက သူ အရက်သောက်နေရင်း အရက်ပုလင်းကို ရိုက်ခွဲပြီး တစ်ကိုယ်လုံးကို ပုလင်း လည်ပင်းချွန်နဲ့ ထိုးပစ်တာ။ စုတ်ပြတ်သတ်သွေးချင်းချင်းရဲနေလို့။

ဆေးရုံကို ခေါ်သွားရတယ်။

သူ့ကို ဆရာဝန်ကြီးက ဂရုစိုက်ပါတယ်ရှင်။ သူက မြို့မျက်နှာဖုံးဖြစ်လို့ပေါ့။ ဆေးရုံမှာ တစ်ရက်ကြာခဲ့တယ်။ ဆရာဝန်က ပြောတယ်။ သူညတုန်းက ယောင်ပြီး အော်နေတယ်။ ပြန်ပေးပါ့မယ် ... ကျုပ်ကို မနှိပ်စက်ကြပါနဲ့တဲ့။ ဘာဖြစ်ခဲ့လို့တုံးတဲ့။

ကျွန်မက ဆရာဝန်ကို ကြည့်ကောင်းအောင် ပြောခဲ့တယ်။

ဒါနဲ့ ဆေးရုံက ပြန်ဆင်းလာတယ်။ သက်သာတယ်။ နေလို့ရတယ်တဲ့။

"မောင်"

"ရှယ်လီ"

"နေကောင်းရဲ့လား"

"ကောင်းသွားပါပြီ ... ရှယ်လီ။ မောင် ရှယ်လီ့ကို တောင်းပန်ပါတယ်နော်"

"မောင် ဆေးရုံမှာ ယောင်တယ်တဲ့"

"ဟုတ်လား ... ဘယ်လိုယောင်ခဲ့လို့တုံး"

"ပစ္စည်းတွေ ပြန်ပေးပါ့မယ်။ ကျုပ်ကို မနှိပ်စက်ကြပါနဲ့တဲ့။ အဲဒါ ယောင်တာလား တကယ်လား"





သူ စဉ်းစားနေတယ်။

"တကယ်ပြောလိုက်တာပါ"

"ဟုတ်လား ... ပြန်ပေးလိုက်တာ အကောင်းဆုံးပဲမောင်။ ဒီပစ္စည်းတွေကြောင့် ကျွန်မတို့အားလုံး ကျိန်စာသင့်နေတာ။ မြန်မြန်သာပေးလိုက်။ မောင် ဘယ်နေ့ ပေးမှာလဲ"

"နောက်နှစ်ရက်နေရင် ပြန်ပေးမယ်"

"အဖေကြီး ပခန်းကျော်ကိုလား"

"အဘွားကြီးကိုရော အတူတူပေါ့"

"ဝမ်းသာလိုက်တာ ... မောင်။ မောင် စိတ်ချမ်းချမ်းသာသာပဲနေ။ ကျွန်မတို့မှာ ဆယ်သက်စားမကုန်တဲ့ ပစ္စည်းတွေ ရှိပါတယ် မောင်ရယ်။ မောင် ဘာစားချင်လဲ"

"ငါ ... မြွေသား ..."

"ဟာ ... မဟုတ်တာ မောင်ကလည်း"

"ရအောင် ရှာချက်ပေးပါ"

"မောင် ... မြွေသားစားလို့ မရဘူးလေ"

"စားချင်တယ် ... ရအောင် ရှာချက်ပေး"

သူ မြွေသားစားလို့ မရဘူး။ သူ့မှာ မွေးရာပါ နဂါးနိုင်မြွေရုပ်လက်ဝါးနှစ်ဖက်မှာ ပါတယ် အဖေကြီး အခု သူ စည်းပေါက်နေတယ်။ ပထမတစ်ကြိမ်က စည်းပေါက်လို့ သူမွေးထားတဲ့ တောကြီးမြွေဟောက်ကိုက်လို့ အဖေကြီး ကုပေးရတယ်။ မတတ်နိုင်ဘူးလေ။ တောထဲမှာ တောကြီးမြွေဟောက်ကို ရှာဖမ်းခိုင်းရမယ်။

ကျွန်မ ကြားဖူးသလောက်တော့ ...

တောကြီးမြွေဟောက်ရှိတဲ့ နေရာဝန်းကျင် မိုးမရွာဘူးတဲ့။ အခုမိုးဦးကျမို့ မြွေဖမ်းသမားတွေကို ချော့ပြီး ရှာခိုင်းတာ။ တောကြီးမြွေဟောက် အထီးကြီးတစ်ကောင်ရတယ်။

သူ မြွေဟောက်သေကြီးကို ကြည့်ပြီး အရမ်းဝမ်းသာနေတယ်။ ပြီး ... ဓားနဲ့မြွေကို အပိုင်းပိုင်း ခုတ်ပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



''ရော့ ... ဒါကို ချက်''

''ကျန်တာတွေ ဘာလုပ်ပစ်ရမလဲ''

''ငါ့တပည့်တွေ စားချင်စားပစေ ပေးလိုက်''

တပည့်တွေ လုံးဝ မစားကြပါဘူး ... အဖေကြီး။ တစ်ခါက ဒီ တောကြီး မြွေဟောက်သားကို ချက်စားလို့ သူ့တပည့်နှစ်ဦး မြွေဆိုးကိုက်လို့ သေခဲ့ရပြီးပြီကိုး။

ဒီလိုနဲ့ သူကတိပြုတဲ့နှစ်ရက်စေ့သွားတယ်။

သူ ပစ္စည်းတွေ ကျွန်မကို ထုတ်မပေးဘူး။

''မောင် နှစ်ရက်စေ့ပြီလေ''

''စေ့တော့ ဘာဖြစ်တုံးကွ''

''ဟိုလေ ... သုံးရက်စေ့ရင် မြို့စားခေါင်းထဲက ပစ္စည်းတွေပြန်ပေးမယ်လို့ မောင် ကတိပြုခဲ့တယ်ဆို''

''အိပ်မက်ပါကွာ ... အရေးမပါပါဘူး ခေါက် ...''

''မောင် ... ဒါ ... ဒါ ..''

''တော်တော့ကွာ ... ဒီအကြောင်း မပြောနဲ့တော့''

သူက အိပ်မက်ပါတဲ့။ အရေးမပါဘူးတဲ့။ ညလည်း ရောက်ရော ...

''မြွေတွေ ... တောကြီးမြွေဟောက်တွေ လာကြပါဦး .. အား''

''ဆာဒူး ... ဆာဒူး ... ခင်ဗျား ကျုပ်ကို ဒီလိုမလုပ်နဲ့။ ခင်ဗျား ထွက်သွား ... မြွေတွေ ... မြွေတွေ ... ကိုင်းဟာ''

''ဝုန်း ... ကျိုင်း ...''

''ခွမ်း ... ဂလွမ်း ...''

''ဝွမ်း ... ဝရော''

ကျွန်မ တံခါးကို တွန်းကြည့်တော့ သူ ဖန်ခွက်၊ ရေပုလင်း၊ စားပွဲတင်နာရီ ပန်းအိုးတွေနဲ့ ကောက်ပစ်ပြီး ခုတင်ပေါ် ခုန်တက်မောင်းနှင်၊ အော်ဟစ်နေတာ။

''ရှယ် ... လီ''

''မောင် .. ကျွန်မက ဒီမှာ''





''မြွေ ... မြွေဆိုးတွေ ငါ့ကို ဝိုင်းနေတယ်''

''မောင် .. ဘာမြွေဆိုးမှ မရှိဘူး။ ရပ်ပါ''

''ဆာဒူး ... မင်း ... မြွေတွေ ပြန်ခေါ် ... ပြန်ခေါ်''

ဒီမှာ သူ ခုတင်ပေါ်က ခုန်ချပြီး အခန်းထဲမှာ ပတ်ပြေးတာ။ မြွေတွေ ငါ့ကို လိုက်ပေါက်နေတယ်ဆိုပြီး ပြေးတာ။ နောက်ဆုံး သူ အဝတ် အစားတွေ ချွတ်ပြီး ပစ်ပေါက်တယ်။

အိမ်ပေါ်က ဆင်းပြေးတယ်။

''မောင် ... မောင်''

သူ တံခါးတွေကိုထု။ မှန်ကပ်ပြတင်းပေါက်တွေကို ရိုက်ခွဲပြီး အပြင်ကိုထွက်တယ်။ တပည့်တွေ အိမ်ဖော်တွေ ဝိုင်းဆွဲတာကို ခုန်ပြီး ကိုယ်တုံးလုံးနဲ့ ခြံတံခါးကိုကျော်ခုန်ချပြီး လမ်းပေါ်ကို ထွက်ပြေးပါရော။

နောက်ကနေ ကားနဲ့လိုက်ဖမ်းမှ မိတော့တယ်။

အခု ... သူ့ကို ကြိုးတုပ်ထားရတယ် ... ဆရာကြီး။

''ဆရာကြီး ... ကိုခေါ်ပေး''

''ဆ ... ဆရာ ... ကြီး ... ကျုပ်ကို ကယ်ပါဗျာ''

''ဆရာကြီး ... ကျုပ်ကို ကယ်ပါဗျ ... ဟီး ... ဟီး .. ဟီး''

''ဆရာကြီးကို ခေါ်ပေးကြပါ။ ဆရာကြီး ... ဆရာကြီး ... မြန်မြန်လာပါဗျ။ ကျုပ် ပြန်ပေးပါ့မယ်ဗျာ။ ကျုပ်ကိုကယ်ပါ ဆရာကြီး။ ကျုပ် ဒီတစ်ခါ ကတိမပျက်တော့ပါဘူးဗျာ ... ဟီး ...''

သူ့ကို အဝတ်ဝတ်ပေးလို့ မရဘူး။

ကိုယ်တုံးလုံး တိုင်မှာ ကြိုးနဲ့ တုပ်ချည်ထားပြီး လူစောင့်နဲ့ ထားခဲ့ ရပါတယ်။

''ဟောဒါ ရတနာပုံဒင်္ဂါး ပန္နနယားပုံလက်ကောက်နဲ့ မြလက်စွပ်တွေပါ။ ကျွန်မ အဖေကြီးကိုရော အဘွားကိုရော ပြန်ပေးပါတယ်။ ကျန်တဲ့ ပစ္စည်းတွေကို ကိုအာဠာဝကက ပြန်ပေးမယ်လို့ ပြောနေပါတယ်။ အဖေကြီး ကျေးဇူးပြုပြီး ကုပေးပါ အဖေကြီးရယ်။ သူ နောင်တတွေ ရနေပြီ။ သူ့ကို ကယ်ပါ ... အဖေကြီးရယ်''



www.burmeseclassic.com

www.burmeseclassic.com



တောကြီးမြွေဟောက်ရဲ့ဖနီး မရှယ်လီက ပစ္စည်းတွေပုံချပြီး ငိုယို တောင်းပန်တယ်။ အင်း ... လူဆိုးလူမိုက် လင်သားကို အတော်ချစ်ရှာ တာကိုး။

''သမီး''

''ရှင် ... ရှင် ...''

''ညည်းယောက်ျား တောကြီးမြွေဟောက်က ကတိသစ္စာမတည် ဘူး''

''ဟုတ်ပါတယ် အဘ။ အခု သူ အရမ်းခံစားနေရတယ်။ ကျိန် စာသင့်နေတယ်။ ကျွန်မ တာဝန်ယူပြီး သူဝှက်ထားတဲ့ ပစ္စည်းတွေကို ရှာယူပေးပါ့မယ်။ ကျွန်မကို ယုံပါအဖေကြီး။ ကျွန်မ ကတိမပျက်ပါဘူး''

ဒီမှာ ဒေါ်ရှင်မင်းယာစိုက ...

''တူမ''

''ရှင် ... အဘွား''

''အဘွား ... မလိုချင်တော့ဘူး''

''မဟုတ်ဘူး ... အဘွား။ ဒီပစ္စည်းတွေ အဘွားတို့နဲ့ပဲ ဆိုင် တယ်။ အခု ကျွန်မတို့အားလုံး ကျိန်စာဆိုးတွေ သင့်ပြီး အိပ်မရ၊ စားမရ နေမရဖြစ်နေလို့ ကယ်ပေးပါ။ ကူညီပါ။ အဖေကြီးရယ်။ သမီး ရှိခိုးကန်တော့ တောင်းပန်ပါတယ်''

အားလုံးက အဖေကြီးကို မသွားပါနဲ့လို့ ဝိုင်းပြောကြတယ်။ ဘာ လို့လဲဆိုတော့ ဥမင်ဝမှာ ပစ္စည်းတွေမြင်ရော တစ်ပြားတစ်ချပ်မှ မပေးဘဲ အဘနဲ့ မြို့စားကတော်ကို သတ်ဖို့ အမိန့်ပေးခဲ့တာ တောကြီးမြွေဟောက် ခေါ် အာဠာဝကလေ။

ခံရပလေ့စေ ... သူ့ထိုက်နဲ့ သူ့ကံတဲ့။

သို့သော် အဘက ဆုံးဖြတ်ချက် ချလိုက်တယ်။

''သမီး''

''ရှင် ... အဖေကြီး''

စိတ်ကူးသစ်စာပေ



''ညည်းကို ငါ သနားတယ်။ ညည်းက စိတ်ရင်းမှန်တယ်။ စိတ် ကောင်းရှိတယ်။ လင်ပေါင်းမှားနေတာ။ ညည်းဗိုက်ထဲမှာ သန္ဓေသား လွယ် ထားမဟုတ်လား''

''ရှင် ...''

''ဟုတ်ရဲ့လား''

''ဟုတ် ... ဟုတ်ပါတယ် ... အဖေကြီးရယ် သမီးမှာ ...''

''မြို့စားသံယောဇဉ်ရဲ့ ကျိန်စာသစ္စာက မင်းတို့မိသားစုအားလုံး အပေါ်မှာ ကျရောက်နေပြီ''

''အ ... အဖေကြီး ...''

''ငါ လိုက်ခဲ့မယ်''

''အို ... ဝမ်းသာလိုက်တာ ... အဖေကြီးရယ်။ ကျွန်မ ဝမ်းသာ လိုက်တာရှင်''

''ငါ့ကို ကတိပေး''

''ပေးပါ့မယ် ... အဖေကြီး''

''မြို့စားသံယောဇဉ်ရဲ့ ပစ္စည်းတွေ အကုန်ပြန်ပေးပါ''

''ရရပါစေ့မယ် ... အဖေကြီး။ သမီး တာဝန်ယူပါတယ်။ သမီး အသက်နဲ့ရင်းပြီး ရအောင် လုပ်ပေးပါ့မယ်''

''ကိုရာကျော်''

မြို့စားကတော် အဘွားကြီးက အဘကို ခေါ်လိုက်တယ်။

''အမိန့်ရှိပါဗျာ''

''နင် မသွားပါနဲ့''

''မသွားလို့ မဖြစ်ဘူး ... မြို့စားကတော်။ မြို့စားရဲ့ ကျိန်စာက သူတို့တင်မဟုတ်ဘူး။ ဟောဟို ဝမ်းဗိုက်ထဲက အပြစ်မဲ့ ရင်သွေးကိုရော မိခင်ကိုပါ ထိတော့မှာ ကျုပ်သိတယ်။ ဟော့ကောင် ... မောင်မှိုင်း''

''ဗျာ ... အဘ''

''မင်း လိုက်ခဲ့''

''ဗျာ ...''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဘက ကျွန်တော့်ကို လိုက်ခဲ့တဲ့။ ဒီမှာ ဦးကြီးဝေသာလီက ပြောနေရာ . . .

''ကျွန်တော်ပါ လိုက်မယ်''

''အဖေကြီး . . . သမီးလည်း လိုက်ခဲ့မယ်။ အဖေကြီးတို့ကို စိတ်မချဘူး။

မနှင်းဆီကလည်း စိတ်မချလို့ လိုက်မယ်တဲ့။

''သမီးနဲ့ ဝေသာလီ . . . ငါ့အတွက် မပူနဲ့။ မင်းတို့ ဒေါ်ရှင်မင်းယာစိုကိုသာ စောင့်ရှောက်ကြ။ ဒီရွှေဒင်္ဂါးတွေ မြို့စားကတော် ယူထားပါ။ မြို့စားတို့အတွက် လုပ်ပေးစရာအကြွေးတွေ ကျွန်တော်တို့အပေါ်မှာ တင်နေတယ်။ ကိုင်း . . . သွားကြစို့''

အဘက လွယ်အိတ်ကြီးကောက်လွယ်ပြီး ထလိုက်တယ်။ မရှယ်လီလည်း မျက်ရည်တွေသုတ်ပြီး ထလိုက်တယ်။

မနှင်းဆီက အဘနားကိုကပ်ပြီး တိုးတိုးပြောတာ ကျွန်တော် ကြားလိုက်တယ်ဗျ။

''အဘ . . . တောကြီးမြွေဟောက်ကို လုံးဝမယုံနဲ့''

✿ ✿ ✿

# [၆၃]

❏

ဟုတ်တာပဲဗျာ။

ကျွန်တော်တို့ ဆရာတပည့် ရိုးမတောင်ခြေက လုပတဲ့ သီးသန့်ခြံဝန်းတိုက်အိမ်ကို ရောက်ခဲ့ကြတယ်။

အခန်းတစ်ခုထဲမှာ တောကြီးမြွေဟောက်(ခေါ်) ဦးအာဠာဝကကို ထည့်ပြီး ကြိုးနဲ့ တုပ်ထားရတယ်။

အခန်းက သံတိုင်တွေ စိပ်စိပ်စိုက်ထားတဲ့ အခန်း။

အဘက ပြောတယ်ဗျ။

''ဒီကောင် ဝင်္ကလည်ပြီ . . . မောင်မှိုင်း။ သူ မြို့စားကတော်ကို ဒီလို သံတိုင်စိုက်ထားတဲ့ အခန်းထဲမှာ အကျဉ်းချပြီး ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် ညှဉ်းပန်းခဲ့တာလေ။ အိမ်ဖော်တွေ ပြောချက်အရ ဒီအခန်းက အာဠာဝက အမဲလိုက်လို့ရလာတဲ့ သားကောင်အရှင်တွေ လှောင်တဲ့အခန်းတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲက မရှယ်လီကို အစီရင်ခံတယ်။

"ဒီအထဲကို မထည့်လို့မရတော့ဘူး ... အစ်မ။ သူက ကြိုးချည်လျှက်နဲ့ ရုန်းပြီး ပြုတ်ပြီး ထွက်ပြေးတာ။ ကျွန်တော်တို့ လိုက်ဖမ်းတော့ သူ ပြန်ခုခံတယ်။ ကိုက်တယ်။ ကျွန်တော်တို့ သူ့ကို အနီးကပ် စောင့်မကြည့်ရဲဘူး။ သံမံတလင်းပေါ်မှာ လူးလိမ့်အော်ဟစ်နေလို့။ မနိုင်တဲ့အဆုံး ဒီသားကောင်တွေ လှောင်တဲ့ အခန်းမှာထည့်ပြီး ကြိုးတုပ်ထားရတယ်။

မရှယ်လီ သူ့လင်ရဲ့အဖြစ်ကို ကြည့်ပြီး ငိုတယ်ဗျ။

"မောင် ... မောင် ... ကျွန်မလေ ... မောင့်ဇနီးပါ"

သူ ကြိုးတုပ်ထားတဲ့ကြားက မြွေလို လူးလွန့်ပြီး အော်လိုက်တယ်။

"ပြန်ပေး ... လိုက် ... မြန်မြန် ပြန် ... ပေးလိုက်"

"ငါ့ကို သူတို့ ဓားတွေနဲ့ ဝိုင်းခုတ်ပြီး တောင်းနေတယ်။ ပေးလိုက်။ အတုန်ပြန်ပေးလိုက် ... အား ... အား ... အား ..."

သူ့ပုံစံက မီးလောင်ခံရတဲ့လူ မြေကြီးပေါ် လူးလိမ့်သလို လူးလိမ့်နေတာ။ ခန္ဓာကိုယ်မှာ အဝတ်အစား မရှိဘူး။

ချေးနဲ့သေးတွေ သူ့ကိုယ်မှာ ပေကျံနေတယ်။

"အာ ... အာ ... ငါ့ကို ဓားနဲ့ ခုတ်ကုန်ကြပြီ။ ဆရာကြီး ... ဆရာကြီး ... ကို ... ခေါ်ပေးပါ ... ငါ့ကို ကယ်ကြပါ ..."

သူမျက်လုံးပြူးပြီး အော်နေတယ်။

ပါးစပ်မှာ အမြှုပ်တွေက ချွေးရှုးလို ပေကျံထွက်လို့။

ပြီး ... မျက်လုံးအိမ်က ဟိုလည်ဒီလည် လည်လို့။

ဒါ ... ရူးသွပ်သွားတဲ့ လူရဲ့ လက္ခဏာပါပဲဗျ။

"အာဥာဝက ..."

အဘက သံတိုင်ကိုကိုင်ပြီး ကရုဏာသံနဲ့ ခေါ်လိုက်တယ်။

"ငါ့နားကို မင်း မလာနဲ့။ ငါ့ကို ခေါ်ပေးပါ။ ဆရာကြီးကို ခေါ်ပေးကြပါကွာ"

"ဒုန်း ... ဗုန်း ... ဗုန်း ..."





"မောင် ... မောင် ... အဲလို မလုပ်နဲ့လေ ဟဲ့ ... ဟဲ့ ...

"ကျောက်ခဲ ... တံခါးဖွင့်စမ်း။ မြန်မြန်ဖွင့်စမ်း"

တံခါးဖွင့်ပေးရော မရှယ်လီ သူ့လင်သားရှိရာ ပြေးသွားပြီး ထိုးပွေ့လိုက်တယ်။

"မောင် ..."

"နင် ... နင် ... ဘယ်သူလဲ။ ငါ့ကို ဘာလို့ အော်ခေါ်တာလဲ"

"ဟီး ... ဟီး ..."

သူ ... သူတို့ အခန်းထဲမှာ ရောက်နေကြတယ်။ ငါ့ကို ... သတ်ပြီး မြေအောက်ဥမင်ထဲ ခေါ်သွားမယ်တဲ့။ ဆရာကြီးကို ခေါ် ... ခေါ်ပေး ...

"ဆရာကြီးရောက်နေပြီ ... ရောက်နေပြီ ... မောင်ရဲ့"

"ဘယ် ... ဘယ်မှာလဲ ... လဲ ..."

"ဟိုမှာလေ ..."

"မ ...ဟုတ် ... ဘူး ... ဒါ ... ဆရာကြီး မဟုတ်ဘူး။ သူ သူ ကုလားဆာဒူးကြီး။ ထိုးကွင်းနဲ့ ... ပါးကွက်သားကြီး ... သွား ... သွား ... မင်းတို့ ငါ့နားကို မလာနဲ့ ... မလာနဲ့ ... အား ... အား ... အား .."

သူ ရုန်းတယ်၊ ကန်တယ်။ ကျောက်ခဲနဲ့ မရှယ်လီ မနည်းထိန်းထားရတယ်။

"အဘ"

"ဘာလဲ ... မောင်မှိုင်း"

"သူ ရူးသွားပြီ"

"ဟဲ့ ... ဟိုကလေးမ"

"ရှင် ... အဘ"

အိမ်ဖော် မိန်းကလေးက ကြောက်ကြောက်နဲ့ ထူးတယ်။

"အဘကို ရေသန့်သန့် တစ်ခွက်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့ရှင်"

မိန်းကလေး ငွေဖလားကြီးနဲ့ ရေအပြည့် ယူလာပေးတယ်။ အဘ က ရေဖလားထဲကို သူ့ လည်ပင်းက စိပ်ပုတီး ဖြုတ်ယူစိမ်လိုက်တယ်။

"ဥုံ ... ဘုရားဟူက ဗာလီကွေး။
ဥုံ ... တရားဟူက ခြောက်ဆယ့်ကိုး။
မှုတင်တေရသ ရှင်မဟာကဿပကိန်းအောင်း
မွေ့လျော် စံပယ်တော်မူသောအခါ ...
တစ္ဆေမြေဖုတ် ဘီလူးတို့ သွားမြဲလမ်းမသွားရ။
ရှောင်ဆရာရှောင် ... ဖယ်ဆရာဖယ်ကြ။
ဥုံ .. ဗုဒ္ဓစက္ကံ၊ ဓမ္မစက္ကံ၊ သံဃစက္ကံ ...
သုံးညံ့ သတ္တရှ သွားဟ ... သွားဟ ... ဖယ်ဟ ... ဥုံ"

ပြီးနောက် ပုတီးကို ဆယ်ယူပြီး ...

"သမီး ..."

"ရှင် ... ရှင် ... အဖေကြီး"

"အပြင်ကို ထွက်ကြ။ ကြိုးဖြည်လို့ ရမလား"

"ကြိုးဖြည်ရင် ပြေးရော ... ဆရာကြီး"

"ကဲ ... ဖယ်ကြ။ ဟဲ့ ... အာဠာဝက"

အာဠာဝက ကြိုးတုပ်ရက်နဲ့ လဲနေရာက ခေါင်းထောင် မော့ ကြည့်တယ်။

"ဟဲ့ ... အာဠာဝကကို ညှင်းပန်းနှိပ်စက်တဲ့ ပယောဂ အခု ထွက်ပေးပါတော့"

အာဠာဝက ခေါင်းကို ယမ်းတယ်။

"ထွက်ခွာပေးပါ ... သင်တို့ ... အလိုရှိရာ လုပ်ပေးပါ့မယ်"

"ခေါင်းကိုယမ်းပြီး သံမံတလင်းကို တိုက်တယ်"

"သူ့အမှား သူသိနေပြီ။ မညှင်းဆဲပါနဲ့"

"ဒီကောင်ကို ဝန်ခံခိုင်း"

အလို ... အာဠာဝကရဲ့ ပါးစပ်က ကုလားသံဝဲဝဲနဲ့ ပြောနေတာ ပါလား။





"ကျုပ် တာဝန်ယူပါတယ် ... ဆာဒူး"

ဟင် ... ဆာဒူးတဲ့။ ဒါဆို ... ဟို ... ဟို .. မြေအောက်ဥမင် ထဲက ဆာဒူးကြီးပေါ့။ အာဠာဝကက နာမ်ရုပ်ပျောက်ပြီး ကုလားသံနဲ့ ပြော နေတာဗျ။

"ဒီလူယုတ်မာ မကောင်းဘူး။ သင်တို့ကို သူ ညာဦးမှာ။ ဒုက္ခ ပေးဦးမှာ။ သူနဲ့ မတန်တဲ့ပစ္စည်း ပြန်ပေးရမယ်"

"ပေးရပါစေ့မယ် ... ဆာဒူးကြီး"

"ငါ ... သူ့အကျင့်ကို မကြိုက်ဘူး။ သူ သေကို သေရမယ်"

"ကျုပ် တာဝန်ယူပါတယ်ဗျား။ မြို့စားရဲ့ ပစ္စည်းတွေအားလုံး ပြန် ပေးစေရပါမယ်။ သင်တို့ ဒီအခန်းထဲက ထွက်သွားပေးပါ"

"ဆရာကြီးကို ကျုပ်တို့ လေးစားယုံကြည်တယ်။ ကျုပ်တို့ ပစ္စည်း ပြန်ရရင် ကျေနပ်ပြီ။ သူက ဟို ... ငရဲကိုသွားရမှာပါ ဆရာကြီး။ ကျုပ် တို့ စောင့်ကြည့်နေပါတယ်။ ဆရာကြီးရဲ့ သီလဂုဏ်၊ ပညာဂုဏ်ကို ကျုပ် တို့ မလွန်ဆန်ဝံ့ပါဘူး။ လူယုတ်မာကို မယုံကြည်ပါနဲ့"

အာဠာဝက ခေါင်းထောင်ပြီး ကုလားသံနဲ့ ပြောနေတာ။

ကျွန်တော်တို့ အံ့သြနေကြတယ်။

ပြီးရော ... အာဠာဝက သံမံတလင်းပေါ်မှာ မြွေတစ်ကောင် ဒဏ်ရာရတော့ လူးလိမ့်နေသလို အော်ဟစ်ပြီး လူးလိမ့်နေတာ။ မရှုယ်လီ လည်း သူ့လင်သားရဲ့အဖြစ်ကို မကြည့်ရက်လို့ အော် ...။

"အဖေကြီး ... သူ ... သူ ..."

"နေပါ သမီး။ ခဏစောင့်ပါ"

ဒီမှာ အဖေကြီးက ရေစင်ဖလားကိုမြှောက်၊ ပါးစပ်က တတွတ် တွတ်ရွတ်ပြီးနောက် ရေတွေအားလုံးကို လူးလိမ့်နေတဲ့ အာဠာဝက တော ကြီးမြွေဟောက်ရှိရာကို ပက်ထည့်လိုက်တယ်။

သူ့ ခန္ဓာကိုယ်ကို ရေမန်းရေထိလည်း ထိရော။

သူ့ ရေပြင်မှာရေကူးသလို ဝမ်းလျားမှောက်ကူးသလို လုပ်ပြီး အသားတဆတ်ဆတ်တုန်လို့ ငြိမ်ကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ..."

"အဖေကြီး ... သူ အသက်မ ... မရှိတော့ဘူးလားဟင် ... ဟင်"

"ကျောက်ခဲ"

"ခင်ဗျာ ... အဘ"

"ကြိုးဖြည်ပေးလိုက်တော့"

"ဟုတ်"

ကျောက်ခဲက သူ့ကို ကြိုးဖြည်ပေးလိုက်တယ်။ ဟောကြီးမြွေဟောက်လူသေကောင်လို ငြိမ်နေတုန်းပဲ။ မရှယ်လီကတော့ သံတိုင်ကို ဆုပ်ကိုင်ပြီးငိုး

အဘတိုက်ပုံကြီးကတော့ မန္တာန်လိုလို၊ ဂါထာလိုလိုမျိုးကို တဥုံဥံနဲ့ ရွတ်နေတယ်။

ဥုံ ... ကောဏ္ဍသံ၊ ကရုဏ၊ လဟုက။

သံဃာဒီသေသာ၊ သဗ္ဗအာပတ္တိ၊ အာပတ္တိယော

အစိန္တိယောမိ ...။

ဒီမန္တာန်ကို ရွတ်နေတုန်းမှာပဲ လူသေကောင်လို၊ ထင်းတုံးလို တောင့်ပြီး ငြိမ်နေတဲ့ ဟောကြီးမြွေဟောက်ခေါ် အာဥ္ဇာဝကက လူးလွန့်လာတယ်။ ခြေစ,လှုပ်လာတယ်။ လက်ရော၊ ကိုယ်ရော၊ ခါးရော လှုပ်လာပြီ။

ဟော ... မျက်လုံးပွင့်လာပြီ။

သူ ... သူ ထထိုင်ပြီ။ ထထိုင်ပြီး ကျွန်တော်တို့ အားလုံးကို ကြည့်နေတယ်။

မျက်တောင်မခတ်တမ်း ကြည့်နေတာ။

"မောင် ... မောင်ရေ ..."

"သမီး ... အဝတ်အစားတွေ ပေးလိုက်"

မရှယ်လီ အိမ်ဖော်မိန်းကလေးကို အဝတ်အစားတွေ ယူခိုင်းတယ်။

ရတော့ ပစ်ပေးမလို့ လုပ်တော့ ...





"သမီး ... ဝင်ပြီး ဝတ်ပေးလိုက်"

"ဟုတ် ..."

မရှယ်လီက သူ့ယောက်ျားကို အင်္ကျီနဲ့ပုဆိုး ဝတ်ပေးတယ်။ သူ စကားမပြောဘဲ မရှယ်လီကို စိုက်ကြည့်တယ်။

ကြောက်စရာပဲဗျာ။ ခုနေ မရှယ်လီကို လည်ပင်းသာ ညှစ်သတ်လိုက်ရင် ...

"အာဥ္ဇာဝက ..."

"ဗျာ ..."

"ငါ့ကို မြင်လား"

"မြင်ပါပြီ"

"ငါ ဘယ်သူလဲ"

"ဆရာကြီး ... ပ ... ခန်း ... ကျော်"

"မင်းဘေးက ဘယ်သူတုံး"

"ကျွန်တော့်ဇနီး မရှယ်လီပါ"

"နောက်ထပ် မင်း ဘယ်သူတွေကို မြင်သေးတုံး။ ကြည့်စမ်း ရဲရဲကြည့်ပြီး ပြောစမ်း"

သူ ဘေးဘီဝဲယာကို လိုက်ပြီး မျက်စိကစားရင်း သံတိုင်အပြင် နေရာကိုကြည့်ပြီး ... မျက်နှာပျက် လန့်သလို ဖြစ်သွားရော။

"တွေ့လားတော့"

"တွေ့ ... တွေ့ ..."

"ဘယ်သူတွေတုံး ... အာဥ္ဇာဝက"

"သူ ... သူ ... ဟို ... ဟို ... သူတို့ ... သူတို့ ..."

"ပြောပါ ... မြင်တာကို ရဲရဲပြောစမ်းပါ"

"ကုလားအဘိုးကြီး ..."

"ပြီးတော့ရော ..."

"ထိုးကွင်းနဲ့ သျှောင်ထုံးနဲ့ လူတွေ။ ဓားတွေကို မြှောက်ပြနေကြတယ်။ ကယ်ပါဦး ... အဖေကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ ကတိကို သူတို့ စောင့်ကြည့်နေကြတာ။ မင်းရဲ့ ရှုးသွပ်ခြောက်ခြား ပြဿနာကို အပြီးတိုင် ဖြေရှင်းပေးမယ်။ မြို့စားရဲ့ လက်ဝတ်ရတနာတွေ အခု ငါ့ကိုပေး"

အာဠာဝကက အဘကို ငေးကြည့်နေတယ်။

သူ့မျက်လုံးမှာ ကြောက်ရွံ့ရိပ်တွေ ပြေးလို့။

"ဒီတစ်ကြိမ် ကတိပျက်ရင် မင်းကိုငါ မကယ်တော့ဘူး။ မင်းထိုက်နဲ့ မင်းကံပဲ။ မင်း ကျိန်စာသင့်နေပြီ။ မင်းရဲ့ သစ္စာမဲ့မှုကြောင့် မိန်းမနဲ့ ဗိုက်ထဲကကလေးပါ ကျိန်စာသင့်ပြီး အသေဆိုးနဲ့ သေရတော့မယ်"

သူ ကတုံကယင်နဲ့ သူ့မိန်းမကို လှည့်ကြည့်နေတယ်။

မရှယ်လီက ရှိုက်ပြီး ငိုနေပြီဗျာ။

"မင်းမယားနဲ့ မင်းရင်သွေးလောင်းကို ချစ်ခင်သနားရင် မြို့စားရဲ့ ဖွဲ့ရည်တွေကို ထုတ်ပေးပါ။ အဲဒါဆို မင်းတို့ကို ကျိန်စာမသင့်အောင် ငါလုပ်ပေးခဲ့မယ်။ ထုတ်ပေးမှာလား"

"အင်း ..."

"မင်း ... ဘယ်နားမှာ ထားလဲ။ မင်းမိန်းမကို ပြောပြလိုက်"

အဘရဲ့အသံက အမိန့်ပေးနေသလိုပဲဗျာ။

သူ သူ့မိန်းမနား တိုးတိုးပြောလိုက်တယ်။ မရှယ်လီ သူ့နားက ထွက်သွားတယ်။ သူ့ပုံစံက တစ်နေရာကိုကြည့်ပြီး လန့်နေတုန်းပဲ။

"အဖေကြီး ... ဒီမှာပါရှင်"

မရှယ်လီက ကြေးသေတ္တာလေးကို အဘလက်ထဲ ရိုရိုသေသေ ထည့်ပေးတယ်။ အဘက ဖွင့်ကြည့်ပြီး ခေါင်းညိတ်လိုက်တယ်။

"အာဠာဝက ..."

"ဗျာ ..."

"ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်"

"ကိုင်း ... ဆာဒူးတို့၊ သွေးသောက်ကြီးတို့ မြို့စားရဲ့ပစ္စည်း အကုန်ပြန်ရပါပြီ။ ကျုပ် မြို့စားကတော်ရဲ့ လက်ထဲကို အပ်ပါ့မယ်။ ဒီလူကို မခြောက်လှန့်၊ မပြုစားကြပါနဲ့တော့။ သင်တို့နေရပ်ကို သင်တို့ပြန်ပါ။





ကျွန်ုပ် စောင့်ထိန်းသောသစ္စာကို အမှျယူပါ။ မြို့စားကတော် သင်တို့ကို ရည်စူးပြီး အမှျဝေရင်လည်း သာဓုခေါ်ဖြစ်အောင်ခေါ်ပါ"

အဘက ဒီလိုပြောလိုက်တော့ ...

"တောက် ..."

"အမလေး ..."

"မြတ်စွာဘုရား"

တောက်ခတ်သံကြီးဗျာ ... ကျယ်လောင်ဝီသ မာမာတင်းတင်းကြီးကြားရလို့ ကျွန်တော်ရော မရှယ်လီတို့ လင်မယားအပါအဝင် ကျောက်ခဲနဲ့ အိမ်ဖော်အမျိုးသမီးပါ ဘုရား၊ အမလေးတ ဖြစ်သွားခဲ့ကြတော့တယ်ဗျာ။

တောက်ခတ်သံကြီးက နားစည်ကိုရိုက်ပြီး အရိုးထဲအကြောထဲမှာ စိမ့်ဝင်ကြက်သီးထ ခေါင်းနားပန်းပါ ကြီးသွားတာပဲ။

နောင်အခါ ကျွန်တော်က အဘကို မေးကြည့်တယ်။

"အဘ ... ဟိုကုလားသူတော်စင်ကြီးကို မြင်ရလား"

"အိမ်း ..."

"တားကိုယ်စီနဲ့ သွေးသောက်တွေကော မြင်ရလား"

"မြင်တယ်"

"တောက်ခတ်တာ ဆာဒူးသူတော်စင်ကြီးလား"

"မဟုတ်ဘူး ... သွေးသောက်ကြီး ... ဖေင်ရော်"

ဘတိုက်ပုံဦးရာကျော်ကို ကျွန်တော် အရမ်းအံ့ဩရတယ်ဗျာ။

မြေအောက်ဥမင်ဂူထဲမှာတုန်းက ကျွန်တော် ကုလားဆာဒူး အဘိုးကြီးကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာဗျာ။ ဒီတုန်းက ရွှေဒင်္ဂါးမှန်းမသိ ပစ္စည်းတစ်ခုကောက်ယူခဲ့တုန်းက သူက မယူနဲ့ ထားခဲ့လို့ ပြောတာဗျ။ အိမ်မက်ထဲအထိ ဒေါသတကြီး လာတောင်းတာ။ ကျွန်တော့်ကို ခွစီးပြီး လုယူတာ။ နောက်နေ့ အဲဒီ ဒင်္ဂါးပြားကို သွားပြန်ပေးခဲ့ရပါရောလားဗျာ။

တောကြီးမြွေဟောက်ခေါ် အာဠာဝကကတော့ ငူငူကြီး ထိုင်နေတုန်းပဲ။ သူ့ပုံစံက တစ်ခုခုကို နောင်တရနေသလိုလို၊ စဉ်းစားနေသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



''အဖေကြီး ...''

''ပြောပါ ... သမီး''

''ကျွန်မယောက်ျား နေကောင်းသွားပြီလား ဟင်''

''ကောင်းသွားပါပြီ ... ကြောက်စိတ်မပြယ်သေးလို့ သူ ဖြစ်ခဲ့တာတွေကို စဉ်းစားနေတာပါ။ အဘ သူ့အတွက် ပရသားတွေ မနှောင့်ယှက်အောင် ဆေးတိုက်ခဲ့မယ်။ သူ့ကို ရေချိုးသန့်စင် အဝတ်သစ်ဝတ်ပြီး အိမ်ရှေ့ကို ခေါ်ခဲ့။ တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်၊ နံ့သာသွေးခဲ့။ အဘ ဆေးတိုက်မယ်''

''ဟုတ်ကဲ့ပါရှင့်''

မရှယ်လီနဲ့ ကျောက်ခဲ အာဇ္ဈာဝကကို သံတိုင်ခန်းက ခေါ်ထုတ်သွားကြတယ်။ ကျွန်တော်နဲ့ အဘကတော့ အိမ်ရှေ့ခန်းမှာ ခဏထိုင်ကြတယ်။

အိမ်ဖော်မိန်းကလေး လာချပေးတဲ့ လက်ဖက်ရည်နဲ့ မုန့်ကို စားပြီး စောင့်နေကြတယ်။

အချိန်က ဆယ့်ငါးမိနစ်ခန့် ကြာပြီးနောက် ...

အိမ်နောက်ဖက်က ဝုန်းဝုန်းဒိုင်းဒိုင်း ဆူဲလွဲကြတဲ့ အသံတွေကြားလို့ နားစွင့်နေတုန်း အိမ်ဖော်မိန်းကလေး ရေးကြီးသုတ်ပြာနဲ့ ကျွန်တော်တို့ရှိရာကို ပြေးလာပါရော။

''ဟဲ့ကလေးမ ... ဘာဖြစ်ကြတာတုံး။ ဆူညံနေတာပဲ''

''အ ... အဘ၊ ပြေး ... ပြေးတော့ ... မြန်မြန်ပြေးတော့''

''ဟေ ... ဘာလို့ ပြေးရမှာတုံးကွယ့် ... ပြော''

''သူ ... သူ ... သောင်းကျန်းနေပြီ၊ ပြေးပါ ... ပြေးပါ''

''ဘယ်သူတုံး''

''ဟို ... ဟို ... အာဇ္ဈာဝက ... သူ အဘကိုသတ်ဖို့ သေနတ်စင်ရှိရာ တက်သွားပြီ ... ပြေးပါ''

''ဟေ ...''

ဒီမှာ အပေါ်ထပ်က ရုန်းရင်းဆန်ခတ်သံတွေ ...





''မောင် ... မောင် ... မလုပ်ပါနဲ့။ မောင် မလုပ်ကောင်းဘူးလေ ... မောင် မလုပ်ပါနဲ့''

''ဖယ်နော် ... မိရှယ်လီ ... နင် သေချင်လို့လား''

''ကျောက်ခဲ နင့်ဆရာကြီးကို တားပါဟဲ့''

''ဆရာကြီး ... မသင့်ပါဘူး မလုပ်ပါနဲ့''

''ငါ အသက်စွန့်ပြီး ကြိုးစားရယူခဲ့တဲ့ ပစ္စည်းတွေ။ လုံးဝမပေးနိုင်ဘူး။ ရှယ်လီနဲ့ကျောက်ခဲ ဖယ်နော်။ မင်းတို့ တောကြီးမြွေဟောက်အကြောင်း သိတယ်နော်''

''ဆရာကြီး ... မ ... မ ... လုပ် ...''

''ကိုင်းကွာ ...''

''ဒိုင်း ...''

''အား ...''

''ဝုန်း''

''မောင် ... မောင် ... ဘယ်လိုလုပ်လိုက်တာလဲ။ ရှင် မသွားနဲ့။ မလုပ်နဲ့ အခုရပ်''

''ရှယ်လီ ... နင် ဖယ်လိုက်စမ်း''

''ရှင် အဘကို မသတ်ရဘူး။ ကျွန်မ မဖယ်ဘူး ... အဖေကြီး ပြေး ... ပြေး ...''

သေနတ်သံ ပထမတစ်ချက် ကြားကတည်းက ကျွန်တော်က ထရပ်လိုက်ပြီ။ အဘကလည်း ရတနာကြေးသေတ္တာကို လွယ်အိတ်ထဲထည့်ပြီး နားစွင့်နေတုန်း ...

''ဒီမှာ ... အဖေကြီး ... ပြေး ... ပြေး'' ဆိုတဲ့ အသံလည်း ကြားရော ... ကျွန်တော် အဘကိုဆွဲပြီး အိမ်ထဲကနေ ပြေးထွက်ခဲ့လိုက်တယ်။

''အဘ ... ဒီလူ သစ္စာမရှိဘူးဗျ။ ဒီဘက်ကို ပြေး။ အိမ်ရှေ့လမ်းအတိုင်းပြေးရင် ဘေးလူမြင်မှာ စိုးတယ်ဗျာ''

ဒီဝန်းကျင်မှာ သူ့လူတွေရှိမှာ သေချာတယ်။ ရှေ့မှာ ကတ္တရာလမ်း။ နောက်မှာ တောအုပ်။ တောင်တန်းရှိရာသွားတဲ့ လှည်းလမ်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လှည်းလမ်းအတိုင်း သစ်ပင်တွေကြားကနေ အကွယ်ယူပြီး ပြေးကြတယ်။ နောက်ထပ် သေနတ်သံတစ်ချက် ခပ်သဲ့သဲ့ကြားရတယ်။

သူ့မိန်းမကိုပါ သတ်လိုက်ပြီလား မသိဘူး။

"အဘ တောထဲကိုသာ ပြေးဗျာ"

ကျွန်တော်တို့ တောအုပ်ထဲကို ဝင်ခဲ့ကြတယ်။ ဖိနပ်လည်း မပါဘူး။ တောထဲမှာက ပုန်းစရာရှိတယ်ဗျာ။ မြေပြင်မှာက လွတ်လမ်း မရှိဘူး။

"ဒိုင်း"

"ပစ်ပြီအဘရေ ... ပြေး ..."

"အဘိုးကြီး ... ရပ်နော် ... ရပ်"

"ဒိုင်း"

အဘ သဘောပေါက်သွားပြီ။ တောကြီးမြွေဟောက် သစ္စာမဲ့ပြီတဲ့။ သေနတ်ကျည်ဆန်အချို့ ကျွန်တော်တို့ဘေးက သစ်ပင်တွေကို လာထိတယ်။

တောင်ပေါ်ကိုတက်တဲ့ လမ်းကို ရောက်ခဲ့ကြပြီ။ ဒီမှာ လမ်းက နှစ်ခွခွဲသွားတာ မြင်ရတယ်။ ဘယ်လမ်းနဲ့ ညာလမ်း။ ဖြစ်ချင်ရာဖြစ်၊ ညာဘက်လမ်းက မြေမာတယ်။ ဘယ်ဘက် တောင်ပေါ်တက်လမ်းက အသွားရှုပ်ရတော့ မတော် သူပုန်နဲ့ တိုးနေမှာ။ ညာလမ်းက အဆင်းသက္ကာန် လျှောလမ်း။

ကျွန်တော်တို့ လူတစ်ယောက်သွားလို့ရတဲ့ လမ်းအတိုင်း ပြေးလိုက်တာ။ ဘေးကြည့်လိုက်ရင် သစ်ပင်ကြီးနဲ့ ချုံပုတ်တွေပဲ မြင်ရတယ်။

ဒီအချိန်မှာ နောက်ခပ်လှမ်းလှမ်းက ဆင်အော်သံတွေ ကြားရရော။

"ဆင်စခန်းလား မသိဘူးဗျ"

"ဆင်စခန်းဆိုလည်း သူ့လူတွေ ဖြစ်ချင်ဖြစ်နေမှာ။ ဒါ အဆင်းလမ်းကွ။ မြန်မြန်သာ ဆင်း"

ကျွန်တော်တို့ တောင်ဆင်းလမ်းအတိုင်း ပြေးတုန်း နောက်က ဆင်နဲ့ လိုက်တာဗျ။





အချင်းချင်း လှမ်းအော်ပြောတဲ့အသံတွေ ကြားရတယ်ဗျ။

ဒုက္ခပဲ။ သူတို့ ဆင်နဲ့ လိုက်လာကြပြီ။

ဆင်သံတွေ သိပ်မဝေးတော့ဘူး။

"အဘ ကျုပ်တို့ မလွတ်တော့ဘူး"

"ကျက်သရေမရှိတဲ့စကား မပြောနဲ့"

"ဟော ... ဟော ... နားထောင်ဗျ"

"ဒီလမ်းအတိုင်း ပြေးတာဟေ့"

"ဟိုဟာ ... ဘာတုံး ဆင်းကြည့်စမ်း"

"မျက်နှာသုတ်ပဝါကွ။ အဘိုးကြီးပစ္စည်းပဲနေမယ်။ ဆက်လိုက်"

"တွေ့ရင် အသေသာသတ်"

"မသတ်နဲ့ကွ။ ဆရာကြီးလိုချင်တဲ့ ပစ္စည်းတွေက အရေးကြီးတယ်"

"ဟေ့ ... ရှေ့မှာ မျောက်တွေ လန့်ပြေးသံကြားတယ်။ အဲဒီတစ်ဝိုက်မှာရှိမယ်။ လိုက်ကြ"

"ဝူး ... ဝူး ..."

"ဝူး ... ဝူး ..."

"ဝေါ ... ဝေါ ... ဖြောင်း ... ဖြောင်း .."

အသံတွေနဲ့အတူ ဆင်အော်သံတွေပါ ပိုနီးလာတာ။

"မောင်မှိုင်း ..."

"ဗျာ ... ဗျာ ... အဘ"

"ဟို ချုံနဲ့ နွယ်တောအောက်ကို ဝင်ပုန်း။ ငါတို့ မလွတ်တော့ဘူး"

"ဒုက္ခပါပဲဗျာ"

"ညည်းမနေနဲ့။ သေကံရှင်ကံပဲ။ လာ ..."

ကျွန်တော်တို့နှစ်ဦး ကြိမ်နွယ်နဲ့ ကိုင်းပင်၊ ချုံတွေနဲ့ ရောနေတဲ့ ခြုံတောကြီးအောက်ကို တိုးဝင်ပြီး တောက်လျှောက်ဝင်သွားကြတာ ဘယ်အထိ ရောက်သွားမှန်း မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဘကတော့ ပါးစပ်လှုပ်ရုံမျှနဲ့ ဂါထာတွေ ရွတ်နေတယ်။ အကျိုးရော၊ ပုဆိုးရော စုတ်ပြဲရုံမကဘူး။ တစ်ကိုယ်လုံး ဆူးခြစ်ရာနဲ့ သွေးပါရဲနေပြီဗျ။

ဒီမှာပဲ ချုံထဲကို သေနတ်နဲ့ လေးငါးချက် ပစ်ကြတယ်။

ကျွန်တော် ကြောက်လန့်ပြီး ချွေးသေးတွေ ထွက်ကုန်တယ်။

ချွေးနံ့နဲ့ သေးနံ့က လှိုင်နေတော့ အန်ကလည်း အန်ချင်။

အဘက ပါးစပ်ကိုပိတ်ပြီး ဝပ်ခိုင်း။

သေနတ်ကျည်ဆန်တွေက ချုံထဲကို ဝင်လာတယ်။

ဒီတစ်ခါတော့ ကျည်ဆန်မှန်ပြီး သေမလား။

ဆင်နင်းခံရပြီး သေမလား။

အဘကလည်း ပုတီးကြီးကိုင်ပြီး မန္တန်ဂါထာတွေ အသံမထွက်ရွတ်နေရဲ့။

ဒီမှာပဲ . . . ဆင်တွေရဲ့ အလန့်တကြား အော်သံကြားရပြီး . . . ရှေ့နောက်ကား ပြေးသံတွေ ကြားရပါရောဗျာ။

သေနတ်သံတွေ လုံးဝ တိတ်ဆိတ်သွားပြီ။

ဆင်တွေရဲ့ ကြောက်လန့်တကြား ကျည်ကျည်ကျာကျာ အော်သံတွေဝေးပြီး တိတ်သွားပြီ။

ငှက်တွေရဲ့အော်သံ၊ မျောက်တွေရဲ့ ပြေးလွှားအော်သံတွေ ကြားရတယ်။ သားကောင်ငယ်အချို့ရဲ့ အော်ပြေးသံ ကြားရတယ်။ စိတ်ချရပြီဆိုမှ ကျွန်တော်တို့ ဆရာတပည့် ချုံထဲက လေးဖက်ထောက်ပြီးထွက်။ အပြင်လှုပ်ရှားသံ နားစွင့်။ အဘက မြေကြီးကို နားနဲ့ကပ် နားထောင်တယ်။

သည့်နောက် ကျွန်တော်တို့ သစ်ပင်ကြို သစ်ပင်ကြားကနေ ပုန်းလျှိုးကွယ်လျှိုး ပြေးခဲ့ကြတယ်။

ကျွန်တော့်တစ်ကိုယ်လုံး ချွေးသေးနံ့နဲ့ နံဟောင်နေပြီဗျာ။

"တော်တော့်ကိုနံတဲ့ အနံ့ကွာ"

"အီးပဲဗျာ . . . နံမှာပေါ့။ သေပြေးရှင်ပြေး ပြေးရတာ ထွက်ပြီပေါ့"





"မင်း သေးနံ့ကြောင့် ငါတို့ အသက်ရှင်တာကွ"

"ဘာဆိုင်လို့တုံးဗျ၊ ဒီလောက်နံတာကို"

ဒီဇာတ်လမ်းရဲ့ အဖွင့်မှာ ကျွန်တော့်တို့ သေပြေးရှင်ပြေး ပြေးရတဲ့ ဇာတ်လမ်းမှာ ရေးခဲ့သလိုပါပဲ။ အဘက ကျွန်တော့်သေးနံ့ကို ဆင်တွေက တောခွေးသေးနံ့ထင်ပြီး လန့်ပြေးတာတဲ့။ ဆင်တွေဟာ တောခွေးရဲ့ သေးနံ့နဲ့ သေးရည်ကို အရမ်းကြောက်သတဲ့ဗျာ။

တောခွေးက သစ်ပင်တွေ၊ ချုံတွေကို သွားရင်းလာရင်း သေးနဲ့ပန်းခဲ့တာတဲ့။ တောခွေးသေး ဆင်မျက်လုံးကို ထိရင် ဆင်မျက်လုံးစပ်ပြီး အမြင်တွေ ဝေဝါးကုန်ရော။

ဒီမှာ တောခွေးအုပ်က ဆင်ကိုဝိုင်းဆွဲကိုက်၊ တန်ဆာကိုကိုက်၊ မျက်လုံးကိုဖောက်ပြီး တိုက်ခိုက်ကြတာတဲ့။ (နောင်အခါ ထိုတောခွေးသေးကိစ္စ စာရေးဆရာ မုဆိုးကြီးလေးမောင်ကို မေးကြည့်တော့ တောခွေးသေးနံ့ရရင် အိမ်ဆင်ရော၊ တောဆင်ရော ကြောက်ပြီး ပြေးရော့တဲ့။ တောခွေးသေးနံ့က လူသေးနံ့နဲ့ဆင်ဆင် အနံ့တူတယ်တဲ့။

ကျွန်တော်ကတော့ ဒီကိစ္စကို လက်မခံချင်ဘူးဗျ။ အဘ တိုးတိုးရွတ်နေတဲ့မန္တန်ကြောင့်သာ ဆင်တွေပြေးလို့ ကျွန်တော်တို့ အသက်ချမ်းသာရာရောက်ရတယ်ထင်တာ။ နောင်ကို မရမကမေးတော့ ပြောပြတယ်။ အဘရွတ်တဲ့မန္တန်က ပထဝီဇယမန္တန်တဲ့ဗျာ။

ဟုတ်တာပဲဗျ။ ပထဝီဇယမန္တန်က စစ်ထိုးရင်နိုင်တဲ့ မန္တန်ပဲကိုး။ ဒီ ပထဝီဇယမန္တန်ကို ပညာရှိ ပုဏ္ဏားတစ်ဦးက နေ့စဉ်နံနက်တိုင်း ရွတ်သတဲ့။

ဒီမန္တန်ကို မြေခွေးတစ်ကောင်က အလွတ်ကျက်မှတ်ရသွားပြီး ရွတ်လိုက်တာ တောထဲမှာရှိတဲ့ တောသတ္တဝါတွေ ကြောက်ရွံ့ပြီး မြေခွေးကို အကြီးအကဲ တင်မြှောက်ရသတဲ့။

မြေခွေးဟာ ပထဝီဇယမန္တန်အစွမ်းနဲ့ သားကောင် စစ်တပ်ကြီးကို ဦးဆောင်ကာ ခြင်္သေ့ကျောပေါ်စီးပြီး ဗာရာဏသီမင်းကို စစ်ပြုဖို့လာတယ်။

ဒါကို ပညာရှိပုဏ္ဏားက သိပြီးမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မြေခွေး . . . သင် ဇာရာဇာသီပြည်ကို ဘယ်လိုစစ်ထိုး သိမ်းပိုက်မှာလဲ"

"ငါ့တပည့် ခြသေ့်တွေကို ဟိန်းဟောက်စေပြီး အသံနဲ့ နားကွဲသေစေပြီး ဇာရာဇာသီကို အရယူမယ်"

ဒီလိုလည်းသိရော မင်းအပါအဝင် တိုင်းသူပြည်သားတွေရဲ့ နားထဲကို ပွဲညက်၊ မုန့်ပျော့၊ ခုဆို ဂျုံပေါ့ဗျာ။ အဲဒီ မုန့်ညက်ကို နားနှစ်ဖက်မှာ ပိတ်ဆို့ထားစေတယ်။

စစ်ပြိုင်မည့်နေ့ကို ရောက်ပြီ။

ပုဏ္ဏားက မြို့ရိုးပေါ်ကနေ မေးတယ်။

"မြေခွေး . . . သင်ကစ၍ စစ်ထိုးလော့"

ဒီမှာ ခြသေ့်ကျောကုန်းပေါ်ထိုင်နေတဲ့ မြေခွေးမင်းက ခြသေ့်တွေကို 'ဟိန်းဟောက်စမ်း' လို့ အမိန့်ပေးရော ခြသေ့်ရာပေါင်းများစွာက အသံဟိန်းဟိန်းတွေနဲ့ ဟောက်လိုက်တာ မြေကြီးသိမ့်သိမ့်တုန်ပြီး ဟိရဏ္ဍာန်တွေ နားကွဲ၊ ပြေး၊ လဲ၊ သေ။ မြေခွေးလည်း နားကွဲပြီး ခြသေ့်ပေါ်ကကျ။ ခြသေ့်တွေ၊ သားစားသတ္တဝါတွေ နင်းပြီး အားလုံး သေကုန်ကြတယ်။

ပထဝီဇယမန္တန်က အဲဒီလို စွမ်းပါတယ်။

စစ်နိုင်မန္တန်၊ အောင်ဇေယျမန္တန်လို့ ခေါ်တယ်။

သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေးတဲ့။

အခု . . . ကျွန်တော်တို့ကို လိုက်သတ်တဲ့ လူဆိုးတွေ၊ ဆင်တွေ လန့်ပြေးရတာ အဘရွတ်တဲ့ ပထဝီဇယမန္တန် အစွမ်းကြောင့်ဆိုတာ သဘောပေါက်ခဲ့ပါပြီဗျာ။

✿ ✿ ✿

# [၆၄]

❑

ကျွန်တော် ကရင်လူကြီးရဲ့အိမ်မှာ တစ်ညအိပ်ရင်း ပြန်စဉ်းစားတဲ့ ကျွန်တော်နဲ့ အဘရဲ့ အကြောင်းပါ။ အဘနောက်ကို လိုက်ခဲ့ရင်း သေမလိုကြုံခဲ့ရတဲ့ ဖြစ်ရပ်ဆန်းကြယ်ဘဝပါ။ မိုးလင်းတော့ ကျွန်တော်တို့ ကရင်လူကြီးတွေကို နှုတ်ဆက်ပြီး ခရီးဆက်ခဲ့ကြတယ်။

"အဘ . . ."

"ဘာလဲကွာ"

"ကျွန်တော်တို့ ဘယ်ကို ပြန်ကြမှာတုံး"

"မြို့စားကတော်ရှိတဲ့ ဘုန်းကြီးကျောင်းကို ပြန်သွားရမှာပေါ့ကွ။ ဒီ ရတနာသေတ္တာကို သွားပေးရမှာပေါ့"

"ပြန်ရောရောက်ပါ့ဦးမလား . . . အဘရာ"

"ထွီ . . . ကျက်သရေမရှိတဲ့စကား မပြောနဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အခု မရောက်သေးဘူးလား"

"ဟို တောင်သုံးလုံးရှိတဲ့ နေရာကို ကျော်ပြီးရင် ရောက်ပြီ"

"အမလေး ..."

ကျွန်တော် ငိုချင်းချပြီး လိုက်ခဲ့ရတော့တယ်။

တော်ပါပြီဗျာ။ နောင်များ လိုက်ခဲ့ပါခေါ်ရင် ဒိုးဆလဲ၊ တင်းဆလဲ ပါပဲ။

ကျွန်တော်တို့ လှည်းတစ်လှည့်၊ လေ့တစ်လှည့်နဲ့ လာလိုက်ကြတာ တောင်သုံးလုံး ဖိုခုံလောက်ဆိုင်ရှိတဲ့ ရွာကြီးကို နေဝင်ခါနီး ရောက်ခဲ့ကြတယ်။

ကားနဲ့ ဘာလို့မသွားလည်း မေးတော့ ...

"မင်းမသွေး တောကြီးမြွေဟောက်တို့က လက်တံရှည်တယ်။ ငါ့တို့ကိုမိသွားရင် အစိမ်းလိုက်စားမှာ။ ငါလည်း သေနတ်တော့ ကြောက်တယ်"

ဟန်ကျလိုက်တာဗျာ။ ကျွန်တော်တို့ရောက်တဲ့ရွာက ဆိုင်းတော်တီးရွာတဲ့။

တည်းတဲ့အိမ်က အဘရဲ့အသိ အဘွားကြီးတစ်ဦးအိမ်ဗျ။

အဘွားကြီးက အသားဖြူဖြူ ဝဝ၊ ခန့်ခန့်ကြီးဗျာ။

အိမ်ကြီးအိမ်ကောင်းနဲ့ နေတာဗျ။

အဘလည်း တွေ့ရော ... ဝမ်းသာအဲလဲ ကြိုပါရော။

"ရာကျော် ... နင် ဘယ်လိုလုပ်ပြီး မျက်စိလည်ရောက်လာတာတုံးဟဲ့ ... ရာကျော်ရဲ့။ ငါကတော့ နင် သေပြီကြားလို့ ..."

"ငိုရောလား"

"စားလို့ အိပ်လို့ ကောင်းပဲဟေ့"

"ထို့ ... နင်ကတော့ အရင်က သောက်ချိုးအတိုင်းပဲ။ ငါတို့ ဒီမှာ ညအိပ်မယ် မိစွာ"

"သူက ဘယ်သူတုံး။ နင့်သားလား"





"ထို့ ... ဂန်းတာမ ပြောလိုက်ရင် တလွဲချည်းပဲ။ ဒါ ... ငါ့ တပည့် စာရေးဆရာ ... မောင်မှိုင်းတဲ့။ ဟေ့ကောင် ... ငမှိုင်း"

"ဗျာ ..."

"ဒါ ငါ့ငယ်ရည်းစား မိစွာတဲ့ကွ"

"ဗျာ ..."

"ဟား ... ဟား ... ဟား ... အနာကျကောင် ... ရာကျော်။ နင်ကလေ ငယ်ငယ်လေးထဲက နောက်ပိုးသန်ပြီး ပေါက်ကရလုပ်လို့ ရွာက ပြေးရတဲ့ကောင်ဟဲ့။ လူလေးရေ ... အမေကြီးက ဒင်းကို ဟိုတုန်းကတည်းက အမြင်ကတ်တာကွယ့်"

"ကြားချင်လိုက်ပါဘိ ... အမေကြီးရာ။ အမေကြီးနဲ့တွေ့မှ အဘ အကြောင်း အစုံမချေးခါးမကျန် သိရမှာဗျ"

"ပြောရမှာပေါ့ကွာ ... ပြောချင်လိုက်တာ ပါးစပ်ကို ယားနေတာပဲ"

"မိစွာ ..."

"ဘာတုံး"

"မပြောနဲ့"

"ပြောတော့ဘာဖြစ်တုံး ... ကိုရင်ရာကျော်ရဲ့"

"ဒီကောင်က စာအုပ်ထဲ အကုန်ထည့်ရေးမှာ။ ငါ ရှက်တယ်"

"ဟား ... ဟား .. ဟား .. ရှက်အိုးကွဲကြီးရယ်။ ကိုင်း ... ကိုင်း ... ငါ့တူ စာရေးဆရာ မင်းအဘအကြောင်း ညကျမှ လက်ဖက် သုပ်စားရင်း ... အဲ ... အဲ .. ဒီည ဆိုင်းတော်တီးရွာ ဘုရားပွဲ ပွဲဝင် တယ်ကွယ့်"

"ဟုတ်လား ... အမေ ဘာဇာတ်ကလဲဟင်"

"အဲ ... အဲ ... ဝင်းညီနောင်ဇာတ်ဟေ့"

"ကျွန်တော်လည်း ပွဲကြိုက်တယ် ... အမေကြီးရဲ့"

"သွားကြမယ် ... ငါ့တူရေ အဖော်ရပဟဲ့"

"ငါပါလိုက်မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"နင် လိုက်စရာမလိုပေါင်တော်။ ငါက ဒီရွာမှာ အပျိုကြီးဆိုပြီး နာမည်တစ်လုံးနဲ့ နေတာဟဲ့။ နင့်လို အဘိုးကြီးအို ခါးကုန်းကုန်းနဲ့ ပွဲသွားကြည့်ရင် ... အမလေး နင် အိမ်စောင့်နေ ... ရာကျော်။ ငါနဲ့ ငါတူပဲ သွားကြည့်ကြမယ်။ ဟုတ်လား ... လူလေး"

"ဟုတ်တာပေါ့မျှာ ... ဇာတ်ပွဲက ကြည့်ရခဲ့ဥစ္စာ"

ဒီမှာ အဘက ပြောရော။

"မိစွာ ..."

"ဘာလဲ ... ရာကျော်"

"နင့်အသက်အရွယ်က ဘုရားဖက်ရမည့် အရွယ်ဟ။ ပွဲကြည့် အိပ်ရေးပျက်ရမည့် အရွယ်မဟုတ်ဘူး"

"သိပါတယ် ... ကိုတတ်ပကြီး။ ဘုရားတကာ .. ကိုနီဗ္ဗာန်ကြီး ရယ်။ ကျုပ် မသွားပါဘူး။ ပွဲဈေးပဲ လျှောက်မှာပါ။ စာရေးဆရာလေး ကြည့်ချင်ရင် ရွာက လူငယ်တွေနဲ့ ထည့်ပေးပါ့မယ်တော်"

"သာဓု ... သာဓု ... သာဓု ... ဒါနဲ့ မိစွာရေ ..."

"ဘာလဲ"

"ဆိုင်းတော်တီးရွာ ဘုရားပွဲကရင် ဟိုးတုန်းကလို ဖျာတစ်ချပ် လုပ်ထားရသေးလားဟေ့"

"လုပ်ထားရတာပေါ့တော် ... တစ်နှစ်က ဘုရားပွဲမှာ အစဉ်အလာအရ ပွဲဝင်ညမှာ ဖျာတစ်ချပ် မလုပ်ထားတော့ တစ်ညလုံးမီးပျက်ပြီး ပွဲမကလိုက်ရဘူးဟေ့။ ဒါနဲ့ နောက်ညမှာ 'မနန်းနွဲ့တို့မိသားစု'အတွက် ဖျာတစ်ချပ် သီးသန့်ထားပေးမှ မီးလင်းပြီး ပွဲကလို့ရရော ... ရာကျော်ရေ"

ဒီစကားကို ကျွန်တော် အရမ်းစိတ်ဝင်စားသွားလို့ မေးတာပေါ့ မျှာ။

"အမေ ... ဘယ်လိုကြောင့် ဖျာတစ်ချပ် သီးသန့်လုပ်ထားပေးရ တာလဲဟင်"

"ဒီကောင်တော့ ရေးကွက်ရှာပဟေ့ ... ဟင်း"

"မင်း စိတ်ဝင်စားလို့လား"





"ဟုတ်ကဲ့ ... ပြောပြပါ အမေ"

"တို့များရွာကို ဆိုင်းတော်တီးရွာလို့ ဘာလို့ အမည်ပေးရလဲဆိုတော့ ရှေးမြန်မာမင်းများ ရွှေလက်ထက်တော်တုန်းက တို့ရွာက ဆိုင်းသမားတွေ ရှင်ဘုရင် ဆိုင်းတော်တီးအဖွဲ့မှာ ပညာသင်သွားကြပြီး အောက်ခြေသိမ်း လုပ်ရသတဲ့။ အဲဒါ ဆိုင်းတော်တီးရွာသားလို့ ပြောပြရာကနေ နောက်တော့ ဆိုင်းတော်တီးရွာလို့ အမည်တွင်သွားတာပဲဟေ့။

ဖျာတစ်ချပ် လုပ်ထားပေးရတာက ဒီလိုကွယ့်။

ဟို တောင်သုံးလုံးကြားမှာ ဝံပိုရွာဆိုတာ ရှိတယ်။

ရှမ်းမလေး မနန်းနွဲ့တို့နေတဲ့ ရွာပေါ့။

အဲဒီ ဝံပိုရွာထဲမှာ ရှေးဟောင်း ကျောင်းပျက်ကြီးတွေ ခုထက်ထိ ရှိတယ်။ သစ်ပေါတော့ အိမ်ကို ကျွန်းတိုင်ကြီးတွေနဲ့ ဆောက်ပြီး နေကြတယ်တဲ့။

နန်းနွဲ့ရဲ့ယောက်ျား ကိုပန်းဆီက သစ်ခုတ်အလုပ် လုပ်တယ်။

အနီးမှာ အခြားအိမ်အစုလည်း ရှိကြတယ်။

သူတို့ ဝံပိုရွာအစုက ပွဲအရမ်းကြိုက်ကြတယ်တဲ့။

ဆိုင်းတော်တီးရွာဘုရားပွဲက တပေါင်းလဆန်း (၁၃) ရက်ကနေ လပြည့်နေ့ထိ သုံးရက်ကျင်းပရင်း ပွဲသွင်းတယ်။

အငြိမ့်ဇာတ်တစ်ခုခု နှစ်တိုင်းပါတယ်။

အငြိမ့်ဇာတ်မရရင် ရုပ်သေးပါလေ့ရှိတယ်။

လာရင်လည်း လှည်းတွေနဲ့လာကြ၊ မိုးလင်းရင် လှည်းတွေနဲ့ ပြန်ပေါ့။ တစ်နှစ် နန်းနွဲ့ ကိုယ်ဝန် နေ့စေ့လစေ့ကြီးနဲ့ ပွဲလာကြည့်တယ်။ လင်လုပ်သူ ပန်းဆီက နေ့မွေးမလား၊ညမွေးမလား ဗိုက်နာနေလို့ ပွဲ မကြည့်ဖို့ ပြောတယ်။

နန်းနွဲ့ကလည်း ပွဲမှ မကြည့်ရမနေနိုင်။

ဒါနဲ့ ပွဲကို ပွဲခင်းအလယ်ခေါင်မှာ ဖျာခင်းကြည့်သတဲ့။

ညဉ့်သန်းခေါင်ကျော် နှစ်ပါးသွား ထွက်နေတုန်း နန်းနွဲ့ ဗိုက်နာပါ ရော။ သို့သော် အောင့်ပြီး ပွဲကြည့်တယ်။ ဒီမှာ ပွဲခင်းထဲ မီးဖွားရင်း ကလေး



www.burmeseclassic.com

www.burmeseclassic.com



ရောမိခင်ရော ဆုံးသွားတယ်။ လှည်းစီးလာတဲ့ဒဏ်ရယ်၊ ကလေးမွေးချင်တာကို အောင့်ထားတဲ့ဒဏ်ရယ် ပေါင်းပြီး ဖြစ်တာပေါ့။

ရွာပြင်မှာပဲ သားအမိနှစ်ဦးကို မီးသင်္ဂြိုဟ်ပြီး မြှုပ်နှံခဲ့ရတယ်။ မကြာဘူး ... နန်းနွဲ့က ကလေးကိုချီပြီး ဝံပိုရွာထဲ ဝင်လာတယ် ဖြစ်ကရော။

သူ့အိမ်ရှေ့မှာ ကလေးချီပြီး ရပ်နေတာတဲ့။

ဝံပိုရွာက လူတွေ မြင်ကြတယ်။ သူ့ယောက်ျား မြင်တယ်။ ဘုန်းကြီးပင့် ကုသိုလ်လုပ်ပြီး အမျှဝေမှ သူ ဝံပိုရွာထဲ မလာတော့တာတဲ့ကွယ့်။

သို့သော် ဘုရားပွဲကျင်းပလို့ ပွဲကရော ...

မီးစက်က လုံးဝ မီးမလင်းဘူး။ ပရိသတ်ကလည်း ပြည့်နေပြီ။ ဒီမှာ ကွယ်လွန်သူ နန်းနွဲ့က ဇာတ်အဖွဲ့ကိုဝင်ပူးပြီး ပြောတယ်။

သူတို့သားအမိ နှစ်ဦးအတွက် ပွဲလည်ခေါင်မှာ ဖျာတစ်ချပ်နေရာပေးရင် မီးလင်းအောင်လုပ်ပေးမယ်။ မပေးရင် ညတိုင်း ပွဲက,မရအောင် ငါလုပ်မယ်။ ငါ့နာမည် နန်းနွဲ့ဟေ့လို့ ဝင်ပူးပြောပါရော။

ဒါနဲ့ပဲ ပွဲခင်းအလယ်က ဖျာတစ်နေရာကို ပြောဆိုမေတ္တာရပ်ပြီး မနန်းနွဲ့တို့သားအမိ ဒီနေရာမှာ ပွဲကြည့်ကြပါလို့ ပြောဆိုနေရာချပေးလိုက်တော့မှ မီးစက်လင်းပြီး ပွဲကလို့ရတော့တယ်။

အဲဒါ နှစ်တိုင်း ပွဲဝင်ရင် နန်းနွဲ့တို့သားအမိအတွက် သီးသန့်ဖျာတစ်ချပ် လုပ်ပေးထားရတယ်။

တစ်နှစ်က မယုံတဲ့လူတွေက နန်းနွဲ့တို့သားအမိအတွက် ဖျာတစ်ချပ် ပွဲခင်းအလယ်မှာ မလုပ်ပေးကြဘူး။

လုံးဝ မီးမလင်းဘူး။

ဆိုင်းတီးတာ အသံမထွက်ဘူး။

ဒါနဲ့ အုန်းပွဲတစ်ပွဲနဲ့ တောင်းပန်ပြီး ပွဲရှေ့နေရာမှာ ဖျာတစ်ချပ်ခင်းပေးဖို့ ဒီနေရာက အစ်မတော်တို့သားအမိ ပွဲကြည့်ပါ။ စောင့်ရှောက်ကြပါ ပြောမှ မီးလည်းလင်း၊ ဆိုင်းလည်း တီးလို့ အသံထွက်တယ်။ အခုလည်း





သူတို့သားအမိအတွက် ပွဲခင်းအလယ်မှာ ဖျာတစ်ချပ် လွတ်ပေးထားရတယ်''

''သူတို့ကို အနီးကလူတွေ မကြောက်ကြဘူးလား အမေ''

''ဘယ်သူမှ မကြောက်ကြဘူး။ ဘာမှလည်း မခြောက်ဘူး။ မီးလင်းရင် ဖျာမှာ ကလေးသေးနံ့ နံနေတာပဲ''

''အခုရော သူတို့ရွာလေး ရှိသေးလား''

''ရွာတော့ရှိတယ် ... လူတွေ မရှိကြတော့ဘူး''

''ဘာဖြစ်လို့''

''ဝံပိုရွာမှာ ဂျပန်ခေတ် ကာလဝမ်းကျလို့ အဲဒီတစ်ရွာလုံး သေကုန်ကြတယ်။ အခုလည်း ရွာပျက်ကြီးအဖြစ် ရှိနေတုန်း။ ဘယ်သူမှ အဲဒီနားမှာ ညအိပ်ညနေ မနေရဲကြဘူး''

''ဘာလို့လဲဗျာ''

''ကျတ်တွေ ခြောက်လို့''

ဒါနဲ့ အဘကို ပြောရတယ်။

''အဘ ...''

''ဘာတုံး''

''နက်ဖြန် အဲဒီ ဝံပိုရွာကို သွားကြည့်ရအောင်ဗျာ''

''မသွားနဲ့ ... ဝေးတယ်။ မင်းသွားကြည့်ရင်လည်း တိုင်အိုတိုင်ပျက် တိုင်ဆွေးတွေပဲ တွေ့ရမယ်။ အခန့်မသင့်ရင် ကျတ်တွေက မင်းတို့ထမင်းခေါ်ကျွေးပြီး အသက်နှုတ်ထားလိမ့်မယ်။ အချိန်မရဘူး။ မိုးလင်းလင်းချင်း ခရီးထွက်မယ်။ ညကို ပွဲဈေးတန်း လမ်းလျှောက်ပဲသွား''

အဘက တစ်ချက်လွှတ်မျက်နှာထားနဲ့ ပြောတော့ ကျွန်တော်လည်း ပြန်အတွန့်မတက်ရဲတော့ဘူး။

ညရောက်တော့ အမေကြီးဒေါ်စွာနဲ့ ပွဲဈေးလျှောက်ကြည့် စားစရာတွေဝယ်ကြတယ်။ ပရိသတ်တွေက စည်ကားလိုက်တာဗျာ၊ လှည်းတွေကလည်း ဟိုတစ်အုပ်စု၊ ဒီတစ်အုပ်စုဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် ညောင်ပင်ရှေ့ကွင်းပြင်မှာ လှည်းတွေ တန်းစီလို့။ ရွာတွေရွာတွေက လာကြတာကိုး။ ဈေးသည်တွေလည်း ရောင်းရတယ်။ ဘုရားရင် ဖူးပြီး ဝင်းညီနောင်ဇာတ်ရုံထဲ ဝင်ကြည့်ကြတော့ အမေဆွာက ပွဲလယ်က လူမထိုင်တဲ့ဖျာကို ပြတယ်။

ဖျာကို ထုံးပတ်လည် သုတ်ထားတယ်ဗျ။

ဖျာပေါ်မှာ လင်ဗန်းနဲ့ စားစရာတွေ ထည့်ထားလို့ဗျို့။

ပြောင်းဖူး၊ ခဲတံကျည်တောက်၊ မုန့်ဆီကြော်၊ ဘူးသီးကြော် စားစရာတွေလည်း ထည့်ထားရဲ့။ သောက်ရေဖလားနဲ့ ရေတစ်ခွက်လည်း တွေ့ရဲ့။

"အမေ ... လင်ဗန်းထဲက စားစရာတွေက ဘယ်သူတွေ စားဖို့လဲဟင်။ မုန့်မျိုးကို စုံနေတာပဲ"

"ဒီဖျာတစ်ချပ်ပေါ်မှာ ဘယ်သူမှ မထိုင်ရဘူး။ မသိလို့ ထိုင်မိရင် ဖြစ်ဖြစ်၊ သိလို့ထိုင်မိရင်ပဲဖြစ်ဖြစ် တင်ပါးကို လက်သည်းနဲ့ ဆိတ်ရော။ ဒါမှ မဟုတ် အတွန်းခံရရော။ အဲဒီလင်ဗန်းထဲက မုန့်တွေက နတ်စိမ်းဖြစ်သွားတဲ့ နန်းနွဲ့တို့သားအမိ စားဖို့သောက်ရေခွက်နဲ့ အတူထည့်ထားတာ။ အဲဒီလို ပွဲကတိုင်း လုပ်ပေးရတယ်။ အဲဒီလို လုပ်ပေးရင် ပွဲပျော်တယ်။ ရန်မဖြစ်ဘူး"

"သူတို့သားအမိကရော စားလို့လား ... အမေစွာ"

"မိုးလင်းရင် သွားကြည့် မုန့်တွေ ဒီအတိုင်းတွေ့ရတယ်။ သို့သော် မုန့်တိုင်းမှာ သွားကိုက်ရာတွေ တွေ့ရတယ်။ အချို့ ကလေးတွေကတော့ 'အစ်မနန်းနွဲ့ရေ ... မောင်လေးတို့ စားမယ်နော် အစ်မ' လို့ ခပ်ကျယ်ကျယ် အော်ပြီးပြော ယူစားကြတယ်။ ဘာပြဿနာမှ မဖြစ်ဘူး"

ကျွန်တော် မိုးလင်းရင် လာကြည့်ချင်လိုက်တာ။

နန်းနွဲ့တို့နေခဲ့တဲ့ ဝံပိုရွာပျက်ထဲမှာ ကလေးငိုသံ ကြားသတဲ့။ အချို့ဗျာ ... သားချော့သိပ်တဲ့ သီချင်းသံတောင် ကြားကြသတဲ့။

ဘယ်သူ့အသံလဲလို့ မေးကြည့်တော့ ...

နတ်စိမ်းနန်းနွဲ့ရဲ့ အသံတဲ့ဗျာ။

---

**စိတ်ကူးသစ်စာပေ**



ဒါနဲ့ ပြန်လာခဲ့ကြပြီး အဘကို ပါလာတဲ့ မုန့်တွေကျွေး။ အဘနဲ့ အမေရှာကလေး သူတို့ငယ်စဉ်ကအကြောင်းတွေ ပြောပြီး ရယ်ကြ။

ကျွန်တော်ကတော့ နားထောင်ရင်း အိပ်ငိုက်နေပြီ။

အိပ်ချင်အိပ်လို့ပြောတာနဲ့ ဖျာပေါ် လှဲအိပ်လိုက်တယ်။ အိပ်မက်ထဲမှာ အဘနှင့် အမေကြီးဒေါ်စွာတို့ လက်ချင်းချိတ်ပြီး သဲသောင်ပြင်ပေါ်မှာ လမ်းလျှောက်နေသတဲ့။

အိပ်မက်ကောင်းတုန်း ...

"ဟော့ကောင် ... ထတော့"

"ဗျာ ..."

"ထ ... မျက်နှာသစ်၊ သွားကြမယ်"

"မိုးလင်းမှ ..."

"ခွေးတိရစ္ဆာန်ကောင် ... ကဲဟာ ... ကဲဟာ ..."

"အား ... ထပါ့မယ်ဗျ။ မရိုက်ပါနဲ့ဗျ"

အဘက ကျွန်တော့်တင်ပါးကို သူ့လက်ကြမ်းကြီးနဲ့ ဆော်ပလော်တီးလို့ အမြန်ထလိုက်ရတော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၆၅]

❑

"အဘတို့ ပြန်လာပြီဟေ့"

"မယ်မယ်ကြီး ... အဘတို့ အစ်ကိုမှိုင်းတို့ ပြန်လာပြီ။ ဘဘုန်း ရေ ... အဘတို့ပြန်လာပြီ ဘုရား"

မနှင်းဆီလေးရဲ့အသံစာစာကို ကျောင်းရှေ့မှာ ကြားရပြီးနောက် ဘဘုန်း မြို့စားကတော်နဲ့ ဘုန်းကြီးကျောင်းသား ကိုပိန်ရှိ၊ ဦးကြီးဝေသာလီ တို့ ထွက်လာကြိုကြပါရော။

"ဒကာကြီး ..."

"ဘုရား ..."

"ဘုန်းကြီးတို့ ရင်တထိတ်ထိတ်နဲ့ စောင့်ရပါကလား"

ကျွန်တော်တို့က ဘဘုန်းကို ဝတ်ပြုကြတယ်။

"မြို့စားကတော်"

"ရှင် ... ကိုရာကျော်"





"ဟောဒီမှာ မြို့စားသံယောဇဉ်ထားခဲ့တဲ့ မြို့စားကတော်ပိုင် ရတနာတွေ ပြန်စစ်ကြည့်ပါ"

အဘက လွယ်အိတ်ကြီးထဲက ကြေးသေတ္တာလေးကို ထုတ်ဖွင့် ပြီး မြို့စားကတော်ရှေ့မှာ ချပြလိုက်တယ်။

အရည်ရွှဲနေတဲ့ ပတ္တမြားဘယက်နဲ့ စိန်နားဋ္ဌောင်း၊ မြနားဋ္ဌောင်း အပါအဝင် အရောင်တောက်ပတဲ့ ကျောက်တွေကို မြင်ပြီး ကျွန်တော်တို့ အားလုံး အံ့သြနေကြတယ်။

"ကိုရာကျော် ..."

"ဟုတ်ကဲ့ ... မြို့စားကတော်"

"ငါ ... မစစ်ဆေးပါဘူး ... ငါ့မောင်ရယ် ... မင်းကို ငါ ယုံပြီး သားပါ။ မင်းရဲ့ ကျေးဇူးရော၊ ဟောဒီ ဘဘုန်းရဲ့ကျေးဇူး၊ ဒီသား၊ ဒီသမီး ဒီမောင်တွေရဲ့ ကျေးဇူးကြောင့် ငါတို့ အန္တရာယ်ကင်းဘေးရှင်း ပြန်ဆုံတာ နဲ့တင် ငါ ကျေးဇူးတင်လို့ မဆုံးဘူး။ ငါ ဒီပစ္စည်းတွေကို ငါ့ကိုယ်ကျိုးအတွက် အမိကထား မသုံးဘူးရာကျော်။ ငါ မြို့စားတို့အတွက် ဒီအရပ်မှာ ဘုရား တည်မယ်၊ ဟောဒီ ဘဘုန်းကျောင်းကို အကောင်းဆုံးဆောက်မယ်။ အရေး ကြီးဆုံးအလုပ်က မင်းနဲ့ ဘဘုန်းတို့ စီစဉ်ပေးပါ။ ငါ ရဟန်းသံဃာတွေကို မြို့စားတို့အတွက် ရည်စူးပြီး ဆွမ်းသင်္ကန်းပရိက္ခရာ ဝတ္ထုငွေများလှူပြီး အမျှအတန်း ဝေချင်တယ်။ သူတို့ ကျေးဇူးကို ငါ မြန်မြန်ဆပ်ချင်တယ် ... ငါ့မောင်"

"စိတ်ချပါ ... မြို့စားကတော်။ ကျွန်တော်တို့ မနက်ဖြန် လှူလို့ ရအောင် စီစဉ်ပါ့မယ်။ ကိုဝေသာလီ ..."

"ခင်ဗျာ ... အဘ"

"မြို့ပေါ်ကိုသွား လိုအပ်တာ အကုန်ဝယ်ခဲ့၊ ရဟန်းသံဃာ ရှိသမျှ အကုန်ပင့်ပြီး ဆွမ်းကပ်ဖို့ရွာက မိန်းကလေးတွေနဲ့ ချက်ပြုတ်စီစဉ်ကြ ကွာ"

"စိတ်ချပါ ... အဘ။ ကျွန်တော်နဲ့ မောင်မှိုင်းတို့ လိုအပ်တဲ့ပစ္စည်း တွေ သွားဝယ်ကြပါမယ် ခင်ဗျ"

ပတ္တမြားဆိုတာကို ကျွန်တော် အခုမှ မြင်ဖူးတာပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ထဲမှာ ပတ္တမြားငမောက်ကြီးအတွက် အသက်တွေ သေခဲ့ရတဲ့အဖြစ်တော့ ဖတ်ဖူးခဲ့တယ်။

သီပေါမင်း ပါတော်မူတော့ အင်္ဂလိပ်အရာရှိ ကာနယ်စလေဒင်က သီပေါမင်းထံမှ နာမည်ကျော် ပတ္တမြားငမောက်ကြီးကို ခဏယူကြည့်ပြီး မေ့ချင်ယောင်ဆောင် ယူသွားတဲ့အကြောင်း ဖတ်ရဖူးတယ်။

ဒီပတ္တမြားငမောက်ကြောင့်လည်း အရာကျနေတဲ့ ယောမင်းကြီး ဦးဖိုးလှိုင် ...

ပတ္တမြားငမောက်တန်ဖိုး တရားစီရင်ပြီး ပြင်သစ်တို့ရဲ့ တန်ဖိုးမမျှ ပတ္တမြားတွင်းစာချုပ်ကို ပျက်ပြယ်စေခဲ့သတဲ့။

မင်းတုန်းမင်းကြီးဆို ယောမင်းကြီးရဲ့ ဉာဏ်ပညာကို အံ့သြလေးစားတို့ ရာထူးပြန်ခန့် သူကောင်းပြုခဲ့သတဲ့။

"အဘ ... ဒီပတ္တမြားတွေဆို တန်ဖိုးကြီးမှာပဲနော်"

"ကြီးတာပေါ့ကွ ... ပတ္တမြားမှာ ဂုဏ်သုံးပါး ရှိတယ်ကွ"

"ပြောပြပါ ... အဘရ"

"သမီးတို့လည်း သိချင်တယ် ... အဘရဲ့"

"မှတ်ထားကြကွယ့်။ ပတ္တမြားလက်ဝယ်ရှိသူမှာ ရနိုင်တဲ့ အကျိုးသုံးပါးက ...

ဣဒ္ဓိတံခေတိ ... အလိုကို ပေးတတ်၏။

အသောကံခေတိ ... စိတ်နှလုံးကို ရွှင်ပြစေ၏တဲ့။

တေဇခေတိ ... ထွန်းပကျော်စောခြင်းကို ရရှိဖြစ်ထွန်းစေ၏တဲ့။

ပတ္တမြားမှာ အမျိုး(၄)မျိုးက နှစ်နည်းရှိတယ်။

ရတနာကျမ်းမှာ ကြောင်ကျောက်မျိုးကို ပတ္တမြားရတနာထဲမှာ ထည့်သွင်းကြတယ်။ ကြောင်ကျောက်နဲ့ ကြောင်မျက်ရွဲကို ပြောတာပေါ့။

ပတ္တမြားအမျိုး(၆)ပါးကို စွယ်စုံကျော်ထင်ကျမ်းမှာ ပြတာက ...

(၁) ဝဇီရက္ခန် ... ရဲရဲခြင်းနီသော ရောင်ခြည်ရှိ၏။

(၂) ဝေါမူလာ ... ခရမ်းပွင့်ဝတ်ဆံကဲ့သို့ အဆင်းရောင်ရှိ၏။

(၃) ကွမ်းပြင်ရေ ... ကွမ်းသွေးကဲ့သို့ အရောင်ရှိ၏။

(၄) မင်းသခံ ... သားစိမ်းတစ်နှင့်တူသော အရောင်ရှိ၏။





(၅) တေလိ ... နီလည်းမနီလွန်း ခပ်ညိုညိုရှိ၏။

(၆) ရှိန်းခို ... ယုန်သွေးပေါက်ကဲ့သို့ ခြင်းခြင်းပြောက်ပြောက် ထိန်ထိန်တောက်လျက် ဆူးပန်းပွင့် ခေါင်ရမ်းပွင့်နှင့်လည်း တူ၏လို့ ပတ္တမြား (၆)ပါးကို ဆိုထားပြီး ရှိသေးတယ်။

ဥဒါန အဋ္ဌကထာကို မြန်မာယောနောနည်းနဲ့ ပြောတာချည်း ပတ္တမြားအမျိုး (၂၄)ပါး ရှိသေးတယ်။ ငမောက်ပတ္တမြားဆို ပြည်တန်တယ်။ ဒီလို တန်ဖိုးကြီးလို့လည်း တောကြီးမြွေဟောက်တို့ လောဘတက်ပြီး ရက်စက် ကတိသစ္စာ ပျက်ကြတာပေါ့ကွယ်။

မွန်းတည့်ချိန်မှာ ကျွန်တော်နဲ့ ဦးဝေသာလီတို့ အလှူအတွက် ပစ္စည်းတွေကို ဘဘုန်းထံအပ်ပြီး ရွာထဲက ကာလသားခေါင်းနဲ့ အပျိုခေါင်း တို့ကို ချက်ရေးပြုတ်ရေး အပ်ကြတယ်။

မိုးလင်းတော့ ...

ဘဘုန်းရဲ့ကျောင်းတိုက်ကို ရဟန်းသံဃာတော် (၂၅)ပါး ကြွရောက် လာပြီး ဆရာတော်ကြီးက ကွယ်လွန်ရှည်စူးသူတို့ကို ဖိတ်ခေါ်နိုင်းလိုက် တယ်။

မြို့စားကတော်နှင့် အဘတို့က ကျောင်းပြင်ထွက်ပြီး ကွယ်လွန်သူ မြို့စားလေးသံယောဇဉ်နှင့် သူတော်စင်ဆာဒူးကြီး၊ သွေးသောက်ကြီးတို့ ရဲ့ ဝိညာဉ်တို့ကို တရားအတူနာဖို့ ဖိတ်ကြားစေပြီး ... သီလဝန္တ ရဟန်း တို့အား လှူဒါန်းရခြင်းရဲ့ အကျိုးအဖို့ဘာဂကို ဟောကြားတော်မူတယ်။

ပြီး ... ရေစက်ချ တရားဟောပြီး အမျှဝေတယ်။

"မြို့စားသံယောဇဉ်နှင့်တကွ ဆာဒူးသူတော်စင်ကြီး၊ သွေးသောက် ကြီးအပါအဝင် ကွယ်လွန်သူ အားလုံးကို ကျွန်တော်မျိုးမ ရှင်မင်းယာစို အမျှဝေပါတယ် ... အမျှ ... အမျှ ... အမျှ"

"သာဓု ... သာဓု ... သာဓု ..."

မြို့စားကတော် ဒေါ်ရှင်မင်းယာစိုက စီးကျလာတဲ့ မျက်ရည်ဥ တွေကို ယောဂီတဘက်နဲ့သုတ်ရင်း ရေစက်ချထားတဲ့ပန်းကန်ကို သွန်ဖို့ ကျောင်းပြင်ကို ထွက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘလည်း ရေစက်ရေပန်းကန်နှင့် ပါသွားခဲ့တယ်။

အဘနဲ့ မြို့စားကတော် ပြောပြချက်အရ အံ့သြစရာပဲဗျာ။

"မောင်တော်မြို့စားရေ ... ကျွန်တော်မျိုးမ ပြုသမျှကုသိုလ်ကို မြို့စားတို့အားလုံး ရယူကြပါ။ မောင်တော်ရဲ့ ကျေးဇူးသစ္စာကို ကျွန်တော်မျိုးမ သေသည့်တိုင် သတိရရှိနေပါ့မယ် ... မောင်တော် ... အမျှ ... အမျှ ... အမျှ ..."

"သာဓု ... သာဓု ... သာဓု ..."

"ဟင် ..."

"ဟယ် ..."

သာဓုသံတွေက သူတို့ရှေ့ကနေ ခေါ်နေတာဗျာ။

လူမမြင်ရဘဲ သာဓုခေါ်သံ ကြားရတာ။

မြို့စားကတော်ရော အဘရော အံ့သြဝမ်းသာဖြစ်ကြလို့။

ဒီနေရာ ကျောင်းပြင်မှာ သူတို့နှစ်ဦးပဲ ရေစက်ရေသွန်း အမျှပေးဝေနေတာလေ။ သို့သော် သာဓုခေါ်သံတွေက အများကြီး။

"သာဓု ... သာဓု ... သာဓု ..."

"မောင်တော် ... မောင်တော်မြို့ ... စား ..."

"သာဓု ... သာဓု .... သာဓု ..."

မြို့စားကတော်ရဲ့ ဆိုနင့်ရင်ကွဲ ခေါ်သံအဆုံးမှာ သာဓုခေါ်သံသံပြိုင်တွေ မိုးပေါ်ကို တရွေ့ရွေ့တက်သွားတာ။ အဘရော မြို့စားကတော်ရော ... အံ့သြဆို့နင့်ပြီးတော့ ကြည့်ကြသတဲ့။

မြို့စားကတော်ကတော့ ...

"မောင်တော် ... ကျွန်တော်မျိုးမ ကန်တော့ပါရဲ့နော် ... မောင်တော်"

မျက်ရည်တွေ စီးကျပြီး ... သာဓုသံတွေ လွင့်တက်သွားရာ ကောင်းကင်ကို လက်အုပ်ချီကန်တော့ပြီး ရှိက်လို့နေတော့သတဲ့။

❀ ❀ ❀

# [၆၆]

❑

"အဘ ... အဘရေ ... အဘ ..."

"အဘ ... အဘ ..."

ပရိသတ်တွေ ထမင်းစားနေတုန်း ကာလသားအချို့ ရေးကြီးသုတ်ပြာနဲ့ ကျောင်းပေါ် တက်လာကြပါရော။

"အဘတို့ မြန်မြန်လိုက်ခဲ့ပါဗျ"

"ဟဲ့ ... ဘာဖြစ်လို့တုံး ... သားတို့ရဲ့"

"ဟို ... ဟို ... လူ ... ဝဝကြီးတစ်ဦးဗျ ... လူဝကြီး"

"လူဝကြီး ... ဘယ်က လူဝကြီးတုံး"

"မသိဘူး။ ပွဲထောင်နဲ့ ချောင်းအတိုင်း ကိုယ်တိုင်မောင်းသွားတယ်။ ပါးစပ်ကလည်း အော်ဟစ်နေတယ်"

"ဘယ်လိုအော်တုံး"



www.burmeseclassic.com

www.burmeseclassic.com



"မြို့စားကတော်ကို သတ်မယ်၊ ဆရာကြီးကို သတ်မယ်၊ မြို့စားရဲ့ဂူကို မီးနဲ့ တိုက်မယ်လို့ အော်တယ်။ ငါ့နာမည် တောကြီးမြွေဟောက်ကွ ငါလာပြီဟေ့တဲ့။ ပြီး ... ပြောသေးတယ်။ ငါ့ပစ္စည်းတွေ ပြန်ပေး။ မြို့စားကတော် ကျုပ်လာပြီ ... ခင်ဗျား ဒီနေ့ သေရမယ်လို့ အော်သွားတယ်။ ကျွန်တော်တို့ကို သေနတ်နဲ့ချိန်ပြီး မေးတယ်။ မြို့စားကတော်နဲ့ တိုက်ပုံရင်ကွဲအဘိုးကြီး လာလားတဲ့။ ကျွန်တော်တို့က မတွေ့ဘူး ပြောလိုက်တယ်"

"ဟင် ..."

"ဟေ ..."

"ပွဲထောင် ဘယ်ကိုမောင်းသွားတာ မြင်ရလဲ"

"ဟိုး ... အရှေ့စူးစူး တောအုပ်ရှိရာကို မောင်းသွားတာ မြင်လိုက်တယ်"

"တောကြီးမြွေဟောက်တဲ့လား"

"ဟုတ်တယ်"

"လူဘယ်နှစ်ယောက်တွေ့လဲ ... သားတို့"

"သူတစ်ယောက်တည်း အဘ။ ကိုယ်တိုင် ပွဲထောင်ကိုမောင်းပြီး ဆဲရေးကြိမ်းဝါးသွားတာ။ ကျွန်တော်တို့လည်း သူ့ သေနတ်နဲ့ပစ်မှာကြောက်လို့ ရှောင်ပြေးခဲ့တာ"

အဘ ... ထမင်းစားရင်း ငေါက်ခနဲ ထလိုက်တယ်။

"ငါ လိုက်သွားမယ်"

"အဘ ... သမီးပါလိုက်မယ်။ နေဦး"

မနှင်းဆီက ဘုန်းကြီးကျောင်းအောက်ထပ်ကို ပြေးဆင်းသွားတယ်။

"ကျုပ်လည်း လိုက်မယ်"

"ကိုဝေသာလီ ... ဒီမှာနေခဲ့။ မင်းက မြို့စားကတော်ကို စောင့်ရှောက်။ ငမှိုင်း ... လိုက်ခဲ့။ ကြည့်ရတာ ဒီကောင် ငါတို့ကို မကြေခဲ လိုက်ရှာတာနေမယ်။ ဒီကောင့်ရန်ကို ငါတို့ တားရမယ် သွားစို့"





ကျွန်တော်ရယ်၊ အဘရယ် မနှင်းဆီနဲ့ စောပွယ်လားတို့ ရေဆိပ်ရှိရာကို ပြေးခဲ့တယ်။

စောထွန်းစိန်ကိုတော့ ဒူးလေးရှိတာမို့ ဒီမှာစောင့်ခဲ့လို့ ပြောခဲ့လိုက်တယ်။

လယ်ကွက်တွေကို ဖြတ်ပြီး ရေဆိပ်ကိုရောက်တော့ ဝှက်ထားတဲ့ လှေကိုချပြီး ရေကြောင်းအတိုင်း လိုက်ခဲ့ကြတယ်။

မနှင်းဆီကလည်း ခြောက်လုံးပြူးသေနတ်ထဲ ကျည်အပြည့်ထိုးပြီး ညာလက်နဲ့ အသင့်ပြင်ထားတယ်။

တွေ့ပြီ ... ရှေ့မှာပွဲထောင်။ ရေစပ်မှာ ဆိုက်လို့။

"တို့ ထိုးလှေကို ကမ်းစပ်ကပ်ပြီး ဖြည်းဖြည်းလှော်"

လှေသားက လှေကိုကိုင်းပင်တွေ ပေါက်နေတဲ့ ကမ်းစပ်ကနေ အသံမကြားအောင် လှော်ခဲ့လိုက်တယ်။

အသာစောင့်ကြည့်တော့ ပွဲထောင်ထဲမှာ လူရိပ်လူယောင် မမြင်ရဘူး။ အဘ လှေကိုကပ်ပြီး စောပွယ်လားက ဓားမြှောင်ကိုင်ပြီး ပွဲထောင်ထဲကို ခုန်ဝင်လိုက်တယ်။

"မရှိဘူး ... အဘ"

"ဒါဆို ဒီကောင် ဥမင်ရှိရာ သွားလိမ့်မယ်။ တို့ နောက်ယောင်ခံလိုက်ကြစို့။ အားလုံး သတိထား။ ဒီကောင် ဘာရည်ရွယ်ချက်နဲ့ သွားတာလဲ။ ငါတို့များ အဲဒီနေရာမှာ ရှိနေဦးမယ် ထင်လို့လား"

"သူ့ကိုတွေ့ရင် ကျွန်မပစ်မယ် အဘ"

"မလုပ်နဲ့ဦး ... သမီး။ ဒီကောင့်ရည်ရွယ်ချက်ကို သိဖို့လိုတယ်။ ဒီကောင် ငါတို့ကို အဲဒီမှာ မတွေ့ရင် လိုက်ရှာမှာ သေချာတယ်။ ဒီတစ်ခါတော့ ..."

ကျွန်တော်တို့ သတိကြီးစွာထားပြီး တောလမ်းကွေ့ကောက်ထဲကို ဝင်ခဲ့ကြတယ်။

တစ်နေရာမှာ မီးမသေ့တသေ ဆေးပြင်းလိပ်တိုကို တွေ့တယ်။ သေချာတယ်။ ဒီကောင် ဥမင်ထဲကို သွားနေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး . . . ရှေ့မှာ"

"ဟုတ်တယ်ဗျ . . . တောကြီးမြွေဟောက်ဗျ"

ပြိုကျနေတဲ့ ကျောက်ပြားပေါ်မှာ တောကြီးမြွေဟောက် (ခေါ်) အာဠာဝကက ရပ်ပြီး အော်ဟစ်နေတာ။ သူ့ခန္ဓာကိုယ်ပေါ်က အဝတ်အစားတွေဟာ စုတ်ပြတ်တွဲလောင်းကျပြီး တကယ့်အရူးပုံ ပေါက်နေတယ်။

ခါးဝတ်ပုဆိုးက ထက်ခြမ်းကွဲပြီး ထောင့်တန်းဆွဲဖြစ်လို့။ သူ့လက်ထဲမှာ မီးတုတ်လေးငါးချောင်းကို မီးရှို့စုကိုင်ထားတာမို့ မီးတောက်နဲ့ မီးခိုးတွေက တိုက်ပျက်ဝန်းကျင်မှာ လွင့်ပျံ့လို့။

ညာဘက်လက်မှာတော့ ခြောက်လုံးပြူးသေနတ်။

သူ ရပ်နေတဲ့ ကျောက်ပြားကြီးအောက်မှာ သူ့ညီ သူ့ဒွေးတော်တွေ့ရဲ့ အလောင်းပိနေတာ သူမသိဘူးနဲ့ တူရဲ့။

သူ့မျက်နှာပေါ်မှာလည်း ဆံပင်ရှည်တွေ ဖားလျားကျလို့။

"ဆရာကြီး . . . ခင်ဗျား ထွက်ခဲ့စမ်း"

"မြို့စားကတော် . . . ကျုပ် ရောက်လာပြီလေဗျာ။ ခင်ဗျားကို ကျုပ်သတ်မယ်။ ကျုပ် ပစ္စည်းတွေကို ခင်ဗျားနဲ့ အောက်လမ်းဆရာကြီး လုညှိဖျားပြီး ယူသွားတာ"

"ထွက်ခဲ့ . . . ခင်ဗျားတို့ ပုန်းနေရင် သေမယ်နော်"

"ခင်ဗျားတို့ကို သတ်ပြီးမှ မြို့စားရဲ့ဂူကို ကျုပ် မီးသဂြိုဟ်ပေးမယ်လေဗျာ . . . ဟား . . . ဟား . . . ဟား . . . ဟား . . . ထွက်ခဲ့နော်။ မထွက်ရင် ကျုပ် ဝင်ခဲ့လိုက်မှာ"

"အဘ . . ."

"ရှူး . . . ကြားသွားမယ်"

"ကျွန်မ ပစ်ချလိုက်မယ်"

"မပစ်နဲ့ . . . သူ့အကြောင်း သိရပြီ။ ဟော . . . ဟော . . . ထိုင်နေ . . . ဝပ်နေ"

တောကြီးမြွေဟောက်က သူနင်းထားတဲ့ ကျောက်ပြားကြီးကို ငုံ့ကြည့်ပြီး . . .





"ဟေ့ . . . ကျောက်ပြားအောက်က အော်နေတာ ဘယ်သူလဲ။ ထွက်စမ်း . . . ထွက်စမ်း . . . မြို့စားကတော်လား . . . မထွက်ဘူးလား။ ကိုင်းဟာ . . ."

"ဒိုင်း"

"ဟေ့ . . . ဟေ့ . . . မြို့စားကတော် . . . မပြေးနဲ့ . . မပြေးနဲ့ . . ရပ်နော်။ ခင်ဗျားက ခင်ဗျားလင်ရှိရာ ပြေးတာပေါ့ . . . ကိုင်းဟာ"

"ဒိုင်း . . . ဒိုင်း . . ."

သူဟာ အရူးလိုပြောပြီး ကျောက်ပြားကို သေနတ်နဲ့ပစ်တယ်။ ကြည့်ရတာ သူ့မျက်လုံးထဲမှာ အပမှီနေပုံရတယ်။

မြို့စားကတော် ကျောက်ပြားအောက်ကနေ ထပြေးတယ်ဆိုပြီး နောက်ကနေ ခုန်လွှားပြေးရင်း သေနတ်နဲ့ လိုက်ပစ်နေတယ်။

ဒီမှာ သူ ဥမင်ပေါက်ရှိရာကို ပြေးငုံ့ကြည့်ပြီး သေနတ်နဲ့ နှစ်ချက်ဆင့်ပစ်နေတယ်။

"အဘ . . . ဘယ်လိုလုပ်မလဲ ဒီအရူးကို"

"သူ သေနတ်ကျည်ဆန်ကုန်ရင် ငါတို့ဝင်လုံးဖမ်းပြီး ရဲလက်ကို အပ်ရမယ်"

"အဘ . . . အဘ . . . သူ . . . သူ . . . ဥမင်ပေါက်ထဲကိုဝင်"

"အဘွားကြီး . . . ခင်ဗျား ပြေးလို့ မလွတ်ပါဘူးဗျ။ ခင်ဗျားတို့ အားလုံးကို ကျုပ် ဒီနေ့ မီးလောင်တိုက်သွင်းမယ်။ တွေ့ကြရောပေါ့"

သူ ကြုံးဝါးရင်း မြေအောက်ဥမင်ပေါက်ထဲကို မီးတုတ်တွေကိုင်လို့ ဆင်းသွားတယ်။

"သူ ရှုးသွားပြီ အဘ"

"ဟုတ်တယ် . . . အရူးကို ငါတို့ မသတ်သင့်ဘူးလေ"

"ဘယ်လိုလုပ်မတုံး"

"ဒီကောင် အထဲရောက်ရင် ကြောက်လန့်ပြီး ပြေးထွက်မှာပဲ။ အဲဒီကျရင် ကျည်ဆန်လည်း ကုန်မှာပါ။ တို့အပြင်ရောက်မှ လက်ရဖမ်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တောကြီးမြွေဟောက် မီးတုတ်တွေ စုကိုင်ပြီး အောက်ထဲကို ဆင်းသွားပြီ။

သူ့မျက်လုံးထဲမှာ မြို့စားကတော်ကိုပဲ မြင်နေတယ်။

အချိန်အတန်ကြာပြီဗျ။

သူ ထွက်မလာဘူး။

ဒီအချိန်မှာ တောကြီးက လေတွေတိုက်ပြီး တဝုန်းဝုန်း အသံတွေ မြည်ပါရော။

"ဝေါ ... ဝေါ ... ဝေါ ..."

"ဖြောင်း ... ဝုန်း ..."

"ဘာဖြစ်တာလဲ"

"တောခြောက်နေပြီ သတိထား"

သစ်ပင်တွေ ကျိုးကျသံ၊ သစ်ကိုင်းခြင်း ကျိုတ်သံ၊ သားကောင်တွေရဲ့ အလန့်တကြားပြေးသံတွေကို အံ့ဖွယ်ကြားရပြီး ကျွန်တော်နဲ့ မနှင်းဆီ သန့်နေပါရော။

"ဟ ... ဟ ... ဘာဖြစ်"

"ဟင် ..."

"ဟာ ... ဟာ ..."

"အဘ ... အဘ ... မြေကြီးလှုပ်နေပြီဗျ"

"ဝပ်နေ ... ဝပ်နေ ... ဘုရားတ ... ဘုရားတ ..."

"ဘုရား ... ဘုရား ... ဘုရား ..."

မြေကြီးက သိမ့်ခနဲဖြစ်သွားပြီး သစ်ပင်တွေ ပြိုလဲသံနဲ့အတူ ..

"ဝေါ ... ဝေါ ... ဝေါ ..."

"ဝုန်း ... ဝုန်း ... ဝရော ... ကျိမ်း ... ဝေါ ..."

မြေကြီးပြိုကျသံတွေ ကြားရတယ်။

ဥမင်ရှိရာက ကြားရတာ။ ဟာ ... ဥမင်ပေါက်မြေကြီးတွေ တုန်ခါထဲကြောင့် ပြိုကျသွားပြီ။

ကျွန်တော်တို့ နားကိုပိတ်ပြီး မြေကြီးပေါ်မှာ ဝပ်နေကြတယ်။ လျင်က သုံးမိနစ်ခန့်ကြာပြီးနောက် လုံးဝ ငြိမ်သွားတယ်ဗျာ။





ကျွန်တော်တို့ ဝန်းကျင်မှာ သစ်ပင်ဝါးပင်တွေ ကျိုးကျလို့ ကျွန်တော်တို့ကွယ်နေတဲ့ သစ်ပင်ကြီး အမြစ်ကျွတ် တစောင်းလဲကျသွားတယ်။

"ထကြဟေ့ ... ထကြတော့"

ကျွန်တော်တို့ လူးလဲထလိုက်ကြတယ်။ မနှင်းဆီက ကြောက်လွန်းလို့ ကျွန်တော့်လက်ကို ဆုပ်ညှစ်ထားတုန်း ...

အဘက ရှေ့ကို ဖြည်းဖြည်း တိုးသွားကြည့်တယ်။

ကျွန်တော်တို့လည်း တရွေ့ရွေ့ တိုးသွားကြည့်တယ်။

ဥမင်နေရာ ပြိုကျသွားပြီ ... ရေမြောင်းကျယ်ကြီးလို ဖြစ်သွားပြီဗျာ။ ရေမြောင်းကြီးလို ကျင်းနက်ရှည်လျားပေါ်မှာ သစ်ပင်ဝါးပင်တွေ ဦးစိုက်ကျွမ်းပြန်ပြိုလဲလို့ ...။

မြေကြီးတုံး ကျောက်တုံးတွေလည်း ထပ်လို့။

ဘယ်နေရာက ကျလာမှန်းမသိရတဲ့ ရေတွေက ပြိုကျလာပြီး ရောမကျင်းမြောင်းထဲ စီးလို့။

ကျွန်တော်တို့ သုံးမိနစ်အတွင်း ပြောင်းလဲသွားတဲ့ ငလျင်ဆန်ဆန်ဖြစ်စဉ်ကိုကြည့်ပြီး အံ့ဩတုန်လှုပ်မဆုံး။

"အဘ ..."

"အေ ..."

"ဟို ... ဟို ... တောကြီးမြွေဟောက် ... သူ ... သူ"

"အင်း ... သူ့အကုသိုလ်၊ သူ့လောဘ၊ သူ့ဒေါသနဲ့ သူ ... သူ့လမ်းသူ ရွေးသွားတာပဲလေ။ အမိုက်တစ်ဇာတ် ငြိမ်းသွားပြီ ... သားတို့ သမီးတို့ရယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၆၇]

❑

မိုးလင်းလို့ ကျွန်တော်တို့ မျက်နှာသစ်ရော။

အဘကို မတွေ့ကြဘူးဗျာ။

“အဘရော ... မနှင်းဆီ”

“မတွေ့မိဘူး အစ်ကို”

“အဘရေ ... အဘ”

“အမေမြို့စားကတော် အဘကို တွေ့လားဟင်”

“မတွေ့ဘူး ... သားရဲ့။ ကျောင်းပေါ်မှာ ကြည့်စမ်း”

ကျောင်းပေါ်မှာ အဘမရှိဘူး။ ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်ဗျ။ ဒါနဲ့ ကျွန်တော်တို့ ရွာထဲအနှံ့ လိုက်ရှာကြမေးကြ။

ကာလသားတွေ မေးလည်းမရ။

အပျိုခေါင်းအုပ်စု မေးလည်းမရ။





ဒါနဲ့ ဘုန်းကြီးကျောင်း ပြန်လာပြီး သူ အိပ်တဲ့ခေါင်းအုံးကို ကျွန်တော်စိတ်အာရုံ ခံစားချက်အရ လှည့်လိုက်ရော ...

စာနှစ်စောင် ...

စာထဲမှာ ရေးထားတာက ...

*“ဘဘုန်းကို ဦးတော်တင်ခဲ့ပါတယ် ဘုရား။ ဘဝဘဝ တင်ရှိခဲ့သော ဘဝကံကြွေးများကို ဘုရားတပည့်တော် အကျေဆပ်ခွင့်ရလို့ ကျေနပ် ဝမ်းသာခဲ့ရပါတယ် ဘုရား။ တပည့်တော်တို့ ကံကြွေးမပြေယ်၊ သံသရာကြွေးမပြေယ်သေးလို့ ပြန်ဆုံခွင့်ရရင်ဖြင့် ရဟန်းဝတ်ဖြင့်သာ ကိုယ်တော်ကို လာရောက်ဦးခိုက်ကန်တော့ပါရစေဘုရား”*

ဒကာရာကျော်

ဒီစာကို ဘဘုန်းထံ ဆက်ကပ်လိုက်တော့ ဘဘုန်းက စာကို ဖတ်ပြီး သာဓုခေါ်ခဲ့တယ်။

ကျန်စာတစ်စောင်ကို ဖတ်လိုက်တော့ ...

*“မောင်မှိုင်း ... လူကလေး အဘ မင်းကို ချစ်ခင်ပါတယ် သား။ အဘဘဝကို မင်းနားလည်ပါတယ်လေ။ မင်း ငါ့ကို ရှာစရာမလိုပါဘူး ... သားရယ်။ အချိန်တန်ရင် အဘနဲ့သား ပြန်ဆုံကြရဦးမှာပါ။ မင်းဘဝကို ချစ်တဲ့သူနဲ့ ပျော်ပျော်ဖန်တီးပြီး ပျော်အောင်နေပါ။ အစ်မတော်မြို့စားကတော်ကို ပြောပေးပါ ... လူလေး ... ရှေးဘဝဘဝတွေက ဆွေမျိုးတော်စပ်ခဲ့ရတဲ့ အစ်မတော် ရှင်မင်းယာစိုနဲ့ နောင်တော် မြို့စားသံယောဇဉ်တို့ရဲ့ ပြန်လည်ဆုံတွေ့ ဘဝသစ်သို့ သွားရာလမ်းမှာ ကျုပ် ပါရမီဖြည့်ခဲ့ပြီးပါပြီ။*

*နိဗ္ဗာန်ခရီးစပ်ကြား ကျုပ်တို့ အစ်မတော်တို့ ဒုက္ခဆိုတဲ့ ဝဲဩဃမှာ စုန်ဆန်နစ်မျော ခရီးအမောကြီးကို သွားရဦးမှာပါ ... အစ်မတော်။*

*တစ်နေ့နေ့ တစ်ချိန်ချိန် ကျွန်တော်တို့ ဘဝသံသရာအကြွေးဆပ်နေရတဲ့ အကြွေးတွေ အတိုးအရင်းဆပ်ပြီးရင် ငြိမ်းချမ်းအေးမြတဲ့ အရိပ်အောက်မှာ ပြန်ဆုံချင်စမ်းပါဘိ ... အစ်မတော်”*

ဂါရဝပြုလျက်...

မောင်ရာကျော်



www.burmeseclassic.com

www.burmeseclassic.com



မြို့စားကတော် အမေကြီး ရှင်မင်းယာစိုရဲ့ ရှိက်သံကို တိုးညှင်းစွာ ကျွန်တော်တို့ ကြားနေရတယ်ဗျာ။

ဘတိုက်ပုံဦးရာကျော်ဆိုတာ အဲဒီလိုပုဂ္ဂိုလ်ပါ။

ရွှေကိုမမက်၊ ငွေကိုမမက်၊ ပကာသနကိုမမက်၊ သံယောဇဉ်ကို မဖက်တွယ်။

ကြုံရာမှာအိပ်၊ ကြုံရာမှာစား။

သူတစ်ပါးအကျိုးကိုဆောင်။ သူပျော်သလိုနေရင်း အကုသိုလ်ကို ပယ်၊ ကုသိုလ်ကို မျှဝေ၊ ရဲရဲကြီး ပေးရဲတဲ့လူလေ။

လူသေရင် သေပစေ။

နာမည် မသေစေနဲ့တဲ့။

✿ ✿ ✿

# [၆၈]

❑

ကျွန်တော်တို့ ရန်ကုန်ကို ပြန်ရောက်ကြပါပြီ။ အမေကြီး မြို့စားကတော်လည်း ဘုရားတည်၊ ကျောင်းဆောက် ကုသိုလ်လုပ်ပြီး ရန်ကုန် ကမ္ဘာအေး ဘုရားရှေ့မှာ တိုက်နဲ့ နေထိုင်နေပါပြီ။

မနှင်းဆီကတော့ . . .

ရန်ပယ်ချောင်းထဲမှာ သူ့သေနတ်ကို စွန့်ပစ်ခဲ့ပြီး ကျွန်တော်နဲ့ ရန်ကုန်ကို လိုက်လာခဲ့တယ်။

ကျွန်တော်တို့ တစ်နေ့ကျရင် ချစ်သူဘဝကို အရောင်တင်ပြီး အိမ်ထောင်သည်ဘဝရှိရာကို မွန်းမံကြမှာပါ။

မနှင်းဆီက လမ်းမတော်မှာ သူတို့ဘကြီးရှိလို့ အဲဒီမှာနေပြီး အလုပ်လုပ်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



စနေ၊ တနင်္ဂနွေနေ့များမှာတော့ ကျွန်တော်တို့ ဈေးအတူသွား အိမ်မှာ ချက်ပြုတ်စားပြီး သူ့ဘဝ ကိုယ့်ဘဝအကြောင်းတွေကို ပြောကြ ဝေဖန်ကြပေါ့။

တစ်နေ့ ကျွန်တော်တို့နှစ်ဦး အကျီပုဆိုး ဝယ်ဖို့ ဈေးဝယ်ထွက် ခဲ့ကြတယ်။

ဒီနေ့ကျမှ ဈေးကလည်း စည်ကားလိုက်တာ။

"အစ်ကို . . . ဟိုမှာကြည့်စမ်း လူတွေ ဝိုင်းနေတာပဲ၊ ဘာတွေ ဝေလို့လဲ မသိဘူး"

"ဟုတ်တယ်ဟေ့ . . . သွားကြည့်ရအောင် . . . လာ . . ."

ဒီမှာပဲ လူအုပ်ကြားကနေ သီချင်းသံ ကြားရတော့တာပဲဗျာ။

"ရွှေဖျဉ်းညိုနောင် ဖောင်တော်စီးပါလို့ × × ×

ရေလှိုင်းတွေက တဖွေးဖွေး × × ×

ရေလှိုင်းတွေက တဖွေးဖွေး × × ×"

ဟင် . . . ဒီသီချင်း ကျွန်တော် ကြားဖူးပါတယ်ဗျာ။ နေဦး . . . အသံ . . . အသံ . . . သီချင်းဆိုတဲ့ လူရဲ့အသံ။

"မနှင်း . . . လာဟေ့ . . . မြန်မြန်လာကွ"

ကျွန်တော် ချစ်သူရဲ့လက်ကိုဆွဲပြီး လူအုပ်ကြားထဲ ဝင်တိုးသွား လိုက်တယ်။

"နတ်နန်းရယ်သာလှတယ် × × ×

ရွှေနန်းရယ်သာလှတယ် × × ×

ဆီးကြိုပါ နှမများရယ် × × ×

ဆီးကြိုပါ မောင်မောင်များရယ် × × ×

ရီးလေးလေ × × ×ရီးလေး × × ×ရီးလေး × × × ရှိ × × ×

ကြည့်စမ်း ဖျင်ကြမ်းတိုက်ပုံ ရင်ကွဲနဲ့ လူကြီး။ ဆံပင်ရှည်ကြီး တွေ ကျောကုန်းပေါ်ဝဲကျလို့ မျက်နှာက ဆယ်ပြားစေ့လို လေးထောင့်။

နှုတ်ခမ်းမွေးကုပ်ကုပ် ထူထူကြားက ကွမ်းသွေးတွေက ပါးစပ်ကနေ မေးစေ့၊ မေးစေ့ကနေ ရင်ဘတ်ပေါ်စီးကျလို့ဗျာ။ ယောဂီရောင်လွယ်အိတ်





ကြီးလွယ်ပြီး နတ်ချင်းနဲ့ ဆိုပြီးကနေတာဗျ။ ကရင်းကနေ လွယ်အိတ်ထဲ က သကြားလုံးတွေ နှိုက်နှိုက်ပြီး ကလေးရောလူကြီးပါ ဝေနေတာဗျို့။

ဒါ . . . ဒါ . . .

အဘ ဘုန်းကြီးကျောင်းကနေ လှို့ဝှက်စွာ ထွက်သွားခဲ့တဲ့ ကျွန် တော့်အဘ ဘတိုက်ပုံဦးရာကျော်။

"ဟင် . . . အစ်ကို ဒါ . . . ဒါ . . . အဘ ကျွန်မတို့အဘ မဟုတ် လားဟင်"

"ရွှေပြုံးကိုသွားမယ်လို့ × × ×

သနပ်ခါးတဲ့ သုံးတောင်

ပြောင်လောက်အောင်သွေး

ကျောက်ပြင်ကြီးရယ်နဲ့

မှန်ဘီးယူခဲ့ပါ ညို့နွဲ့ငယ်လေး × × ×"

"တို့အဘ လာပြီဟေ့။ တို့အဘ လာပြီကွ"

"အဘရေ . . . ရေလေးသောက်ပါဦး . . . အဘရဲ့"

"အဘ . . . ဒါ ကွမ်းတော် သုံးဆောင်ပါဦး"

ဈေးသည်တွေက အဘတိုက်ပုံကြီးကို ရေတိုက်ကြ၊ ကွမ်းကမ်း ကြ။ အချို့က ကနေတဲ့အဘကို ယပ်တောင်နဲ့ ခတ်ပေးလို့ဗျာ။

"ရွှေပြုံးက ပန်းခွာညို

မွှေးလှတယ်ဆို × × ×

ပန့်ဇစလို လောင်းညိုလှေကလေးနဲ့

ကူးပို့လှည့်လေး × × ×"

"ဟေ . . . ဟေ . . . ဟေ . . . ဟေ့ . . ."

"ဝါး . . . ဝါး . . . ဝါး . . . ဟေ"

ကြည့်စမ်းပါဗျာ . . . ဟိုလူက မုန့်တွေပေး။ ဒီလူက ပန်းတွေပေး။ ဟိုမိန်းမက ငွေစက္ကူတွေလှူ။ ဒီဈေးသည်က လိမ္မော်သီးတွေပေး။

အဘကလည်း ကွေးနေအောင်က။

"ငါ့သားတွေ၊ သမီးတွေ ပျော်ရဲ့လားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



“ပျော်ပါတယ်ဝေ”

ကျားသားမိုးကြိုး ... ဈေးသည်တွေ ပြိုင်တူအော်ပြောတာဗျ။

“ဘုရား သိရဲ့လား”

“သိပါတယ်ရှင့်”

“တရားသိရဲ့လား”

“သိပါတယ်ရှင့်”

“ဟိုသားတွေ သံဃာရော သိရဲ့လားဟေ့”

“သိပါတယ် အဖေကြီး”

“အေး ... အေး ... ဘုရား။ တရား။ သံဃာ ရတနာမြတ်သုံးပါး မမေ့ကြနဲ့။ မိဘကို ရိုသေ၊ ဆရာကို လေးစားကြ။ နတ်တွေလည်း ဖလိနတ်စာလှူကြပါ။ ရတနာသုံးပါးထက်တော့ မပိုကြစေနဲ့ကွယ့်။ ယက်သဲ့ကြားငါးတင်၊ တင်တဲ့ငါး ကြောင်စားမယ်ဟေ့။ ကျန်တဲ့ငါးမှ ဘုရားစ မယ်၊ ကယ်မယ်တဲ့။ မြန်မာ ဘာလဲမေးရင် ပြောကြကွယ့်။ မြန်မာဆိုတာ ဗုဒ္ဓဘာသာဝင်ပါဗျလို့။ ဘုရားဖက်တော့ အသက်ရှည်၊ တရားဖက်တော့ အမျက်ပြေ၊ သံဃာဖက်တော့ အခက်ဝေသတဲ့။ အကုသိုလ်တွေလျှော့ ကုသိုလ်များများ လုပ်ကြ။ သေရင် ဒါပဲပါမယ်။ နင်တို့ရှိတဲ့ ရွှေ၊ ငွေ၊ စိန် တိုက်၊ ကား၊ လင်၊ မယား။ သားသမီး ဘယ်ဟာမှ မပါဘူးဟေ့။ ဒီ ကြောင့် ..

“ရွှေမေတ္တာ ပို့ကြထာဝစဉ် ... အကျိုးကတော့ ...”

“အဘ ... အဘ ...”

“ဟဲ့ ... ဘာလို့ အသံပြုနဲ့ အော်နေတာတုံးဟဲ့”

“မတ်စေ့လေး ပေးခဲ့ပါဦး ... အဘရဲ့”

“ကူးတို့ခလား”

“အို ... အဖေကြီးကလည်း ဆောင်ဖို့ပါ ... အဖေကြီးရဲ့”

“ကိုင်း ... ရော့ ...”

“အဖေကြီး ... သမီးကိုပေးပါ”

“ရော့ ...”





“အဘ ... သား မရသေးဘူး”

“ရော့ဟာ”

“ဘိုးဘိုးကြီး ... ဘိုးဘိုးကြီး”

“ဗျာ ... ဗျ ...”

“မုန့်ဝေပါ ... ဘိုးဘိုးကြီး”

“အေး ... ဟုတ်တာပဲဟ။ ရော ... တစ်ခု။ ရော့ ... တစ်ခု ခြင်းက တစ်ခု၊ ဟိုကောင် ဖက်တီးရော့ တစ်ခု။ ကိုင်း သားတို့သမီးတို့ မြေးတို့ သရဏဂုံ ရွတ်တတ်လား”

“ရွတ်တတ်ပါတယ်”

“ကိုင်း ... ဟောဒီ မြေးတွေကစပြီး ရွတ်ကြစမ်း”

ဒီမှာ ကလေးတွေရော ဈေးသည်တွေရော သံပြိုင် ရွတ်ကြပါရော ဗျာ။

“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”

“ဟုတ်ပြီဗျာ ... ပြီးတော့”

“ဓမ္မံ သရဏံ ဂစ္ဆာမိ”

“ဟုတ်လိုက်လေဗျာ ... ဆက်ဆိုကြပါဦးဗျာ”

“သံဃံ သရဏံ ဂစ္ဆာမိ”

သံပြိုင်ဆိုနေတဲ့ အသံတွေ ဘေးလမ်းမပေါ်မှာ စည်ဝေလျှံနေ တယ်ဗျ။ ကျွန်တော်ပါ မနေနိုင်လို့ လိုက်ဆိုရော။ မနှင်းဆီကပါ သရဏဂုံ ကို လိုက်ဆိုတယ်ဗျာ။

“သာဓု ... သာဓု ... သာဓု ... ငါ့သမီးငါ့သား၊ ငါ့မြေးများ သရဏဂုံတည်ကြပါသောကြောင့် အပါယ်တံခါး ပိတ်ပါပြီ။ ငါ့သားသမီး မြေးတွေ ကျန်းမာချမ်းသာပါစေလို့ အဖေကြီး မေတ္တာပို့ရင်း ...”

“ရွှေမေတ္တာ ××× ပို့ကြ ထာဝစဉ် ×××

အကျိုးကတော့ ဆယ့်တစ်ပါး ပွားများမှုချပါပဲ အစဉ် ×××

အိပ်တဲ့ အချိန်မှာပင် ××× စိမ်ယှူလို့ ချမ်းသာဖို့အစဉ် ×××

ညတိုင်း အကြိမ်ကြိမ်ဆက်တော့ ထက်မြက်ပါတဲ့ ×××



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ကိုမြင် ×××

အဘတိုက်ပုံ သီချင်းဆိုရင်း ဈေးအပြင်ဘက်ကို သွားနေတာ ... ကလေးတွေက သူ့နောက်က လိုက်လို့။

မိန်းမသားတွေ အဘလွယ်အိတ်ထဲကို မုန့်တွေ ထည့်ကြ။

ပိုက်ဆံတွေ ထည့်ကြ။

ခွေးအုပ်ကလည်း အဘနောက်ကနေလိုက်။

ကျွန်တော်တို့နှစ်ဦးကလည်း ကလေးအုပ်ကြီးကနေ သူ့ဆီကို အရောက်သွား ...

''နိုးကြပါလို့ မနက်လင်းရင် ×××

အစဥ်သုခ ကိုယ်စိတ်နှစ်ပါးတွင် ×××

ဩော် ××× သူငါ ဖြစ်အင် လူတကာ ချစ်ခင်

နတ်တွေကတောင် စောင်မမှာ အမှန်ပင် ×××''

ကြည့်စမ်းဗျာ ... ဈေးအပြင်ရောက်တော့ ဆိုက်ကားသမားတွေက ပြေးလာပြီး စီးကရက်ဆက်ကြတယ်ဗျ။ ထူးပ၊ ဆန်းပ၊ အံ့ရပဲ့ဗျာ။

အဘက စီးကရက်ကိုဖွာပြီး ပြန်ပေးတယ်။

အလို ... ပဲပြုတ်သည်တွေ၊ ကုလားမကြီးတွေ၊ ပူဖောင်းသည်တွေ ပြေးလာပြီး အဘကို မုန့်တွေ ပိုက်ဆံတွေပေးပြီး ကန်တော့ကြလို့ ပါလား။

အဘက ဆုတွေပေး။

ပြီး ပိုက်ဆံမတ်စေ့ တစ်စေ့စီ ပြန်ပေး။

သူတို့က ဝမ်းသာအားရယူပြီး ပျော်ကြ။

"အဘ ..."

"အဘ .."

ကျွန်တော်နဲ့ မနှင်းဆီ အဘကိုလှမ်းခေါ်ရင်း အဘဆီ ပြေးသွားကြတယ်။

"အဘရေ ... အဘ ..."

စိတ်ကူးသစ်စာပေ



''သားတို့ရေ ... ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားမ,မတဲ့ဟေ့''

''အဘရပ်ပါဦး ... အဘရ''

အဘ မကြားတာလား။ မကြားချင်ယောင် ဆောင်သွားတာလား။ ဒီအချိန်မှာ စည်တော်တီးသံ၊ အိုးစည်ဒိုးပတ်သံတွေနဲ့ ရှည်လျားတဲ့ ... ရှင်လောင်းလှည့်ပွဲနဲ့တိုးလို့ ကျွန်တော်တို့ ရပ်နေရတယ်''

နောက်ဆုံး ရှင်လောင်းလှည့်တဲ့ကြားကို ဖြတ်ပြီး အဘကို လိုက်ရှာကြတယ်။ မတွေ့တော့ဘူးလေ။

ကားဂိတ်၊ မြင်းလှည်းဂိတ်၊ အနှံ့ ...

အဘကို မတွေ့တော့ဘူး။

နောက်ဆုံး လက်လျှော့လိုက်တော့တယ်။

''အစ်ကို အဘက ဘာလို့ ကျွန်မတို့ကို အတွေ့မခံတာလဲဟင်''

''သူလား''

''ဟုတ်ကဲ့''

''သူ အစ်ကိုတို့ကို မမှတ်မိတော့ဘူး''

''ရှင် ... ဘာ .. ဘာဖြစ်လို့ မမှတ်မိရတာလဲ အစ်ကို။ ကျွန်မတို့ အတူတူ လှုပ်ရှားခဲ့ကြတာလေ''

''ဟုတ်ပါတယ် ... အဲဒီတုန်းက အဘရဲ့ဘဝက တစ်ခုပါ။ အခု ပြောင်းသွားတာက ဘဝသစ်တစ်ခုပါ ညီမ''

''ကျွန်မ နားမလည်တော့ဘူး အစ်ကို''

''အဘဦးရာကျော်က နှစ်ဘဝစံ လူထူးလူဆန်းကြီးပါ ညီမ။ ညီမကို ဒီအကြောင်း ပြောပြရင် ညီမ နားလည်မှာမဟုတ်ဘူး။ သူ့ရဲ့ နှစ်ဘဝစံဘဝကို အစ်ကို အသိဆုံးပါ။ ပြန်ကြစို့ ... ညီမ။ တစ်နေ့ ဦးရာကျော်ဘဝနဲ့ အစ်ကို့ဆီကို သူ ရောက်လာမှာပါ။

''ဘယ်နေ့လဲဟင် အစ်ကို''

''တို့များ သားဦးလေး မွေးပြီးတဲ့အချိန်လည်း ဖြစ်ချင်ဖြစ်မှာပေါ့''

''အို ... အစ်ကိုကလည်း နားရှက်လိုက်တာလို့''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ယုံကြည်ပါတယ်ဗျာ။

အဘတိုက်ပုံဦးရာကျော် တစ်နေ့ ကျွန်တော်တို့ဆီကို ရောက်လာမှာပါ။

တပို့တွဲလား၊ တပေါင်းလား၊ တန်ခူးလား။

ကျွန်တော် မပြောတတ်ဘူး။

မိုးရာသီလား၊ နွေရာသီလား အဲဒါလည်း မသိဘူး။

ကျွန်တော့် သားတွေ ကြီးပြင်းတဲ့အချိန်လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ဒီညသန်းခေါင်ယံလည်း ဖြစ်ချင်ဖြစ်နိုင်တယ်။

သူက ဝိဇ္ဇာလို ပုဂ္ဂိုလ်မျိုး။ ဘယ်မှာနေမှန်းမသိ။

"ဟော့ကောင် . . . ငမှိုင်း"

နောက်ကနေ ဖြုန်းခနဲ ခေါ်သံကြားလို့ ကျွန်တော်နဲ့ မနှင်းဆီ ပြိုင်တူ လှည့်ကြည့်လိုက်ရော . . .

"ဟာ . . . အဘ . . . အဘ . . ."

"အဘ . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . . မင်းက ငါ့ကို ဝိဇ္ဇာလို ထင်ပြီး လိပ်စာမရှိဘူးလို့ တွေးနေတာပေါ့ . . . ခွေးတိရစ္ဆာန်ကောင်လေး။ မှတ်ထား . . . နောက်တစ်ခါ ငါလာမည့်အချိန်က မင်း သားဦးလေးမွေးတဲ့နေ့ကွ . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

ကျွန်တော်တို့နှစ်ဦး အဘကို ပြေးဖက်ထားလိုက်ကြတယ်။ လွတ်မသွားအောင်ပေါ့။ ထွက်ပြေးမှာ စိုးလို့ပေါ့ . . . အဘရဲ့ . . . ဟား . . . ဟား . . . ရယ်သံကတော့ လမ်းမကြီးပေါ်မှာ ပဲ့တင်ထပ်လို့ပါပဲဗျာ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com